www.burmeseclassic.com

စာပေလောက လူမှုစိတ်ပညာစာအုပ်

လူသန်းပေါင်းများစွာတို့အား
အောင်မြင်မှုနှင့် ချမ်းသာပျော်ရွှင်မှု လမ်းကြောင်းပေါ်
ပို့ဆောင်ပေးခဲ့သည့် စာအုပ်
သမ္မာကျမ်းစာပြီးလျှင် စောင်ရေအများဆုံး
ရောင်းချခဲ့ရသည့်စာအုပ်
သို့မဟုတ်
ယနေ့အထိ ကမ္ဘာပေါ်၌
စောင်ရေ ၁၆ သန်းကျော်မျှ
ရောင်းချပြီးသည့်စာအုပ်

# ဦးနု
# မိတ္တဗလသင်္ဂဟ



ကမ္ဘာတွင် အကျော်ကြားဆုံး အပြောအဟောနှင့် လူမှုဆက်ဆံရေးပါရဂူ
ဒေးလ် ကာနက်ဂျီ
၏
HOW TO WIN FRIENDS
AND INFLUENCE PEOPLE
ကို ပြန်မာပြန်ဆိုသည်။

၁၁ ကြိမ်မြောက်ပုံနှိပ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း၊ စာနယ်ဇင်း၊
ပုံနှိပ် ထုတ်ဝေ ခွင့်ပြုအမှတ်
[ ၁၉၇/၂၀၀၀ (၃) ]
စာအုပ်စာတမ်း၊ မျက်နှာဖုံး၊
ပုံနှိပ် ထုတ်ဝေ ခွင့်ပြုအမှတ်
[ ၄၂၈/၂၀၀၀ (၇) ]

●

မျက်နှာဖုံးဒီဇိုင်း၊
ဇော်မောင်

---

ပုံနှိပ်ခြင်း၊
ဧကာဒသမအကြိမ်
(၁၀၀၀)

---

ထုတ်ဝေခြင်း၊
ဩဂုတ်၊ ၂၀၀၀

---

စာအုပ်ချုပ်
ကိုမြင့်

●

ဒေါ်ရွှေအိမ် (၀၁၂၉၉)၊ တိုင်းသစ်စာပေတိုက်
အမှတ် ၃၊ အောင်သိဒ္ဓိလမ်း၊ ဇော်ဘွားကြီးကုန်း၊
အင်းစိန်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

စကားချီး (ဦးနု) ၆
စကားပျိုး ထင်ပေါ်ရန်ဖြတ်လမ်း (လိုဝဲ သောမတ်) ၁၃
နိဒါန်း ဤစာအုပ်ကို ဘယ်လိုရေးသည် ဘာ့ကြောင့်ရေးသည် (ဒေး ကာနက်ဂျီ) ၂၆

## အပိုင်း ၁
## လူအများနှင့် ဆက်သွယ်ရာ၌ အခြေခံနည်းကောင်းများ

အခန်း ၁။ ပျားရည်ကိုလိုသော် ပျားအုံကို မပျက်နှင့် ၃၉
အခန်း ၂။ ဆက်ဆံရာဝယ် နည်းကောင်းတစ်မယ် ၅၆
အခန်း ၃။ အကြင်သူသည် ဤကိစ္စကို ဆောင်ရွက်နိုင်အံ့၊ ထိုသူ၏နောက်သို့ တစ်ကမ္ဘာလုံး လိုက်အံ့၊ အကြင်သူသည် ဤကိစ္စကို မဆောင်ရွက်နိုင်၊ ထိုသူသည် တစ်ယောက်တည်းနေရအံ့ ၇၃
ဤစာအုပ်မှ အကျိုးကျေးဇူး အများဆုံးရနိုင်ရန် ပေးအပ်သော အကြံ ၉ချက် ၉၁

## အပိုင်း ၂
## လူကြိုက်များအောင်လုပ်ရန် နည်း ၆ နည်း

အခန်း ၁။ ဤနည်းကိုလုပ်၊ နေရာတိုင်းမှ ခရီးဦးကြိုပြုလိမ့်မည် ၁၀၅
အခန်း ၂။ တွေ့လျှင် တွေ့ခြင်း မေတ္တာရှိစေသောနည်း ၁၂၂
အခန်း ၃။ ဒါကိုမလုပ်လျှင် ချောက် ကျမည် ၁၃၂
အခန်း ၄။ စကားပြောကောင်းဖြစ်ရန် နည်းတို ၁၄၃
အခန်း ၅။ ကိုယ့်ဘက်ပါအောင်လုပ်နည်း ၁၅၈
အခန်း ၆။ တွေ့လျှင်တွေ့ချင်း သဘောကျစေရန်နည်း ၁၆၃

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း ၃
## သင့်ဘက်ပါအောင်လုပ်ရန် နည်း ၁၂ နည်း


| | | | |
|---|---|---|---|
| အခန်း | ၁။ | ငြင်းခုံခြင်းအားဖြင့် အနိုင်ရမည်မဟုတ် | ၁၈၃ |
| အခန်း | ၂။ | ရန်သူပေါ်စေသောနည်း၊ မည်သို့ရှောင်ရမည် | ၁၉၃ |
| အခန်း | ၃။ | မှားလျှင်ဝန်ခံပါ | ၂၁၀ |
| အခန်း | ၄။ | သဘောပေါက်အောင် လုပ်ရန်နည်း | ၂၁၈ |
| အခန်း | ၅။ | ဆိုကရေးတီး၏ နည်းကောင်းတစ်လက် | ၂၃၄ |
| အခန်း | ၆။ | ဆူပူပြောဆိုခြင်းကို စိတ်အချရဆုံးကာကွယ်နည်း | ၂၄၀ |
| အခန်း | ၇။ | တစ်ဖက်သား၏အကူအညီကိုရစေသောနည်း | ၂၄၉ |
| အခန်း | ၈။ | အကျိုးဖြစ်ထွန်းစေမည့်နည်းတို | ၂၅၈ |
| အခန်း | ၉။ | လူတိုင်းအလိုရှိသောအရာ | ၂၆၄ |
| အခန်း | ၁၀။ | လူတိုင်းကြိုက်သောစကား | ၂၇၃ |
| အခန်း | ၁၁။ | ဤနည်းကို ရုပ်ရှင်ကုမ္ပဏီများသည် လုပ်ကြ၏၊ ရေဒီယိုကုမ္ပဏီများသည်လည်း လုပ်ကြ၏၊ အဘယ်ကြောင့် သင်သည်မလုပ်ဘဲနေရမည်နည်း | ၂၈၁ |
| အခန်း | ၁၂။ | မည်သည့်နည်းနှင့်မျှ စမ်း၍မရလျှင် ဤနည်းကို စမ်းကြည့်ပါ | ၂၈၅ |
| | | အကျဉ်းချုပ် | ၂၉၀ |


## အပိုင်း ၄
## တစ်ဖက်သားကို မျက်မှန်းမကျိုး စိတ်မဆိုးစေဘဲ စိတ်ပြောင်းလာစေသော နည်း ၉ နည်း


| | | | |
|---|---|---|---|
| အခန်း | ၁။ | အပြစ်ဆိုစရာ ရှိခဲ့လာမူ စ ပါ ဤနည်း | ၂၉၅ |
| အခန်း | ၂။ | အမုန်းအဖတ်မတင်စေသော ဝေဖန်နည်း | ၃၀၃ |
| အခန်း | ၃။ | သင့်၏ အပြစ်များကို ရှေးဦးစွာဖော်ပြပါ | ၃၀၆ |
| အခန်း | ၄။ | သြဇာပေးခြင်းကို မည်သူမျှမခံချင် | ၃၁၁ |
| အခန်း | ၅။ | တစ်ဖက်သားအား သူ့ဂုဏ်ကို သူ ပြန်ဆယ်ပါစေ | ၃၁၃ |
| အခန်း | ၆။ | အောင်မြင်ရန် တွန်းတင်ပေးနည်း | ၃၁၈ |
| အခန်း | ၇။ | သူ့ကိုယ်သူ အထင်ကြီးပါစေ | ၃၂၄ |
| အခန်း | ၈။ | တစ်ဖက်သား၏ အပြစ်သည် ပြင်ရန်မခက်ခဲဟု ထင်လာအောင်ပြုလုပ်ပေးပါ | ၃၃၀ |
| အခန်း | ၉။ | သင်လုပ်စေလိုသော အလုပ်ကို တစ်ဖက်သားသည် ဝမ်းမြောက်ဝမ်းသာစွာနှင့် လုပ်ရန်နည်း | ၃၃၄ |
| | | အကျဉ်းချုပ် | ၃၄၀ |


www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း ၅
## အကြင် လင် နှင့် မယားတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေသော နည်း ၇ နည်း


| | | | |
|---|---|---|---|
| အခန်း | ၁။ | လင်နှင့်မယား အလျှင်အမြန်ဆုံး မသင့်မတင့် ဖြစ်စေသောနည်း | ၃၄၃ |
| အခန်း | ၂။ | အချစ်ပြယ်ဆေး | ၃၄၈ |
| အခန်း | ၃။ | ဤနည်းကိုလုပ်ပါ၊ ချမ်းသာခြင်းနှင့်တွေ့ပါလိမ့်မည် | ၃၅၁ |
| အခန်း | ၄။ | လူတိုင်းကို ပျော်ရွှင်အောင်ပြုလုပ်သောနည်း | ၃၅၆ |
| အခန်း | ၅။ | မိန်းမများအတွက် ဤပစ္စည်းများသည် အလွန်အဖိုးတန်သည် | ၃၅၈ |
| အခန်း | ၆။ | စိတ်ချမ်းသာလိုလျှင် ဤနည်းကို မမေ့သင့် | ၃၆၁ |
| အခန်း | ၇။ | အိမ်ထောင်ရေးတွင် မအာစမ်းပါနှင့် | ၃၆၆ |
| | | အကျဉ်းချုပ် | ၃၇၁ |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

နဂါးနီစာအုပ်တိုက် လီမိတက်
(လူပေါ်လူဇော်လုပ်နည်း အမည်ဖြင့် ထုတ်ဝေခဲ့သည်။)

ပထမအကြိမ် ။ ။ ဇက်တင်ဘာ၊ ၁၉၃၈ - ၃၀၀၀ အုပ်
ဒုတိယအကြိမ် ။ ။ နိုဝင်ဘာ၊ ၁၉၃၈ - ၅၀၀၀ အုပ်

ဘာသာပြန်စာပေအသင်း
(မိစ္ဆာဗလဒိုကာ အမည်ဖြင့် ထုတ်ဝေခဲ့သည်။)

တတိယအကြိမ်။ ။ ဇွန်၊ ၁၉၄၉ - ၂၅၀၀၀ အုပ်
စတုတ္ထအကြိမ် ။ ။ ဒီဇင်ဘာ၊ ၁၉၅၀ - ၃၀၀၀ အုပ်
ပဉ္စမအကြိမ် ။ ။ ဒီဇင်ဘာ၊ ၁၉၅၃ - ၃၀၀၀၀ အုပ်
ဆဋ္ဌမအကြိမ် ။ ။ မတ်၊ ၁၉၅၄ - ၃၀၀၀၀ အုပ်
သတ္တမအကြိမ် ။ ။ ဩဂုတ်၊ ၁၉၅၅ - ၁၅၀၀၀ အုပ်
အဋ္ဌမအကြိမ် ။ ။ ဒီဇင်ဘာ၊ ၁၉၅၅ - ၁၅၀၀၀ အုပ်
နဝမအကြိမ် ။ ။ ဒီဇင်ဘာ၊ ၁၉၅၆ - ၇၀၀၀၀ အုပ်
ဒသမအကြိမ် ။ ။ နိုဝင်ဘာ၊ ၁၉၆၆ - ၂၀၀၀ အုပ်


www.burmeseclassic.com

www.burmeseclassic.com

## စကားချီး *

[စာတစ်အုပ်လုံးကို ဖတ်ပြီးမှ ဤစကားချီးကို ဖတ်လျှင် ပို၍ သင့်လျော်ပေမည်။]

ကျွန်တော်၌ ညီရင်းအစ်ကိုတမျှ ချစ်ခင်လျက်ရှိသော သူငယ်ချင်းတစ်ယောက် ရှိ၏။ ထိုသူငယ်ချင်းကို အကြောင်းတစ်ခုကြောင့် နာမည် ဖော်မပြချင်သဖြင့် မောင်က ဟူ၍ ခေါ်ကြစို့။ မောင်ကသည် ကျွန်တော် မကြိုက် မနှစ်သက်သောအလုပ်တစ်ခုကို လုပ်လေ့ရှိသဖြင့် ထိုအလုပ်ကို မလုပ်ရန် အစဉ်လိုလိုပင် ကျွန်တော် သတိပေးလျက် ရှိ၏။ တစ်နေ့သ၌ မောင်ကသည် ထိုအလုပ်ကို သူကိုယ်တိုင် လုပ်ရုံသာမက ကျွန်တော့်ကိုပါ ထိုအလုပ်အတွက် ကူညီပါဟူ၍ စာရေး တောင်းပန်၏။ ထိုစာကို ဖတ်ပြီးလျှင် စိတ်ဆိုးလျက်ရှိသော ကြောင့် စိတ်လိုက်မာန်ပါ 'မင်းဟာ ဘာကောင်ပဲ၊ ညာကောင်ပဲ' စသည်ဖြင့် ကျွန်တော် သူ့ထံသို့ စာတစ်စောင် ပြန်၍ ရေးလိုက်၏။

အမှန်ကို ဝန်ခံရမည်ဆိုသော် ကျွန်တော်သည် စာထဲတွင် အတော် လွန်လွန်ကျူးကျူး ရေးလိုက်မိ၏။ တနင်္ဂနွေ နှစ်ပတ်မျှ ကြာသောအခါ မောင်ကထံမှ ကျွန်တော်၏ စာနှင့်အတူ ထပ်တူ ထပ်မျှ ပြင်းထန်သော စာတစ်စောင် ပြန်ရောက်လာ၏။ ထိုစာကို ဖတ်ပြီးလျှင် ကျွန်တော်၏ အသားသည် ဆတ်ဆတ်တုန်လျက်ရှိ၏။ ထိုစဉ်အခါက မောင်ကသည် ကျွန်တော်ထသွား၍ ရောက်နိုင်သော နေရာ၌သာ ရှိပါကမူ ကျွန်တော်သည် ရာဇဝတ်မှုတစ်ခုခုကို ကျူးလွန် ကောင်း ကျူးလွန်မိပေမည်ဖြစ်၏။

---

* မူလထုတ်ဝေစဉ်က ပထမတွဲ၊ ဒုတိယတွဲဟူ၍ နှစ်တွဲခွဲ၍ ထုတ်ဝေခဲ့ပါသည်။ ပထမတွဲတွင် ဖော်ပြခဲ့သည့် စကားချီးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရေးလိုက်သော စာသည် မောင်ကကို မည်မျှ နာကြည်းစေလိမ့်မည်၊ မောင်က၏ 'ငါ' ဟူသော မာနကို မည်မျှ ထိခိုက်စေလိမ့်မည် စသည်တို့ကိုကား ကျွန်တော် စိုးစဉ်းမျှ မတွေးမိ။ ငါက အကောင်းပြောတာ၊ ငါ့ကို ဒီလို စော်ကားရမလား၊ 'ငါ' 'ငါ' 'ငါ' ဟူ၍ ကျွန်တော် အလိုရှိသမျှကိုသာ တွေးတောလျက်ရှိ၏။ လေပင့်ခံရသောမီးကဲ့သို့ ကိုယ်လိုရာကိုသာ ကိုယ် စဉ်းစားလျက်ရှိသော 'ငါ' စိတ်သည် ကျွန်တော်၏ ဒေါသမီးကို ပင့်လျက်ရှိရကား ဆောက်တည်ရာမရဘဲ ရှေ့ကထက် ပြင်းထန်သော စာတစ်စောင်ကို မောင်က ထံသို့ ထပ်၍ ရေးသားလိုက်လေသည်။ ကျွန်တော်၏ သူငယ်ချင်း အရင်းများ စာရင်းမှ သူ့ကို ပယ်ထုတ်ပစ်လိုက်ကြောင်းနှင့် ကျွန်တော့်ကိုလည်း အလားတူ သူ၏ စာရင်းမှ ထုတ်ပစ်လိုက်ရန် အကြောင်းကြားလိုက်လေသည်။

ထိုစာကို ရေးသားသော အချိန်ကား ညဉ့်ခုနစ်နာရီကျော်ကျော်လောက် ရှိလေပြီ။ စာရေးပြီးသော်လည်း ဒေါသအရှိန် မပြေသေးသည်မှာ တုန်နေသော လက်ချောင်းများက ထောက်ခံလျက်ရှိ၏။ ထို့ကြောင့် စိတ်ပြေလက်ပျောက် ဆိုသလို စာအုပ်တစ်အုပ်ကို ဖတ်မည်ဟု စာအုပ်စင်ပေါ်တွင် လိုက်၍ရှာရာ ဒေးလ်ကာနက်ဂျီ[၁] ဆိုသူ အမေရိကန် စာရေးဆရာကြီးတစ်ဦး ရေးသားသော မိတ္တဗလ ဋီကာ[၂] စာအုပ်ကို အဆင်သင့် တွေ့ရ၏။

ထိုစာအုပ်ကို ဝယ်ယူမိပုံကို အနည်းငယ် ပြောပြပါအံ့။ တစ်နေ့သ၌ စာအုပ်ဆိုင်တစ်ဆိုင်သို့ ကိစ္စတစ်ခုနှင့် သွားရောက်လည်ပတ်ရန်း ၁၄ လ အတွင်း ၂၉ ကြိမ်တိုင်တိုင် အသစ် ထပ်မံ ရိုက်နှိပ်ရသည်ဟူသော ကြော်ငြာကို တွေ့၍သာ ထိုစာအုပ်ကို ဝယ်ခဲ့မိသည်။ ကျွန်တော်၏ နဂိုစိတ်ရင်းအရဆိုလျှင် သူဌေးဖြစ်နည်းစာအုပ်များ၊ စိတ်ပညာစာအုပ်များ၊ ချစ်သူကို ရအောင်လုပ်နည်းစာအုပ်များ စသည်ကို ဖတ်ရန် ဝါသနာမပါခဲ့ချေ။ (ထိုသို့ ဝါသနာမပါခြင်းမှာလည်း ကျွန်တော်၏ ချွတ်ယွင်းချက်ပင် ဖြစ်ပေသည်။) သို့ရာတွင် ၁၄ လ အတွင်း ၂၉ ကြိမ်တိုင်တိုင် ထပ်မံ ပုံနှိပ်

၁။ Dale Carnagie

၂။ How to Win Friends and Influence People

www.burmeseclassic.com

www.burmeseclassic.com



ရသော စာအုပ်မှာကား စာအုပ်ထူး ဖြစ်ပေလိမ့်မည်။ ထိုစာအုပ်၏ နည်းများကို မကြိုက်သော်လည်း ထိုစာအုပ်ထူးကို ဘာ့ကြောင့် ဤမျှ ရိုက်နှိပ်ရောင်းချရသည်ကိုပင် သိရစေတော့ဟူသော သဘော ဖြင့် ဝယ်ယူခဲ့ခြင်း ဖြစ်ပေသည်။

ထိုစာအုပ်ထူးကို ဝယ်ခဲ့သည်မှာ ငါးရက်မျှ ရှိပြီဖြစ်သော်လည်း ဝယ်လာပြီးကာမှ ဖတ်ရန် စိတ်ထဲက မပါ့တပါနှင့် နေသောကြောင့် စာအုပ်စင်ပေါ်တွင် အသာတင်ထားခဲ့ရာ အဆိုပါညသို့ ရောက်မှသာ ကောက်ယူဖတ်မိလေသည်။

ထိုစာအုပ်ထူး၏ အခန်း ၁ တွင် လူတို့၌ ကိုယ့်ကိုယ်ကို အထင်ကြီးသော သဘောရှိသည်ဖြစ်၍ တစ်ဖက်သားကို အပြစ် တင်ခြင်းဖြင့် အပြစ်တင်ခံရသူသည် ထိုအပြစ်ကို မစွန့်ရုံသာမက ထိုသူနှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး အချစ် ပျက်တတ်သည်ဟု သက်သေ သာဓကပေါင်း မြောက်မြားစွာနှင့် ဖော်ပြထားသည်ကို တွေ့ရ၏။

ထိုအခန်းကို ဖတ်ပြီးသောအခါ နာရီဝက်အတွင်းက ဖြစ်ပျက်ခဲ့သော ကျွန်တော်၏ အဖြစ်အပျက်တို့သည် ကျွန်တော်၏ မျက်စိထဲတွင် တရေးရေးပေါ်၍ လာလေသည်။ ထိုသို့ တရေးရေးပေါ်နေသောအချိန်တွင် ကျွန်တော်၏ စာသည် စာတိုက်ပုံးထဲသို့ ရောက်နေလေပြီ။ ဤစာကို ပြန်၍ယူရန်လည်း မဖြစ်တော့ချေ။ ထိုစာထဲတွင် အလွန်အကျွံ ရေးထားသောကြောင့် ထိုစာများကို ရုပ်သိမ်းသည့် စာတစ်စောင်ကို ထပ်၍ ရေးရမှာလည်း ကျွန်တော်၏ ဂုဏ်ကို မထိခိုက်ဘဲနှင့် မပြီးချေ။ ထိုစာသည် မောင်က၏ လက်ထဲသို့ ရောက်သောအချိန်တွင် ကျွန်တော်၏ သူငယ်ချင်းတစ်ယောက် ဆုံးရှုံးရတော့မည် ဖြစ်၏။ ဤကဲ့သို့ ဆုံးရှုံးလောက်အောင် ဖြစ်ရသော အကြောင်းရင်းကား အခြားမဟုတ်၊ တစ်ဖက်သားကို အပြစ်တင်မိခြင်းပင် ဖြစ်လေသည်။ ထိုကဲ့သို့ အပြစ်တင်ခြင်းသည် သူငယ်ချင်း တစ်ယောက် ဆုံးရှုံးလောက်အောင် အဖိုးတန်၏လော ဟူ၍ စာအုပ်ကို ခေတ္တပိတ်ထားပြီးနောက် ကျွန်တော်၏ စိတ်ထဲတွင် အပြစ်တင်ခြင်း၏ တန်ဖိုးကို အပြန်ပြန်အလှန်လှန် တွက်ချက်လျက် ရှိ၏။

မောင်ကထံသို့ ရေးလိုက်သော ပထမစာကို မရေးမီ ၁၅ မိနစ်လောက် အချိန်ရ၍ ထိုစာအုပ်ကိုသာ ဖတ်မိလျှင် ထိုစာကို

www.burmeseclassic.com

www.burmeseclassic.com



စေတနာကောင်းလည်း ရှိ၏။ စေတနာကောင်းရှိသလောက် လုပ်ရည်ကိုင်ရည်နှင့်လည်း ပြည့်စုံ၏။ သို့ရာတွင် ပေါင်းသင်းဆက်ဆံမှုကို ဂရုမပြုမိသောကြောင့် မိမိတွင် စေတနာရှိသလောက် အလုပ်ကို တွင်ကျယ်အောင် မလုပ်နိုင်ကြချေ။ သူတို့လုပ်သမျှ လုပ်ငန်းတွင် ဝိုင်းဝန်း ကူညီချင်ကြသောလူများ အလွန်နည်းပါးကြသည်ကို တွေ့ရှိရပေသည်။

ဒေးလ် ကာနက်ဂျီ[၁] သည် ငါးမျှားရန် သွားစဉ်က အဖြစ်အပျက်ကလေးကို ဖော်ပြထားသည်မှာ မှတ်သားဖွယ်ပင် ဖြစ်လေသည်။

ဒေးလ်ကာနက်ဂျီသည်ပေါင်မုန့်ထောပတ်သုတ်ကို ကြိုက်၏။ တီကို အလွန်ရွံ၏။ သို့ရာတွင် ငါးများသည် တီကိုသာ ကြိုက်သဖြင့် တီနှင့် မျှားခဲ့ရလေသည်။ သူကြိုက်သော ပေါင်မုန့်ထောပတ်သုတ်ကို ကျွေးလျှင် ငါးများသည် စားကြမည် မဟုတ်ပေ။

ဘုရားအလောင်း နွားလားဥဿဘဖြစ်စဉ်က နွားရှင်ပုဏ္ဏားသည် ရန့်ရင်းကြမ်းတမ်းသောစကားကို သုံးမိသောကြောင့် နွားလားဥဿဘက မရုန်းဘဲနေသဖြင့် ပစ္စည်းဥစ္စာ ဆုံးပါးခဲ့ရဖူးသော နိပါတ်တော်ကို ဖတ်မိဖူးကြပေမည်။

ဤလောကကြီးတွင် စေတနာကောင်းနှင့် အလုပ်လုပ်တိုင်း မရနိုင်ပေ။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးပင်လျှင် တရားရေအေး တိုက်ကျွေးရာ၌ စေတနာကောင်းကိုသာ မယုံစားဘဲ ပေါင်းသင်းဆက်ဆံရေးကိုပါ အသုံးချဖူးကြောင်းမှာ ဝတ္ထုအထင်အရှား ရှိခဲ့သည်မဟုတ်ပါလော။

ဘုရားလက်ထက်တော်က ဂင်္ဂါမြစ်ဖျားတွင် လယ်လုပ်ခြင်းဖြင့် အသက်မွေးမြူလျက်ရှိသော ပုဏ္ဏားအိုကြီးတစ်ဦး ရှိလေသည်။ ထိုပုဏ္ဏားကြီးကို အမှီပြု၍ သတ္တဝါအပေါင်း အကျွတ်တရားရမည့်အကြောင်းကို ဘုရားကိုယ်တော်မြတ်ကြီးသည် မြင်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် 'ဒီပုဏ္ဏားအတွက် ငါ ကောင်းတာကိုလုပ်တာပဲ၊ ငါ့တရားကို ဒီပုဏ္ဏားကြီးနာရမည်' ဟူသော စိတ်ထားဖြင့် ပုဏ္ဏားကြီးကို အတင်းအကြပ် တရားဟောခြင်းမပြု။ ပုဂ္ဂိုလ်ခင်မှ တရားမင်သည်ဟူသော စကားအရ အပင်ပန်းခံတော်မူ၍ ပုဏ္ဏားကြီးနှင့် ရင်းနှီးသော အနေသို့ရောက်အောင် မိတ်ဆွေဖွဲ့ခဲ့ဖူးလေသည်။

---

၁။ Dale Carnegie

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားကြီးလယ်ထွန်ချိန်တွင် ကိုယ်တော်တိုင် လယ်ထဲသို့ ကြွသွားတော်မူပြီးလျှင် 'ပုဏ္ဏားကြီး၊ လယ်ထွန်ပြီလား' အစရှိသော စကားတို့ဖြင့် နှုတ်ခွန်းဆက်သတော်မူ၏။ ကောက်စိုက်ချိန်၊ ကောက်ရိတ်ချိန်၊ ကောက်နယ်ချိန် အစရှိသည်တို့၌လည်း အထက်ပါနည်း အတိုင်းပင် သွားရောက်၍ နှုတ်ခွန်းဆက်သတော်မူသည်။ ပုဏ္ဏားကြီး၏ စိတ်ထဲတွင် 'ရှင်ကြီးဂေါတမဟာ ငါ့မိတ်ဆွေအရင်းပဲ၊ ငါ့အကျိုး တကယ်လိုလားလို့ အပင်ပန်းခံပြီး ငါ့ထံသို့ မကြာခဏ လာရောက် မေးမြန်းခြင်း ပြုပါကလား'ဟူ၍ ထင်မြင်လာသော အချိန်သို့ရောက်မှ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် တရား စ၍ ဟောရာ ပုဏ္ဏား ကြီးလည်း သောတာပန် တည်လေသည်။

ကရုဏာ အရာတွင် ပြိုင်ဖက် မရှိသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးပင်လျှင် တစ်ဖက်သား ကောင်းစားဖို့ကို တစ်ဖက် သား၏ အလိုသို့လိုက်၍ ကျင့်ကြံတော် မူသေးလျှင် သာမည လူပုဂ္ဂိုလ်များမှာမူကား 'ငါစေတနာကောင်းသားပဲ၊ သူ့အလိုမလိုက် နိုင်' ဟူသော စိတ်ထားမျိုးနှင့် ကြိုးစားခြင်းဖြင့် အဘယ်မှာလျှင် အောင်မြင်နိုင်ပါအံ့နည်း။

ပထမတွဲတွင် ဖော်ပြခဲ့ပြီးသော ပါဠိနှင့် အနက်တို့သည် အလွန် မှတ်သားဖွယ်ရာကောင်းသဖြင့် ယခု ဒုတိယတွဲတွင်လည်း ထပ်မံဖော်ပြလိုက်ရပေသည်။

သင်္ဂါဟကော မိတ္တကရော၊
ဝဒညူ ဝီတ မစ္ဆရော။
နေတာ ဝိနေတာ အနုနေတာ၊
တာဒိသော လဘတေ ယသံ။ ။

ဟူ၍ သုံးလူ့ထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် သိင်္ဂါလ သုတ်တွင် ဟောကြားတော်မူသည်။

ထိုဂါထာ၏ အဓိပ္ပာယ်ကား 'အကြင်သူသည် သူတစ်ပါးကို ချီးမြှောက်တတ်၏။ အဆွေခင်ပွန်းကောင်း ပြုတတ်၏။ သူ့ကျေးဇူးကို သိတတ်၏။ ကင်းသော မစ္ဆရိယ ရှိ၏။ သူတစ်ပါး၏ အကျိုးကို ဆောင်တတ်၏။ သူတစ်ပါး၏ အကျိုးကို အထူးဆောင်ရွက်တတ်၏။ သူတစ်ပါး၏ အကျိုးကို အဖန်တလဲလဲ ဆောင်ရွက်တတ်၏။ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်သည် အခြံအရံကို ရနိုင်၏'ဟု ဆိုလို သည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမတွဲကို ထုတ်ဝေပြီးနောက် လပေါင်းအတော်ကြာမှ ဒုတိယတွဲကို ထုတ်ဝေနိုင်ခဲ့ခြင်းမှာ ဘာသာပြန်ဆိုသူ၏ အပြစ်ပင် ဖြစ်ပေသည်။

ယခု စာအုပ်ကို ဘာသာပြန်ဆိုရာ၌ စကား အထားအသို အစီအစဉ်များကို နေသားတကျဖြစ်အောင် စီစဉ်ပေးပေသော မြို့မ ဆရာဟိန်အား အထူး ကျေးဇူးတင်ရှိကြောင်းကို ရေးသား ထုတ်ဖော် လိုက်ရပေသတည်း။

ဦးနု

www.burmeseclassic.com

www.burmeseclassic.com

## ထင်ပေါ်ရန် ဖြတ်လမ်း

### လိုဝဲ သောမတ်[၁]

လွန်ခဲ့သော ဇန်နဝါရီလအတွင်း ချမ်းအေးသော ညတစ်ညတွင် နယူးယောက်[၂] မြို့ရှိ ပင်ဆီဗေးနီးယားဟိုတယ်[၃] ၏ ကပွဲခန်းမကြီး အတွင်းသို့ ယောကျ်ား မိန်းမ ပရိသတ်ပေါင်း နှစ်ထောင့်ငါးရာ တို့သည် တိုးဝှေ့ဝင်လျက် ရှိကြ၏။ ခုနစ်နာရီကပင် ထိုင်စရာ နေရာအားလုံး လူပြည့်လျက်ရှိ၏။ ရှစ်နာရီ အချိန်တိုင်အောင် ပရိသတ်များမှာ တိုးလျက်ပင် ရှိသေး၏။ များမကြာမီ လသာခန်း တစ်ခုလုံးလည်း ပြည့်ကြပ်သွားတော့၏။ မတ်တတ်ရပ်နိုင်သော နေရာကလေးကို အလုအယက် နေရာယူလျက် ရှိကြ၏။ တစ်နေ့ လုံးလုံး ပင်ပန်းကြီးစွာ အလုပ်လုပ်ရာမှ ပြန်လာကြသော ပရိသတ် ရာပေါင်းများစွာတို့သည် ထိုနေ့ညက တစ်နာရီခွဲတိတိ စိတ်အား ထက်သန်စွာ စောင့်လျက်ရှိကြသည်မှာ ဘာ့ကြောင့်လဲ။

အဝတ်အစား အလှပြိုင်ပွဲကို ကြည့်ချင်လို့လား၊ ခြောက်ရက် မနားဘဲစီးသော စက်ဘီးပြိုင်ပွဲကို ကြည့်ချင်လို့ပဲလား၊ သို့မဟုတ် နာမည်ကျော် ရုပ်ရှင်မင်းသား ကလတ် ဂေဘယ်[၄] ကိုယ်တိုင်ထွက်၍ ပြမည်ကို ကြည့်ချင်လို့ပဲလား။

၁။ Lowell Thomas
၂။ New York
၃။ The Hotel Pennsylvania
၄။ Clark Gable

www.burmeseclassic.com



မဟုတ်ပါ။ ဤပရိသတ်ကို ဤနေရာသို့ သတင်းစာကြော်ငြာ တစ်ခုက တိုက်တွန်း၍ လွှတ်လိုက်ခြင်းကြောင့် ဖြစ်သည်။ လွန်ခဲ့သော နှစ်ရက်လောက်က ထိုလူများသည် နယူးယော့ဆန်း[၁] ခေါ် သတင်းစာတစ်စောင်ထဲတွင် အောက်ပါ ကြော်ငြာတစ်စောင်ကို မျက်နှာပြည့် တွေ့ကြရလေသည်။

သင်၏ ဝင်ငွေကို တိုးအောင် လုပ်လော့။

စကားပြော ထိရောက်အောင် သင်ကြားလော့။

ခေါင်းဆောင်ဖြစ်အောင် ပြင်ဆင်လော့။

သမားရိုးကျ ကြော်ငြာမျိုးပဲ မဟုတ်လား။ ဟုတ်တယ်လေ။ သို့ရာတွင် ယုံချင်ယုံ မယုံချင်နေ၊ ကမ္ဘာပေါ်ဝယ် အပါးနပ်ဆုံးသော မြို့တွင် မြို့သားဦးရေ ၂၀ ရာခိုင်နှုန်းသည် အမ အစကို ခံယူနေရသည့် အရောင်းအဝယ် အလွန်ညံ့ဖျင်းလျက်ရှိသော အခါသမယကြီး၌ လူပေါင်း နှစ်ထောင့်ငါးရာတို့သည် ထိုကြော်ငြာဖတ်ပြီးသော် အဆိုပါ ခန်းမကြီးထဲသို့ တိုးလျက်ရှိခြင်းမှာ အမှန်ဖြစ်သည်။

ထို့ပြင်လည်း ထိုကြော်ငြာပါသည့် နယူးယောက်ဆန်းမှာ နယူးယောက်မြို့တွင် ရှေးအဆန်ဆုံး သတင်းတစ်စောင်ဖြစ်၏။ သီးသန့် ကြော်ငြာခြင်း မဟုတ်သော်လည်း လာသည့်လူများသည် အရာရှိကြီးများ၊ သူဌေးကြီးများ၊ တစ်နှစ်လျှင် ဒေါ်လာငွေ နှစ်ထောင်မှ ငါးသောင်းအထိ ဝင်ငွေရှိသော အလုပ်သမားများ ဖြစ်ကြကုန်သော အထက်တန်းစားတို့သာ များလေသည်။

ထိုနှစ်ထောင့်ငါးရာသော ယောကျ်ား မိန်းမတို့သည် ထိထိရောက်ရောက် စကားပြောခြင်းနှင့် လူများနှင့် ပေါင်းသင်းဆက်ဆံရေး ပညာများကိုသင်ကြားပေးသော ဒေးလ် ကာနက်ဂျီ တည်ထောင်ထားသည့်ကျောင်း[၂] မှ ကြီးကြပ်၍ ဖွင့်လှစ်သော စကားပြောကောင်းရန်နှင့် အလုပ်လုပ်ရာ၌ လူများကို မိမိအလိုသို့ပါအောင် ဆွဲနိုင်ရန်[၃] ခေတ်ရေ့ပြေး သင်ခန်းစာများကို သင်ကြားနာယူရန် လာရောက်ကြခြင်း ဖြစ်လေသည်။

---

၁။ The New York Sun

၂။ The Dale Carnagie Institute of Effective Speaking and Human Relations.

၃။ Effective Speaking and Influencing Men in Business.

www.burmeseclassic.com

www.burmeseclassic.com



ထို နှစ်ထောင့်ငါးရာသော ယောက်ျားနှင့် မိန်းမတို့သည် ထိုနေရာသို့ အဘယ်ကြောင့် လာရောက်ကြသနည်း။

အရောင်းအဝယ် ညံ့ဖျင်းလာသည့်အခါမှသာ ပညာ သင်ကြားလိုသည့် ဆန္ဒများ ရုတ်တရက် ပေါ်ပေါက်လာသောကြောင့်လော။

ဤသို့မဟုတ်တန်ရာ။ ထိုကဲ့သို့ သင်ခန်းစာမျိုးကို လွန်ခဲ့သော နှစ်ဆယ့်လေးနှစ်ကျော်အခါကပင် နယူးယောက်မြို့တော်တွင် ရာသီအလိုက် ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အခါတိုင်းပင် ကြွရောက်ကြသော ပရိသတ်များမှာ ဒုနှင့်ဒေး ပြည့်ကြပ်လျက်ပင်ရှိ၏။ ထို ၂၄ နှစ်အတွင်း ဒေးလ်ကာနက်ဂျီ ကိုယ်တိုင် ပြုပြင်သွန်သင်ပေးလိုက်သော ကုန်သည်ကြီးများနှင့် ပညာသည်များ၏ အရေအတွက်မှာ တစ်သောင်းငါးထောင်ကျော်မျှပင် ရှိ၏။ နယူးယောက်မြို့ရှိ အလွန်ရှေးဆန်၍ မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေသော ကုမ္ပဏီကြီးများ အလုပ်တိုက်ကြီးများပင်လျှင် သူတို့၏ အရာရှိကြီးများ၊ အလုပ်သမားများအကျိုးငှာ ဤသင်ခန်းစာ သင်တန်းများကို သူတို့၏ တိုက်တာအသီးသီးတွင် ဖွင့်လှစ်စေခဲ့၏။

အရွယ်ရောက်ပြီး သူတို့သည် မည်သည့် အရာကို နှစ်နှစ်ကာကာ သင်ကြားချင်ကြပါသလဲ။ ထိုမေးခွန်းသည် အရေးကြီးသော မေးခွန်းတစ်ခု ဖြစ်သည်။ ထိုမေးခွန်းကို ဖြေသော အနေဖြင့် ရှီကာဂို ယူနီဗာစီတီ[၁]၊ ထို့ပြင် သက်ကြီးပညာသင်ကြားရေး အမေရိကန်အသင်း[၂] နှင့် ယူနိုက်တက် ဝိုင် အမ် စီ အေ ကျောင်းများအဖွဲ့[၃] တို့သည် စုံစမ်းရေးအဖွဲ့တစ်ခု ဖွဲ့ပြီးနောက် အစီရင်ခံစာတစ်ခုကို ရေးစေရာ ဒေါ်လာငွေပေါင်း နှစ်သောင်းငါးထောင် ကုန်ကျ၍ နှစ်နှစ်ကြာမှ ပြီးစီးလေသည်။

ထိုအစီရင်ခံစာအရဆိုလျှင် အရွယ်ရောက်ပြီးသူတိုင်း၏ အကြီးဆုံးသော စိတ်ပါဝင်စားခြင်းသည် ကျန်းမာရေးပင် ဖြစ်သည်။ ထို့နောက် ဒုတိယ အကြီးဆုံးသော စိတ်ပါဝင်စားခြင်းသည် လူများနှင့် ပေါင်းသင်းဆက်ဆံရာ၌ ကျွမ်းကျင်သော စွမ်းရည်သတ္တိကို တိုးပွားအောင် ပြုလုပ်ရေးပင်ဖြစ်သည်။ အရွယ်ရောက်ပြီးသူတို့သည်

---

၁။ Chicago University

၂။ The American Association for Adult Education

၃။ The United Y.M.C.A. School

www.burmeseclassic.com

www.burmeseclassic.com



လူအများနှင့် သင့်တင့်စွာဆက်ဆံ၍ ထိုလူများကို မိမိတို့အလိုသို့ ပါအောင် ဆွဲငင်နိုင်သော သတ္တိထူးများကိုပေးမည့် နည်းလမ်းကောင်းများကို သင်ကြားလိုကြ၏။ ထိုအရွယ်ရောက်ပြီးသူတို့သည် စင်မြင့် စကားပြောသမားများဖြစ်ရန် အလိုမရှိကြ။ ထို့ပြင် ကြီးကြီးကျယ်ကျယ် တခမ်းတနား ရေးသားသင်ကြားလျက်ရှိသော စိတ်ပညာရပ်များကိုလည်း နားမထောင်ချင်၊ နာယူမှတ်သားလိုသည့် စိတ်လည်း မရှိကြ။ သူတို့ အလိုရှိကြသည်ကား အလုပ်လုပ်ရာ၌လည်းကောင်း၊ ပေါင်းသင်းဆက်ဆံရာ၌လည်းကောင်း၊ အိမ်တွင်း၌လည်းကောင်း လျင်လျင်မြန်မြန် လက်တွေ့အသုံးပြုနိုင်ရန် အကြံကောင်းများသာ ဖြစ်ကြသည်။

သို့ရာတွင် ထိုလူများ အားကိုးအားထားပြုနိုင်ရန် ကျမ်းတစ်စောင်တစ်ဖွဲ့ကို ရှာဖွေရာ ထိုကဲ့သို့သော လိုလားချက်မျိုးကို ဖြည့်စွမ်းပေးနိုင်သော လက်စွဲကျမ်းမျိုး တစ်အုပ်တလေမျှ ရေးပြီးသား ရှိသည်ကို မတွေ့ရပေ။

နှစ်ပေါင်း ရာပေါင်း များစွာကစ၍ ဂရိ[၁] လက်တင်[၂]နှင့် အထက်တန်း ဂဏန်းသင်္ချာတည်းဟူသော ပညာရပ်များအတွက် ကျမ်းပေါင်း မြောက်မြားစွာ ရေးသားခဲ့ဖူးကြလေပြီ။ သို့ရာတွင် ထိုကျမ်းစာအုပ်များကို ယေဘုယျအားဖြင့် အရွယ်ရောက်ပြီးသူတို့သည် နှမ်းတစ်စေ့လောက်မျှ ဂရုမစိုက်ကြချေ။ မှီခိုအားထားရာအတွက် ထိုသူတို့ ငမ်းငမ်းတက် လိုချင်ကြသော စာအုပ်တစ်အုပ်ကိုမူကား ရှာ၍ မတွေ့နိုင်အောင်ပင် ရှားလေသည်။

ထိုအချက်ကိုသိလျှင် အဆိုပါ ခန်းမကြီးသည် အဘယ်ကြောင့် ယော်ကျာ: မိန်းမပေါင်း နှစ်ထောင့်ငါးရာတို့ဖြင့် ပြည့်နှက်နေသည်ကို အထူး တွေးတောစရာ မလိုတော့ပေ။ ထိုသူတို့ နှစ်ရှည်လများ ရှာဖွေလျက်ရှိသောအရာကို ထိုည ထိုအချိန်တွင် ထိုခန်းမကြီး၌ တွေ့ရတော့မည် ဖြစ်သောကြောင့်တည်း။

ထိုသူတို့သည် ကျောင်းများတွင် စာသင်ကြစဉ်က စာတတ်မှသာလျှင် စီးပွားရှာ၍ရနိုင်မည်ဟု ထင်သောကြောင့် စာအုပ်များကို အတော်ပင် လေ့လာခဲ့ကြ၏။

---

၁။ Greek

၂။ Latin

www.burmeseclassic.com



သို့ရာတွင် ကျောင်းက ထွက်ပြီးနောက် နင်လားငါလား ကြိုရသော ဤလောကကြီးထဲ၌ အလုအယက် စီးပွားရှာဖွေကြရသောအခါမှ ကျောင်း၌ နေစဉ်က အမှန်ဟု ယုံကြည်ခဲ့သမျှတို့သည် အမှားဖြစ်ကြောင်း တွေ့ရ၏။ ထို့ပြင် စီးပွားလမ်း အလွန်အမင်း ဖြောင့်လျက်ရှိကြသော သူအချို့သည် 'စာတတ်'ရုံသာမက စကားပြောကောင်းခြင်း၊ တစ်ဖက်သားကို ကိုယ့်ဘက်ပါအောင် ဆွဲနိုင်ခြင်း၊ မိမိတို့ကိုယ်နှင့် အကြံဉာဏ်များကို အဖိုးတန်အောင်လုပ်နိုင်ခြင်းတည်းဟူသော သတ္တိထူးများနှင့်လည်း ပြည့်စုံကြောင်းကို တွေ့မြင်ကြရလေသည်။

ထိုမှတစ်ပါး အလုပ်ကြီးတစ်ခုကို ပေါက်မြောက်အောင် လုပ်ကိုင်တော့မည်ဟု ဆိုလာလျှင် လက်တင်ဘာသာတတ်မြောက်ခြင်း၊ သို့မဟုတ် ဟာဗတ် ယူနီဗာစီတီ[၁] မှ ဘွဲ့ထူးများကို ရခြင်းတို့ထက် လူရည်သန့်ခြင်း၊ စကားပြောကောင်းခြင်းက ပိုမို၍ ခရီးရောက်ကြောင်းကိုလည်း သိရှိကြလေသည်။

နယူးယောက်ဆန်း သတင်းစာတွင်ပါသော ကြော်ငြာကို ဖတ်ရခြင်းအားဖြင့် ကပွဲခန်းမကြီးထဲ၌ စိတ်အာရုံကို ဆွဲငင်စေနိုင်သော တစ်စုံတစ်ခုကို တွေ့ရတော့မည်ဟု လူတို့သည် ယုံကြည်ကြ၏။ သူတို့ ယုံကြည်သည့်အတိုင်းလည်း တွေ့ရ၏။

ဒေးလ် ကာနက်ဂျီ၏ သင်ခန်းစာတို့ကို သင်ကြားခဲ့ဖူးသူ ၁၈ ဦးကို အသံချဲ့စက်ရှေ့တွင် စီတန်း၍နေစေ၏။ ထို ၁၈ ဦး အနက် ၁၅ ဦးကို တစ်ဦးလျှင် ၇၅ စက္ကန့်မျှ မိမိ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို ပြောစေ၏။ ၇၅ စက္ကန့်စေ့သည်နှင့်တစ်ပြိုင်နက် နာယကလုပ်သူသည် မောင်းကိုထု၍ 'အချိန်ကျပြီ၊ နောက်တစ်ယောက်'ဟု ခေါ်လေသည်။

စကားပြောမည့် သူများထဲတွင် ပေါင်မုန့်ဖုတ်သမား၊ ရှေ့နေ၊ စာရင်းကိုင်၊ အသက်အာမခံကုမ္ပဏီကိုယ်စားလှယ်၊ ဘဏ်သူဌေး၊ အရက်ရောင်းသမားမှ စ၍ လူအစားစား ပါဝင်လေသည်။

ပထမစကားပြောသူမှာ ပက်ထရစ် ဂျေအိုဟဲယား[၂] ဖြစ်သည်။ သူသည် အိုင်ယာလန်တွင်မွေး၍ ကျောင်းတွင် လေးနှစ်မျှ စာသင်ဖူး၏။

---

၁။ Harvard University

၂။ Patrick J.O. Haire

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အမေရိကန်သို့ ကူးလာပြီးလျှင် ရှေးဦးစွာ စက်ပြင်ဆရာ၊ နောက်မကြာမီ မော်တော်ကားမောင်းသမား အဖြစ်ဖြင့် အသက်မွေး၏။

အသက် ၄၀ တွင် သူ့၌သားသမီးများလည်း များလာသဖြင့် ရှေးကထက် ငွေကို ပို၍ လိုလာ၏။ ထို့ကြောင့် သူသည် ကုန်တင်မော်တော်ကားများကို ရောင်းရန် ကြိုးစားလေသည်။ စိတ်ငယ်ရွံ့ကြောက်လျက်ရှိသောကြောင့် ဝယ်မည့်သူ၏ အလုပ်ခန်း ရှေ့တွင် လေး ငါး ခြောက်ခေါက်လောက် ခေါက်တုံ့ခေါက်ပြန် လျှောက်၍ စိတ်ကို အတော်တင်းပြီးမှ ထိုသူ၏ အခန်းတွင်းသို့ ဝင်ရဲလေသည်။ ထို့ကြောင့် စိတ်အပျက်ကြီးပျက်လျက် ထိုကဲ့သို့ အရောင်းအဝယ် အလုပ်ကို စွန့်ပြီးသော် ရှေးက လုပ်ခဲ့ဖူးသော စက်ဆရာအလုပ်ကိုပင် ပြန်၍ လုပ်ပါတော့မည်ဟု စိတ်ကူးလျက်ရှိစဉ် ဒေးလ်ကာနက်ဂျီ၏ ထိရောက်သော စကားပြောနည်း သင်ခန်းစာများကို တက်ရောက် သင်ကြားရန် ဖိတ်ကြားစာတစ်စောင် ရရှိလေသည်။

စာ ရ စက သူသည် ထိုသင်ခန်းစာများကို သွားရောက်သင်ကြားလိုသည့် ဆန္ဒ မရှိချေ။ အဘယ်ကြောင့်ဆိုသော် ထိုကျောင်းတွင် ကောလိပ်ကျောင်းထွက်များနှင့် အတူတူရော၍ သင်ကြားရလျှင် သူသည် အပိုသက်သက်ဖြစ်နေမည်စိုးသောကြောင့်ပင် ဖြစ်၏။

သို့ရာတွင် သူ၏မိန်းမက 'ပက်[၁] ရယ် သွားသာ သွားပါ၊ ဘာပဲဖြစ်ဖြစ် နည်းနည်းတော့ အကူအညီရမှာပဲ' ဟု အတင်းတိုက်တွန်း၍ လွှတ်သောကြောင့် ပက်ထရစ်သည် ထိုကျောင်းသို့ သွားလေသည်။ ရောက်လျှင် ငါးမိနစ်လောက် ရဲဆေးတင်ပြီးမှ ကျောင်းခန်းထဲသို့ ဝင်ရဲလေသည်။

စကားပြောသင်စ၌ လန့်၍နေ၏။ ရက်အတော်ညောင်းသွားသောအခါ စကားပြောရန်ကိုပင် ဝါသနာပါလေတော့၏။ ထို့နောက် ပရိသတ်များလေ ကြိုက်လေလေ ဖြစ်၏။ ယခုအခါမှာဆိုလျှင် သူသည် နယူးယောက်မြို့၏ ပထမတန်း ဈေးရောင်းကောင်းသူ တစ်ဦး ဖြစ်လျက်နေ၏။ ပရိသတ် နှစ်ထောင့်ငါးရာရှေ့တွင် စကားပြောရသော ထိုနေ့ညက တပုန်းပုန်းတဝါးဝါးနှင့် ပရိသတ်များ

---

၁။ Pat

www.burmeseclassic.com

www.burmeseclassic.com



အလွန်ပွဲကျလျက်ရှိ၏။ ကြေးစား စကားပြောကောင်းသူများပင် သူ့ကို မီရန် ခဲယဉ်း၏။

ဒုတိယ စကားပြောသူမှာ ဂေါ့ဖရေး မိုင်းယား[၁] ဖြစ်၏။ သူသည် ကလေး ၁၁ ယောက်အဖေ ဘဏ်သူဌေးတစ်ဦး ဖြစ်၏။ စကားပြောသင်ရန် အတန်းထဲတွင် ထ၍ ပြောစဉ်က စကားတစ်လုံးမျှ မထွက်ဘဲ အ ၍ ကြက်သေ သေလျက် ရှိ၏။ သူ၏ အတ္တုပ္ပတ္တိကို နားထောင်ရခြင်းဖြင့် စကားပြောကောင်းသူတစ်ဦးသည် မည်သည့် နည်းနှင့် ခေါင်းဆောင်ဖြစ်လာနိုင်ကြောင်းကို သိရ၏။ သူသည် နယူးဂျာစီပြည်နယ် ကလစ်ဖတန်[၂] မြို့တွင် အနှစ် ၂၀ နေခဲ့ရာ မြို့ရေးမြို့ကိစ္စ ဟူသရွေ့တွင် မည်သည့်အထဲမှ မပါခဲ့ဖူးချေ။ ၂၅ နှစ်အတွင်း ထိုအရပ်တွင် သူနှင့် သိကျွမ်းသောသူပေါင်းမှာ ငါးရာ လောက်သာ ရှိပေမည်။

ကာနက်ဂျီကျောင်းတွင် သင်ကြားပြီးနောက် မကြာမီ မြူနီစီပယ်[၃] ခွန် ပေးရန် နို့တစ်စာရ၏။ အခွန်ငွေမှာ အလွန်အမင်း တိုးလျက်ရှိရကား သူသည် ဒေါသထွက်လျက်ရှိ၏။ ရှေးအခါက ဆိုလျှင် သူသည် ပုဆိုးခြုံထဲက လက်သီးပြရုံလောက်နှင့် ကျေနပ်မည် ဖြစ်သော်လည်း ယခုမှာမူကား မြူနီစီပယ်ကို ကန့်ကွက်သော အစည်းအဝေးသို့ ကိုယ်တိုင် တက်ပြီးလျှင် အပြင်းအထန် 'ပွက်' လေ၏။ အပွက်ကောင်းသဖြင့် တစ်ညတည်းနှင့် သူ၏ နာမည်မှာ ကျော်ကြားသွားရကား မြို့သူမြို့သားတို့သည် မြူနီစီပယ် ရွေးကောက် ပွဲတွင် ဝင်၍ အရွေးခံရန် သူ့ကို ဝိုင်း၍ တိုက်တွန်းကြ၏။ ရွေးကောက်ပွဲပြီးသောအခါ ယှဉ်ပြိုင် အရွေးခံသူ ၉၆ ဦးအနက် သူပင် ပထမဆွဲလေသည်။

တတိယစကားပြောသူသည် စားစရာ သောက်စရာများကို ပြုလုပ်ရောင်းချသူများ အသင်းကြီး၏ ဥက္ကဋ္ဌဖြစ်လေသည်။ ရှေးအခါ များက ညွှန်ကြားသူလူကြီးများ၏ အဖွဲ့အစည်း[၄] တွင် စကားပြောရ မည်ကိုပင် လန့်နေ၏။ စကားပြောသည့် အတတ်ကို သင်ကြား ပြီးနောက် မကြာမီပင် သူ့အသင်း၏ ဥက္ကဋ္ဌဖြစ်လာပြီးသော်

၁။ Godfrey Meyer
၂။ Clifton, New Jersey
၃။ Municipal
၄။ Board of Directors

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ပြည်ထောင်စုအတွင်း တရားလည်၍ ဟောရ၏။ သူ၏ ဟောပြောချက်တို့မှ ကောက်နုတ်ချက်များကို သတင်းစာများ ကုန်စည် မဂ္ဂဇင်းများထဲတွင် မကြာခဏ တွေ့ကြရ၏။ ရှေးအခါက ဒေါ်လာ နှစ်သိန်းကျော်မျှ အကုန်ခံ၍ ကြော်ငြာခဲ့သော်လည်း ယခုကဲ့သို့ သူကိုယ်တိုင် လှည့်လည် ဟောပြောသလောက် သူ၏ ကုမ္ပဏီသည် ကျော်ကြားခြင်း မရှိခဲ့ဖူးပလေ။

စကားပြောကောင်းခြင်းသည် ထင်ပေါ်ရန် ဖြတ်လမ်းပင် ဖြစ်၏။ စကားပြောကောင်းသူတစ်ဦးသည် သာမည လူထုအပေါ်သို့ ထိုးထွက်၍ လာနိုင်လေသည်။ ထိုမျှမကသေး။ စကားပြော ကောင်းသူ တစ်ဦးသည် မိမိတွင်ရှိသော ကိုယ်ပိုင်ဉာဏ်ထက် ပို၍ အထင်ကြီး ခြင်း ခံရတတ်၏။

ယခုအခါ အမေရိကန်ပြည်ထောင်စုတွင် အရွယ်ရောက်ပြီး သူများ၏ ပညာရေးအတွက် များစွာ လုံးပန်းလျက်ရှိကြလေသည်။ ဤကဲ့သို့ လုံးပန်းနေသည့် လူစုများထဲတွင် ဒေးလ် ကာနက်ဂျီ၏ နာမည်သည် အထင်ရှားဆုံးပင် ဖြစ်၏။ သူ၏ အတ္ထုပ္ပတ္တိကို ဖတ်ရခြင်းအားဖြင့် လူတစ်ဦးသည် ပင်ကိုယ်ဉာဏ် တစ်စုံတစ်ခုကို စိတ်အားထက်သန်စွာ အပြင်းအထန် ဖွံလမ်းလျှင် ထိုသူသည် မည်မျှပင် စွမ်းဆောင်နိုင်မည်ကို ကောင်းစွာ သိရှိရမည် ဖြစ်၏။

မစ်ဇူရီ[၁] ပြည်နယ်ရှိ မီးရထားဘူတာရုံ တစ်ခုနှင့် ဆယ်မိုင် ကွာသော တောရွာကလေး တစ်ရွာတွင် ဒေးလ်ကာနက်ဂျီကို မွေး သည်။ သူသည် ၁၂ နှစ်သားအရွယ်တိုင်အောင် မော်တော်ကားကို မမြင်ဖူးချေ။ သို့ရာတွင် ယခု အသက် ၄၆ နှစ်တွင် တစ်ကမ္ဘာလုံး၏ အကြောင်းများအနက် သူမသိသည့် အရာဟူ၍ မရှိသလောက်ပင်။

ရှေးအခါက ဆီးသီးကောက်၍ တစ်နာရီလျှင် ငါးဆင့်[၂] မျှသာ ရခဲ့ဖူးသော တောသားကလေး ကာနက်ဂျီသည် အလုပ်တိုက်ကြီး များရှိ အရာရှိကြီးများအား ထိရောက်စွာ ပြောဆိုနိုင်ရန် သင်ပေးရခြင်း အားဖြင့် ယခုအခါ တစ်မိနစ်လျှင် ဒေါ်လာ ရွှေဒင်္ဂါးတစ်ပြားရ၏။

ရှေးအခါဝယ် ပရိသတ်အလယ်တွင် စကား ထ ပြောရန် လေ့ကျင့်စဉ်က ၆ ကြိမ်လောက် မရှုမလှ ပျက်ခဲ့ဖူးသော ထိုသူမှာ

၁။ Missouri

၂။ Cent

www.burmeseclassic.com

www.burmeseclassic.com



များမကြာမီ ကျွန်ုပ်၏ ပုဂ္ဂလိက မန်နေဂျာဖြစ်လာ၏။ ကျွန်ုပ်၏ ထမြောက် အောင်မြင်ချက်တို့သည် စင်စစ်အားဖြင့် ကျွန်ုပ်ကိုယ်တိုင် ဒေးလ်ကာနက်ဂျီ၏ အသွန်အသင်ခံခဲ့ရဖူးသောကြောင့်ပင် ဖြစ်၏။

ဓာတိချက်ကြွေ မွေးရာမြေတွင် စီးပွားပျက်သဖြင့် ရှိသမျှ ပစ္စည်းကလေးကို ရသမျှနှင့် ရောင်းပြီးလျှင် ကာနက်ဂျီ၏ မိဘများသည် ဝါရင်စဘတ်[၁] မြို့ရှိ နိုင်ငံတော် ဆရာဖြစ်သင် ကောလိပ်ကျောင်း[၂] အနီးတွင် လယ်မြေကလေး တစ်ကွက်ဝယ်၍ နေထိုင်ကြ၏။ မြို့တွင် သွားရှိနေလျှင် တစ်နေ့ ဒေါ်လာတစ်ပြားမျှ ကုန်ကျမည်ကို မတတ်နိုင်သောကြောင့် သုံးမိုင်မျှ ကွာဝေးသော ကောလိပ်ကျောင်းသို့ နေအိမ်မှ မြင်းစီး၍တက်ရလေသည်။ ကျောင်းအားချိန်တွင် ကာနက်ဂျီသည် အိမ်၌ နွားနို့ညှစ်ရ၏။ ထင်းခွဲရ၏။ ဝက်စာ ကျွေးရ၏။ ညအချိန်တွင် မျက်စိများပြာ၍ ငိုက်မျဉ်းလာသည့် တိုင်အောင် သင်ခန်းစာများကို မှန်အိမ် မလင်းတလင်းကလေးနှင့် ကြည့်ရလေသည်။

ညဥ့်နက်သန်းခေါင်မှ အိပ်ရာဝင်သော်လည်း နံနက် သုံးနာရီတွင် နိုးစက်သံကို နာခံ၍ ထရ၏။ သူ၏ အဖေသည် ဝက်များကို ဖောက်၍ ရောင်းသဖြင့် ဝက်ကလေးများ အအေးမိ၍ သေမည်ကို ကြောက်ရ၏။ ထို့ကြောင့်ပင် ဝက်ကလေးများကို တောင်းထဲတွင် ထည့်၍ မီးဖိုအနီးတွင် သိပ်ရ၏။ နံနက် ၃ နာရီ အိပ်ရာမှနိုးသော အခါ ဝက်ကလေးများကို မိခင်ဝက်မကြီးများရှိရာသို့ယူ၍ နို့တိုက်ပြီးမှ မီးဖိုအနီးတွင် ရှေးကကဲ့သို့ ပြန်ထားရ၏။

ဒေးလ်ကာနက်ဂျီနေသော ကောလိပ်ကျောင်းတွင် ကျောင်းသားပေါင်း ၆၀၀ ကျော်မျှရှိရာ မြို့ထဲတွင် မနေနိုင်သော မျက်နှာငယ်ကျောင်းသား ၆ ဦးထဲတွင် ကာနက်ဂျီလည်း တစ်ဦး ပါဝင်လေသည်။

ကောလိပ်ကျောင်းသို့ နေ့တိုင်း မြင်းစီး တက်ရသည်ကို သူသည် ရှက်၏။ အိမ်တွင် နေ့တိုင်း နွားနို့ညှစ်ရသည်ကို ရှက်၏။ ဆင်းရဲလွန်းသဖြင့် အလွန်ကျပ်သော အင်္ကျီနှင့် တိုလှသော

၁။ Warrensburg
၂။ The State Teachers' College

www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီတို့ကို ဝတ်ဆင်နေရသည်ကိုလည်း ရှက်၏။ ထို့ကြောင့် အားငယ်သော စိတ်ဓာတ်များ (ဝါ) လူကိုကြောက်သော စိတ်ဓာတ်များ တစ်နေ့တခြား တိုးပွား၍လာရာ သူသည် ထင်ပေါ်ကျော်ကြားသော ဘဝသို့ရောက်ရန် လမ်းတို့ကို စူးစမ်းရှာဖွေလျက်ရှိ၏။ ကျောင်းတွင် ပေါ်လွင်ထင်ရှား၍ ခေတ်စားသော ကျောင်းသားတစ်စုကို သတိထားမိ၏။ ထိုသူတို့ကား ဘေ့စ်ဘော[၁] နှင့် ဘောလုံးကစားကောင်းသူများနှင့် စကားရည်လုပွဲ စကားပြောပွဲများ၌ အနိုင်ရသူများ ဖြစ်ကြ၏။

ကစားခုန်စားဘက်တွင် ဝါသနာမပါသည့်အတွက် စကားပြောပွဲတွင် ချွန်ရန် အထူးကြိုးစားပါသော်လည်း တစ်ကြိမ်ပြီး တစ်ကြိမ် ရှုံး၍သာ နေလေသည်။ ထိုအခါက သူသည် အသက် ၁၈ နှစ်မျှသာ ရှိသေး၏။ စိတ်ပျက်လွန်းအားကြီးသောကြောင့် သတ်သေရန်ကိုပင် စိတ်ကူးခဲ့ဖူး၏။ ထို့နောက် များမကြာမီ စကားပြောပွဲများတွင် တစ်စတစ်စ နိုင်စပြုလာ၏။ အခြားကျောင်းသားများကလည်း စကားပြောသင်ပေးရန် ကာနက်ဂျီကို တောင်းပန်တိုးလျှိုးသဖြင့် သင်ကြားပေးရာ ထိုသူများပင် စကားပြောပြိုင်ပွဲများ၌ အနိုင်ရကြလေသည်။

ကောလိပ်ကျောင်းမှ ထွက်သောအခါ စာတိုက်မှတစ်ဆင့် စာရေး၍ သင်ကြားသော စကားပြော သင်ခန်းစာများကို ရောင်းစားရန် ကြိုးစား၏။ သို့ရာတွင် ထိုအကြံမှာ အထမြောက်ခြင်း မရှိပေ။ စိတ်အပျက်ကြီးပျက်၍ မိမိတည်းခိုနေသော ဟိုတယ်တွင် ရှိုက်ကြီးတငင ငိုမိလေသည်။ ထိုနေရာမှတစ်ဖန် အိုးမဟား[၂] ပြည်နယ်သို့သွားရန် အကြံပြု၏။ သို့ရာတွင် သွားရန် ခရီးစရိတ်မျှပင် မရှိသောကြောင့် ကုန်တင်ရထားတွဲ တစ်တွဲတွင်စီး၍ မီးရထားခအစား မြင်းရိုင်းနှစ်ကောင်ကို အစာကျွေး၍ လိုက်သွားရလေသည်။ အိုးမဟားသို့ရောက်သောအခါ ဝက်ပေါင်ခြောက်၊ ဆပ်ပြာ၊ ဝက်ဆီ တို့ကို ရောင်းသော အလုပ်တစ်ခုကို ရလေသည်။ နှစ်နှစ်အတွင်း ထိုအလုပ်သည် အလွန်တွင်ကျယ်လာသောကြောင့် ကုမ္ပဏီက သူ့ကို အလုပ်တိုးပေးရန် စီစဉ်၏။ သို့ရာတွင် သူသည် အလုပ်မှ ထွက်ပြီးနောက် ပြဇာတ်အဖွဲ့တစ်ခုတွင် ဇာတ်လိုက် လုပ်၍

၁။ Base Ball

၂။ Omaha

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်ကို လှည့်လည်ကပြလေသည်။ ထိုသို့ ကပြရင်း သူ့တွင် ဓာတ်လိုက်ကြီးတစ်ဦးဖြစ်ရန် အရည်အချင်း မရှိမှန်း သိလာ၍ ဈေးရောင်းသော အလုပ်ကိုပင် ပြန်၍လုပ်ရ၏။

ဤအကြိမ်တွင် ပက္ကတ် မော်တော်ကားကုမ္ပဏီ[၁] အတွက် ကုန်တင်ကားများကို ရောင်းပေးရ၏။ စက်အကြောင်းကို နားမလည်၊ ဝါသနာလည်း မပါသောကြောင့် အလုပ်ဆင်းရန်ပင် စိတ်မပါ တပါ ဖြစ်ခဲ့လေသည်။ ကောလိပ်ကျောင်းတွင် နေခဲ့စဉ်က ရေးသားမည်ဟု စိတ်ကူးခဲ့ဖူးသော စာအုပ်များကို ရေးသားလိုသော ဆန္ဒများသည် တစ်နေ့တခြား ပြင်းပြလာသဖြင့် ထိုအလုပ်မှ ထွက်လိုက်ပြန်၏။ စာအုပ်များ ဝတ္ထုများ ရေးနိုင်ရန်အတွက် ညကျောင်းတွင် ဝင်၍ အလုပ်လုပ်ရန် စိတ်ကူး၏။ သို့ရာတွင် ညကျောင်းတွင် မည်သည့်ဘာသာကို သင်ရမည်ကို မတွေးတတ်အောင် ဖြစ်နေလေသည်။ ကောလိပ်ကျောင်းတွင်နေစဉ်က လုပ်ခဲ့သော အလုပ်များအနက် စကားပြောကောင်းဖြစ်ရန် လေ့ကျင့်ထားခြင်းသည် အခြားသော သင်ခန်းစာများအားလုံးထက် ပို၍ သူ့ကို နှလုံးရည်နှင့်တကွ လူများနှင့် ဆက်သွယ်နိုင်သည့် စွမ်းရည် သတ္တိထူးတို့ကို ပေးခဲ့သည် ဖြစ်ရကား စာသင်ပေးရလျှင် စကားပြောသင် ဘာသာကိုသာ သင်ကြား ပြသပေးလိုသော စိတ်ရှိ၏။ ထို့ကြောင့် နယူးယောက်မြို့ရှိ ဝိုင်အမ်စီအေ ကျောင်းအဖွဲ့သို့ အရောင်းအဝယ်သမားတို့ စကားပြောနည်းများကို သင်ကြားပြသခွင့်ပေးရန် ပြော၏။ ဤသို့ သင်ကြားပြသသည့် အတွက် တစ်ညလျှင် ဒေါ်လာ ၂ ပြားကျ ပေးရန် တောင်း၏။ ဆိုင်ရာတို့က တောင်းသည့်အတိုင်း ပေးရန် သဘော မတူသောအခါ ကော်မရှင်နှုန်းဖြင့် ပေးရန် တောင်းပြန်၏။ သုံးနှစ်အတွင်း ကော်မရှင် နှုန်းအရ တစ်ညလျှင် ဒေါ်လာ အပြား ၃၀ မျှ ရလာလေသည်။

များမကြာမီ သူ့သင်ခန်းစာများ၏ ဂုဏ်သတင်းသည် တစ်စတစ်စ ပျံ့နှံ့လာရာ နယူးယော့ တစ်မြို့တည်းသာမက ဖီလဒဲဖီးယား[၂] ဗာလတီမိုး[၃] လန်ဒန်[၄] နှင့် ပဲရစ်[၅] မြို့များသို့ပင်

---

၁။ The Packard Motor Car Company

၂။ Philadelphia

၃။ Baltimore

၄။ London

၅။ Paris

www.burmeseclassic.com

www.burmeseclassic.com



သွားရောက်၍ သင်ကြားပြသခဲ့ရလေသည်။ သူ့ထံသို့ လာရောက် သင်ကြားကြသော ကုန်သည်ကြီးငယ်တို့ အသုံးပြုသည့် လက်စွဲစာအုပ်များသည် နေ့စဉ် အလုပ်လုပ်ရာ၌ သုံး၍ မဖြစ်ချေ။ ထို့ကြောင့် ကုန်ရောင်း ကုန်ဝယ် လုပ်ရာ၌ တစ်ဖက်သားကို ကိုယ့်ဘက်သို့ ပါအောင် ဆွဲနည်းများပါဝင်သည့် ကျမ်းတစ်ကျမ်း[၁] ကို ရေးသားရာ ထိုကျမ်းစာအုပ်သည် ယခုအခါ အမေရိကန် ကုန်သည်ကြီးငယ် အသင်းတိုင်း၏ လက်စွဲကျမ်း ဖြစ်လျက်ရှိ၏။

ယခုအခါ နယူးယောက်မြို့ရှိ စကားပြောနည်းကို သင်ကြားပေးနေသော ကောလိပ်ကျောင်း ၂၂ ကျောင်းတွင် စာသင်နေသော ကျောင်းသားဦးရေထက် ကာနက်ဂျီ တစ်ဦးတည်းထံတွင် သင်ကြားနေသော ကျောင်းသားဦးရေက များမည် ဖြစ်၏။

မည်သူမဆို ဒေါသ ထွက်လာလျှင် စကားပြောကောင်းဖြစ်နိုင်သည်ဟု ဒေးလ်ကာနက်ဂျီက အတိအကျဆို၏။ လူ့အနွတစ်ဦး၏ မေးရိုးကို ခပ်ပြင်းပြင်းတစ်ချက်လောက် ထိုးလှဲလိုက်လျှင် ထိုသူသည် ပြန်ထလာပြီးလျှင် စကားပြောအကောင်းဆုံး လူတစ်ယောက်လောက် ကောင်းအောင် ဒေါပါပါနှင့် စကားပြောနိုင်မည်ဟု ကာနက်ဂျီက ဆို၏။ ဗလောင်ဆူဝေ၍နေသော ကိစ္စတစ်ခု မိမိရင်တွင်း၌ရှိ၍ မိမိကိုယ်ကို မိမိ စိတ်ချလျှင် မည်သူမဆို ပရိသတ်အလယ်တွင် နားထောင်ကောင်းလောက်အောင် စကားပြောလာနိုင်လိမ့်မည်ဟု ကာနက်ဂျီပင် ဆိုသေး၏။

မိမိကိုယ်ကို မိမိစိတ်ချသည့် စိတ်ဓာတ်များ ရင့်သန်အောင်ပြုလုပ်ရန် အကောင်းဆုံးသောနည်းလမ်းသည် မိမိကိုယ်တိုင်လုပ်ရန် ကြောက်သော ကိစ္စတို့ကိုလုပ်ပြီးလျှင် အောင်မြင်သည့်အခါတိုင်း ထိုအောင်မြင်ချက်တို့ကို ကောင်းစွာ မှတ်သားထားခြင်းပင် ဖြစ်သည်ဟု ကာနက်ဂျီက ဆိုပြန်၏။ ထို့ကြောင့် ကာနက်ဂျီသည် သူ၏ တပည့်များကို အတန်းတက်တိုင်း စကားပြောစေ၏။ ဤသို့ ပြောဖန်များသဖြင့် အပြောလေ့ကျင့်သူတို့တွင် မိမိကိုယ်ကို မိမိ စိတ်ချယုံကြည်ခြင်း၊ သတ္တိရှိခြင်း၊ စိတ်အားထက်သန်ခြင်းတည်းဟူသော စိတ်ဓာတ်များ တစ်နေ့တခြား ရင့်သန်လာကြမည်ကား မလွဲတည်း။

---

၁။ Public Speaking and Influencing Men in Business

www.burmeseclassic.com

www.burmeseclassic.com



'လူများအား စကားပြောသင်ပေးခြင်း အလုပ်တစ်ခုတည်းဖြင့်သာ အသက်မွေးဝမ်းကျောင်းမရှာ။ ထိုလုပ်ငန်းသည် ခရီးသွားဟန်လွှဲခြင်းမျှသာ ဖြစ်၍ ကျွန်ုပ်တို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအစစ်မှာ လူများအား သူတို့၏ ကြောက်စိတ်များကိုနှိမ်နင်းပြီးလျှင် သတ္တိများကို မွေးမြူနိုင်ရန် သင်ကြားပြသပေးခြင်းသာလျှင် ဖြစ်သည်'ဟု ဒေးလ် ကာနက်ဂျီက ထုတ်ဖော်ပြောဆိုဖူး၏။

ရှေးဦးပထမ စကားပြောသင်တန်းများကိုသာ ဖွင့်လှစ်ရန်သူသည် ကြံစည်ခဲ့၏။ သို့ရာတွင် သူ့ထံသို့ ပညာဆည်းပူးရန်လာကြသောသူများမှာ ကုန်ရောင်းကုန်ဝယ် သမားများသာဖြစ်ကြ၍ကျောင်းမှ ထွက်လာခဲ့သည်မှာ အနည်းဆုံး အနှစ် ၃၀ ကျော်စီရှိပြီး ဖြစ်ကြလေပြီ။ ထိုတပည့်များသည် ယနေ့သင်သော သင်ခန်းစာများကို မနက်ဖြန် အသုံးချနိုင်ရန် အလိုရှိကြ၏။ ထို့ကြောင့်ဒေးလ် ကာနက်ဂျီသည် လက်တွေ့အသုံးချနိုင်သော နည်းများကိုလျင်မြန်စွာ ထွင်ရလေသည်။ သူ၏ နည်းများမှာ စကားပြောနည်း၊ ဈေးရောင်းနည်း၊ ပေါင်းသင်းဆက်ဆံနည်းနှင့် အသုံးချစိတ်ပညာရပ်များကို အားလုံး စုပေါင်းပြီးလျှင် သင်ခန်းစာတစ်ခုဖြစ်အောင်ထွင်ထားသောကြောင့် အခြားသူများ၏ သင်ခန်းစာများနှင့် စိုးစဉ်းမျှမတူချေ။

သူ့ထံတွင် သင်ခန်းစာများကို ကုန်အောင်သင်ပြီးသောအခါတပည့်များသည် မိမိတို့ဘာသာ အသင်းများ ထူထောင်၍ တစ်လလျှင် နှစ်ကြိမ်ကျ နှစ်ပေါင်း အတော်ကြာစွာ တွေ့ဆုံ ဆွေးနွေးကြလေသည်။

လူတစ်ဦး၌ ကိုယ်ပိုင်သတ္တိများ အပုံတစ်ရာရှိလျှင် ထိုသူသည် ဆယ်ပုံကိုသာလျှင် အသုံးချသည်ဟု ဟားဗတ် ယူနီဗာစီတီမှပရော်ဖက်ဆာ ဝီလျံဂျိမ်း[၁] က ဆိုထားလေသည်။ ဒေးလ်ကာနက်ဂျီသည် ကုန်ရောင်း ကုန်ဝယ်သမားတို့အား သူတို့၏ ရှိပြီး ကိုယ်ပိုင်သတ္တိများကို ရှိရှိသမျှ အသုံးချနိုင်ရန် ကြိုးစားပေးခြင်းဖြင့်အရွယ်ရောက်ပြီးသော သူများ၏ ပညာပြန့်ပွားရေးကိစ္စတွင် အရေးပါအရာရောက်ဆုံးသော ကိစ္စကြီးတစ်ရပ်ကို ဆောင်ရွက်လိုက်ပေသည်ဟု ဆိုရမည်ဖြစ်၏။

---

၁။ Professor William James

www.burmeseclassic.com

www.burmeseclassic.com

# ဤစာအုပ်ကို ဘယ်လိုရေးသည် ဘာ့ကြောင့် ရေးသည်

လွန်ခဲ့သော ၃၅ နှစ်အတွင်းက အမေရိကန်ပြည်ရှိ ပုံနှိပ်တိုက်များသည် စာအုပ် အမျိုးကွဲပေါင်း နှစ်သိန်းကျော် ပုံနှိပ်ထုတ်ဝေခဲ့၏။ ထို များစွာသော စာအုပ်တို့မှာ လွှင့်ပစ်ချင်စဖွယ် ငြီးငွေ့စရာကောင်း၏။ ဤစာအုပ်များအတွက် ပုံနှိပ်ထုတ်ဝေသူများသည် ပုံနှိပ်ခ ရှုံးလေသည်။ 'များစွာသော စာအုပ်များ' ဟု ကျွန်ုပ် ပြောသည် မဟုတ်လား။ ကမ္ဘာပေါ်တွင် အကြီးဆုံးသော ပုံနှိပ်တိုက်တစ်တိုက်၏ ဥက္ကဋ္ဌတစ်ဦးက '၇၅ နှစ်အတွင်း ကျွန်ုပ်၏ ပုံနှိပ်တိုက်သည် စာအုပ် ရှစ်အုပ် ပုံနှိပ်တိုင်း ခုနစ်အုပ်မှာ အရှုံးပေါ်သည်' ဟု ကျွန်ုပ်အား ဝန်ခံဖူး၏။

ဒီလိုဆိုလျှင် ကျွန်ုပ်သည် အဘယ့်ကြောင့် မဆင်ခြင်မစဉ်းစားဘဲ အရဲစွန့်ကာ စာအုပ်တစ်အုပ်ကို နောက်ထပ် ရေးချင်ရသနည်း။

ကျွန်ုပ် ရေးပြီးသည့်တိုင်အောင် စာအုပ်တွေ ဒီလောက်များနေတဲ့အထဲမှာ ဒီစာအုပ်ကို သင်သည် အဘယ့်ကြောင့် စိတ်ရှုပ်ခံကာ ဖတ်ရမည်နည်း။

နှစ်ခုစလုံး မေးသင့်သော မေးခွန်းများပေ။ ထိုမေးသင့်သော မေးခွန်းတို့ကို ကျွန်ုပ် ကြိုးစား၍ ဖြေကြားပါအံ့။

ဤစာအုပ်ကို ဘယ်လိုရေးသည်၊ ဘာကြောင့်ရေးသည်ကို ဖြေရှင်းရာ၌ လိုဝဲသောမတ် ရေးသားပြီးခဲ့သော 'ထင်ပေါ်ရန် ဖြတ်လမ်း' စာတမ်းတွင် ပါဝင်သည့် အချက် အချို့ကို ချုံး၍ ထပ်မံရေးသားရဦးမည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



၁၉၁၂ ခုနှစ်က အစပြုသည့် ကျွန်ုပ်သည် ကုန်သည်များနှင့် ပညာသည်များအတွက် ပညာရေးလမ်းစဉ်ကို နယူးယောက်မြို့တွင် ကြီးကြပ်ခဲ့လေသည်။ လက်ဦးတွင် ကျွန်ုပ်သည် လူတော စကားပြောနည်း သင်ခန်းစာများကိုသာ ပို့ချလျက်ရှိသည်။ ထိုသင်ခန်းစာများဖြင့် အရွယ်ရောက်ပြီး သူတို့အား လူအများရှေ့မှောက်တွင် သော်လည်းကောင်း၊ အလုပ်အကိုင်နှင့် စပ်လျဉ်း၍သော်လည်းကောင်း စကားပြောရာ၌ မိမိတို့၏ အကြံဉာဏ်များကို ရှင်းရှင်းလင်းလင်း ထိထိရောက်ရောက် ဟန်ပန် လေသံနှင့် ပြောဆိုပြသနိုင်အောင် သင်ကြား ပြသပေးရန် ကျွန်ုပ် ရည်ရွယ်ချက် ရှိလေသည်။

သို့ရာတွင် ထိုအရွယ်ရောက်ပြီးသူများသည် ထိရောက်သော စကားပြောအတတ်ကို တတ်မြောက်ရန် လိုသည်နှင့်အမျှ အလုပ်အကိုင်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ပေါင်းသင်းဆက်ဆံရေး၌သော်လည်းကောင်း လူအများနှင့် သင့်တင့်စွာ စခန်းသွားနိုင်မည့် သင်ခန်းစာများကိုလည်း ပို့၍ လိုအပ်ကြောင်း နှစ်များစွာ လွန်လာသောအခါ ကျွန်ုပ်သည် တဖြည်းဖြည်း သိလာပါသည်။

ကျွန်ုပ်ကိုယ်တိုင်ပင် ဤသင်ခန်းစာများကို လေ့လာရန် လိုသေးကြောင်းကို တစ်စတစ်စ သိလာ၏။ ကုန်ခဲ့ပြီးသော နှစ်များကို ပြန်လည် ကြည့်လိုက်သောအခါ အခါပေါင်းများစွာ ကျွန်ုပ်ကိုယ်တိုင် ပါးနပ်မှု သိနားလည်မှု ချို့တဲ့ခဲ့သည်ကို ပြန်၍ မြင်မိ၏။ သို့မြင်မိတိုင်း ကျွန်ုပ်၏ စိတ်သည် များစွာ တုန်လှုပ်ချောက်ချားလေသည်။ အနှစ် ၂၀ လောက်က ဤလို စာအုပ်မျိုး တစ်အုပ် ကျွန်ုပ်၏ လက်တွင်းသို့ ရောက်ပါစေတော့ဟု များစွာ တောင့်တမိ၏။ အကယ်လို့များ ရောက်လာခဲ့လျှင် ဘယ်လောက် အဖိုးတန်လိုက်မလဲ။

လူအများနှင့် ပေါင်းသင်းဆက်ဆံရေးသည် သင့်အတွက် အရေးအကြီးဆုံးသော ပြဿနာ ဖြစ်ကောင်း ဖြစ်ပေမည်။ အထူးသဖြင့် သင်သည် ကုန်သည်ဖြစ်ခဲ့လျှင် ထိုစကားသည် မှန်ကန်ပေမည်။ ဟုတ်တယ်လေ။ အကယ်၍ သင်သည် အိမ်ရှင်မ သို့မဟုတ် ဗိသုကာ သို့မဟုတ် စက်ဆရာဖြစ်လျှင်လည်း ထိုစကားဟာ မှန်ဦးမှာပဲ။ ဆရာတက်လမ်းကာနက်ဂျီအခြေခံအဖွဲ့[၁]က ကြီးကြပ်၍

၁။ The Carnegie Foundation for the Advancement of Teacher

www.burmeseclassic.com

www.burmeseclassic.com



နှစ်အနည်းငယ်ခန့်က စုံစမ်းဖူးရာ အလွန် အရေးပါ အရာရောက်သည့် အချက်တစ်ချက်ကို တွေ့ရ၏။ ထိုအချက်မှန်ကြောင်းကိုလည်း 'ကာနက်ဂျီလုပ်ငန်း အတတ်သိပ္ပံအဖွဲ့'[၁] က ထပ်မံ ရှာဖွေရရှိသော အချက်များက ထောက်ခံပြန်လေသည်။ စက်ဆရာလုပ်ငန်းမျိုး၌ပင်လျှင် စက်ဆရာအတတ်ကို ကျွမ်းကျင်ခြင်းတစ်ခုတည်းနှင့် သူဌေးဖြစ်သူများမှာ ၁၅ ရာခိုင်နှုန်းသာဖြစ်၍ ကျန် ၈၅ ရာခိုင်နှုန်းမှာ လူရည်သန့်ခြင်း၊ လူထုကို ဆွဲဆောင်နိုင်ခြင်းတည်းဟူသော ပေါင်းသင်းဆက်ဆံရေး၌ ကျွမ်းကျင်သောကြောင့် ဖြစ်လေသည်။

ဖီလဒယ်လဖီးယားနှင့် နယူးယောက်မြို့များတွင် ကျွန်ုပ်သည် နှစ်ပေါင်းများစွာ စက်ဆရာများနှင့် လျှပ်စစ်ဘက်ဆိုင်ရာ စက်ဆရာများကို သင်ကြားပြသပေးဖူး၏။ စက်ဆရာပေါင်း ၁,၅၀၀ ထက်မနည်း ကျွန်ုပ်လက်ထဲမှ ထွက်သွားဖူး၏။ ထိုသူများသည် ကျွန်ုပ်ထံသို့ ပညာသင် လာရောက်ကြခြင်းမှာ အခြားကြောင့်မဟုတ်။ နှစ်ပေါင်းများစွာ တွေ့ကြုံမှတ်သားကြပြီးနောက် စက်ဆရာလုပ်ငန်းဘက်တွင် ငွေဝင် အဖြောင့်ဆုံးလူသည် များသောအားဖြင့် စက်ဆရာအတတ်ကို အတတ်ဆုံး ဖြစ်သောကြောင့် မဟုတ်ကြောင်းကို သိလာကြသောကြောင့်ပင် ဖြစ်လေသည်။ သာဓကဆောင်ကြစို့။ လူတစ်ဦးသည် အရည်အချင်းရှိသော စက်ဆရာ၊ သို့မဟုတ် စာရင်းကိုင်၊ သို့မဟုတ် ဗိသုကာ၊ သို့မဟုတ် မည်သည့်ပညာသည် တစ်ဦးဦးကိုမဆို တနင်္ဂနွေတစ်ပတ်လျှင် ဒေါ်လာ ဒင်္ဂါး ၂၅ ပြားမှ အပြား ၅၀ အထိ ပေး၍ ငှားနိုင်လေသည်။ ဤကဲ့သို့သော ပညာသည်များသည် အပြည့်အနက် ရှိလေသည်။ သို့ရာတွင် သက်ဆိုင်ရာ အတတ်အပြင် မိမိ၏ အကြံဉာဏ်တို့ကို တိတိကျကျ ထုတ်ဖော် ပြောပြနိုင်သည့် သတ္တိ၊ ခေါင်းဆောင်နိုင်သည့် အရည်အသွေး၊ တစ်ဘက်သားကို စိတ်ပါလာအောင် ဆွပေးနိုင်သော စွမ်းရည်တို့သည် ထိုပညာသည်၌ ပြည့်စုံလုံလောက်ပါမူကား ထိုသူသည် ဝင်ငွေ မို့မောက်ဖို့ လမ်းဖြူးနေလေသည်။

ဂျွန် ဒီ ရော့ဖဲလား[၂] သူဌေးကြီးသည် မိမိလုပ်ငန်း အတက်ဆုံးအချိန်တွင် 'လူအများနှင့် ပေါင်းသင်းဆက်ဆံနိုင်သည့် စွမ်းရည်

---

၁။ Carnegie Institute of Technology

၂။ John D. Rockefeller

www.burmeseclassic.com

www.burmeseclassic.com



သတ္တိသည် သကြားတို့ ကော်ဖီတို့လို ပိုက်ဆံပေးပြီး ဝယ်ရင်ရနိုင်တဲ့ ကုန်တစ်မျိုးပဲ။ ကျုပ်တော့ ဒီစွမ်းရည်သတ္တိကို ကမ္ဘာပေါ်ရှိ အခြား ပစ္စည်းများထက် ပိုက်ဆံပိုပေးပြီး ဝယ်မှာပဲ'ဟု မက်သယူး စီဘရပ်[၁] အား ပြောပြဖူး၏။

ကမ္ဘာပေါ်တွင် ဤမျှ အဖိုးတန်ဆုံးသော စွမ်းရည်သတ္တိကို တိုးပွားအောင်လုပ်ရန် ရည်ရွယ်ချက်ဖြင့် သက်ဆိုင်ရာ သင်ခန်းစာများကို တိုင်းပြည်အတွင်းရှိ ကောလိပ်ကျောင်းတိုင်းတွင် သင်ကြားပြသပေးလိမ့်မည်ဟူ၍ သင်တို့ မထင်မိဘူးလား။ ထိုကောလိပ်ကျောင်းမျိုး တစ်ကျောင်းတလေလောက် ရှိကောင်းရှိပေမည်။ သို့သော် ကျွန်တော်သည် ထိုကျောင်းကို ယခုထက်တိုင် မတွေ့ရသေးပါ။

ရှိကာဂို ယူနီဗာစီတီနှင့် ယူနိုက်တက် ဝိုင် အမ် စီ အေ ကျောင်းများအဖွဲ့က ကြီးကြပ်၍ အရွယ်ရောက်ပြီး သူများ ဘာကို သင်ကြားလိုကြသည်ကို စုံစမ်းခဲ့ဖူး၏။

ဤကဲ့သို့ စုံစမ်းခစရိတ်ငွေ ဒေါ်လာပေါင်း ၂၅,၀၀၀ ကုန်ကျ၍ နှစ်နှစ်ကြာလေသည်။ ထိုအဖွဲ့၏ နောက်ဆုံး စုံစမ်းသောမြို့မှာ ကနက်တီကပ်[၂] ပြည်နယ် မရီဒင်[၃] မြို့ ဖြစ်လေသည်။ ထိုမြို့သည် အမေရိကန်စစ်စစ် မြို့ကလေးတစ်မြို့ ဖြစ်၏။ ထိုမြို့ရှိ အရွယ်ရောက်ပြီးသူတိုင်းအား 'သင် ဘာလုပ်သလဲ၊ ဘယ်နှစ်တန်းအထိ သင်ဖူးသလဲ၊ အားလပ်ချိန်၌ ဘာလုပ်သလဲ၊ ဝင်ငွေဘယ်လောက်လဲ၊ ဘယ်ဟာတွေကို အပျင်းပြေ လိုက်စားသလဲ၊ သင် အလိုရှိသော ရည်မှန်းချက်ဟာ ဘာလဲ၊ သင် တွေ့ကြုံရတဲ့ ပြဿနာများဟာ ဘာလဲ၊ ဘယ်ပညာရပ်ကို သင်ကြားရန် စိတ်အဝင်စားဆုံးလဲ' စသော မေးခွန်းပေါင်း ၁၅၆ မျိုးကို မေးလေသည်။ ထိုအဖွဲ့၏ စုံစမ်းချက်အရဆိုလျှင် ကျန်းမာမှုသည် အရွယ်ရောက်ပြီးသူတို့၏ အရေးအကြီးဆုံးသော အချက်ဖြစ်ကြောင်းကို တွေ့ရလေသည်။ သူတို့၏ ဒုတိယ စိတ်အဝင်စားဆုံးသော အချက်သည် 'လူမှု'ပင် ဖြစ်လေသည်။ လူ့အကြောင်းကို နားလည်အောင် ဘယ်လိုလုပ်မလဲ။ လူများနှင့် သင့်မြတ်အောင် မည်ကဲ့သို့ ဆက်ဆံ

---

၁။ Matthew C. Brush

၂။ Connecticut

၃။ Meriden

www.burmeseclassic.com

www.burmeseclassic.com



မလဲ။ လူကြိုက်အောင် ဘယ်လိုလုပ်မလဲ။ လူတွေကို ကိုယ့်ဘက်ပါအောင် ဘယ်လိုဆွဲမလဲ စသော 'လူမှု' 'လူ့ကိစ္စ'များပင်ဖြစ်လေသည်။

ထိုအချက်များကို စုံစမ်းရရှိပြီးနောက် ထိုသူတို့လိုလားချက်များကို သင်ကြားရန်အတွက် ရေးပြီးသား လက်စွဲကျမ်းတစ်အုပ်ကို စုံစမ်းရေးအဖွဲ့က အပတ်တကုတ် ရှာဖွေပြန်သည်။ သို့သော် တစ်အုပ်ကိုမျှ မတွေ့ရပေ။ နောက်ဆုံး၌ စုံစမ်းရေးအဖွဲ့သည် သက်ကြီးပညာရေးတွင် ကမ္ဘာပေါ်၌ ထိပ်တန်းအကျဆုံးသော ပါရဂူကြီးတစ်ဦးထံ အထက်ပါ အရေးနှင့် စပ်လျဉ်း၍ မည်သည့်စာအုပ်ကို ဖတ်ရမည်နည်းဟု စုံစမ်းပြန်ရာ အရွယ်ရောက်ပြီးသူတိုင်း ဘာကို လိုသည်ဆိုတာကို ကျွန်ုပ် ပြောပြနိုင်သည်။ သို့ရာတွင် ထိုသူများ ဖတ်ရန် ကျမ်းစာအုပ်မှာ ယခုထက်တိုင် တစ်အုပ်မျှ မပေါ်ဖူးသေးချေဟု ပြန်ပြောလိုက်လေသည်။

ထိုပြောပြချက် မှန်ကန်ကြောင်းကို ကျွန်ုပ်ကိုယ်တွေ့အားဖြင့် သိရှိပြီး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူများနှင့် ပေါင်းသင်းဆက်ဆံရေးအတွက် စည်းကမ်းတကျ အသုံးချရလောက်အောင် ရေးသားထားသော စာအုပ်တစ်အုပ်ကို ကျွန်ုပ် ကိုယ်တိုင် စုံစမ်းရှာဖွေနေသည်မှာ နှစ်ပေါင်း အတော်ကြာညောင်း လေပြီ။ သို့သော် တစ်အုပ်တလေမျှ မတွေ့ရသေးချေ။

ထိုကျမ်းမျိုး တစ်ကျမ်းမျှ မရှိသဖြင့် ကျွန်ုပ်၏ သင်တန်းတွင် အသုံးပြုရန် စာအုပ်တစ်အုပ်ကို ကျွန်ုပ်ကိုယ်တိုင် ရေးသားရန် ကြိုးစားရလေသည်။ ယခုအခါ ထိုစာအုပ်မှာ ပြီးစီးပြီဖြစ်ရာ သင်တို့ ကြိုက်နှစ်သက်လိမ့်မည်ဟု မျှော်လင့်၏။

ဤစာအုပ်ကို ရေးရန်အတွက် ဒေါ်ရသီ ဒစ်[၁] အရေးအသားများ၊ လင်မယားကွာလိုမှု စီရင်ချက်များနှင့် မိဘမဂ္ဂဇင်း[၂] တို့မှ အစပြု၍ ပရော်ဖက်ဆာ အိုဗာစထရိ[၃]၊ အယ်ဖရက် အက်ဒလား[၄] နှင့် ဝီလျံဂျိမ်းတို့ ရေးသားချက်များအထိ ဖတ်ခဲ့ရလေသည်။ ထိုမျှနှင့် မပြီးသေး။ စာအရှာကျွမ်းကျင်သူ သုတေသီပုဂ္ဂိုလ်တစ်ယောက်ကို

၁။ Dorothy Dox
၂။ Parent's Magazine
၃။ Professor Overstreet
၄။ Alfred Adler

www.burmeseclassic.com

www.burmeseclassic.com



ငှားရမ်းလျက် ကျွန်ုပ်ကိုယ်တိုင် မဖတ်ဖူးသေးသော စာအရပ်ရပ်၊ နက်နဲသော စိတ်ပညာကျမ်းများ၊ ရာပေါင်းများစွာသော မဂ္ဂဇင်း ဆောင်းပါးများ၊ မရေမတွက်နိုင်သော အတ္ထုပ္ပတ္တိများထဲတွင် ရှေးပဝေသဏီကစ၍ ယခုခေတ်အတွင်း ထင်ရှား ကျော်စောခဲ့သော သူများသည် လူတို့နှင့် မည်ကဲ့သို့ ဆက်ဆံပေါင်းသင်းကြသည်ကို သိရှိရန် အရပ်ရပ်ရှိ စာကြည့်တိုက်များသို့ သွားရောက်၍ တစ်နှစ်ခွဲ လုံးလုံး စုံစမ်းရှာဖွေမှတ်သားစေ၏။ ဂျူလီယက် ဆီဇာ[၁] မှ အစပြု၍ သောမတ် အက်ဒီဆင်[၂] အထိ ထင်ရှားကျော်ကြားသော ခေါင်းဆောင် ကြီးတို့၏ အတ္ထုပ္ပတ္တိပေါင်း မြောက်မြားစွာကို ဖတ်ပြီးလေပြီ။ သီအိုဒို ရုစဗဲ့[၃] တစ်ယောက်တည်း၏ အတ္ထုပ္ပတ္တိအမျိုးပေါင်း တစ်ရာကျော်ကို ဖတ်ပြီးခဲ့ကြောင်းကို ကျွန်ုပ် မှတ်မိ၏။ ခေတ်အမျိုး မျိုးတို့တွင် လူအမျိုးမျိုးတို့သည် မိတ်ဆွေပေါများရန်နှင့် လူများကို မိမိဘက်သို့ပါအောင် မည်သည့်နည်းများ သုံးခဲ့သည်ကို စုံစုံလင်လင် သိရှိရန်အတွက် အချိန်နှင့်ငွေ မည်မျှပင် ကုန်စေကာမူအကုန်ခံမည် ဟူ၍ သန္နိဋ္ဌာန်ချပြီး ဖြစ်လေသည်။

ဤကိစ္စနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့ကိုယ်တိုင် မာကိုနီ[၄]၊ ဖရန့်ကလင် ရုစဗဲ့[၅]၊ အိုဝင် ဒီ ယန်း[၆]၊ ကလတ်ဂေဗယ်၊ မေရီပစ်ဖို့[၇]၊ မာတင်ဂျွန်ဆင်[၈] အစရှိသော ကမ္ဘာကျော် ပုဂ္ဂိုလ်ထူးများနှင့် သွား ရောက် တွေ့ဆုံ၍ လူများနှင့် ပေါင်းသင်းဆက်ဆံရာ၌ ထိုသူများ အသုံးပြုသော 'တစ်ခုကောင်း' များကို စုံစမ်းခဲ့ဖူး၏။

ဤကဲ့သို့ စုံစမ်းရှာဖွေ စုဆောင်းခဲ့သော အဆီအနှစ်များမှ ခပ်တိုတိုပြော၍ ပြီးနိုင်မည့် ဟောစာတစ်ပုဒ်ကို ဖြစ်အောင်ရေးပြီး လျှင် 'မိတ်ဆွေပေါ၍ လူများအပေါ် ဩဇာညောင်းအောင်လုပ်နည်း' (ဝါ) 'မိတ္တဗလဋီကာ' ဟု အမည်ပေးလေသည်။ ခပ်တိုတို ဆိုသော စကားကို ကျွန်ုပ် သုံးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ရှေးစက ခပ်တိုတို ဖြစ်ခဲ့သော်လည်း ယခု အခါမှာမူကား တစ်နာရီခွဲလောက် ပြောရသော ဟောစာတစ်ပုဒ် အဖြစ်သို့ အနည်းငယ်ရှည်၍ သွားလေပြီ

---

၁။ Julius Caesar
၂။ Thomas Edison
၃။ Theodore Roosevelt
၄။ Marconi
၅။ Franklin D. Roosevelt
၆။ Owen D. Young
၇။ Mary Pickford
၈။ Martin Johnson

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောကြောင့်တည်း။ နယူးယောက်မြို့ရှိ ကာနက်ဂျီကျောင်း သင်တန်းများတွင် ထိုဟောစာများကို နှစ်စဉ်ပင် နှစ်ပေါင်းများစွာ ကျွန်ုပ် ဟောပြောခဲ့၏။

ထိုဟောစာများကို ဟောပြောပြီးနောက် ကျွန်ုပ်သည် ကျွန်ုပ်၏ လက်စွဲ တပည့်များအား သူတို့၏ ပေါင်းသင်းဆက်ဆံရာတွင် အသုံးပြုသည့်နည်းများနှင့် တွေ့ကြုံရသည့် အဖြစ်အပျက်များကို ကျောင်းတွင် ပြန်ရောက် ပြောဆိုရန် အမြဲ တိုက်တွန်းလွှတ်လိုက်၏။

ဤစာအုပ်ကို အခြားစာအုပ်များ 'ရေးနည်းကား' ကဲ့သို့ ရေးသည်မဟုတ်။ ကလေးသည် တစ်စတစ်စ ကြီးပြင်းလာသလို ထိုစာအုပ်သည်လည်း တစ်နှစ်ထက် တစ်နှစ် ကျယ်ဝန်းလာရလေသည်။ ကျွန်ုပ်ထံတွင် လာရောက်သင်ကြားသော တပည့် ထောင်သောင်း၏ အတွေ့အကြုံများမှ ထိုစာအုပ်သည် ကြီးပွားလာခဲ့လေသည်။

နှစ်ပေါင်းများစွာက ပို့စကတ် စာရွက်ထက် မကြီးလှသော စက္ကူကတ်ပြားကလေးပေါ်တွင် စည်းမျဉ်းတစ်ပုံကို ပုံနှိပ်၍ သင်ခန်းစာများကို စတင် သင်ကြားခဲ့လေသည်။ နောက်တစ်နှစ်သို့ ရောက်သောအခါ စည်းမျဉ်းများကို ထိုထက်ကြီးသော စက္ကူကတ်ပြားပေါ်တွင် ပုံနှိပ်ရလေသည်။ နောက်တစ်နှစ်တွင် စာရွက်မှ စာအုပ်ငယ် စသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ချဲ့ထွင်ရလေသည်။ ၁၅ နှစ်လောက် စမ်းသပ်ရှာဖွေ စုဆောင်းပြီးနောက် ယခုအခါတွင် ကျမ်းတစ်စောင် ဖြစ်မြောက်အောင်မြင်လာလေသည်။

ကျမ်းတွင် ပါဝင်သောနည်းများမှာ တွေ့ကရာစဉ်းစားပြီး ရေးထားသော စိတ်ကူးများမဟုတ်။ ထင်ကြေးများ မဟုတ်။ ယင်းတို့ကို သုံးကြည့်လျှင် မျက်လှည့်ကဲ့သို့ ထူးဆန်းအံ့သြဖွယ်ရာ ကောင်းသည်ကို တွေ့ရမည် ဖြစ်၏။ ပြောလျှင် ယုံနိုင်စရာမရှိ။ သို့သော် ဤစာအုပ်တွင် ပါသောနည်းများကို အသုံးပြုခြင်းဖြင့် လူများတို့၏ အခြေအနေမှာ ပြောင်းပြန်လှန်ပစ်လိုက်ဘိသို့ ဖြစ်သွားသည်ကို ကျွန်ုပ်ကိုယ်တိုင် တွေ့ရဖူး၏။

သက်သေပြအံ့။ လုပ်သား ၃၁၄ ယောက်ရှိသော အလုပ်တိုက်ကြီး တစ်တိုက်၏ ပိုင်ရှင်တစ်ဦးသည် မနှစ်က ကျွန်ုပ်ထံတွင် နည်းနာယူရန် လာရောက်ခဲ့၏။ သူ၏ လုပ်သားများကို မဆုတ်မနစ် ဆူပူကြိမ်းမောင်း ဆဲရေးခဲ့၏။ သနားခြင်း၊ ချီးမွမ်းခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



အားပေးခြင်းကို နားမလည်ခဲ့ပေ။ သူ၏ နှုတ်မှ တစ်ကြိမ်တစ်ခါမျှ မထွက်စဖူးပေ။ ဤစာအုပ်တွင် ဆွေးနွေးထားသော အခြေခံနည်းများကို လေ့လာပြီးနောက် ထိုသူသည် ရေးကထားခဲ့သော သူ၏ စိတ်ထားကို ပြင်လုပ်လိုက်သလို တစ်ခါတည်း ပြောင်းလိုက်၏။ ယခုအခါမှာမူကား သူ့အလုပ်ရုံတစ်ခုလုံးတွင် စိတ်အားတက်ကြွခြင်း၊ ရိုသေလေးစားခြင်း၊ စုရုံးညီညွတ်ခြင်းတည်းဟူသော စိတ်ဓာတ်အသစ်များ ပျံ့နှံ့လျက်ရှိလေသည်။ ရှေးက ရန်သူသဖွယ်ဖြစ်ခဲ့ဖူးသော အလုပ်သမား ၃၁၄ ဦးသည် ယခုအခါ မိတ်ဆွေစစ် ၃၁၄ ဦး ဖြစ်လျက်ရှိလေသည်။

'ရှေးက ကျွန်ုပ်၏ အလုပ်ရုံထဲကို လျှောက်သွားလျှင် ကျွန်ုပ်အား တစ်ဦးတစ်ယောက်ကမျှ နှုတ်ဆက်ခြင်းမပြု၊ အလုပ်သမားများသည် ကျွန်ုပ် လျှောက်လာသည်ကိုမြင်သည်နှင့်တစ်ပြိုင်နက် တစ်ဘက်သို့ မျက်နှာလှည့် နေကြလေသည်။ ယခုမူကား အားလုံးသော အလုပ်သမားများသည် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကုန်ကြလေပြီ။ ကျွန်ုပ်၏ တံခါးစောင့်ကပင်လျှင် ကျွန်ုပ်၏ ငယ်နာမည်ကိုခေါ်၍ နှုတ်ဆက်၏' ဟု ထိုအလုပ်ရှင်သည် အတန်းထဲရှိ အခြားတပည့်များရှေ့တွင် အားပါးတရ ပြောဖူးလေသည်။

ယခုအခါ ထိုသူသည် အမြတ်အစွန်း ပို၍ရခြင်း၊ အားလပ်ချိန်ပို၍ရခြင်း စသော အကျိုးထူးများသာမက အလုပ်ခွင်နှင့် နေအိမ်၌ပင် စိတ်ရွှင်လန်း ချမ်းမြေ့ခြင်းကိုလည်း ခံစားရလေသည်။

မရေမတွက်နိုင်သော အရောင်းသမားတို့သည်လည်း ဤနည်းများကို အသုံးပြုခြင်းဖြင့် ဝင်ငွေ သိသိသာသာ တိုးကြလေပြီ။ ရှေးအခါက ချော့မရဘူးသော ဝယ်သူများထံမှလည်း အမှာစာများ ရရှိကြလေပြီ။ ညွှန်ကြားသူ လူကြီးများလည်း လခနှင့် အာဏာများ တိုး၍ ရကြလေပြီ။ ညွှန်ကြားသူလူကြီးတစ်ဦးသည် ဤနည်းများကို အသုံးချမိသည့်အတွက် တစ်နှစ်လျှင် ဒေါ်လာငွေ ငါးထောင်စာမျှ လစာ တိုးတက်ရရှိသည်ဟု မနှစ်က အကြောင်းကြားဖူး၏။ ဖီလဒယ်လဖီးယား ဓာတ်ငွေ့ကုမ္ပဏီ[၁] တစ်ခုတွင် အလုပ်လုပ်နေသူ ညွှန်ကြားသူ လူကြီးတစ်ဦးအား လက်အောက် အလုပ်သမားများကို လိမ္မာရေးခြားစွာ မထိန်းသိမ်းနိုင်မှုအပြင် သူ၏ ရန်လိုမှုတို့ကြောင့်

၁။ Philadelphia Gas Works Company

www.burmeseclassic.com

www.burmeseclassic.com



ရာထူးလျှော့ပစ်ရန် စီစဉ်ပြီးသား ဖြစ်လေသည်။ သို့ရာတွင် ထိုညွှန်ကြားသူ လူကြီးသည် ထိုစာအုပ်တွင် ပါသည့်နည်းများကို အသုံးပြုသဖြင့် အသက် ၆၅ နှစ် အရွယ်တွင် အလုပ်လျှော့ခံရမည့်ဘေးမှ လွတ်ကင်းရုံသာမက ရာထူးနှင့် လခလည်း တိုး၍ ရခဲ့ဖူးလေသည်။

သင်တန်းများ ပြီးဆုံးသည့်နောက် ကျေးမွေးသော ညစာစားပွဲများသို့ တက်ရောက်ကြသည့် အိမ်ရှင်မတို့က သူတို့၏ ခင်ပွန်းများသည် ဤနည်းလမ်းများကို သင်ကြားပြီးမှ သူတို့၏ အိမ်များသည် ရှေးကထက် ပို၍ စိုပြည်ကာ စိတ်ချမ်းသာကြရသည်ဟု ကျွန်ုပ်အား ဖွင့်ဟ ပြောဆိုကြ၏။

ဤနည်းများကို သုံးသောသူများသည် သုံးပြီး၍ အကျိုးရှိမှန်းကို မျက်မှောက် တွေ့ရှိသောအခါ များစွာ အံ့အားသင့်လျက်ရှိကြ၏။ မျက်လှည့်ပြသကဲ့သို့ အံ့သြဖွယ်ရာကောင်းလျက်ရှိ၏။ အချို့မှာ ကျောင်းဖွင့်အောင် စောင့်နေရသည်မှာ ကြာလွန်းသဖြင့် တနင်္ဂနွေနေ့၌ပင် ကျွန်ုပ်ထံသို့ စကားပြောကြေးနန်းဆက်၍ သူတို့၏ ထမြောက်အောင်မြင်ချက်တို့ကို ပြောကြားကြ၏။

လူတစ်ယောက်သည် မနှစ်က ဤနည်းများကို သင်ကြားပြီးသည်နှင့် တစ်ပြိုင်နက် အလွန်အမင်း စိတ်ထက်သန်လျက်ရှိရကား အတန်းထဲရှိ အခြားသူများနှင့် လင်းအားကြီး ၃ နာရီလောက်အထိ ထိုင်၍ ဆွေးနွေးဖူး၏။ အခြားသူများ အိမ်ပြန်ကြသော်လည်း ထိုသူသည် မအိပ်နိုင်။ သူ့ရှေးက မှားခဲ့သော ယူဆချက်များကိုလည်းကောင်း၊ ရှေ့အဖို့၌ ဤနည်းများကို သုံးရသဖြင့် ထမြောက်အောင်မြင်တော့မည့် အချက်များကိုလည်းကောင်း ဆင်ခြင် တွေးတောနေသည့်အတွက် နောက်တစ်နေ့နှင့် တစ်ည ဆက်ပြီး မအိပ်နိုင်တော့ချေ။

ထိုလူ မည်သူလဲ။ တွေ့ကရာ ပေါက်ကရ နည်းလမ်းတွေကို လျှောက်၍ လေ့လာနေသည့် လူရိုး လူအ တစ်ဦးလား။ မဟုတ်ပါ။ နိုင်ငံခြား ယူနီဗာစီတီ ၂ ခုမှ ဘွဲ့ရ၍ စကား ၃ မျိုးကို ချက်ချက်ချာချာ ပြောပြီးလျှင် လက်မှုပစ္စည်းများကို မပျင်းမရိ ဖွဲ့ကောင်းကောင်းနှင့်လျှောက်ရောင်းနေသူ တကယ့်မြို့သားတစ်ဦးပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအခန်းကိုရေးနေစဉ် ဂျာမန်တစ်ဦးထံမှ ' စာတစ်စောင် ရရှိလေသည်။ ထိုသူ၏ မျိုးရိုးမှာ ရှေးဂျာမန်မင်းများလက်ထက်မှ စ၍ စစ်မှုထမ်းခဲ့ကြသော စစ်ဖက်ဆိုင်ရာ အရာရှိ အရာခံများ ဖြစ်ကြသည်။ သူ့စာကို ပင်လယ်ကူးသင်္ဘောပေါ်မှနေ၍ ထည့်လိုက်ရာ ကျွန်ုပ်၏ နည်းများကို အသုံးပြု၍ အောင်မြင်ကြောင်းတို့ကို ရေးထားသည်မှာ ဘာသာရေး ကိုင်းရှိုင်းသည်တမျှ အင်မတန် စိတ်အားတက်ကြွဖွယ်ရာ ကောင်းတော့၏။

အခြားလူတစ်ဦးအကြောင်းကို ပြောဆိုဦးအံ့။ ထိုလူသည် ကော်ဇောစက်ရုံပိုင် နယူးယောက်မြို့သား ဟားဗတ် ယူနီဗာစီတီဘွဲ့ရ သူဌေးကြီးတစ်ဦးဖြစ်၍ မြို့မျက်နှာဖုံး နာမည်အတော်ကြီးသူ ဖြစ်လေသည်။ ထိုသူက 'ကောလိပ်ကျောင်းတွင် လေးနှစ် သင်ခဲ့ရသည်ထက် ဤစာအုပ်ပါနည်းများကို တနင်္ဂနွေ ၁၄ ပတ်မျှ သင်ကြားလိုက်ရခြင်းက ပို၍ အကျိုးရှိသေးသည်' ဟု ထုတ်ဖော်ပြောဖူး၏။ မယုံဘူးလား။ ရယ်စရာကောင်းသလား။ ယုံတမ်းစကား ပြောတယ်လို့ ထင်သလား။ ကောင်းပြီ။ ဤစကားကို ယုံဖို့ မယုံဖို့ ဆိုတာကတော့ သင့်သဘောပဲ။ ကျွန်ုပ်ကမူ ၁၉၃၃ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက် ကြာသပတေးနေ့ညက နယူးယောက်မြို့ရှိ ယေးကလပ်[၁] တွင် ဟားဗတ်ယူနီဗာစီတီ ဘွဲ့ရပြီးသော အကျော်တစော ထင်ရှားသူတစ်ဦး၏ ပြောသော စကားများကို အပိုမပါဘဲ ဖောက်သည်ချပါမည်။

'ကျွန်ုပ်တို့ ဖြစ်သင့်တာနှင့် ယခုဖြစ်နေကြတာကို နှိုင်းစာကြည့်လျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ဖြစ်သင့်တာထက် ထက်ဝက်လောက်သာ ပြည့်စုံသေး၏။ ကျွန်ုပ်တို့၌ရှိသော ကိုယ်နှင့်စိတ်ပါ သက်ဆိုင်သည့် တန်ခိုးများကို ကျွန်ုပ်တို့သည် အနည်းငယ်မျှသာ သုံးစွဲလျက်ရှိ၏။ ဘွင်းဘွင်းကြီး ဖွင့်ပြောရလျှင် လူတစ်ဦးတွင် မိမိသုံးစွဲနေသည့် သတ္တိထက်ပိုသော သတ္တိထူးများ ရှိသေး၏။ ထိုသူ၌ သူကိုယ်တိုင် မသုံးဖူးသေးသော တန်ခိုးသတ္တိများစွာတို့သည် ကျန်ရှိနေသေး၏' စသည်ဖြင့် ဟားဗတ်တက္ကသိုလ် ပရော်ဖက်ဆာ ဝိလျံဂျိမ်းက ထုတ်ဖော် ပြောပြဖူး၏။

---

၁။ Yale Club

www.burmeseclassic.com



ဤစာအုပ်၏ ရည်ရွယ်ချက်မှာ သင့်အား သင်မသုံးဘူးသေးသော သတ္တိထူးများကို တွေ့အောင် ရှာစေခြင်း၊ တွေ့လျှင် ယင်းတို့ကို တိုးချဲ့စေခြင်း၊ တိုးချဲ့ပြီးနောက် အကျိုးရှိအောင် အသုံးချစေခြင်းဖြင့် ကိစ္စအဝဝကို အပြည့်အစုံ ဆောင်ရွက်စေရန်ပင် ဖြစ်လေသည်။

ပရင်းစတန် ယူနီဗာစီတီ[၁] ၏ ဥက္ကဋ္ဌဟောင်း တစ်ဦးဖြစ်သူ ဒေါက်တာ ဂျွန် ဟစ်ဗင်[၂] က 'ပညာဆိုသည်မှာ လူ့တစ်သက်တွင် တွေ့ကြုံရသော အဖြစ်အပျက်အမျိုးမျိုးတို့ကို နိုင်နင်းစွာ ထိန်းသိမ်းစီမံ အုပ်ချုပ်နိုင်သော စွမ်းရည်သတ္တိပင် ဖြစ်သည်'ဟု ထုတ်ဖော်ပြောခဲ့ဖူး၏။

အကယ်၍ ဤစာအုပ်၏ ပထမ အခန်း ၃ ခန်းကို ဖတ်ပြီးသည့် အချိန်၌ သင် တွေ့ကြုံရသော အဖြစ်အပျက်တို့ကို နိုင်နင်းစွာ ထိန်းသိမ်းစီမံ အုပ်ချုပ်နိုင်သော စွမ်းရည်သတ္တိ အနည်းငယ်မျှကိုပင် သင်သည် မရသေးဟု ဆိုပါလျှင်၊ ဤစာအုပ်သည် သင့်အဖို့ အသုံးမဝင်တော့ပြီဟု ကျွန်ုပ် ဆိုရမည်ဖြစ်၏။ အကြောင်းမူကား 'ပညာ၏ ရည်ရွယ်ချက်မှာ ဗဟုသုတ စုရန်မဟုတ်၊ စုပြီးသားဗဟုသုတကို အသုံးချရန်ပင် ဖြစ်သည်' ဟု ဟားဘတ် စပင်စာ[၃] က ဆိုဖူးရာ ကျွန်ုပ်၏ စာအုပ်သည် ရရှိသော ဗဟုသုတကို လက်ငင်း အသုံးချခိုင်းသော စာအုပ်ဖြစ်သောကြောင့်တည်း။

ဤနိဒါန်းသည် အခြားသော နိဒါန်းများကဲ့သို့ အတော်ပင် ရှည်သွားလေပြီ။ ထို့ကြောင့် တစ်စခန်း သွားကြဦးစို့။ တကယ် လက်တွေ့ ချက်ချင်း လုပ်ကြစို့။ ကိုင်း ကျေးဇူးပြု၍ အခန်း ၁ ကို မဆိုင်းမတွဘဲ မြန်မြန် လှန်ကြည့်လိုက်ပေတော့။

---

၁။ Princeton University

၂။ Dr. John G. Hibben

၃။ Herbert Spencer

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၁

# လူအများနှင့် ဆက်သွယ်ရာ၌ အခြေခံနည်းကောင်းများ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁

## ပျားရည်ကိုလိုသော် ပျားအုံကို မဖျက်နှင့်

၁၉၃၁ ခုနှစ် မေလ ၇ ရက်နေ့က နယူးယောက်မြို့တော်၌ ရှေးက တွေ့ကြုံခဲ့ရဖူးသော 'လူဖမ်းပွဲ' တို့အနက် တုန်လှုပ်ချောက်ချားဖွယ်ရာ အကောင်းဆုံးဖြစ်သော လူဖမ်းပွဲတစ်ခုကို နယူးယောက်မြို့သူမြို့သားတို့ တွေ့မြင်ကြရလေသည်။ တနင်္ဂနွေအပတ်ပေါင်းများစွာ လိုက်လံရှာဖွေရပြီးနောက် ဆေးလိပ်နှင့်အရက်ကို မသောက်တတ်သော သေနတ် နှစ်လက်ကိုင် ကရိုလီ[၁] ခေါ် လူသတ်သမားကို အနောက်ဖျားရိပ်သာ[၂] အရပ်ရှိ သူ၏ ရည်းစားသည်အိမ်တွင် ပုလိပ်များ ဝိုင်းမိလေ၏။

သူပုန်းနေသော အပေါ်ဆုံးအထပ်ကို ပုလိပ်သား ၁၅၀ နှင့် စုံထောက်တို့သည် ဝိုင်းထားပြီးလျှင် အမိုးမှ အပေါက်များဖောက်၍ မျက်ရည်ကျစေတတ်သော ဓာတ်ငွေ့များသွင်းလျက် ပုလိပ်သတ်သမား လူဆိုးကြီး ကရိုလီကို လက်ရဖမ်းဆီးရန် ကြိုးစားကြလေသည်။ ထို့နောက် ပတ်ဝန်းကျင်ရှိ အိမ်များမှ စက်သေနတ်များဖြင့် ချိန်၍ နယူးယောက်မြို့၏ အလွန်သပ်ရပ်သော ထိုရပ်ကွက်တွင် တစ်နာရီကျော်ကျော်လောက် သေနတ်သံ တဒိန်းဒိန်းနှင့် ပစ်ခတ်လျက်ရှိကြ၏။ ခုထားသော ကုလားထိုင်တစ်လုံး၏ နောက်မှ ဝပ်၍ ကရိုလီသည် ပုလိပ်များကို မရပ်မနားဘဲ ပစ်ခတ်လျက်ရှိ၏။ ဤကဲ့သို့ ကရိုလီနှင့် ပုလိပ်တို့ အပြန်အလှန် ပစ်ခတ်နေသောပွဲကို လူတစ်သောင်းလောက်သည်

---

၁။ Two Gun Crowley
၂။ West End Avenue

www.burmeseclassic.com

www.burmeseclassic.com



ရေးဖြစ်မည်မဟုတ်။ ထိုစာကိုသာ မရေးဖြစ်လျှင် ထိုသူငယ်ချင်း တစ်ဦး ဆုံးရှုံးရမည် မဟုတ်ဟု တွေးမိ၏။

ထိုသို့ တွေးရာမှတစ်ဖန် တစ်ဖက်သားကို အပြစ်တင်မိသောကြောင့် ကျွန်တော်ကဲ့သို့ပင် မိတ်ဆွေရင်းချာများ ဆုံးရှုံးရဖူးသူများ၊ ဆုံးရှုံးရလတ္တံ့သော သူများကို ဆက်၍ တွေးမိပြန်၏။

ထိုသူများကို တွေးရာမှတစ်ဖန် အကယ်၍ အလွန် စိတ်ဝင်စားဖွယ်ကောင်းသော ထိုအခန်း ၁ ကို လူများများ သိရှိနိုင်အောင် ကြိုးစားပေးရလျှင် ထိုသူများထဲ၌ တစ်ဖက်သားကို ကြိမ်းမောင်းလွန်း၍ လူမုန်း မကြာခဏခံရသော သူများလည်း ထိုလူမုန်းခံရသောဘဝမှ လွတ်မြောက်ကြလိမ့်မည်၊ ကြိမ်းမောင်းရန် ကြံစည်လျက်ရှိသူများလည်း သတိတရားများ ရကြလိမ့်မည်ဟု ယုံကြည်ရင်းစွဲရှိသောကြောင့် ဤစာအုပ်ကို ဖတ်ပြီးလျှင် အခြားအခန်းများကို ဘာသာပြန်ဆိုရန်သဘောမကျနိုင်သည့်တိုင်အောင် ထိုအခန်း ၁ ကို လူအများ၏ အကျိုးစီးပွားအတွက် ဘာသာပြန်ဆိုတော့မည်ဟူ၍ စိတ်နှလုံး တုံးတုံးချလိုက်၏။

ထို့နောက် စာအုပ်ကို ဆက်၍ ဖတ်ပြန်ရာ လူတို့တွင် ချမ်းသာမှု ဆင်းရဲမှုတို့သည် 'ကံ'တည်းဟူသော တစ်ခုတည်းသော အကြောင်းကြောင့်သာ မဟုတ်။ ဆင်းရဲခြင်းသည် လုပ်သင့်သည့် အရာများကို မလုပ်၊ မလုပ်သင့်သည့် အရာများကို လုပ်နေသောကြောင့်ပင် ဖြစ်ပြီးလျှင် ချမ်းသာခြင်းသည် မလုပ်သင့်သည့် အရာမျိုးကို အထူးရှောင်၍ လုပ်သင့်သည့် အရာများကို အထူးဆောင်လျက်ရှိသောကြောင့် ဖြစ်ကြောင်းကို အလွန်ထင်ရှား မှတ်သားနာယူဖွယ်ကောင်းသော သက်သေသာဓကတို့ဖြင့် ရောပြွမ်းလျက် စာအုပ် တစ်အုပ်လုံးကို အစမှ အဆုံးအထိ ရေးသားဖော်ပြထားသည်ကို ဆက်လက် တွေ့ရှိရ၏။ ထိုအခါတွင် စာတစ်အုပ်လုံးကို ဆုံးခန်းတိုင် ဘာသာပြန်တော့မည်ဟု ဒုတိယအကြိမ် ကျွန်တော်၏ စိတ်နှလုံးကို တုံးတုံးချပြန်၏။

သို့ရာတွင် ဤစာအုပ်ကို ဘာသာပြန်၍ နဂါးနီ စာအုပ်တစ်အုပ်အဖြစ်ဖြင့် ပုံနှိပ်ရန်ကိစ္စသည် မလွယ်ကူလှပေ။ ထိုအကြောင်းကို ရှင်း၍ပြပါအံ့။

'နိုင်ငံရေး' ဆိုသော စကား၏ အဓိပ္ပာယ်ကို စဉ်းစားရာ၌ 'နိုင်ငံရေး' သည် အင်္ဂလိပ်လက်အောက် မြန်မာများ လွတ်မြောက်

www.burmeseclassic.com

www.burmeseclassic.com



များစွာ စိတ်ဝင်စားစွာနှင့် စောင့်ကြည့်လျက်ရှိကြ၏။ နယူးယောက်မြို့၏ လမ်းပေါ်တွင် ဤကဲ့သို့ တုန်လှုပ်ချောက်ချားဖွယ်ရာကောင်းသော 'ပွဲ'မျိုးကို ဂျာစ်ခါဖူးမျှ ရှေးက မတွေ့ကြုံခဲ့ဖူးချေ။

ကရိုလီကို မိသောအခါ ပုလိပ်မင်းကြီး မူလရူနေ[၁] ဆိုသူက ကရိုလီသည် နယူးယောက်မြို့၏ လူဆိုးစာရင်းတွင် ကြောက်စရာ အကောင်းဆုံး လူဆိုးတစ်ယောက် ဖြစ်သည်ဟု ထုတ်ဖော် ပြောဆိုလေသည်။ 'ဒီအကောင်ဟာ ငှက်မွေးကလေးတစ်မွေးလောက်ကျတာနဲ့လဲ သတ်မှာပဲ'ဟု ပုလိပ်မင်းကြီးက ထပ်၍ ပြောသေး၏။

သို့ရာတွင် ကရိုလီသည် သူ့ကိုယ်ကိုသူ ဘယ်လိုလူစားဟူ၍ ထင်ပါသလဲ။ သူ ဘယ်လို ထင်သည်ကို ကျွန်ုပ် ပြောပြနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ အခန်းတွင်းသို့ ပုလိပ်များက သေနတ်နှင့် ပစ်ခတ်နေစဉ် 'သက်ဆိုင်သူများသို့'ဟူ၍ ခေါင်းတပ်ပြီးလျှင် သူသည် စာတစ်စောင်ရေး၏။ စာရေးနေစဉ် သူ၏ သေနတ်ဒဏ်ရာများမှ စီးကျလာသော သွေးများသည် စာရေးစက္ကူပေါ်တွင် ကျသဖြင့် သွေးကွက်များပင် ထင်းလျက်ရှိလေသည်။ စာထဲတွင်

'ကျွန်ုပ်၏ အင်္ကျီအောက်တွင် နွမ်းနယ်သော နှလုံးသားတစ်ခုရှိ၏။ ထိုနှလုံးသားသည် နွမ်းနယ်လင့်ကစား ကြင်နာတတ်သည်ဖြစ်၍ မည်သူ့ကိုမျှ ဘေးမလုပ်လို'ဟူ၍ ရေးသားထား၏။

ဤသို့ မဖြစ်ပျက်မီကလေးတွင် ကရိုလီသည် လောင်း အိုင်လန်[၂] အရပ်၏ အနီးရှိ တောလမ်းကလေးတစ်လမ်းတွင် မိမိ၏ မော်တော်ကားကို ရပ်၍ ချစ်သူတစ်ဦးနှင့် ကျီစယ်နေစဉ် ပုလိပ်အရာရှိတစ်ဦးသည် ရုတ်တရက် ပေါ်လာပြီးလျှင် 'ခင်ဗျား၏ မော်တော်ကားလိုင်စင်ကို ကြည့်ပါရစေ'ဟု တောင်းလေသည်။

ကရိုလီသည် ဘာစကားကိုမျှ ပြန်မပြောဘဲ သေနတ်ကို ဆွဲထုတ်ပြီးလျှင် ပုလိပ်အရာရှိကို အချက်ပေါင်းများစွာ ပစ်ထည့်လိုက်၏။ ပုလိပ်အရာရှိသည် လဲကျသွားစဉ်တွင် ကရိုလီသည် မိမိ၏ ကားထဲမှ ခုန်ထွက်လာပြီးနောက် အရာရှိ၏ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်ပြီးလျှင် မလှုပ်နိုင်ဘဲ စန့်၍နေသော ပုလိပ်သား၏ ကိုယ်ထဲသို့ ကျည်ဆန်တစ်ဆန် ပစ်သွင်းလိုက်သေး၏။ ဤမျှ

၁။ Mulrooney
၂။ Long Island

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်စွာ သတ်လိုက်သော လူသတ်ကြီးက 'ကျွန်ုပ်၏ အင်္ကျီအောက်တွင် နွမ်းနယ်နေသော နှလုံးသားတစ်ခု ရှိ၏။ ထိုနှလုံးသားသည် နွမ်းနယ်နေလင့်ကစား ကြင်နာတတ်သည် ဖြစ်၍ မည်သူ့ကိုမျှ ဘေးမလုပ်လို' ဟူသော စာမျိုးကို ရေးသေး၏။

ကရိုလီကို သေစားသေစေရန် စီရင်ချက်ချ၏။ အသတ်ခံရန် ဆင်းဆင်း[1] ထောင်သို့ ရောက်သောအခါ 'ကျွန်တော် ယခုလို အသတ်ခံရတာ လူများကို သတ်မိလို့ပါ' ဟု ကရိုလီက ပြောသလား၊ မပြောပါ။ 'ကျွန်တော့်အသက်ကို ကျွန်တော် ကာကွယ်မိလို့ ဒီလိုအသတ်ခံရတာ' ဟူ၍သာ ကရိုလီက ပြောလေသည်။

(ယခု အဖြစ်အပျက်ကလေး၏ လိုရင်းအဓိပ္ပာယ်မှာ ဘာပဲဖြစ်ဖြစ် ကရိုလီသည် မိမိကိုယ်ကို မိမိ အပြစ်မတင်ခြင်းပင် ဖြစ်လေသည်။)

လူဆိုးများထဲတွင် ကရိုလီတစ်ဦးတည်းသာ ထူးထူးကဲကဲ ဤကဲ့သို့ စိတ်ထားသည်ဟု သင် ယူဆခဲ့ပါလျှင် နောက်လူဆိုးကြီးတစ်ဦး၏ အကြောင်းကို နားထောင်ဦးလော့။

'လူများအား ပျော်ရွှင်မှုများကို ခံစားစေခြင်း၊ သူတို့အား သက်သာချောင်ချိစွာ နေနိုင်စေရန် ကူညီခဲ့ခြင်းတို့ဖြင့် ကျွန်ုပ်၏ အလွန် အဖိုးတန်ဆုံးသော အချိန်များကို ကုန်လွန်စေခဲ့၏။ ထိုသို့လုပ်၍ရသောဆုမှာ လူတို့၏ မုန်းတီးခြင်းနှင့် လူတွေ့မခံနိုင်သောဘဝဆိုးတို့ပင်ဖြစ်လေသည်' ဟု အယ်ကပုန်း[2] က ပြောပြဖူး၏။ ထို အယ်ကပုန်းသည်လည်း ရှီကာဂိုမြို့တွင်ရှိရှိသမျှသော လူဆိုးများထဲတွင် အယုတ်မာဆုံးသော လူဆိုးဗိုလ်ကြီးဖြစ်၍ အမေရိကန်ပြည် တစ်ပြည်လုံး၏ ရန်သူ အမှတ် တစ် ဖြစ်လေသည်။ အယ်ကပုန်းသည်လည်း သူ့ကိုယ်သူ အပြစ်မတင်၊ အထင်မှားသာ ခံခဲ့ရ၍ ကျေးဇူးအတင်မခံရသော ပြည်သူ ပြည်သားတို့၏ ကျေးဇူးရှင်တစ်ဦးဖြစ်သည်ဟု သူ့ကိုယ်ကို သူ ယုံကြည်စွဲလမ်းလျက်ရှိ၏။

နယူးယောက်မြို့၏ အလွန်ဆိုးသွမ်းသော ဒပ်ချ်လူမျိုး ရှပ်ဇ်[3] ဆိုသူ လူဆိုးကြီးတစ်ဦးအား အခြားလူဆိုးများက သေနတ်ဖြင့် ဝိုင်း၍ ပစ်ပြီးသည့်နောက် သတင်းထောက်တစ်ဦးက သွားရောက်မေးမြန်းရာ သူသည် လူများ၏

၁။ Sing Sing
၂။ Al Capone
၃။ Dutch Schultz

www.burmeseclassic.com

www.burmeseclassic.com



ကျေးရှူးရှင်တစ်ဦး ဖြစ်သည်ဟု ထုတ်ဖော် ပြောဆိုလေသည်။ ဤသို့ပြောသည့် အတိုင်းလည်း စွဲလမ်း ယုံကြည်လျက်ရှိလေသည်။

ဤပြဿနာနှင့်စပ်လျဉ်း၍ ဆင်းဆင်း ထောင်မှူးကြီး လောစ်[၁] နှင့် ကျွန်ုပ်တို့သည် စိတ်ဝင်စားဖွယ် စာပေးစာယူ ပြုလုပ်ဖူး၏။

'ဆင်းဆင်း ထောင်ထဲရှိ အနည်းငယ်မျှသော အကျဉ်းသမားများသာလျှင် သူတို့ကိုယ်ကို သူတို့ လူဆိုးများဟု အယူရှိကြလေသည်။ သူတို့လဲ ခင်ဗျားနှင့် ကျွန်တော်တို့ကဲ့သို့ သွေးနှင့်သားနှင့်လူများ ဖြစ်ကြ၏။ ထို့ကြောင့် သူတို့သည် သူတို့၏ အပြစ်များကို ကာ၍ ဆင်ခြေပေးကြ၏။ ရှင်းလင်းကြ၏။ သူတို့သည် အဘယ်ကြောင့် သံသေတ္တာများကို ဖောက်ရသည်၊ ဘာ့ကြောင့် သေနတ်နှင့် ပစ်ရသည်တို့ကို ပြောပြပါလိမ့်မည်။ များစွာသော အကျဉ်းသမားများမှာမူကား မဆီမဆိုင်သည့် ဆင်ခြေများကို ဆီလျော်သည့် ဆင်ခြေများနှင့် ရော၍ ပေးကြလေသည်။ သူတို့၏ ပြစ်ချက်များမှာ မတရားကြောင်း ဤပြစ်ချက်များအတွက် ထောင်အကျမခံသင့်ကြောင်းများကိုပင် အခိုင်အမာ ပြောဆိုလျက် ရှိကြ၏'ဟု ထောင်မှူးကြီးက ရေးသားခဲ့ဖူး၏။

အကယ်၍ အယ်ကပုန်း၊ သေနတ် နှစ်လက်ကိုင် ကရိုလီ၊ ဒပ်ချ် ရှပ်ဇ် မှစ၍ ထောင်အတွင်း အကျဉ်းခံနေရသော လူဆိုးများသည် ကိုယ့်ကိုယ်တွင် အပြစ်ရှိသည်ဟု မထင်ကြလျှင် သင်နှင့် ကျွန်ုပ်တို့ နေ့စဉ် ပေါင်းသင်း ဆက်ဆံလျက်ရှိသော လူများမှာမူကား အဘယ် ဆိုဖွယ်ရာ ရှိပါအံ့နည်း။

ကွယ်လွန်သွားသူ ဂျွန် ဝါနာမေကား[၂] က 'အပြစ်တင်ခြင်းသည် မိုက်မဲခြင်းပင်ဖြစ်ကြောင်းကို အနှစ်ပေါင်း ၃၀ လောက်ကစ၍ ကျွန်ုပ် တွေ့ခဲ့ရသည်။ ထာဝရဘုရားသခင်ကိုယ်တိုင်က လူအားလုံးကို ဉာဏ်ရည် တူအောင် ဖန်ဆင်း၍ အကျိုးမရှိသောကြောင့် မဖန်ဆင်းခဲ့ခြင်းကို မတွေးတော မိဘဲ သူများနှင့် တန်းတူဖြစ်ရန် ကျွန်ုပ်၏ ချွတ်ယွင်းချက်များကို ကင်းရှင်း အောင် အတင်းကြိုးစားရာ၌ ကျွန်ုပ်သည် ဒုက္ခများစွာ တွေ့ခဲ့ရဖူးသည်'ဟု တစ်ခါတုန်းက ဝန်ခံဖူး၏။

ဝါနာမေကားသည် ဤ သင်ခန်းစာကို ခပ်စောစောကပင် ရခဲ့၏။ သို့ရာတွင် လူတို့သည် မည်မျှ မှားနေစေကာ အကြိမ် ၁၀၀ လျှင် ၉၉ ကြိမ်

၁။ Warden Lawes
၂။ John Wanamaker

www.burmeseclassic.com

www.burmeseclassic.com



လောက် မိမိကိုယ်ကို မိမိများသည်ဟု အပြစ်တင်မည်မဟုတ်သည့်အကြောင်းကို အနည်းငယ်မျှ မရိပ်မိဘဲနှင့် ကျွန်ုပ်ကိုယ်တိုင် ဤကမ္ဘာကြီးထဲတွင် အနှစ် ၃၀ ကျော်လောက် ဆင်ကန်းတောတိုး ပြုမူနေထိုင်ခဲ့ဖူး၏။

အပြစ်တင်ခြင်းသည် အချည်းနှီးဖြစ်တတ်၏။ အဘယ်ကြောင့်ဆိုသော် အပြစ်တင်ခြင်းသည် အပြစ်တင်ခံရသူအား သူ့ကိုယ်ကိုသူ ကာကွယ်စေရန် နှိုးဆော်ပေးခြင်းပင်ဖြစ်၍ များသောအားဖြင့် ထိုအပြစ်တင်ခြင်းသည် အပြစ်တင်ခံရသူအား အပြစ်လွတ်အောင် ကြံဖန်ထုချေရန် ပြုလုပ်ပေးခြင်းဖြစ်လေသည်။ အပြစ်တင်ခြင်းသည် ဘေးအန္တရာယ်များတတ်သည်။ အဘယ့်ကြောင့်ဆိုသော် အပြစ်တင်ခြင်းသည် အပြစ်တင်ခံရသူ၏ ဂုဏ်ကို ချိုးနှိမ်ရာလည်း ရောက်၏။ သူ့ကိုယ်သူ သူ အထင်ကြီးနေသော စိတ်ထားကိုလည်း နာကြည်းစေ၏။ အပြစ်တင်သူအား မျက်မုန်းကျိုးအောင်လည်း ဆွပေး၏။

ဂျာမန်စစ်တပ်သည် ဂျာမန်စစ်သားများအား ကိစ္စတစ်ခုခု ဖြစ်လျှင် ဖြစ်ချင်း တိုင်ကြားခြင်း အပြစ်တင်ခြင်းတို့ကို ပြုလုပ်ရန် ခွင့်မပြု။ ထွက်လျက်ရှိသော ဒေါသ ပြေသွားသည့်တိုင်အောင် တစ်ည ဆိုင်းရသေး၏။ ချက်ချင်း တိုင်ကြားလျှင် ထိုစစ်သားကို အပြစ်ဒဏ်ပေး၏။ ညည်းညူတတ်သော မိဘများ၊ နားပူနာဆာလုပ်တတ်သော မိန်းမများ၊ ကြိမ်းမောင်းတတ်သော အလုပ်ရှင်များမှစ၍ သူတစ်ဖက်သားတို့အား အပြစ်ရှာတတ်သူ တသီတတန်းကြီးအတွက် ဤဂျာမန် စစ်ဥပဒေမျိုးတစ်ခု ထုတ်သင့်လေသည်။

သမိုင်းအစောင်စောင်ကို လှန်လှော၍ကြည့်ပါလျှင်လည်း တစ်ဖက်သားကို အပြစ်တင်ခြင်းသည် အချည်းနှီးဖြစ်ကြောင်း ကောင်းစွာ တွေ့ရလိမ့်မည်။ သက်သေသာကေအဖြစ်ဖြင့် သီအိုဒို ရုစဗဲ့နှင့် သမ္မတမင်း တပ်ဖ်[၁] တို့၏ အချင်းများပွဲကို ပြန်ကြည့်ကြဦးစို့။ သူတို့နှစ်ဦး၏ အချင်းများပွဲကြောင့် သူတို့၏ ရီပတ်ဘလီကင် ပါတီ[၂] သည် နှစ်ခြမ်းကွဲခဲ့ရဖူး၏။ သူတို့၏ အချင်းများ မှုကြောင့် ဝုဒရိုး ဝီလဆင်[၃] သည် အမေရိကန် သမ္မတ ဖြစ်ခဲ့ရ၏။ ကမ္ဘာ စစ်ကြီးအတွင်းက အမေရိကန်ပြည်ထောင်စုသည် စစ်ထဲတွင် ပါခဲ့ရ၏။ သမိုင်းသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့ရ၏။ အဘယ်ကြောင့် ဤမျှဖြစ်ခဲ့ရ

---

၁။ President Taft
၂။ Republican Party
၃။ Woodrow Wilson

www.burmeseclassic.com

www.burmeseclassic.com



သည်ကို ခပ်မြန်မြန်ပြန်၍ ကြည့်ကြဦးစို့။ ၁၉၀၈ ခုနှစ်က သီအိုဒို ရုစဗဲ့သည် အမေရိကန် သမ္မတရာထူးမှ ထွက်ပေးပြီးလျှင် တပ်ဖ်ကို သမ္မတတင်ခဲ့ပြီးနောက် အာဖရိကသို့ ခြင်္သေ့ပစ်ရန် ထွက်သွား၏။ အာဖရိကတိုက်မှ ပြန်လာသောအခါ ရုစဗဲ့သည် 'ပွက်' လေသည်။ သူသည် တပ်ဖ်ကို ရှေးရိုးလိုက်လွန်းသည်ဟု ရှုတ်ချ ပြစ်တင်ပြီးလျှင် ဗူးလမုံးပါတီ[၁] တစ်ခု ထူထောင်လျက် သမ္မတရာထူးကို သူကိုယ်တိုင် သုံးကြိမ်မြောက် ဝင်၍ အရွေးခံလေသည်။ ရွေးကောက်ပွဲတွင် တပ်ဖ်နှင့် ရီပတ်ဘလီကင်ပါတီတို့သည် ဗားမွန်[၂] နှင့် ယူတာ[၃] ဆိုသော နယ် နှစ်နယ်၌သာ အနိုင်ရလေသည်။ ရီပတ်ဘလီကင် ပါတီသည် ဤကဲ့သို့ တစ်ခါဖူးမျှ မရှုမလှ မရှုံးခဲ့ဘူးချေ။

ရုစဗဲ့က တပ်ဖ်ကို အပြစ်တင်၏။ သို့ရာတွင် တပ်ဖ်က သူမှားပြီဟု ဝန်ခံသလား၊ မခံဘူး။ မျက်ရည်ကလေး ကလယ် ကလယ်နှင့် 'ယခု ကျွန်တော်လုပ်နေတာဟာ အရင်က ကျွန်တော်လုပ်ခဲ့တာထက် ဘယ်လိုများ ထူးခြားသွားသလဲဆိုတာ ကျွန်တော်ဖြင့် မတွေးတတ်အောင် ရှိတော့တာပဲ' ဟူ၍ တပ်ဖ်က ပြောလေသည်။

ဤအချင်းများပွဲတွင် ဘယ်သူမှားသလဲ။ စင်စစ်မှာ ကျွန်ုပ်လည်း အမှန်မသိ။ သိလည်း မသိချင်။ ကျွန်ုပ် ပြောချင်သည့် အကြောင်းမှာကား ရုစဗဲ့က အပြစ်တင်လိုက်ခြင်းသည် တပ်ဖ်အား မှားပြီဟူ၍ ဝန်ခံအောင် လုပ်မပေးနိုင်ခြင်းပင် ဖြစ်၏။ ထိုအပြစ်တင်ချက်ပင်လျှင် တပ်ဖ်အား 'ယခု ကျွန်တော်လုပ်နေတာဟာ အရင်က လုပ်ခဲ့တာထက် ဘယ်လိုများ ထူးခြားသွားသလဲဆိုတာ ကျွန်တော်ဖြင့် မတွေးတတ်အောင် ရှိတော့တာပဲ' ဟု မျက်ရည်ကလေး ကလယ်ကလယ်နှင့် ထပ်တလဲလဲ ပြောစေ၍ သူလုပ်ပုံ မှန်ကြောင်းကိုသာ ထုချေရှင်းလင်းရန် စေခိုင်းသလို ဖြစ်နေ၏။

ထိုမှတစ်ပါ တီးပေါ့ဒုံး ရေနံမြေ[၄] ရှုပ်ထွေးမှုကြီးကို ကြည့်ကြဦးစို့။ သင်တို့ ထိုအမှုကြီးကို မှတ်မိသေးရဲ့လား။ ထိုအမှုကြီးအတွက် သတင်းစာများသည် နှစ်ပေါင်းများစွာ ပြင်းပြင်းထန်ထန် ဆူပွက်ခဲ့၍ ထိုအမှုကြီးသည် အမေရိကန်ပြည်ထောင်စုကို တုန်လှုပ်ချောက်ချားစေခဲ့၏။ လူများ မှတ်မိ

---

၁။ Bull Moose Party
၂။ Vermon
၃။ Utah
၄။ Teapot Dome Oil

www.burmeseclassic.com



သလောက် ထိုမျှ ကြီးကျယ်သော အမှုမျိုး အမေရိကန်သမိုင်းတွင် မဖြစ်ပေါ် ဖူးသေးပေ။ ဖြစ်ပုံမှာဤသို့တည်း။ သမ္မတ ဟာဒင် အစိုးရအဖွဲ့၏ ပြည်ထဲရေးဝန်ကြီး အယ်လဘတ် ဖော[1] ဆိုသူအား အမေရိကန် ရေတပ်အတွက် အသုံးပြုရန် သီးသန့်ထားသော အဲလ်ခ ဟီး[2] နှင့် တီးပေါ့ ဒုံးအရပ်ရှိ ရေနံမြေတို့ကို အငှားချထားရန် တာဝန်အပ်နှင်းထားလေသည်။ ပြည်ထဲရေးဝန်ကြီး ဖောသည် ထိုရေနံမြေများကို ငှားရန် လေလံတင်သလား၊ မတင်ပါခင်ဗျား။ ထိုမျှ 'အသားများသော' ကန်ထရိုက်ကို သူ၏သူငယ်ချင်း အက်ဒွပ် အယ် ဒိုဟင်နီ[3] သို့ ပေးလိုက်လေသည်။ ထို့အတွက် ဒိုဟင်နီက ဘာပြန်လုပ်သလဲ၊ ချေးသည်ဟု အမည်တပ်ပြီးလျှင် ဒေါ်လာငွေ တစ်သိန်းကို ဒိုဟင်နီက ပြည်ထဲရေးဝန်ကြီး ဖောအား ပေး၏။ ထိုငွေ ရပြီးနောက် မည်သူ့ကိုမျှ ဂရုမစိုက်သော အနေနှင့် ဒိုဟင်နီ၏ ရေနံတွင်းများ၏ ရေနံကြောတို့မှ ရေနံများကို စုပ်ယူနေသော ဒိုဟင်နီ၏ ရေနံတွင်းများနှင့် ကပ်လျက်ရှိသည့် အခြား ရေနံတွင်းများမှ တွင်းပိုင်ရှင်တို့ကို အမေရိကန် ရေတပ်သားတို့အား နှင်ထုတ်ရန် အာဏာပေးလေသည်။ အနှင်ခံရသော တွင်းပိုင်ရှင်များသည် တရားရုံးများသို့ သွားရောက်၍ ငွေတစ်သိန်း လာဘ်ထိုးမှုကို ဖော်ကြ၏။ ဤအမှုကြီး၏ အပုပ်နံ့သည် ဟောင်လွန်းသဖြင့် ဟာဒင်၏ အစိုးရအဖွဲ့လည်း ပြုတ်၊ တစ်တိုင်းတစ်ပြည်လုံးလည်း စိတ်မသက်သာဖြစ်၊ ရီပတ်ဘလီကင်ပါတီလည်း ပျက်သွားမတတ်ဖြစ်၊ ထိုမျှသာမက ပြည်ထဲရေးဝန်ကြီး ဖောလည်း အကျဉ်းခံရ၏။

တိုင်းကျိုးဆောင်များထဲမှ ပြည်ထဲရေးဝန်ကြီး ဖောကဲ့သို့ ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ပေးခြင်း ခံရသောသူမှာ အနည်းငယ်မျှလောက်သာ ရှိပေလိမ့်မည်။ ဤကဲ့သို့ ကဲ့ရဲ့ရှုတ်ချလိုက်သဖြင့် ဖောသည် နောင်တ ရရဲ့လား၊ မရပါ။ ထိုအမှုဖြစ်ပြီးနောက် နှစ်ပေါင်း အတော်ကြာသောအခါ သမ္မတဟောင်း ဟာဒင်သည် သူ၏ သူငယ်ချင်းတစ်ဦးက သစ္စာဖောက်သောကြောင့် စိတ်ညစ်ပြီး သေဆုံးသွားရသည်ဟု ဟားဗတ် ဟူးဗား[4] က အစည်းအဝေးတစ်ခုတွင် ပြောပြလေသည်။ ထိုစကားကို ဖော၏ ဇနီး ကြားသောအခါ ထိုင်ရာမှ

၁။ Albert Fall
၂။ Elk Hill
၃။ Edward L. Doheny
၄။ Herbert Hoover

www.burmeseclassic.com

www.burmeseclassic.com



ဖြုန်းကနဲ ခုန်ထပြီးနောက် ကံဆိုးရခြင်းကို အပြစ်တင်လျက် ငိုယိုကာ 'ဘာ၊ ဟာဒင်ကို ဖောက သစ္စာဖောက်တယ်၊ တယ် ဟုတ်ပါလိမ့်၊ ကျုပ် ယောကျ်ားဟာ ဘယ်သူ့ကိုမှ သစ္စာမဖောက်ခဲ့ဖူးဘူး၊ ဒီအိမ်နဲ့ အပြည့် ရွှေတွေပေးတောင်မှ ကျုပ်ယောကျ်ားဟာ မဟုတ်တာကို လုပ်မှာမဟုတ်ဘူး၊ သူ့ကိုသာ လူများက သစ္စာဖောက်သွားတာ၊ အားလုံးယိုတဲ့ချေး ပုစွန်ဆိတ်ခေါင်း ပုံချတာကို ခံရတာပါ' ဟူ၍ ပြောလေသည်။

ဒါကိုသာ သင်တို့ ကြည့်ပါတော့။ အမှားလုပ်မိသည့် သူတစ်ဦးသည် မိမိကလွဲပြီး အခြားလူများကိုသာ အပြစ်တင်နေခြင်းမှာ လူတို့၏ ဝါသနာပင်တည်း။ ကျွန်ုပ်တို့ အားလုံးလည်း ဤနည်းနှင်နှင်ပင်။ ထို့ကြောင့် လူတစ်ဦးဦးကို မနက်ဖြန် အပြစ်တင်ရတော့မည်ဆိုလျှင် အယ် ကပုန်း၊ 'သေနတ် နှစ်လက်ကိုင်' ကရိုလီနှင့် အယ်လဗတ်ဖောတို့ကို ပြန်၍ သတိရကြစို့။ အပြစ်တင်ခြင်းသည် 'အကျိုးလိုလို့ ညောင်ရေလောင်း' မှုနှင့် တူကြောင်းကို အမှတ်ရကြစို့၊ မုချ 'ပတ်ထမ်းတွေ့' ရမည်ဖြစ်၏။ ကျွန်ုပ်တို့ အပြစ်တင်ခြင်းကို ခံရမည့်သူသည် သူမှန်ကြောင်းကို ထုချေရှင်းလင်း၍ ကျွန်ုပ်တို့အား တန်ပြန်၍ အပြစ်ဖို့လိမ့်မည်ဖြစ်ကြောင်းကို အမြဲ သတိရကြစို့။ ထိုကဲ့သို့မှ မလုပ်ပြန်လျှင်လည်း သမ္မတဟောင်း တပ်ဖ်ကဲ့သို့ 'ယခု ကျွန်တော်လုပ်နေတာဟာ အရင်ကလုပ်ခဲ့တာထက် ဘယ်လိုများ ထူးခြားသွားသလဲဆိုတာ ကျွန်တော်ဖြင့် မတွေးတတ်အောင် ရှိတော့တာပဲ' ဟူ၍ ပြန်ပြောမည်ကိုလည်း သတိထားကြစို့။

၁၈၆၅ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် ဖို့ကပွဲရုံ[၁] ၌ ဗုသ်[၂] က ပစ်လိုက်သော သေနတ်ဒဏ်ရာဖြင့် လမ်းတစ်ဘက်ရှိ တည်းခိုရန် အိမ်အပေါစား တစ်ခု၏ အိမ်ခန်းမကြီးတွင် အဘရာဟင်လင်ကွန်း[၃] သည် သေတော့မည့်ဆဲဆဲ ရှိနေ၏။ သူ၏ ရှည်သောကိုယ်မှာ သူလဲနေသော ခုတင်တိုကလေးထက် များစွာ ပိုလျက်ရှိလေသည်။ အိပ်ရာ၏ အပေါ်တည့်တည့်တွင် ရိုစာ ဘွန်ဟျူး[၄] ရေးဆွဲသော 'မြင်းဈေး'[၅] ခေါ်သည့် ပန်းချီကား အပေါစား ပုံတူတစ်ခုကို ချိတ်ထား၏။ အခန်းတွင်းရှိ ဓာတ်ငွေ့မီးသည် ခပ်မှိန်မှိန် တောက်လျက်ရှိ၏။

---

၁။ Ford's Theatre
၂။ Booth
၃။ Abraham Lincoln
၄။ Rosa Bonheur
၅။ The Horse Fair

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လင်ကွန်းသည် အသက်ငင်နေစဉ် စစ်ဝန်ကြီး ဆတင်တန်[၁] က 'လူကို အုပ်ချုပ်တဲ့ လူတွေထဲမှာ ဒီမှာ လဲနေတဲ့လူဟာ ကမ္ဘာပေါ်မှာ ထိပ်တန်းအကျဆုံးလူပဲ' ဟူ၍ ကြွေးကြော်ဖူး၏။

လူများနှင့် ပေါင်းသင်း ဆက်ဆံရာ၌ လင်ကွန်းအား ထမြောက် အောင်မြင်စေသော နည်းလမ်းကောင်းသည် အဘယ်နည်း။ ကျွန်ုပ်သည် အဘရာဟင် လင်ကွန်း၏ အတ္ထုပ္ပတ္တိကို ၁၀ နှစ်တိုင်တိုင် ကောင်းစွာ လေ့လာခဲ့ပြီးမှ 'လူများမသိသော လင်ကွန်း'[၂] စာအုပ်ကို သုံးနှစ်တိုင်တိုင် အချိန်ယူ၍ ရေးသားခဲ့ဖူး၏။ လင်ကွန်း၏ အတ္ထုပ္ပတ္တိကို လူတစ်ယောက် အစွမ်းကုန် ရှာဖွေနိုင် သလောက် ကျွန်တော် ရှာဖွေစုံစမ်းပြီးပြီဟု ကျွန်ုပ်သည် ယုံကြည်၏။ လူတို့နှင့် ဆက်သွယ်ရာ၌ လင်ကွန်း အသုံးပြုသော နည်းလမ်း များကို ကျွန်ုပ်သည် အထူးဂရုပြု၍ စုံစမ်း၏။ သူသည် တစ်ဘက်သားကို အပြစ်တင်ခြင်းကို နှစ်သက်ခဲ့ဖူးသလား။ အို– နှစ်သက်ပြီလား၊ ငယ်စဉ်အခါ အင်ဒီးယားနား[၃] ပြည်နယ်၊ ပီဂျင်း ကရိ ဗဲလေး[၄] အရပ်တွင်နေစဉ်က လူများကို အပြစ်တင်ခဲ့ရုံ သာမက လူတစ်ဘက်သားကို သရော်သောစာများ၊ ပြောင် လှောင်သော လက်ာများကို ရေးသားပြီးလျှင် လူတွေ ဧကန်မုချတွေ့နိုင်မည့် တောလမ်းများပေါ်တွင် ချထားလေသည်။ စာတစ်စောင်မှာမူ တစ်သက်လုံး ရန်ငြိုးမပြေနိုင်အောင် အမျက်ကြီးစေခဲ့ဖူး၏။

အီလီနွိုက်ပြည်နယ် ဆပရင်းဖီး[၅] မြို့တွင် ရှေ့နေလိုက်နေစဉ်ကပင် သူသည် သူ၏ တစ်ဘက်ဂိုဏ်းသားများကို သတင်းစာများထဲမှ ဆောင်းပါး များဖြင့် ပြောင် 'ထု' ဖူး၏။ ထိုဆောင်းပါးတို့ကို တစ်ခါမက အကြိမ်ပေါင်း များစွာ ရေးခဲ့၏။

၁၈၄၂ ခုနှစ် ဆောင်းဦးပေါက်စတွင် သူသည် ဒေါသကြီး၍ ကိုယ့် ကိုယ်ကို အထင်ကြီးနေသော ဂျိမ်း ရှီး[၆] ခေါ် အိုင်ယာလန်လူမျိုး နိုင်ငံရေး သမားတစ်ဦးကို ဆပရင်းဖီး ဂျာနယ်ထဲမှနေ၍ သရော်သည့် ဆောင်းပါး တစ်စောင်ကို နာမည်မဖော်ဘဲ ရေးသား၏။ ထိုဆောင်းပါးကို ဖတ်ပြီးလျှင် တစ်မြို့လုံး အူတက်အောင်ရယ်နေကြသည်။ ရှီးသည် မာနလည်းကြီး စိတ် လည်း နုသူဖြစ်သဖြင့် ဒေါသအမျက် ချောင်းချောင်းထွက်လျက် ရှိလေသည်။

---

၁။ Secretary of War, Stanton
၂။ Lincoln the Unknown
၃။ Indiana
၄။ Pigeon Creek Valley
၅။ Springfield, Illinois
၆။ James Shields

www.burmeseclassic.com

www.burmeseclassic.com



ထိုဆောင်းပါးကို ဘယ်သူရေးသည်ကို သိသွားသောအခါ ရှီးသည် မြင်းစီး၍ လင်ကွန်းကို ရှာဖွေပြီးလျှင် ဓားချင်းယှဉ်ခုတ်ရန် ချိန်း၏။ လင်ကွန်းသည် မတိုက်ခိုက်လို။ ဓားချင်းယှဉ်ခုတ်သည့် စနစ်ကိုလည်း မနှစ်သက်။ သို့ရာတွင် ဂုဏ်ပျက်မခံချင်၍ ချိန်းသည်ကို လက်ခံလိုက်ရလေသည်။ သူကြိုက်သည့် လက်နက်ကို သူ့အား ရွေးချယ်ခွင့်ပေး၏။ သူ့လက်တံများသည် ရှည်သောကြောင့် သူသည် မြင်းစီးဓားပြားရှည်ကို ရွေးချယ်လိုက်ပြီးနောက် ဓားခုတ်ကျင်လည်သူတစ်ဦးထံတွင် ဓားခုတ်နည်းကို သင်ကြားရလေသည်။ ချိန်းထားသည့် ရက်စေ့သောအခါ မစ္စစ္စပီးမြစ်[၁] ၏ ကမ်းနဖူးရှိ သောင်ခုံတစ်ခုပေါ်တွင် လင်ကွန်းနှင့် ရှီးတို့သည် တစ်ယောက်ကို တစ်ယောက် အသေခုတ်သတ်ရန် တွေ့ဆုံကြလေသည်။ သို့ရာတွင် သူတို့၏ အကူများက နောက်ဆုံးဓားချင်း ယှဉ်ခုတ်ခါနီးတွင် ဝင်၍ တားပြီးနောက် ဓားခုတ်ပွဲကို ဖျက်ပစ်လိုက်ကြ၏။

လင်ကွန်း၏ တစ်သက်တွင် ထိုအဖြစ်အပျက်သည် ကြောက်မက်ဖွယ်ရာ အကောင်းဆုံးသော ကိုယ်တွေ့ဖြစ်လေသည်။ ထိုအဖြစ်အပျက်က လူများနှင့် ပေါင်းသင်းဆက်ဆံနည်း အဖိုးမဖြတ်နိုင်သော သင်ခန်းစာတစ်ရပ်ကို သူ့အား သင်ပြလေသည်။ ထိုအခါမှစ၍ သူသည် တစ်ဘက်သားအား စော်ကားသော စာများကို မရေးသားတော့ချေ။ ထိုအခါမှစ၍ သူသည် လူတစ်ဘက်သားကို မသရော်တော့ချေ။ ထိုအခါမှစ၍ မည်သည့် ကိစ္စမျိုး၌မဆို သူသည် တစ်ဘက်သားကို အပြစ်မတင်တော့သလောက် ဖြစ်၏။

ပြည်တွင်းစစ် ဖြစ်ပွားစဉ်က လင်ကွန်းသည် စစ်ဗိုလ်ချုပ်များကို မကြာခဏ ပြောင်းလဲခဲ့လေသည်။ မက်ကလီလန်[၂]၊ ပုပ်[၃]၊ ဗန်းဆိုက်[၄]၊ ဟူကား[၅]၊ မိဒ[၆] စသော လင်ကွန်း တင်မြှောက်သည့် စစ်ဗိုလ်ချုပ်များလည်း တစ်ဦးပြီးတစ်ဦး ဆက်ကာ ဆက်ကာ စစ်ကို အရှုံးကြီး ရှုံးပစ်နေကြသောကြောင့် လင်ကွန်းမှာ စိတ်အပျက်ကြီး ပျက်လျက်ရှိ၏။ တိုင်းပြည်လူထု တစ်ဝက်က ထိုညံ့ဖျင်းသော စစ်ဗိုလ်ချုပ်များကို ရက်ရက်စက်စက် ဆူပူကျက်လျက် ရှိကြ၏။ သို့ရာတွင် လင်ကွန်းသည် မုန်းတီးခြင်းကင်းမဲ့ကာ မေတ္တာသာပွားလျက် မည်သူ့ကိုမျှ အပြစ်မတင်ဘဲ ဆိတ်ဆိတ်နေ၏။ သူသုံးနေကျ

---

၁။ The Mississippi River
၂။ Mc Clellan
၃။ Pope
၄။ Burnside
၅။ Hooker
၆။ Meade

www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခုမှာ 'သင့်ကိုယ်ကို အဆုံးဖြတ် မခံချင်သောအရာနှင့် အခြားသူတစ်ဦးကို သွား၍ မဆုံးဖြတ်ပါနှင့်'ဟူ၍ပင် ဖြစ်လေသည်။

မယားဖြစ်သူ မစွက်လင်ကွန်းနှင့် အခြားလူများက

တောင်ပိုင်းသား* များကို မညှာမတာ အပြစ်တင်ဆိုလျှင် လင်ကွန်းက 'သူတို့ကို အပြစ်မတင်ပါနဲ့ကွယ်၊ တို့လဲ သူတို့လို အခြေအနေနဲ့ဆိုရင် သူတို့လို နေမှာပဲ' ဟု ပြန်ပြောဖူးလေသည်။

သက်သေ သာဓကတစ်ခုကို ထုတ်ပြဦးစို့။

၁၈၆၃ ခုနှစ် ဇူလိုင်လ၏အစ ၃ ရက်တွင် ဂက်တီးစဘတ်တိုက်ပွဲ[၁] စလေသည်။ ဇူလိုင်လ ၄ ရက်နေ့ညတွင် မိုးအပြင်းအထန်ရွာ၍ တစ်ပြည်လုံး ရေကြီးနေသည့်အချိန်တွင် တောင်ပိုင်းစစ်ဗိုလ်ချုပ်ကြီး 'လည်း'[၂]သည် တောင်ဘက်သို့ ဆုတ်ခွာပြေးလေသည်။ ပိုတိုမက်[၃] မြစ်ကမ်းသို့ ရောက်သောအခါ မြစ်ရေသည် အလွန်ကြီးလျက်ရှိသဖြင့် မြစ်တစ်ဘက်ကမ်းသို့ ဖြတ်မကူးနိုင်ချေ။ ထိုအချိန်တွင် စစ်ဗိုလ်ချုပ်ကြီး 'လည်း' နှင့် သူ၏ စစ်တပ်တို့သည် ရှေ့တွင် မကူးနိုင်သော မြစ်၊ နောက်တွင် ရန်သူ အစိုးရစစ်တပ်တို့ဖြင့် ညပ်ပူးညပ်ပိတ် မိလျက်ရှိ၏။ သူသည် ဘယ်နည်းနှင့်မျှ မလွတ်နိုင်တော့ချေ။ ဤအဖြစ်ကို လင်ကွန်းကိုယ်တိုင်လည်း မြင်၏။ 'လည်း'နှင့်တကွ သူ၏ စစ်တပ်များကို ဖမ်းဆီး၍ ပြည်တွင်းစစ်ကို အဆောတလျင် ပြီးစီးအောင်လုပ်ရန် ယခုကဲ့သို့ ကောင်းလှသော အခွင့်အလမ်းမျိုးကို အလွန် ရခဲမည်ဖြစ်၏။ ထို့ကြောင့် စစ်အစည်းအဝေးကို ခေါ်မနေနှင့် 'လည်း' ၏ စစ်တပ်များကို ချက်ချင်း တိုက်ဟု အလွန်ကြီးမားသော မျှော်လင့်ချက်ကြီးဖြင့် လင်ကွန်းသည် သူ၏ စစ်ဗိုလ်ချုပ်ကြီး မိဒထံသို့ သံကြိုးရိုက်၍ အမိန့်ပေး၏။ ထို့နောက် အထူးတမန် တစ်ယောက်ကို စစ်ဗိုလ်ချုပ်ကြီး မိဒထံသို့ စေလွှတ်၍ အလျင်အမြန်တိုက်ရန် အကြောင်းကြားလေသည်။

---

* လင်ကွန်း သမ္မတဖြစ်စဉ်က အမေရိကန်ပြည်ထောင်စုသည် ကပ္ပလီလူမျိုး ငွေဝယ်ကျွန်များကို ကျွန်ဘဝမှ လွတ်ရန် ကိစ္စနှင့် စပ်လျဉ်း၍ တောင်ပိုင်းနှင့် မြောက်ပိုင်း နှစ်ဘက်ကွဲပြီးလျှင် ပြည်တွင်းစစ် ဖြစ်ပွားလေသည်။ သမ္မတလင်ကွန်းနှင့် မြောက်ပိုင်းသားများကတစ်ဘက်၊ ငွေဝယ်ကျွန်များအား ကျွန်ဘဝမှ လွတ်ရန်ကို မနှစ်ခြိုက်သူ တောင်ပိုင်းသားတို့က တစ်ဘက် တိုက်ခိုက်ကြလေသည်။ ။(နဂါးနီအသင်းထုတ် ဒေါက်တာဆွန်ယက်ဆင်ရေး 'ပြည်သူ့အာဏာ' ပထမတွဲတွင် ထိုအကြောင်းကို အကျယ်ဖော်ပြထားသည်)။ ။ဘာသာပြန်သူ။

၁။ The Battle of Gettysburg
၃။ The Potomac
၂။ Lee

www.burmeseclassic.com

www.burmeseclassic.com



သော အရေးပင် ဖြစ်သောကြောင့် နိုင်ငံရေး စာအုပ်များမှာလည်း ထိုလွတ်မြောက်ရေးကိုသာလျှင် ပဓာနထား၍ ရေးသားထားသော စာအုပ်များ ဖြစ်ရမည်ဟူ၍ လည်းကောင်း၊ 'နိုင်ငံရေး' သည် လူလူချင်း မတရားညှဉ်းပန်းမှုများကို ပပျောက်စေလျက် လူတိုင်း ညီတူညီမျှ အကျိုးခံစားရအောင် ပြုလုပ်ပေးခြင်းပင် ဖြစ်သောကြောင့် နိုင်ငံရေးစာအုပ်များသည်လည်း ထိုအကြောင်းများကိုသာ ရေးသား ထားသော စာအုပ်များသာ ဖြစ်ရမည်ဟူ၍လည်းကောင်း 'နိုင်ငံရေး' ဟူသော စကားလုံးကို ကျဉ်းမြောင်းကျပ်တည်းစွာ အဓိပ္ပာယ် ကောက်ထားခဲ့ပါမူ ထိုနိုင်ငံရေး စာအုပ်များကိုသာ ဖတ်လိုသော ကြောင့် နဂါးနီအသင်းသို့ ဝင်ကြကုန်သော အသင်းသားများသည် ဤ 'မိတ္တဗလဋီကာ' ကို ဖတ်ကြည့်ပြီးလျှင် စိတ်ပျက်ကောင်း စိတ်ပျက်ကြပေမည်။

ဤစာအုပ်ထူးကို ဖတ်ခြင်းဖြင့် မြန်မာနိုင်ငံတွင် နွား ကျောင်းသားမှ နန်းရင်းဝန်၊ တေလေဂျပိုးမှ စာတည်းမှူး၊ လှေထိုးသား မှ သူဌေးကြီးဘဝသို့ ရောက်လိမ့်မည် သို့မဟုတ် ရောက်နိုင်ရ မည်ဟု ဧကန်အမှန် မပြောနိုင်။ သို့ရာတွင် 'လုပ်ပါ' ဟု ဤစာအုပ် ထဲတွင် ရေးသားထားသော နည်းများကို မလုပ်ဘဲ၊ 'မလုပ်ပါနှင့်' ဟု ရေးသားထားသော နည်းများကို လုပ်ခဲ့လျှင် နန်းရင်းဝန်သော် လည်းကောင်း၊ စာတည်းမှူးသော်လည်းကောင်း၊ သူဌေးကြီးသော် လည်းကောင်း မိမိတို့တွင် ရရှိပြီးသော ရာထူးနှင့် စည်းစိမ်တို့ကို မပျောက်မပျက်အောင် တားဆီးနိုင်သော်လည်း သူတို့၏ မိတ်ဆွေ သင်္ဂဟ၊ သူတို့နှင့် ပေါင်းသင်းဆက်ဆံကြသူများကို သူတို့အား စွန့်ပစ်မသွားအောင် ဘယ်နည်းနှင့်မျှ တားဆီးနိုင်ကြလိမ့်မည် မဟုတ်။

လောကနီတိ ဆရာကြီး၏ အလိုအားဖြင့်ဆိုသော် အဆွေ ခင်ပွန်းမရှိသောသူ၌ ချမ်းသာခြင်း မရှိနိုင်ချေ။ သို့ဖြစ်ပေရာ ထိုစာအုပ်တွင်ပါသော ဥပဒေများကို ဆန့်ကျင်ကြကုန်သော ပုဂ္ဂိုလ် မှန်သမျှတို့သည် တတ်နိုင်လျှင် နန်းရင်းဝန်သော်လည်းကောင်း၊ စာတည်းမှူးသော်လည်းကောင်း၊ သူဌေးကြီးသော်လည်းကောင်း ဖြစ်စေကာ မိတ်ဆွေသင်္ဂဟနှင့် ပေါင်းသင်းဆက်ဆံကြသူတို့၏ စွန့်လွှတ်ခြင်းကို ခံရမည်မှာ အမှန်ပင်ဖြစ်ရကား ထိုသူတို့၌ အဘယ်မှာလျှင် ချမ်းသာခြင်း ရှိနိုင်ပါတော့အံ့နည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စစ်ဗိုလ်ချုပ်ကြီး မိဒသည် ဘာလုပ်သလဲ။ သူ့ကို အလုပ်ခိုင်းလိုက်သည့်ကိစ္စကို ပြောင်းပြန် ပြန်၍ လုပ်၏။ လင်ကွန်း၏ အမိန့်ကို ဆန့်ကျင်ပြီးလျှင် စစ်အစည်းအဝေးကို ခေါ်၏။ လျင်လျင်မြန်မြန် တိုက်ရမည့်အစား နှောင့်နှောင့်နှေးနှေး ပြုလျက်ရှိ၏။ သူသည် လင်ကွန်းထံသို့ ဆင်ခြေအမျိုးမျိုးပေး၍ သံကြိုး ပြန်ရိုက်လျက်ရှိ၏။ လည်း၏ စစ်တပ်ကို တိုက်ရန်အတိအလင်း ငြင်းပယ်လျက်ရှိ၏။ နောက်ဆုံး မြစ်ရေလျော့ကျသွားသောကြောင့် လည်း နှင့် သူ၏စစ်တပ်သည် မြစ်တစ်ဘက်သို့ ကူး၍ လွတ်မြောက်သွားကြ၏။

လင်ကွန်းသည် အပြင်းအထန် ဒေါပွလျက်ရှိ၏။ 'ဒါ ဘာလုပ်တာလဲကွာ၊ သူတို့ကို တို့လက်နဲ့လှမ်းလို့ မီနေမှပဲ၊ လက်ဆန့်ရုံ ဆန့်လိုက်တာနဲ့ သူတို့ဟာ တို့လက်တွင်းကို ရောက်လာမှာပဲ၊ ဒါနဲ့တောင် တို့စစ်တပ်ကို ရှေ့တိုးအောင် ငါဘယ့်နှယ်ပြောလို့ လုပ်လို့မှ မရဘူး၊ ဒီလို အခွင့်အလမ်းမျိုး ရနေတဲ့အခါမှာ ဘယ်စစ်ဗိုလ်ချုပ်မဆို 'လည်း'ကို အလွယ်ကလေးနဲ့ နိုင်မှာပဲ၊ ငါသွားရင်တောင် ငါကိုယ်တိုင် သူ့ကို ကျာပွတ်နဲ့ ရိုက်ဖမ်းနိုင်သေးရဲ့'ဟု သူ၏သား ရောဘတ်[၁] ကို လင်ကွန်းက ဒေါသနှင့် ပြောပြလေသည်။

စိတ်အပျက်ကြီးပျက်သဖြင့် လင်ကွန်းသည် မိဒထံသို့ အောက်ပါစာကို ရေးသား၏။ ထိုအချိန်အခါက လင်ကွန်းသည် မိမိ၏ သတိများကို အထူးတလည် ထိန်းသိမ်း၍ စာအရေးအသားများ၌လည်း များစွာ ချုပ်တည်းထားသည်ကို ကောင်းစွာ သတိပြုစေချင်ပါသည်။ ထို့ကြောင့် ထိုအချိန်အခါက ဤမျှလောက် လင်ကွန်း ရေးသားချက်သည် အလွန်ပြင်းထန်သော အပြစ်တင်ခြင်းနှင့် ထပ်တူထပ်မျှ ဖြစ်၏။

> ကျွန်ုပ်၏ ချစ်လှစွာသော စစ်ဗိုလ်ချုပ်ကြီး
>
> 'လည်း' လွတ်မြောက်သွားသည့်အတွက် နောက်ထပ်မည်မျှ အတိဒုက္ခ ရောက်ကြဦးမည်ကို သင်သိသည်ဟု ကျွန်ုပ် မယုံကြည်။ 'လည်း'မှာ ကျွန်ုပ်တို့က လွယ်လွယ်နှင့် ဖမ်းယူနိုင်သော အခြေသို့ ရောက်နေပြီဖြစ်၍ သူ့ကို တစ်ခါတည်း ဝိုင်းလိုက်က ယခင်က နိုင်ထားသော အနိုင်လက်စတို့နှင့် စုပေါင်းလိုက်လျှင် စစ်ဟာ တစ်ခါတည်း ပြီးသွားမည်ဖြစ်၏။ ယခုအတိုင်းဆိုရင်တော့ စစ်ဟာ အတောမသတ် ရှည်နေလိမ့်ဦးမည်။ လွန်ခဲ့သော တနင်္လာနေ့ကမှ 'လည်း'ကို

[၁] Robert

www.burmeseclassic.com

www.burmeseclassic.com



အနိုင် မတိုက်နိုင်ဘဲနှင့် ထိုအခါကရှိသော စစ်တပ်၏ သုံးပုံနှစ်ပုံထက် မပိုသော စစ်သား အနည်းငယ်မျှသာ သင့်နောက်မှ အပါ ခေါ်ဆောင်ကာ မြစ်၏ တောင်ဘက်တွင် သင်သည် 'လည်း'ကို ဘယ်ကဲ့သို့ အနိုင်တိုက်နိုင်ပါအံ့နည်း။ ယခုအခါ သင်သည် တစ်စုံတစ်ရာကို ထိထိရောက်ရောက် လုပ်နိုင်မည်ဟု မျှော်လင့်လျှင် ဆင်ခြင်တုံတရားကင်းမဲ့ရာရောက်မည် ဖြစ်သောကြောင့် သင်သည် ထိထိရောက်ရောက် လုပ်နိုင်မည်ဟု ကျွန်ုပ် မမျှော်လင့်ချေ။ သင်၏ အခွင့်ကောင်းကြီးသည် လက်လွတ်၍ သွားပေပြီ။ ကျွန်ုပ်လည်း ထိုအဖြစ်အပျက်အတွက် အတိုင်းမသိ ဝမ်းနည်းမိ၏။

ထိုစာကို ဖတ်မိသောအခါစစ်ဗိုလ်ချုပ် မိဒသည် ဘာလုပ်သည်ဟု သင် ထင်သလဲ။

စင်စစ် မိဒသည် ထိုစာကို မဖတ်ရချေ။ လင်ကွန်းသည် ထိုစာကို ရေးရုံသာ ရေးခဲ့သည်။ မိဒထံသို့ မပို့ခဲ့ချေ။ လင်ကွန်းသေသောအခါ ထိုစာကို လင်ကွန်း၏ အခြားစာရွက်များနှင့်အတူ တွေ့ရ၏။

ကျွန်ုပ်၏ အထင်ကို ပြောရလျှင် ထိုစာကို ရေးသားပြီးနောက် လင်ကွန်းသည် ပြတင်းပေါက်ဝမှ ထွက်ကြည့်၍

'ခဏနေဦး၊ ငါ ဒါလောက် အလျင်မလိုသင့်ဘူးထင်တယ်၊ ငြိမ်ဆိမ်တဲ့ ဒီအိမ်ဖြူတော်မှာ ထိုင်နေပြီး မိဒကို တိုက်လိုက်လို့ အမိန့်ပေးတာ ငါ့မှာတော့ လွယ်ပါရဲ့၊ သို့ပေမယ့် ငါသာ အဲဒီစစ်ပွဲမှာရှိပြီး သွေးထွက်သံယိုဖြစ်တာတွေကို လွန်ခဲ့တဲ့ တနင်္ဂနွေအပတ် အတွင်းက မိဒ မြင်ရသလိုပဲ မြင်ရ၊ နောက်ပြီးတော့ ဒဏ်ရာရတဲ့လူတွေ သေခါနီးတဲ့လူတွေရဲ့ အော်သံ ညည်းသံတွေလဲ ကြားရရင် ငါလဲ တိုက်ချင်မှတိုက်မှာ၊ မိဒလို သူရဲဘောနည်းတဲ့ စိတ်ထားမျိုး ငါ့မှာသာရှိမယ်ဆိုရင် ငါလဲ သူ့လိုပဲလုပ်ကောင်းလုပ်မိမှာပဲ၊ ကဲလေ ပြီးတာလဲ ပြီးပြီ၊ လွတ်တဲ့ငါး ကြီးနေဖို့မလိုတော့ဘူး၊ ငါသာ ဒီစာကို ထည့်လိုက်ရင် ငါ့စိတ်တွေတော့ အတော်ပဲပြေသွားမှာပဲ၊ သို့ပေမယ့် ဒီစာဖတ်ရရင် မိဒကလည်း သူမှန်ကြောင်း ပြန်ပြီး ထုချေနေမှာပဲ၊ နောက်ပြီး တော့လဲ ငါ့ကိုပြန်ပြီး အပြစ်တင်နေဦးမှာပဲ၊ ဒီစာအတွက်နဲ့ နာကြည်းစရာတွေ ဖြစ်လာဦးမယ်၊ နောက်ပြီးတော့ စစ်မှူးအဖြစ်နဲ့ ဆက်လက်ပြီး အသုံးဝင်နေတဲ့ ကိစ္စတွေလဲ ပျက်ကုန်ပြီး ဒီစာအတွက်နဲ့ သူဟာ စစ်ဗိုလ်ချုပ်ရာထူးက ထွက်ချင်တောင် ထွက်လိမ့်မယ်' စသည်ဖြင့် ပြောဆိုကာ သူ့ကိုယ်ကို သူ ဖျောင်းဖျကောင်း ဖျောင်းဖျပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကား ကျွန်ုပ်၏ အတွေးမျှသာ ဖြစ်၏။

ထို့ကြောင့် ကျွန်ုပ် ပြောသကဲ့သို့ လင်ကွန်းသည် စာကို မပို့ဘဲ ထားလိုက်၏။ အကြောင်းမူကား နာကြည်းစွာ ပြစ်တင်ခြင်း ကြိမ်းမောင်းခြင်းတို့သည် အကျိုးမရှိ၊ အချည်းနှီးပင် ဖြစ်ကြောင်းကို သူကိုယ်တိုင် တွေ့ဖူးကြုံဖူးပေါင်း များလှသောကြောင့် ဖြစ်၏။

သီအိုဒိုရုစဗဲ့သည် သမ္မတ ဖြစ်စဉ်အခါက အရှုပ်အထွေး ပြဿနာများနှင့် ရင်ဆိုင်ရလျှင် အိမ်ဖြူတော်ရှိ သူ၏ စားပွဲခုံပေါ် တည့်တည့်တွင် ဆွဲထားသော လင်ကွန်း၏ ပုံကြီးကို မော့ကြည့်လျက် 'လင်ကွန်းဟာ ငါ့နေရာမှာ သာရှိရင် သူ ဘာလုပ်မလဲ၊ ဒီပြဿနာကို သူ ဘယ်လိုရှင်းပါ့မလဲ'ဟု သူ့ကိုယ်ကို သူ မေးသည်ဟု ပြောဖူး၏။

ကျွန်ုပ်တို့သည် တစ်ဦးတစ်ယောက်သောသူအား အပြစ်တင်ချင်သလိုလို ဖြစ်လာလျှင် ဒေါ်လာ ငါးပြားတန် ငွေစက္ကူကို ကျွန်ုပ်တို့၏ အိတ်ထဲမှ ထုတ်ယူ၍ ငွေစက္ကူပေါ်ရှိ လင်ကွန်း၏ ရုပ်ပုံကို ကြည့်ပြီးလျှင် 'လင်ကွန်းသာ ဤပြဿနာမျိုးနဲ့ တွေ့ရရင် သူဘယ်လို လုပ်ပါမလဲ' ဟူ၍ ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ မေးကြစို့။

သင်ကိုယ်တိုင် ပြောင်းလဲပြုပြင် သွန်သင်ပေးချင်သော လူတစ်ဦးတစ်ယောက် ရှိပါ၏လော။ ရှိလျှင် ဤအကြံအစည်သည် အလွန်ကောင်း၏။ ထိုအကြံအစည်ကို ကျွန်ုပ်လည်း များစွာ ထောက်ခံပါ၏။ သို့ရာတွင် သူများကို မပြုပြင်မီ သင့်ကိုယ်ကို သင် စ၍ ပြုပြင်ရလျှင် သာ၍ မကောင်းပေဘူးလား၊ ဤလို အကြံပေးရခြင်းသည် သဝန်ကိုရာရောက်၏။ သို့ရာတွင် သူများကို ပြုပြင်ခြင်းထက် ကိုယ့်ကိုယ်ကို ပြုပြင်ခြင်းသည် ပို၍ အကျိုးများရုံသာမက များစွာလည်း ဘေးကင်းပေသည်။

'လူတစ်ယောက်သည် ကိုယ့်ကိုယ်ကစ၍ ပြုပြင်လျှင် သူသည် အတော်အသင့် အဖိုးတန်လာပြီ' ဟူ၍ ဘရောင်းနင်း[၁] က ပြောဖူး၏။ သင်သည် သင့်ကိုယ်ကို 'ရေပြည့်အိုး' ဘဝသို့ရောက်အောင် ယခုကစ၍ ပြုပြင်လျှင် ခရစ်စမတ်ပွဲတော်လောက်ဆိုရင် နေရာကျကောင်းကျပေမည်။ ခရစ်စမတ်နှင့် နှစ်သစ်ကူးနေ့အတွင်း ရရှိသော အားလပ်ချိန်တွင် သင်သည် အနည်းငယ် အနားယူနိုင်၏။ နှစ်သစ်ကူးနေ့မှစ၍ ရရှိသော အချိန်များကို သူတစ်ဘက်သားအား ပြုပြင်ပြောင်းလဲရေးအတွက် အသုံးပြုနိုင်၏။

---

၁။ Browning

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သင့်ကိုယ်ကို သင် 'ရေပြည့်အိုး' ဖြစ်အောင် ပထမ ပြုပြင်ပါ။

'သင်၏ ဘိနပ်ချွတ်တွင် မသန့်ရှင်းဘဲနှင့် သင်၏ အိမ်နီးချင်း၏ ခေါင်မိုးပေါ်တွင်ရှိသော ဆီးနှင်းများကို အပြစ်မတင်ပါနှင့်' ဟူ၍ ကွန်ဖျူးရှပ်[၁] က ပြောဖူး၏။

ကျွန်ုပ် ငယ်ရွယ်စဉ် အခြားလူများက ကျွန်ုပ်အား အထင်ကြီးအောင် အပြင်းအထန် ကြိုးစားနေရသောအခါတွင် ကျွန်ုပ်သည် အမေရိကန်ပြည် စာပေလောကတွင် အတော် နာမည်ကြီးခဲ့ဖူးသော ရစ်ချတ် ဟာဒင် ဒေဗီ[၂] စာရေးဆရာကြီး တစ်ဦးထံသို့ မိုက်မဲသော စာတစ်စောင် ရေးခဲ့ဖူး၏။ ထိုအခါက ကျွန်ုပ်သည် စာရေးဆရာများ၏ အကြောင်းကို မဂ္ဂဇင်းဆောင်းပါး တစ်စောင်ရေးရန် ပြင်ဆင်လျက်ရှိသောကြောင့် ဒေဗီထံသို့ သူ၏ အလုပ်လုပ်ပုံ စနစ်ကို စာရေး၍ မေးလေသည်။ ထိုစာကို မရေးမီ ရက်အနည်းငယ်ခန့်က 'ဤစာကို ပါးစပ်နှင့် ကြောင်းပေးလိုက်သည်။ ပြန်၍ မဖတ်။'* ဟူသော စာကို အောက်ဆွယ်က ရေးထားသော စာတစ်စောင်ကို ရရှိရာ ထိုစာရေးသူကို အတော် အထင်ကြီးမိ၏။ ဤစာရေးသူသည် အတော်အလုပ်များ၍ အတော် ကြီးကျယ်ခမ်းနား အရေးပါ အရာရောက်သော ပုဂ္ဂိုလ်ကြီးပင် ဖြစ်လိမ့်မည်ဟု ထင်မိ၏။ ကျွန်ုပ်မှာကား အနည်းငယ်မျှ အလုပ်မရှိ။ သို့ရာတွင် ရစ်ချတ် ဟာဒင် ဒေဗီက ကျွန်ုပ်အား အထင်ကြီးစေလိုသော ဆန္ဒ ရှိ၏။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၏ စာအဆုံးတွင် 'ဤစာကို ပါးစပ်နှင့် ကြောင်းပေးလိုက်သည်။ ပြန်၍ မဖတ်' ဟု ထည့်၍ ရေးပေးလိုက်၏။

ရစ်ချတ် ဟာဒင် ဒေဗီကား ဂရုတစိုက်လုပ်၍ပင် စာပြန်ခြင်းမပြုပေ။ ကျွန်ုပ် ရေးပေးလိုက်သော စာအောက်နားက 'မင်း၏ ရိုင်းပျသည့် အမူအရာ ထက်သာသော အရာသည် မင်း၏ ရိုင်းပျသော အမူအရာပင် ဖြစ်သည်' ဟူ၍ ရေးသားကာ ကျွန်ုပ်စာကို ကျွန်ုပ်ထံသို့ ပြန်ပို့လိုက်၏။ ကျွန်ုပ်မှားသည်ကား မှန်၏။ ကျွန်ုပ်သည် သူ၏ ကြိမ်းမောင်းခြင်းကို ခံကောင်း ခံထိုက်ပေမည်။

---

၁။ Confucius (Kong Fu Tse)

၂။ Richard Harding Davis

* အချို့ အလုပ်များသော ကုန်သည်ကြီးများ အရာရှိကြီးများသည် များသောအားဖြင့် စာများကို ကိုယ်တိုင်မရေး။ ရေးလိုသည့် စာကို ပါးစပ်က လျှောက်ပြောသွားရာ သူတို့၏ စာရေးများက လက်ရေးတိုနှင့် မှတ်သားလျက် အရှည်ကို လက်နှိပ်စက်နှင့် ရိုက်ပေးသောအခါမှ လက်မှတ်ရေးထိုး လေ့ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ပုထုဇဉ်မျှသာဖြစ်သောကြောင့် ကျွန်ုပ်သည် ထိုကဲ့သို့ ဆုံးမလိုက်ခြင်းကို ရှုံ့ရှာမုန်းတီး၏။ ကျွန်ုပ်သည် ထိုကဲ့သို့ ဆုံးမလိုက်ခြင်းကို မည်မျှ ရှုံ့ရှာမုန်းတီးခဲ့သနည်းဟူမူ ဆယ်နှစ်လောက်ကြာ၍ ရစ်ချတ် ဟာဒင် ဒေဗီ သေဆုံးသည့် သတင်းကို ဖတ်ရသောအခါ ကျွန်ုပ်၏ ရင်တွင်း၌ ပေါ်လာသည့် တစ်ခုတည်းသော စိတ်သည် သူ့အပေါ်တွင် နာကြည်းသောစိတ်ပင် ဖြစ်သည်ကို ခပ်ရှက်ရှက်နှင့်ပင် ဝန်ခံရတော့မည်။

သင်နှင့် ကျွန်ုပ်တို့သည် နှစ်ပေါင်းများစွာ ကြာ၍ သေဆုံးမှ ပြေနိုင်မည့် မုန်းစိတ်ကို မနက်ဖြန် ဆွပေးလိုပါလျှင် မုန်သည်များသည်ကို အပထား၊ အနည်းငယ် နာကြည်းဖွယ် ကောင်းသည့် အပြစ်တင်ခြင်း တစ်ခုခုကို ပြောကြစို့။

လူများနှင့် ဆက်ဆံသောအခါ အကြောင်းအကျိုးကို နှိုင်းချိန်ဆင်ခြင်တတ်သော သတ္တဝါများနှင့် ဆက်ဆံနေရသည်ဟူ၍ မမှတ်လေနှင့်။ ကျွန်ုပ်တို့ ဆက်ဆံနေသည့်သူများမှာ စိတ်ဆောင်ရာသို့ လိုက်ပါတတ်သော သတ္တဝါများ၊ တယူသန်လျက်ရှိသော သတ္တဝါများ၊ စိတ်ကြီးဝင်၍ ပလွှားနေသော သတ္တဝါများသာ ဖြစ်သည်။

ပြစ်တင် မောင်းမဲခြင်းတည်းဟူသော ဘေးဥပဒ်များစေသည့် မီးပွားနှင့် မာနတည်းဟူသော ယမ်းအိုးတို့ တွေ့ကြလျှင် အကြီးအကျယ်ပေါက်ကွဲတတ်လေသည်။ တစ်ခါတစ်ရံ ထိုကဲ့သို့ ပေါက်ကွဲခြင်းသည် အသက်ကိုပင် တိုစေ၏။ သက်သေအဖြစ်ပြရလျှင် ဂျင်နရယ် လီယိုနတ် ဝု[၁] ကို ပြစ်တင်ရှုတ်ချပြီးနောက် စစ်တပ်နှင့်အတူ ပြင်သစ်ပြည်သို့သွားရန် သူ့အား ခွင့်မပြုချေ။ သူ၏ အသက်တိုခြင်းသည် သူ၏ မာနကို ဤကဲ့သို့ ချိုးနှိမ်လိုက်ခြင်းကြောင့်ပင် ဖြစ်တန်ရာသည်။

အင်္ဂလိပ်စာပေကို တိုးတက် မြှင့်တင်သည့် ထင်ရှားသော ဝတ္ထုရေးဆရာတစ်ဦးဖြစ်သူ စိတ်နုသည့် သောမတ် ဟာဒီ[၂] သည် ပြင်းထန်စွာ ပုတ်ခတ်ရေးသားခြင်းကို တစ်ခါတည်း စွန့်ပစ်ရပ်စဲခဲ့၏။ ထိုကဲ့သို့ ပုတ်ခတ်ရေးသားချက်ပင်လျှင် အင်္ဂလိပ်လင်္ကာဆရာ သောမတ် ချက်တာတန်[၃] အား သူ့ကိုယ်ကို သတ်၍ သေစေလေသည်။

---

၁။ General Leonard Wood

၂။ Thomas Hardy

၃။ Thomas Chatterton

www.burmeseclassic.com

www.burmeseclassic.com



ငယ်ရွယ်စဉ်က စိုက်လိုက်မတ်တတ် ပြုလုပ်ပြောဆိုတတ်သော ဘင်ဂျမင်ဖရန်ကလင်[၁] သည် လူများနှင့် ဆက်သွယ်ရာ၌ အလွန်ပါးနပ် ကျွမ်းကျင်လာသောကြောင့် အမေရိကန် သံအမတ်အဖြစ်ဖြင့် ပြင်သစ်ပြည်ကို စေလွှတ်ခြင်း ခံရဖူးလေသည်။ သူ၏ အောင်မြင်ခြင်းအကြောင်းရင်းကား အဘယ်နည်း။ 'ကျွန်ုပ်သည် မည်သူ၏ မကောင်းသတင်းကိုမျှ မပြော၊ သို့ရာတွင် လူတိုင်း၏ ကောင်းသတင်း ဟူသရွေ့ကို ကျွန်ုပ် သိသမျှ အကုန်အစင်ပြော၏' ဟူ၍ ပြောဖူး၏။

မည်သည့် လူမိုက်မဆို ထိပါး ပြောဆိုခြင်း၊ ဆူပူကြိမ်းမောင်းခြင်း၊ ပြစ်တင်ရှုတ်ချခြင်း အမှုတို့ကို ပြုလုပ်နိုင်၏။ လူမိုက်အများသည် ဤအမှုမျိုးကို ပြုမူကုန်၏။

သို့ရာတွင် တစ်ဖက်သား၏ အလိုကို သိနားလည်နိုင်ရန်နှင့် တစ်ဖက်သား၏ အပြစ်ကို ခွင့်လွှတ်နိုင်ရန်အတွက် ကိုယ်ကျင့်တရားနှင့် စောင့်စည်းမှုတို့ကို လိုလေသည်။

မြင့်မြတ်သော လူတစ်ဦးသည် မိမိအောက် ယုတ်နိမ့်သောသူတို့အား ပြုမူပုံဖြင့် မိမိ၏ မြင့်မြတ်ပုံကို ထင်ရှားစေလေသည်ဟူ၍ ကာလိုင်း[၂] က ပြောဖူးလေသည်။

လူများကို ကဲ့ရဲ့သင်္ဂြိုဟ်နေမည့်အစား ထိုသူတို့၏ သဘောကို သိရအောင် ကြိုးစားကြစို့။ သူတို့ လုပ်မိသော အလုပ်ကို သူတို့ ဘာကြောင့် လုပ်ကြသနည်းဟူ၍ အကြောင်းရင်းကို ကြိုးစားပြီး ရှာဖွေကြစို့။ ထိုကဲ့သို့ ပြုလုပ်ခြင်းသည် အပြစ်တင်ခြင်းထက် ပို၍ အကျိုးရှိသေး၏။ ပို၍ စိတ်ဝင်စားဖွယ် ဖြစ်၏။ ထိုကဲ့သို့ ပြုလုပ်ခြင်းသည် ကြင်နာခြင်း ညှာတာခြင်း သနားခြင်းတည်းဟူသော စိတ်မျိုးကို ဖြစ်ပေါ်စေသည်။ အကြောင်းအားလုံးကို သိလျှင် အပြစ်အားလုံးကို ခွင့်လွှတ်နိုင်၏။

'ထာဝရဘုရားသခင်ကိုယ်တိုင်ပင်လျှင် နောက်ဆုံးနေ့သို့ မရောက်သေးမီ လူတစ်ယောက်ကို ကောင်း မကောင်း ဆုံးဖြတ်ရန် မကြံရွယ်ပါခင်ဗျား' ဟူ၍ ဒေါက်တာဂျွန်ဆင်[၃] က ပြောဖူး၏။

အဘယ်ကြောင့် သင်နှင့် ကျွန်ုပ်တို့ကား အပြစ်တင်စောချင်ရသနည်း။

---

၁။ Benjamin Franklin

၂။ Carlyle

၃။ Dr. Johnson

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

## ဆက်ဆံရာဝယ် နည်းကောင်းတစ်မည်

ဤမိုးအောက်တွင် တစ်စုံတစ်ယောက်သောသူအား ကိုယ်ခိုင်းလိုသည့်အရာကို လုပ်အောင် ခိုင်းနိုင်သော နည်းတစ်နည်းသာရှိသည်။ ထိုနည်းမှာ မည်သည့်နည်းများ ဖြစ်ပါလိမ့်ဟူ၍ သင်စဉ်းစားမိပါ၏လော။ ဟုတ်ကဲ့ နည်းတစ်နည်းသာလျှင်ရှိ၏။ ထိုနည်းသည်ကား တစ်စုံတစ်ယောက်သောသူအား ကိုယ်ခိုင်းလိုသည့်အရာကို လုပ်ချင်အောင် ခိုင်းခြင်းပင် ဖြစ်၏။

ထိုနည်းအပြင် အခြားနည်း မရှိကြောင်းကို သတိပြုပါ။

တကယ်ပါပဲ။ လူတစ်ယောက်၏ နံကြားကို ခြောက်လုံးပြူး သေနတ်နှင့် တေ့ပြီးတော့ သူ့နာရီကို ပေးချင်လာအောင် သင်လုပ်ချင်လျှင် လုပ်နိုင်ပေလိမ့်မည်။ အလုပ်ထုတ်ပစ်မည်ဟု ခြိမ်းခြောက်ခြင်းအားဖြင့် သင့်လုပ်သားတစ်ဦးကို သင့်မျက်စိအောက်တွင် သင့်အား ကူဖော်လောင်ဖက်ရအောင် ခိုင်းနိုင်ပေလိမ့်မည်။ ကလေးတစ်ဦးအား ကျာပွတ်ဖြင့်ရိုက်၍သော်လည်းကောင်း၊ ခြောက်လှန့်၍သော်လည်းကောင်း သင် ခိုင်းလိုသည့် အရာကို လုပ်အောင် ခိုင်းနိုင်ပေလိမ့်မည်။ သို့ရာတွင် ဤကဲ့သို့ မသိမ်မွေ့သောနည်းများမှ အလိုမရှိအပ်သော အမှုအခင်းများသည် ပေါက်ဖွားလာတတ်လေသည်။

ကျွန်ုပ်သည် သင့်အား မည်သည့်ကိစ္စကိုမဆို ပြုလုပ်စေလိုလျှင် ကျွန်ုပ် ပြုလုပ်ရမည့် တစ်ခုတည်းသောနည်းလမ်းမှာ သင်အလိုရှိသည့်အရာကို သင့်အား ပေးခြင်းပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သင် ဘာကို အလိုရှိသလဲ။ ယခုခေတ်တွင် အထင်အရှားဆုံးသော စိတ်ဘက်ဆိုင်ရာ ပညာရှိကြီးတစ်ဦး ဖြစ်သည့် ဗီယင်နာမြို့[၁] မှ ဒေါက်တာ ဆစ်ဂမန် ဖရွိုက်[၂] က သင်နှင့် မိမိကိုယ်ကို အထင်ကြီးသော စိတ်တို့၏ တိုက်တွန်းမှုနှစ်ခုမှ ဖြစ်ပေါ်လာလေသည်ဟူ၍ ပြောကြားဖူး၏။

အမေရိကန်ပြည်၏ အနက်နဲဆုံးသော သဘာဝတ္တ ပညာရှိကြီး ပါမောက္ခ ဂျွန် ဂျူဝီ[၃] က အထက်ပါစကားကို အနည်းငယ်ပြင်၍ ပြောလေသည်။ လူတို့တွင် အပြင်းပြဆုံးသော စိတ်သည် မိမိကိုယ်ကို မိမိ အထင်ကြီးသော စိတ်ပင် ဖြစ်သည်ဟု ဒေါက်တာ ဂျူဝီက ပြောလေသည်။ မိမိကိုယ်ကို မိမိ အထင်ကြီးသောစိတ် ဆိုသော စာပိုဒ်ကို ကောင်းစွာ မှတ်သားထားပါ။ ထိုစကားသည် အဓိပ္ပာယ်လေးနက်၏။ ဤစာအုပ်ထဲတွင် ထိုစကားအကြောင်းကို သင်သည် အမြောက်အမြား ကြားရပေလတ္တံ့။

သင် ဘာကို အလိုရှိသလဲ။ များများလဲ အလိုရှိမည် မဟုတ်ပါ။ သို့ရာတွင် သင်အလိုရှိသော အနည်းငယ်သော အရာတို့ကို သင်သည် မရလျှင် မနေနိုင်လောက်အောင် အလိုရှိ၏။ လူလားမြောက်သူတိုင်းလိုလိုပင် အလိုရှိကြသော အရာများမှာ

၁။ ကျန်းမာခြင်းနှင့် အသက်ရှည်ခြင်း

၂။ အစား

၃။ အအိပ်

၄။ ငွေနှင့် ငွေဖြင့်ဝယ်ယူနိုင်သည့် ပစ္စည်း

၅။ တမလွန်ဘဝ၏ အရေး

၆။ ရာဂစိတ် ပြေငြိမ်းမှု

၇။ သားသမီးတို့၏ ကောင်းစားရေး

၈။ မိမိကိုယ်ကို မိမိ အထင်ကြီးလိုခြင်း

ထို ရှစ်ချက်အနက် တစ်အချက်မှတစ်ပါး ကျန်အချက်များ အားလုံး လိုလိုပင် သင်သည် ရရှိနိုင်လေသည်။ အစားနှင့် အအိပ်တို့ကို အလိုရှိသည့် ဆန္ဒတို့လောက် လေးနက် ပြင်းထန်ပြီးလျှင် တစ်ခါတလေမှသာ ဆန္ဒပြည့်ဝ

---

၁။ Vienna

၂။ Dr. Sigmund Freud

၃။ Professor John Dewey

www.burmeseclassic.com

www.burmeseclassic.com



ရသော တောင့်တချက်တစ်ခု ရှိလေသည်။ ထိုတောင့်တချက်ကို ဖရွိုက်က ကြီးမားလိုသော ဆန္ဒဟု ခေါ်လေသည်။

လူတိုင်း အမြော်ကြိုက်သည်ဟု လင်ကွန်းသည် စာတစ်စောင်တွင် အစချီ၍ ရေးသားဖူး၏။ ချီးမွမ်းခံလိုသော ရမ္မက်သည် လူတို့၏ အနက်နဲဆုံးသော ပင်ကိုသဘော ဖြစ်သည်ဟူ၍ ဝီလျံဂျိမ်းက ပြောဖူး၏။ ဤနေရာ၌ ဝီလျံဂျိမ်းသည် 'အလို' 'ဆန္ဒ' 'မျှော်လင့်ချက်' ဟူသော စကားများကို မသုံးဘဲ 'ရမ္မက်' ဟူသော စကားကို သုံးလေသည်။

ဤသည်ကား လူတို့တွင် အလွန်ပြင်းပြလျက်ရှိသော ဆာလောင်မွတ်သိပ်ခြင်းပေတည်း။ ဤစိတ်၏ ဆာလောင်မွတ်သိပ်ခြင်းကို ဖြူစင်ဖြောင့်စင်းစွာ ဖြေဖျောက်ပေးနိုင်သော လူထူးသည် လူတို့အား သူ၏ လက်ဝါးအတွင်းတွင် ဆုပ်ကိုင်ထားနိုင်၍ တွင်းတူးသမားကပင်လျှင် ထိုလူသေသောအခါ ဝမ်းနည်းလိမ့်မည် ဖြစ်၏။

မိမိကိုယ်ကို မိမိ အထင်ကြီးသော စိတ်သည် လူနှင့် တိရစ္ဆာန်တို့၏ သဘာဝကို ကွဲပြားခြားနားစေသော အချက်တစ်ချက်ပေတည်း။ သက်သေထုပါအံ့။ ကျွန်ုပ်သည် မစ်ဇူရီပြည်နယ်တွင် သူရင်းငှားကလေးဖြစ်နေခိုက် ကျွန်ုပ်၏ ဖခင်သည် လှပသော ဂျူရော့ ဂျာဆီ[၁] ဝက်များနှင့် မိဘ အစဉ်အဆက်က မျက်နှာဖြူသော နွားများကို မွေးမြူလေသည်။ ထိုဝက်နှင့် နွားများကို ဗဟိုအနောက်ပိုင်း[၂] အရပ်ဒေသတစ်လျှောက်ရှိ တောဈေးများနှင့် တိရစ္ဆာန်ပြပွဲများတွင် ပြသလေ့ရှိလေသည်။ ကျွန်ုပ်တို့သည် ပထမဆုများကို မကြာခဏ ရရှိကြသည်။ ကျွန်ုပ်၏ ဖခင်သည် ဆုအဖြစ်ရရှိသော အပြာရောင်ဖဲပြားများကို မိုတ်ဖြူစတစ်စပေါ်တွင် တွယ်ကပ်ထား၍ ကျွန်ုပ်တို့အိမ်သို့ မိတ်ဆွေသင်္ဂဟများ လာကြသောအခါ ကျွန်ုပ်၏ ဖခင်သည် ထိုပိတ်ဖြူစကို ယူထုတ်လာ၏။ သူက တစ်စကိုကိုင်၍ ကျွန်ုပ်က အခြားတစ်စကို ကိုင်လျက် ဖဲပြားများကို ပြလေ့ရှိ၏။

ဝက်နှင့် နွားများသည် သူတို့အတွက် ပထမဆုအဖြစ် ရရှိသော ဖဲပြားများကို ဂရုမစိုက်သော်လည်း ကျွန်ုပ်၏ ဖခင်မှာမူကား များစွာ ဂရုစိုက်လျက်ရှိ၏။ ဤဆုများကြောင့် သူ့ကိုယ်သူ အတော် အထင်ကြီးလျက် ရှိလေသည်။

၁။ Duroc-Jersey
၂။ The Middle West

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ ကျွန်ုပ်တို့၏ မိဘ ဘိုးဘေးတို့တွင် သူတို့ကိုယ်ကို သူတို့ အထင်ကြီးသောစိတ်များ ပြင်းပြစွာ မရှိခဲ့ပါမူ ကျွန်ုပ်တို့၏ ယဉ်ကျေးမှု သည် ရှိနိုင်မည် မဟုတ်။ ထိုကဲ့သို့ စိတ်ဆန္ဒများ မရှိခဲ့လျှင် ကျွန်ုပ်တို့လည်း တိရစ္ဆာန်များနှင့် ခြားနားလှမည် မဟုတ်ချေ။

ဒေါ်လာဝက်နှင့် ဝယ်ယူလာသော အိမ်ထောင်ပစ္စည်းများထည့်ထား သည့် စည်ပိုင်းထဲတွင် တွေ့ရှိသော ဥပဒေစာအုပ်များကို အလွန်ဆင်းရဲ၍ ကျောင်းမနေဖူးသော ကုန်စုံဆိုင်စာရေးကလေးအား လေ့လာသင်ကြားစေ သော အရာသည် မိမိကိုယ်ကို မိမိ အထင်ကြီးသော ထိုစိတ်ပင် မဟုတ်ပါလော။ ဤ ကုန်စုံဆိုင် စာရေးကလေး အကြောင်းကို သင်သည် ကြားဖူးကောင်း ကြားဖူးပေမည်။ သူ၏ နာမည်မှာ လင်ကွန်း ဖြစ်သည်။

ဒစ်ကင်း[၁] အား ကမ္ဘာကျော် အမြတ်တဝတ္ထုများကို ရေးစေသော အရာသည်လည်း မိမိကိုယ်ကို မိမိ အထင်ကြီးသော ထိုစိတ်ပင် ဖြစ်လေသည်။ ထိုစိတ်ပင်လျှင် ဆာ ခရစ်စတိုဖာ ရင်း[၂] အား ကျောက်တုံးများဖြင့် 'နတ်ဘုံ နတ်နန်း'များ ပေါ်ပေါက်စေခဲ့လေပြီ။ ထိုစိတ်ပင်လျှင် ရော့ဖဲလားကို သူ့တစ်သက်တွင် သုံးမကုန်နိုင်သော သန်းပေါင်းများစွာ ဥစ္စာပစ္စည်းတို့ကို စုစေခဲ့လေပြီ။ ထိုစိတ်ပင်လျှင် သင်နေသော မြို့မှာရှိသည့် အချမ်းသာဆုံး သူဌေးအား သူနေနိုင်သည်ထက် အဆပေါင်းများစွာ ကျယ်ပြန့်သော အိမ်ကြီး ရခိုင်ကို ဆောက်စေခဲ့လေပြီ။

ထိုစိတ်ပင်လျှင် နောက်ဆုံးပေါ် ဖက်ရှင်ကို ဝတ်၊ နောက်ဆုံးပေါ် မော်တော်ကားကို စီး၍ ဉာဏ်ထက်မြက်သော သင်၏ ကလေးများအကြောင်း ကို ပြောချင်အောင် သင့်အား လုပ်ပေးခဲ့ဖူးလှလေပြီ။

မြောက်မြားစွာသော လုလင်ပျိုတို့အား လူဆိုးဂိုဏ်းဝင်များ၊ သေနတ် ကိုင် လူဆိုးများဖြစ်အောင် သွေးဆောင်ခဲ့ဖူးသော စိတ်သည်လည်း ထိုစိတ်ပင် ဖြစ်၏။ 'ယေဘုယျအားဖြင့် ကာလပေါ် ရာဇဝတ်ကောင်ကလေးများသည် ကိုယ့်ကိုယ်ကို အထင်ကြီးနေသော စိတ်ထားများ မိုးမွှန်လျက်ရှိကြ၍ သူတို့ကို ဖမ်းမိပြီးလျှင် ပြီးချင်း သူတို့ တောင်းဆိုသော ပထမ အချက်သည် သူတို့ကို လူစွမ်းကောင်းများဖြစ်အောင် ရေးသားထားသော ကြော်ငြာစာရွက် သတင်းများ

၁။ Dickens

၂။ Sir Christopher Wren

www.burmeseclassic.com



အပြန်အလှန်သဘောအားဖြင့် ပြောရမည်ဆိုလျှင် ဤစာအုပ်ထူးသည် နွားကျောင်းသား တစ်ဦးအား နန်းရင်းဝန်ဖြစ်အောင် ပြုလုပ်ပေးခြင်းငှာ မစွမ်းနိုင်စေကာမူ၊ ထိုနွားကျောင်းသားအား စာအုပ်ပါ နည်းများကို အသုံးပြုစေခြင်းဖြင့် အဖျင်းတကာ့ အဖျင်းဆုံး လူချစ် လူခင် ပေါများအောင်သော်လည်းကောင်း၊ မိတ်ဆွေသင်္ဂဟ ပွားများအောင်သော်လည်းကောင်း ပြုလုပ်ပေးနိုင်သည်ဖြစ်ရာ ချစ်ခင်သူနှင့် မိတ်ဆွေသင်္ဂဟ ပေါများသော ထိုနွားကျောင်းသားတွင် အဘယ်မှာလျှင် ချမ်းသာခြင်းကို မရဘဲ ရှိပါတော့အံ့နည်း။

ဤစာအုပ်တွင်ပါသော နည်းများသည် နည်းထူး နည်းဆန်းများ မဟုတ်၊ လူပေါ်ကာစက အစပြု၍ ပေါ်ပြီးသော သမားရိုးကျ နည်းများဖြစ်ကြောင်းကို စာအုပ်ရေးသူသည် စာအုပ်ထဲတွင် အခါအခွင့် ရတိုင်း ဝန်ခံထားပေ၏။ သတိမမူလျှင် ဂူမမြင်ဟုဆိုသော စကားကဲ့သို့ များစွာသော လူတို့သည် မိမိတို့သာ သတိမူခဲ့သော် လက်နှင့် လှမ်းယူကာမျှဖြင့် ရနိုင်သည့်နည်းများအပေါ်တွင် အမှတ်တမဲ့ နေခဲ့သဖြင့် ထိုနည်းများဖြင့် ထိုသူတို့သည် မပေါင်းမိဘဲ မျက်နှာစိမ်းများ ဖြစ်၍ နေကြ၏။

သက်သေထုတ်၍ ပြပါအံ့။ ဤစာအုပ် တစ်အုပ်လုံးကို ချုံးလိုက်လျှင် 'အများအကျိုးဆောင် ကိုယ့်အကျိုးအောင်သည်' ဟူသော နည်းကောင်းတစ်ခု ထွက်လာ၏။

ထိုစာအုပ်မပေါ်မီ နှစ်ပေါင်း နှစ်ထောင့်ငါးရာလောက်က

သင်္ဂါဟကော မိတ္တကရော၊
ဝဒညူ ဝီတ မစ္ဆရော၊
နေတာ ဝိနေတာ အနုနေတာ၊
တာဒိသော လဘာဘေ ယသံ။ ။

ဟူ၍ သုံးလူ့ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် သိင်္ဂါလသုတ်တွင် ဟောကြားတော်မူခဲ့၏။

ထိုဂါထာ၏ အဓိပ္ပာယ်ကား 'အကြင်သူသည် သူတစ်ပါးကို ချီးမြှောက်တတ်၏။ အဆွေခင်ပွန်းကောင်း ပြုတတ်၏။ သူ့ကျေးဇူးကို သိတတ်၏။ ကင်းသော မစ္ဆရိယရှိ၏။ သူတစ်ပါး အကျိုးကို ဆောင်တတ်၏။ သူတစ်ပါး၏အကျိုးကို အဖန်တလဲလဲ ဆောင်ရွက်တတ်၏။ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်သည် အခြံအရံကို ရနိုင်၏' ဟု ဆိုလေသည်။

www.burmeseclassic.com

ပင် ဖြစ်လေသည်။ ဘေဘီ ရုသ်[၁]၊ လာဂွါဒီးယား[၂]၊ အိုင်းစတိုင်း[၃]၊ လင်းဒဗတ်[၄]၊ တော့စကနင်းနီ[၅] သို့မဟုတ် ရစဗ့်တို့ကဲ့သို့သော ပုဂ္ဂိုလ်ကျော်တို့၏ ဓာတ်ပုံနှင့် သူတို့၏ ဓာတ်ပုံများကို ယှဉ်၍ သတင်းစာထဲတွင် ပါလာသည်ကို မြိန်ဆိမ့်စွာ ကြည့်နေရစဉ် လျှပ်စစ်ဓာတ်ကုလားထိုင်ပေါ်တွင် တင်၍ အသတ်ခံရမည့် ဘေးကို သတိမရသလိုပင် ဖြစ်နေကြလေသည်။' ဤသို့လျှင် နယူးယောက် မြို့တော်၏ ပုလိပ်မင်းကြီးဟောင်း အီးပီ မူလရူနေ[၆] က ထုတ်ဖော်ပြောဖူး၏။

အကယ်၍ သင်သည် မည်သို့သောအလုပ်ကို လုပ်ခြင်းဖြင့် သင့်ကိုယ်သင် အထင်ကြီးသော သင်၏ အာသာကို ပြေစေသည်ဟု ကျွန်ုပ်အား ပြောကြားပါလျှင် သင်သည် ဘယ်လိုလူစား ဖြစ်သည်ကို သင့်အား ကျွန်ုပ်ပြောကြားနိုင်မည်ဖြစ်၏။ ထိုစိတ်ကို အကဲခတ်ခြင်းဖြင့် သင်၏ အကျင့်စာရိတ္တကိုဆုံးဖြတ်နိုင်မည် ဖြစ်၏။ ထိုစိတ်သည်ပင်လျှင် သင့်တွင် အထင်ရှားဆုံးသော အရာဖြစ်သည်။ သက်သေထုတ်၍ ပြဦးအံ့။ တစ်ခါမျှလည်း မမြင်ဖူး၊ နောင်လည်း ဘယ်တော့မျှတွေ့ရမည် မဟုတ်သော တရုတ်ပြည် ပီကင်း[၇] မြို့ရှိ ဆင်းရဲသားသန်းပေါင်းများစွာကို ကုသရန်အတွက် ခေတ်မီဆေးရုံတစ်ရုံကို ဆောက်လုပ်ရန် ငွေလှူဒါန်းခြင်းအားဖြင့် ဂျွန် ဒီ ရော့ဖဲလားသူဌေးကြီးသည် မိမိကိုယ်ကို မိမိ အထင်ကြီးနေသော သူ၏အာသာကို ဖြေခဲ့လေသည်။ ဒီလင်ဂျာ[၈] မှာမူကား ခိုးသားဓားပြ ဘဏ်တိုက်လုသမား လူသတ်သမား ဖြစ်ခြင်းဖြင့် သူ့ကိုယ်သူ အထင်ကြီးနေသော အာသာကို ဖြေခဲ့လေသည်။ စက်သေနတ်ကိုင်ပုလိပ်များ နောက်ကလိုက်လာသောကြောင့် မင်နီဆိုတာ[၉] ပြည်နယ်ရှိ ခြံသမားတစ်ဦး၏ အိမ်တွင်းသို့ အတင်းဝင်ပြေးပြီးနောက် 'ဒီလင်ဂျာဆိုတာ ကျုပ်ပဲ'ဟု ပြောလေသည်။ ပြည်သူ့ရန်သူ အမှတ် တစ် ဖြစ်ရသည်ကို သူသည် ဂုဏ်ယူ၏။ 'ခင်ဗျားတို့ကို လက်ဖျားနဲ့တောင် မတို့ဘူး၊ ကျုပ် ဒီလင်ဂျာပဲ' ဟူ၍ သူက ပြောပြလေသည်။

---

၁။ Babe Ruth
၂။ La Guardia
၃။ Einstein
၄။ Lindbergh
၅။ Toscanini
၆။ E.P. Mulrooney
၇။ Peking
၈။ Dillinger
၉။ Minnesota

www.burmeseclassic.com

www.burmeseclassic.com



ဒီလင်ဂျာနှင့် ရော့ ဖဲလားတို့၏ ကွဲပြားခြားနားချက်တစ်ရပ်မှာ သူတို့နှစ်ဦးတွင် မိမိကိုယ်ကို မိမိ အထင်ကြီးသောစိတ်များ တစ်မျိုးစီ ပေါ်ပေါက်လျက်ရှိခြင်းပင် ဖြစ်သည်။

မိမိကိုယ်ကို မိမိ အထင်ကြီးစေသော စိတ်အတွက် အားကြိုးမာန်တက် တုပြိုင်ဆောင်ရွက်ခဲ့ကြသည့် ကျော်စောထင်ရှားသည့် လူများ၏ အုမြူးစရာ သာဓကများစွာကို သမိုင်းတွင် အထင်အရှားတွေ့ရမည်ဖြစ်၏။ ဂျော့ ဝါရှင်တန်[၁] ပင်လျှင် သူ့ကို 'ဘုန်းလက်ရုံးကြီးမြတ်လှစွာသော အမေရိကန် ပြည်ထောင်စု၏ သမ္မတမင်း' ဟူ၍ ခေါ်စေချင်၏။ ကိုလံဘတ်[၂] သည် 'သမုဒ္ဒရာတို့၏ ရေကြောင်း စစ်ဗိုလ်ချုပ်ကြီးနှင့် အိန္ဒိယပြည်၏ ဘုရင်ခံချုပ်' ဟူသော ဘွဲ့ကို သူ့အား ပေးပါမည့်အကြောင်း အသနားခံခဲ့ဖူး၏။ 'ဧကရီ ထိပ်ခေါင်ကြီး' ဟူ၍ လိပ်မတပ်သော ပေးစာများကို ကက်သရင်းဂရိတ်[၃] သည် ဖောက်၍ မဖတ်ချေ။ အိမ်ဖြူတော်တွင် မစ္စက် လင်ကွန်းက မစ္စက်ဂရန့်[၄] ဘက်သို့ လှည့်ပြီးလျှင် 'ငါ အထိုင်မခိုင်းဘဲနဲ့ ငါ့ရှေ့မှာ ညည်း ဘာကြောင့်ထိုင်ရသလဲ' ဟူ၍ ကျားမကဲ့သို့ ကြောက်မက်ဖွယ် ဟာစ်အော်ခဲ့ဖူး၏။

ရေကြောင်း စစ်ဗိုလ်ချုပ်ကြီး ဘတ်[၅] အား အန္တာတိတ်[၆] သမုဒ္ဒရာဘက်ဆီသို့ ခရီးထွက်သွားနိုင်ရန်အတွက် ကျွန်ုပ်တို့၏ သန်းကြွယ်သူဌေးကြီးများက ငွေများဖြင့် ထောက်ပံ့ကြခြင်းသည် ထိုအရပ်တွင် တွေ့ရှိသော ရေခဲအတိ ဖုံးနေသည့် တောင်တန်းများကို ထိုသူဌေးကြီးများ၏ နာမည်ဖြင့် အမည်မှည့်ပါမည်ဟူသော ဝန်ခံချက်ကြောင့်ပင် ဖြစ်လေသည်။ ဗစ်တာဟူးဂိုး[၇] သည် ပြင်သစ်ပြည်၏ မြို့တော်ကို ပဲရစ်ဟု ခေါ်မည့်အစား ဗစ်တာဟူးဂိုး ဟူ၍ ပြင်မှည့်စေလိုသည့် ဆန္ဒထက်လျော့သော အခြားဆန္ဒ မရှိချေ။ ကဗျာသည်တို့၏ ဘုရင်တစ်ဆူဖြစ်သော ရှိတ်စပီးယား[၈] ပင်လျှင် သူ၏ နာမည် ပြောင်သည်ထက် ပြောင်စေရန် သူ၏ မိသားတစ်စုနှင့် ထိုက်တန်သော အဆောင်အယောင်တို့ကို ရအောင် ကြိုးစားခဲ့ဖူး၏။

အခြားသူများက သနား၍ ဂရုတစိုက်လုပ်ခြင်းကို ခံရလျက် မိမိကိုယ်ကို မိမိ အထင်ကြီးနေသော အာသာများ ပြေစေလိုသောကြောင့် သူတို့သည်

---

၁။ George Washington
၂။ Columbus
၃။ Catherine the Great
၄။ Mrs. Grant
၅။ Admire Byrd
၆။ The Antartic
၇။ Victor Hugo
၈။ Shakespeare

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ကိုယ်မကျန်းဟန် ဆောင်ကြ၏။ သက်သေ ပြပါအံ့။ မစ္စက် မက်ကင်လေ[၁] ကို ကြည့်ပါ။ သူ၏ ခင်ပွန်းသည် အမေရိကန်ပြည် သမ္မတ မင်းအား အရေးကြီးသော တိုင်းရေးပြည်ရေးကို ဘေးချိတ်လျက် ခုတင်ပေါ်တွင် နာရီပေါင်းများစွာ အသာ စောင်းပြီးလျှင် သူ့ကို ပွေ့ဖက်၍ အိပ်ပျော်အောင် သိပ်စေသောအားဖြင့် ထိုမိန်းမသည် မိမိကိုယ်ကို မိမိ အထင်ကြီးလိုသော အာသာကို ပြေစေလေသည်။ သူ့ကို ဂရုစိုက်စေလိုသည့် အာသာကို ပြေစေရန် သူ့စိုက်သွားများကို တပ်နေစဉ် သမ္မတမင်းအား အနားတွင် နေခိုင်းသည်။ တစ်ကြိမ်သော် ဂျွန်ဟေး[၂] နှင့် ချိန်းထားသောကြောင့် သူ့ကို သွားစိုက်ဆရာနှင့် ထားပစ်ခဲ့သည့်အတွက် သူသည် အတော်ပင် ဆူပွက်ခဲ့ သေး၏။

'တစ်နေ့တွင် ဒီမိန်းမဟာ သူ့အသက်ကိုသူ ပြန်တွက်ကြည့်ပြီး ငါတော့ ဒီတစ်သက်မှာ လင်မရတော့ပါဘူးလို့ တွေးမိပါလိမ့်မယ်၊ တစ်ကိုယ်တည်း နေရမယ့် နှစ်တွေက အများကြီး၊ မျှော်လင့်ချက်ကလဲ သိပ်မရှိလှ၊ အဲဒီတော့ အိပ်ရာပေါ်က တစ်ခါတည်း မထတော့ဘူး၊ လူမမာလုံးလုံးကြီး ဖြစ်နေတော့တာပဲ၊ ဆယ်နှစ်လုံးလုံး သူ့အမေကြီးဟာ သူနေတဲ့ သုံးထပ်တိုက် ပေါ်အထိ စားစရာ သောက်စရာတွေကို တက်လိုက် ဆင်းလိုက်နဲ့ သယ်ပို့ရင်း သူ့ကို ပြုစုနေရတယ်၊ ဒါနဲ့ တစ်နေ့ကျတော့ သူ့အမေအိုကြီးဟာ အလုပ် ပင်ပန်းပြီး လဲသေပါရော၊ တနင်္ဂနွေ အပတ်ပေါင်း အတော်ကြာကြာ လူမမာ ဟာ နွမ်းနယ်နေတာပေါ့လေ၊ သည်နောက် အိပ်ရာကထ အဝတ်အစားလဲပြီး ရှေးကလို ကျန်းမာလာတော့တာပဲ'ဟု မိမိကိုယ်ကို မိမိ အထင်ကြီးနေသော စိတ်ကို ပြေစေလိုသောဆန္ဒကြောင့် ကျန်းမာသန်စွမ်းလျက်နှင့် လူမမာလုပ်နေ သော မိန်းမတစ်ဦး၏ အကြောင်းကို ကျွန်ုပ်အား မေရီ ရောဘတ် ရိုင်းဟတ်[၃] က ပြောပြဖူး၏။

မိမိကိုယ်ကို မိမိ အထင်ကြီးနေသော်လည်း မျှော်လင့်သည့်အတိုင်း ဤကမ္ဘာလောကကြီးက အထင်ကြီးခွင့် မပေးသဖြင့် စိတ်တိုင်းကျ အထင်ကြီး ခွင့်ရသော အရူးဘဝသို့ လူတို့သည် ပြောင်းကြကုန်၏ဟူ၍ စိတ်ပညာဘက် ဆိုင်ရာ အချို့ပါရဂူကြီးများက ထုတ်ဖော်ပြောကြားဖူးလေသည်။ အမေရိကန်

---

၁။ Mrs. McKinley
၂။ John Hay
၃။ Mary Roberts Rinehart

www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုရှိ ဆေးရုံများတွင် အခြားသော ရောဂါများကို ခံစားလျက်ရှိသော ဝေဒနာသည်များအားလုံးကို စုပေါင်းထားသော အရေအတွက်ထက် စိတ္တဇ ရောဂါ စွဲကပ်လျက်ရှိသော ဝေဒနာသည်တို့၏ အရေအတွက်က ပိုမိုများပြား လျက် ရှိလေသည်။

သင်၏ အသက်သည် တစ်ဆယ့်ငါးနှစ်ထက် ကျော်၍ သင်သည် နယူးယောက်ပြည်နယ်တွင် နေသူတစ်ဦးဖြစ်ခဲ့ပါမူ ခုနစ်နှစ်လောက် အရူးထောင် ကျနေဖို့ရန် အခွင့်အလမ်းများသည် အပုံ ၂၀ ပုံလျှင် တစ်ပုံလောက် ရှိလေသည်။

ရူးသွပ်ခြင်း၏ အကြောင်းရင်းကား အဘယ်နည်း။

ထိုကဲ့သို့ အဆုံးမသတ်သောမေးခွန်းမျိုးကို မည်သူမျှ ဖြေဆိုနိုင်မည် မဟုတ်။ သို့ရာတွင် ဆစ်ဖလစ်[၁] ခေါ် ကာလသားရောဂါများ ကျရောက်ပြီးလျှင် ထိုရောဂါပိုးတို့သည် ဦးနှောက်အိမ်များကို ဖျက်ဆီးသောကြောင့် ရူးသွပ်သွား ရသည်ဟု ကျွန်ုပ်တို့ သိရှိရ၏။ ရူးသွပ်သောရောဂါများအနက် တစ်ဝက်လောက် သည် ဦးနှောက်ပျက်၍သော်လည်းကောင်း၊ အရက်ကြောင့်သော် လည်းကောင်း၊ အဆိပ်အတောက် များကြောင့်သော် လည်းကောင်း၊ ဒဏ်ရာ ဒဏ်ချက်များ ကြောင့်သော်လည်းကောင်း ဖြစ်၏။ ကျန်တစ်ဝက်မှာမူကား ဦးနှောက်တစ်စုံ တစ်ရာ ချို့ယွင်းချက် မရှိဘဲနှင့် ရူးသွပ်လျက် ရှိသည်ကို တွေ့ရသည်။ အလွန် ထိတ်လန့်ဖွယ်ရာကောင်းလေစွ။ ထိုဝေဒနာသည်များ အနိစ္စရောက်ပြီး နောက် သူတို့၏ ဦးနှောက်များကို ထုတ်ယူ၍ အားအကြီးဆုံး ပိုးမွှားကြည့် မှန်ဘီလူးကြီးများနှင့် သေချာစွာ ကြည့်ရှုစစ်ဆေးရာ ထိုဦးနှောက်များသည် သင်နှင့် ကျွန်ုပ်တို့၏ ဦးနှောက်များကဲ့သို့ပင် လတ်ဆတ်ကောင်းမွန်လျက် ရှိကြောင်းကို တွေ့ရ၏။

သို့ဖြစ်လျက် ဤလူများသည် အဘယ်ကြောင့် ရူးသွပ်သွားရသနည်း။

ထိုမေးခွန်းကို ကျွန်ုပ်တို့၏ နာမည်အကြီးဆုံး စိတ္တဇဆေးရုံတစ်ရုံ၏ ဆရာဝန်ကြီးတစ်ဦးအား ကျွန်ုပ်ကိုယ်တိုင် မေးမြန်းဖူး၏။ ရူးသွပ်သော ဝေဒနာဘက်တွက် အထူးကျွမ်းကျင်သောကြောင့် အလွန်ရနိုင်ခဲသော ဂုဏ်ထူး ဘွဲ့ထူးကြီးများကို ရရှိထားသော ထိုဆရာဝန်ကြီးကိုယ်တိုင်ကပင်လျှင် ဤ မေးခွန်းကို မဖြေနိုင်ပါဟု ရိုးရိုး ဖွင့်ပြောဖူး၏။ မည်သူမျှလည်း အသေအချာ

၁။ Syphilis

www.burmeseclassic.com

www.burmeseclassic.com



သိမည် မဟုတ်။ သို့ရာတွင် ရှုံးသွပ်သွားသော လူတို့သည် မရူးသွပ်မီက မခံစားရရှာသော မိမိကိုယ်ကို မိမိအထင်ကြီးသောစိတ်ကို ရူးသွပ်သောအခါမှ ခံစားကြရလေသည်ဟု ထိုဆရာကြီးက ပြောပြဖူးလေသည်။ ထိုနောက် ဆရာကြီးသည် ကျွန်ုပ်အား အောက်ပါ အဖြစ်အပျက်ကို ပြောပြလိုက်လေသည်။

'ကျွန်ုပ်ထံတွင် လင်ယူမှားတဲ့ မိန်းမ လူမမာတစ်ဦး ဆေးကုနေတာ ရှိတယ်၊ လင်ယူတဲ့အတွက် သူ့ကို ချစ်မယ့် လင်ရယ်၊ ရာဂ ငြိမ်းမှုရယ်၊ ကလေးရယ်၊ ဂုဏ်ရယ် သူမျှော်လင့်ခဲ့တယ်၊ သို့ပေမယ့် သူ့မျှော်လင့်ချက်တွေဟာ အကုန်လုံးလွင့်စင်ကုန်တာပဲ၊ သူ့ယောကျ်ားက သူ့ကို မချစ်၊ သူနဲ့တောင် ထမင်းလက်ဆုံမစား၊ သူ့လင်နေတဲ့ အပေါ်ထပ်ကို သွားပြီး သူကိုယ်တိုင် ထမင်း ခူးခပ်ကျွေးရတယ်၊ သူ့မှာကလေးလဲ မရှိ၊ ဂုဏ်လဲ မရှိ ဒါနဲ့ သူ ရူးပါရော၊ သူ့စိတ်ကူးထဲမှာ သူ့လင်ကို သူကွာလိုက်ပြီး အပျိုဘဝက သူ့နာမည်ကို ပြန်ယူထားတယ်၊ ယခု သူ့ကိုယ်သူ အင်္ဂလိပ် မျူးမတ်တစ်ဦးနှင့် အိမ်ထောင်ပြုဖက်လို့ ယုံကြည်နေပြီး သူ့ကို လေဒီ ဆမစ်[၁]လို့ အခေါ်ခိုင်းနေတယ်။

'ကလေးကို ဘယ်လောက် လိုချင်နေသလဲဆိုရင် ညတိုင်း ကလေး တစ်ယောက် တစ်ယောက် မွေးနေတယ်လို့ သူထင်နေတယ်၊ သူ့အခန်းထဲကို ကျွန်ုပ် ဝင်သွားတိုင်း 'ဆရာ မနေ့ညက ကျွန်မ ကလေးတစ်ယောက်မွေးတယ်' ဟု ဆီးပြီး ပြောတယ်'ဟူ၍ ကျွန်ုပ်အား ထိုဆရာဝန်ကြီးက ပြောပြလေသည်။

လူကောင်းပကတိဖြစ်စဉ်က သူ၏ မျှော်လင့်ချက်များသည် အားလုံး ပျက်စီးခဲ့လေသည်။ သို့ရာတွင် ရူးသွပ်သောအခါမှ သူ၏ လိုအင်ဆန္ဒများ အားလုံး ပြည့်ဝရခြင်းသည် ကြေကွဲဝမ်းနည်းဖွယ်ရာကောင်းသလား ကျွန်ုပ် မသိပါ။ သို့ရာတွင် သူ့ဆရာဝန်ကမူကား 'ကျွန်ုပ် လက်ကို ဆန့်လိုက်ရုံဖြင့် သူ ရူးသွပ်တဲ့ ဝေဒနာကို ပျောက်စေနိုင်မည်ဆိုသော်လည်း ကျွန်ုပ်သည် ပျောက်အောင် မလုပ်ပေးလို၊ ယခုအတိုင်း သူသည် ပို၍ စိတ်ချမ်းသာသည်' ဟု ကျွန်ုပ်အား ပြောလိုက်၏။

လူတစ်စုအနေနှင့် ပြောရလျှင် အရူးများသည် သင်နှင့် ကျွန်ုပ်တို့ထက် ပို၍ စိတ်ချမ်းသာကြသေး၏။ များစွာသော လူတို့သည် ရူးနေသည်ကို နှစ်ခြိုက်ကြ၏။ အဘယ်ကြောင့် မနှစ်ခြိုက်ရမည်နည်း။ သူတို့၏ ခက်ခဲသော ပြဿနာများကို သူတို့ ဖြေကြခြင်းပင် ဖြစ်၏။ သူတို့သည် သင့်အား

၁။ Lady Smith

www.burmeseclassic.com


ဒေါ်လာတစ်သန်းတန် ချက်လက်မှတ်ကို ရေး၍သော်လည်း ပေးလိမ့်မည်။ အာဂါခန် [၁] မင်းသားကြီးထံသို့ မိတ်ဆက်စာတစ်စောင်သော်လည်း ရေးပေးလိမ့်မည်။ သူတို့ နှစ်နှစ်ခြိုက်ခြိုက် အလိုရှိကြသော သူတို့ကိုယ်ကို သူတို့ အထင်ကြီးနေသည့် ဆန္ဒကို ရှူးသွပ်နေစဉ် သူတို့သည် ပြည့်ဝကြရလေသည်။

အကယ်၍ အချို့လူတို့သည် မိမိကိုယ်ကို မိမိ အထင်ကြီးနေသော ဆန္ဒကို ပြည့်ဝရံအတွက် ရူးသွပ်သည့် ဘဝသို့ပင် ကူးပြောင်း ရသည်ဟု ဆိုလျှင် လူတို့အား သူတို့အလိုရှိသော ဆန္ဒများကို မရူးသွပ်ရဘဲနှင့် ပြည့်ဝအောင် သင်နှင့် ကျွန်ုပ်တို့ လုပ်ပေးနိုင်ပါလျှင် အံ့ဩ၍ မကုန်နိုင်သော ကိစ္စများကို ကျွန်ုပ်တို့သည် မည်မျှ ပြီးစီးအောင် လုပ်နိုင်မည်ကို တွေး၍ကြည့်ကြပေတော့။

ကျွန်ုပ် သိရသလောက်မှာ လစာငွေအဖြစ်နှင့် တစ်နှစ်လျှင် ဒေါ်လာငွေ တစ်သန်းရသော သူများသည် လူ့သမိုင်းတွင် နှစ်ယောက်သာရှိသေး၏။ ဝေါလတာ ခရိုက်ဇလာ [၂] နှင့် ချားရှဘ် [၃] တို့ ဖြစ်ကြသည်။

အန်ဒရူး ကာနက်ဂျီ [၄] သည် ချားရှဘ်ကို တစ်နှစ်လျှင် လစာငွေ ဒေါ်လာ တစ်သန်း သို့မဟုတ် တစ်နေ့လျှင် ဒေါ်လာငွေ သုံးထောင်ခန့်ကို အဘယ်ကြောင့် ပေးသနည်း။

ဘာကြောင့်လဲ။

သံမဏိသူဌေး အန်ဒရူး ကာနက်ဂျီသည် ချားရှဘ်ကို တစ်နှစ်လျှင် လစာငွေ ဒေါ်လာ တစ်သန်း ပေးထားခြင်းမှာ ချားရှဘ်သည် ပဂေးတစ်ယောက် ဖြစ်၍လား။ မဟုတ်ပါ။ သို့မဟုတ်လျှင် သံမဏိလုပ်ငန်းကို အခြားသူများထက် ပို၍ နားလည်သောကြောင့်လား။ ဟာ မဟုတ်တာ။ သူ၏ လက်အောက်တွင် သူ့ထက် သံမဏိလုပ်ငန်းကို ပို၍တတ်သော အလုပ်သမား အမြောက်အမြား ရှိသည်ဟု ချားရှဘ်က ကျွန်ုပ်ကို ပြောပြဖူး၏။

ဤလခကို သူရခြင်းသည် အခြားစွမ်းရည်သတ္တိတို့ထက် လူများနှင့် ဆက်ဆံရာ၌ အသုံးချနိုင်သော စွမ်းရည်သတ္တိအတွက်ဖြစ်သည်ဟု ရှဘ်က ပြောပြ၏။ လူများနှင့် မည်ကဲ့သို့ ဆက်ဆံသနည်းဟု သူ့ကို ကျွန်ုပ်က မေး၏။ သူ၏ 'တစ်ခုကောင်း'ကို သူပြောသည့်အတိုင်း အောက်တွင် ပြန်၍ ရေးပြ

---

၁။ The Aga Khan
၂။ Walter Chrysler
၃။ Charles Schwab
၄။ Andrew Carnegie

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ၏။ ထိုစကားများသည် အမေရိကန်ပြည်ရှိ အိမ်တိုင်း ကျောင်းတိုင်း ဆိုင်တိုင်း အလုပ်ရုံတိုင်း၌ တစ်ကမ္ဘာတည် ကြေးနီပြားပေါ်တွင် ထွင်းထားရန် ကောင်းသော စကားများဖြစ်လေသည်။ ဘရာဇီး[၁] နိုင်ငံတွင် မိုးမည်မျှရွာသည်။ လက်တင်ဘာသာ ကြိယာများသည် မည်သို့ပြောင်းလဲသည် စသော စာများကို အချိန်ကုန်ခံ၍ အလွတ်ကျက်နေမည့်အစား ကလေးများ အလွတ်ကျက်ရန် ကောင်းသော စကားများသည် ထိုစကားပင် ဖြစ်လေသည်။

ကျွန်ုပ်တို့ကိုယ်တိုင် ထိုအတိုင်း ကျင့်ဆောင်သွားနိုင်လျှင် ထိုစကားများသည် သင်နှင့်ကျွန်ုပ်တို့၏ နောင်ရေးကို ပြုပြင်ပြောင်းလဲပစ်မည့် စကားများ ဖြစ်၏။

**အလုပ်သမားများကို စိတ်အားတက်ကြွလာအောင် ဆွပေးနိုင်သော ကျွန်ုပ်၏ စွမ်းရည်သည် ကျွန်ုပ် ပိုင်ဆိုင်သမျှထဲတွင် အကြီးဆုံးသော အရည်အချင်းပင် ဖြစ်ပါသည်။ လူတစ်ယောက်အား သူ့၌ရှိသော အကောင်းဆုံး ကို ပြနိုင်အောင် မြှင့်တင်ပေးရန် နည်းလမ်းသည် ချီးမွမ်းခြင်းနှင့် အားပေးခြင်းပင် ဖြစ်ပါသည်။**

**'အထက်လူကြီးများ၏ ပြစ်တင်ကြိမ်းမောင်းခြင်းလောက် လူတစ်ယောက်၏ တက်လမ်းကို အညွန့်တုံးအောင် လုပ်ပစ်သောအရာသည် မရှိ။ ကျွန်ုပ်သည် မည်သူ တစ်စုံတစ်ယောက်ကိုမျှ အပြစ်မတင်။ လူတစ်ယောက်ကို အလုပ်လုပ်ချင်အောင် ပြုလုပ်ပေးခြင်းကို ကျွန်ုပ် ယုံကြည်၏။ ထို့ကြောင့် ကျွန်ုပ်သည် ချီးမွမ်းရန် အချက်ကိုသာရှာ၍ အပြစ်ရှာရန်ကိုကား လွန်စွာ မုန်းတီးခဲ့၏။ ကျွန်ုပ် အကြိုက်နှင့်တွေ့လျှင် စိတ်ရောကိုယ်ပါ ထောက်ခံ၍ ချီးမွမ်းစရာ တွေ့က ရက်ရက်ရောရော ချီးမွမ်းပစ်လိုက်၏'ဟူ၍ ရွှပ်က ပြောပြလိုက် လေသည်။**

ရွှပ်သည် ထိုကဲ့သို့ ကျင့်၏။ ယေဘုယျအားဖြင့် လူတို့သည် ဘယ်လို ကျင့်သလဲ။ ထိုစကားများနှင့် ပြောင်းပြန် ကျင့်ကြကုန်၏။ သူတို့အကြိုက်နှင့် မတွေ့လျှင် အစွမ်းကုန် ဆူပွက်ပစ်၍ အကြိုက်နှင့်တွေ့လျှင် ငြိမ်ငြိမ်နေတတ်၏။

'ကမ္ဘာပေါ်ရှိ များစွာသော အရပ်ဒေသတို့၌ ကျွန်ုပ် ပေါင်းသင်းဆက်ဆံ ခဲ့ရသော လူကြီးလူငယ်များနှင့် များစွာသော လူများထဲတွင် မည်မျှပင် ရာထူးဌာနန္တရ ကြီးမားသောသူပင် ဖြစ်စေကာမူ ကြိမ်းမောင်း ဆူပူနေသည့်

၁။ Brazil

www.burmeseclassic.com

www.burmeseclassic.com



လက်အောက်တွင် လုပ်နေရသည်ထက် ထောက်ခံ ချီးမွမ်းလျက်ရှိသော လက်အောက်တွင် အလုပ်ကို ပို၍ကောင်းအောင်နှင့် ပို၍ အားကြိုးမာန်တက် မလုပ်သောသူကို ယခုထက်တိုင် ရှာမတွေ့သေးပေ'ဟူ၍ ရွှပ်က ပြောဖူး၏။

ထိုအချက်သည် အန်ဒရူး ကာနက်ဂျီ၏ အံ့မခန်းအောင်မြင်ခြင်း၏ ထူးခြားသော အကြောင်းတစ်ရပ် ဖြစ်သည်ဟူ၍ ရွှပ်က ဖွင့်ဟ၍ ပြောပြလေ၏။ ကာနက်ဂျီသည် သူ၏ လုပ်ဖော်လုပ်ဖက်များကို လူများရှေ့တွင်သော် လည်းကောင်း၊ နောက်ကွယ်တွင်သော် လည်းကောင်း ချီးမွမ်း၏။

သေပြီးသည့်နောက်ကာလ၌ပင် ကာနက်ဂျီသည် သူ၏ အလုပ်သမားများကို ချီးမွမ်းလိုသောကြောင့်

'ဤနေရာသည် မိမိထက်ပို၍ လိမ္မာရေးခြားရှိသောသူများကို မိမိအား ကူညီအောင် ဘယ်လိုလုပ်ရမည်ကို သိသူတစ်ဦး၏ သင်္ချိုင်းဖြစ်သည်' ဟူ၍ ကျောက်ပြားတွင် ထွင်းကာ သူ၏ သင်္ချိုင်းဂူတွင် တပ်ဆင်ထား၏။

လူများကို သိမ်းသွင်းရာ၌ ရော့ဖဲလား၏ အောင်မြင်ခြင်းနည်းကောင်း တစ်ရပ်သည် လှိုက်လှိုက်လှဲလှဲ ချီးမွမ်းခြင်းပင် ဖြစ်လေသည်။ ဥပမာပြပါအံ့။ တစ်ခါတုန်းက ရော့ဖဲလား၏ အစုစပ်ပါတနာတစ်ဦးဖြစ်သော အက်ဒွပ် တီ ဘက်ဖို့[၁] သည် တောင်အမေရိကတိုက်တွင် ရေနံတွင်းတစ်ခုကို အဝယ်မှားသောကြောင့် ကုမ္ပဏီသည် ဒေါ်လာတစ်သန်းခန့် ရှုံးခဲ့၏။ ထိုအခါ ရော့ဖဲလားသည် ဘက်ဖို့ကို အပြစ်တင်မည်ဆိုလျှင် တင်နိုင်၏။ သို့ရာတွင် ဘက်ဖို့သည် အစွမ်းကုန် ကြိုးစား၍ ဆောင်ရွက်သည်ကို ရော့ဖဲလားသိသည်နှင့် ဤကိစ္စကို မျက်စိမှိတ်လိုက်၏။ ထိုသို့လုပ်ခြင်းနှင့် မကျေနပ်သေး။ ရော့ဖဲလားသည် ဘက်ဖို့ကို ချီးမွမ်းရန်အချက်ကို တွေ့သည်နှင့် ဘက်ဖို့သည် သူသွင်းထားသော ငွေရင်း၏ ၆၀ ရာခိုင်နှုန်းကို ဆုံးရှုံး၍ မသွားလေအောင် တားထားနိုင်လေသည်ဟူ၍ ချီးကျူး၏။ 'ဒါအတော်ကို နေရာကျတာပဲ၊ တို့တစ်တွေ အစဉ် ဒါလောက်ကောင်းအောင် မလုပ်ဖူးဘူး'ဟူ၍ ရော့ဖဲလားက ပြောလေသည်။

ဘရော့ဒဝေး[၂]အရပ်တွင် လူများ၏ အာရုံကို ညှတ်နိုးအောင် အသုံးတော်ခံလျက်ရှိသော အငြိမ့်ဆရာများထဲတွင်အထင်ရှားဆုံးသော အငြိမ့်ဆရာ ဇစ်ဂဖဲ[၃] သည် အမေရိကန်သူများကို ဂုဏ်မြင့်အောင် အမွှမ်းတင်ပေးနိုင်သည့် စွမ်းရည်

၁။ Edward T. Bedford
၂။ Broadway
၃။ Ziegfeld

www.burmeseclassic.com

www.burmeseclassic.com



သတ္တိကြောင့် သူကိုယ်တိုင် ကျော်စောကိတ္တိ ရရှိလေသည်။ မည်သူတစ်ဦး တစ်ယောက်ကမှ နှစ်ကြိမ် ပြန်၍ မကြည့်ချင်သော အပေါစား မိန်းကလေး များကို မြင်သူတို့ ငေးလောက်အောင် တစ်မျိုးတစ်ဖုံ ပြုပြင်ပြီးလျှင် ဇာတ်စင် ပေါ်သို့ တင်ပေးလိုက်၏။ ချီးမွမ်းထောမနာပြုခြင်းနှင့် မိမိကိုယ်ကို စိတ်ချ ယုံကြည်လာအောင် ပြုလုပ်ပေးခြင်းတို့၏ တန်ဖိုးကို ကောင်းစွာ သိရှိသည် ဖြစ်ရာ သူ၏ အငြိမ့်သမများပေါ်တွင် သူကိုယ်တိုင် မြတ်နိုးခြင်း ညှာတာခြင်း တို့ဖြင့် သူတို့ကိုယ်သူတို့ ချောမွေ့လှပသော မိန်းမများဖြစ်သည်ဟု အထင် ရောက်စေလေသည်။ သူသည် လက်တွေ့သမားတစ်ဦး ဖြစ်သောကြောင့် တနင်္ဂနွေ တစ်ပတ်လျှင် အငြိမ့်သမတစ်ဦးကို ဒေါ်လာငွေ ၃၀ ပေးရာမှ ဒေါ်လာငွေ ၁၇၅ အထိ မြှင့်တင်လိုက်၏။ မိန်းမသားများအပေါ်တွင် အထူး ထောက်ထားသောသဘောဖြင့် ပွဲဦးထွက်ည၏ အစီအစဉ်တွင် ပါဝင်သော အငြိမ့်သမများထံသို့ ကြေးနန်းတစ်စောင် ပို့လေ့ရှိ၏။ အငြိမ့်သမတိုင်းသို့ နာမည်ကျော် အမေရိကန်နှင်းဆီပန်းများကိုလည်း လက်ဆောင်အဖြစ် ပို့စေ၏။

ကျွန်ုပ်သည် တစ်ခါက အစာမစားဘဲနေသည့် ကျင့်စဉ်ကို သဘောကျ သောကြောင့် ခြောက်ရက် အစာမစားဘဲ နေခဲ့၏။ နှစ်ရက်မြောက်သောနေ့တွင် အနည်းငယ်ဆာ၍ ခြောက်ရက်မြောက်သောနေ့တွင် ထိုမျှလောက် မဆာလောင် တော့ချေ။ လူတို့သည် သူတို့၏ သားမယား သို့မဟုတ် လုပ်သားများအား ခြောက်ရက်လောက် ထမင်းမကျွေးဘဲထားမိလျှင် သူတို့ကိုယ်တိုင် ရာဇဝတ်မှု ကြီးကို ကျူးလွန်မိသလောက် အထင်ရောက်ကြကြောင်း သင်တို့ ကျွန်ုပ်တို့ သိရှိကြ၏။

သို့ရာတွင် ထမင်းကို တောင့်တသလောက် တောင့်တသော စိတ်ရော ကိုယ်ပါ ချီးမွမ်းမှုကို လူတို့သည် သူတို့၏ သားမယားကိုသော်လည်းကောင်း၊ လုပ်သားများကိုသော် လည်းကောင်း ခြောက်ရက်၊ တနင်္ဂနွေ ခြောက်ပတ်မျှမက အနှစ် ၆၀ တိုင်အောင်ပင် မပေးဘဲ ထားကြလေသည်။

အယ်ဖရက် လန့်[၁] ဆိုသူသည် 'ရီယူနီယံအင် ဗီယင်နာ' ဆိုသော ပြဇာတ်တွင် ဇာတ်လိုက်ကြီးအဖြစ်ဖြင့် ဝင်ရောက်ကပြရစဉ်က 'ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် အထင်ကြီးစေရန်အတွက် အားဖြည့်မှုလောက် မည်သည့်အရာကိုမျှ ကျွန်ုပ် မလို' ဟူ၍ ထုတ်ဖော်ပြောဖူး၏။ ကျွန်ုပ်တို့သည် အစာအာဟာရကောင်း

၁။ Alfred Lunt
၂။ 'Re-union in Vienna'

www.burmeseclassic.com

www.burmeseclassic.com



များဖြင့် ကျွန်ုပ်တို့၏ ကလေးများ မိတ်ဆွေသင်္ဂဟများနှင့် လုပ်သားများ၏ ကိုယ်ကာယများကို သန်မာထွားကျိုင်းအောင် ပြုလုပ်ပေးကြ၏။ သို့ရာတွင် သူတို့၏ ငယ်နေသော စိတ်များကို ကြီးထွားလာအောင် ဘယ်နှစ်ခါများ လုပ်ပေးဖူးသလဲ။ အားအင် ဖြည့်တင်းရန် ကျွန်ုပ်တို့သည် ထိုသူများအား အမဲသားကင်နှင့် အာလူးကို ပေးခဲ့ကြ၏။ သို့ရာတွင် အရဏ်တက်တွင် မြင်ရသော ကြယ်တာရာများသည် လူတို့၏ နှလုံးကို နှစ်သိမ့်စေသကဲ့သို့ သူတို့၏ မှတ်ဉာဏ်တွင် နှစ်ပရိစ္ဆေဒပေါင်းများစွာ နှစ်သိမ့်စေနိုင်သည့် ထောက်ထား ညှာတာသော ချီးမွမ်းစကားများကိုကား ထိုသူများကို ပေးရန် ကျွန်ုပ်တို့ မေ့နေကြလေသည်။

အချို့ စာဖတ်သူတို့က 'ဒီမြှောက်လုံးပင့်လုံးတွေဟာ ရိုးနေပါပြီကွာ၊ ဒါတွေ ငါစမ်းဖူးပါတယ်၊ လူနပ်လူပါးတွေကိုတော့ စမ်းလို့မရပါဘူး'ဟူ၍ ယခုလောက်ရှိလျှင် ပြောနေရော့မည်။

ဟုတ်ပါတယ်။ မြှောက်လုံး ပင့်လုံးများနှင့် ပါးနပ်သော လူများအပေါ်တွင် စမ်း၍ မရပါ။ မြှောက်လုံး ပင့်လုံးများကို ပြောသူများသည် စိတ်ထဲက ပါ၍ ပြောသူများ မဟုတ်။ ထိုသူတို့သည် ကိုယ်ကျိုးရှာသမားများသာ ဖြစ်ပါသည်။ မြှောက်လုံးပင့်လုံးသာ မှန်လျှင် စမ်း၍ မရသင့်ရုံသာမက များသောအားဖြင့် စမ်း၍ မရသည်သာများ၏။ အချို့သူများသည် အချီးမွမ်း ခံချင်လွန်းသောကြောင့် ဘယ်လိုမြှောက်မြှောက် ဘယ်လိုပင့်ပင့် ငတ်ပြတ်နေသော လူတစ်ယောက်သည် မြက်နှင့် တီကိုပင် ဝါးစားသကဲ့သို့ မြှောက်သမျှ ပင့်သမျှကို ကြိုက်သည်ကား မှန်၏။

သက်သေပြပါအံ့။ မကြာခဏ လက်ထပ်ကြသော ဒီဗာနီညီနောင်[၁] တို့သည် အဘယ်ကြောင့် မယားအရ ကံကောင်းကြပါသလဲ။ မင်းသားများဟု အမည်တွင်သည့် ထိုညီအစ်ကိုနှစ်ဦးသည် ကျော်ကြားထင်ရှားသော ရုပ်ရှင် မင်းသမီး နှစ်ဦး၊ ကမ္ဘာကျော် ဇာတ်သမကြီးတစ်ဦးနှင့် သန်းပေါင်းများစွာ ချမ်းသာသော ဘာဘရာ ဟတ်တန်[၂] တို့ကို အဘယ်ကြောင့် ရအောင် ယူနိုင် ကြပါသနည်း။ အဘယ်ကြောင့်နည်း။ ဤသို့ ရအောင် သူတို့သည် မည်ကဲ့သို့ လုပ်ကြသနည်း။

---

၁။ Mdivani Brothers

၂။ Barbara Hutton

www.burmeseclassic.com

www.burmeseclassic.com



သို့ပင် ဖြစ်လင့်ကစား တစ်နေ့လျှင် ၂၄ နာရီရှိသည့်အနက် သူတစ်ပါး၏ အကျိုးကို စာဖတ်သူသည် ဘယ်နှစ်နာရီ ဆောင်ရွက်ခဲ့သနည်း။ သို့ဆောင်ရွက်ရန် စိတ်ကူးမိရဲ့လား။ ဒေးလ်ကာနက်ဂျီ ပြောသကဲ့သို့ ကျွန်တော်တို့သည် ၂၄ နာရီရှိသည့်အနက် အိပ်သည့် ၈ နာရီကို နှုတ်၍ ကျန် ၁၆ နာရီတွင် ကျွန်တော်တို့၏ ကိုယ်ကျိုးကိုယ့်စီးပွား 'ငါ' 'ငါ' 'ငါ' ကိုသာ စဉ်းစားခဲ့ကြ၍ ကိုယ်ကျိုးကိုယ့်စီးပွားကိုသာ ရှာဖွေခဲ့ကြသည် မဟုတ်ပါလော။

ဤကဲ့သို့ ပြုလုပ်နေကြခြင်းသည် လက်လှမ်း၍မီသော အဖိုးအနဂ္ဃထိုက်တန်သည့် နည်းကောင်းကို သတိမမူဘဲ လျစ်လျူရှုထားခြင်းပင်ဖြစ်ပေရာ စာဖတ်သူတိုင်းအား ထိုနည်းကောင်းများကို လှမ်းမယူချင် ယူချင်အောင် ဤစာအုပ်ထူး တစ်အုပ်လုံးတွင် ထုံးဟောင်း သက်သေသာကေများဖြင့် တန်ဆာဆင်ထားလေသည်။

ဤစာအုပ်ထူးကို အသင်းသားများ မြန်မြန်ဖတ်စေချင်သော စေတနာ၏ တိုက်တွန်းချက်ကြောင့်သာ အချိန်အလင့်မခံနိုင်ဘဲ ခပ်မြန်မြန် ဘာသာပြန်ပေးလိုက်ခြင်း ဖြစ်ပေသည်။ စင်စစ်မှာ ထိုစာအုပ်ထူးကို မူလလက်ရာမပျက်ဘဲ မြန်မာလို ပြန်ဆိုနိုင်ရန် အရည်အချင်း ကျွန်တော်၌ မရှိချေ။ သို့ရာတွင် ခြေလျင်ဦးအုန်းခင်၏ အလွန်အဖိုးတန်သော အကြံဉာဏ်ပေးချက်များ၊ ပြင်ဆင်ချက်များကြောင့် ဘာသာပြန် မူလလက်ရာနှင့် နီးကပ်နိုင်သလောက် နီးကပ်လာသဖြင့် ကျေနပ်ဖွယ်ရာ ရှိပါကြောင်း။ ဤကဲ့သို့ ဂရုတစိုက် ကူညီသည့် အတွက်လည်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

ထို့ပြင်လည်း ဤစာအုပ်ကို စာအုပ်ကောင်းတစ်ခုဖြစ်မြောက်စေရန် စေတနာနှင့် ဝိုင်းဝန်းကူညီကြသော မိတ်သင်္ဂဟ တို့ကိုလည်း ကျေးဇူးအထူးတင်လျက် ရှိပါကြောင်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



'ဒီဗာနီ ညီအစ်ကိုတို့၏ မိန်းမတွေကို စွဲစေသောမက်လုံးသည် အဘယ် အရာများ ဖြစ်ပါသနည်း'ဟူသော ပြဿနာမှာ များစွာသောလူတို့ နှစ်ပေါင်း များစွာ မဖြေနိုင်သော ပြဿနာတစ်ရပ်ပင် ဖြစ်လေသည်။

ကမ္ဘာကြီးနှင့် ယောကျ်ားများအကြောင်းကို ကောင်းစွာ သိကျွမ်းပါးနပ်ပြီး ဖြစ်သူ နိုင်ငံကျော်ရုပ်ရှင်မင်းသမီး ပိုလာ နီဂရီသည် ထိုပြဿနာကို ကျွန်ုပ် အား တစ်ခါက ဖြေရှင်းပြဖူး၏။ ပိုလာ နီဂရီ[၁] က 'ကျွန်မတွေ့ဖူးသော ယောကျ်ားတွေထက် သူတို့ ညီအစ်ကို နှစ်ယောက်ဟာ တစ်ဖက်သားကို မြှောက်ပင့်တဲ့အတတ်ကို ပိုပြီး ကျွမ်းကျင်ကြတယ်၊ ယခုလို အစစ်အမှန်ကို လိုက်နေတဲ့ ခေတ်ကြီးထဲမှာ မြှောက်ပင့်တတ်တဲ့ အတတ်ဟာ ကွယ်ပျောက် သလောက် ဖြစ်နေတယ်၊ ဒီလို မြှောက်ပင့်တတ်တဲ့ အစွမ်းဟာ ဒီဗာနီ ညီအစ်ကိုတို့၏ မိန်းမများကို စွဲစေသည့် မက်လုံးများဖြစ်ကြောင်းကို ကျွန်မ အမှန်သိတယ်'ဟု ထုတ်ဖော် ပြောပြသည်ဟူ၍ အဒီလာ ရော်ဂျား စိန့်ဂျွန်[၂] ဆိုသူက လစ်ဘာတီ[၃] မဂ္ဂဇင်း၏ ဆောင်းပါးတစ်ခုတွင် ထုတ်ဖော် ရေးသား ခဲ့ဖူးလေသည်။

ဝိတိုရိယဘုရင်မကြီး[၄] ပင်လျှင် အမြှောက်ကြိုက်၏။ ဘုရင်မကြီးနှင့် ဆက်သွယ်ရာ၌ အလွန်အကျူး မြှောက်ပင့်ခဲ့သည်ဟူ၍ ဒစ်ဇရေလီ[၅] က ဝန်ခံ၏။ 'ကျွန်ုပ်သည် အားရပါးရ မြှောက်ပင့်သည်' ဆိုသော စကားသည် ဒစ်ဇရေလီ ကိုယ်တိုင် ဝန်ခံသောစကားကို မူရင်းအတိုင်း ပြန်၍ ရေးသားလိုက်ခြင်းဖြစ်၏။ ဒစ်ဇရေလီသည် ကျယ်ပြန့်လှသော ဗြိတိသျှနိုင်ငံတော်ကြီး[၆] ကို အုပ်စိုးခဲ့ဖူး သော လူများထဲတွင် အယဉ်ကျေးဆုံး အကျွမ်းကျင်ဆုံး အပါးနပ်ဆုံး ပုဂ္ဂိုလ် တစ်ဦး ဖြစ်လေသည်။ သူ့လုပ်ငန်းမျိုးတွင် သူသည် ပဂေးတစ်ဆူဖြစ်၏။ မြှောက်ပင့်ခြင်းသည် အကျိုးရှိရန်ထက် ဘေးတွေ့ရန်က ပို၍ များလေသည်။ မြှောက်ပင့်ခြင်းသည် အစစ်မဟုတ် အတုမျှသာ ဖြစ်၏။ ငွေဒင်္ဂါးတုကို သုံးမိ သကဲ့သို့ သင့်ကို နောက်ဆုံး၌ ဘေးတွေ့အောင် လုပ်မည်ဖြစ်၏။

ချီးမွမ်းခြင်းနှင့် မြှောက်ပင့်ခြင်းတို့သည် ဘယ်ကဲ့သို့ ခြားနားကြသနည်း။ အဖြေသည် အလွယ်ကလေးပင် ဖြစ်၏။ ချီးမွမ်းခြင်းသည် ရိုးဖြောင့်၏။ မြှောက်ပင့်ခြင်းသည် မရိုးဖြောင့်။ ချီးမွမ်းခြင်းသည် ဝမ်းထဲ စိတ်ထဲမှ ထွက်

---

၁။ Pola Negri
၂။ Adela Rogers St. Johns
၃။ Liberty
၄။ Queen Victoria
၅။ Disraeli
၆။ British Empire

www.burmeseclassic.com

www.burmeseclassic.com



လာ၏။ မြှောက်ပင့်ခြင်းသည် နှုတ်ဖျားမှ ထွက်လာ၏။ ချီးမွမ်းခြင်းသည် အချီးမွမ်းခံရသူအတွက် အကျိုးဖြစ်ရန် ရည်စူး၏။ မြှောက်ပင့်ခြင်းမှာမူကား မြှောက်ပင့်သူအတွက်သာ အကျိုးဖြစ်ရန် ရည်စူး၏။ ချီးမွမ်းခြင်းကို အားလုံးသော လူများသည် မြတ်နိုးကြ၏။ မြှောက်ပင့်ခြင်းကို စက်ဆုပ်၏။

မက္ကစီကိုမြို့တော်[၁] ရှိ ချပူးတီးပက် နန်းတော်[၂] အတွင်း၌ ဂျင်နရယ်အိုဗရီဂွန်[၃] ၏ ကိုယ်ထက်ဝက်ရုပ်တစ်ခုကို တွေ့မိ၏။ ထိုအရုပ်အောက်တွင် 'သင့်ကို ဝိုင်းတိုက်သော ရန်သူများကို မကြောက်ပါနှင့်၊ သင့်ကို ဝိုင်းမြှောက်နေသော မိတ်ဆွေများကို ကြောက်ပါ' ဟူသော အိုဗရီဂွန်၏ အယူအဆစာလုံးများကို ထွင်းထားလေသည်။

ကျွန်ုပ်သည် မြှောက်ပင့်ရမည်ဆိုသော အကြံကို သင်တို့ကို ပေးနေသည် မဟုတ်ပါ။ ဤလို အကြံမျိုးကို ပေးရန်ဝေးလေစွ။ လူများနှင့် ဆက်ဆံပေါင်းသင်းရာ၌ အသုံးပြုရန် နည်းသစ်နည်းကောင်းတစ်ခု အကြောင်းကိုသာ ကျွန်ုပ် ပြောနေခြင်း ဖြစ်ပေသည်။ တစ်ကြိမ်ထပ်၍ ပြောပါရစေ။ 'လူများနှင့် ဆက်ဆံ ပေါင်းသင်းရာ၌ အသုံးပြုရန် နည်းသစ်နည်းကောင်းတစ်ခု အကြောင်းကိုသာ ကျွန်ုပ် ပြောနေခြင်း ဖြစ်ပါသည်။'

ပဥ္စမဂျော့ဘုရင်[၄] သည် ဘတ်ကင်ဟမ်နန်းတော်[၅] တွင်းရှိ သူ့အလုပ်လုပ်သော အခန်း၏နံရံပေါ်တွင် စကားပုံခြောက်ခုကို ရေးဆွဲထား၏။ ယင်းတို့အနက် တစ်ခုသည် 'အပေါစား ချီးမွမ်းခြင်းကို ကျွန်ုပ်ကိုယ်တိုင် ခံယူရန်သော်လည်းကောင်း၊ ကျွန်ုပ်က ပေးရန်သော်လည်းကောင်း ကျွန်ုပ်အား မသင်ကြပါနှင့်' ဟူ၍ပင် ဖြစ်လေသည်။ အပေါစားချီးမွမ်းခြင်းဆိုသည်မှာ မြှောက်ပင့်ခြင်းပင် ဖြစ်၏။ တစ်ဖန်ပြန်၍ ဖော်ပြရန်ကောင်းသော မြှောက်ပင့်ခြင်း၏ အဓိပ္ပာယ် အရှည်ကောက်ကို ကျွန်ုပ်သည် တစ်ခါက ဖတ်ရဖူး၏။ 'မြှောက်ပင့်ခြင်းသည် မြှောက်ပင့်ခံရသူအား သူ့ကိုယ်ကို သူထင်နေသည့် အထင်အတိုင်း တသဝေမတိမ်း ပြောပြခြင်းဖြစ်လေသည်'။

'သင်သည် မည်သည့်စကားကို ပြောပြော သင့်အကြောင်းကလွဲ၍ အခြားအကြောင်းကိုမပြောနိုင်ချေ' ဟူ၍ ရပ် ဝေါဒို အီမာဆန်[၆] ကပြောပြဖူး၏။

၁။ Mexico City
၂။ Chapultepec Palace
၃။ General Obregon
၄။ King George V
၅။ Buckingham Palace
၆။ Ralph Waldo Emerson

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ လုပ်ရန် အလုပ်သည် မြောက်ပင့်ရုံသာဆိုလျှင် လူတိုင်း ထိုအလုပ်ကို လုပ်ကြပြီးသော် ကျွန်ုပ်တို့အားလုံးသည် ပေါင်းသင်းဆက်ဆံရေး လုပ်ငန်းတွင် အထူးနှံ့စပ် ကျင်လျှင်သူများချည်း ဖြစ်နေကြပေမည်။

ကျွန်ုပ်တို့သည် ပြဿနာတစ်ခုခုကို စဉ်းစား၍ မနေသောအခါများတွင် ကျွန်ုပ်တို့ပိုင် အချိန်၏ ၉၅ ရာခိုင်နှုန်းကို ကျွန်ုပ်တို့၏ အကြောင်းကိုသာ စဉ်းစားနေခြင်းဖြင့် အချိန်ကုန်လွန်ကြစေ၏။ အကယ်၍ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အကြောင်းကိုသာ တွေးတောနေခြင်းကို ခေတ္တ ခဏမျှလောက် ရပ်စဲ၍ အခြားသော သူများ၏ ကောင်းသောအချက်များကို စတင်စဉ်းစားမိပါလျှင် ပါးစပ်က မထွက်မိကပင် မြောက်လုံးပင့်လုံးများ ဖြစ်ကြောင်းကို ကြိုတင်၍ သိနိုင်သော အဖိုးမတန်၍ မဟုတ်မမှန်သည့် အမြောက်အပင့်တို့ကို အသုံးပြုရသော အခြေသို့ ကျွန်ုပ်တို့ ဆိုက်ရောက်ကြမည် မဟုတ်ပေ။

'ကျွန်ုပ်တွေ့ရသော လူတိုင်းတို့သည် တစ်နည်းနည်းဖြင့် ကျွန်ုပ်ထက်သာသောသူများဖြစ်သည်ဟု မှတ်လိုက်၏။ သို့မှသာ ကျွန်ုပ်သည် ထိုသူများ၏ အကြောင်းကို သိနိုင်၏'ဟု အီမာဆန်က ပြောဖူးလေသည်။

ဤစကားသည် အီမာဆန်လို ပညာရှိကြီးတစ်ဦးအဖို့ မှန်ကန်ခဲ့လျှင် သင်နှင့် ကျွန်ုပ်တို့အဖို့ အဆပေါင်းတစ်ထောင်လောက် ပို၍ မမှန်ပေဘူးလား။ ကျွန်ုပ်တို့ အောင်မြင်ခဲ့သည့် အရာများနှင့် ကျွန်ုပ်တို့ လိုလားတောင့်တချက်များကိုသာ တွေးတောခြင်းကို ရပ်စဲကြပါစို့။ အခြားလူများ၏ ကောင်းသောအချက်များကိုလည်း ကြိုးစား၍ ရှာဖွေကြပါစို့။ ထိုသို့ရှာပြီးသောအခါ မြောက်လုံး ပင့်လုံးများကို မေ့ပစ်ကြပါစို့။ ရိုးသားဖြောင့်မှန်၍ စိတ်ထဲကပါသော ချီးမွမ်းခြင်းကို ပြုပါလေ။ ထောက်ခံရန်ကိစ္စပေါ်လာလျှင် 'စိတ်ရောကိုယ်ပါ ထောက်ခံ၍ ချီးမွမ်းစရာရှိလျှင် ရက်ရက်ရောရော ချီးမွမ်းပါ။ ထိုအခါ လူတို့သည် သင်၏ စကားများကို အလေးအမြတ်ပြု၍ ဆည်းပူးထားကြပြီးလျှင် ထိုစကားတို့ကို သင်ကိုယ်တိုင် မေ့သွားသော်လည်း ထိုလူများက မူကား သက်ဆုံးတိုင် အကြိမ်ကြိမ် အဖန်ဖန် ပြောဆိုသုံးစွဲလျက် ရှိကြမည် ဖြစ်၏။'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃

## တစ်ကမ္ဘာလုံး လိုက်အံ့

**အကြင်သူသည် ဤကိစ္စကို ဆောင်ရွက်နိုင်အံ့၊ ထိုသူ၏ နောက်သို့ တစ်ကမ္ဘာလုံး လိုက်အံ့။ အကြင်သူသည် ဤကိစ္စကို မဆောင်ရွက်နိုင်၊ ထိုသူသည် တစ်ယောက်တည်း နေရအံ့။**

နွေရာသီတိုင်း ကျွန်ုပ်သည် မိန်း[၁] ပြည်နယ်သို့ ငါးမျှားရန် တက်သွား၏။ ကျွန်ုပ်သည် ရှမ်းဆီးသီး[၂] နှင့် မလိုင်ကို နှစ်သက်၏။ သို့ရာတွင် ငါးများသည် အကြောင်းထူးတစ်ခုကြောင့် တီကောင်များကိုသာ ကြိုက်နှစ်သက်သည်ကို တွေ့ရ၏။ ထို့ကြောင့် ငါးမျှားရန် သွားသောအခါ ကျွန်ုပ်သည် ကျွန်ုပ် နှစ်သက်သည့် အစာကို မစဉ်းစားချေ။ ငါးများကြိုက်သည့် အစာအကြောင်းကိုသာ စဉ်းစားလေသည်။ ကျွန်ုပ်သည် ငါးများကို ရှမ်းဆီးသီး မလိုင်တို့ဖြင့် မမျှားချေ။ ကျွန်ုပ်သည် တီကောင် သို့မဟုတ် နှံကောင်ကို ငါးရှေ့တွင် လှုပ်ပြပြီးနောက် 'မင်းတို့ ဒါကို မစားချင်ဘူးလား' ဟုသာ မေးလေသည်။

လူများကို မျှားသည့်အခါတွင်လည်း အဘယ့်ကြောင့် ဤနည်းကို မလိုက်ဘဲ နေရမည်နည်း။

ဤနည်းသည်လွိုက်ဂျော့[၃]၏ လက်သုံးဖြစ်၏။ ဝီလဆန်၊အော်လန်ဒို[၄]၊ ကလီးမင်းဆော[၅] စသော ကမ္ဘာစစ်ကြီးအတွင်းက ထင်ရှားခဲ့သည့် ခေါင်းဆောင်

၁။ Maine
၂။ Strawberry
၃။ Lloyd George
၄။ Orlando
၅။ Clemenceau

www.burmeseclassic.com

www.burmeseclassic.com



ကြီးများသည် လူအများ၏ ဖယ်ရှားမေ့လျော့ခြင်းခံရသည့်တိုင်အောင် လွှိုက်ဂျော့မှာမူကား ခေါင်းဆောင်ဖြစ်မြဲ ဖြစ်လျက်ရှိသည်။ ထိုသို့ အဘယ်ကြောင့်ဖြစ်ရသနည်းဟု သူ့ကို တစ်စုံတစ်ယောက်သောသူက မေးသောအခါ 'ဤကဲ့သို့ဖြစ်ရခြင်းမှာ အကြောင်းတစ်ကြောင်းကြောင့်ဟု ဆိုလျှင် ထိုအကြောင်းသည် ဘယ်ငါးသည် ဘယ်အစာနှင့် မျှားရမည်ဟူသော အတတ်ကို တတ်ထားသော အကြောင်းပင် ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်'ဟု လွှိုက်ဂျော့က ပြန်ပြောဖူး၏။

ကျွန်ုပ်တို့ ဘာကို အလိုရှိသည်ကို အဘယ်ကြောင့် ပြောနေမည်လဲ။ ဤသို့ ပြောခြင်းသည် ကလေးကလားနိုင်၏။ ရယ်စရာ ကောင်း၏။ စင်စစ်မှာ သင်သည် သင်အလိုရှိသော အရာများ၌သာ စိတ်ဝင်စားနေ၏။ အမြဲတမ်း စိတ်ဝင်စားလျက် ရှိ၏။ သို့ရာတွင် သင်စိတ်ဝင်စားသောအရာကို သင်ကလွဲ၍ မည်သူမျှ စိတ်မဝင်စားချေ။ သင်ကလွဲ၍ ကျန်ရှိသော အားလုံးလူတို့သည် သင်ကဲ့သို့ပင် ကိုယ်အလိုရှိရာ၌သာ စိတ်ဝင်စားလျက် ရှိကြ၏။

ထို့ကြောင့် အခြားလူတစ်ဦးကို ကိုယ့်ဘက်ပါအောင် ဆွဲရန်အတွက် ဗမ္ဘာပေါ်တွင် တစ်ခုတည်းသောနည်းလမ်းသည် ထိုလူအလိုရှိသောအရာကို ပြော၍ ထိုအရာကို ရအောင် ဘယ်လိုလုပ်ရမည်ကို ပြပေးခြင်းပင် ဖြစ်လေသည်။

မနက်ဖြန်တွင် တစ်ဦးတစ်ယောက်အား တစ်စုံတစ်ရာကို လုပ်အောင် ခိုင်းချင်သောအခါ ဤအချက်ကို သတိရပါစေ။ ဆိုကြပါစို့။ သင်၏သားကို ဆေးလိပ်မသောက်စေလိုလျှင် ဆေးလိပ်မသောက်ရန် သူ့ကို သွား၍ တရားမဟောပါနှင့်။ ဆေးလိပ်သောက်ခြင်းဖြင့် သူဝါသနာပါသော ဘေ့စ်ဘောကိုသော်လည်း ကောင်းစွာမကစားနိုင်၊ ကိုက်တစ်ရာပြေးပွဲကိုသော်လည်း နိုင်တော့မည်မဟုတ်ကြောင်း သူ သိအောင် ပြပါ။

ကလေးသူငယ်များနှင့်သော်လည်းကောင်း၊ နွားကလေးများနှင့်သော်လည်းကောင်း၊ လူဝံနှင့်သော်လည်းကောင်း မည်သူနှင့်မဆို ဆက်ဆံရာ၌ ဤနည်းသည် လိုက်နာရန်ကောင်းသော နည်းတစ်နည်းဖြစ်လေသည်။ သက်သေပြပါအံ့။ ရပ်ဝေါ်ဒိုအီမာဆန်နှင့် သူ၏သားသည် တစ်နေ့သ၌ နွားကလေးတစ်ကောင်ကို ကျီတစ်ခုတွင်းသို့ သွင်းရန်ကြိုးစားကြ၏။ သို့ရာတွင် ကိုယ်အလိုရှိသည့်အရာကိုသာ စဉ်းစားတတ်သည့် လူအများ မှားယွင်းနေကြသော အပြစ်ကို သူတို့နှစ်ဦး ကျူးလွန်နေကြ၏။ သူ့သားက နွားကလေးကို ရှေ့ကနေ၍ဆွဲပြီးနောက် အီမာဆန်က နောက်ကနေ၍ အတင်းတွန်းပေး၏။ သို့ရာတွင် နွားကလေး

www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူကြိုက်သည့်အရာကိုသာ သူ လုပ်လျက်ရှိ၏။ အဘယ့်ကြောင့်ဆို သော် သူလည်း သူကြိုက်သည့်အရာ၌သာ စိတ်ဝင်စားလျက်ရှိသောကြောင့် တည်း။ ထို့ကြောင့် သူသည် ခြေကိုတောင့်ထားပြီးလျှင် သူစားနေသော စားကျက်မှ ထွက်မသွားဘဲ အတင်းရုန်းကန်နေ၏။ သားအဖနှစ်ယောက် အခက်ကြုံနေသည်ကို အိုင်ယာလန်ပြည်သူ အစေခံမသည် မြင်၏။ ထိုအစေခံမ သည် အီမာဆန်ကဲ့သို့ ဆောင်းပါးများနှင့် စာအုပ်များကို မရေးတတ်။ သို့ရာတွင် အဖျင်းဆုံး ထိုအချိန်အခါ၌ နွားအကြောင်းကို သားအဖနှစ်ယောက် ထက် ပို၍သိ၏။ ထိုအစေခံမသည် နွားကလေး ဘာကြိုက်သည်ကို တွေးမိ၏။ ထို့ကြောင့် မိခင်တို့၏ ယုယခြင်းမျိုးဖြင့် နွားကလေး၏ ပါးစပ်ထဲသို့ သူ့လက်ညှိုးကို ထည့်လိုက်၏။ ထို့နောက် အစေခံမသည် ကျီထဲကို ရှေ့က လျှောက်၍ဝင်လာရာ နွားကလေးသည် လက်ကိုစုပ်ရင်း နောက်က ထက်ကြပ် မကွာ ဝင်လိုက်လာ၏။

မွေးသည့်နေ့မှစ၍ သင်လုပ်သမျှအလုပ်တို့သည် တစ်စုံတစ်ခုကို လိုချင် သောကြောင့် ဖြစ်သည်။ သို့ဖြစ်လျှင် ရက် ခရော့[၁] သူနာပြုတပ်သို့ ဒေါ်လာငွေ တစ်ရာကို သင်လှူလိုက်သောအခါတွင်လည်း တစ်စုံတစ်ခုကို အလိုရှိသောကြောင့် ပင်လောဟု မေးစရာရှိ၏။ ဟုတ်ကဲ့။ ဤအလုပ်သည်လည်း အခြား အလုပ် များကဲ့သို့ပင် တစ်စုံတစ်ခုကို လိုချင်၍ပင် ဖြစ်၏။ သင်သည် ရက်ခရော့ သူနာပြုတပ်ကို ဒေါ်လာငွေတစ်ရာ လှူလိုက်ခြင်းသည် ဝေဒနာခံစားရသူများ အား ကူညီထောက်ပံ့ခြင်းဖြင့် ကိုယ်ကျိုးမငဲ့ဘဲ မြင့်မြတ်သော အလုပ်ကို လုပ်ချင်သောကြောင့်ပင် ဖြစ်သည်။

'ကျွန်ုပ်၏ ဆင်းရဲနွမ်းပါးဆုံးသော ဤညီအစ်ကိုတစ်စုကို ပြုစုခြင်းသည် ကျွန်ုပ်ကို ပြုစုခြင်းကဲ့သို့ပင် ဖြစ်သည်။'*

ဤကဲ့သို့ မြင့်မြတ်သောအလုပ်ကို လုပ်လိုသော ဆန္ဒ၏ ပြေငြိမ်းမှုထက် ဒေါ်လာငွေ တစ်ရာကို ပို၍ မက်မောပါလျှင် ထိုဒါနကို သင်လုပ်ဖြစ်မည်မဟုတ်။ ဟုတ်ကဲ့။ အလှူငွေ မထည့်ဘဲနေရမည်ကို ရှက်၍သော်လည်းကောင်း၊ သင်၏ ဖောက်သည်တစ်ဦးဦးက ထည့်လိုက်ပါဟူ၍ တိုက်တွန်းသောကြောင့်သော် လည်းကောင်း ထိုဒါနကို သင်လုပ်လိုက်ရသည်ဆိုပါစို့။ ဘယ်လိုနည်းနှင့်ပင် လုပ်လုပ် သင်သည် တစ်စုံတစ်ခုကို အလိုရှိ၍ လှူသည်ဆိုသောစကားသည် မမှားနိုင်။

---

၁။ The Red Cross

* ခရစ်ယာန် သမ္မာကျမ်းစာမှ ကောက်နုတ်ချက်

www.burmeseclassic.com

www.burmeseclassic.com



'တစ်ဖက်သားအပေါ် ဩဇာညောင်းအောင် လုပ်နည်း'[၁] စာအုပ်ထဲတွင် 'အလုပ်သည် ကျွန်ုပ်တို့၏ အရင်းခံဆန္ဒမှ ပေါက်ဖွားလာလေသည်။ အလုပ်၌ဖြစ်စေ၊ အိမ်၌ဖြစ်စေ၊ ကျောင်း၌ဖြစ်စေ၊ နိုင်ငံရေး၌ဖြစ်စေ တစ်ဖက်သားကို မိမိဘက်သို့ပါအောင် ဆွဲငင်လိုသည့်သူများသို့ပေးရန် အကောင်းဆုံးသော အကြံတစ်ခုမှာ 'တစ်ဖက်သား၏စိတ်ထဲတွင် ပြင်းပြသောဆန္ဒတစ်ခု ဖြစ်ပေါ်လာအောင် ရှေးဦးစွာ ဆွပေးပါ' ဖြစ်၏။ အကြင်သူသည် ဤကိစ္စကို ဆောင်ရွက်နိုင်အံ့၊ ထိုသူ၏ နောက်သို့ တစ်ကမ္ဘာလုံးလိုက်အံ့။ အကြင်သူသည် ဤကိစ္စကို မဆောင်ရွက်နိုင်၊ ထိုသူသည် တစ်ယောက်တည်း နေရအံ့'ဟူ၍ ပရော်ဖက်ဆာ ဟယ်ရီ အေ အိုဗာစထရိ[၂] က ရေးသားထားလေသည်။

ဆင်းရဲစဉ်က တစ်နာရီလျှင် ၂ ဆင့်ကျနှင့် အလုပ်စ၍လုပ်ရသော်လည်း နောက်ဆုံး၌ ဒေါ်လာပေါင်းသုံးရာခြောက်ဆယ့်ငါးသန်းကို လှူသွားသော စကော့လူမျိုး အန်ဒရူး ကာနက်ဂျီသည် လူတို့ကို ကိုယ့်ဘက်ပါအောင် ဆွဲငင်ရန်အတွက် တစ်ခုတည်းသောနည်းသည် ထိုသူတို့အား သူတို့၏လိုဘတ်ကို ပေးခြင်းသာဖြစ်ကြောင်း ငယ်ရွယ်စဉ်ကပင် နားလည်ခဲ့၏။ သူသည် ကျောင်းတွင် ၄ နှစ်သာ စာသင်ခဲ့ဖူး၏။ သို့သော်လည်း လူများကို အုပ်ထိန်းသည့်နည်းကို နားလည်၏။

ရှင်းဦးအံ့။ သူ၏ ခယ်မတစ်ယောက်သည် သားနှစ်ယောက်အတွက် အတော်ပင် ရတက်ပွေလျက်ရှိ၏။ သူတို့သည် ယေး ယူနီဗာစီတီတွင် စာသင်လျက်ရှိကြ၏။ ကျောင်းတွင် သူတို့၏ ကိစ္စများနှင့် သူတို့ အလုပ်ရှုပ်လျက်ရှိရာ အိမ်သို့ စာလည်းမရေးနိုင်။ သူတို့မိခင်က စိုးရိမ်ကြောင့်ကြပြင်းပြစွာနှင့် ရေးသားလိုက်သော စာများကိုလည်း ဂရုစိုက်၍ စာမပြန်နိုင်ချေ။

ထိုအခါ စာပြန်ပါဟု မမှာရဘဲနှင့် ချက်ချင်း စာပြန်ရစေမည်ဟု ကာနက်ဂျီသည် အခြားလူတစ်ဦးနှင့် ဒေါ်လာတစ်ရာကြေး အလောင်းအစား လုပ်ပြီးလျှင် ထိုသူငယ်များထံသို့ မာကြောင်းသာကြောင်း စာတစ်စောင် ရေးသား၍ သူတို့အဖို့ ဒေါ်လာငွေ ငါးကျပ်တန် စက္ကူတစ်ချပ်စီပို့လိုက်ကြောင်း စာ၏ အောက်နားက အမှတ်တမဲ့ ထပ်၍ ရေးထည့်လိုက်၏။

သို့ရာတွင် စာအိတ်ထဲတွင် ငွေစက္ကူများကို မထည့်လိုက်ချေ။

၁။ Influencing Human Behaviour

၂။ Professor Harry A. Overstreet

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ကြင်နာစွာ ရေးပေးလိုက်သော စာအတွက် 'ချစ်လှစွာသော ဦးလေးကြီး အန်ဒရူး' ကို ကျေးဇူးတင်ကြောင်း အစရှိသော စာများ ပြန်လာလေသည်။ စာထဲတွင် အခြားမည်သည့်အကြောင်းများ ပါရှိဦးမည်ကို သင်တွေး၍သာ ကြည့်ပေတော့။

မနက်ဖြန်တွင် လူတစ်ဦးတစ်ယောက်ကို တစ်စုံတစ်ရာလုပ်ရန် သင်စေခိုင်းချင်လိမ့်မည်။ ဤသို့ မခိုင်းမီ ခေတ္တရပ်၍ 'သူ လုပ်ချင်အောင် ငါ ဘယ်လိုခိုင်းရပါ့မလဲ' ဟု ကိုယ့်ကိုယ်ကို ပြန်မေးပါ။

အခြားလူများအား မိမိ၏ လိုအင်ဆန္ဒကိုသာ ဇွတ်တရွတ်လေကုန်ခံ၍ ပြောခြင်းမှ ထိုမေးခွန်းသည် ကျွန်ုပ်ကို တားမြစ်ပေလိမ့်မည်။

တစ်ရာသီလျှင် ညပေါင်း ၂၀ ကျ ကျွန်ုပ်တို့၏ ဟောပြောပွဲများကို ကျင်းပရန် နယူးယောက်မြို့ရှိ ဟိုတယ်တစ်ခု၏ ကပွဲခန်းမကြီးကို ငှားထား၏။ တစ်ခါသော် ရှေးက ပေးခဲ့ရသော အခန်းငှားခထက် သုံးဆတိုး၍ ပေးရမည် ဟူသော အကြောင်းကြားစာ တစ်စောင်ကို ကျွန်ုပ်သည် ရုတ်တရက် ရရှိလေသည်။ ထိုအကြောင်းကြားစာကို အားလုံးကြော်ငြာပြီးမှ လက်မှတ်များကို ပုံနှိပ် ရောင်းချပြီးမှ ရရှိ၏။

အမှန်အတိုင်းဆိုလျှင် ဤကဲ့သို့ တိုး၍ တောင်းခြင်းကို ကျွန်ုပ်သည် မပေးချင်။ သို့ရာတွင် ကျွန်ုပ်၏ ဆန္ဒများကို ဟိုတယ်မန်နေဂျာအား ပြောပြခြင်းဖြင့် မည်မျှ အကျိုးရှိပါအံ့နည်း။ ဟိုတယ်မန်နေဂျာသည် သူအလိုရှိသည့် အရာ၌သာ စိတ်စောလျက်ရှိ၏။ ထို့ကြောင့် နှစ်ရက်လောက် ကြာသောအခါ မန်နေဂျာနှင့် သွားတွေ့၏။

'ခင်ဗျားရဲ့စာကိုရတော့ ကျွန်တော် အတော်ကလေးလန့်သွားမိပါတယ်၊ သို့သော်ငြားလည်း ခင်ဗျားကိုတော့ နည်းနည်းမှအပြစ်မတင်ပါဘူး၊ ခင်ဗျားနေရာမှာသာ ကျွန်တော် နေရလျှင်လဲ ဒီလိုပဲ ရေးကောင်း ရေးမိမှာပဲ၊ ဒီဟိုတယ်ရဲ့ မန်နေဂျာအဖြစ်နဲ့ ခင်ဗျားရဲ့ ဝတ္တရားဟာ အမြတ်ငွေကို များများရနိုင်သမျှ ရအောင် ကြိုးစားဖို့ပဲ၊ ခင်ဗျား ဒီလိုရအောင် မလုပ်ရင် ခင်ဗျား အထုတ်ခံရမှာပေါ့ ဒီလို အထုတ်ခံရမယ်ဆိုလဲ ခံသင့်တာပဲ၊ ကောင်းပြီ၊ စာရွက်ကလေး တစ်ရွက်ပေးစမ်းပါဗျာ၊ အခန်းငှားခကို မရ ရအောင် ခင်ဗျားတောင်းလျှင် ခင်ဗျားမှာ အရှုံးနဲ့ အမြတ် ဘယ်ဟာကများသလဲဆိုတာ တွက်ကြည့်ရအောင်' ဟု ကျွန်တော်က ပြောပြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စာရွက်တစ်ရွက်ကို အလယ်တည့်တည့်မှမျဉ်းသားပြီးလျှင် တစ်ဘက်ထိပ်တွင် 'အမြတ်'ဟု ရေး၍ အခြားတစ်ဘက်ထိပ်တွင် 'အရှုံး' ဟူ၍ ရေးသားလေသည်။ အမြတ်ဘက်တွင် 'ကပွဲခန်းမကြီး အားရှိနေခြင်း' ဟူ၍ ရေးသား၏။ ထို့နောက် 'ဒီကပွဲခန်းမကြီး အားနေလျှင် ကပွဲတွေ အစည်းအဝေးပွဲတွေအတွက် ငှားနိုင်ပါရဲ့၊ ဒါ ခင်ဗျားရဲ့ အမြတ်ပဲ၊ ဒါဟာလဲ စင်စစ်မှာတော့ အမြတ်ကြီးပဲ၊ ဘာဖြစ်လို့လဲဆိုလျှင် ဟောပြောပွဲတွေအတွက် ငှားတာထက် ကပွဲတွေ အစည်းအဝေးပွဲတွေအတွက် ငှားတာက အခပိုရ တယ်၊ အကယ်၍ ဒီရာသီမှာ ည ၂၀ လုံးလုံး ခင်ဗျားရဲ့ ကပွဲ ခန်းမကြီးကို ကျွန်တော်၏ ဟောပြောပွဲများအတွက် ကျွန်တော် ယူထားလိုက်လျှင် ခင်ဗျားရဲ့ အလုပ်မှာ အတော်ကလေးနာမှာ အမှန်ပါပဲ။

'ကဲ အရှုံးဘက်ကို တွက်ကြည့်ကြဦးစို့၊ ရှေးဦးစွာ ကျွန်တော့်ထံမှ ငွေအရမတိုးဘဲနှင့် ငွေအရတောင် လျော့သွားဦးမယ်၊ စင်စစ်မှာ ကျွန်တော့် ထံမှ တစ်ပြားမှ ခင်ဗျားရတော့မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် ခင်ဗျား တောင်းနေတဲ့ အခန်းငှားခကို ကျွန်တော် မပေးနိုင်ပါ၊ ဒီတော့ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ဟောပြောပွဲများကို အခြား နေရာ တစ်ခုခုမှာ ကျင်းပရပါ လိမ့်မည်။

'အခြား အရှုံးတစ်ခုလဲရှိသေးတယ်၊ ဒီဟောပြောပွဲတွေလုပ်ရင် ပညာ တတ်များ အထက်တန်းစားများဟာ ခင်ဗျားရဲ့ဟိုတယ်ကို ရောက်လာကြ လိမ့်မည်၊ ဒါဟာ ခင်ဗျားအတွက် ကြော်ငြာကောင်းတစ်ခုပဲ မဟုတ်လား၊ စင်စစ်မှာ သတင်းစာထဲကနေပြီး ဒေါ်လာငွေငါးထောင်ဖိုး ကြော်ငြာတောင် ကျွန်တော့် ဟောပြောပွဲတွေ ကျင်းပတာလောက် ခင်ဗျားရဲ့ဟိုတယ်ကို လူတွေလာကြည့်အောင် လုပ်နိုင်မှာမဟုတ်ဘူး၊ ဒီလိုကြော်ငြာမျိုးဟာ ဟိုတယ် တစ်ခုအတွက် အလွန်အဖိုးတန်တယ် မဟုတ်လား။'

စကားပြောရင်း ကျွန်ုပ်သည် ဤအချက် နှစ်ချက်ကို 'အရှုံး'ဘက်တွင် ရေးသား၍ 'ခင်ဗျားရမယ့် အရှုံးနဲ့ အမြတ် နှစ်ခုကို ကောင်းကောင်းချိန်ဆ ပြီး ခင်ဗျား၏ နောက်ဆုံး ဆုံးဖြတ်ချက်ကို ကျွန်တော့်အား ပေးစေချင် ပါတယ်'ဟု ပြောပြောဆိုဆို အခန်းတွင်းမှ ထွက်လာခဲ့၏။

နောက်တစ်နေ့တွင် အခန်းငှားခကို ရာခိုင်နှုန်း ၃၀၀ မတိုးတော့ဘဲ ရာခိုင်နှုန်း ၅၀ မျှသာ တိုးမည့်အကြောင်းနှင့် ပြန်ကြားစာတစ်စောင်ကို ကျွန်ုပ် ရရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ အလိုရှိသည့် အရာနှင့် စပ်လျဉ်း၍ စကားတစ်လုံးမျှ မပြောရဘဲနှင့် ဤကဲ့သို့ လျှော့ခြင်းကို ကျွန်ုပ်ရသည်ကို သတိပြုပါ။ စ၍ ပြောကတည်းကပင် သူ့အလိုရှိမည့်အရာနှင့် ထိုအရာကို မည်သို့ရှိနိုင်သည့် အကြောင်းကိုသာ ပြောပြခဲ့ပါသည်။

အကယ်၍ ပုထုဇဉ်တို့၏ ဓလေ့အတိုင်း ကျွန်ုပ်သည် မန်နေဂျာ၏ အခန်းတွင်းသို့ စိတ်ဆိုးမာန်ဆိုးနှင့် ဝင်သွားပြီးလျှင် 'လက်မှတ်တွေနိုပ်ပြီး အားလုံးကြော်ငြာပြီးပြီဆိုတာကို သိတော့မှ ဒီအခန်းငှားခကို ရာခိုင်နှုန်း ၃၀၀ မြှင့်တင်လိုက်တာဟာ ဘယ်သဘောလဲ၊ ရာခိုင်နှုန်း ၃၀၀ တောင်၊ ဘယ်လောက်ရယ်စရာကောင်းသလဲ၊ မဖြစ်နိုင်တာတွေ ခင်ဗျား တောင်းမနေ တယ်၊ ကျွန်တော် မပေးဘူး' စသည်ဖြင့် ဆူပူခဲ့ပါလျှင် ဘယ်လိုများ ဖြစ်မည်လဲ။

ကေန်မုချ အတိုက်အခံပြောကြရတော့မှာပဲ။ ဤကဲ့သို့ အတိုက်အခံ ပြောခြင်းမျိုးသည် ဘယ်နေရာမှာ အဆုံးသတ်သည်ကို သင် အသိဖြစ်၏။ အကယ်၍ ကျွန်ုပ် ပြောသည့်အချက်များသည် မှန်သည်ဟု သူသဘောပေါက် အောင် ကျွန်ုပ် ပြောပြနိုင်စေကာမူ သူ၏ မာနခံနေသဖြင့် သူပြောပြီးစကား တွေကို ပြန်၍ ရုပ်သိမ်းကာ လျှော့ပေးရန် သူ့အတွက် ခဲယဉ်းပေမည်။

ယခုပေးမည့်ဖြစ်သော အကြံသည် လူများနှင့်ဆက်ဆံရာ၌ လိုက်နာရန် ပေးခဲ့သော အကြံများထဲတွင် အကောင်းဆုံး အကြံတစ်ခု ဖြစ်လေသည်။ အကယ်၍ ထမြောက်အောင်မြင်ရန်အတွက် နည်းကောင်းတစ်ခုရှိသည်ဟု ဆိုပါလျှင် ထိုနည်းကောင်းသည် အခြားသူ၏ ယူဆချက်များကို သူ့ဘက်နှင့် ကိုယ့်ဘက် နှစ်ဘက်စလုံးကြည့်ပြီးမှ ဆုံးဖြတ်နိုင်သော အရည်အချင်းပင် ဖြစ်လေသည်ဟူ၍ ဟင်နရီဖို့[၁]က ပြောပြဖူးလေသည်။

ထိုစကားသည် အလွန်ကောင်း၏။ ထို့ကြောင့် ထိုစကားကို တစ်ဖန် ပြန်၍ ကျွန်ုပ် ဆိုချင်၏။ 'အကယ်၍ ထမြောက်အောင်မြင်ရန်အတွက် နည်းကောင်းတစ်ခု ရှိသည်ဟုဆိုပါလျှင် ထိုနည်းကောင်းသည် အခြားသူ၏ ယူဆချက်ကို ရအောင်စုံစမ်းပြီးနောက် လုပ်ရန်အလုပ်များကို သူ့ဘက်နှင့် ကိုယ့်ဘက် နှစ်ဘက်စလုံးကြည့်ပြီးမှ ဆုံးဖြတ်နိုင်သော အရည်အချင်းပင် ဖြစ်လေသည်။'

---

၁။ Henry Ford

www.burmeseclassic.com

www.burmeseclassic.com

## စကားချီး *

ဤစာအုပ်ကို 'လူပေါ်လူဇော်လုပ်နည်း' ဟူသော အမည်ပေးသည်တွင် အထင်အမြင်လွဲစရာ အကြောင်းများ ပေါ်ပေါက်ခဲ့လေသည်။ အချို့သော ပုဂ္ဂိုလ်တို့ကား အတွင်းစာသားကို ဖတ်မကြည့်ကြဘဲ စာအုပ်အမည်ကို ကြားရုံနှင့် စာအုပ် တစ်အုပ်လုံးကို 'နေအေး၏ လိမ်နည်းအမျိုးမျိုး' ဟူသော စာအုပ်မျိုးနှင့် နှိုင်းယှဉ်လိုက်ကြသည်။ ဤကဲ့သို့ နှိုင်းယှဉ်ခြင်းမှာ စင်စစ် ပြောရလျှင် နှိုင်းယှဉ်သူများ၏ အပြစ်မဟုတ်ဘဲ အင်္ဂလိပ်စာအုပ်၏ အမည်ကို 'လူပေါ်လူဇော်လုပ်နည်း' ဟူ၍ အမှားမှားအယွင်းယွင်း ဘာသာပြန်ဆိုထားသော လူ၏ အပြစ်ပင် ဖြစ်ပေသည်။

အဆိုပါ အင်္ဂလိပ်အမည်ကို တိုက်ရိုက်ဘာသာပြန်ဆိုလျှင် 'မိတ်ဆွေပေါများအောင်လုပ်နည်းနှင့် လူများအပေါ်တွင် ဩဇာညောင်းအောင်လုပ်နည်း'[၁] ဟူ၍ ပြန်ဆိုရပေမည်။ ဤအမည်သည် မြန်မာစာအုပ်များကို မှည့်ရိုးမှည့်စဉ် အမည်များနှင့် စာလိုက်လျှင် အလွန်ရှည်လှသည်ဖြစ်ရာ၊ တိုတိုနှင့် အခေါ်ရလွယ်သော အမည်ကို ဘာသာပြန်သူသည် မိတ်ဆွေတစ်စုနှင့် တိုင်ပင်နှီးနှောလျက်ရှိစဉ် မိတ်ဆွေတစ်ဦးကစ၍ 'လူပေါ်လူလုပ်နည်း' လို့ ခေါ်ပါလားဟူ၍ အကြံပေးလေသည်။ ထိုသို့ အကြံပေးချက်ကို တစ်ဆင့်တက်၍ 'ပေါ်' ဆိုသောကာရန်ကိုလည်း ဟပ်မိလေအောင် ဒုတိယ 'လူ' ဟူသော စကားလုံး၏နောက်မှ 'ဇော်' ဟူသော စကားလုံးကို ဘာသာပြန်သူသည် ထပ်၍ထည့်သွင်းခဲ့သည်။ ဤသည်ကား 'လူပေါ်လူဇော်လုပ်နည်း' ဟူသော အမည်ပေါ်လာခြင်း၏ အကြောင်းရင်းပေတည်း။

---

* ဒုတိယတွဲတွင် ဖော်ပြခဲ့သည့် စကားချီးဖြစ်ပါသည်။

၁။ How to Win Friends And Influence People

www.burmeseclassic.com

www.burmeseclassic.com



အလွန်ရှင်း အလွန်ထင်ရှားလွန်းသော စကားဖြစ်သောကြောင့် မြင်လိုက်ရုံနှင့် ထိုစကား၏ မှန်ကန်ပုံကို တွေ့နိုင်ပေသည်။ သို့ရာတွင် ရာခိုင်နှုန်း ၉၀ လောက် ကမ္ဘာပေါ်ရှိလူတို့သည် ထိုစကားကို အကြိမ်ပေါင်း ရာခိုင်နှုန်း ၉၀ လောက် ဂရုမပြုကြချေ။

သက်သေပြရဦးမည်လား။ မနက်ဖြန် နံနက် သင့်ထံသို့ရောက်လာသော စာများကို ဖတ်ကြည့်ပါ။ များစွာသော စာတို့သည် ဤစည်းမျဉ်း ဥပဒေကို များစွာ လွန်ကျူးဖောက်ဖျက်ထားသည်ကို တွေ့ရမည် ဖြစ်၏။ အောက်ပါ စာတစ်စောင်ကို ဖတ်ကြည့်ပါ။ ဤစာကို ရေးသူမှာ အမေရိကန်ပြည် အရပ်ရပ်တွင် ဆိုင်ခွဲပေါင်း မြောက်မြားစွာ ဖွင့်လှစ်ထားသော ကြော်ငြာကိုယ်စားလှယ် အလုပ်တိုက်၏ ရေဒီယိုဘက်ဆိုင်ရာ ဌာနကို အုပ်ချုပ်စီမံနေသူ လူကြီးပင် ဖြစ်လေသည်။ ဤစာသည် အရပ်ရပ်ရှိ သူတို့၏ ဆိုင်ခွဲများ၏ မန်နေဂျာများထံသို့ပို့သော စာဖြစ်လေသည်။ (ဤစာကို တစ်ပိုဒ်စီဖတ်ပြီးသော အခါ စိတ်တွင် ဖြစ်ပေါ်လာပုံတို့ကို စကားချပ်အဖြစ်နှင့်ဖော်ပြပါအံ့။)

**မစ္စတာ ဂျွန် ဘလင့်**[၁]

**ဘလင့် ဗီး**[၂]

**အင်ဒီးယားနား။**

ချစ်လှစွာသော မစ္စတာ ဗလင့်

ကုမ္ပဏီသည် ရေဒီယိုဘက်တွင် ကြော်ငြာ ကိုယ်စားလှယ်တို့၏ ခေါင်းဆောင်ဖြစ်မြဲ ဖြစ်လိုသော ဆန္ဒရှိပါသည်။

(သင့်ကုမ္ပဏီ၏ ဆန္ဒကို ဘယ်သူက ဂရုစိုက်ရဦးမှာလဲ။ ကျွန်ုပ်လည်း ကျွန်ုပ်၏ ကိစ္စများနှင့် စိတ်ရှုပ်လျက်ရှိ၏။ ကျွန်ုပ်၏ အိမ်ပေါင်ထားသည်ကို ဘဏ်တိုက်က ရွေးခွင့်မပြုတော့ဘူး။ အပင်တွေလည်း ပိုးကျနေပြီ။ ငွေဈေးလည်း မနေ့ကကျသွားသည်။ ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ် မီးရထားကို လွတ်သွား၏။ မနေ့ညက ဂျုံး၏ ကပွဲသို့ ကျွန်ုပ်ကို မဖိတ်။ ဆရာဝန်က ကျွန်ုပ်၌ သွေးတိုးရောဂါ အကြောရောင်ရောဂါနှင့် ဘောက်များရှိသည်ဟု ပြော၏။ ထို့ပြင် စိတ်ရှုပ်စရာများ ဘာရှိသေးသလဲ။ ယနေ့နံနက် စိတ်ညစ်ပြီး အလုပ် တိုက်ကို ဆင်းလာရာ

၁။ Mr. John Blank

၂။ Blankville

www.burmeseclassic.com

www.burmeseclassic.com



စာအိတ်များကို ဖွင့်လိုက်သောအခါ အလိုက် မသိတတ်သော မန်နေဂျာက သူ့ကုမ္ပဏီသည် ဘာကိုအလိုရှိသည်ဟု ရေးလိုက်သော စာတစ်စောင်ကို တွေ့ရပြန်သည်။ ထို သူ့စာသည် တစ်ဖက်သား၏ စိတ်ကို ဘယ်လို ဖြစ်သွားစေသည်ကို သူသိလျှင် သူသည် ကြော်ငြာသည့်အလုပ်မှ ထွက်ပြီး ဘိနပ်သံချွာ ရိုက်စားကောင်း ရိုက်စားပေလိမ့်မည်။)

ဤကုမ္ပဏီ၏ အမျိုးသား ကြော်ငြာလုပ်ငန်းများသည် ထုထည် အကြီးဆုံး ဖြစ်၏။ လူ အသုံးများသဖြင့်လည်း ကြော်ငြာ ကိုယ်စားလှယ် များထဲတွင် နှစ်စဉ် နှစ်တိုင်း ထိပ်တန်းကျလျက် ရှိလေသည်။

(သင်သည် ကြီးကျယ်၏။ ချမ်းသာ၏။ ထိပ်တန်းကျ၏။ ဟုတ်လား။ နောက်ပြီး ဘာဖြစ်သေးသလဲ။ အမေရိကန်ပြည် စစ်အဖွဲ့ချုပ်[၁] ဂျင်နရယ် အီလက်ထရစ်[၂] ဂျင်နရယ် မော်တော်[၃] ကုမ္ပဏီသည် ကြီးကျယ် သော်လည်း ကျွန်ုပ် အရေးမလုပ်။ ရှုးပေါ်ပေါ် ပန်းရည်စုပ် ငှက်ကလေး ၏ ထက်ဝက်မျှလောက် ဉာဏ်ရှိမည်ဆိုလျှင် ကျွန်ုပ် မည်မျှကြီးကျယ် သည်ကိုသာ ကျွန်ုပ် စိတ်ဝင်စားကြောင်း သင် သိမည်ဖြစ်၏။ သင့် ကုမ္ပဏီ ကြီးကျယ်ခမ်းနားကြောင်းတွေကို ပြောပြခြင်းအားဖြင့် ကျွန်ုပ် စိတ်ငယ်၍ ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် အထင်သေးသွားအောင် သင်လုပ် နေသည်။)

ကျွန်ုပ်တို့၏ ကြော်ငြာရှင်များကို ရေဒီယိုနှင့် စပ်လျဉ်းသမျှသော သတင်းတို့ကို အပြည့်အဝပေးရန် ကျွန်ုပ်တို့ အလိုရှိပါသည်။

(ကျွန်ုပ် အလိုရှိသည်။ ဟုတ်စ။ ကျွန်ုပ် အလိုရှိသည်။ တယ် လာတဲ့ နသိုးပဲ။ ခင်ဗျားဖြစ်စေ၊ မူဆိုလီနီ[၄] ဖြစ်စေ၊ ဘင်းကရော့စဘီး[၅] ဖြစ်စေ ဘယ်သူရဲ့ အလိုဆန္ဒကိုမျှ ကျွန်ုပ် ဂရုမစိုက်ဘူး။ ကုန်ကုန် ပြောပါရစေတော့။ ကျွန်ုပ်သည် ကျွန်ုပ်အလိုရှိသည့် အရာများ၌သာ စိတ်ဝင်စားလျက် ရှိသည်။ သင်၏ မိုက်မဲသော စာထဲမှာ ယခုထက်ထိ ကျွန်ုပ် အလိုရှိသည့် အရာကို တစ်လုံးတစ်ပါဒမျှ ဖော်မပြသေးဘူး။)

ထို့ကြောင့် ကျွန်ုပ်တို့ထံ အပတ်စဉ် သတင်းပေးပို့ရန် သင်၏ အထူးစာရင်းတွင် ကုမ္ပဏီ အမည်ကို တင်သွင်းထားစေလိုပါသည်။

---

၁။ The General Staff of the U.S. Army
၂။ General Electric
၃။ General Motors
၄။ Mussolini
၅။ Bing Crosby

www.burmeseclassic.com

www.burmeseclassic.com



အချိန်မီရောက် ပါက အကျိုးရှိမည့် မည်သည့်သတင်းမျိုးကိုမဆို ပေးရန် ဖြစ်ပါသည်။

('သင်၏ အထူးစာရင်း' တော်တော်လဲ နှုတ်ရဲတဲ့လူပဲ။ သင့်ကုမ္ပဏီကြီးကျယ်ကြောင်းတွေ လျှောက်ပြောနေသည့်အတွက် သင်သည် ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် အထင်သေးအောင် လုပ်၏။ ထို့နောက်တစ်ဖန် သင့်ကုမ္ပဏီကို 'အထူးစာရင်းတွင်' ထားရန် ကျွန်ုပ်ကို ခိုင်းလိုက်သေး၏။ ခိုင်းသည့်အခါတွင်လည်း 'ကျေးဇူးပြု၍' ဆိုသော စကားကလေး တစ်လုံးကိုမျှ ထည့်ရမှန်း မသိဘူး။)

ဤစာကိုရကြောင်း ပြန်စာတွင် သင့်ထံမှ နောက်ဆုံး သတင်းများကို ထည့်ရေးပြီးလျှင် ကျွန်ုပ်ထံသို့ အလျင်အမြန် ပို့လိုက်က နှစ်ဦးနှစ်ဝ အကျိုးရှိမည် ဖြစ်ကြောင်း။

(သင်ဟာ လူမိုက်ပဲ။ ဆောင်းဦးပေါက်တွင် ကြွေသော သစ်ရွက်များကဲ့သို့ စာတစ်မျိုးတည်းကို ပုံနှိပ်ကာ အနှံ့အပြားပို့သော အဖိုးမထိုက်သည့် စာတစ်စောင်ကို သင်သည် ကျွန်ုပ်ထံသို့ ပို့လိုက်၏။ ထို့နောက် အပေါင်ဆုံးသည့် အိမ်၊ ပိုးတွေဖျက်ဆီးနေသည့် အပင်၊ သွေးတိုးသည့် ရောဂါများသည် ကျွန်ုပ်အား စိတ်အနှောင့်အယှက်ပေးနေသည့်အချိန်တွင် သင့်စာကိုရကြောင်း အကြောင်းပြန်ရမည့် ကိုယ်ရေးကိုယ်တာ စာတစ်စောင်ကို ကျွန်ုပ်အား သင် အရေးခိုင်း၏။ ခိုင်းပြန်သောအခါလည်း 'အလျင်အမြန်' ရေးရန်ခိုင်း၏။ ကျွန်ုပ်သည် သင်ကဲ့သို့ပင် အလုပ်မရှုပ်တောင်မှ ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်ကို သင်ကဲ့သို့ အလုပ်ရှုပ်သည်ဟု အထင်ရောက်နေသည်ကို သင်မသိဘူးလား။ ထိုကိစ္စတွင် ကျွန်ုပ်ကို အမိန့်ပေးရန် အခွင့်အရေးကို သင့်အား ဘယ်သူများပေးထားသနည်း။ 'နှစ်ဦးနှစ်ဝ အကျိုးရှိမည်' ဟု သင်ရေးလိုက်၏။ နောက်ဆုံးပိတ်တွင်မှ သင်သည် ကျွန်ုပ်၏ အကျိုးကို မြင်စပြုလာ၏။ သို့ရာတွင် ကျွန်ုပ်၌ မည်ကဲ့သို့ အကျိုးရှိစေမည်ကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်၍ မရေးလိုက်။)

သင်၏ အလွန် ဖြောင့်မှန်လှစွာသော

ဗြွန် ဘလင့်

မန်နေဂျာ၊ ရေဒီယိုဌာန

www.burmeseclassic.com

www.burmeseclassic.com



စာဆက်။ ။ပုံးတွဲပို့လိုက်သော ဘလင့်ဗီး ဂျာနယ်မှ မိတ္တူသည် သင့်အား အကျိုးရှိစေလိမ့်မည်။ ထိုအကြောင်းကို သင်၏ ရေဒီယိုရုံမှ အသံလွှင့်ချင်ကောင်း လွှင့်ချင်ပေလိမ့်မည်။

(နောက်ဆုံး စာဆက်တွင်မှ ကျွန်ုပ်၏ အခက်အခဲတစ်ရပ်ကို ဖြေရှင်းမည့် ကူညီချက်တစ်ခုကို သင်သည် ဖော်ပြလိုက်၏။ အဘယ့်ကြောင့် ဤစာကြောင်းဖြင့် သင်၏ စာကို စ၍ မရေးသနည်း။ ဟာ ပြော၍လည်း ထူးမည် မဟုတ်တော့ဘူး။ ကလေးကလားနိုင်လှတဲ့ ဤစာမျိုး ရေးသည့်အပြစ်ကို ကျူးလွန်သည့် ကြော်ငြာသမားတစ်ဦးသည် သူ့ဦးနှောက် အာရုံကြောတွင် တစ်စုံတစ်ရာ ဖောက်ပြန်နေမည် ဖြစ်၏။ သင်သည် ကျွန်ုပ်ထံမှ နောက်ဆုံးသတင်းပါသည့် စာနှင့် မတန်ချေ။ သင့်အတွက် လိုသောအရာသည် သင်၏ လည်ပင်းရှိ အကြောအတွက် အိုင်အိုဒင်း ဆေးတစ်ပုလင်းသာ ဖြစ်လေသည်။)

ကြော်ငြာဘက်တွင် တစ်သက်လုံး အလုပ်လုပ်၍ လူများကို ကုန်ဝယ်အောင် ဆွယ်သည့် အလုပ်အတွက် ကျွမ်းကျင်သူတစ်ဦးအဖြစ်ဖြင့် ဂုဏ်ယူနေသော သူတစ်ဦးသည် ဤစာမျိုးကို ရေးခဲ့သော် အမဲသားရောင်းသမား၊ ပေါင်မုန့်ဖုတ်သမား၊ ကော်ဇော အလုပ်သမားတို့ထံမှ အဘယ်သို့သော စာများကို မျှော်လင့်ရတော့မည်နည်း။

ကျွန်ုပ်၏ တပည့်တစ်ဦးဖြစ်သူ မစ္စတာအက်ဒွပ် ဗားမီးလင် [၁] ထံသို့ မီးရထားလမ်းဆုံးရှိ ကုန်တင်ကုန်ချ ဘူတာရုံပိုင်က ရေးပေးလိုက်သောစာကို အောက်တွင် ဖော်ပြလိုက်သည်။ ဤစာကိုရသောသူတွင် မည်ကဲ့သို့ စိတ်များဖြစ်ပေါ်လာသနည်း။ ဖတ်ပါ။ ဖတ်ပြီးသောအခါ ကျွန်ုပ် ပြောပြပါမည်။

**အေ ဇာရီးဂါး၏ သားများ အလုပ်တိုက်**
**၂၈၊ ဖရန့်လမ်း**
**ဘရုကလင်၊ အင်ဝိုင် [၂]**

**သတိ မစ္စတာ အက်ဒွပ် ဗားမီးလင်**

လူကြီးမင်းခင်ဗျား

ပို့လိုက်သော ကုန်ပစ္စည်းများအနက် များစွာသော ကုန်ပစ္စည်းတို့သည် ကျွန်ုပ်တို့ထံသို့ အရောက်နောက်ကျသောကြောင့် ကျွန်ုပ်တို့

---

၁။ Edward Vermylen
၂။ Brooklyn, N. Y.

www.burmeseclassic.com

www.burmeseclassic.com



ဘူတာရုံ၏ အလုပ်အစီအစဉ်တို့ကို အနှောက်အယှက် ဖြစ်စေခဲ့ပါသည်။ ဤကဲ့သို့ အရောက်နှောက်ကျအောင် ပို့ခြင်းကြောင့် ကုန်များကျပ်နေခြင်း၊ အလုပ်သမားများ အချိန်ပို၍ လုပ်ရခြင်း၊ ကုန်တင်မော်တော်ကားများကို ကြန့်ကြာစေခြင်းနှင့် အချို့နေရာများတွင် ကုန်တင်ကုန်ချခြင်းကို နှောင့်နှေးခြင်းတည်း ဟူသော အမှုအခင်းတို့ ဖြစ်စေပါသည်။ နိုဝင်ဘာလ ၁၀ ရက်နေ့က လူကြီးမင်းများထံမှ ကျွန်ုပ်ထံသို့ ၄ နာရီ မိနစ် ၂၀ မှ ရောက်ရှိသော ကုန်ထုပ်ပေါင်း ၅၀၀ ကို ရရှိခဲ့ပါသည်။

ဤကဲ့သို့ ကုန်များကို နောက်ကျမှရရှိသည့်အတွက် ပေါ်ပေါက်လာသော မနှစ်မြို့ဖွယ်ရာအချက်များ ပပျောက်စေရန် လူကြီးမင်း၏ အကူအညီကို တောင်းယူရပါကြောင်း။ ကုန်များကို ကျွန်ုပ်တို့ထံသို့ ပို့မည်ဆိုလျှင် ခပ်စောစောရောက်နိုင်အောင် ကြိုးစားပြီးပို့ပါ။ ဤကဲ့သို့ ကြိုးစား၍ မဖြစ်လျှင် ကုန်များအားလုံးကို တစ်ကြိမ်တည်း မပို့ဘဲ နံနက်ပိုင်းတွင် အချို့တစ်ဝက်ကို ပို့ပါရန် တိုက်တွန်းပါရစေ။

ဤနည်းအတိုင်း ဆောင်ရွက်လျှင် လူကြီးမင်းများ၏ ကုန်တင်မော်တော်ကားကို မကြန့်ကြာရဘဲ ခပ်စောစောပြန်၍ လွှတ်နိုင်ခြင်း၊ ကုန်များကို လက်ခံရရှိသော နေ့တွင်ပင် မနှောင့်နှေးစေဘဲ လိုရာအရပ်သို့ တင်ပို့နိုင်ခြင်းဟူသော အကျိုးကျေးဇူးများကို ခံစားနိုင်လိမ့်မည် ဖြစ်ပါကြောင်း။

သင်၏ မှန်ကန်လှစွာသော

**ဂျေ ဗီ ၊ ရုံပိုင်**

ဤစာကို ဖတ်ပြီးနောက် အေ ဇာရီးဂါးနှင့် သားများ[၁] အလုပ်တိုက်၏ ကုန်ရောင်းမန်နေဂျာ မစ္စတာ ဗားမီးလင်သည် အောက်ပါ မှတ်ချက်ကို ရေးပြီးနောက် ကျွန်ုပ်ထံသို့ ပို့လိုက်လေသည်။

'ဤစာကို ရေးလိုက်ခြင်းအားဖြင့် ရုံပိုင် မျှော်လင့်တာက တစ်မျိုး၊ ရတာက တစ်မျိုး ဖြစ်နေသည်။ ဤစာတွင် စလျှင် စချင်း သူတို့ အကျပ်အတည်း ဖြစ်ပုံတွေကို ဖော်ပြထားသည်။ ထိုအကျပ်အတည်းများ၌ ကျွန်ုပ်တို့သည် အများအားဖြင့် စိတ်မဝင်စားချေ။ ထို့နောက် ကျွန်ုပ်တို့တွင် အလုပ်

၁။ A. Zerega & Sons, Inc..

www.burmeseclassic.com

www.burmeseclassic.com



ရှုပ်သွားမည် မသွားမည်ကို မစဉ်းစားဘဲနှင့် သူတို့ကို ကူညီရန် ကျွန်ုပ်တို့အား ခိုင်းပြန်၏။ နောက်ဆုံးစာပိုဒ်တွင်မှ ကျွန်ုပ်တို့ ကူညီလျှင် ကျွန်ုပ်တို့၏ မော်တော်ကားပေါ်မှ ကုန်များကို ဘူတာရုံသို့ ရောက်သည့်နေ့တွင် တင်ပို့နိုင်မည့် အကြောင်းကို ဖော်ပြ၏။

အမှန်အတိုင်း ပြောရလျှင် ကျွန်ုပ်တို့ စိတ်အဝင်စားဆုံးဆိုသောအချက်ကို နောက်ဆုံးမှ ဖော်ပြ၍ ဤစာကို ရေးလိုက်ခြင်းဖြင့် ကူညီလိုသော စိတ်ထားများမပေါ်ဘဲ ရွံရှာသော စိတ်ထားများသာ ပေါ်လာလေသည်။

ကျွန်ုပ်တို့သည် ဤစာကို တစ်မျိုးတစ်ဖုံ ပြုပြင်ကာပြန်၍ ရေးကြည့်ကြစို့။ ကျွန်ုပ်တို့၏ အကျပ်အတည်းတွေကို အချိန်ကုန်ခံ၍ ရေးသားခြင်းကို ရှောင်ကြဉ်ကြစို့။ ဟင်နရီဖို့က အကြံပေးသည့်အတိုင်း 'အခြားသူ၏ ယူဆချက်ကို ရအောင် စုံစမ်းပြီးနောက် သူ့ဘက်ကိုယ့်ဘက် နှစ်ဘက်စကား ကြည့်ပြီးမှ ဆုံးဖြတ်ကြစို့'။ အောက်ပါစာသည် အကောင်းဆုံးဟု မဆိုလို။ သို့ရာတွင် ပထမစာထက် ပို၍ မကောင်းပေဘူးလား။

**မစ္စတာ အက်ဒွပ် ဗားမီးလင်**
**အေ ဇာရီဂါး၏သားများ အလုပ်တိုက်မှ တစ်ဆင့်**
**၂၈၊ ဖရန့်လမ်း**
**ဘရူကလင် အင်ဒိုင်။**

ချစ်ဆွေ ဗားမီးလင်

ချစ်ဆွေတို့၏ ကုမ္ပဏီသည် လွန်ခဲ့သော ၁၄ နှစ်ခန့်မှ အစပြု၍ ကျွန်တော်တို့၏ ဖောက်သည်ကောင်းတစ်ဦး ဖြစ်ခဲ့ပါသည်။ ဤကဲ့သို့ ကြည့်ရှုအားပေးခဲ့သည့်အတွက် ချစ်ဆွေတို့၏ ကုမ္ပဏီကို ကျွန်တော်တို့သည် ကျေးဇူးအထူးတင်လျက်ရှိသည် ဖြစ်ပါ၍ ချစ်ဆွေတို့၏ ကိစ္စများဆိုလျှင် စေ့စပ် လျင်မြန်စွာ ဆောင်ရွက်ပေးလိုသောဆန္ဒ ရှိခဲ့ပါသည်။ သို့ရာတွင် နိုဝင်ဘာလ ၁၀ ရက်နေ့ကကဲ့သို့ ညနေအတော်ကြီးစောင်းမှ များပြားလှသော ကုန်များကို ပို့လိုက်သည့်အခါ ကျွန်တော်တို့၌ ဆန္ဒရှိသလောက် မဆောင်ရွက်နိုင်ပါသဖြင့် ဝမ်းနည်းပါကြောင်း။ အခြားဖောက်သည်များလည်း ညနေစောင်းမှ ကုန်များကို ပို့ကြသည် ဖြစ်ရာ ဘူတာရုံတွင် ကုန်များကျပ်လျက်ရှိပါသည်။ ထိုကိစ္စမျိုး ပေါ်ပေါက်လျှင် မရှောင်လွှဲသာသဖြင့် ချစ်ဆွေတို့၏ မော်တော်ကား

www.burmeseclassic.com

www.burmeseclassic.com



များသည် အချိန်ကြာစွာ စောင့်ဆိုင်းနေရပါလိမ့်မည်။ တစ်ခါတစ်ရံ ချစ်ဆွေ၏ ကုန်များကို တင်ပို့ရန်ပင် နှောင့်နှေးကြန့်ကြာခြင်း ဖြစ်ပါလိမ့်မည်။

ဤကဲ့သို့ ဖြစ်ရခြင်းသည် မကောင်းပါ။ အလွန် မကောင်းပါ။ ထိုကဲ့သို့ ဖြစ်ရခြင်းကို မည်ကဲ့သို့ ရှောင်ရှားရပါမည်နည်း။ တတ်စွမ်းနိုင်လျှင် ချစ်ဆွေ၏ ကုန်များကို ညနေမစောင်းမီ ကျွန်တော်တို့ထံသို့ အရောက်ပို့ခြင်းဖြင့် ရှောင်ရှားနိုင်ပါသည်။ ထိုကဲ့သို့ ပို့နိုင်လျှင် ချစ်ဆွေတို့၏ မော်တော်ကားလည်း အပိုသက်သက် စောင့်ဆိုင်းခြင်း မဖြစ်ရတော့ပါ။ ချစ်ဆွေ၏ ကုန်များကိုလည်း ချက်ချင်း ဂရုတစိုက် လုပ်၍ တင်ပို့နိုင်ပါလိမ့်မည်။ ထို့ပြင် ကျွန်တော်တို့၏ အလုပ်သမားများသည် ချစ်ဆွေတို့တိုက်ကလုပ်သော အလွန်အရသာရှိသည့် မုန့်တီ၏ အရသာကိုခံရန် အိမ်သို့ ခပ်စောစော ပြန်နိုင်ပါလိမ့်မည်။

ဤစာကို တိုင်ကြားစာဟူ၍ အယူမရှိပါနှင့်။ ထို့ပြင်လည်း ချစ်ဆွေတို့၏ အလုပ်တိုက်ကို ဘယ်လိုလုပ်ရမည်ဟု သွန်သင်ဆုံးမနေသည် ဟူ၍လည်း မမှတ်ပါနှင့်။ ဤစာကို ရေးရခြင်းသည် ချစ်ဆွေတို့၏ အကျိုးကို ပို၍ ထိထိရောက်ရောက် ဆောင်ရွက်ချင်သော ဆန္ဒ၏ တိုက်တွန်းခြင်းကြောင့်ပင် ဖြစ်ပါသည်။

ကုန်များ မည်သည့်အချိန်တွင် ရောက်သည်ကို ပဓာနမထားဘဲ ချစ်ဆွေတို့၏ အကျိုးကို ကျွန်တော်တို့ တတ်စွမ်းသရွေ့ မြန်မြန်ထက်ထက် အမြဲ ရွှင်ပျစွာနှင့် ဆောင်ရွက်ပါမည်။

ချစ်ဆွေတို့လည်း အလုပ်များလျက် ရှိပေမည်။ ကျေးဇူးပြုပြီး ဒုက္ခရှာပြီး စာပြန်မနေပါနှင့်။

သင်၏ မှန်ကန်လှသော

**ဈေ ဇီ၊ ရှုပိုင်**

ယခုအခါတွင် ထောင်ပေါင်းများစွာသော ဈေးသည်တို့သည် မောပန်းစိတ်ငယ်လျက် အနည်းငယ်မျှသော လစာငွေကို ရပြီးလျှင် လမ်းတကာ လမ်းကို လျှောက်နေရခြင်းသည် အဘယ်ကြောင့်နည်း။ အကြောင်းမှုကား ထိုသူတို့သည် သူတို့လိုချင်သည့် အရာများကိုသာ တွေးတောလျက် ရှိသေး

www.burmeseclassic.com



ကြောင့်တည်း။ သင်ဖြစ်စေ၊ ကျွန်ုပ်ဖြစ်စေ၊ မည်သည့်အရာကိုမျှ မဝယ်ချင်ကြောင်းကို သူတို့ မသိကြချေ။ ကျွန်ုပ်တို့ ဝယ်လိုလျှင် အပြင်ထွက်သွား၍ ဝယ်ကြမှာပေါ့။ သို့ရာတွင် သင်နှင့် ကျွန်ုပ်တို့မှာ ကိုယ့်ကိစ္စနှင့်ကိုယ် အမြဲတမ်း အလုပ်ရှုပ်လျက်ရှိကြ၏။ အကယ်၍ ဈေးရောင်းသူတစ်ဦးသည် သူ၏ ကူညီချက် သို့မဟုတ် သူ၏ ကုန်ပစ္စည်းများသည် ကျွန်ုပ်တို့၏ ပြဿနာများကို မည်ကဲ့သို့ ရှင်းလင်းပေးနိုင်သည်ကို သူတို့ ပြနိုင်လျှင် သူတို့ကိုယ်တိုင် ရောင်းနေစရာမလို။ ကျွန်ုပ်တို့ ဝယ်မည်မှာ ဧကန်ဖြစ်၏။ ဖောက်သည်တစ်ဦးသည် ရောင်းသူက ဝယ်ပါဟု တိုက်တွန်းသဖြင့် ဝယ်ရသည်ကို အလိုမရှိ၊ မိမိကိုယ်တိုင် အလိုရှိ၍ ဝယ်ယူရခြင်းကိုသာ အလိုရှိ၏။

သို့ရာတွင် များစွာသော ဈေးသည်တို့သည် ဝယ်သူဘက်မှနေ၍ မကြည့်ဘဲနှင့် ကုန်ပစ္စည်းများကို တစ်သက်လုံး ရောင်းလျက်ရှိကြသည်။ သက်သေထုတ်၍ ပြပါအံ့။ နယူးယောက်မြို့ကြီး၏ဗဟိုတွင်ရှိသော ဖောရက် ဟီး[၁] အရပ်၌ ကျွန်ုပ် နေ၏။ တစ်နေ့သ၌ ဘူတာရုံသို့ သုတ်ခြေတင်၍ လျှောက်လာစဉ် နှစ်ပေါင်းများစွာ လောင်းအိုင်လန်အရပ်တွင် အိမ်အရောင်းအဝယ်လုပ်နေသော ပွဲစားတစ်ဦးနှင့် တွေ့၏။ သူသည် ဖောရက်ဟီး အရပ်ကို ကောင်းစွာသိသူတစ်ဦး ဖြစ်သောကြောင့် ကျွန်ုပ်၏ နေအိမ်ကို သတ္တုအပါးစာနှင့် ဆောက်လုပ်ထားသလား၊ ခေါင်းပွအုတ်ကြွပ်နှင့် ဆောက်လုပ်ထားသလားဟူ၍ သူ့ကိုလှမ်း၍ အလျင်စလို မေးလိုက်၏။ သူက အမှန်မသိပါဟူ၍ ပြန်ဖြေလိုက်၏။ သူပြောသမျှသည် ကျွန်ုပ် သိပြီးသားများပင် ဖြစ်၏။ စင်စစ်မှာ ကျွန်ုပ် သိလိုသော အချက်ကို ဖောရက်ဟီးဥယျာဉ်အသင်း[၂] သို့ သွားရောက်စုံစမ်းလိုက်လျှင် အစုံသိမည် ဖြစ်၏။ နောက်တစ်နေ့ နံနက်တွင် သူ့ထံမှ စာတစ်စောင်ကို ကျွန်ုပ် ရရှိ၏။ ထိုစာထဲတွင် ကျွန်ုပ် သိလိုသောအချက်များ ပါသလား။ ထိုအချက်များကို တယ်လီဖုန်းနှင့် စုံစမ်းပေးလျှင် စက္ကန့် ၆၀ အတွင်း သူသိနိုင်၏။ သို့ရာတွင် သူသည် ထိုကဲ့သို့ မစုံစမ်းချေ။ သူ၏ စာထဲတွင် ကျွန်ုပ် သိလိုသော အချက်ကို ကျွန်ုပ်ကိုယ်တိုင် တယ်လီဖုန်းနှင့် စုံစမ်းပါဟု ရေးထား၏။ ထို့နောက် ထိုအိမ်အတွက် အာမခံပြုလုပ်ရန်ကိစ္စကို သူလုပ်ပါရစေဟု ရေးသားလိုက်သေး၏။

၁။ Forest Hills

၂။ The Forest Hills Garden Association

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျွန်ပ်ကို ကူညီရန် စိတ်မဝင်စားချေ။ သူ့ကိုယ်ကိုသူ ကူညီရန်ကိုသာ စိတ်ဝင်စားလျက်ရှိလေသည်။ ဗက်ယန်း[၁] ရေးသော 'အကျိုးဆောင်'[၂] နှင့် 'သိုက်ဝေစု'[၃] ခေါ် စာအုပ် နှစ်အုပ်ကို ထိုသူ့ထံသို့ ကျွန်ုပ်သည် ပေးပို့သင့်လေသည်။ ထိုစာအုပ်များကို ဖတ်ပြီးနောက် ကိုယ်တိုင် လေ့ကျင့်မည်ဆိုလျှင် ကျွန်ုပ်အိမ်၏ အာမခံကို ဆောင်ရွက်သည်ထက် အဆပေါင်းတစ်ထောင်လောက် ပို၍ အကျိုးရှိမည် ဖြစ်၏။

ပညာသည်များသည်လည်း ထိုကဲ့သို့သော အမှားမျိုးကို လုပ်တတ်လေသည်။ နှစ်ပေါင်းများစွာက ကျွန်ုပ်သည် ဖီလဒဲဖီးယားမြို့ရှိ နာခေါင်းနှင့်လည်ချောင်းရောဂါဘက်တွင် ကျွမ်းကျင်သူတစ်ဦး၏ အလုပ်ခန်းထဲသို့ ဝင်သွား၏။ ကျွန်ုပ်၏ လျှာခင်ကို မကြည့်ရသေးမီကပင် ကျွန်ုပ် ဘာအလုပ်လုပ်သည်ကို စုံစမ်း၏။ သူသည် ကျွန်ုပ်၏ လျှာခင်တွင် စိတ်မဝင်စား။ ကျွန်ုပ် ငွေဘယ်လောက်ချမ်းသာသည်ကိုသာ စိတ်ဝင်စားလျက်ရှိ၏။ သူ၏ အရေးအကြီးဆုံး ကြောင့်ကြမှုသည် ကျွန်ုပ်၏ ရောဂါကို ပျောက်အောင်မည်မျှ ကူညီနိုင်မည်ဟူသော အချက်မဟုတ်။ ကျွန်ုပ်ထံမှ ငွေကြေးမည်မျှရနိုင်မည်နည်းဟူသော အချက်ပင် ဖြစ်လေသည်။ ဤကဲ့သို့ ကြောင့်ကြသော စိတ်ထား၏ အကျိုးကား ကျွန်ုပ်ထံမှ သူသည် ပိုက်ဆံ တစ်ပြားမျှ မရခြင်းပင် ဖြစ်၏။ သူ၏ စိတ်ထား ညံ့ပုံကို ရွံရှာမုန်းတီးပြီးလျှင် ကျွန်ုပ်သည် သူ့အခန်းထဲမှ ထွက်လာခဲ့၏။

ကမ္ဘာကြီးသည် ထိုကဲ့သို့ လောဘကြီးသော ကိုယ်ကျိုးရှာသမားများနှင့် ပြည့်နှက်လျက်ရှိ၏။ ထို့ကြောင့် သဒ္ဒါတရားရှိစွာနှင့် တစ်ဖက်သား၏ အကျိုးကို သည်ပိုးရှိသော လူထူးတစ်ဦး၌ အတိုင်းမသိသော အခွင့်အလမ်းကောင်း များစွာ ရှိလေသည်။ အိုဝင်ဒီယန်း[၄] က 'တစ်ဖက်သား၏နေရာတွင် ကိုယ့်ကိုယ်ကို ထားကြည့်ပြီးလျှင် တစ်ဖက်သား၏ စိတ်နေသဘောထားကို အကဲခတ်နိုင်သော သူတစ်ဦးသည် သူ၏ နောင်ရေးအတွက် ပူပင်စရာမလို'ဟု ပြောကြားဖူးလေသည်။

---

၁။ Vash Young
၂။ The Go-Giver
၃။ A Fortune to Share
၄။ Owen D. Young

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ သင်သည် ဤစာအုပ်ကို ဖတ်ခြင်းအားဖြင့် တစ်ဖက်သား၏ ယူဆချက်ကိုသာ အမြဲ အစဉ်လိုက်လျှော၍ စဉ်းစားပြီးလျှင် ထိုသူ၏ဘက်မှ နေ၍ ကြည့်လိုသော ရင့်သန်သည့် စိတ်ဓာတ်ခံ တစ်ခုတည်းကိုသာ ရရှိသည်ဟု ဆိုပါက သင်၏ တက်လမ်းတွင် သင်သည် ခရီးအတော်ရောက်နေပြီဟူ၍ အလွယ်နှင့် သိနိုင်ပေသည်။

များစွာသော လူတို့သည် ကောလိပ်ကျောင်းသို့ သွားပြီးနောက် ဗားဂျီ[၁] ရေးသားခဲ့သည့် စာကြီးပေကြီးများကိုလည်းကောင်း၊ အထက်တန်း သင်္ချာရပ်ကိုသော်လည်းကောင်း လေ့လာသင်ကြားကြကုန်၏။ သို့ရာတွင် သူတို့၏ ကိုယ်ပိုင်စိတ်နေစိတ်ထားများသည် မည်သို့မည်ပုံ ဖြစ်ပျက်နေကြသည့် အကြောင်းကိုကား မစူးစမ်း မရှာဖွေကြချေ။ သက်သေပြပါအံ့။ အလုပ် တိုက်များနှင့် ကပွဲရုံများကို အေးအောင်လုပ်ပေးရသော နယူးဂျာစီ ပြည်နယ် နယူးဝပ်မြို့ ကဲရီးယားကော်ပိုရေးရှင်း[၂] တွင် အလုပ်လုပ်နေသော ကောလိပ်ကျောင်းမှ ထွက်လာသည့် လူငယ်တစ်စုအား 'ထိထိရောက်ရောက် စကားပြောနည်း' ကို ကျွန်ုပ်သည် တစ်ခါက သင်ပေးရဖူး၏။ သူတို့အထဲမှ တစ်ယောက်သောသူက အခြားသူများကို ဘတ်စကက်ဘော[၃] ကစားရန် ဆွယ်လိုသဖြင့် 'မင်းတို့ ဘတ်စကက်ဘော လာရောက် ကစားစေချင်တယ် ကွာ၊ ငါ ဘတ်စကက်ဘောကို ကစားချင်တယ်၊ သို့ပေမယ့် ကစားရုံကို သွားတိုင်း ဘတ်စကက်ဘောကစားဖို့ ဘယ်တော့မှ လူမပြည့်ဘူး၊ မနေ့ညက တို့နှစ်ဦး သုံးဦးသာရှိလို့ ဘောလုံးကို တစ်ယောက်က တစ်ယောက်ဆီကို ပစ်ပြီးသာ ကစားနေကြတယ်၊ ငါ့မျက်ခွက်ကို မှန်လို့ မျက်ခွံတောင် ညိုသွား သေးတယ်၊ မင်းတို့ ဘတ်စကက်ဘော ကစားဖို့ မနက်ဖြန်ညကျရင် လာကြ စေချင်တယ်၊ ငါ ကစားချင်တယ်ကွာ' ဟူသော စကားမျိုးကို ပြောလေသည်။

သူသည် သင်အလိုရှိသော အကြောင်းများကို ပြောသလား။ မည်သူမျှ မသွားသော ကစားရုံသို့ သင်သည် မသွားချင်ဘူး မဟုတ်လား။ သူအလိုရှိ သည့် အရာကိုလည်း သင်သည် ဂရုမစိုက်။ သင်သည် မျက်ခွံအညိုလည်း မခံလို။

---

၁။ Virgil

၂။ The Carrier Corporation, Newark, New Jersey.

၃။ Basket ball

www.burmeseclassic.com

www.burmeseclassic.com



'လူပေါ်လူဇော်လုပ်နည်း' သည် ဓနရှင်ဝါဒလည်း မဟုတ်။ ဘုံဝါဒလည်းမဟုတ်။ သို့ရာတွင် ဓနရှင်ဝါဒနှင့် ဘုံဝါဒသမား အားလုံး ဤလူ့လောကကြီးတွင် လူလုပ်၍ နေသမျှ ကာလပတ်လုံး မလိုက်နာဘဲ မနေနိုင်သောနည်းများသာ ဖြစ်လေသည်။

ရုရှားပြည်၏ အာဏာရှင် စတာလင်[၁] သည် ဘုံဝါဒသမား စစ်စစ် ဖြစ်၏။ ဘုံဝါဒကို တစ်ကမ္ဘာလုံး လွှမ်းမိုးနိုင်အောင် ဖြန့်ဖြူးနေသူများအနက် အရေးပါ အရာရောက်ဆုံးသောသူ တစ်ဦးပင် ဖြစ်သည်။ သို့ရာတွင် အာဏာရှင်မဖြစ်မီက 'လူပေါ်လူဇော်လုပ် နည်း' များကို မလိုက်နာမိခဲ့သဖြင့် သူ၏ ခေါင်းဆောင်ဖြစ်သူ လီနင်[၂] ကိုယ်တိုင်က 'စတာလင်သည် လူများနှင့် ပေါင်းသင်း ဆက်ဆံရာ၌ ရန့်ရင်းကြမ်းတမ်းသည်။ ထို့ကြောင့် အာဏာရှင် အဖြစ်ဖြင့် ငါ့အရိပ်အရာကို ဆက်ခံရန် စတာလင်ကို ငါ မထောက်ခံ' ဟူ၍ပင် ပြောဆိုခဲ့ဖူးသည်ဟု ကြားလိုက်ရဖူး၏။

ကမ္ဘာစစ်ကြီးပြေငြိမ်းပြီးနောက် အမေရိကန်သမ္မတ ဝီလ်ဆင်[၃] သည် ဥရောပတိုက်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီး[၄]ကို စတင် ထူထောင်ခဲ့လေသည်။ သူ၏ မူလရည်ရွယ်ချက်၌ ထိုနိုင်ငံပေါင်းချုပ် အသင်းကြီးတွင် အမေရိကန်ပြည်ကိုလည်း အသင်းသားတစ်ဦးအဖြစ် ဖြင့် ထည့်သွင်းလိုလေသည်။

သို့ရာတွင် ထိုအသင်းကြီးကို စတင်တည်ထောင်သူက လူပေါ်လူဇော်လုပ်နည်းများကို လျစ်လျူရှုပြီးလျှင် တစ်ဖက် ဂိုဏ်းသား များကို နေရာမပေးခဲ့သဖြင့် ထိုသူများက မကျေမနပ်ဖြစ်ကာ ထ၍ ဆူပွက်ကြသောကြောင့် သမ္မတ ဝီလ်ဆင်၏ စီမံကိန်းများမှာ ပျက်စီးသွားခဲ့ရ၏။ မြင်းကို သံခွာမရိုက်မိသည်နှင့် စစ်ပွဲကြီးတစ်ပွဲ လုံး ဆုံးရှုံးရဖူးသော ထုံးကဲ့သို့ သမ္မတဝီလ်ဆင်သည် ခဲခဲယဉ်းယဉ်း မရှိဘဲနှင့် စွမ်းဆောင်နိုင်သော လူပေါ်လူဇော်လုပ်နည်းအချို့ကို မစွမ်းဆောင်ခဲ့မိရုံနှင့် တစ်ကမ္ဘာလုံး၏ သေရေးရှင်ရေးကိစ္စကြီးမှာ ပျက်ပြားသွားခဲ့ရဖူး၏။

ယခု 'စကားချီး' ရေးသူသည် လူအမျိုးမျိုးအစားစားကို တွေ့ရှိခဲ့ရဖူး၏။ အချို့လူများသည် ဗဟုသုတနှင့်လည်း အတော် ပြည့်စုံ၏။ လူနှင့် သတ္တဝါအပေါင်း ကောင်းစားအောင်လုပ်လိုသော

၁။ Stalin
၂။ Lenin
၃။ President Wilson
၄။ League of Nation

www.burmeseclassic.com

www.burmeseclassic.com



ကစားရုံသို့ သွားခြင်းအားဖြင့် သင်အလိုရှိသော အရာများကို ဘယ်ပုံဘယ်နည်းဖြင့် ရရှိနိုင်သည်ဟု သူ မပြနိုင်ဘူးလား။ ပြနိုင်ပြီလား။ ဥဒါဟရဏ်၊ 'ကစားပေးခြင်းဖြင့် အားတိုးလာမည်၊ ထမင်းစားကောင်းမည်၊ ဦးနှောက်ပို၍ ရှင်းမည်၊ ပျော်ရမည် စသော အချက်တို့ကို ပြောပြနိုင်၏။

ပရော်ဖက်ဆာ အိုဗာစထရိ၏ အဖိုးတန်သော အကြံကို ထပ်မံဖော်ပြပါအံ့။

တစ်ဘက်သား၏ စိတ်ထဲတွင် ပြင်းပြသော ဆန္ဒတစ်ခု ဖြစ်ပေါ်လာအောင် ရှေးဦးစွာ ဆွပေးပါ။ အကြင်သူသည် ဤကိစ္စကို ဆောင်ရွက်နိုင်အံ့၊ ထိုသူ၏ နောက်သို့ တစ်ကမ္ဘာလုံး လိုက်အံ့။ အကြင်သူသည် ဤကိစ္စကို မဆောင်ရွက်နိုင်၊ ထိုသူသည် တစ်ယောက်တည်း နေရအံ့။

ကျွန်ုပ်၏ အတန်းတွင် စာသင်နေသူ တပည့်တစ်ယောက်သည် သူ၏ သားလေးအတွက် စိတ်ပူလျက်ရှိလေသည်။ ကလေးသည် အတော်ပိန်၏။ အားရှိသော အစာအာဟာရများကို စားရန် ငြင်းဆန်လျက်ရှိသောကြောင့် သူ့မိဘများသည် လုပ်ရိုးလုပ်စဉ် နည်းလမ်းအတိုင်း သူ့ကို ကြိမ်းမောင်းကြ၏။ ဆူပူကြ၏။ 'မင်းကို မင့်အမေက ဒါကို စားရမယ်'တဲ့ 'မင့်ကို မင့်အမေက ထွားကျိုင်းစေလိုသတဲ့' စသည်ဖြင့် အတင်းအကျပ် တိုက်တွန်းလျက်ရှိ၏။

ကလေးသည် သူတို့၏ စကားကို ဂရုစိုက်လေသလား၊ မဟာမေဒင်ဘာသာ၏ ပွဲတော်များအတွက် သင်နှင့် ကျွန်ုပ်တို့ ဂရုမစိုက်သလို ကလေးသည်လည်း သူတို့၏ စကားများကို ဂရုမစိုက်ချေ။

ကိုယ်ပိုင် ဉာဏ်တစ်ထွာလောက်ရှိသော သူတစ်ဦးပင်လျှင် အသက် ၃၀ အရွယ် ဖခင်တစ်ဦး၏ အလိုကို မည်သည့်နည်းနှင့်မျှ သုံးနှစ်ရွယ် သားကလေးက နားမထောင်ဘဲ လိုက်နာနိုင်မည် မဟုတ်ကြောင်းကို သိ၏။ သို့ရာတွင် ဤနေရာ၌ ဖခင်သည် သူ့အလိုကို သားငယ်လိုက်လိမ့်မည်ဟု မျှော်လင့်နေ၏။ ဤကဲ့သို့ဖြစ်ရသည်မှာ လုံးဝ မှား၏။ ဤအကြောင်းကို နောက်ဆုံး၌ ကလေး၏ ဖခင်သည် မြင်လေ၏။ ထို့ကြောင့် 'ငါ့သားသည် ဘာကို အလိုရှိပါလိမ့်၊ သူအလိုရှိတာနဲ့ ငါအလိုရှိတာကို ဘယ်လို ထပ်အောင် အပ်စပ်ရမလဲ'ဟု သူ့ကိုယ်ကို သူမေး၏။

ထိုအကြောင်းကို စ၍ စဉ်းစားလိုက်သည်နှင့် တစ်ပြိုင်နက် သူ၏ ပြဿနာသည် လွယ်လာ၏။ ဘရုကလင်းအရပ်ရှိ သူ၏ အိမ်ရှေ့ လူသွားလမ်း

www.burmeseclassic.com



ပေါ်တွင် ထိုကလေးသည် သူ၏ သုံးဘီး စက်ဘီးကလေးကို ခေါက်တုံ့ခေါက်ပြန် စီးရန် အလွန်နှစ်သက်၏။ ထိုအိမ်နှင့် မနီးမဝေးတွင် သူ့ထက်ကြီးသော လူဆိုးကလေးတစ်ဦးရှိ၏။ လူဆိုးကလေးသည် ထိုကလေးကို စက်ဘီးပေါ်မှ ဆွဲချပြီးလျှင် သူကိုယ်တိုင် တက်စီးလေ့ရှိ၏။

ဤသို့ ဆွဲပစ်ခံရလျှင် ထိုကလေးသည် သူ့အမေထံသို့ အော်ပြေးလေ၏။ သူ့အမေ လာ၍ လူဆိုးကလေးကို ဆွဲချပြီးမှ သူ့သားကို စက်ဘီးပေါ်သို့ ပြန်၍ တင်ရ၏။ ဤကိစ္စသည် နေ့စဉ်နှင့်အမျှလိုလို ဖြစ်နေလေသည်။

ထိုကလေးသည် ဘာကို အလိုရှိသနည်း။ ထိုမေးခွန်းကို ဖြေရန် ရှားလော့ ဟုမ်း[၁] ထံမှ အကူအညီတောင်းစရာ မလိုပါ။ သူ၏ ရင်တွင်းရှိ စိတ်များတွင် အကြမ်းဆုံးဟု ဆိုအပ်သော မာန ဒေါသ၊ မိမိကိုယ်ကို အထင်ကြီးလိုသော ဆန္ဒတို့သည် ထိုလူဆိုးကလေးကို ခြေမွပစ်ကာ ကလဲ့စား ချေရန် သူ့ကို ဆွပေးလျက်ရှိ၏။ ထို့ကြောင့် 'ဟော့ ငါ့သား မင့်အမေ အစား ခိုင်းတဲ့ ဟောဒီ အစားတွေကိုစားရင် မင်း သိပ်ထွားလာပြီး လူဆိုးကလေးကို ကောင်းကောင်းနိုင်မှာပဲ'ဟု ပြောလိုက်သည့်အခါမှစ၍ ကလေးကို အစာ အတင်းအကျပ် ကျွေးရန် မလိုတော့ချေ။ သူ၏ မာနကို ချိုးနှိမ်လျက်ရှိသော လူဆိုးကလေးကို နိုင်အောင် ကြီးထွားသန်စွမ်းရန် သူ့အမေကျွေးသမျှ အစာ တို့ကို စားလျက်ရှိလေသည်။

ထိုပြဿနာတစ်ရပ်ကို ဖြေရှင်းပြီးသော် ဒုတိယပြဿနာကို ဖြေရှင်းရန် သူ၏ ဖခင်သည် ကြိုးစားရပြန်၏။ ထိုကလေးသည် ညအိပ်လျှင် အိပ်ရာ ထဲတွင် အပေါ့သွားလေ့ရှိ၏။

သူသည် သူ၏ဘွားအေနှင့် အတူတူအိပ်၏။ နံနက်မိုးလင်းတိုင်း ဘွားအေကြီးသည် အိပ်ရာမှ ထသည်နှင့် မွေ့ရာ သေးစိုနေသည်ကို တွေ့သော အခါ 'ကြည့်စမ်း ဂျော်နီ၊ မင်းညက ပေါက်တဲ့ သေးကွက်တွေ'ဟု မြေး ကလေးကို ပြလေ၏။

ထိုအခါ မြေးကလေးက၊ 'ကျွန်တော် ပေါက်တာ မဟုတ်ဘူး၊ ဘွားဘွား ပေါက်တာတွေ'ဟု ပြန်ပြောလေသည်။

ဘယ်လိုကြိမ်းကြိမ်း၊ ဘယ်လိုဆိုဆို၊ အိပ်ရာထဲမှာ သေးပေါက်တာကို မင့်မေမေ မကြိုက်ဘူးဟူသော စကားမျိုးကို ဘယ်လိုပြောပြော ကလေးသည်

---

၁။ Sherlock Holmes

www.burmeseclassic.com

www.burmeseclassic.com



ပေါက်မြဲ ပေါက်နေ၏။ ထို့ကြောင့် 'ခင်ရေ လူကလေး အိပ်ရာထဲမှာ သေး မပေါက်အောင် ဘယ့်နှယ်လုပ်ရမလဲ'ဟု မိဘများသည် တိုင်ပင်စပြုကြလေသည်။

သူသည် ဘာကို အလိုရှိသလဲ။ ရှေးဦးပထမ သူ၏ ဘွားအေဝတ်နေ သော အိပ်ရာဝင် အင်္ကျီမျိုးကို ဝတ်နေရသည်ကို မနှစ်သက်။ သူ၏ ဖခင် ဝတ်နေသော အင်္ကျီမျိုးကိုသာ ဝတ်လို၏။ အကယ်၍ ကလေးကသာ သေးမပေါက်တော့ပါဟု ဝန်ခံလျှင် ကလေးလိုချင်သော အင်္ကျီကို ဝတ်ပေးမည်ဟု သေးပေါက်လွန်း၍ စိတ်ညစ်နေသော ဘွားအေကြီးသည် သဘောတူလေ သည်။ သူအလိုရှိသော ဒုတိယအရာသည် သူ့အတွက် တစ်ယောက်အိပ်ခုတင် တစ်လုံး ဖြစ်၏။ ဘွားအေကြီးကလည်း ထိုခုတင်ကို ဝယ်ရန် ခွင့်ပြု၏။

သူ၏မိခင်သည် သူ့ကို ဗရုကလင်အရပ်ရှိ လိုအီစား စတိုး[၁] တိုက်ဆိုင် သို့ ခေါ်သွားပြီးလျှင် ဈေးရောင်းသူ မိန်းကလေးကို မျက်စိ မှိတ်ပြလျက် 'ဟောဒီ လူပျိုကြီးကကွယ်၊ သူကိုယ်တိုင် ဈေးဝယ်ချင်လို့တဲ့' ဟု ပြောလိုက် လေသည်။

'သြော် လူပျိုကြီး ဒီကြွပါ၊ ဘာများ လိုချင်ပါသလဲရှင်'ဟု သူ့ကိုယ်ကို အတော်အထင်ကြီးသွားအောင် ဈေးရောင်းသူကလေးက ခပ်တည်တည် မေး၏။

ကလေးသည် ရင်ကော့ပြီးလျှင် 'ကျွန်တော် အိပ်ဖို့အတွက် ခုတင် တစ်လုံး ဝယ်ချင်တယ်' ဟု ပြန်ပြောလေသည်။

ထို့နောက် သူ့မိခင် အလိုရှိသော ခုတင်တစ်လုံးကို တွေ့သောအခါ မိခင်လုပ်သူသည် ဈေးရောင်းသူကလေးအား မျက်စိမှိတ်ပြပြီးလျှင် ထိုခုတင်ကို ဝယ်ရန် သူ၏သားကို အဆွယ်ခိုင်း၏။

နောက်တစ်နေ့တွင် ခုတင်ကို အိမ်သို့လာ၍ ပို့လေသည်။ ထိုညတွင် သူ၏ ဖခင် ပြန်လာသောအခါ 'ဖေဖေ၊ ဖေဖေ ကျွန်တော် ဝယ်လာတဲ့ ကျွန်တော့် ခုတင်ကို အိမ်ပေါ်မှာ လာကြည့်စမ်းပါ'ဟု အော်၍ တံခါးဝသို့ သွားပြီးလျှင် ဖခင်ကို ကြိုလေသည်။

ဖခင်ဖြစ်သူသည် ချားလ်ရွပ်၏ ဆုံးမစကားကို နာယူသော သဘောဖြင့် သူ၏ သား ဝယ်လာသော ခုတင်ကို စိတ်ရောကိုယ်ပါ ချီးမွမ်းလျက်ရှိလေသည်။

'လူကလေး ဒီနေ့ညတော့ ရှူရှူမပေါက်တော့ဘူး မဟုတ်လား'

'မပေါက်တော့ဘူး ဖေဖေ'

---

၁။ Loeser's Department Store

www.burmeseclassic.com

www.burmeseclassic.com



ကလေးသည် သူ၏ ကတိအတိုင်း တည်၏။ အဘယ့်ကြောင့်ဆိုသော် သူ၏ မာနသည် ကတိအပေါ်တွင် တည်လျက်ရှိသောကြောင့်တည်း။ ထိုမျှ မကသေး၊ အိပ်ရာနှင့် ခုတင်သည် သူ့အိပ်ရာနှင့် ခုတင် ဖြစ်လျက်ရှိချေပြီ။ ထို ခုတင်ကို သူကိုယ်တိုင် ဝယ်လာ၏။ ထို့ပြင်လည်း လူကြီးတစ်ယောက်ကဲ့သို့ အိပ်ရာဝင် အင်္ကျီများကို ဝတ်ဆင်ရလျက်ရှိချေပြီ။ ထို့ကြောင့် သူသည် လူကြီးကဲ့သို့ ပြုကျင့်လို၏။ ထိုအတိုင်းလည်း ပြုကျင့်၏။

သက်သေတစ်ခုကို ပြဦးအံ့။ ကေတီ ဒူးရှမန်း[၁] ဆိုသူ တယ်လီဖုန်း အင်ဂျင်နီယာ[၂] တစ်ဦးတွင် ၃ နှစ်ရွယ် သမီးတစ်ယောက် ရှိ၏။ ဒူးရှမန်းသည် ကျွန်ုပ်ထံတွင် လာရောက်သင်ကြားနေသူ တပည့်တစ်ဦး ဖြစ်၏။ သူ၏ သမီးကို နံနက်စာစားရန် ပြော၍ မရသဖြင့် ကြိမ်းချည်တစ်ခါ ချော့ချည် တစ်လှည့်နှင့် တိုက်တွန်းပါသော်လည်း အချည်းနှီး ဖြစ်ခဲ့၏။ ထို့ကြောင့် 'မနက်စာ စားချင်အောင် ဘယ်လိုလုပ်ရပါ့မလဲ' ဟူ၍ ဇနီးမောင်နှံနှစ်ယောက် တိုင်ပင်ကြလေသည်။

သမီးကလေးသည် မိခင်ကို အတုခိုး၍ သူ့ကိုယ်သူ လူကြီးဖြစ်ချင်နေ၏။ ထို့ကြောင့် တစ်မနက်တွင် ကုလားထိုင်တစ်လုံးပေါ်တွင် သူ့ကို တင်ထား ပြီးလျှင် နံနက်စာကို သူကိုယ်တိုင် ချက်စေသည်။ ကလေးသည် ထမင်းအိုး ကို မွှေနေသည့် အချိန်ကောင်းတွင် ဖခင်ဖြစ်သူသည် မီးဖိုချောင်ထဲသို့ ဝင်သွားသော အခါ 'ဖေဖေ ကြည့်စမ်း၊ သမီး ထမင်းချက်နေတယ်'ဟု ပြောလေသည်။

ထိုနေ့နံနက်စာ ထမင်းစားကြရာ မတိုက်တွန်းရဘဲနှင့် နှစ်ပန်းကန်ပြား ကုန်အောင် ကလေးမကလေးသည် စားလေသည်။ အဘယ့်ကြောင့်ဆိုသော် သူချက်သော ထမင်းတွင် သူသည် စိတ်ဝင်စားလျက်ရှိသောကြောင့်ပင် ဖြစ်၏။ သူသည် သူ့ကိုယ်ကို အထင်ကြီးလျက်ရှိရာ ထမင်းချက်ရခြင်းဖြင့် ထိုအထင်ကြီးခွင့်ကို သူသည် ရရှိလေသည်။

'တွင်ကျယ်ချင်သော စိတ်သည် လူတို့တွင် ရှိသည့် အခြားသော စိတ် များကို လွှမ်းမိုးနေသောစိတ်ဖြစ်သည်' ဟူ၍ ဝီလျံဝင်းတား[၃] သည် တစ်ကြိမ်က ပြောဖူး၏။ အလုပ်လုပ်ရာတွင် ထိုစကားကို ကျွန်ုပ်တို့သည် အဘယ်ကြောင့်

---

၁။ K.T. Dutschmann
၂။ Telephone Engineer
၃။ William Winter

www.burmeseclassic.com

www.burmeseclassic.com



အသုံးမချနိုင်ရမည်နည်း။ ကျွန်ုပ်တို့၌ အလွန်ကောင်းသော အကြံတစ်ခုရရှိလျှင် တစ်ဖက်သားအား ထိုအကြံသည် ကျွန်ုပ်တို့၏ အကြံဖြစ်သည်ဟု သိစေမည့်အစား ထိုအကြံကို သူ့ထံမှရသည် ဟူသော အနေမျိုးရောက်အောင် အဘယ်ကြောင့် မလုပ်ရမည်နည်း။ ထိုအခါ ထိုသူသည် ဤအကြံကို သူ၏အကြံဟူ၍ ယူဆပြီးလျှင် အလွန်နှစ်သက်ရုံမက နှစ်ပန်းကန်ပြားကုန်အောင်စားသော ကလေးမကဲ့သို့ ထိုအကြံကို အကြံပေးသူထက် နှစ်ဆပို၍ လုပ်ပေလိမ့်မည်။

ထို့ကြောင့် 'တစ်ဖက်သား၏ စိတ်ထဲတွင် ဆန္ဒတစ်ခု ပြင်းပြစွာ ဖြစ်လာအောင် ရှေးဦးစွာ ဆွပေးပါ။ အကြင်သူသည် ဤကိစ္စကို ဆောင်ရွက်နိုင်အံ့၊ ထိုသူ၏ နောက်သို့ တစ်ကမ္ဘာလုံး လိုက်အံ့။ အကြင်သူသည် ဤကိစ္စကို မဆောင်ရွက်နိုင်၊ ထိုသူသည် တစ်ယောက်တည်း နေရအံ့'ဟူသော စကားကို ကောင်းစွာ မှတ်ကြပါကုန်။

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်မှ အကျိုးကျေးဇူး အများဆုံးရနိုင်ရန် ပေးအပ်သော အကြံ ၉ ချက်

၁။ သင်သည် ဤစာအုပ်မှ အကျိုးကျေးဇူးတို့ကို အများဆုံး ရချင်သည်ဟု ဆိုလျှင် အခြားသော ဥပဒေသ သို့မဟုတ် စည်းကမ်းတို့ထက် အဆပေါင်းများစွာ အရေးကြီး၍ လက်မလွှတ်နိုင်သော လိုလားတောင့်တအပ်သည့် အချက်ကြီး တစ်ခုရှိ၏။ အကယ်၍ သင့်၌ ထိုလိုလား တောင့်တရမည့် အချက်ကြီးတစ်ချက် မရှိဘူးဆိုပါလျှင် ဤစာအုပ်ကို ဆည်းပူးရမည်ဟူသော ဥပဒေသပေါင်း ရာထောင် ပေးသော်လည်း အကျိုးထူးမည် မဟုတ်ပေ။ သင်၌ အကယ်၍ ထိုလိုလား တောင့်တအပ်သော အချက်ကြီးရှိပါလျှင် စာအုပ် တစ်အုပ်မှ အကျိုးကျေးဇူးတို့ကို အများဆုံးရအောင် ဘယ်ပုံဘယ်နည်း ပြုလုပ်ရမည်ဟူသော မည်သည့် အကြံပေးချက်တို့ကိုမျှ မဖတ်ရဘဲနှင့် အံ့သြဖွယ်ကောင်းသော ကိစ္စများကို သင်သည် ဆောင်ရွက်နိုင်လိမ့်မည်။

ထိုသို့ မျက်လှည့်သဖွယ် ထူးဆန်းအံ့သြဖွယ်ကောင်းသော လိုလား တောင့်တအပ်သည့် အချက်ကြီးသည် အဘယ်နည်း။ ထိုအချက်သည် **လူများနှင့် ဆက်ဆံရာ၌ အသုံးပြုရန် အရည်အချင်းကို တိုးပွားအောင် လုပ်မည်ဟူသော ခိုင်မြဲသည့် သန္နိဋ္ဌာန်ဖြင့် တတ်သိပွန်းတီးလိုသည့် မဆုတ်မနစ် လေးနက်သော ဆန္ဒပင် ဖြစ်သည်။**

ထိုကဲ့သို့သောဆန္ဒကို ပိုမို၍ကြီးမားလာအောင် သင်သည် မည်ကဲ့သို့ လုပ်မည်နည်း။ ဤနည်းလမ်းများသည် မည်မျှ အရေးကြီးသည်ကို သင့်ကိုယ် သင် အစဉ် ထာဝရ သတိပေးခြင်းဖြင့် ပြုလုပ်နိုင်သည်။ မိတ်ဆွေဖြစ် ပေါင်းသင်းဆက်ဆံရာ၌လည်းကောင်း၊ ငွေရေးကြေးရေး ဆက်ဆံရာ၌လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း ဤနည်းများကို နိုင်နင်းစွာ အသုံးချနိုင်ခြင်းသည် သင့်အား မည်သို့သော ဆုလာဘ်သပ္ပကာများ ပေးမည်ကို ထင်ရှား ပေါ်လွင်လာအောင် တွေးခေါ်ပါ။ 'ကျွန်ုပ်၏ ကျော်ကြားမှု၊ ကျွန်ုပ်၏ ချမ်းသာမှု၊ ကျွန်ုပ်၏ ဝင်ငွေရမှုတို့သည် လူတို့နှင့် ဆက်သွယ်ရာ၌ အသုံးချရမည်ဖြစ်သော ကျွန်ုပ်၏ အရည်အချင်းပေါ်တွင် များစွာ မှီခိုလျက်ရှိသည်' ဟူ၍ သင့်ကိုယ်သင် မကြာခဏ ပြောပေးပါ။

၂။ အနည်းငယ် အခြေခံရထားနှင့်ရန် အခန်း အသီးသီးကို ပထမ အကြိမ်တွင် လျင်မြန်စွာ ဖတ်လိုက်ပါ။ တစ်ခန်းကို ဖတ်ပြီးလျှင် နောက် တစ်ခန်းသို့ ဆက်တိုက်ဖတ်လိုသော ဆန္ဒများ ပေါ်ပေါက်လာလိမ့်မည်။ အကယ်၍ ဤစာအုပ်ကို အပျင်းပြေ သဘောနှင့် မဖတ်ပါဟုဆိုလျှင် ဆက် တိုက် ဖတ်လိုသော ဆန္ဒ၏ အလိုသို့ မလိုက်ပါနှင့်။ ဤစာအုပ်ကို ဖတ် သည်မှာ လူများနှင့်ဆက်ဆံရာတွင် အသုံးပြုရမည့် သင်၏ စွမ်းရည်ကို တိုးပွားအောင်လုပ်ရန်အတွက် ဖြစ်သည်ဟု ဆိုလျှင် **ဖတ်ပြီးသား အခန်းတိုင်းကို သေချာစေ့စပ်စွာ ပြန်လည် ဖတ်ဦးလော့။** ရေရှည်တွင် ဤသို့ ပြုလုပ်ခြင်းသည် အချိန်ကုန်သက်သာ၍ အကျိုးပို၍ ရှိပေမည်။

၃။ **ဖတ်နေစဉ်တွင် ခေတ္တ ရပ်နားပြီးလျှင် သင်သည် ဘာကို ဖတ်နေသည်ကို သုံးသပ်ကြည့်ပါ။** သင်ဖတ်နေသော နည်းလမ်းများကို ဘယ်လိုသုံးရမည်၊ ဘယ်အခါမျိုး၌ သုံးရမည်ကို စာဖတ်ရင်း သင့်ကိုယ်ကိုသင် ပြန်၍ မေးမြန်းပါ။ ယုန်သူငယ်ကို ခွေးသမင်လိုက်သကဲ့သို့ ဆက်တိုက်ဖတ်ခြင်းထက် အထက်ပါနည်းအတိုင်း ဖတ်ခြင်းသည် သင့်ကို ပို၍ အထောက်အပံ့ပေးမည် ဖြစ်၏။

၄။ **ဖတ်သည့်အခါ ခဲတံအနီ၊ သို့မဟုတ် ခဲတံ သို့မဟုတ် ဖောင်တိန် တစ်ချောင်းကို လက်ထဲတွင် ဆောင်ထား၍ သင့်အတွက် အသုံး ပြုရန် ကောင်းမည့် နည်းတစ်ခုဟူ၍ သင်အထင်ရောက်သောနည်းကို တွေ့သော အခါ ထိုစာသား၏ ဘေးက မျဉ်းသားလိုက်ပါ။** အကယ်၍ ထိုနည်းသည် အရေးကြီးသောနည်း ဖြစ်ခဲ့ပါလျှင် စာကြောင်းတိုင်း၏ အောက်မှ မျဉ်းသား ထားပါ။ သို့မဟုတ် ထိုနည်း၏ ဘေးမှ ကြက်ခြေခတ် လေးခု ဤကဲ့သို့ XXXX မှတ်သားထားပါ။ ဤသို့ မှတ်ခြင်းနှင့် မျဉ်းသားခြင်းသည် စာအုပ်၌ ပို၍ စိတ်ဝင်စားစေမည့်အပြင် စာအုပ်ကို လျင်လျင်မြန်မြန် ပြန်၍ ဖတ်ရန် အတွက် ပိုမိုလွယ်ကူပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ အာမခံ ကုမ္ပဏီကြီးတစ်ခုတွင် ၁၅ နှစ်တာမျှ မန်နေဂျာအဖြစ်ဖြင့် အလုပ်လုပ်ခဲ့ဖူးသော လူတစ်ယောက်ကို ကျွန်ုပ် သိ၏။ သူသည် သူ့ကုမ္ပဏီ၏စာချုပ်များကို လ တိုင်း ဖတ်၏။ ဟုတ်ကဲ့၊ ထိုစာချုပ်များကို လမဆုံး နှစ်မဆုံး ထပ်ကာတလဲလဲ ဖတ်လေ့ရှိ၏။ အဘယ့်ကြောင့် ဤကဲ့သို့ ဖတ်ရသနည်း။ အကြောင်းမူကား ဤနည်းသည် စာချုပ်ထဲတွင် ပါဝင်သော ခံဝန်ချက်များကို စိတ်ထဲတွင် ပြတ်ပြတ်သားသား ပေါ်ပေါက်စေရန်အတွက် ကောင်းသောနည်းဖြစ်သောကြောင့်တည်း။

တစ်ခါတုန်းက ကျွန်ုပ်သည် လူတော စကားပြောနည်းအကြောင်းကို စာအုပ် တစ်အုပ်ရေးရာ နှစ်နှစ်မျှ ကြာလေသည်။ ထိုအတောအတွင်း ကျွန်ုပ် ရေးပြီးခဲ့သမျှတို့ကို မှတ်မိစေရန် မကြာခဏ ပြန်၍ ဖတ်ရလေသည်။ ကျွန်ုပ်တို့၏ အမေ့မြန်ခြင်းသည် အံ့သြရလောက်ပေစွ။

**ထို့ကြောင့် ဤစာအုပ်မှ ခိုင်မြဲသော အကျိုးစစ်ကို ရရန်အလိုရှိပါလျှင်၊ အပေါ်ယံ အပယီက တစ်ခါလျှောက်ဖတ်သွားရုံနှင့် လုံလောက်ပြီဟူ၍ မမှတ်လေနှင့်။ စာကို စေ့စေ့စပ်စပ် ဖတ်ပြီးသည့်နောက်၊ အချိန်အနည်းငယ်ယူကာ လစဉ် ပြန်ဖတ်ပါ။ သင့် စားပွဲခုံပေါ်တွင် သင်၏ ရှေ့တည့်တည့်၌ နေ့စဉ် ထိုစာအုပ်ကိုထားကာ မကြာခဏ ယူ၍ ဖတ်ပါ။ မိမိ၏ နောင်ရေးအတွက် တိုးတက်ကောင်းမွန်လာနိုင်ရန် အဖိုးတန်သည့် အခွင့်အလမ်းကောင်းများစွာ ရှိသေးကြောင်းကို အစဉ်အမြဲ သတိရပါ။ ဤစာအုပ်ပါ နည်းများကို လုံ့လထုတ် မနေရဘဲနှင့် အသုံးပြုနိုင်သော ကိုယ်ပိုင်နည်းများ ဖြစ်အောင် လုပ်နိုင်ရန်မှာ ထိုနည်းများကို မကြာခဏ စစ်ဆေးပြီးလျှင် မကြာခဏ အသုံးပြုပေးခြင်း ဖြစ်၏။ ထို့ထက်ကောင်းသော အခြားနည်းများ မရှိတော့ပေ။**

၆။ ဘားနတ်ရှော[၁] က 'သင်သည် လူတစ်ယောက်ကို ဘယ်လိုပဲ သင်သင်၊ ထိုအသင်ခံရသူသည် ဘာကိုမျှ တတ်မည်မဟုတ်' ဟု တစ်ခါတုန်းက ပြောဖူး၏။ ရှောသည် မှန်၏။ **တတ်ချင်လျှင် ကိုယ်တိုင်လုပ်ရ၏။ သူများ လုပ်ပေး၍ မရ။ ကျွန်ုပ်တို့သည် ကိုယ်တိုင် ကြိုးစားခြင်းအားဖြင့် တတ်လာကြသည်။ ထို့ကြောင့် ဤစာအုပ်ထဲတွင် သင်ကိုယ်တိုင် ဖတ်လျက်ရှိသော နည်းတို့ကို နိုင်နင်းစွာ အသုံးပြုလိုပါလျှင် ဤနည်းများအတွက် ကစ်စုံတစ်ခု လုပ်ပေးပါ။ အခွင့်အခါရတိုင်း ဤနည်းကို အသုံးပြုပါ။** အသုံးမပြုလျှင်

၁။ Bernard Shaw

www.burmeseclassic.com

www.burmeseclassic.com



ဤနည်းတို့ကို မကြာမီ သင်သည် မေ့သွားလိမ့်မည်။ အသုံးပြုသော ဗဟုသုတ သာလျှင် သင့်စိတ်၌ စွဲနေလိမ့်မည်။

ဤနည်းများကို အခါမရွေး အသုံးပြုရန် ခက်ခဲမည့်အကြောင်းကို သင် တွေ့ကောင်း တွေ့ပေလိမ့်မည်။ ဤစာအုပ်ကို ကျွန်ုပ်ကိုယ်တိုင် ရေး သောကြောင့် ဤနည်းများကို ကျွန်ုပ် သိ၏။ သို့သော်လည်း ကျွန်ုပ် တိုက်တွန်းသော နည်းများအတိုင်း အကုန်အစင် လိုက်နာ အသုံးပြုရန် ခက်ခဲကြောင်းကို ကျွန်ုပ်ကိုယ်တိုင် မကြာခဏ တွေ့ရ၏။ ဥဒါဟရဏ် သင်သည် မကျေမနပ်ဖြစ်နေသောအခါ တစ်ဖက်သား၏ အယူအဆကို နား လည်အောင် ကြိုးစားခြင်းထက် ထိုသူ့အား ကဲ့ရဲ့ခြင်း အပြစ်တင်ခြင်း ပြုလုပ်ရန် ပို၍ လွယ်ကူ၏။ ချီးမွမ်းခြင်းထက် အပြစ်ရှာခြင်းကို ပြုလုပ်ရန် ပို၍ လွယ်ကူ၏။ တစ်ဖက်သား အလိုရှိသည့် အရာကို ပြောခြင်းထက် မိမိ အလိုရှိသည့် အရာကို ပြောရန် ဓမ္မတာအတိုင်း ပို၍ လွယ်ကူ၏။ ကျန်သဘော များမှာ ဤနည်းအတိုင်းပင်တည်း။ ထို့ကြောင့် ဤစာအုပ်ကို ဖတ်နေစဉ် သင်သည် ဗဟုသုတ ရှာမှီးရုံအတွက်သာ မဟုတ်မူဘဲ သင့်ဘဝကို အသစ်လဲရန် ဖတ်သည်ဟု အမှတ်ပြုပါ။ ဟုတ်တယ်လေ။ ဘဝသစ်တစ်ခု ထူထောင်ရန် သင် ကြိုးစားနေသည် မဟုတ်လား။ ဤကဲ့သို့ ထူထောင်နိုင်ရန်အတွက် အချိန် ဖွဲ့နှင့် နေ့စဉ် အသုံးချဖို့ လိုလေသည်။

**ထို့ကြောင့် ဤနည်းများကို မကြာခဏ ပြန်၍ ကြည့်ပါ။ ဤစာအုပ် ကို လူများနှင့် ဆက်သွယ်ရာ၌ အသုံးပြုရမည့် လက်စွဲစာအုပ်တစ်အုပ်အဖြစ် အမှတ်ပြုပါ။ သင်သည် စိတ်တိုတတ်သော ဝယ်သူကို ကျေနပ်အောင် ဆောင်ရွက်ပေးရန်သော် လည်းကောင်း၊ သင့်မိန်းမကို သင့် အလိုသို့ပါအောင် ဆွဲဆောင်ရန်သော် လည်းကောင်း၊ သင်၏ ကလေးကို ထိန်းသိမ်းရန်သော် လည်းကောင်း ပြဿနာတစ်မျိုးမျိုးနှင့် ရင်ဆိုင်တိုးရသည်ရှိသော် သင် လုပ် နေကျ စိတ်နောက်ကိုယ်ပါ မလုပ်မိရန် ဖြည်းနှေးပါစေ။** ဤသို့ စိတ်နောက် ကိုယ်ပါ ပြုလုပ်ခြင်းသည် များသောအားဖြင့် မှားတတ်သည်။ ဤသို့လုပ်မည့် အစား ဤစာအုပ်ကို လှန်လှော၍ သင်မှတ်ထားသော နည်းများကို ပြန်ဖတ်ပါ။ ထို့နောက် ထိုနည်းသစ်များကို စမ်းသပ်ကာ ထိုနည်းများ၏ မျက်လှည့်ကဲ့သို့ ထူးဆန်းစွာ အောင်မြင်နိုင်ပုံကို စောင့်ကြည့်ပါလော့။

၇။ ဤနည်းများထဲမှ သင်လိုက်နာမည့် နည်းတစ်နည်းကို သင်သည် မနာယူဘဲ ဖောက်လွဲဖောက်ပြန် ပြုကျင့်သည်ကို ဖမ်းမိတိုင်း သင့်မိန်းမအား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ၊ သားကို ဖြစ်စေ သို့မဟုတ် အလုပ်လုပ်ဘက် တစ်ဦးဦးကိုဖြစ်စေ ဒေါ်လာတစ်ပြား ပေးပါ။ ဤနည်းများကို ကောင်းစွာ နိုင်နင်းသောဘဝသို့ ရောက်ရန် ဤစနစ်ကို လုပ်ထားပါ။

၈။ ဝေါစထရီ အရပ်ရှိ နာမည်ကြီး ဘဏ်တိုက်တစ်တိုက်၏ ဥက္ကဋ္ဌ တစ်ဦးသည် ကျွန်ုပ်၏ အတန်းထဲတွင် သူ၏ အဖြစ်အပျက်ကို ပြန်၍ ပြောရာ၌ သူ၏ အရည်အချင်း တိုးတက်လာအောင် သူကိုယ်တိုင် ကျင့်သော အလွန်ကောင်းမွန်သည့် နည်းလမ်းတစ်ခုကို ထုတ်ဖော်ပြောပြသွားလေသည်။ သူသည် ကောင်းစွာ ကျောင်းမနေခဲ့ရဘူးပေ။ သို့ရာတွင် ယခုအခါတွင် သူသည် အမေရိကန်ပြည်၏ အရေးပါ အရာရောက်ဆုံးသော ငွေရှင်းသည်[၁] ကြီး တစ်ဦးတစ်ယောက် ဖြစ်လေသည်။ သူ၏ အောင်မြင်ခြင်းသည် သူ ကိုယ်တိုင်ထွင်သော စနစ်ကို အစဉ်အမြဲ အသုံးပြုခြင်းကြောင့် ဖြစ်သည်ဟု သူက ဝန်ခံ၏။ သူ၏ စနစ်ကို သူပြောသမျှ ကျွန်တော် မှတ်မိသည့်အတိုင်း အောက်တွင် ဖော်ပြလိုက်ပါ၏။

'ကျွန်ုပ်နှင့် ချိန်းထားသော နေ့စဉ် ချိန်းပွဲများ၏ စာရင်းများကို ရေး မှတ်သည့် စာအုပ်တစ်အုပ်ကို နှစ်ပေါင်းများစွာကပင် ကျွန်ုပ် ဆောင်ခဲ့လေသည်။ စနေနေ့ ညတိုင်းတွင် ကျွန်ုပ်၏ မိသားတစ်စုသည် ကျွန်ုပ်အတွက် မည်သည့် ဆောင်ရွက်ဖွယ်ကိုမျှ မထားချေ။ အဘယ့်ကြောင့်ဆိုသော် စနေနေ့ညတိုင်းတွင် အချိန်အနည်းငယ်ယူလျက် ကျွန်ုပ်သည် မိမိကိုယ်ကို ဆန်းစစ်ခြင်း၊ လုပ်ခဲ့သမျှ ကိစ္စများကို ပြန်လှန်စစ်ဆေးခြင်းနှင့် အကောင်းအဆိုးကို ဝေဖန်ကာ တန်ဖိုး ဖြတ်ခြင်းများကို ပြုလုပ်ကြောင်းကို အိမ်သားများ သိသောကြောင့်ပင် ဖြစ်သည်။ စနေနေ့ညတွင် ညစာထမင်းစားပြီးသောအခါ ကျွန်ုပ် တစ်ဦးတည်းနေလျက် ကျွန်ုပ်၏ ချိန်းပွဲ အမှတ်အသား စာအုပ်ကိုဖွင့်၍ တနင်္လာနေ့ တစ်ပတ်အတွင်း မျက်နှာချင်းဆိုင် ပြောဆိုခဲ့ပုံ၊ ဆွေးနွေးခဲ့ပုံ၊ တွေ့ဆုံခဲ့ပုံများကို ပြန်လှန် တွေးတော၏။ ထိုနောက် ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် မေးလေသည်။

'ငါဟာ ထိုအချိန်မှာ ဘယ်လိုအမှားမျိုး လုပ်မိပါလိမ့်'

'မှန်တာတွေ ဘာများလုပ်မိပါလိမ့်၊ ဒါထက်ကောင်းအောင် ဘယ်လို များ လုပ်နိုင်သေးသလဲ'

'ဒီအတွေ့အကြုံများထဲမှ ဘာသင်ခန်းစာများ ရယူနိုင်ပါ့မလဲ'

---

၁။ Financier

www.burmeseclassic.com

www.burmeseclassic.com



'ဤကဲ့သို့ တနင်္ဂနွေအပတ်စဉ် ပြန်လှန်စစ်ဆေးရသောအလုပ်သည် ကျွန်ုပ်အား များစွာ စိတ်မချမ်းမြေ့ဖွယ် ဖြစ်စေ၏။ ကျွန်ုပ်၏ အမှားများကို ပြန်တွေ့ရသောအခါ ကျွန်ုပ်သည် များစွာ အံ့အားသင့်မိ၏။ သို့ရာတွင် နှစ်ပေါင်း အတော်ကြာသောင်းလာသောအခါ ထိုအမှားများသည် တစ်စတစ်စ နည်းသွားလေသည်။ ယခုအခါ ဤကဲ့သို့ စစ်ဆေးပြီးတိုင်း တစ်ခါတစ်ရံ ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် ချီးမွမ်းချင်သလိုလို ဖြစ်လာ၏။ တစ်နှစ်ပြီးတစ်နှစ် ဆက်၍ ကျင့်လာသည့် ဤကဲ့သို့သော ကိုယ့်ကိုယ်ကို ဆန်းစစ်ခြင်း၊ ကိုယ့်ကိုယ်ကို ပညာသင်ပေးခြင်း ဟူသော စနစ်သည် ကျွန်ုပ် လိုက်နာခဲ့ဖူးသော အခြား စနစ်များထက် ကျွန်ုပ်အား ပိုမို၍ အကျိုးကျေးဇူး ပြုခဲ့ဖူးလေသည်။

ထိုစနစ်သည် ကျွန်ုပ်၏ ယတိပြတ် ဆုံးဖြတ်နိုင်သော သတ္တိကို များစွာ အကူအညီ ပေးခဲ့သည်။ လူများနှင့် ဆက်ဆံရာ၌ ဤစနစ်၏ ဂုဏ်ပုဒ်များကို ကုန်စင်အောင် ကျွန်ုပ်သည် ဖော်မပြနိုင်ပေ။

ဤစာအုပ်တွင် ဆွေးနွေးထားသော နည်းတို့ကို သင် အသုံးပြုရာ၌ မည်မျှ အောင်မြင်သည်၊ မည်မျှ ချွတ်ချော်သည်ကို စစ်ဆေးရန် အထက်ပါ စနစ်ကို အသုံးပြုရလျှင် မကောင်းပေဘူးလား။ ထိုစနစ်အတိုင်း အသုံးပြုလျှင် အကျိုးနှစ်ခု ရပေမည်။

ပထမအကျိုးမှာ သင်သည် အဖိုးအနဂ္ဃထိုက်၍ ဉာဏ်ကစားသော ပညာရေးစနစ်ကို သင်ကိုယ်တိုင် လေ့လာလျက်ရှိကြောင်းကို တွေ့မြင်ရပေမည်။

ဒုတိယအကျိုးမှာ လူအများနှင့် တွေ့ဆုံ ဆက်ဆံနိုင်သည့် သင်၏ အရည်အချင်းသည် ဗေဒါပင်ကဲ့သို့ တိုးတက် ပြန့်ပွားလာသည်ကို တွေ့မြင် ရပေမည်။

၉။ ဤနည်းများကို သုံးရာ၌ သင်ကိုယ်တိုင် ရရှိခဲ့သော အောင်မြင်ချက်တို့ကို မှတ်သားရန် ယခု စာအုပ်အဆုံးတွင် နေ့စဉ် မှတ်တမ်းတစ်ခုကို တွေ့ရပေမည်။ သို့မှတ်သားရာ၌ အမည် ရက်စွဲနှင့် ရရှိသည့်အကျိုးကို သေချာကျနစွာ ရေးသားပါ။ ဤကဲ့သို့ မှတ်သားထားခြင်းသည် သင့်ကို ပို၍ ကြီးကျယ်မြင့်မြတ်သော အလုပ်များလုပ်ရန် လှုံ့ဆော်ပေးလိမ့်မည်။ နောင်နှစ်ပေါင်း အတော်ကြာမြင့်၍ အသက်အရွယ် ကြီးလာသောအခါ ထိုမှတ်ချက်များကို ပြန်လည် ဖတ်ရှုလျှင် မည်မျှ ပျော်စရာကောင်းမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်မှ အကျိုးကျေးဇူး အများဆုံး ရနိုင်သရွေ့ ရရန်မှာ အောက်ပါတို့ ဖြစ်သည်။

၁။ ။လူများနှင့် ဆက်ဆံနည်းများကို နိုင်နင်းစွာ အသုံးချနိုင်သော မဆုတ်မနစ် လေးနက်သည့် ဆန္ဒကို ကြီးထွား လာအောင် လေ့ကျင့်ပေးပါ။

၂။ ။ရှေ့သင်ခန်းစာကို လှမ်း၍ မဖတ်မီ သင်ဖတ်နေသော သင်ခန်းစာကို နှစ်ကြိမ်တိုင်တိုင် ပြန်ဖတ်ပါ။

၃။ ။သင်ဖတ်နေစဉ် နည်းအသီးသီးကို မည်ကဲ့သို့ အသုံးပြုနိုင်မည်ကို သင့်ကိုယ်ကို အကြိမ်ကြိမ်မေးပါ။

၄။ ။အရေးကြီးသော နည်းတိုင်းကို မျဉ်းသားထားပါ။

၅။ ။ဤစာအုပ်ကို တစ်လတစ်ကြိမ် ပြန်၍ ဖတ်ပါ။

၆။ ။ဤနည်းများကို အခွင့်အခါရတိုင်း အသုံးပြုပါ။ သင်၏ နေ့စဉ် ပြဿနာများကို ဖြေရှင်းရာ၌ အကူအညီရစေရန် ဤစာအုပ်ကို လက်စွဲကျမ်း အဖြစ်ဖြင့် အသုံးပြုပါ။

၇။ ။ဤစာအုပ်ပါ နည်းများကို မနာယူဘဲ သင် ဖောက်ဖျက်တိုင်း ဖမ်းမိသော မိတ်ဆွေများသို့ ဖမ်းမိတိုင်း ဒေါ်လာ တစ်ပြားစီ ပေးမည် ဟူ၍ အလောင်းအစား လုပ်ထားပါ။

၈။ ။တနင်္ဂနွေတစ်ပတ်တိုင်း သင်သည် မည်မျှ တိုးတက်ခဲ့သည်ကို စစ်ဆေးပါ။ မည်သည့်အမှားများကို ကျူးလွန်ခဲ့သည်၊ မည်မျှ တိုးတက်ခဲ့သည်၊ နောင်ရေးအတွက် မည်သည့်သင်ခန်းစာများကို ရရှိခဲ့ သည်ဟု မိမိကိုယ်ကို ပြန်၍ မေးပါ။

၉။ ။ဤစာအုပ်ပါ နည်းများကို မည်သည့်အခါတွင် မည်ကဲ့သို့ အသုံးပြုသည်ကို ဤစာအုပ်၏ နောက်ကျောရှိ နေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၂

# လူကြိုက်များအောင်လုပ်ရန် နည်း ၆ နည်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁

## ဤနည်းကို လုပ်၊ နေရာတိုင်းမှ ခရီးဦးကြို ပြုလုပ်လိမ့်မည်

မိတ်ဆွေပေါ်များရန်အတွက် ဤစာအုပ်ကို ဖတ်နေမည့်အစား ကမ္ဘာပေါ်တွင် မိတ်ဆွေအပေါ်ဆုံးဖြစ်သူ၏ နည်းကို အဘယ့်ကြောင့် မလေ့လာသနည်း။ သူသည် မည်သူနည်း။ သူသည် ဤလမ်းထဲသို့ မနက်ဖြန် လျှောက်လာသည်ကို သင် တွေ့ရအံ့။ သူနှင့် ဆယ်ပေလောက်ဝေးသော နေရာသို့ သင်ရောက်သွားလျှင် သူသည် သူ၏အမြီးကို နန့်လိမ့်မည်။ အကယ်၍ သင်သည် ရပ်တည့်၍ သူ၏ ကျောကိုသပ်လျှင် အလွန်တရာ ရွှင်မြူးစွာ ခုန်ပေါက်၍ သင့်ကို မည်မျှ ချစ်ခင်ကြောင်း ပြလိမ့်မည်။ ဤသို့ ရွှင်မြူး ခုန်ပေါက်၍ပြခြင်းသည် သင့်ထံမှ တစ်စုံတစ်ခုကို ရရန် ရည်ရွယ်ချက်တစ်ခုခုကြောင့် မဟုတ်ပေ။ ဤကဲ့သို့ ရွှင်မြူး၍ ပြခြင်းသည် သင့်ကို ပစ္စည်းတစ်ခုခု ရောင်းလို၍လည်း မဟုတ်။ သင့်ကို ထိမ်းမြားလို၍လည်း မဟုတ်ချေ။

တိရစ္ဆာန်များထဲတွင် ခွေးသာလျှင် မိမိဝမ်းစာအတွက် အလုပ် လုပ်၍ မပေးရချေ။ ထိုအကြောင်းကို သင် သိပါ၏လော။ ကြက်မသည် ဥများကို အုပေးရ၏။ နွားမသည် နွားနို့ပေးရ၏။ သာလိကာသည် သီချင်းဆိုရ၏။ သို့ရာတွင် ခွေးသည် သူ့ဝမ်းစာအတွက် သူ့မေတ္တာမှလွဲ၍ အခြားအရာများကို မပေးရချေ။

ကျွန်ုပ် ငါးနှစ်သားအရွယ်က ကျွန်ုပ်၏ ဖခင်သည် ဒေါ်လာဝက်ပေး၍ ခွေးနီပါးကလေးတစ်ကောင်ကို ဝယ်၏။ သူသည် ကျွန်ုပ်၏အသက်ဘူးဖြစ်၏။ ညနေတိုင်း လေးနာရီခွဲလောက်တွင် သူသည် ခြံပေါက်ဝတွင် ဝပ်၍ လမ်းမဘက်သို့ သူ၏ လှပသော မျက်လုံးများဖြင့် စိုက်၍ ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ အသံကို ကြားလျှင်သော်လည်းကောင်း၊ ကျွန်ုပ်လျှောက်လာသည်ကို မြင်လျှင်သော်လည်းကောင်း သူဝပ်နေရာမှ တစ်ချက်တည်း ခုန်ထွက်လာပြီးလျှင် အလွန်မြူးထူးစွာ ဟောင်၍ တောင်ပေါ်သို့ ကျွန်ုပ်ကို ကြိုဆိုရန် မောကြီး ပန်းကြီး ပြေးတက်လာ၏။

ခွေးကလေးတစ်ပီ[၁] မှာ ငါးနှစ်တိုင်တိုင် ကျွန်ုပ်၏ အမြဲတမ်းအဖော် ဖြစ်ခဲ့၏။ တစ်ညတွင် ထိုညကို ကျွန်ုပ် ဘယ်အခါမျှ မမေ့နိုင်။ တစ်ပီသည် ကျွန်ုပ် အိပ်ရာမှ ဆယ်ပေမျှအကွာတွင် အိပ်နေစဉ် မိုးကြိုးပစ်ခံရ၍ သေရှာသည်။ တစ်ပီ သေသွားသည်မှာ ငယ်ရွယ်သူ ကျွန်ုပ်အား များစွာ ယူကြုံးမရ ဖြစ်စေ၏။

အို တစ်ပီ၊ သင်သည် စိတ်ပညာစာအုပ်များကို မဖတ်ဘူးပေ။ ဖတ်ရန် လည်း မလိုပေ။ မိမိ၏ လိုအင်ကို အခြားသူများ စိတ်ဝင်စားလာအောင် နှစ်နှစ်တိုင်တိုင် ကြိုးစားခြင်းထက် အခြားသူများ၏ လိုအင်ကို နှစ်လမျှဟု အဟုတ်အဟတ် စိတ်ဝင်စားခြင်းသည် ထိုသူ၌ မိတ်ဆွေသင်္ဂဟ ပိုမို၍ ပေါများစေမည့် အကြောင်းကို သင့်အတွင်းပင်ကိုဓာတ်ခံတို့က သင့်အား သိစေခဲ့၏။ ထိုစကားကို တစ်ကြိမ် ပြန်၍ ပြောပါရစေဦး။ **သင့်လိုအင်ဆန္ဒများကို တစ်ဘက်သားတို့ စိတ်ဝင်စားလာအောင် နှစ်နှစ်တိုင်တိုင် ကြိုးစားခြင်းထက် တစ်ဘက်သားတို့၏ လိုအင်ဆန္ဒကို နှစ်လမျှ အဟုတ်အဟတ် စိတ်ဝင်စား ခြင်းသည် သင့်အား မိတ်ဆွေများပြားစေလိမ့်မည်။**

သို့သော်လည်း လူတို့သည် မိမိတို့၏ အလိုဆန္ဒများ၌သာ တစ်ဘက်သား တို့အား စိတ်ဝင်စားစေခြင်းဖြင့် အမှားကြီး မှားခဲ့ကြောင်းကို သင်နှင့် ကျွန်ုပ်တို့ သိရှိကြပြီး ဖြစ်လေသည်။

စင်စစ်မှာ ထိုနည်းသည် မအောင်မြင်နိုင်ချေ။ တစ်ဘက်သားတို့သည် သင့်ဆန္ဒတွင် စိတ်မဝင်စားကြချေ။ သူတို့သည် ကျွန်ုပ်၏ ဆန္ဒ၌လည်း စိတ် မဝင်စားကြချေ။ သူတို့သည် နံနက်ခင်း၊ နေ့လယ်၊ ညစာ ထမင်းစားပြီးသည့် အချိန်တို့တွင် သူတို့၏ ဆန္ဒများ၌သာ စိတ်ဝင်စားလျက်ရှိကြသည်။

တယ်လီဖုန်းဖြင့် စကားပြောရာတွင် မည်သည့်စကားလုံးကို အများဆုံး အသုံးပြုသည်ကို သိရှိရန် နယူးယောက် တယ်လီဖုန်းကုမ္ပဏီ[၂] သည် အသေးစိတ် စုံစမ်းကြည့်ရှုဖူး၏။ ထိုစကားလုံးကို သင်တွေးကြည့်မိပြီဟု ထင်သည်။

၁။ Tippy

၂။ The New York Telephone Company

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားလုံးသည် 'ကျွန်ုပ်' ကျွန်ုပ်' 'ကျွန်ုပ်' ပင် ဖြစ်၏။ တယ်လီဖုန်းနှင့် ပြောသောစကား အကြိမ်ပေါင်း ၅၀၀ တွင် 'ကျွန်ုပ်' 'ကျွန်ုပ်' 'ကျွန်ုပ်' 'ကျွန်ုပ်' ကို အကြိမ်ပေါင်း ၃,၉၉၀ အသုံးပြုကြသည်။

လူတစ်စုရိုက်ထားသော ဓာတ်ပုံတွင် သင်လည်းပါ၏။ ထိုဓာတ်ပုံကို မြင်လျှင် မည်သူ၏ ဓာတ်ပုံကို သင်သည် ရှေးဦးစွာ ကြည့်မည်နည်း။

အခြားလူများသည် သင့်အပေါ်တွင် စိတ်ဝင်စားလျက်ရှိသည်ဟု သင် အထင်ရောက်ခဲ့ပါလျှင် ဤမေးခွန်းကို ဖြေပါ။ ယနေ့ည သင် သေလျှင် သင်၏ အသုဘသို့ လူဘယ်နှစ်ယောက်လာမည်လဲ။

တစ်ဘက်သားတွင် စိတ်မဝင်စားဖူးဘဲနှင့် သင့်အပေါ်တွင် တစ်ဘက်သား က မည်သည့်အတွက်ကြောင့် စိတ်ဝင်စားရမည်နည်း။ သင့်ခဲတံကို လှမ်းယူပြီး လျှင် သင်၏ အဖြေကို ဤနေရာတွင် ရေးပါ။

မိမိကိုယ်ကို လူများက အထင်ကြီးအောင်လုပ်ရုံမျှဖြင့် ကျွန်ုပ်တို့အပေါ် တွင် တစ်ဘက်သား စိတ်ဝင်စားအောင် ကြိုးစားခဲ့သော် ကျွန်ုပ်တို့သည် မိတ်ဆွေစစ်များ ရနိုင်မည်မဟုတ်ချေ။ မိတ်ဆွေရင်းချာများကို ဤနည်းအားဖြင့် မရနိုင်။

နပိုလီယန်[၁] သည် ဤနည်းကို စမ်းကြည့်ဖူး၏။ ဂျိုးဆက်ဖင်[၂] နှင့် နောက်ဆုံး တွေ့ရသော အကြိမ်တွင် 'ဂျိုးဆက်ဖင်ရယ်၊ ကမ္ဘာပေါ်မှာ မောင်ဟာ ကံအကောင်းဆုံးလူတစ်ယောက်ပါပဲ၊ သို့ပေမယ့် ဒီအချိန်မှာ ခင်ကလွဲရင် မောင် အားထားရမယ့်လူဟာ တခြားမှာ မရှိတော့ဘူး' ဟူ၍ နပိုလီယန်က ပြောပြဖူး၏။ သို့ရာတွင် သမိုင်းဆရာများကမူကား ဂျိုးဆက်ဖင် ကိုပင်လျှင် နပိုလီယန်သည် အားကိုးမှ ကိုးပါရဲ့လား ဟူ၍ သံသယဖြစ်ကြ သေးသည်။

'ဘဝကိုသုံးသပ်နည်း'[၃] ခေါ် စာအုပ်တစ်အုပ်ကို ကွယ်လွန်သူ အယ်ဖရက် အတ်ဒလာသည် ရေးသားခဲ့ဖူး၏။ ထိုစာအုပ်တွင် 'တစ်သက်တာတွင် ကိုယ်တိုင် ဒုက္ခအများဆုံး တွေ့ရ၍ အခြားတစ်ဘက်သားတို့ကိုလည်း ဒုက္ခ

---

၁။ Napoleon

၂။ Josephine

၃။ What Life Should Mean to You

www.burmeseclassic.com

www.burmeseclassic.com



အများဆုံး ပေးသောသူသည် တစ်ဘက်သားတို့၏ ကိစ္စများတွင် စိတ်မဝင်စားသောသူသာလျှင် ဖြစ်၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များမှ လူတို့၏ ချို့ယွင်းပျက်ကွက်မှုမှန်သမျှသည် ပေါ်ပေါက်လာကြသည်’ဟူ၍ ထိုကျော်ကြားသော ဗီယင်နာမြို့သား စိတ်ပညာဆရာကြီးက ရေးခဲ့လေသည်။

အလွန်နက်နဲသော စိတ်ပညာကျမ်းများကို သင်သည် ဖတ်ဖူးသော်လည်း သင်နှင့် ကျွန်ုပ်တို့အတွက် အရေးကြီးသော ဤလို စာကြောင်းမျိုးကို တွေ့ချင်မှ တွေ့ရပေမည်။ ကျွန်ုပ်သည် ထပ်ကာတလဲလဲ ပြန်၍ပြောခြင်းကို မုန်းတီးသော်လည်း အတ်ဒလာ၏ စာကြောင်းများတွင် အလွန် အဖိုးတန်သော အဓိပ္ပာယ်များ ပါရှိသောကြောင့် အထက်ပါစာကြောင်းများကို ထပ်၍ ပြောရပေဦးမည်။

**တစ်သက်တာတွင် ကိုယ်တိုင် ဒုက္ခအများဆုံး တွေ့ရ၍ အခြားတစ်ဖက်သားတို့ကိုလည်း ဒုက္ခအများဆုံးပေးသောသူသည် တစ်ဖက်သားတို့၏ ကိစ္စများတွင် စိတ်မဝင်စားသော လူသာလျှင်ဖြစ်၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များမှ လူတို့၏ ချို့ယွင်း ပျက်ကွက်မှုမှန်သမျှသည် ပေါ်ပေါက်လာကြသည်။**

နယူးယောက် ယူနီဗာစီတီတွင် ဝတ္ထုတိုရေးနည်း သင်ခန်းစာကို ကျွန်ုပ်သည် သွားရောက်သင်ယူဖူး၏။ ထိုသို့ သင်ယူနေစဉ် တစ်နေ့သ၌ ကော်လီယား[၁] မဂ္ဂဇင်း စာတည်းသည် ကျွန်ုပ်တို့ အတန်းသို့ လာရောက်၍ ဟောပြော၏။ သူ၏ စားပွဲခုံပေါ်ကို တစ်နေ့ တစ်နေ့လျှင် ဝတ္ထုတို ဆယ့်လေးငါးခု ရောက်လာသည်။ ထိုအထဲမှ ဝတ္ထုတိုတစ်ခုကို ဆွဲထုတ်ပြီးလျှင် ထိုဝတ္ထုတိုကို ရေးသားသူသည် လူများကို မေတ္တာရှိသောသူ ဟုတ်မဟုတ်ကို သူသိသည်ဟု ထိုစာတည်းက ထုတ်ဖော်ပြောပြလေသည်။ ‘အကယ်၍ ထိုဝတ္ထုတိုကို ရေးသားသောသူသည် လူများကို မေတ္တာမရှိလျှင် လူများလည်း ထိုဝတ္ထုတို ရေးသူ၏ ဝတ္ထုတိုများကို မေတ္တာရှိမည် မဟုတ်’ ဟူ၍ ထိုသူက ဆက်လက် ပြောပြလေသည်။

ဤ အလုပ်ဝါရင့်ပြီးသောစာတည်းကြီးသည် ဝတ္ထုတိုရေးနည်း နိသျည်းများကို ဟောပြောစဉ် နှစ်ကြိမ်တိုင်တိုင် ရပ်ဆိုင်း၍ တရားစာပေ ဟောပြောသကဲ့သို့ ဖြစ်ရသည့်အတွက် ဝမ်းနည်းကြောင်း တောင်းပန်၏။ ‘သင်တို့၏ ဓမ္မကထိက ပြောပြမည်ဖြစ်သော တရားသဘောတွေကို ကျွန်ုပ်က ပြောပြ

၁။ The Collier's

www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ၊ သို့ရာတွင် သင်တို့သည် နာမည်ကျော် ဝတ္ထုရေးဆရာဖြစ်လိုလျှင် လူများအပေါ်တွင် စိတ်မဝင်စားဘဲ မဖြစ်နိုင်ကြောင်း ကြပ်ကြပ်မှတ်သားပါ' ဟူ၍လည်း ပြောပြသေး၏။

အကယ်၍ ဝတ္ထုရေးရာတွင် ဤစကားသည် တစ်ဆလောက်မှန်ကန်ခဲ့လျှင် လူများနှင့် မျက်နှာချင်းဆိုင်ကာ ပေါင်းသင်းဆက်ဆံရာ၌ ထိုစကားသည် သုံးဆလောက် ပို၍မှန်မည် ဖြစ်၏။

မျက်လှည့်ဆရာတို့၏ အကြီးအမှူး ပဥ္စလက်ဆရာတို့၏ ဘုရင်ဖြစ်သော ဟောင်းဝပ် သာစတန်[၁] သည် ဘရော့ဒဝေးအရပ်တွင် နောက်ဆုံးအကြိမ် ရောက်လာပြစဉ်က သူ၏ အဝတ်လဲသည့်အခန်းတွင် ကျွန်ုပ်သည် တစ်ညနေလောက် အချိန်ဖြုန်းဖူး၏။ သူသည် နှစ်ပေါင်း ၄၀ ကျော် ကမ္ဘာကို လှည့်၍ အကြိမ်ပေါင်း များစွာ သူ၏ အလွန် အံ့သြဖွယ်ကောင်းသော နည်းမျိုးစုံတို့ကို ပရိသတ်များ ပါးစပ်ဟောင်းလောင်းနေအောင် ပြသခဲ့ဖူး၏။ သူ၏ မျက်လှည့်ပွဲသို့ လာရောက်ကြည့်ရှုကြသော လူဦးရေမှာ သန်းပေါင်း ၆၀ ကျော်၍ ထိုပြပွဲ အားလုံးမှ ဒေါ်လာငွေ ၂ သန်းလောက် အမြတ်ပေါ်ခဲ့လေသည်။

ကျွန်ုပ်သည် မစ္စတာ သာစတန်၏ အောင်မြင်ကြောင်း နည်းလမ်းကောင်းများကို မေးမြန်းကြည့်၏။ ဤကဲ့သို့ သူအောင်မြင်ရသည်မှာ ကျောင်းမှ ရရှိခဲ့သော ပညာကြောင့် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ငယ်ရွယ်စဉ်ကပင် အိမ်မှ ထွက်ပြေးပြီးနောက် 'တေလေ'လုပ်၍ ကြီးပြင်းလာရသော ကြောင့်တည်း။

ကျောင်းမှရသော ပညာကြောင့် မဟုတ်လျှင် အခြား မျက်လှည့်ဆရာများထက် မျက်လှည့်အတတ်ကို ပို၍ တတ်သောကြောင့်လော။ မဟုတ်ပါ။ မျက်လှည့်ပြနည်း နိသျည်းများကို ရေးသားထားသော စာအုပ်ပေါင်း မြောက်မြားစွာ ပေါ်ထွက်နေပြီဖြစ်၍ သူ့လောက်တတ်သောသူ အမြောက်အမြား ရှိမည်ဟု သူက ပြောပြ၏။ သို့ရာတွင် အခြားသူများတွင် မရှိသောအရာ နှစ်ခု သူ၌ရှိ၏။ ပထမအရာကား သူ၏ မင်ကောင်းခြင်းပင် ဖြစ်၏။ သူသည် ဟန်ပြအလွန်ကောင်း၏။ လူ့သဘောကို နားလည်၏။ သူ၏ ကိုယ်ဟန် လက်ဟန် သံနေသံထားမှစ၍ မျက်ခုံးကို ပင့်တင်သည်အထိ ဇာတ်စင်ပေါ်တွင် သူလုပ်ရမည့် ဟန်အမူအရာဟူသရွေ့ကို ပွဲမဝင်မီ အပြင်က

---

၁။ Howard Thurston

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပလေ့ရှိသောကြောင့် ထိုအမှုအရာတို့သည် ပရိသတ်များကို အတော် 'ထိ' လေသည်။ ဒုတိယအရာသည်ကား ပွဲကြည့်သူ ပရိသတ်များအပေါ်တွင် စိတ်ဝင်စားသော သူ၏ စေတနာပင် ဖြစ်လေသည်။ 'များစွာသောမျက်လှည့် ဆရာတို့သည် ပရိသတ်များကိုကြည့်ပြီး ကနေ့ညတော့ အမဲတွေလာကြပြီ၊ ဒင်းတို့ကို အရူးလုပ်လိုက်ဦးမှပဲ စသည်ဖြင့် သူတို့ကိုယ်ကို သူတို့ ပြောနေကြ တာပဲ' ဟူ၍ သာစတန်က ကျွန်ုပ်အား ပြောပြဖူးလေသည်။

သို့ရာတွင် သာစတန်၏ နည်းမှာမူကား အထက်ပါနည်းမျိုးနှင့် လုံးလုံး ဆန့်ကျင်လျက်ရှိ၏။ ဇာတ်စင်ပေါ်သို့ ရောက်တိုင်း 'ဒီလူတွေလာ ကြည့်ပေလို့ ငါဟာ ထမင်းတစ်လုတ် ချောင်ချောင်စားနေရတယ်၊ သူတို့ရဲ့ ကျေးဇူးဟာ အင်မတန်ကြီးပါပေတယ်၊ ဒီကျေးဇူးရှင်တွေကို ငါတတ်တာတွေ မှန်သမျှ အစွမ်းကုန်ပြရမှာပဲ' ဟူ၍ သူ သဘောထားကြောင်း ကျွန်ုပ်အား ပြောပြဖူး၏။*

ပရိသတ်ရှေ့တွင် ရပ်တိုင်း ရပ်တိုင်း 'ငါ့ ပရိသတ်များသည် ချမ်းသာ ကြပါစေ' ဟူ၍ အစဉ်မပြတ် မေတ္တာပို့သည် ဟူ၍လည်း သူက ပြောပြဖူး၏။ ဒီစကားကို မယုံဘူးလား။ ရယ်စရာကောင်းမည်လို့ ဆိုမည်လား။ ဒါတော့ သင် ထင်ချင်သလို ထင်နိုင်၏။ ကျွန်ုပ်မှာမူကား ကမ္ဘာပေါ်တွင် အကျော်စောဆုံး သော မျက်လှည့်ဆရာကြီးတစ်ဦး၏ နည်းကောင်းတစ်ခုကို ကျွန်ုပ် ကြားရ သမျှ တစ်လုံးမျှ အပိုမပါဘဲ သင့်အား ဖောက်သည်ချလိုက်ခြင်းသာ ဖြစ်သည်။

မက်ဒမ် ရှူမန် ဟိန့်[၁] လည်း ကျွန်ုပ်ကို ထိုကဲ့သို့ပင် ပြောပြဖူး၏။ သူ၏ ကလေးများနှင့် သူ့ကိုယ်သူ သတ်၍ သေကြရန်ကိုပင် ကြံစည်မိသည် အထိ အသည်းကြေကွဲစရာများနှင့် ဝတ်မွတ်ခေါင်းပါးခြင်း ဒုက္ခများကို တွေ့လာခဲ့ရ သော်လည်း ဂီတဆရာကြီး ဝက်ဂနာ[၂] ရေးသော သီချင်းများကို သီဆိုသူများ ထဲတွင်အကောင်းဆုံးဖြစ်၍ နားထောင်သူ ပရိသတ်များ၏ စိတ်ကို ချောက်ချား အောင် စွမ်းသူတစ်ဦးအဖြစ်သို့ရောက်ရန် ကြိုးစားလာခဲ့ဖူး၏။ သူ၏ အောင်မြင် ကြောင်းနည်းကောင်းတစ်ခုသည် လူများ၏အပေါ်တွင် စိတ်ဝင်စားခြင်းပင် ဖြစ်သည်ဟု သူက ဝန်ခံ၏။

---

* မေတ္တာစိတ်၏ ထက်မြက်စူးရှပုံတည်း။ (ဘာသာပြန်သူ)

၁။ Madame Schumann Heink

၂။ Wagner

www.burmeseclassic.com

www.burmeseclassic.com



သီအိုဒိုရုစဗဲ့၏ အံ့သြလောက်အောင် လူချစ်လူခင်ပေါများကျော်ကြား ခြင်း နည်းကောင်းတစ်ခုသည်လည်း လူများ၌ စိတ်ဝင်စားခြင်းပင် ဖြစ်လေသည်။ သူ၏ အစေခံများကပင်လျှင် သူ့ကို ချစ်ခင်ကြ၏။ သူ၏ ကပ္ပလီ အစေခံ ဂျိမ်း အီ အာမိုး[၁] သည် 'တကယ့်လူတော် ရုစဗဲ့' စာအုပ် တစ်အုပ်ကို ရေးသားဖူး၏။ ထိုစာအုပ်ထဲတွင် အောက်ပါ မှတ်သားဖွယ် အဖြစ်အပျက်တစ်ခုကို ရေးသားထားလေသည်။

'ကျွန်ုပ်၏ မိန်းမသည် တစ်နေ့သ၌ သမ္မတမင်းအား ဘော့ဝှိုက်[၂] ခေါ် ငုံးတစ်မျိုးအကြောင်းကို မေးလေသည်။ ကျွန်ုပ်၏ မိန်းမမှာ ထိုငုံးမျိုးကို တစ်ခါမျှ မမြင်ဖူးသောကြောင့် သမ္မတမင်းသည် ထိုငုံးမျိုးအကြောင်းကို ပုံသဏ္ဌာန်နှင့်တကွ လုံးစေ့ပတ်စေ့ ပြောပြ၏။ ရက်အနည်းငယ်ကြာသောအခါ ကျွန်ုပ်တို့နေသည့် တဲအတွင်းရှိ တယ်လီဖုန်းခေါင်းလောင်း မြည်သံကို ကြားရ၏။ အာမိုးနှင့် သူ၏ မိန်းမတို့သည် အွိုင်းစတား ဘေး[၃]ရှိ ရုစဗဲ့၏ ခြံမြေတွင် တဲငယ်တစ်ခု ဆောက်၍နေလေသည်။ ကျွန်ုပ်၏ မိန်းမသည် တယ်လီဖုန်းကို သွား၍ နားထောင်သောအခါ တစ်ဘက်မှ စကားပြောသူသည် မစ္စတာ ရုစဗဲ့ကိုယ်တိုင် ဖြစ်နေကြောင်း သိရ၏။ ကျွန်ုပ်၏ မိန်းမ သိလိုသော ဘော့ဝှိုက်ခေါ် ငုံးငှက်သည် ကျွန်ုပ်တို့အိမ် ပြတင်းပေါက်ဝတွင် နားနေ၍ ထွက်ကြည့်လျှင် မြင်နိုင်ကြောင်းကို ပြောပြချင်သောကြောင့် တယ်လီဖုန်းဆက် လိုက်သည်ဟု မစ္စတာရုစဗဲ့က ပြောပြ၏။ ထိုမျှ အသေးအဖွဲကိစ္စကလေးများ၌ပင် စိတ်ဝင်စားခြင်းသည် သူ၏ ထူးခြားချက်ဖြစ်၏။ ကျွန်ုပ်တို့၏ တဲနားကို ဖြတ်သွားတိုင်း ကျွန်ုပ်တို့ကို မမြင်လျှင် 'အို အင်နီ[၄] တို့၊ အို ဂျိမ်းတို့' စသည်ဖြင့် ဟစ်သွားသည်ကို ကျွန်ုပ်တို့ ကြားရ၏။ တဲနားကို ဖြတ်သွားစဉ် ထိုသို့ ဟစ်ခြင်းသည် ကျွန်ုပ်တို့အား ချစ်ခင်ယုယစွာ နှုတ်ခွန်းဆက်ခြင်းပင် ဖြစ်လေသည်။

ထိုသို့သော ပုဂ္ဂိုလ်တစ်ဦးအား သူ၏ အစေခံများသည် အဘယ်ကြောင့် မေတ္တာသက်ဝင် မချစ်ခင်ဘဲ ရှိအံ့နည်း။

---

၁။ James E. Amos

၂။ Bob White

၃။ Oyster Bay

၄။ Annie

www.burmeseclassic.com

www.burmeseclassic.com



အာခီ ဘတ်[၁] ကလည်း အောက်ပါအတိုင်း ရေးသားထားလေသည်။

သမ္မတမင်း တပ်ဖထနှင့် သမ္မတကတော်တို့ မရှိခိုက် တစ်နေ့သ၌ ရုစဗဲ့သည် အိမ်ဖြူတော်သို့ အလည်သွားလေသည်။ စားဖိုဆောင် လုံမငယ်များမှ အစ အိမ်ဖြူတော်ရှိ အစေခံအားလုံးအား သူတို့၏ နာမည်ရင်းများကို ခေါ်၍ နှုတ်ဆက်ခြင်းအားဖြင့် သူသည် အတန်းအစား မခွဲခြားဘဲ မေတ္တာအစစ် ရှိကြောင်းကို ပြလေသည်။

'သူသည် အဲလစ်[၂] အမည်ရှိသော မီးဖိုချောင် အစေခံမကလေးကို တွေ့သောအခါ 'ပြောင်းဖူးမှုန့် ပေါင်မုန့်များကို လုပ်သေးသလား'ဟု မေးရာ 'အစေခံများအတွက်သာ တစ်ခါတစ်ရံ လုပ်ရပါသည်၊ အိမ်တော်ပေါ်က မည်သူမျှ ထိုပေါင်မုန့်များကို မစားပါ'ဟု အဲလစ်က ပြန်ပြော၏။

'သိပ်ပြီး ရိုင်းတဲ့လူတွေပဲ၊ သမ္မတကြီးနဲ့တွေ့မှ ဒီအတိုင်း ငါပြောရဦးမယ်'ဟု ရုစဗဲ့က ကျယ်လောင်စွာ ပြန်ပြောလေသည်။

အဲလစ်သည် ပြောင်းဖူးမှုန့် ပေါင်မုန့်တစ်လုံးကို ပန်းကန်ပြားနှင့် တည်သောအခါ ရုစဗဲ့သည် သမ္မတမင်း၏ ရုံးခန်းသို့သွားရင်း ပေါင်မုန့်ကို လမ်းလျှောက်စားလာ၍ လမ်းတွင် တွေ့သမျှသော ဥယျာဉ်မှူးများ အလုပ်သမား များကို နှုတ်ဆက်၏။

သူသည် လမ်းတွင်တွေ့သမျှသော သူများကို ရှေးမူအတိုင်း နှုတ်ဆက်၏။ နှုတ်ဆက်ခံရသူများကလည်း ထိုအကြောင်းကို တစ်ဦးနှင့် တစ်ဦး တီးတိုး ပြောလျက်ရှိကြ၏။ အိုက်ဟူးဗား[၃]က မျက်ရည်ဥကာ 'ခု နှစ်နှစ်လောက် အတောအတွင်းမှာ စိတ်ချမ်းသာတဲ့ နေ့ရယ်လို့ ဒီတစ်နေ့ပဲ ရှိသေးတယ်၊ ဒီလိုနေ့မျိုးကို ဒေါ်လာတစ်ရာနဲ့တောင် မလဲဘူးကွာ' ဟူ၍ ပြောလေသည်။

ဒေါက်တာ ချား ဒဗလျူ အဲလီယော့[၄] ကို ယူနီဗာစီတီကျောင်းကို အုပ်ချုပ်စီမံရသော ဥက္ကဋ္ဌများထဲတွင် အအောင်မြင်ဆုံးသော ဥက္ကဋ္ဌတစ်ဦး ဖြစ်အောင် ပြုလုပ်ပေးသော အရာသည်လည်း တစ်ဘက်သားတို့၏ အရေး ကိစ္စများတွင် စိတ်ဝင်စားခြင်းပင် ဖြစ်လေသည်။ အမေရိကန်ပြည်တွင်းစစ် ဖြစ်ပွားပြီးနောက် ၄ နှစ်အကြာမှ အစပြု၍ ကမ္ဘာစစ်ကြီးမဖြစ်မီ ၅ နှစ်တိုင်

---

၁။ Archie Butt

၂။ Alice

၃။ Ike Hoover

၄။ Dr. Charles W.Eliot

www.burmeseclassic.com

www.burmeseclassic.com



အောင် ဟားဗတ် ယူနီဗာစီတီကို သူသည် ဥက္ကဋ္ဌအဖြစ်ဖြင့် အုပ်ချုပ်လာခဲ့သည်ကို သင် သတိရပေမည်။ ဒေါက်တာ အဲလီယော့၏ အုပ်ချုပ်ပုံသက်သေ တစ်ခုကို အောက်တွင် ဖော်ပြပါအံ့။

တစ်နေ့သ၌ ကျောင်းသားသစ်တစ်ဦးဖြစ်သူ အယ် အာ ဂျီ ကရင်ဒန်[၁] သည် ကျောင်းသားများ၏ချေးငွေထဲမှ ဒေါ်လာငွေ ၅၀ ကို ချေးရန် ဥက္ကဋ္ဌ၏ ရုံးခန်းသို့သွား၏။ ချေးလိုသည့်ငွေကိုရသောအခါ ကရင်ဒန်သည် ကျေးဇူးတင်စကား ပြောပြီးနောက် ရုံးခန်းမှ ထွက်လာရန် ထလေသည်။ ထိုအခါ ဥက္ကဋ္ဌ ဒေါက်တာ အဲလီယော့က 'ခေတ္တကလေး ထိုင်ပါဦး မောင်၊ မောင့်အခန်းထဲမှာ မောင်ကိုယ်တိုင် ထမင်းချက်စားတယ်လို့ ကျုပ် ကြားရတယ်၊ အစားကောင်းကိုလဲ ရမယ်၊ လုံလုံလောက်လောက်လဲ ရမယ်ဆိုရင် ဒီလိုချက်စားတာ အကောင်းသားပဲ၊ ကျုပ် ကောလိပ်ကျောင်းမှာ နေစဉ်ကလဲ ဒီလိုပဲချက်စားတာပဲ၊ ဒါနှင့် စကားမစပ် မောင် နွားကလေးသားပါတဲ့ မုန့်ကို လုပ်တတ်ရဲ့လား၊ အချိန်ယူပြီး နူးနေအောင် ချက်ထားတဲ့ နွားကလေးသားနဲ့ လုပ်ရင် အင်မတန် အရသာရှိတာပဲ၊ ဘာတစ်ခုမျှလဲ လွှင့်မပစ်ရဘူး၊ ကျုပ်ချက်တဲ့ နည်းကတော့ ဒီလိုပဲ' စသည်ဖြင့် နွားကလေးသားမုန့်အကြောင်းကို လုပ်ပုံလုပ်နည်းမှစ၍ ဘယ်လိုစားရသည်အထိ ပြောပြလေသည်။

အမေရိကန်ပြည်ရှိ အလွန်ပွဲတောင်းခံရသော လူတစ်စုသည်ပင်လျှင် သူတို့အပေါ်၌ အဟုတ်တကယ် စိတ်ဝင်စားခြင်းဖြင့် သူတို့၏ အဖိုးတန်သော အချိန်များအကြားမှ ကျွန်ုပ်တို့ကို ဂရုတစိုက်ပြုကာ လာရောက်ကူညီအောင် ကျွန်ုပ်တို့ တတ်စွမ်းနိုင်ကြောင်းကို ကျွန်ုပ်ကိုယ်တိုင် တွေ့ရှိခဲ့ရ၏။ သက်သေပြပါအံ့။

နှစ်ပေါင်း အတော်ကြာလောက်က ဘရုကလင် သိပ္ပံ ဝိဇ္ဇာကျောင်း[၂] တွင် ကျွန်ုပ်သည် ပုံဝတ္ထုရေးနည်းသင်တန်းကို ဖွင့်ထား၏။ ကက်သလင်း နော်ရစ်[၃]၊ ဖင်းနီး ဟတ်[၄]၊ အိုင်ဒါတာဘယ်[၅]၊ အယ်လဘတ် ပေဆန်း တာဟွန်း[၆]၊ ရူပတ် ဟယူး[၇] နှင့် အခြားသော အလွန်အလုပ်များသော နာမည်ကျော် ဝတ္ထုရေးဆရာများကို ဘရုကလင်သို့ လာရောက်၍ ကျွန်ုပ်၏ အတန်းသားများအား

---

၁။ L.R.G. Crandon
၂။ The Brooklyn Institute of Arts and Sciences
၃။ Kathleen Norris
၄။ Fannie Hurst
၅။ Ida Tarbell
၆။ Albert Payson Terhune
၇။ Rupert Hughes

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ကိုယ်တွေ့များမှ ရနိုင်သော အကျိုးကျေးဇူးများကို ဟောပြောစေလို၏။ ထို့ကြောင့် သူတို့၏ စာအုပ်များကို ကျွန်ုပ်တို့သည် အလွန်လေးစားကြောင်း၊ သူတို့၏ အကြံဉာဏ်များကိုလည်း အလွန်အမင်း ခံယူလိုကြောင်း၊ ထို့ပြင် သူတို့၏ အောင်မြင်ကြောင်း နည်းလမ်းကောင်းများကိုလည်း လေ့လာဆည်းပူးလိုကြောင်းဖြင့် သူတို့ထံသို့ စာရေးလိုက်၏။

စာအစောင်တိုင်းတွင် အတန်းသားပေါင်း ၁၅၀ လောက် လက်မှတ်ရေးထိုးကြ၏။ ထိုဝတ္ထုရေးဆရာကြီးများသည် အလွန် အလုပ်များလျက်ရှိသောကြောင့် ကျွန်ုပ်တို့အား ဟောပြောရန်အတွက် ပြင်ဆင်ရန်ကိုပင် အချိန်ရနိုင်မည် မဟုတ်ကြောင်းကိုလည်း စာထဲတွင် ထည့်၍ ရေးလိုက်သေး၏။ ထို့ကြောင့် သူတို့၏ အတ္ထုပ္ပတ္တိနှင့်တကွ သူတို့၏ လုပ်ပုံလုပ်နည်း နိသျှည်းများကို သိလိုသော မေးခွန်းတစ်ဖုံစီကိုလည်း စာအိတ်ထဲတွင် ထည့်ပေးလိုက်၏။ သူတို့သည် ဤကဲ့သို့ ဖိတ်မန္တကပြုခြင်းကို နှစ်သက်ကြ၏။ ဘယ်သူမကြိုက်ဘဲ ရှိပါအံ့နည်း။ ထို့ကြောင့် ထိုသူတို့သည် သူတို့မြို့ရွာမှ ဘရုကလင်မြို့သို့ လာရောက်ကြပြီးလျှင် ကျွန်ုပ်တို့ကို ကူညီကြ၏။

သီအိုဒိုရုစဗဲ့ အစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီး လက်ဆလီရှော[၁]၊ တပ်ဖထအစိုးရအဖွဲ့၏ အစိုးရ ရှေ့နေချုပ်ကြီး ဂျော့ ဒဗလျူ ဝစ်ကာရှမ်[၂]၊ ဝီလျံဂျင်းနင်း ဗရိုင်ယန်း[၃]၊ ဖရန့်ကလင် ဒီ ရုစဗဲ့နှင့် အခြားသောနိုင်ငံကျော်ပုဂ္ဂိုလ်ကြီးများကိုလည်း လာရောက်၍ ကျွန်ုပ်၏ တပည့်များကို နည်းပေးလမ်းပြပြုပါရန် ဖိတ်ကြားရာ၌ အထက်ပါနည်းကိုပင် အသုံးပြုခြင်းဖြင့် အောင်မြင်ခဲ့၏။

နွားသတ်သမားဖြစ်စေ၊ ပေါင်မုန့်ဖုတ်သမားဖြစ်စေ၊ ရှင်ဘုရင်ဖြစ်စေ လူမှန်သမျှသည် သူတို့ကို အထင်ကြီးသော လူများကို နှစ်သက်ခြင်းမှာ ဓမ္မတာပင်တည်း။ သက်သေပြပါအံ့။

ကမ္ဘာစစ်ကြီးပြီးစက ဂျာမန်ကိုင်ဇာ[၄] ဘုရင်မှာ ကမ္ဘာပေါ်တွင် လူများ၏ အလွန်စက်ဆုပ်ရွံရှာမုန်းတီးခြင်း အခံရဆုံးသူတစ်ဦး ဖြစ်ကောင်း ဖြစ်ပေမည်။ သူ၏ တိုင်းပြည်သားများကပင် ပုန်ကန်ထကြွသောကြောင့် အသက်ဘေးမှ ချမ်းသာရာရအောင် သူသည် ဟော်လန်[၅] သို့ ထွက်ပြေးခဲ့ရ၏။

---

၁။ Leslie Shaw
၂။ George W. Wickersham
၃။ William Jennings Bryan
၄။ The German Kaiser
၅။ Holland

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မည်မျှ စိတ်နာမုန်းတီးကြသနည်းဆိုသော် သန်းပေါင်းများစွာသော လူတို့သည် သူ့ကို တွေ့ရာသချိုင်း ဓားမဆိုင်းဘဲ အရှင်လတ်လတ် ခုတ်ပိုင်း သတ်ဖြတ်ရန် များစွာ တောင့်တခဲ့၏။ ထိုကဲ့သို့ တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံး သူ့အပေါ်တွင် ဒေါသူပုန်ထလျက်ရှိစဉ် ကလေးသူငယ်တစ်ဦးသည် သူ့အပေါ် တွင် ကြင်နာမြတ်နိုးကြောင်းဖြင့် စီကုံးထားသည့် စာတစ်စောင်ကို ခပ်ရိုးရိုး ကလေး ရေး၍ သူ့ထံသို့ ပို့လိုက်၏။ စာထဲတွင် အခြားသူများက ကိုင်ဇာ အပေါ်တွင် ဘယ်လိုပင် စေတနာထားစေကာမူ ထိုသူငယ်ကလေးကမူကား ကိုင်ဇာကို သူ၏ ဘုရင်ဧကရာဇ်မင်းမြတ်ဟူ၍ ချစ်မြတ်နိုးမည့်အကြောင်းကို လည်း ရေးထည့်လိုက်သေး၏။ ထိုစာသည် ကိုင်ဇာဘုရင်၏ အသည်းကို စွဲသွားစေ၏။ ထို့ကြောင့် သူသည် စာရေးသော သူငယ်ကလေးအား သူ့ထံ သို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားလိုက်၏။ သူငယ်ကလေးသည် သူ၏ မိခင်နှင့်အတူ ကိုင်ဇာထံသို့ လာရောက်လည်ပတ်ရာ ကိုင်ဇာသည် သူငယ် ကလေး၏ မိခင်ကို ထိမ်းမြားလက်ထပ်လိုက်လေသည်။ သူငယ်ကလေးသည် 'မိတ္တဗလဒီကာ' စာအုပ်ကို ဖတ်ရန်မလို။ သူ၏ဝမ်းတွင်းမှ ထိုနည်းများကို အလိုအလျောက် သိပြီး ဖြစ်လေသည်။

ကျွန်ုပ်တို့သည် မိတ်ဆွေပေါများလိုလျှင် ကျွန်ုပ်တို့၏ ကိုယ်ကျိုးကို မကြည့်ဘဲ အချိန်ကုန် အပင်ပန်းခံ၍ အခြားသူ၏ ကိစ္စများကို ကြင်နာ ထောက်ထားစွာ အစွမ်းကုန် ဆောင်ရွက်ပေးရပေမည်။ ယခု ဝင်ဆာမြို့စား[၁] သည် ဝေလမင်းသား အိမ်ရှေ့ဥပရာဇာ ဖြစ်စဉ်က တောင်အမေရိကသို့ တိုင်းခန်း လှည့်လည်ရန် တာဝန်ကျလေသည်။ တိုင်းခန်းမလှည့်လည်မီ လပေါင်းများစွာက စပိန်ဘာသာကို ကြိုးစား၍ သင်ကြားလေသည်။ တိုင်းခန်းလှည့်လည်သည့် အခါ ဧည့်ခံကြိုဆိုပွဲများ၊ အစည်းအဝေးများ၌ တိုင်းရင်းဘာသာဖြစ်သော စပိန်ဘာသာဖြင့် ပြောကြားသည့်အတွက် တောင်အမေရိကတိုက်သားများသည် သူ့ကို မေတ္တာရှိကြသည်။

ကျွန်ုပ် မိတ်ဆွေများ၏ မွေးနေ့များကို ရအောင်ယူသော အလေ့အထ တစ်ခုကို ကျွန်ုပ် လုပ်ထား၏။ ဘယ်လိုယူသည်ကို ပြောပါအံ့။ ကျွန်ုပ်သည် ဗေဒင်ပညာ၌ စိုးစဉ်းမျှ အယုံအကြည်မရှိသော်လည်း ကျွန်ုပ်နှင့်တွေ့သော မိတ်ဆွေအား မွေးနေ့သည် လူ၏ စိတ်နေစိတ်ထား အကျင့်စာရိတ္တနှင့် ဆက်

---

၁။ The Duke of Windsor

www.burmeseclassic.com

www.burmeseclassic.com



သွယ်လျက်ရှိသည်ကို ယုံကြည်ပါသလားဟူ၍ မေးလေသည်။ ထို့နောက် မိတ်ဆွေ၏ မွေးနေ့ကို မေးလိုက်၏။ ဥဒါဟရဏ်အားဖြင့် ထိုအမေးခံရသူက သူ့မွေးနေ့သည် နိုဝင်ဘာလ ၂၄ ရက်ဟု ပြန်ပြောသည် ဆိုကြပါစို့။ ကျွန်ုပ်၏ စိတ်တွင်းတွင် 'နိုဝင်ဘာလ ၂၄ ရက်' 'နိုဝင်ဘာလ ၂၄ရက်' စသည်ဖြင့် ထပ်တလဲလဲ ရွတ်ဆိုလျက်ရှိ၏။ ထိုသူ ကွယ်သွားလျှင် သွားချင်း၊ ထိုမွေးနေ့ကို ရေးမှတ်ထားလိုက်လေသည်။ ကျွန်ုပ်၏ ပြက္ခဒိန်တွင် ထိုမွေးနေ့များကို နှစ်စမှ စ၍ အစဉ်အတိုင်း မှတ်သားထားသောကြောင့် ပြက္ခဒိန်ကို ကြည့်တိုင်း မွေးနေ့များကို အလွယ်တကူ သိနိုင်၏။ ကျွန်ုပ် မှတ်ထားသော မိတ်ဆွေများ၏ မွေးနေ့များသို့ ရောက်တိုင်း ဆုတောင်းမေတ္တာ ပို့သသည့် သံကြိုးစာသော်လည်းကောင်း၊ စာသော်လည်းကောင်း ထိုမိတ်ဆွေများထံသို့ ပို့လေ့ရှိ၏။ ထိုစနစ်သည် အလွန် အောင်မြင်၏။ စာရသော မိတ်ဆွေတိုင်းက သူတို့၏ အကျိုးစီးပွားကို ကျွန်ုပ်သာလျှင် ဂရုစိုက်လုပ်သည်ဟု မကြာခဏ အထင်ခံရ၏။

ကျွန်ုပ်တို့သည် မိတ်ဆွေပေါများလိုလျှင် လူများနှင့် တွေ့သောအခါ အလွန် ဝမ်းမြောက်ရွှင်လန်းစွာနှင့် အားရပါးရ နှုတ်ခွန်းဆက်သကြပါစို့။ လူတစ်ဦးတစ်ယောက်သည် သင့်ထံသို့ တယ်လီဖုန်းနှင့် စကားပြောပါလျှင် အထက်တွင် ပြောပြသကဲ့သို့ စိတ်ရောကိုယ်ပါ ရွှင်လန်း ဝမ်းမြောက်စွာနှင့် ပြန်၍နှုတ်ဆက်ပါ။ 'ဟဲလို' ဟု တုံ့ပြန်လိုက်သည်နှင့် တစ်ပြိုင်နက် ကြားရသူ တစ်ဖက်သားစိတ်တွင် သူနှင့် စကားပြောရ၍ သင်သည် အလွန်အမင်း ဝမ်းသာသည်ဟူသော သဘောမျိုးပေါက်စေနိုင်သည့် လေယူလေသိမ်းကို ပါပါစေ။ 'ကျေးဇူးပြု၍ နံပါတ်ကိုပြောပါ' ဟူသော စကားကို ပြောလျှင် တယ်လီဖုန်းပြောလိုသောသူ၏ စိတ်ထဲတွင် 'မင်္ဂလာမနက်ပါရှင်၊ ဦးမင်း (သို့မဟုတ် ဒေါ်ဒေါ်)၏ အကျိုးကို ဝမ်းမြောက်ဝမ်းသာစွာနှင့် ကျွန်မ သယ်ပိုးရွက်ဆောင်ပါရစေ'ဟု မပြောသော်လည်း ပြောဘိသို့ ထင်မှတ်သွားစေနိုင်သည့် လေသံထားနည်းမျိုးကို ကျင့်သားရအောင် တယ်လီဖုန်းဆက်သား[၁] များအား ပြုပြင်ပေးရန်အတွက် နယူးယော့ တယ်လီဖုန်းကုမ္ပဏီက ကြပ်မတ်၍ ကျောင်းတစ်ကျောင်း ဖွင့်ထားလေသည်။ မနက်ဖြန် တယ်လီဖုန်းဆက်လျှင် ထိုနည်းကို မှတ်ထားပါ။

---

၁။ Operators

www.burmeseclassic.com

www.burmeseclassic.com



ရောင်းရေးဝယ်တာ လုပ်ငန်းတွင် ဤနည်းသည် နေရာကျပါ၏လော။ အကူအညီရပါ၏လော။ ကျွန်ုပ်သည် သက်သေသာဓကပေါင်းများစွာ ပြနိုင်သော်လည်း အချိန်မရ၍ နှစ်ခုသာ ပြပါအံ့။

နယူးယောက်မြို့ရှိ ဘဏ်တိုက်ကြီးတစ်ခုတွင် အလုပ်လုပ်သူ ချား အာဝေါလတာ၁ သည် အလုပ်တိုက် တစ်တိုက်၏ အတွင်းရေးများကို စုံစမ်းအစီရင်ခံရန် တာဝန်ကျနေ၏။ ထိုအရေးကြီးသောကိစ္စနှင့် စပ်လျဉ်း၍ သူ့ကို ကူညီနိုင်မည့်လူသည် သူသိရသလောက်မှာ တစ်ဦးတည်းသာရှိ၏။ ထို့ကြောင့် သူသည် ထိုသူ့ထံသို့ သွား၏။ ထိုသူမှာ ကုမ္ပဏီကြီးတစ်ခု၏ ဥက္ကဋ္ဌကြီး ဖြစ်လေသည်။ ဝေါလတာသည် အခန်းထဲသို့ ရောက်လျှင် ရောက်ချင်း လုံမငယ်တစ်ယောက်သည် ဥက္ကဋ္ဌကြီး၏ အခန်းတွင်းသို့ တံခါးပေါက်ဝ တစ်ခုမှနေ၍ ခေါင်းပြူလျက် ထိုနေ့အတွက် တံဆိပ်ခေါင်းတစ်လုံးမျှ မရပါဟု ဥက္ကဋ္ဌကြီးအား ပြောလေသည်။

'ကျွန်တော့်ရဲ့ ၁၂ နှစ်သားကလေးအတွက် တံဆိပ်ခေါင်းများကို စုပေးနေတယ်' ဟူ၍ ဥက္ကဋ္ဌကြီးက ဝေါလာတာကို ပြောပြ၏။

ဝေါလတာသည် သူလာရရင်းကိစ္စကို ပြောပြ၍ လိုချင်သည့်အချက်များကို မေး၏။ ဥက္ကဋ္ဌကြီးလည်း မဖြေချင့် ဖြေချင် ကွေ့လည်ကြောင်ပတ် လုပ်၍ ဖြေလေသည်။ သူသည် စကားများများ မပြောချင်။ သူ့ကို စကားပြောချင်အောင် သူ့ကို ဘယ်လိုလုပ်၍မျှလည်း ရပုံမပေါ်။ ထို့ကြောင့် မစ္စတာ ဝေါလတာလည်း ခပ်မြန်မြန် နှုတ်ဆက်ပြီးနောက် ဘာမျှ မပြီးပြတ်ဘဲနှင့် ဥက္ကဋ္ဌကြီး၏ အခန်းတွင်းမှ ထွက်ခဲ့ရလေသည်။

'အမှန်ပြောရမည်ဆိုလျှင် ကျွန်တော်သည် ဘာလုပ်ရမှန်းကို မသိတော့ပါ၊ ဒါနဲ့ ဖြုန်းကနဲဆို ထိုဥက္ကဋ္ဌကြီးသို့ သူ့အတွင်းရေးမှူးက ပြောသောစကားများနှင့်တကွ တံဆိပ်ခေါင်းအကြောင်း၊ ၁၂ နှစ်သားအရွယ်ကလေးအကြောင်းတို့ကိုပါ သတိရလာပါတယ်၊ ထို့နောက် ကျွန်တော်တို့ ဘဏ်တိုက်၏ နိုင်ငံခြားဌာနက အရပ်ရပ်မှလာတဲ့ တံဆိပ်ခေါင်းများကို စုဆောင်းနေကြောင်း ပြေးပြီး သတိရပြန်တယ်။

'နောက်တစ်နေ့ နေ့လယ်အချိန်လောက်တွင် ထိုဥက္ကဋ္ဌကြီးရဲ့ အလုပ်ရုံးခန်းသို့ သွားပြီး ကျွန်တော့်မှာ သူ့သားကလေးဖို့ တံဆိပ်ခေါင်းများ

၁။ Charles R. Walter

www.burmeseclassic.com

www.burmeseclassic.com



ပါလာတဲ့အကြောင်းကို အခန်းအပြင်ဘက်က အပြောခိုင်းလိုက်ပါတယ်၊ ဒီစကားကြားတော့ ထွက်ပြီး ပျာပျာသလဲ နှုတ်ဆက်တာပဲ၊ ဥပဒေပြုအဖွဲ့အတွက် ဝင်ပြီး အရွေးခံရရင်တောင် ရွှင်ရွှင်ပျပျ ကျွန်တော့်လက်ကို ဒါထက်ပိုပြီး ဆွဲငင် နှုတ်ဆက်မှာ မဟုတ်ဘူး၊ သူ့မျက်နှာကလဲ ပြုံးပြုံး ပြုံးပြုံးနဲ့ ပီတိတွေ သိပ်ဖြစ်နေတာပဲ၊ ပြီးတော့မှ 'ကျွန်တော့်သား ဂျော့ဖြင့် ဒါကို သိပ်ကြိုက်မှာပဲ'လို့ တံဆိပ်ခေါင်းတွေကို ကိုင်ကြည့်ရင်း တစ်ပြောတည်းပြောနေတော့တာပဲ။

'သူ့သားရဲ့ ဓာတ်ပုံကို ကြည့်လိုက်ကြ၊ တံဆိပ်ခေါင်းတွေအကြောင်းကို ပြောလိုက်ကြနဲ့ နာရီဝက်လောက်ကြာသွားတယ်၊ နောက်ပြီးတော့မှ ကျွန်တော်က ဘာမျှမပြောရဘဲနဲ့ ကျွန်တော် လိုချင်တာတွေကို တစ်နာရီကျော်ကျော် လျှောက်ပြီးပြောပါတယ်၊ သူသိတာတွေလဲ အကုန် ပြောလိုက်သေးတယ်၊ သူ့အလုပ်သမားတွေဆီကလဲ စုံစမ်းပေးလိုက်သေးတယ်၊ ပြီးတော့လည်း သူ့မိတ်ဆွေတွေဆီကလည်း တယ်လီဖုန်းနဲ့ ထပ်ပြီး စုံစမ်းပေးလိုက်သေးတယ်၊ ဟာ မပြောပါနဲ့တော့၊ ကျွန်တော်လိုချင်တဲ့ အကြောင်းတွေ စာရင်းတွေ အစီရင်ခံစာတွေ စာပေးစာယူလုပ်တဲ့ စာတွေကို ပေးလိုက်တာ တစ်ပုံကြီးပဲ၊ သတင်းထောက်များရဲ့စကားနဲ့ပြောရရင် ကျွန်တော်ဟာ သူများမရနိုင်တဲ့ သတင်းထူး တစ်ခုကို ရတာပဲ' စသည်ဖြင့် မစ္စတာ ဝေါလတာက ပြောပြလေသည်။

အခြားသာဓကတစ်ခုကတော့ ဖီလဒယ်လဖီးယားမြို့မှ စီ အမ် နက်ဖဲ (အငယ်)[၁] သည် ကြိတ်ဆက်ကုန်စုံဆိုင်* အဖွဲ့ကြီးတစ်ခုသို့ ကျောက်မီးသွေးများကို တင်သွင်းရန် နှစ်ပေါင်းများစွာက ကြိုးစားခဲ့၏။ သို့ရာတွင် ထိုကြိတ်ဆက် ကုန်စုံဆိုင် အဖွဲ့ကြီးသည် ကျောက်မီးသွေးကို မြို့ပြင်ရှိ ကျောက်မီးသွေးရောင်းသမား တစ်ဦးထံမှ ဝယ်ပြီးလျှင် ထိုကျောက်မီးသွေးများကို နက်ဖဲ၏ဆိုင်ရှေ့တည့်တည့်မှ အရွဲ့တိုက်၍ သယ်ယူ၏။ တစ်ညသ၌ ကျွန်ုပ်၏အတန်းတစ်တန်းတွင် ထိုကြိတ်ဆက် ကုန်စုံဆိုင်များသည် တိုင်းပြည်၏ ဆူးငြောင့်ခလုတ်များဖြစ်ကြောင်းကို နက်ဖဲသည် စိတ်ထဲတွင်ရှိသရွေ့ အပြင်းအထန်ရှုတ်ချ ပြောဆိုလေသည်။

---

၁။ C.M. Knaphle, Jr.

* တိုလီမိုလီရောင်းသော သမဝါယမကုန်စုံဆိုင်တစ်မျိုးဖြစ်လေသည်။ ထိုဆိုင်များကို တစ်တိုင်းပြည်လုံးတွင် ဆိုင်ခွဲများအဖြစ်ဖြင့် ဖွင့်လှစ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ပြောပြီးနောက် ထိုအဖွဲ့သို့ ကျောက်မီးသွေး မရောင်းရသည်မှာ အဘယ့်ကြောင့်ဖြစ်သည်ကို သူသည် တွေး၍ မရသေးချေ။

ထို့ကြောင့် နည်းသစ်တစ်ခုကို စမ်းသပ်ရန် ကျွန်ုပ် သူ့ကို အကြံပေးလေသည်။ ကျွန်ုပ်၏နည်းကို အကျဉ်းချုံး၍ ပြောပါအံ့။ 'ကြိတ်ဆက်ကုန်စုံဆိုင်အဖွဲ့များသည် တိုင်းပြည်အား အကျိုးထက် အပြစ်ကို ပို၍ပေးလေသည်' ဟူသော အဆိုကို စကားရည်လုပွဲ ကျင်းပရန် တစ်နေ့တွင် ကျွန်ုပ်တို့ အတန်းသားများ စီစဉ်ကြ၏။

ကျွန်ုပ်၏ အကြံပေးချက်အရ နက်ဖဲသည် အထက်ပါအဆိုကို ကန့်ကွက်သည့်ဘက်မှနေ၏။ ကြိတ်ဆက် ကုန်စုံဆိုင်များကို ကာကွယ်ပြောဆိုနိုင်ရန် သူသည် သဘောတူ၏။ ထို့နောက် သူအလွန်မုန်းတီးသော ကြိတ်ဆက်ကုန်စုံဆိုင်၏ အမှုဆောင်တစ်ဦးထံသို့သွား၍ 'ကျွန်တော်လာတာ ကျောက်မီးသွေးရောင်းရအောင် လာတာမဟုတ်ပါဘူး၊ ကိစ္စကလေးတစ်ခုအတွက် ကျွန်တော့်ကို ကျေးဇူးပြုစမ်းပါလို့ တောင်းပန်ရအောင် လာတာပဲ' ဟု ပြော၏။ ထို့နောက် စီစဉ်ထားသည့် စကားရည်လုပွဲအကြောင်းကို ပြောပြပြီးမှ 'အဲဒီတော့ ဒီကိစ္စအတွက်နဲ့ စပ်လျဉ်းပြီး ဦးမင်းက လွဲရင် ကျွန်တော့်ကို ကူညီနိုင်မယ့်လူ တခြားမှာ ကြည့်လို့တော့ မမြင်ဘူး၊ ဒီစကားရည်လုပွဲမှာ အနိုင်ရအောင် ကျွန်တော် ပြောချင်ပါတယ်၊ ကျေးဇူးပြုပြီး ဦးတတ်နိုင်သရွေ့ ကျွန်တော့်ကို ကူညီ မ စပါ' ဟု နက်ဖဲက ဆက်၍ တောင်းပန်လေသည်။

မစ္စတာနက်ဖဲ၏ ဖြစ်ပျက်ပုံကို သူ ပြန်ပြောသည့် စကားအတိုင်း အောက်တွင် ဖော်ပြပါအံ့။

'ကျွန်တော့်ကို ကူညီမစဖို့ ဒီလူ့ဆီမှာ တစ်မိနစ်ထဲ ကျွန်တော် ခွင့် တောင်းတယ်၊ သူ့နဲ့ တစ်မိနစ်ထဲ စကားပြောပါ့မယ်ဆိုလို့ သူ အတွေ့ခံတာ၊ ကျွန်တော် ပြောချင်တာကိုလဲ ပြောပြီးရော ကုလားထိုင်ပေါ် ထိုင်ပါဦးဆိုပြီး ကျွန်တော့်ကို သူပြောနေလိုက်တာ တစ်နာရီနဲ့ လေးဆယ့်ခုနစ်မိနစ် ကြာသွားပါတယ်၊ သူတစ်ယောက်တည်းပြောလို့ အားမရသေးဘူး၊ ကြိတ်ဆက် ကုန်စုံဆိုင်များအကြောင်းနဲ့ စပ်လျဉ်းပြီး စာတစ်အုပ် ရေးဖူးတဲ့ အခြား အမှုဆောင်တစ်ယောက်ကို ခေါ်ပြီး အပြောခိုင်းလိုက်သေးတယ်၊ နောက်ပြီးတော့ 'အမျိုးသား ကြိတ်ဆက်ကုန်စုံဆိုင်အသင်းကြီး[၁]' ကို စာရေးပြီး ကျွန်တော်တို့ ပြောရမယ့် အကြောင်းနဲ့ စပ်လျဉ်းတဲ့ စာအုပ်တစ်အုပ်ကိုလဲ မှာပေးလိုက်သေးတယ်၊

---

၁။ The National Chain Store Association

www.burmeseclassic.com

www.burmeseclassic.com



ဒီကြိတ်ဆက် ကုန်စုံဆိုင်တွေဟာ လူတို့ရဲ့ အကျိုးစီးပွားကို အဟုတ်တကယ် လုပ်နေတယ်လို့ သူ့ကိုယ်တိုင်ကတော့ သေသေချာချာ ယုံနေတာပဲ၊ လူတွေအတွက် အကျိုးဆောင်ရတယ်ဆိုပြီး သူ့အလုပ်ပေါ်မှာ သူ ဂုဏ်ယူနေတာပဲ၊ ဟာ ကျွန်တော့်ကို ပြောနေရင်း သူ့ဟာ သူ အတော့်ကို ပီတိဖြစ်နေတာပဲ၊ အဟုတ်ပြောတာပါ၊ သူဒီလိုလျှောက်ပြီး ပြောတော့မှပဲ ရှေးက ကျွန်တော် မမြင်ဖူး မကြားဖူးတဲ့ဟာတွေကို မြင်ဖူး ကြားဖူးရတော့တယ်၊ အဲဒီတော့မှပဲ ကျွန်တော့် အယူအဆဟာ တစ်ခါတည်း ပြောင်းသွားတာပဲ။

'အခန်းထဲက ကျွန်တော်ထွက်လာတော့ ကျွန်တော့်ပခုံးကို ဖက်ပြီး တံခါးဝအထိ သူကိုယ်တိုင် လိုက်ပို့လိုက်သေးတယ်၊ ပြီးတော့မှ 'စကားရည်လုပွဲမှာ ဘယ့်နှယ်နေတယ်ဆိုတာကို ပြန်ပြောပါဦး၊ မောင်ရင်နိုင်ပါစေလို့ ဦး ဆုတောင်းနေပါတယ်၊ ဩော် ဒါထက် စကားမစပ်၊ ဆောင်းကုန်ခါနီးလောက်ကျရင် ကျေးဇူးပြုပြီး ဦးနဲ့ တဆိတ်လောက်လာတွေ့ဦး၊ မောင့်ထံက ကျောက်မီးသွေးဝယ်ချင်လို့ပါ' လို့ ဆက်ပြောလိုက်သေးတယ်။

'ဒီစကားတွေကြားရတော့ ကျွန်တော့်မှာ အတော် အံ့အားသင့်နေတယ်၊ ကျောက်မီးသွေးဝယ်ဖို့ ကျွန်တော်က ဘာစကားတစ်ခွန်းမျှ မပြောရဘဲနဲ့ သူက ဝယ်ချင်တယ်လို့ စပြောတယ်၊ ကျောက်မီးသွေးရောင်းချင်တဲ့ ကျွန်တော့်ရဲ့ဆန္ဒကို သူစိတ်ဝင်စားအောင် ကျွန်တော် ၁၀ နှစ်လောက် ကြိုးစားခဲ့ဦးတော့ သူ့ကိစ္စထဲမှာ နှစ်နာရီလောက် ကျွန်တော် စိတ်ဝင်စားလိုက်တာလောက် ခရီးမရောက်တာကို တွေ့ရပါတယ်' ဟူ၍ မစ္စတာနက်ဖ်ဲက ပြောပြလေသည်။

စင်စစ်မှာ မစ္စတာ နက်ဖ်ဲသည် နည်းသစ်ကိုရှာ၍ တွေ့သည်မဟုတ်။ ခရစ်တော် မမွေးမီ နှစ်ပေါင်းတစ်ရာလောက်က ရောမတိုင်းသား လက်ာဆရာကြီး ပတ်ဗလီလီယပ် ဆိုင်းရပ်[၁] ဆိုသူက 'အခြားလူများသည် ကျွန်ုပ်တို့အပေါ်မှာ စိတ်ဝင်စားသောအခါသာ ထိုလူများအပေါ်တွင် ကျွန်ုပ်တို့ကလည်း စိတ်ဝင်စားလေသည်' 'ဟူ၍ ပြောဆိုခဲ့ဖူး၏။

---

၁။ Publilius Syrus

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သင့်ကို လူကြိုက်များစေလိုလျှင်နည်းအမှတ် ၁ သည် အောက်ပါအတိုင်း ဖြစ်၏။

**အခြားလူများအပေါ်တွင် အဟုတ် အဟုတ်စိတ်ဝင်စားပါ။**

အကယ်၍ သင်သည် သင့်ကိုယ်ကို ချစ်မြတ်နိုးဖွယ်ရာ လူရည်သန့် လာအောင်သော်လည်းကောင်း၊ လူများနှင့် ဆက်ဆံရာ၌ ပို၍ ထိရောက်စွာ အသုံးပြုနိုင်မည့် စွမ်းရည်သတ္တိကို တိုးတက်ကြီးမားအောင်သော်လည်းကောင်း ပြုလုပ်လိုပါလျှင် ဒေါက်တာ ဟင်နရီ လင့်[၁] ရေးသော 'သာသနာကိုဖက်ရန်'[၂] စာအုပ်ကို ဖတ်ဖို့ သင့်ကို တိုက်တွန်းပါရစေ။ စာအုပ်အမည်ကြားရရုံနှင့် လန့်မနေပါနှင့်။ သပိတ်သံ အိတ်သံပါသော စာအုပ် မဟုတ်ပါ။ ထိုစာအုပ် ရေးသောသူသည် လူရည်သန့်အောင် ပြုလုပ်နည်းများအတွက် ဆည်းပူးကြသော တပည့်သုံးထောင်ကျော်တို့ကို ထိထိရောက်ရောက် ကယ်တင်ဆောင်ယူခဲ့သော စိတ်ပညာပါရဂူကြီး တစ်ဆူ ဖြစ်ပါသည်။ ထိုစာအုပ်ကို 'ဥပဓိရုပ် မွေးမြူနည်း'[၃] ဟု လွယ်လွယ်နှင့် အမည်ပေးနိုင်ကြောင်း ဒေါက်တာလင့် ကိုယ်တိုင် ကျွန်ုပ်အား ပြောဖူး၏။ ထိုစာအုပ်သည် လူရည်သန့်မှုအကြောင်းကို ရေးထားသော စာအုပ် ဖြစ်သည်။ ထိုစာအုပ်သည် စိတ်ဝင်စားဖွယ်ကောင်း၍ နည်းကောင်းများပါဝင်သည်ကို သင် တွေ့ရလိမ့်မည်။ ထိုစာအုပ်ကို ဖတ်ပြီးနောက် စာအုပ်တွင်ပါသော နည်းများကို အသုံးချကြည့်လျှင် လူများနှင့် ဆက်ဆံရာ၌ သင့်စွမ်းရည်သည် တိုးတက်လာလိမ့်မည်မှာ မလွဲဧကန်ပင် ဖြစ်၏။

သင်၏ စာကြည့်တိုက်တွင်သော်လည်းကောင်း၊ စာအုပ်ဆိုင်တွင်သော်လည်းကောင်း ထိုစာအုပ်ကို မရနိုင်ခဲ့ပါလျှင် ထိုစာအုပ်ကို ပုံနှိပ်ထုတ်ဝေသောတိုက်[၄] သို့ ဒေါ်လာငွေ ၂၅ တင်ပို့၍ မှာထားနိုင်ပါသည်။

---

၁။ Dr. Henry Link

၂။ The Return To Religion

၃။ How to Develop Your Personality

၄။ Pocket Books, Inc., 1260, Sixth Avenue New York 20, N. Y.

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

## တွေ့လျှင် တွေ့ချင်း မေတ္တာရှိစေသောနည်း

နယူးယောက်မြို့တွင် တည်ခင်းကျွေးမွေးသော ညစာစားပွဲတစ်ခုသို့ မျှားမကြာမီက ကျွန်ုပ် တက်ရောက်ခဲ့၏။ ထို ညစာစားပွဲသို့ တက်ရောက်သော အမွေပစ္စည်း အတော်ရထားသူ မိန်းမတစ်ဦးသည် တွေ့သမျှသော လူတိုင်းက သူ့အား မေတ္တာရှိစေလိုသော ဆန္ဒရှိ၏။ ထိုမိန်းမသည် အဖိုးတန် စိန် ပတ္တမြား ပုလဲစသည်တို့ဖြင့် တစ်ကိုယ်လုံးကို ဆင်ယင်၍ ထားသော်လည်း သူ့မျက်နှာကို အနည်းငယ်မျှ ပြုပြင်ပေးရမှန်း မသိချေ။ သူ့မျက်နှာသည် အောက်သိုးသိုးနိုင်လှ၏။ တစ်ကိုယ်ကောင်းကြံစည်ချင်စိတ် ပေါ်လွင်နေ၏။ မိန်းမတစ်ယောက်တွင် အဝတ်အစားထက် မျက်နှာထားက ပို၍အရေးကြီးကြောင်းကို ယောကျ်ားတိုင်းလိုလို သိသော်လည်း ထိုမိန်းမကား မသိချက် ဆိုးရွားလှ၏။ (စကားမစပ်သင့် မိန်းမသည် ဝတ်ကောင်းစားလှကို ပူဆာလျှင် ပြန်ပြောနိုင်အောင် ဤစာကြောင်းကို မှတ်ထားပါ။)

သူ့အပြုံးသည့် ဒေါ်လာတစ်သန်းတန်သည်ဟု ချားရှုပ်သည် ကျွန်ုပ်အား ပြောဖူး၏။ သူသည် အမှန်ကို အနည်းငယ်လျှော့ပြောကောင်း ပြောပေမည်။ အကြောင်းမူကား သူ၏လူရည်သန့်မှု၊ မြတ်နိုးဖွယ်အမူအရာ၊ လူကြိုက်များအောင် လုပ်နိုင်သော စွမ်းရည်တို့သည် သူ၏ ထူးကဲသော အောင်မြင်ခြင်း၏ အကြောင်းရင်းများပင်တည်း။ သူ၏ လူရည်သန့်မှုတွင် ကြည်နူးစရာ အချက်တစ်ခုသည်ကား လူများကို ဖွဲ့အောင်လုပ်နိုင်သော သူ့အပြုံးပင် ဖြစ်လေသည်။

တစ်ခါက ကျွန်ုပ်သည် မောရစ် ရှဗဲလီးယား[၁] နှင့် သွားရောက်တွေ့ဆုံ၏။ အမှန်အတိုင်းပြောရလျှင် သူ့ကို တွေ့လျှင် တွေ့ချင်း အတော် စိတ်ပျက်

---

၁။ Maurice Chevalier

www.burmeseclassic.com

www.burmeseclassic.com



သွား၏။ သူ့ကို ကြည့်ရသည်မှာ မျက်နှာ မကြည်မသာနှင့်ရှိပြီးလျှင် စကား ကိုလည်း ဟက်ဟက်ပက်ပက် မပြောသောကြောင့် ကျွန်ုပ် မျှော်လင့်ချက်နှင့် များစွာ ကင်းဝေးလျက်ရှိ၏။ သို့ရာတွင် ပြုံးလိုက်သောအခါ တိမ်တိုက်များ အကြားမှ လထွက်လာဘိသကဲ့သို့ သူ၏ မျက်နှာသည် အတော်ကြည်လင်၍ လာ၏။ အကယ်၍သာ မောရစ် ရှဗဲလီးယားသည် ဤကဲ့သို့ မပြုံးတတ်ခဲ့သော် ယခုလောက်ရှိလျှင် ပဲရစ်မြို့တော်တွင် သူ၏ မိဘရိုးရာအလုပ်ဖြစ်သော လက်သမား အလုပ်ကို လုပ်နေရသည်မှာ ကြာလှပေပြီ။

အပြောထက် အလုပ်သည် ပို၍ ထင်ရှား၏။ ပြုံးလိုက်ရုံနှင့် 'ခင်ဗျား ကို မေတ္တာရှိပါသည်၊ ခင်ဗျားဟာ ကျွန်တော့်ကို စိတ်ချမ်းသာစေပါသည်၊ ခင်ဗျားနှင့် တွေ့ရတာ အလွန်ဝမ်းသာပါသည်'ဆိုသော စကားများကို တစ်ဖက်သားသို့ ပြောပြီး ဖြစ်လေသည်။

ခွေးများသည် သူတို့ အရှင်သခင်များကို မြင်ကြသောအခါ လှိုက်လှိုက် လှဲလှဲ ဝမ်းသာကြသောကြောင့် အရှင်သခင်များကလည်း သူတို့၏ ခွေးများကို မြင်ကြသောအခါ အလွန်ဝမ်းသာကြလေသည်။

မပြုံးချင် ပြုံးချင်နှင့် ပြုံးရမည်လား။ မဟုတ်ပါ။ ထိုကဲ့သို့ပြုံးလျှင် ဝမ်းထဲက မပါကြောင်းကို မြင်ရသူတိုင်း သိမည်ဖြစ်၏။ မချိပြုံးပြုံးရသော အပြုံးမျိုးကို ကျွန်ုပ်တို့ မနှစ်သက်။ ကျွန်ုပ် တိုက်တွန်းနေသော အပြုံးသည် ဝမ်းထဲမှ လှိုက်လှိုက်လှဲလှဲထွက်လာသော တကယ့်အပြုံးပင် ဖြစ်သည်။ မြင်သူတိုင်း မနှစ်သက်သည့် အူထဲက မပါသော အပေါ်ယံ ပြုံးခြင်းမျိုး မဟုတ်ပေ။ မည်သည့်ကိစ္စနှင့်ပင် ဆက်သွယ်စေကာမူ အပြုံးခံရသူတိုင်းက ပြုံးသူ၏ အလိုသို့ မလိုက်လျောဘဲ မနေနိုင်သော အဖိုးတန် အပြုံးမျိုးကိုသာ ကျွန်ုပ် တိုက်တွန်းခြင်း ဖြစ်သည်။

'ချစ်စဖွယ်ကောင်းအောင် ပြုံးတတ်သော မိန်းကလေးတစ်ဦးကိုရလျှင် ၁၀ တန်း မအောင်ချင် နေပါစေ၊ မျက်နှာသေကြီးနဲ့နေတဲ့ ပါရဂူဘွဲ့ရသူထက် ဒီမိန်းကလေးဟာ ပိုပြီး ဈေးရောင်းတဲ့နေရာမှာ အဖိုးတန်မှာပဲ'ဟူ၍ နယူးယောက် ရှိ ကုန်စုံတိုက်ကြီး တစ်ဆိုင်၏ မန်နေဂျာကြီးက ကျွန်ုပ်အား ပြောပြဖူး၏။

'လူများနှင့် ဆက်သွယ်ရာတွင် ရယ်ရယ်ပြုံးပြုံးမလုပ်ဘဲ ခပ်တည်တည် ဆက်သွယ်တတ်သော လူများသည် အလုပ်လုပ်ရာ၌ အောင်မြင်ရန် ခဲယဉ်း ကြောင်း ဂရုထား၍ ကြည့်ရှုမိသည်'ဟု အမေရိကန်ပြည်ထောင်စုတွင် အကြီး ဆုံးသော ကော်ပတ်ကုမ္ပဏီကြီးတစ်ခု၏ ညွှန်ကြားသူ အဖွဲ့အစည်း ဥက္ကဋ္ဌက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား ပြောပြဖူးလေသည်။ 'ဝိရိယတစ်ခုတည်းသာလျှင် ကျွန်ုပ်တို့ကို အောင်မြင်ခြင်း၏ သော့ချက် ဖြစ်သည်' ဟူသော စကားပုံဟောင်းကို ထိုဥက္ကဋ္ဌကြီးသည် များစွာ မယုံကြည်ချေ။ 'အလုပ်လုပ်ရာ၌ ရယ်လိုက် ပြုံးလိုက်နှင့် ရွှင်ရွှင်ပျပျ ဆက်သွယ်ပေါင်းသင်းကြသောကြောင့် အလုပ်ကြီးပွားလာတဲ့ လူတွေကို ကျွန်တော် ကောင်းကောင်းကြီး သိပါတယ်၊ သူတို့ဟာ ကြီးပွားလဲလာရော ပေါင်းသင်းဆက်ဆံတဲ့နေရာမှာ ရှုတည်တည်တွေ ဖြစ်လာကုန်ပါရော၊ ဒီတော့ သူတို့အလုပ်ဟာ ရေးကလောက် မစည်ကားတော့ဘူး၊ မစည်ကားတော့ လုပ်ရတဲ့ သူတွေကလဲ အလုပ်ထဲမှာ စိတ်မဝင်စားတော့ဘူး၊ အဲဒါနဲ့ စီးပွားပျက်ရတာပဲ' ဟူ၍ ထိုဥက္ကဋ္ဌကြီးကပင် ပြောပြဖူးလေသည်။

အခြားသောသူများက သင့်ကို ရွှင်ရွှင်ပျပျ လက်ခံ စကားပြောရန် အလိုရှိခဲ့သော် အခြားသူများကိုလည်း သင်သည် ရွှင်ရွှင်ပျပျ ဆက်ဆံရပေမည်။

တနင်္ဂနွေ တစ်ပတ်အတွင်း အခွင့်ရတိုင်း တစ်စုံတစ်ယောက်သော သူအား ပြုံးကာရယ်ကာ ဆက်သွယ်ပြီးလျှင် ထိုသို့ ပြုံးခြင်းအတွက် မည်သည့် အကျိုးထူးများ ရရှိသည်ကို ကျွန်ုပ်၏ အတန်းထဲတွင် ပြန်လည်ပြောကြားရန် ထောင်ပေါင်းများစွာသော ကုန်သည်ကြီးငယ်တို့အား ကျွန်ုပ် မှာကြားဖူး၏။

ကျွန်ုပ် မှာကြားချက်အတိုင်း လိုက်နာဆောင်ရွက်သူတွင် မည်မျှ အကျိုးထူးသည်ကို ကျွန်ုပ်တို့ ကြည့်ကြစို့။ နယူးယောက်မြို့ ကပ်အိတ်ချိန်း[၁]၏ အလုပ်သမားတစ်ဦးဖြစ်သူ ဝီလျံ ဘီ စတိန်းဟတ်[၂] ထံမှ ပေးပို့လိုက်သော စာကို အောက်တွင် ဖော်ပြပါအံ့။ ထိုစာထဲတွင်ပါသော အချက်များသည် ထိုသူ တစ်ဦးတည်း၏ အတွေ့အကြုံသာ ဖြစ်သည်မဟုတ်။ ရာပေါင်းများစွာသော အခြားသူများကိုလည်း ထိုအတွေ့အကြုံမျိုးကို တွေ့ရလေသည်။

ကျွန်တော် အိမ်ထောင်ကျခဲ့သည်မှာ ၁၈ နှစ် ကျော်ပါပြီ။ ထို ၁၈နှစ် အတွင်း ကျွန်တော်၏ မိန်းမအပေါ်တွင် အလွန် ပြုံးခဲ့ပါသည်။ အိပ်ရာမှ ထသည့် အချိန်ကစပြီး အလုပ်ဆင်းရန် အိမ်မှ ထွက်လာသည်အထိ စကား အခွန်း ၂၀ ပြည့်အောင် မပြောဖူးပါ။ ဘရော့ဒဝေး တစ်ဝိုက်မှာ ကျွန်တော် သည် မျက်နှာပေါက်အဆိုးဆုံး လူတစ်ယောက် ဖြစ်ပါသည်။

ပြုံးသည့်အလေ့အထကို စတင်လုပ်ရာ၌ တွေ့ခဲ့ရသော ကျွန်တော်၏ အဖြစ်အပျက်များကို ပြန်ပြောရမည်ဟူ၍ ဆရာ၏

၁။ The New York Curb Exchange
၂။ William B. Steinhardt

www.burmeseclassic.com

www.burmeseclassic.com



မှာကြားချက်အရ တနင်္ဂနွေ တစ်ပတ်မျှ ပြုံးသော အလေ့အထကို စမ်းကြည့်ရန် ကျွန်တော် စိတ်ကူးမိခဲ့ပါသည်။ ထိုသို့ စိတ်ကူးပြီး နောက်တစ်နေ့တွင် ကျွန်တော်သည် ဆံပင်ဖြီးနေစဉ် ကျွန်တော်၏ မျက်နှာကို မှန်ထဲတွင်ကြည့်၍ 'ဟေ့ကောင်၊ ဒီနေ့တော့ မင်းရဲ့ မျက်နှာ ရှစ်ခေါက်ချိုးကြီးကို စွန့်ပစ်ရလိမ့်မယ်၊ မင်း ပြုံးကွာ၊ ကဲ ပြောနေကြာတယ်၊ ခုကစပြီး ပြုံးတော့ဟေ့'ဟု ကျွန်တော့်ကိုယ်ကို ကျွန်တော် အားပေးလျက် ရှိပါသည်။ ထိုနေ့တွင် နံနက်စာ စားကြသောအခါ 'ခင်ရေ မင်္ဂလာမနက်ပဲဟေ့'ဟု မျက်နှာချိုသွေးရင်း ကျွန်တော် ကပင် စ၍ စကားပြောပါသည်။

ထိုကဲ့သို့ ပြုံးသည်ကို တွေ့ရသောအခါ ကျွန်တော်၏ မိန်းမသည် အံ့အားသင့်သွားလိမ့်မည် ဟူ၍သာ ဆရာက သတိပေးလိုက်သော်လည်း ကျွန်တော်၏ ခါတိုင်းနှင့်မတူ အမူကွဲပြားခြင်းကို မြင်ရသောအခါ ကျွန်တော်၏ မိန်းမသည် အံ့အားသင့်ရုံမက အတော်ပင် ထိတ်လန့် တကြား ဖြစ်၍ပင်သွားပါသည်။ ထို့ကြောင့် ရှေ့အဖို့တွင် ထိုနည်းအတိုင်း အချိုးပြင်ပါတော့မည်ဟု ကျွန်တော်၏ မိန်းမကို ကတိပေးပြီး ပြင်လာခဲ့ရာ ယခုအခါ နှစ်လမျှ ရှိသွားပါပြီ။

ထို နှစ်လအတွင်းတွင် ရှေးအခါများနှင့် မတူဘဲ ကျွန်တော်တို့ မိသားတစ်စုမှာ ပို၍ စိတ်ချမ်းသာလာကြပါသည်။

ယခုအခါတွင် အလုပ်ဆင်းရန် ကျွန်တော်၏ အခန်းမှ ထွက်လာသော အခါ ဓာတ်လှေကားမောင်းသမားကို ပြုံး၍ နှုတ်ဆက်ပါသည်။ တံခါးစောင့်ကို ပြုံး၍ နှုတ်ဆက်ပါသည်။ ငွေအကြွေသွား၍ လဲသောအခါ ငွေထိန်းကို ပြုံး၍ နှုတ်ဆက်ပါသည်။ အလုပ်တိုက်သို့ ရောက်သော အခါ ရှေးအခါက ကျွန်တော် ပြုံးသည်ကို တစ်ခါဖူးမျှ မတွေ့ဘူးသော သူများကိုလည်း ကျွန်တော် ပြုံးပြပါသည်။

လူတိုင်းကလည်း ကျွန်တော် ပြုံးသလို ပြန်၍ ပြုံးသည်ကို တွေ့ရပါသည်။ ကျွန်တော့်ထံသို့ အကြောင်းတစ်ခုခုနှင့် တိုင်တန်းရန် လာကြသော သူများကိုလည်း ကြည်သာရွှင်ပျစွာ လက်ခံ စကားပြော ပါသည်။ သူတို့၏ တိုင်တန်းချက်များကို ပြောကြားနေစဉ် ကျွန်တော်၏ မျက်နှာကို ခပ်ချိုချိုထား၍ နားထောင်သောကြောင့် တစ်ဦးနှင့်တစ်ဦး စေ့စပ်ရာ၌ များစွာ လွယ်ကူကြောင်းကို တွေ့ရပါသည်။ ပြုံးသည့် အလေ့အထကိုလုပ်မှ နေ့စဉ် ဝင်ငွေပို၍ လာသည်ကို ကျွန်တော် တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အခြားပွဲစား တစ်ဦးနှင့် စပ်၍ အလုပ်ခန်းဖွင့်ထားပါသည်။ ထိုပွဲစား၏ စာရေးတစ်ဦးသည် အတော် သဘောကောင်းသော သူငယ်တစ်ယောက် ဖြစ်ပါသည်။ လူများနှင့် ဆက်ဆံရာ၌ အသုံးဝင်သော ကျွန်တော်၏ လက်တွေ့ နည်းကောင်းကို ကျွန်တော်သည် ထိုစာရေးအား ပြောပြပါသည်။ ကျွန်တော့်ကို မြင်စက ထိုစာရေးသည် ကျွန်တော့်အား အလွန် မျက်နှာပေါက်ဆိုးသော လူတစ်ယောက်ဟု အထင်ရောက်ခဲ့သော်လည်း ကျွန်တော် ပြုံးသည်ကို မြင်ရသောအခါမှ ထိုသူငယ်သည် သူ၏ စိတ်ထားကို ပြောင်းပစ်ပါသည်။ ကျွန်တော်၏ မျက်နှာသည် ပြုံးသောအခါတွင် အလွန် ကြည်လင်လာသည်ဟု ထိုစာရေးက ဝန်ခံပါသည်။

တစ်ဖက်သားကို အပြစ်တင် တတ်သော ဝါသနာကိုလည်း ကျွန်တော်သည် တစ်ခါတည်း အမြစ်ကလှန်လိုက်ပါပြီ။ အပြစ်တင်ရမည့် နေရာတွင် ချီးမွမ်းခြင်းနှင့် အားပေးခြင်းစနစ်ကို အသုံးပြုပါသည်။ ကျွန်တော် ဘာအလိုရှိ သည်ကိုသာ ထုတ်ဖော်ပြောဆိုသော အကျင့်ကိုလည်း ဖျောက်ပစ်ပြီးလျှင် တစ်ဘက်သား၏ ယူဆချက်ကို ကြိုးစားပြီး ရှာဖွေထောက်လှမ်းလျက် ရှိပါသည်။ အထက်ပါ အလေ့အကျင့်များသည် ကျွန်တော့်ကို တစ်မျိုးတစ်ဖုံ ပြောင်းလဲပစ်လိုက်ပါသည်။ ယခုအခါ ကျွန်တော်သည် ရှေးကနှင့် မတူတော့ပါ။ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်း၊ မိတ်ဆွေပေါများခြင်းတို့နှင့် ပြည့်စုံလျက်ရှိပါသည်။ နောက်ဆုံး အချုပ်ပြောရလျှင် လောကမှာ ဒီဟာတွေသာ အဖိုးအတန်ဆုံးဖြစ်ပါသည် ခင်ဗျား။

အထက်ပါစာကို ရေးသောသူသည် သာမညပုဂ္ဂိုလ်မဟုတ်ပါ။ လူရေးလူရာ၌ ကျွမ်းကျင်ပါးနပ်ပြီးလျှင် တစ်ရာကို ကိုးဆယ့်ကိုးယောက်မျှ ပျက်စီးသွားလောက်အောင် ခဲယဉ်းသော ငွေရောင်းငွေဝယ်လုပ်ငန်းကြီးကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်းကို အစဉ် သတိရပါ။

သင်သည် မပြုံးချင်ဘူးလား။ ပြုံးရန် ဝါသနာမပါဟုဆိုလျှင် ဘာလုပ်ရမလဲ။ ကောင်းပါပြီ။ ရှေးဦးစွာ သင့်ကိုယ်ကို ပြုံးရန် အတင်းတိုက်တွန်းပါ။ တစ်ယောက်တည်းရှိသောအခါ သီချင်းဆိုရန်သော်လည်းကောင်း၊ ပါးစပ်ဆိုင်းတီးရန်သော်လည်းကောင်း၊ လေချွန်ရန်သော်လည်းကောင်း သင့်ကိုယ်ကိုသင် တိုက်တွန်းပါ။ စိတ်ထဲက ပျော်နေဘိသကဲ့သို့ သင့်ကိုယ်ကို လှုပ်ရှားပေးပါ။ ထိုအခါ သင်သည် တကယ်ပျော်လာပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဟားဗတ် ယူနီဗာစီတီ၏ ပရော်ဖက်ဆာ ဝီလျံဂျိမ်းသည် အောက်ပါအတိုင်း ပြောဆိုဖူးလေသည်။

'ဝေဒနာ* ပေါ်ပြီးမှ ကိုယ့်အလိုက် ကိုယ်အမူအရာ ဖြစ်ပေါ်ဟန်လက္ခဏာရှိသော်လည်း စင်စစ်မှာမူကား ဝေဒနာနှင့် ကိုယ်အမူအရာတို့သည် တစ်ချိန်တည်း ဖြစ်ပေါ်ကြလေသည်။ စိတ်၏ တိုက်ရိုက်ချုပ်တည်းမှုကို ပို၍ ခံခုလျက်ရှိသော ကိုယ်အမူအရာကို အကျင့်လုပ်ပေးခြင်းဖြင့် စိတ်၏ ချုပ်တည်းခြင်းကို မခံရသော ဝေဒနာကို ကျွန်ုပ် အလိုရှိသည့်အတိုင်း သွယ်ဝိုက်၍ ဖန်တီးနိုင်လေသည်။

'ထို့ကြောင့် စိတ်ညစ်နေသောအခါ စိတ် ရွှင်လာအောင် လုပ်ရန် အကောင်းဆုံးနည်းသည် အကယ်စင်စစ် ပျော်ရွှင်ဘိသကဲ့သို့ နေထိုင်ပြောဆို လှုပ်ရှားသွားလာခြင်းပင် ဖြစ်လေသည်။'

ကမ္ဘာပေါ်ရှိ လူတိုင်းပင် ချမ်းသာခြင်းကို တောင့်တကြ၏။ ထိုတောင့်တသော ချမ်းသာခြင်းကို ရရန် ပွဲတွေ့ နည်းလမ်းတစ်လမ်းသာ ရှိ၏။ ဤနည်းသည် ကျွန်ုပ်တို့၏ စိတ်ကူးများကို အကျင့်လုပ်ပေးရန်ပင် ဖြစ်၏။ ချမ်းသာခြင်းသည် ကိုယ်တွင်းရှိ အကြောင်းများပေါ်မှာသာ တည်မြဲလျက်ရှိသည်။ ကိုယ်ပရှိ အကြောင်းများပေါ်မှာ မတည်ရှိချေ။

သင့်၌ ဘာရှိသည်၊ သင်သည် ဘယ်သူဖြစ်သည်၊ သင်သည် ဘယ်မှာရှိသည်၊ သင်သည် ဘာလုပ်နေသည် စသော အရာများသည် သင့်ကို စိတ်ချမ်းသာအောင်သော်လည်းကောင်း၊ စိတ်ညစ်အောင်သော်လည်းကောင်း မပြုလုပ်နိုင်ချေ။ ထိုအရာများအပေါ်တွင် သင်သည် ဘယ်ကဲ့သို့ သဘောထားသည်ဆိုသော စိတ်သာလျှင် သင့်ကို ချမ်းသာအောင်သော်လည်းကောင်း၊ စိတ်ညစ်အောင်သော်လည်းကောင်း ပြုလုပ်နိုင်လေသည်။ သက်သေပြအံ့။ လူနှစ်ယောက်သည် ငွေရေးကြေးရေး ဂုဏ်ဒြပ်မှစ၍ အတူတူ ဖြစ်၏။ အလုပ်ကိုလည်း အတူတူလုပ်၏။ သို့ရာတွင် တစ်ယောက်သည် စိတ်ချမ်းသာ၍ အခြားတစ်ယောက်မှာမူ စိတ်မချမ်းသာချေ။ အဘယ့်ကြောင့် ဤကဲ့သို့ ဖြစ်ရသနည်းဆိုသော် ထိုသူနှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး စိတ်ထားချင်း မတူသောကြောင့်ပင် ဖြစ်သည်ဟု ဆိုရမည်ဖြစ်၏။ အမေရိကန် လူချမ်းသာများနေသော ပတ်အဲဗင်းန်ျူး[၁] ခေါ် ရပ်ကွက်တွင် ချမ်းသာရွှင်ပျသော မျက်နှာမြောက်မြားစွာကို မြင်ရဘိသကဲ့သို့ တရုတ်ပြည်၏ အဖွှန်ပူပြင်းသော ဥတုတွင် တစ်နေ့လျှင်

* ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ သနားခြင်း စသည်တို့ကို ဝေဒနာဟု ခေါ်ထားသည်။

၁။ Park Avenue

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတစ်မတ်ခန့်မျှ ရ၍ ချွေးဒီးဒီးကျအောင် အလုပ်ပင်ပန်းစွာ လုပ်နေရသော တရုတ်ကူလီများ အထဲတွင်လည်း ချမ်းသာရွှင်ပျသော မျက်နှာမြောက်မြားစွာကို ကျွန်ုပ် တွေ့မြင်ခဲ့ရဖူး၏။

'မည်သည့်အရာမဆို စင်စစ် ကောင်းလည်း မကောင်း၊ ဆိုးလည်း မဆိုး၊ အကောင်းနှင့် အဆိုးသည် စိတ်၏ ဖန်တီးမှုမျှသာ ဖြစ်သည်'ဟု ရှိတ်စပီးယားက ပြောဖူး၏။

'များစွာသော လူတို့သည် မိမိတို့ စိတ်နိုင်သလောက် စိတ်ချမ်းသာကြသည်'ဟူ၍ အဗရာဟမ် လင်ကွန်းက ပြောဖူးလေသည်။ ထိုစကားသည် မှန်၏။ ထိုစကားမှန်ကြောင်း သက်သေသာကေတစ်ခုကို များမကြာမီက ကျွန်ုပ်သည် တွေ့ခဲ့ဖူး၏။ နယူးယောက်မြို့ရှိ လောင်းအိုင်လန် ဘူတာရုံအပေါ်ထပ်သို့ ကျွန်ုပ် တက်သွားသောအခါ ခြေ မစွမ်းမသန်သော သူငယ်ကလေး လေးငါးဆယ်တို့သည် ကျွန်ုပ်၏ ရှေ့တည့်တည့်တွင် ချိုင်းထောက်တုတ်များဖြင့် လှေကားပေါ်သို့ အားစိုက်တက်နေကြသည်ကို တွေ့ရဖူး၏။ သူငယ်ကလေး တစ်ယောက်ကိုမူကား ပွေ့၍ တင်ယူရ၏။ ထိုသူငယ်ကလေးများ၏ ဝမ်းသာအားရ ရွှင်မြူးနေကြပုံကို မြင်ရသောအခါ ကျွန်ုပ်သည် အံ့အားသင့်သွား၏။ ထိုအကြောင်းကို သူငယ်ကလေးများအား စောင့်ရှောက်လျက် ပါလာသော လူကြီးတစ်ဦးကို ကျွန်ုပ်သည် မေးကြည့်၏။

'ဟုတ်ကဲ့၊ ကလေးတွေဟာ ဒီလိုပဲ တစ်သက်လုံး ခြေမစွမ်းမသန်ဖြစ်ရတော့မယ်ဆိုတာကို သိသိချင်းတော့ အတော်ပဲ လန့်သွားတာပဲ၊ ဒီအလန့်ဟာလဲ ပျောက်သွားရော ကံစီမံတဲ့အတိုင်း ဖြစ်လာရတာပဲဆိုပြီး အခြားသန်သန်စွမ်းစွမ်း ကလေးတွေထက်ပင် ရွှင်ရွှင်ပျပျ ဖြစ်လာသေးတယ်'ဟု ထိုလူကြီးက ကျွန်ုပ်အား ပြန်ပြောဖူး၏။

ကျွန်ုပ်သည် ထိုကလေးများကို ဆရာတင်ချင်သလိုလိုပင် ဖြစ်မိသေး၏။ သူတို့သင်လိုက်သော သင်ခန်းစာကို ကျွန်ုပ်သည် မည်သည့်အခါမျှ မေ့နိုင်မည်မထင်။

ဒေါက်ကလပ် ဖယ်ယားဗင့်[၁] နှင့် ကွာရှင်းရန် စီစဉ်နေစဉ်က မေရီပစ်ဖို့[၂] နှင့် ကျွန်ုပ်သည် တစ်ညနေခင်းအချိန်တွင် သွားရောက် စကားပြောဖူး၏။

---

၁။ Douglas Fairbanks

၂။ Mary Pickford

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်အခါက မေရီပစ်ဖို့ကို စိတ်မချမ်းသာ ဖြစ်နေသည်ဟု တစ်ကမ္ဘာလုံးက တွေးထင်နေကြ၏။ သို့ရာတွင် ကျွန်ုပ်တွေ့ခဲ့ဖူးသော စိတ်မချောက်ချားသည့် လူများထဲတွင် မေရီပစ်ဖို့လည်း ပါဝင်ကြောင်း ကျွန်ုပ်ကိုယ်တိုင် သိခဲ့ရ၏။ သူ၏ မျက်နှာသည် ကြည်လင်လျက်ရှိ၏။ ထိုကဲ့သို့ ဖြစ်ရခြင်း၏ နည်းကောင်းသည် အဘယ်အရာနည်း။ ထိုနည်းကောင်းကို သူရေးသည့် စာမျက်နှာ ၃၅ မျက်နှာရှိသော 'ဘုရားကိုဖက်ပါလား'[၁] စာအုပ်ထဲတွင် ရေးသားထားလေသည်။

အမေရိကန်ပြည်၏ နာမည်ကျော် အသက်နှင့် မီးအာမခံကိုယ်စားလှယ် တစ်ဦးဖြစ်သူ ဖရန့်ကလင် ဘက်ဂျား[၂] ဆိုသူက ပြုံးရွှင်သည့် မျက်နှာရှိသော လူတစ်ယောက်သည် နေရာတကာတွင် ခရီးဦးကြို ပြုလုပ်ခြင်းခံရသည်ကို နှစ်ပေါင်းများစွာကပင် ဂရုပြု၍ ကြည့်မိသည်ဟု ကျွန်ုပ်အား ပြောပြဖူး၏။ ထို့ကြောင့် အာမခံထားချင်အောင်ဆွယ်ရန် လူတစ်ဦးဦး၏ အလုပ်ခန်းအတွင်းသို့ မဝင်မီ ခေတ္တမျှ နား၍ ဝမ်းသာစရာ ကိစ္စများကို ပြန်လည် စဉ်းစားပြီးနောက် သူ၏ မျက်နှာသည် ရွှင်ပျလာသောအခါမှ ရုံးခန်းတွင်းသို့ဝင်၍ ပြောစရာရှိသည်ကို ပြော၏။

အာမခံအလုပ်ကို ဤမျှ ကြီးကျယ်တိုးပွားအောင် ပြုလုပ်ရာတွင် အထက်ပါနည်းသည် များစွာ အကူအညီရသည်ဟု ဖရန့်ကလင် ဘက်ဂျားသည် များစွာ ယုံကြည်၏။

အဲဘတ် ဟပ်ဘက်[၃] ၏ အလွန် အဖိုးတန်သော အကြံပေးချက်ကို အောက်တွင် ဖတ်ပါ။ သို့ရာတွင် ဖတ်ရုံနှင့် မပြီး။ ထိုအကြံပေးချက်များကို လည်း လိုက်နာဆောင်ရွက်နိုင်ပါမှ အကျိုးပြီးမည့် အကြောင်းကိုလည်း ကောင်းစွာ သတိပြုပါ။

> သင်သည် အိမ်အပြင်သို့ထွက်တိုင်း သင်၏ မေးကို တင်း၍ ခေါင်းကို ခတ်မတ်မတ်ထားပါ။ အသက်ပြင်းပြင်း ရှိုက်ပေး၍ နေရောင်ကို ခံပါ။ သင်၏မိတ်ဆွေများကို ပြုံး၍ နှုတ်ဆက်ပြီးလျှင် လက်ဆွဲနှုတ်ဆက်ပါ။ တစ်ဖက်သား အထင်မှားမှာကို မကြောက်ပါနှင့်။ သင်၏ ရန်သူများအကြောင်းကို အချိန်ကုန်ခံ၍ မစဉ်းစားပါနှင့်။ သင်လုပ်လိုသော အလုပ်ကို သင်၏ စိတ်ထဲတွင် စွဲနေပါစေ။ ထိုနောက် လမ်းကွေ့မနေဘဲ

---

၁။ Why Not Try God?

၂။ Franklin Bettger

၃။ Elbert Hubbard

www.burmeseclassic.com

www.burmeseclassic.com



သင် အလိုရှိသော ကိစ္စကို ဆုံးခန်းတိုင်ရောက်အောင် ဖြောင့်ဖြောင့်တန်းတန်းသွားပါ။ သင်လုပ်ချင်သော ကြီးကျယ်ခမ်းနားသည့် အလုပ်များပေါ်တွင် အစဉ် သတိရရှိပါစေ။ ထို့နောက် ရက်အတော်ကြာလာသောအခါ သန္တာပိုးသည် တသွင်သွင်စီးလျက်ရှိသော ရေအလျဉ်မှ မိမိအလိုရှိသော အစာကိုရအောင် ယူဘိသကဲ့သို့ သင် လုပ်လိုသောအလုပ်၏ အောင်မြင်ခြင်းအတွက် လိုအပ်သော အခွင့်လမ်းကောင်းများကို သင်ကိုယ်တိုင် မသိမသာ ဆုပ်ကိုင်မိလျက်ရှိကြောင်းကို သင်သည် တွေ့ရပေလိမ့်မည်။ သင်ဖြစ်လိုသော လူစွမ်းကောင်းတစ်ယောက်ဘဝကို သင့် စိတ်တွင်းတွင် သင်ကိုယ်တိုင် စဉ်းစားကြည့်ပါ။ ထိုစဉ်းစားချက်သည် နာရီနှင့်အမျှ သင်ဖြစ်လိုသော ဘဝသို့ သင့်ကိုပြောင်းလဲပေးနေပေလိမ့်မည်။ အကြံအစည်သည် တန်ခိုးအကြီးဆုံးဖြစ်၏။ ရဲရင့်ခြင်း၊ ဖြောင့်မှန်ခြင်း၊ ရွှင်လန်းခြင်းတည်းဟူသော စိတ်ထားမှန်တို့ကို ရအောင်ရှာ၍ ထိုစိတ်ထားတို့ကို မပျောက်ပျက်ရအောင်ထိန်းသိမ်းပါ။ အမှန်ကို စိတ်ကူးနိုင်ခြင်းဖြင့် ကိစ္စတစ်ခုကို ပြီးမြောက်အောင် လုပ်နိုင်လိမ့်မည်။ အားလုံးသော အရာတို့သည် ဆန္ဒမှပေါက်ဖွားလာကြ၍ အဟုတ်တကယ် အလိုရှိလာလျှင် ဧကန်အမှန်ရသည်ချည်းသာ ဖြစ်၏။ ကျွန်ုပ်တို့၏ စိတ်က စွဲလမ်းသည့်အတိုင်းကျွန်ုပ်တို့ ဖြစ်လာရလေသည်။ သင်၏ မေးကို တင်း၍ သင်၏ခေါင်းကို ခတ်မတ်မတ် ထားပါ။ ကျွန်ုပ်တို့သည် မီးခဲပြာဖုံးများဖြစ်ကြ၏။

ရှေးတရုတ်လူကြီးများသည် လူရေးလူရာတွင် အလွန် ပါးနပ်သူများဖြစ်ကြ၏။ သူတို့သည် စကားပုံတစ်ခုကို ထားခဲ့၏။ ထိုစကားပုံကို သင်နှင့်ကျွန်ုပ်တို့သည် စာနှင့်ရေး၍ ဦးထုပ်အတွင်းတွင် ကပ်ထားရန်ကောင်း၏။ ထိုစကားပုံသည်ကား 'ပြုံးရွှင်သည့်မျက်နှာမရှိသူသည် ဈေးမရောင်းရ' ပင်ဖြစ်လေသည်။

ဆိုင်အကြောင်းကို ပြောသောကြောင့် အိုပင်ဟင်း ကောလင်းကုမ္ပဏီ[၁] အတွက် ဖရန့် အိုင်ဗင်ဖလက်ချား[၂] ရေးသားသော ကြော်ငြာစာတစ်ခုတွင်အောက်ပါ အိမ်သုံး ပညာရှိစကားများ ပါဝင်လေသည်။

---

၁။ Oppenheim, Collins & Company

၂။ Frank Irving Fletcher

www.burmeseclassic.com



## ခရစ်စမတ်ပွဲ၌ ပြုံးခြင်းတန်ဖိုး

ပြုံးခြင်းသည် ဘာမျှမပင်ပန်း။ အလွန်တာသွား၏။

ပြုံးသောသူတွင် ဘာမျှ လျော့မသွားဘဲနှင့် အပြုံးခံရသော သူတွင် အများကြီး ရလိုက်၏။

ပြုံးခြင်းသည် လျှပ်တစ်ပြက်ခန့်ကြာသော်လည်း တစ်ခါတစ်ရံ ထိုအပြုံးကို တစ်သက်လုံး မမေ့နိုင်။

ပြုံးခြင်းနှင့်ကင်း၍ နေနိုင်လောက်အောင် ချမ်းသာကြွယ်ဝသူဟူ၍ မရှိ။ ထိုပြုံးခြင်း၏ အကျိုးကို မခံစားနိုင်လောက်အောင် ဆင်းရဲသူဟူ၍လည်း မရှိ။

ပြုံးခြင်းသည် အိမ်တွင်း၌ ချမ်းသာသုခကို ပေး၏။ အလုပ်ခွင်၌ မျက်နှာပွင့်လန်း၏။ မိတ်ဆွေအချင်းချင်း၏ အထိမ်းအမှတ်ဖြစ်၏။

ပြုံးခြင်းသည် မောပန်းနေသူကို အမောပြေစေ၏။ စိတ်အားငယ်သူကို စိတ်အားတက်စေ၏။ ဝမ်းနည်းသူကို ဝမ်းသာစေ၏။ လူတို့၏ အကိဒုက္ခများကို ကုသရန် အတွက် အကောင်းဆုံးသော သဘာဝဆေးနည်း ဖြစ်၏။

သို့ရာတွင် ပြုံးခြင်းကို ဝယ်၍သော်လည်းကောင်း၊ တောင်း၍သော်လည်းကောင်း၊ ချေးငှား၍ သော်လည်းကောင်း၊ ခိုး၍သော်လည်းကောင်း မရနိုင်။ ပေးသူက သဒ္ဓါ ကြည်ဖြူစွာ မပေးလျှင် ရသူမှာ အကျိုးမထင်ချေ။

ထို့ကြောင့် ခရစ်စမတ်ပွဲအတွက် တစ်နေ့လုံးလုံး လက်မလည်အောင် ရောင်းချနေရသော ကျွန်ုပ်တို့ ကုန်တိုက်မှ ဈေးရောင်းသမားများသည် ပင်ပန်းနွမ်းနယ်လွန်းသောကြောင့် သင်တို့ကို မပြုံးနိုင်လျှင် ကျွန်ုပ်တို့အား ပြုံးပြရန် သင်တို့ထံ မေတ္တာရပ်ခံပါရစေ။

မပြုံးနိုင်လောက်အောင် ပင်ပန်းလျက်ရှိသောသူထက် ပြုံးခြင်းကို ပို၍ အလိုရှိသောသူ မရှိပါ။

**ထို့ကြောင့် သင့်ကို လူကြိုက်များလိုလျှင် နည်းအမှတ် ၂ သည် ပြုံးပါ။**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃

## ဒါကိုမလုပ်လျှင် ချောက်ကျမည်

၁၉၈၉ ခုနှစ်တွင် နယူးယောက်မြို့၊ ရော့ကလန်ကောင်တီ[၁] အရပ်တွင် ဝမ်းနည်းကြေကွဲဖွယ်ရာ အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လေသည်။ ထိုအရပ်တွင် ကလေးတစ်ယောက် အနိစ္စရောက်၍ အိမ်နီးချင်းတို့သည် မသာပို့ရန် စီစဉ်လျက် ရှိကြသောကြောင့် ဂျင် ဖားလေး[၂] လည်း ရထားက ရန် မြင်းဇောင်းမှ မြင်းကို ထုတ်လာ၏။ မြေကြီးသည် ဆီးနှင်းများဖြင့် ဖုံးအုပ်လျက်ရှိပြီးလျှင် ဥတုမှာ ချမ်းစိမ့်စိမ့်ရှိလေသည်။ မြင်းဇောင်းမှ မြင်းကို မထုတ်ရသည်မှာ ကြာပြီဖြစ်သောကြောင့် မြင်းသည် ဩောင်းလျက်ရှိ၏။ သူ့ကို ရေတိုက်ရန် ရေစည်ရှိရာသို့ ဆွဲလာစဉ် မြူး၍ လှည့်ပြေးရင်း နောက်ခြေနှစ်ဘက်စလုံးကို မြှောက်ကန်လိုက်ရာ ဂျင် ဖားလေးမှာ ထိုနေရာတွင် ပွဲချင်းပြီးသေလေသည်။ ထို့ကြောင့် စတုန်းနီးပွိုင့်[၃] ရွာကလေးတွင် ထိုအပတ်က မသာ နှစ်လောင်း ချရ၏။

ဂျင် ဖားလေးတွင် မယားနှင့် သားသုံးယောက် ကျန်ရစ်ခဲ့၏။ ထိုမိသားတစ်စုသည် ဂျင် ဖားလေးအတွက် ပြုလုပ်ထားသော အသက်အာမခံမှ ဒေါ်လာငွေ လေးငါးရာလောက် ရလိုက်ကြ၏။

သားသုံးယောက်တွင် အကြီးဆုံးကို ဂျင် ဖားလေးဟူ၍ပင် အမည်ပေး၏။ သူ၏ ဖခင် အနိစ္စရောက်စက ထိုသူငယ်သည် ၁၀ နှစ်ခန့်သာရှိသေး၍

---

၁။ Rockland County, New York

၂။ Jim Farley

၃။ Stony Point

www.burmeseclassic.com

www.burmeseclassic.com



အုတ်ကျင်းတွင် အလုပ်လုပ်ရ၏။ ထိုသူငယ်ကလေး ဂျင်သည် ပညာသင်ကြားခွင့်မရ။ သို့ရာတွင် အိုင်းရစ် လူမျိုးတို့၏ ဖော်ရွေခြင်းဖြင့် သူ့ကို လူချစ်လူခင်ပေါ်များအောင် လုပ်တတ်၏။ ထို့ကြောင့် နိုင်ငံရေးကို လိုက်စား၍ နှစ်ပရိစ္ဆေဒကြာလာသောအခါ လူတို့၏ အမည်ကို အံ့သြလောက်အောင် မှတ်မိလေသည်။

သူသည် အထက်တန်းကျောင်းသို့ ရောက်အောင်ပင် စာမသင်ဖူးသော်လည်း အသက် ၄၆ နှစ် မတိုင်မီ ကောလိပ်ကျောင်း လေးကျောင်းမှ ဘွဲ့ထူးများဖြင့် ချီးမြှင့်ခြင်းကို ခံရလေသည်။ ဒီမိုကရက်တစ်' နေရှင်နယ်ကော်မတီ[၁] တွင် သူသည် ဥက္ကဋ္ဌဖြစ်၍ အမေရိကန်ပြည်၏ စာတိုက်မင်းကြီး[၂] ဖြစ်လာ၏။

တစ်ခါက ဂျင်ဖားလေးထံသို့ သွားရောက် တွေ့ဆုံပြီးလျှင် ထိုမျှတိုးတက်ကြီးပွားအောင် လုပ်နိုင်သော သူ၏ နည်းကောင်းကို ကျွန်ုပ်အားပြောကြားရန် မေး၏။ 'အလုပ်ကို ကြိုးစားလုပ်လို့ပါပဲ'ဟု သူက ပြန်ပြော၏။ ထိုအခါ 'နောက်မနေပါနဲ့ဗျာ'ဟု ကျွန်ုပ်က ပြောလိုက်လေသည်။

'ဒါဖြင့် ကျွန်တော့်နည်းဟာ ဘာရယ်လို့ ခင်ဗျားထင်သလဲ'ဟု သူက ပြန်မေးရာ 'လူတစ်သောင်းလောက်ရဲ့ နာမည်ကို တစ်လုံးမှမမှားအောင် မှတ်မိနိုင်တာဟာ ခင်ဗျားရဲ့ နည်းကောင်းလို့ ကျွန်တော် ယူဆမိတယ်'ဟု ကျွန်တော်က ပြော၏။

'ဒီလိုဆိုရင်ဖြင့် ခင်ဗျား မှားပြီ၊ ကျွန်တော် လူပေါင်း ငါးသောင်းကျော်ရဲ့ နာမည်ကို တစ်လုံးမျှ မမှားအောင် မှတ်နိုင်တယ်'ဟု သူက ထပ်၍ ပြောလေသည်။

ထိုစကားကို သံသယ မဖြစ်ပါနှင့်။ ထိုမျှ များပြားသော နာမည်ကို မှတ်နိုင်သော ဂျင် ဖားလေး၏ မှတ်ဉာဏ်သည် ဖရန့်ကလင် ဒီ ရုစဗဲ့ကို အမေရိကန်ပြည်ထောင်စု၏ သမ္မတဖြစ်အောင် လုပ်ပေးခဲ့ဖူးလေပြီ။

ဓာတ်မြေသြဇာရောင်းသော အလုပ်တိုက်တစ်တိုက်အတွက် နယ်လှည့်ကိုယ်စားလှယ် လုပ်စဉ်ကလည်းကောင်း၊ စတုန်းနီးပွိုင့် ရွာကလေးတွင်မော်ကွန်းထိန်း[၃] လုပ်နေစဉ်ကလည်းကောင်း သူသည် လူနာမည်များကို မှတ်သားမိရန် စနစ်တစ်ခုကို ထွင်ခဲ့လေသည်။

---

၁။ The Democratic National Committee

၂။ Postmaster General of The United States

၃။ Registrar

www.burmeseclassic.com

www.burmeseclassic.com



ထိုစနစ်ကို စလုပ်ရန် အလွန်လွယ်ကူလေသည်။ လူသစ်တစ်ယောက်နှင့် မိတ်ဆွေဖြစ်တိုင်း ထိုလူ၏ အမည် သူ့မိသားစု သူ့အလုပ်အကိုင်နှင့် နိုင်ငံရေး အယူဝါဒများကို ရအောင် စုံစမ်း၏။ ထိုအကြောင်းခြင်းရာတို့ကို စိတ်ထဲတွင် တစ်ခါတည်း စွဲနေအောင် မှတ်သားထားသဖြင့် တစ်နှစ်လောက် ကြာသောအခါမှ ထိုအသိမိတ်ဆွေနှင့် ပြန်လည်တွေ့ဆုံရသည် ဖြစ်စေကာမူ ထိုသူ၏ မိသားတစ်စု မာရေး သာရေးတို့ကို အကျွမ်းတဝင် စုံစမ်းမေးမြန်း နိုင်လေသည်။ ထို့အတွက် သူ့တွင် နောက်လိုက်နောက်ပါ လူချစ်လူခင်ပေါ်များ ခြင်းသည် အံ့ဩစရာ မဟုတ်ပေ။

ရစဗ့်သည် အမေရိကန် သမ္မတရာထူးအတွက် ဝင်ရောက် အရွေးခံရန် နယ်လှည့် တရားဟော မထွက်မီ လပေါင်းများစွာကပင် အမေရိကန်ပြည်ထောင် စု၏ အနောက်နှင့် မြောက်ဘက်ပြည်နယ်များတွင် နေထိုင်လျက်ရှိသော မိတ်ဆွေများထံသို့ ဂျင် ဖားလေးသည် တစ်နေ့လျှင် ရာပေါင်းများစွာသော စာတို့ကို ရေးသားပေးပို့ခဲ့လေသည်။ ထိုနောက် မီးရထား၊ မော်တော်ကား၊ လှေ၊ သင်္ဘော စသည်တို့အနက် ကြုံရာကိုစီးပြီးလျှင် ၁၉ ရက်အတွင်း ပြည်နယ် ၂၀ ကျော်သို့ရောက်အောင် ခရီးပြင်းသွားခဲ့သည်။ သူသွားခဲ့သော ခရီး၏ မိုင်ပေါင်းမှာ တစ်သောင်းနှစ်ထောင်ကျော်လေသည်။ ရောက်လေရာ အရပ်တိုင်းတွင် အရေးပါ အရာရောက်သော လူကြီးများနှင့် လက်ဖက်ရည် သောက်ချိန် ထမင်းစားချိန်များ၌ တွေ့ဆုံ၍ ရင်းရင်းနှီးနှီး တိုင်ပင်ဆွေးနွေး ၏။ ဤနည်းဖြင့် တစ်နေရာမှ တစ်နေရာသို့ ဆက်လက်၍ ခရီးထွက်ပြီးလျှင် အိမ်သို့ ပြန်ရောက်သောအခါ သူရောက်ခဲ့သော အရပ်တိုင်းရှိ မိတ်ဆွေအသီးသီး ထံမှ သူလာရောက်စဉ်က သူနှင့် တွေ့ဆုံ နီးနှောကြသော လူကြီးလူကောင်း များ၏ စာရင်းများကို တောင်းသည်။ နောက်ဆုံးစာရင်းအရဆိုလျှင် လူကြီး လူကောင်းများ၏ အရေအတွက်သည် ထောင်ပေါင်းများစွာရှိ၏။ ထိုမျှပင် များပြားသော်လည်း ထိုလူကြီးလူကောင်း တစ်ဦးစီထံသို့ စာတစ်စောင်စီ ကိုယ်တိုင်ရေး၍ ပို့လေသည်။ ဤစာများတွင် 'မိတ်ဆွေကြီး ဂျက် ခင်ဗျား' 'မိတ်ဆွေကြီး ဂျိုး ခင်ဗျား' စသည်ဖြင့် နာမည်ရင်းကို ဖော်၍ ရင်းရင်းနှီးနှီး ရေးသားလေသည်။

ယေဘုယျအားဖြင့် လူတို့သည် အခြားလူများ၏နာမည်ထက် မိမိ၏ နာမည်ပေါ်တွင် ပို၍ စိတ်ဝင်စားကြောင်းကို လူလားမြောက်စအရွယ်ကပင် ဂျင် ဖားလေးသည် ကောင်းစွာသိလေသည်။ ထို့ကြောင့် သင့်တွင် မိတ်ဆွေသင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး တိုးလာလျှင် ထိုမိတ်ဆွေသစ်၏ နာမည်ကို ကောင်းစွာမှတ်သားထား၍ ထိုလူနှင့် တွေ့သောအခါ သူ၏ နာမည်ကို တွေးမနေရဘဲနှင့် ခေါ်နိုင်အောင် ခေါ်ပါ။ ထိုကဲ့သို့ မိမိ၏နာမည် ခေါ်သံကို ကြားရသောသူသည် အလွန် နှစ်သိမ့် ကျေနပ်သွားပေလိမ့်မည်။ သို့ရာတွင် ထိုသူ၏နာမည်ကို မေ့လျှင်သော် လည်းကောင်း၊ နာမည် စာလုံးပေါင်းမှားလျှင်သော်လည်းကောင်း ထိုလူသည် သင့်အပေါ် များစွာ စိတ်ပျက်ပေလိမ့်မည်။ သက်သေတစ်ခုပြပါအံ့။ တစ်ခါ တုန်းက ပဲရစ်မြို့တော်တွင် စကားပြောနည်းသင်တန်းကို ဖွင့်လှစ်ပြီးလျှင် ထိုမြို့၌နေသော အမေရိကန်လူမျိုးများထံသို့ စာရေးသား အကြောင်းကြား လေသည်။ ပြင်သစ်လူမျိုး ပုံနှိပ်စက်ရိုက်သမားတို့သည် အင်္ဂလိပ်စာကို ကောင်းစွာ မတတ်သောကြောင့် နာမည်များကို ပုံနှိပ်စက်ရိုက်ရာတွင် အမှားမှား အယွင်းယွင်း ဖြစ်သွားလေသည်။ ပဲရစ်မြို့တော်ရှိ အမေရိကန် ဘဏ်မန်နေဂျာ ကြီး တစ်ဦးမှာမူကား သူ့နာမည်ကို အမှားမှားအယွင်းယွင်း စာလုံးပေါင်းရ မည်လားဟု ဒေါသထွက်ပြီးလျှင် ကျွန်ုပ်ထံသို့ အပြစ်တင်စာတစ်စောင်ကို ပြင်းပြင်းထန်ထန် ရေးသားပေးပို့ဖူးလေသည်။

အန်ဒရူးကာနက်ဂျီသည် အဘယ့်ကြောင့် ထမြောက်အောင်မြင်သနည်း။

သူ့ကို သံမဏိဘုရင်ဟု ခေါ်ကြသည်။ သို့ရာတွင် သူကိုယ်တိုင် သံမဏိအလုပ်ကို အနည်းငယ်မျှသာ နားလည်လေသည်။ သူ့ထံတွင် အလုပ် လုပ်နေသော ရာပေါင်းများစွာသော အလုပ်သမားများသည် သံမဏိအလုပ်ကို သူ့ထက် ပိုနားလည်ကြသေး၏။

သို့ရာတွင် သူသည် လူများကို မည်ကဲ့သို့ ထိန်းသိမ်းရမည်ကို ကောင်းစွာ သိရှိ၏။ ထိုအသိဉာဏ်သည် သူ့ကို သူဌေးဖြစ်အောင်လုပ်ပေး ခဲ့၏။ ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် အသင်း ဖွဲ့စည်းခြင်း၊ လူတွေအပေါ်တွင် ခေါင်းဆောင်လိုခြင်း စသည်တို့၌ များစွာ ဝါသနာပါခဲ့၏။ လူများသည် မိမိတို့၏ နာမည်များကို အမြတ်တနိုးထားကြောင်းကို သူသည် ဆယ်နှစ်သား အရွယ်လောက်ကပင် ကောင်းစွာ သိရှိခဲ့၏။ သူ့ကို တစ်ဖက်သား တို့ ဝိုင်းဝန်းကူညီအောင် ထိုအသိဉာဏ်ကို အသုံးချခဲ့ဖူး၏။ သက်သေထုပါအံ့။ ကလေးသူငယ်ဘဝနှင့် စကော့တလန်ပြည်တွင် နေစဉ်က ပဋိသန္ဓေ အရင့်အမာ ရှိသော ယုန်တစ်ကောင်ကို ဖမ်းမိလေသည်။ များမကြာမီ ယုန်မကြီးမှ ယုန် ကလေးများ ပေါက်ဖွားလာလေ၏။ ထိုယုန်သားအမိတို့ကို ကျွေးရန် မြက် မရှိသော်လည်း ကာနက်ဂျီ၏ ထက်မြက်သော အကြံဉာဏ် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အိမ်နီးချင်း ကလေးအဖော်များကို ခေါ်ပြီးလျှင် ယုန်ကလေးတွေစားဖို့ မြက်ရှာပေးရင် 'ရှာပေးတဲ့လူရဲ့ နာမည်ကို ယူပြီး ဟောဒီယုန်ကလေးတွေကို မှည့်မယ်'ဟု ပြောရာ သူ့အလိုရှိသော မြက်များကို လုံလောက်စွာ ရရှိဖူးလေသည်။ ထိုအဖြစ်အပျက်ကို ဘယ်တော့မှ ကာနက်ဂျီသည် မမေ့နိုင်ချေ။

နှစ်ပေါင်း အတော်ကြာသောအခါ အလုပ်ခွင်၌လည်း ထိုနည်းကို သုံးခြင်းဖြင့် ဒေါ်လာငွေသန်းပေါင်းများစွာ ရရှိဖူးလေသည်။ သာကေပြပါအံ့။ သူသည် သံမဏိ သံလမ်းများကို ပင်ဆီဗေးနီးယား မီးရထားကုမ္ပဏီ[၁] သို့ ရောင်းချင်၏။ ဂျေ အဂ္ဂါ သွမ်မဆင်[၂] သည် ထိုအခါက ပင်ဆီဗေးနီးယား မီးရထား ကုမ္ပဏီ၏ ဥက္ကဋ္ဌကြီး ဖြစ်၏။ ထို့ကြောင့် ပစ္စဗတ်[၃] မြို့တွင် သံမဏိစက်ရုံကို ဆောက်လုပ်ပြီးလျှင် ထိုစက်ရုံကြီးကို 'အဂ္ဂါ သွမ်မဆင် သံမဏိစက်ရုံကြီး[၄]'ဟူ၍ အမည်ပေးလေသည်။

ကောင်းပြီ။ သင်တို့ကို ပုစ္ဆာတစ်ပုဒ် မေးပါရစေ။ ဖြေနိုင် မဖြေနိုင်ကို စမ်း၍ကြည့်ကြပါ။

ပင်ဆီဗေးနီးယား မီးရထားကုမ္ပဏီသည် သံမဏိ မီးရထားလမ်းများကို အလိုရှိသောအခါ မည်သည့်ကုမ္ပဏီတွင် ဝယ်မည်ဟု သင် ထင်ပါသနည်း။

ဆီးယား ရိုဗတ်[၅] သံမဏိကုမ္ပဏီမှ ဝယ်ယူမည်လား။ အဂ္ဂါ သွမ်မဆင် ကုမ္ပဏီမှ ဝယ်ယူမည်လား။

သေချာစွာ စဉ်းစား၍ ဖြေပါ။

တစ်ခါတုန်းက ကာနက်ဂျီနှင့် ဂျော့ ပူးလမင်း[၆] တို့သည် အိပ်ခန်း မီးရထားတွဲလုပ်ငန်းအတွက် ဗိုလ်လုလျက်ရှိကြရာတွင် သံမဏိဘုရင် ကာနက်ဂျီသည် အထက်ပါ နည်းကောင်းကို အသုံးပြုခြင်းအားဖြင့် မိမိ၏ အလိုဆန္ဒကို ပြည့်ဝခဲ့စေဖူးလေသည်။

အန်ဒရူးကာနက်ဂျီပိုင်သော ဆင်ထရယ် ထရန်စပို့တေးရှင်း ကုမ္ပဏီ[၇] သည် ပူးလမင်း ကုမ္ပဏီနှင့် ဈေးပြိုင်၍ ရောင်းလျက်ရှိကြ၏။ သူတို့နှစ်ဦးစလုံးသည် ယူနီယံ ပစိဖိတ် မီးရထားကုမ္ပဏီ[၈] သို့ အိပ်ခန်း မီးရထားတွဲ

၁။ The Pennsylvania Railroad
၂။ J. Edgar Thomson
၃။ Piitsburgh
၄။ Edgar Thomson Steel Works
၅။ Sears, Roebuck
၆။ George Pullman
၇။ The Central Transportation Company
၈။ The Union Pacific Railroad

www.burmeseclassic.com

www.burmeseclassic.com



များ.ကို ရောင်းရန် အလုအယက် ကြိုးစားလျက်ရှိကြ၏။ ထိုသို့ အလုအယက် ရောင်းရာတွင် တစ်ဦးထက်တစ်ဦး လျှော့၍ ရောင်းရသောကြောင့် အမြတ်မကျန်ချေ။ တစ်နေ့သ၌ ကာနက်ဂျီနှင့် ပူးလမင်းနှစ်ဦးစလုံးတို့သည် ယူနီယံ ပစိဖိတ် မီးရထားကုမ္ပဏီ၏ ညွှန်ကြားသူများနှင့် တွေ့ဆုံရန်အတွက် နယူးယောက်သို့ သွားကြ၏။ တစ်ညနေစောင်း အချိန်တွင် စိန့်နီကိုလတ် ဟိုတယ်[၁] တွင် သူတို့နှစ်ဦး တွေ့ဆုံကြရာ ကာနက်ဂျီက 'မစ္စတာ ပူးလမင်း၊ ကျုပ်တို့နှစ်ယောက်ဟာ ကိုယ့်ကိုယ်ကို အရူးပြန်လုပ်နေကြတာနဲ့ မတူဘူးလား'ဟု စကင် ပြောဆို၏။

'ခင်ဗျား ဘာကိုဆိုချင်တာလဲ'ဟု မစ္စတာ ပူးလမင်းက ပြန်တုံ့လေ၏။

ထိုအခါ ကာနက်ဂျီသည် သူ၏ စိတ်ထဲတွင်ရှိသော လုပ်ငန်းနှစ်ခု ပူးပေါင်းရေးကို ပြောပြလေ၏။ တစ်ဦးနှင့်တစ်ဦး ဤကဲ့သို့ အတိုက်အခံလုပ်နေခြင်းထက် အတူတူလုပ်ခြင်းက နှစ်ဦးစလုံးတွင် ပို၍ အကျိုးရှိမည့်အကြောင်းကို အားပါးတရ ပြောပြ၏။ ထိုသို့ပြောဆိုနေစဉ် ပူးလမင်းသည် ကောင်းစွာနားထောင်နေသော်လည်း ကာနက်ဂျီ ပြောသမျှ စကားတို့ကို ကောင်းစွာမယုံကြည်သေးချေ။ နောက်ဆုံးတွင် 'နှစ်ခုပေါင်းပြီးလျှင် ကုမ္ပဏီကို နာမည်ဘယ်လိုပေးမှာလဲ' ဟု မေးရာ 'ပူးလမင်းနန်းတော် ကားကုမ္ပဏီ[၂] လို့ ခေါ်မှာပေါ့'ဟု ကာနက်ဂျီက သွက်လက်စွာ ပြန်ပြော၏။

ထိုစကားကိုကြားရသောအခါ ပူးလမင်း၏ မျက်နှာသည် ရွှင်လာပြီးလျှင် 'ကဲလေ ကျွန်တော့်အခန်းထဲကြွပါဦး၊ ဒီကိစ္စကို ဆွေးနွေးသေးတာပေါ့'ဟု ကာနက်ဂျီကို ဖိတ်ခေါ်လေ၏။ သူတို့ ဆွေးနွေးချက်သည် သံမဏိလုပ်ငန်းတွင် ရာဇဝင်တွင်တော့၏။

မိတ်ဆွေသင်္ဂဟတို့၏ အမည်နှင့် အလုပ်လုပ်ဖော် လုပ်ဖက်တို့၏ အမည်ကို မှတ်ရသော မမှတ်ဘဲ သူတို့၏ ဂုဏ်ကိုလည်း တင်ပေးခြင်းသည် ကာနက်ဂျီ၏ လူများပေါ်တွင်လည်း 'ခေါင်းဆောင်'နိုင်သော နည်းကောင်းတစ်ခု ဖြစ်လေသည်။ သူ၏ အလုပ်သမားများစွာတို့၏ နာမည်ကို ကောင်းစွာ မှတ်မိသော ဉာဏ်အတွက် ကာနက်ဂျီသည် များစွာ ဂုဏ်ယူလေသည်။

---

၁။ St. Nicholas Hotel

၂။ The Pullman Palace Car Company

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင် ကြီးကြပ်အုပ်ချုပ်နေစဉ် သူ၏ သံမဏိ အလုပ်ရုံများတွင် အလုပ်သမားများသည် သပိတ်မမှောက်ဖူးချေဟူ၍ ကာနက်ဂျီသည် ဂုဏ်ယူကာ ပြောကြားဖူးလေသည်။

ပဒါရူးစကီး[၁] သည် သူ၏ ကပ္ပလီစားပွဲထိုးကို မစ္စတာကော့ပါး[၂] ဟူ၍ အမြဲတမ်း ခေါ်လေ့ရှိသည်။ စန္ဒရားတီးပွဲများ ကျင်းပရန် သူသည် အမေရိကန်ပြည်သို့ ၁၅ ကြိမ်လောက် လာရောက်ဖူးလေသည်။ အမေရိကန်ပြည်တွင် တစ်နေရာမှ တစ်နေရာသို့ သီးသန့် မီးရထားတွဲစီး၍ ခရီးသွားလေသည်။ စန္ဒရားတီးပွဲများသည် သန်းခေါင်ယံအချိန်မှ ပြီးသော်လည်း ထိုစားပွဲထိုးသည် သန်းခေါင်ယံအချိန်အထိ စောင့်၍ ဂရုတစိုက် စားပွဲထိုးလေသည်။ အမေရိကန်သားများက ကပ္ပလီ အစေခံများကို 'ဂျော့'ဟု ခေါ်သကဲ့သို့ ပဒါးရူးစကီးသည် သူ၏ စားပွဲထိုးကို တစ်ခါဖူးမျှ ဂျော့ ဟူ၍ မခေါ်ချေ။ မစ္စတာ ကော့ပါးဟူ၍ ခေါ်ခြင်းကို သူ၏ စားပွဲထိုးကလည်း နှစ်သက်၏။

လူတို့သည် မိမိတို့၏ နာမည်တွင် အလွန် ဂုဏ်ယူကြပေသည်။ ထို့ကြောင့် မည်မျှပင်ကုန်ကျစေကာမူ အကုန်ခံ၍ မိမိ၏ နာမည်များကို တွင်ရစ်အောင် ကြိုးစားကြလေသည်။ တစ်ခါတုန်းက ပြပွဲသမားကြီး ပီ တီ ဘားနမ်း[၃] ဆိုသူ အဘိုးကြီးတစ်ဦး ရှိ၏။ သူ့တွင် သူ၏ နာမည်ကို ဆက်ခံမည့် သားယောကျ်ားတစ်ယောက်မျှ မရှိသောကြောင့် သူ၏ မြေးယောကျ်ားကလေး စီအိပ် ဆီလေး[၄] အား 'ဘားနမ်း ဆီလေး' ဟု အမည်ပြောင်းရန်အတွက် ဒေါ်လာပြားပေါင်း နှစ်သောင်းငါးထောင်ကို ပေးခဲ့ဖူး၏။

နှစ်ပေါင်း ၂၀၀ လောက်က လူချမ်းသာများသည် သူတို့၏ နာမည်များကို အမှတ်တရဖြစ်အောင် စာအုပ်များကို သူတို့အတွက် ရေးသားပါသည် ဟူ၍ ဖော်ပြရန် စာရေးဆရာများကို ငွေပေး၍ ခိုင်းဖူးလေသည်။

မိမိတို့၏ နာမည်များ ကွယ်ပျောက်သွားမည်ကို သည်းမခံနိုင်သော လူများသည် သူတို့၏ အမည်တွင်ရစ်စေရန်အတွက် သူတို့၏ နာမည်များနှင့် စာကြည့်တိုက်ကြီးများ၊ ပြတိုက်ကြီးများ ဆောက်လုပ်လှူဒါန်းကြလေသည်။

---

၁။ Paderewski
၂။ Mr. Copper
၃။ P.T. Barnum
၄။ C.H. Seeley

www.burmeseclassic.com

www.burmeseclassic.com



အက်စတာ့နှင့် လီနော့[၁] ဆိုသူတို့သည် သူတို့၏ နာမည်များဖြင့် နယူးယောက် ပတ်ဘလစ် စာကြည့်တိုက်တွင် စာအုပ်များကို လှူခဲ့ဖူးလေသည်။ ဘင်ဂျမင် အော့တမန်[၂] နှင့် ဂျေ ပီ မော်ဂန်[၃] တို့သည်လည်း သူတို့၏ နာမည်များနှင့် မက်ထရိုပိုလိတန်ပြတိုက်[၄] တွင် ပစ္စည်းအမြောက်အမြား လှူခဲ့ဖူးလေသည်။ ဘုရားရှိခိုးကျောင်းတိုင်း၌လိုလိုပင် ပြတင်းပေါက်များ၌ တပ်ဆင်ထားသော ရောင်စုံမှန်များတွင် လှူဒါန်းသူများ၏ နာမည်များ ဖော်ပြထားသည်ကို တွေ့နိုင်၏။

များစွာသောလူတို့သည် အသိမိတ်ဆွေများ၏ နာမည်များကို မမှတ်မိ ရခြင်း အကြောင်းမှာ တခြားကြောင့်မဟုတ်၊ ထိုနာမည်များကို မှတ်မိစေရန် မိမိတို့၏ စိတ်ထဲတွင် ထပ်ကာတလဲလဲ ပြန်လှန်မှတ်သားခြင်းမပြုသော ကြောင့်ပင် ဖြစ်သည်။ ထိုသို့ မလုပ်နိုင်သော လူစုသည် အချိန်မအား၍ ဤသို့ ကြိုးစားရန် ခဲယဉ်းပါသည်ဟု ဆင်ခြေပေးကြ၏။

သို့ရာတွင် ထိုလူစုသည် သမ္မတမင်း ဖရန့်ကလင် ဒီ ရုစဗဲ့ထက် ပို၍ အလုပ်ရှုပ်မည် မထင်ပါ။ သမ္မတမင်းသည် မိမိနှင့် တစ်ခါမျှသာ တွေ့ဖူးသော မော်တော်ကား စက်ပြင်ဆရာ၏ နာမည်ကိုပင် မှတ်မိအောင် ကြိုးစားခဲ့ဖူး၏။

သက်သေပြပါအံ့။ ခရိုက်စလာ မော်တော်ကားကုမ္ပဏီသည် မစ္စတာ ရုစဗဲ့အတွက် အထူး မော်တော်ကားတစ်စီးကို ဆောက်လုပ်ရ၏။ ဒဗလျူ အက်ဖ် ချိန်ဗာလိန်[၅] နှင့် မော်တော်ကားစက်ပြင်ဆရာ တစ်ဦးတို့ ကိုယ်တိုင် ထိုမော်တော်ကားကို သမ္မတမင်း၏ အိမ်တော်သို့ အရောက်ပို့ကြ၏။ အိမ်တော် တွင် တွေ့ကြုံခဲ့ရပုံအလုံးစုံကို ချိန်ဗာလိန်သည် အောက်ပါအတိုင်း ရေးသား ပို့လိုက်၏။

> ကျွန်တော်တို့၏ မော်တော်ကားကို မည်ကဲ့သို့ မောင်းရမည်ကို သမ္မတမင်း ရုစဗဲ့အား ကျွန်တော်က သင်ပေးခဲ့ရသော်လည်း လူများကို မည်ကဲ့သို့ မိမိဘက်သို့ပါအောင် ဆွဲရမည်ကို သမ္မတမင်းက ကျွန်တော့်အား သင်ပြလိုက်ပါသည်။

---

၁။ The Astor and Lenox Collections
၂။ Benjamin Altman
၃။ J.P. Morgan
၄။ The Metropolitan Museum
၅။ W.F. Chamberlain

www.burmeseclassic.com

www.burmeseclassic.com



အိမ်တော်သို့ ရောက်သောအခါ သမ္မတမင်းသည် အလွန်ရွှင်ပျ လျက်ရှိသည်ကို ကျွန်တော်တို့ တွေ့ရပါသည်။ ကျွန်တော်၏ နာမည်ကိုခေါ်၍ ဖော်ဖော်ရွေရွေ ခရီးဦးကြိုဆိုပါသည်။ သမ္မတမင်းအပေါ်တွင် ကျွန်တော်၏ အထူးကျေနပ်ချက်သည် အခြားမဟုတ်ပါ။ ကျွန်တော်တို့က ပြောရန် ပြသရန်ရှိသော ကိစ္စများတွင် **အထူးစိတ်ပါလက်ပါရှိခြင်း**ပင် ဖြစ်ပါသည်။ မော်တော်ကားကို အခြား အကူအညီမပါဘဲ လက်တစ်ခုတည်းနှင့် မောင်းနိုင်အောင် စီစဉ်ထားသည်ဖြစ်ရာ မော်တော်ကားကို ပြသနေစဉ် လူတစ်စုသည် မော်တော်ကားကို ဝိုင်း၍ ကြည့်နေကြပါသည်။ 'ဒီမော်တော်ကားဟာ သိပ်ပြီး အံ့ဩဖို့ ကောင်းတာပဲ၊ ခလုတ်ကလေး နှိပ်လိုက်ရုံနဲ့ မော်တော်ကားဟာ ထွက်သွားတာပဲ၊ အထူးဂရုစိုက်ပြီး မောင်းနေဖို့တောင် မလိုဘူး၊ သိပ်ဟုတ်တာပဲ၊ ဘယ့်နှယ်က ဘယ်လိုဖြစ်ပြီး ဒီခလုတ်ကလေး နှိပ်ရုံနဲ့ ကားထွက်သွားနိုင်တယ် ဆိုတာကို ကျုပ်တော့ စဉ်းစားလို့ မရဘူး၊ ဒီကားကို အားလုံးဖြုတ်ပြီး ဘယ့်နှယ့်ကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ ကြည့်နိုင်ရင် ဘယ်လောက်ကောင်း မလဲလို့ ကျုပ် တွေးနေတယ်'ဟု သမ္မတမင်းက ပြောပြလေသည်။

သမ္မတမင်း၏ မိတ်ဆွေများက မော်တော်ကားကို ချီးမွမ်းကြသောအခါ သူတို့၏ ရှေ့၌ပင် 'မစ္စတာ ချိန်ဗာလိန်၊ ဒီကားကို ခုလို အထူးကောင်းမွန်အောင် အချိန်ကုန် လူပန်းခံပြီး ဂရုတစိုက် ပြုလုပ်ပေးတဲ့အတွက် ခင်ဗျားတို့ကို ကျွန်တော် အထူးတလည် ကျေးဇူးတင်ပါတယ်၊ ဒီကားကို လုပ်ရတာ တယ်မလွယ်လှဘူး'ဟု ရစဗဲ့သည် ပြောပြီးနောက် ကျွန်ုပ်တို့ အထူးတလည် ဂရုတစိုက် လုပ်ထားသည်ဟု သူထင်သော အရာဟူသမျှကို သူသည် ချီးမွမ်းလျက် ရှိပါသည်။ ထို့နောက် မော်တော်ကားတွင် ထူးဆန်းအံ့ဩဖွယ်ကောင်းသော နေရာများကို သမ္မတကတော်ကြီးနှင့် အခြား အရေးပါ အရာရောက်သော လူကြီးများကို ကိုယ်တိုင် ပြသပါသည်။ ကပ္ပလီ တံခါးမှူးကိုပါ ခေါ်၍ 'ဟော့ ဂျော့၊ ဟောဒီ အဝတ်အစားထည့်တဲ့ သေတ္တာတွေကို မင်း ဂရုစိုက်ရလိမ့်မယ်နော်'ဟု မော်တော်ကားတွင် တပ်ဆင်ထားသော အဝတ်အစားထည့်သည့် သေတ္တာများကို လက်ညှိုးနှင့် ထိုးပြရင်း ပြောပါသည်။

မော်တော်ကားကို မောင်းသည့်နည်းများကို သင်ပြပြီးသောအခါ 'ကဲ မစ္စတာ ချိန်ဗာလိန်၊ ပြည်ထောင်စု ဘဏ္ဍာရေး ရန်ပုံငွေကော်မတီ'

၁။ The Federal Reserve Board

www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေး ကို အစောင့်ခိုင်းထားတာ နာရီဝက်လောက် ရှိသွားပြီ။ ကျုပ် သွားလိုက်ဦးမှပဲ ထင်တယ်'ဟု သမ္မတမင်းသည် ကျွန်တော်တို့အား ပြောကြားပါသည်။

အိမ်တော်သို့ ကျွန်တော်တို့နှင့် အတူတူ မော်တော်ကားပြင်သမား တစ်ဦးကိုလည်း ခေါ်သွားသည်ဖြစ်ရာ ထိုသူကိုလည်း သမ္မတမင်းနှင့် မိတ်ဖွဲ့ပေးပါသည်။ ထိုသူသည် ရှက်ကိုးရှက်ကန်းနိုင်သောကြောင့် သမ္မတမင်းသို့ စကားမပြောဘဲ နောက်ကွယ်က နေပါသည်။ ကျွန်တော်တို့ စကားပြောနေစဉ် ထိုသူ၏ နာမည်ခေါ်သံကို သမ္မတမင်းသည် တစ်ကြိမ်မျှသာ ကြားလိုက်ရသော်လည်း အစည်းအဝေးသို့ သွားခါနီးတွင် ထိုစက်ပြင်သမားအား သူ၏ နာမည်ကိုခေါ်၍ လက်ဆွဲ နှုတ်ဆက်ပါသည်။ ထို့နောက် အိမ်တော်သို့ ယခုကဲ့သို့ ဂရုတစိုက် လာရောက် အကျိုးဆောင်သည့်အတွက် ကျေးဇူးတင်ရှိကြောင်းကိုလည်း ပြောကြားလိုက်ပါသေးသည်။ ထိုစကားကို လောကွတ်လုပ်ပြီး ပြောသည် မဟုတ်ပါ။ ဝမ်းထဲက အဟုတ်ကျေးဇူးတင်သောကြောင့် ပြောသည်ဟု ကျွန်တော်ဖြင့် ယုံကြည်ပါသည်။

နယူးယောက်မြို့သို့ ပြန်ရောက်၍ ရက်အနည်းငယ်ကြာသော အခါ ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော သမ္မတမင်း ရုစဖဲ့၏ ဓာတ်ပုံတစ်ခုကို ကျွန်တော် ရရှိပါသည်။ ထိုဓာတ်ပုံနှင့် အတူတူ ကျွန်တော်၏ ကူညီခြင်းကို ကျေးဇူးတင်ရှိကြောင်း စာတိုကလေး တစ်စောင် ပါလာပါသေးသည်။ ထိုမျှ သေးငယ်သော အလုပ်ကလေး များကိုလုပ်ရန် မည်ကဲ့သို့ အချိန်ရကြောင်းကို ကျွန်တော်ဖြင့် တွေး၍ မရနိုင်အောင် ရှိပါသည်။

တစ်ဖက်သား မေတ္တာရှိအောင် လုပ်ရန်အတွက် အလွယ်ကူဆုံးနှင့် အရေးအကြီးဆုံးနည်းများအနက် နည်းကောင်းတစ်လက်သည် ထိုတစ်ဖက်သား ၏ နာမည်ကို မှတ်မိအောင် လုပ်၍ ထိုသူအား မိမိကိုယ်ကို မိမိ အထင်ကြီး ခွင့်ရအောင် ပြုလုပ်ပေးခြင်းဖြစ်ကြောင်းကို ရုစဖဲ့ ကိုယ်တိုင် သိရှိသော်လည်း ကျွန်ုပ်တို့အထဲမှ ဘယ်နှစ်ဦးလောက် ထိုနည်းကို ကိုယ်တိုင် စမ်းသပ်ကြည့်ရှုဖူး ပါသနည်း။

သူစိမ်းတစ်ရံစာ လူတစ်ဦးနှင့် မိတ်ဖွဲ့ပေးသောကြောင့် ကျွန်ုပ်တို့ ထိုင်၍ စကားပြောကြပြီးသော် ထိုလူ ထသွားသောအခါ သူ၏ နာမည်ကို မမှတ်မိတော့ချေ။

'မဲဆန္ဒရှင်တစ်ဦး၏ နာမည်ကို မှတ်မိခြင်းသည် နိုင်ငံရေးကျွမ်းကျင်မှု ဖြစ်၍ ထိုနာမည်ကို မေ့ပစ်ခြင်းသည် ထိုနိုင်ငံရေးသမား ဓာတ်မြှုပ်ခြင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်’ ဆိုသော စကားသည် နိုင်ငံရေးသမားတိုင်း လိုက်နာရမည့် သင်ခန်းစာများတွင် ပထမ သင်ခန်းစာပင် ဖြစ်လေသည်။

နာမည်များကို မှတ်မိအောင်ပြုလုပ်ခြင်းသည် နိုင်ငံရေး၌သာမဟုတ်၊ ကုန်ရောင်းကုန်ဝယ်မှု၊ ပေါင်းသင်းဆက်ဆံမှုများ၌လည်း ထပ်တူထပ်မျှလောက် အရေးပါလေသည်။

ကမ္ဘာကျော် နပိုလီယန်၏ တူဖြစ်သော ပြင်သစ်ပြည်၏ ဘုရင်ကေရာဇ် တတိယ နပိုလီယန်က သူသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရသည့်ကိစ္စများ အလွန် များပြားနေသည့်အကြား၌ပင် သူနှင့် တွေ့ဆုံဖူးသော လူများ၏နာမည်များကို ကောင်းစွာ မှတ်သားနိုင်သည်ဟု ဂုဏ်ယူလျက် ပြောဆိုလေ့ ရှိသည်။

တတိယ နပိုလီယန်၏ နည်းသည် အလွန်လွယ်ကူလေသည်။ အကယ်၍ သူ့ထံသို့ အခစားရောက်သောသူ၏ နာမည်ကို ကောင်းစွာမကြားရလျှင် ‘နာမည်က ဘယ်သူပါတဲ့’ ဟူ၍ မေး၏။ ထိုသူ၏နာမည်သည် ထူးခြားသော နာမည်တစ်ခု ဖြစ်ခဲ့လျှင် ‘ဒီနာမည်ကို ဘယ့်နှယ့် စာလုံးပေါင်းလဲ’ ဟူ၍ ကပ်၍ မေးလေသည်။

စကားပြောနေစဉ် နာမည်နှင့်တကွ ထိုလူ၏ ပုံပန်းသဏ္ဌာန်တို့ကို အဖန်တလဲလဲ စိတ်ထဲတွင် မှတ်လျက်ရှိ၏။

အကယ်၍ ထိုလူသည် အရေးပါ အရာရောက်သောလူတစ်ဦး ဖြစ်ခဲ့လျှင် ထို့ထက်ပင် ဂရုစိုက်သေး၏။ မည်ကဲ့သို့ ဂရုစိုက်သနည်းဆိုသော် ကေရာဇ်မင်းမြတ်သည် အခန်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်သောအခါ ထိုသူ၏ နာမည်ကို စက္ကူတစ်ခုပေါ်တွင် ရေးသား၍ စိတ်ထဲတွင် ကောင်းစွာ မှတ်မိသည့်တိုင်အောင် ထိုနာမည်တွင် အာရုံစိုက်ထား၏။ စိတ်ထဲတွင် စွဲလောက်ပြီဟု ထင်ရသောအခါ၌ စက္ကူကို ဆုတ်ပစ်လိုက်၏။ ဤနည်းအားဖြင့် ထိုသူ၏ နာမည်ကို နားရော မျက်စိရော အာရုံထဲတွင် စွဲနေအောင် ပြုလုပ်ခဲ့၏။

ဤနည်းများကို လေ့လာရန်မှာ အချိန်ကုန်သည်ကား မှန်ပါ၏။ အီမာဆန်ကလည်း ‘ယဉ်ကျေးသိမ်မွေ့ခြင်းသည် ကိုယ်ကျိုးကို အနည်းငယ် အပင်ပန်းခံ၍ စောင့်ထိန်းခြင်းပင်ဖြစ်သည်’ ဟု ဆိုထားလေသည်။

**ထို့ကြောင့် သင့်ကို လူကြိုက်များစေလိုလျှင် နည်းအမှတ် ၃ သည်**

**လောကတွင် သုတိ အသာယာဆုံးသော အသံသည် မိမိ၏နာမည်ကို လူတစ်ယောက်က ခေါ်လိုက်သောအခါ ကြားရသော အသံပင်ဖြစ်ကြောင်း သတိပြုပါ။**

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၄

## စကားပြောကောင်းဖြစ်ရန် နည်းတို

များမကြာမီက ဘရစ်[၁] ဖဲဝိုင်းသို့ လာရောက်ကစားရန် ကျွန်ုပ်ကို ဖိတ်ကြားလေသည်။ ကျွန်ုပ်သည် ဘရစ် မကစားတတ်ပါ။ ကျွန်ုပ်ကဲ့သို့ပင် ဘရစ်မကစားတတ်သော မိန်းမချောတစ်ဦးလည်း ကစားဝိုင်းသို့ ရောက်ရှိနေလေသည်။ လိုဝဲ သောမတ်သည် အသံလွှင့်သမားဘဝသို့ မကူးပြောင်းမီ ဥရောပတိုက်တစ်တိုက်လုံးသို့ အနှံ့အပြား လှည့်လည်ပြီးလျှင် ခရီးသွားလာရာ၌ စိတ်ဝင်စားဖွယ်ရာ အကြောင်းများကို ဟောပြောလျက်ရှိစဉ်က သူ၏ မန်နေဂျာအဖြစ်ဖြင့် သူနှင့်အတူ ကျွန်ုပ် လိုက်၍ သူ၏ ဟောပြောချက်များကို ကူညီစီစဉ်ပေးရကြောင်းကို ထိုမိန်းမချောသိ၍သွားလေရာ 'အို မစ္စတာ ကာနက်ဂျီ၊ ရှင်ရောက်ခဲ့ဖူးတဲ့ ထူးဆန်းတဲ့နေရာတွေရဲ့ အကြောင်းကို နည်းနည်းလောက် ပြောပြစမ်းပါ' ဟု ကျွန်ုပ်အား တောင်းပန်ရှာ၏။

ဖုံ[၂] ကုလားထိုင်ပေါ်သို့ ထိုင်မိကြသောအခါ သူ့ယောကျ်ားနှင့် သူသည် မကြာသေးမီကပင် ,အာဖရိကတိုက်မှ ပြန်လာခဲ့သည့်အကြောင်းကို သူ စကား စလိုက်၏။ 'အာဖရိကကို ရောက်ခဲ့တယ်'ဟု ကျွန်ုပ်သည် စိတ်ထက်သန်စွာနှင့် သူ့ကို ပြန်၍ မေးပြီးနောက် 'သိပ်ဟုတ်တာပဲဗျာ၊ အာဖရိကကို ကျွန်တော် သွားချင်နေတာ ကြာလှပြီ၊ သို့ပေမယ့် အယ်လဂျီးယား[၃] မှာ တစ်ရက်တည်းနေပြီး ပြန်ခဲ့ရတယ်၊ အာဖရိကဟာ အမဲပစ်ဖို့ သိပ်ကောင်းတဲ့နေရာပဲ၊ ခင်ဗျားသိပ်ကံကောင်းတယ်ဗျာ၊ အာဖရိကအကြောင်းကို နည်းနည်းပြောစမ်းပါ'ဟု တောင်းပန်လိုက်၏။

---

၁။ Bridge
၂။ Sofa
၃။ Algiers

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားရသည်မှစ၍ ကျွန်ုပ် ဘယ်နေရာတွေကို ရောက်ခဲ့သည် ဘာတွေကို မြင်ခဲ့ရသည်တို့ကို ကျွန်ုပ်အား ထပ်၍ မမေးတော့ဘဲ သူရောက်ခဲ့ဖူးသည့် နေရာများနှင့် မြင်ခဲ့ရသော အထူးအဆန်းများ၏ အကြောင်းကို ၄၅ မိနစ်တိုင်တိုင် လျှောက်၍ ပြော၏။ စင်စစ်မှာမူ ထိုမိန်းမချောသည် ကျွန်ုပ် ပြောသည့် စကားကို နားထောင်ချင်၍ မဟုတ်။ သူကိုယ်တိုင် ရောက်ခဲ့ဖူးသည့် နေရာများကို ဂုဏ်ယူကာ ပြောဆိုနေစဉ် ဂရုတစိုက် နားထောင်နေမည့်လူတစ်ဦးကို အလိုရှိခြင်းသာ ဖြစ်လေသည်။

ဤကဲ့သို့ ထိုမိန်းမချော အလိုရှိခြင်းသည် အထူးအဆန်း မဟုတ်ပါ။ များစွာသော လူတို့သည်လည်း ထိုကဲ့သို့ပင် အလိုရှိကြပေသည်။

သက်သေထုတ်၍ ပြပါအံ့။ နယူးယောက်မြို့ရှိ စာအုပ် ပုံနှိပ်ရောင်းချသူ တစ်ဦးဖြစ်သော ဂျေ ဒဗလျူ ဂရင်းဗတ်[၁] ၏ အိမ်၌ တည်ခင်းကျွေးမွေးသော ညစာစားပွဲတွင် နာမည်ကျော် ရုက္ခဗေဒပါရဂူကြီးတစ်ဦးနှင့် ကျွန်ုပ်သည် တွေ့ရ၏။ ရှေးအခါက ရုက္ခဗေဒ ပါရဂူများနှင့် စကားမပြောဖူးချေ။ ထိုညက တွေ့ရသော ပါရဂူကြီးသည် အလွန်စိတ်ဝင်စားဖွယ်ရာကောင်းလေသည်။ သစ်ပင်အကြောင်းဆိုင်ရာ ဗဟုသုတတို့ကို တစ်ခုပြီးတစ်ခု လျှောက်၍ ပြောပြသည်မှာ အလွန် အံ့သြဖွယ်ရာကောင်းသောကြောင့် ကျွန်ုပ်သည် ကုလားထိုင်အစွန်းကလေး၌သာ ထိုင်ပြီးလျှင် သူပြောသမျှ စကားများကို အာရုံပြုလျက်ရှိလေသည်။ ကျွန်ုပ်တွင် ပန်းခြံကလေးတစ်ခု ပျိုးထားရာ ထိုပန်းခြံနှင့် စပ်လျဉ်း၍ ကျွန်ုပ်အလိုရှိသော အချက်များကိုပင် ပြောကြားသွားသေး၏။

ထိုညစာစားပွဲသို့ အခြားဧည့်သည် ဆယ့်လေးငါးယောက်ခန့် ကြွရောက်ကြသော်လည်း သူတို့ကို ဂရုမစိုက်နိုင်ဘဲ ထိုပါရဂူကြီးနှင့်သာ အချိန်အတော်ကြာအောင် စကားပြောလျက်ရှိလေသည်။

သန်းခေါင်ယံအချိန်သို့ ရောက်သောအခါ ဧည့်သည်များကို နှုတ်ဆက်၍ အိမ်သို့ပြန်ရန်ပြင်၏။ ထိုအခါ ပါရဂူကြီးသည် အိမ်ရှင်ဘက်သို့လှည့်၍ သိပ်စကားပြောကောင်းတဲ့လူ။ သိပ်တော်တာပဲ၊ ဘာပဲ၊ ညာပဲ စသည်ဖြင့် ကျွန်ုပ်အား ချီးကျူးလျက် ရှိလေသည်။

စကားပြောအလွန်ကောင်းသောသူဟူ၍ ချီးမွမ်းခြင်းကိုသာ ခံရသည်။ စင်စစ်မှာ ထိုညက ကျွန်ုပ်သည် ပါရဂူကြီးနှင့် စကားပြောသည်ဆိုရုံလောက်

၁။ J.W. Greenberg

www.burmeseclassic.com

www.burmeseclassic.com



သာ ပြောခဲ့ရသည်။ ကျွန်ုပ်သည် ရက္ခဗေဒအကြောင်းကို နားမလည်သောကြောင့် စကားများများ ပြောချင်သော်လည်း ပြောနိုင်မည်မဟုတ်ချေ။ သို့ရာတွင် အရာတစ်ခုကိုတော့ ကျွန်ုပ် လုပ်ခဲ့၏။ ထိုအရာသည်ကား အခြားမဟုတ်။ ထိုပါရဂူကြီး ပြောသမျှစကားကို စိတ်ပါလက်ပါ နားထောင်ခြင်းပင် ဖြစ်လေသည်။ သူပြောသော စကားများသည် စိတ်ဝင်စားဖွယ်ရာကောင်းသောကြောင့် ကျွန်ုပ်သည် စိတ်ပါလက်ပါ နားထောင်နေသည်ကို သူသည် အလွန်နှစ်သက်၏။ လူတစ်ဦးပြောသော စကားများကို စိတ်ပါလက်ပါ နားထောင်ခြင်းသည် ထိုလူအား အကောင်းဆုံး ချီးကျူးခြင်းတစ်ရပ်ပင် ဖြစ်လေသည်။

'လူတစ်ယောက်ပြောနေသော စကားများကို စိုက်၍ နားထောင်ခြင်းဖြင့် သူ့ကို မြှောက်ပေးလျှင် ထိုအမြှောက်ကို ခံနိုင်သူ အလွန်ရှားလေသည်' ဟု ဂျက် ဝုဒ်ဖို့[၁] က 'ဋ္ဌေ့သည်အချစ်'[၂] စာအုပ်တွင် ရေးသားထားသည်။

ကျွန်ုပ်မှာမူကား စိုက်၍ နားထောင်ရုံမျှမက ထိုပါရဂူကြီး ပြောနေသော မှတ်ရာမှတ်စုများကို နှစ်နှစ်ကာကာ နှစ်သက်စွာဖြင့် စိတ်ပါလက်ပါ ချီးကျူးလိုက်သေး၏။

ကျွန်ုပ်သည် သူနှင့် တွေ့ရသည့်အတွက် အလွန်တရာ ဗဟုသုတ တိုးပါသည်ဟု ထိုပါရဂူကြီးကို ပြောလိုက်သည့်အတိုင်း အဟုတ်ပင် ဗဟုသုတ တိုးပါသည်။ သူ၏ ပညာရပ်များကို အလွန်ဆည်းပူးလိုပါသည်ဟု သူ့ကို ပြောလိုက်သည့်အတိုင်း အဟုတ်ပင် ဆည်းပူးလိုပါသည်။ သူနှင့် အတူတူ သစ်ပင်တို့နှင့်ဆိုင်သော ပညာရပ်များကို ဆည်းပူးရန် တောင်စဉ်အထပ်ထပ် မြိုင်အရပ်ရပ်ကို ကျော်ဖြတ်၍ လိုက်လိုပါသည်ဟု ပြောသည့်အတိုင်း အဟုတ်ပင် သွားလိုပါသည်။ သူ့ကို တစ်ဖန် ထပ်၍ တွေ့ချင်ပါသေးသည်ဟု ပြောလိုက်သည့်အတိုင်း အဟုတ်ပင် ထပ်၍ တွေ့ချင်နေပါသေးသည်။

ဤနည်းအားဖြင့် ကျွန်ုပ်ကို စကားပြော အလွန်ကောင်းသူတစ်ဦး ဖြစ်သည်ဟု အယူရှိအောင် လုပ်ထားသော်လည်း စင်စစ်မှာမူကား ကျွန်ုပ်သည် သူပြောသမျှကိုသာ နားထောင်နေသောသူဖြစ်၍ စကားဆက်၍ပြောအောင် သူ့ကိုသာ အားပေးလျက် ရှိလေသည်။

---

၁။ Jack Woodford

၂။ Strangers In Love

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိစ္စနှင့် စပ်လျဉ်း၍ တစ်စုံတစ်ယောက်သောသူနှင့် သွားရောက်တွေ့ဆုံရသောအခါ မိမိအကြံအစည် အောင်မြင်ရန်အတွက် ကောင်းသောနည်းလမ်းသည် အဘယ်အရာပါနည်း။

ချားဒဗလျူ အဲလီယော့ဆိုသူ ပညာရှိ ပုဂ္ဂိုလ်တစ်ဦးကမူကား 'ဤနည်းသည် ခက်ခက်ခဲခဲ ရှာရသောနည်း မဟုတ်ပါ၊ သင် သွားရောက်တွေ့ဆုံသောသူ၏ စကားများကို နားစိုက်၍ ထောင်ခြင်းသည် အလွန် အရေးကြီးလေသည်။ ထို့ထက် ထိခိုက်သော မြှောက်လုံးသည် မရှိတော့ချေ' ဟု ဆို၏။

ဤစကားသည် အလွန် မှန်လှပေ၏။ ထိုစကားမှန်ကြောင်းကို သိရန်အတွက် ဟားဗတ် တက္ကသိုလ်တွင် လေးနှစ်တိုင်တိုင် သွားရောက်သင်ကြားနေရန် မလိုချေ။ သို့ရာတွင် အဖိုးတန် တိုက်ခန်းကြီးများကို ငှား၊ ရောင်းရန်ကုန်များကို ဂရုတစိုက် ရွေးချယ်၍ ဝယ်၊ အထားအသိုကို ကြည့်ကောင်းအောင်ပြင်ဆင်၊ ကြော်ငြာထည့်သည့် နေရာတွင်လည်း ငွေအမြောက်အမြား အကုန်ခံပြီးသည့်နောက် ဝယ်သူ ပြောသမျှ စကားကို စိတ်ရှည်လက်ရှည် နားထောင်နိုင်လောက်အောင် ဉာဏ်မရှိသော ဈေးရောင်းသမားကို ငှားထားသည့်ကုန်သည်များကို သင်နှင့် ကျွန်ုပ်တို့ အသိအမြင် ဖြစ်ပေသည်။ အားလုံး ကုန်နေရာတကျ စီမံနိုင်ပြီးမှ ဈေးဝယ်သူများ ပြောနေသည့်စကားကို အတင်းဝင်ပြော၊ အငြင်းအခုံလုပ်၊ ဒေါသဖြစ်အောင် စိတ်ဆွပေးပြီးလျှင် ဝယ်သူကိုဆိုင်ထဲမှ ထွက်သွားအောင် လုပ်တတ်သည့် ဈေးရောင်းသမားများကို ငှားထားခြင်းအားဖြင့် အမြီးကျမှ တစ်နေသော ဆင်ပြောင်ကြီးနှင့် သူတို့လုပ်ပုံသည် တူလေတော့သည်။

သက်သေပြပါအံ့။ ဂျေ စီ ဝုတန်[၁] သည် သူ၏အဖြစ်အပျက်ကလေးတစ်ခုကို ကျွန်ုပ်၏ အတန်းထဲတွင် အောက်ပါအတိုင်း ပြန်ပြောဖူးလေသည်။ ပင်လယ်ကမ်းခြေအနီးရှိ နယူးဂျာစီပြည်နယ် နယူးဝပ်ခေါ် အလွန်စည်ကားသော မြို့၏ ကုန်စုံတိုက်ဆိုင်ကြီး တစ်တိုက်မှ မစ္စတာဝုတန်သည် အဝတ်စုံတစ်စုံကို ဝယ်လေသည်။ အပေါ်ဝတ်အင်္ကျီသည် ဆေးမခိုင်သောကြောင့် အတွင်းခံ ရှပ်အင်္ကျီကော်လံများကို ဆေးစွန်းကုန်သဖြင့် မစ္စတာဝုတန်သည် အလွန် စိတ်ပျက်လျက်ရှိ၏။

ထို့ကြောင့် ထိုအဝတ်များကို ဆိုင်သို့ ပြန်ယူသွားပြီးလျှင် ရောင်းလိုက်သော သူအား အကျိုးအကြောင်း ပြောပြ၏။ သို့ရာတွင် ဈေးရောင်းသူသည်

၁။ J.C. Wootton

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဂုတန်ပြော၍ ဆုံးသည့်တိုင်အောင် သည်းခံ၍ နားမထောင်နိုင်ဘဲ မကြာခဏ ကြားဖြတ်၍ ပြောလေသည်။

'ဒီလို ဝတ်စုံမျိုးကို ကျွန်တော်တို့ ရောင်းနေတာ လေး ငါး ထောင် ကျော်နေပြီ၊ မကြိုက်လို့ ပြန်လာတာ ဒီတစ်ခါပဲ တွေ့ဖူးတယ်'ဟု ဈေးရောင်းသူက မစ္စတာ ဂုတန်ကို ပြောလေသည်။

ထိုစကားများသည် ဈေးရောင်းသူ၏ စကားလုံးများဖြစ်၍ ထိုစကားလုံးများကို ပြောသော လေသံသည် ထို့ထက်ပင် ပို၍မာသေး၏။ 'ခင်ဗျား ဘာဖြစ်လို့လာပြီး ဖြောင်လိမ်နေသလဲ၊ ခင်ဗျားဟာ ခင်ဗျား အထားမတတ်လို့ စွန်းတဲ့ဟာကို ကျွန်တော်တို့အပေါ်မှာ အပြစ်လာချမလို့၊ ခင်ဗျားက ဒီလို လုပ်မှဖြင့် ကျုပ်တို့ကလဲ အကြောင်းပြလိုက်ရဦးမှာပေါ့' ဟူ၍ ဈေးရောင်းသူက မစ္စတာဂုတန်ကို မပြောသော်လည်း သူ့လေသံက အထက်ပါစကားကို ပြောသလို ဖြစ်၍နေလေသည်။

မစ္စတာဂုတန်နှင့် ဈေးရောင်းသမားတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်လိုက်မာန်ပါ ပြောဆိုနေစဉ် ဒုတိယဈေးရောင်းသမားတစ်ဦး ထပ်၍ရောက်လာပြီးလျှင် 'အညိုရောင်အဝတ်တွေဟာ လက်ဦးတော့ ဒီလိုပဲ နည်းနည်းစွန်းတာပဲ၊ ဒါတော့ မတတ်နိုင်ဘူးပေါ့၊ ဒီလို ဈေးပေါတဲ့ အစားမျိုးဝယ်ရင် ဒီလိုပဲ ဖြစ်မှာပဲ၊ ဆေးတော့ သိပ်မခိုင်ပေဘူး'ဟု ဝင်၍ ပြော၏။

ထိုအချိန်တွင် ကျွန်တော်လည်း အလွန် ဒေါသထွက်လျက်ရှိလေပြီ။ ပထမ ဈေးရောင်းသမားသည် ကျွန်တော်၏ သမာဓိကို စော်ကား၍ ဒုတိယ ဈေးရောင်းသမားမှာမူကား ကျွန်တော်သည် အပေါစားကိုသာ ဝယ်နိုင်သော လူတစ်ယောက်ဖြစ်သည်ဟု ပြောခြင်းဖြင့် ကျွန်တော်၏ ဂုဏ်ကို စော်ကားပြန်၏။ ထိုအခါ ကျွန်တော်၏ အသားများ ဆတ်ဆတ်တုန်လျက်ရှိ၏။ 'ကဲ မင်းတို့အဝတ်ကို မင်းတို့ ပြန်ယူပြီး လုပ်ချင်တာလုပ်တော့၊ ငါ မယူဘူး'ဟု ပြောတော့မည်အလုပ်တွင် ထိုဆိုင်၏ မန်နေဂျာသည် သူ့အလုပ်ကို နားလည်သူဖြစ်သောကြောင့် ကျွန်တော်၏ စိတ်ကို တစ်ခါတည်း ပြောင်းပစ်လိုက်လေသည်။ ဒေါသထွက်နေသူတစ်ဦးအား ကျေနပ်သော ဝယ်သူတစ်ဦးအဖြစ်သို့ ရောက်အောင် ဖျောင်းဖျ ပြောဆိုရန် သူသည် စွမ်းလေသည်။ နည်း သုံးနည်းနှင့် သူသည် ကျွန်တော့်အား ဖျောင်းဖျပါသည်။

ရှေးဦးစွာ သူသည် ကျွန်တော် ပြောသမျှ စကားထဲတွင် တစ်လုံးတစ်ပါဒမျှ ကြားဖြတ်၍ မပြောဘဲ အစအဆုံး နားထောင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ပြော၍ ပြီးသောအခါ ဈေးရောင်းသမားများက ဝင်ရောက်ပြောဆိုရာတွင် မန်နေဂျာသည် **ကျွန်တော်၏ဘက်မှနေ၍** ဈေးရောင်းသမားတို့ကို ခုခံ ပြောဆိုပါသည်။ ဤနည်းသည် ကျွန်တော့်အား ဖျော်ဖြေရန် မန်နေဂျာသုံးသော ဒုတိယနည်းပင် ဖြစ်ပါသည်။ ကျွန်တော်၏ ရုပ်ကော်လံများကို စွန်းထင်းနေသည်မှာ မှန်ကန်ကြောင်း သူ ထောက်ခံသည့်အပြင် ဝယ်သူများ ကျေနပ်အောင် လုပ်မပေးနိုင်သော ပစ္စည်းများကိုလည်း ထိုဆိုင်တွင် မရောင်းသင့်ကြောင်းကိုလည်း ပြောပြပါသေး၏။

'တတိယနည်းမှာကား အဘယ့်ကြောင့် ဒီလိုဖြစ်ရသည်ကို မသိရပါ' ဟု သူသည် ကျွန်တော့်အား ဝန်ခံပြီးလျှင် 'ဒီအဝတ်များကို ဘယ်လိုလုပ်ရမယ် ဆိုတာကိုသာ အမိန့်ရှိပါ၊ ကျွန်တော်တို့ နာခံရန်အသင့်ပါပဲ'ဟူ၍ ခပ်ရိုးရိုးပင် ကျွန်တော့်ကို ပြောပါသည်။'

မကြာမီကလေးကပင် သူတို့၏ အဝတ်စုတ်ကို ပြန်ယူတော့ဟူ၍ ပြောတော့မည် ကြံခဲ့သော်လည်း 'ဘယ်လိုလုပ်ရမယ်ဆိုတာကိုသာ မန်နေဂျာက အကြံပေးပါတော့၊ ဒီလို ဆေးစွန်းတာဟာ ခဏဖြစ်တာလား၊ အစဉ်ပဲ ဒီလို ဖြစ်မှာလား၊ ဒီလိုမဖြစ်အောင် ဘယ်လို လုပ်ရမလဲဆိုတာကိုသာ သိပါရစေ'ဟု ကျွန်တော် ပြန်၍ ဖြေပါသည်။

'ထိုအခါ အဝတ်များကို တနင်္ဂနွေတစ်ပတ်လောက် ထပ်၍ အစမ်းဝတ်ကြည့်ရန် မန်နေဂျာသည် အကြံပေးလေသည်။ ဒီလို စမ်းကြည့်လို့မှ မကျေနပ်သေးလျှင် ပြန်ယူခဲ့ပါ၊ မိတ်ဆွေ ကျေနပ်တဲ့ အဝတ်များနှင့် လဲပေးပါ့မယ်၊ မိတ်ဆွေကို ခုလို ဒုက္ခပေးလိုက်ရတဲ့အတွက် ဝမ်းနည်းပါတယ်'ဟု ထပ်၍ပင် တောင်းပန်လိုက်ပါသေးသည်။

ကျွန်တော်လည်း ကျေနပ်စွာနှင့် ဆိုင်ထဲမှထွက်လာပါသည်။ တနင်္ဂနွေတစ်ပတ်မျှကြာသောအခါ ထို အဝတ်များသည် ဆေးမစွန်းတော့ချေ။ ထိုအခါမှစ၍ ထိုတိုက်ဆိုင်ပေါ်တွင် ယုံကြည်စိတ်ချရသော စိတ်ဓာတ်များ ပြန်လည်ပေါ်ပေါက်လာပါသည်။

မန်နေဂျာလုပ်သူသည် ထိုတိုက်ဆိုင်တွင် အကြီးအကဲဖြစ်သည်မှာ အံ့သြစရာမရှိပါ။ ဈေးရောင်းသမားနှစ်ဦးမှာမူကား ထိုအချိုးအတိုင်းသာ သွားကြပါလျှင် တစ်သက်လုံး ဈေးရောင်းသမားဘဝမှ တက်နိုင်တော့မည် မဟုတ်ပေ။ ထိုဘဝနှင့်ပင် မရပ်သေးဘဲ ဈေးဝယ်သူများနှင့် ဘယ်အခါမျှ မတွေ့နိုင်သော ကုန်ထုပ်သည့်ဌာနသို့ အပို့ခံရကောင်း ခံရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါသကြီး၍ အလွန်ဆူပူတတ်သည့် အပြစ်ရှာသမားများပင်လျှင် သည်းခံ၍ ထောက်ထား ညှာတာစွာ နားထောင်သူ၏ ရှေ့တွင် စိတ်ပျော့ပျောင်း သွားတတ်ကြလေသည်။ အပြစ်ရှာသမားသည် ပါးပျဉ်းထနေသော မြွေဟောက် ကဲ့သို့ ဒေါသကြီးစွာ ဆူပူနေစဉ် ထိုသူကို ဘာမျှပြန်မပြောဘဲ ဆိတ်ဆိတ် နားထောင်နေရပေလိမ့်မည်။

သာဓကပြပါအံ့။ နှစ်ပေါင်းအနည်းငယ်ခန့်က နယူးယောက် တယ်လီဖုန်း ကုမ္ပဏီသည် အဆိုးဆုံးသော ဖောက်သည်တစ်ဦးနှင့် တွေ့ခဲ့ရဖူး၏။ ထိုသူ သည် အလွန် ဒေါသကြီး၍ တယ်လီဖုန်း ပြောနေစဉ်ပင် တယ်လီဖုန်းကို ရိုက်ခွဲပစ်လိုက်မည်ဟု ကြိမ်းမောင်းဖူးလေသည်။ တယ်လီဖုန်းကုမ္ပဏီမှ တင်ပြ သော စာရင်းသည် မှားသည်ဟု ဆိုပြီးလျှင် တယ်လီဖုန်းခများကိုလည်း မပေးဘဲ နေလေသည်။ သတင်းစာများထဲတွင် ဆောင်းပါး အမျိုးမျိုး ရေးသား၍ တယ်လီဖုန်းကုမ္ပဏီကို 'ထု'ရုံနှင့် မကျေနပ်သေးဘဲ 'ပြည်သူ့ အကျိုးကို စောင့်ရှောက်သော ကော်မရှင်'[၁] ထံသို့ တိုင်တန်းစာများကို ရေးသားပြီးလျှင် တယ်လီဖုန်းကုမ္ပဏီကို တရားရုံး၌လည်း အကြိမ်ကြိမ် တရားစွဲသေး၏။

နောက်ဆုံးတွင် ကုမ္ပဏီမှ အထူးပါးနပ်သူ ကိုယ်စားလှယ်တစ်ဦးကို ထို 'လူဆူ' နှင့် သွားရောက်တွေ့ဆုံရန် စေလွှတ်လိုက်၏။ ထိုလူဆူ၏ ဒေါသနှင့် ရန်တွေ့သမျှစကားကို ကုမ္ပဏီ၏ ကိုယ်စားလှယ်သည် 'ဟုတ်ပါ တယ်' ဟူ၍သာ ပြောပြီးလျှင် ဖွဲကောင်းကောင်းနှင့် သည်းခံ၍ နားထောင် နေ၏။

'သူက ဒေါနှင့် မောနှင့် သုံးနာရီလောက် ဆူနေသည်ကို ကျွန်တော် လည်း ငြိမ်သက်စွာ နားထောင်နေပါသည်။ ဒုတိယတစ်ကြိမ် ထပ်မံတွေ့ဆုံပြီး ရေးအခါက ကဲ့သို့ပင် နားထောင်၍ နေပြန်ပါသည်။ ကျွန်တော်သည် ထိုလူ ထံသို့ လေးကြိမ်တိုင်တိုင် သွားရောက်ခဲ့ရာ စတုတ္ထအကြိမ်တွင် သူတည်ထောင် ထားသော 'တယ်လီဖုန်း အသုံးပြုသမားများ ကာကွယ်ရေးအသင်း' တွင် ကျွန်တော့်ကိုလည်း အသင်းသားတစ်ဦးအဖြစ်နှင့် စာရင်းသွင်းထားပြီးဖြစ်သည် ကို ကျွန်တော် သိပါသည်။ ယခုထက်တိုင် ထိုအသင်းတွင် ကျွန်တော်သည် အသင်းသားတစ်ဦး ဖြစ်လျက်ရှိသေး၍ စတင် တည်ထောင်သော ထိုလူမှ

---
၁။ Public Service Commission

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါး ကမ္ဘာပေါ်တွင် ဤအသင်း၏ တစ်ဦးတည်းသော အသင်းသားမှာ ကျွန်တော်ပင် ဖြစ်သည်ဟု သိရှိရပါသည်။

'ထိုသူနှင့် တွေ့ရှိရသော အခါတိုင်း သုပြောသမျှစကားများကို ကောင်းစွာ နားထောင်ပြီးလျှင် သုပြောသမျှ အချက်များကို ထောက်ခံလျက် ရှိသောကြောင့် သူနှင့် ကျွန်တော်တို့မှာ အကျွမ်းတဝင်ဖြစ်လာကြပါသည်။ သူ့ထံသို့ တယ်လီဖုန်းကုမ္ပဏီမှ စေလွှတ်လိုက်သောသူများသည် ကျွန်တော့်ကဲ့သို့ တစ်ယောက်မျှ မလုပ်ကြပါ။ ပထမ ဒုတိယနှင့် တတိယ အခေါက်များတွင် ကျွန်တော် လာရသည့်အကြောင်းကို အနည်းငယ်မျှ ဖွင့်ဟ၍ မပြောပါ။ စတုတ္ထအကြိမ်၌သာ အဖြစ်အပျက် အလုံးစုံကို ရှင်းပြရာ ထိုသူလည်း ကုမ္ပဏီသို့ ပေးရန်ရှိသော ငွေများကို ပေးရုံသာမက ပြည်သူ့အကျိုးကို စောင့်ရှောက်သော ကော်မရှင်သို့ တယ်လီဖုန်းကုမ္ပဏီနှင့် စပ်လျဉ်း၍ တိုင်တန်းထားချက်များကို ပြန်လည် ရုပ်သိမ်းလိုက်ပါသေးသည်။'

ကုမ္ပဏီ၏ မတရားပြုကျင့်သောဘေးမှ တယ်လီဖုန်း အသုံးပြုသော သူများကို ကာကွယ်ပေးသူဟူ၍ ထိုလူသည် သူ့ကိုယ်ကို အထင်ကြီးနေသည်မှာ ယုံမှားဖွယ်ရာ မရှိပေ။ ကုမ္ပဏီကို ဆူပူကြိမ်းမောင်းနေခြင်းအားဖြင့် အထင်ကြီးလိုသောသူ၏ ဆန္ဒကို ပြေစေလေသည်။ သို့ရာတွင် ကုမ္ပဏီ၏ ကိုယ်စားလှယ် တစ်ဦးက သူ့ထံသို့ ခယဝပ်တွားလျက် သူ၏ အလိုသို့ လိုက်လျောပြောဆိုသောအခါ များစွာ ကျေနပ်ပြီးလျှင် ရှေးအခါက ကုမ္ပဏီပေါ်တွင် မကျေနပ်ဟု သူကိုယ်တိုင် ယူဆချက်တို့သည် လေပြေလေညင်းတွင် လွင့်စင် ကွယ်ပျောက်လေသည်။

သိုးမွေးထည်များကို ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံး ဖြန့်ဖြူးရောင်းချလျက်ရှိသော ဒက်တမာ သိုးမွေးထည်ကုမ္ပဏီကြီး[၁] ကို စတင် တည်ထောင်ခဲ့သူ ဂျူလီယန် အက်ဖ် ဒက်တမာ[၂] ဆိုသူ၏ အလုပ်ခန်းထဲသို့ တစ်မနက်တွင် အလွန် ဒေါသထွက်လျက်ရှိသော ဖောက်သည်တစ်ဦးသည် ဆူပူလျက် ဝင်လာလေသည်။

'ထိုလူသည် ကျွန်တော်တို့ ကုမ္ပဏီသို့ ဒေါ်လာငွေ ၁၅ ပြားပေးရန် ရှိသေးသော်လည်း မရှိဟူ၍ ငြင်းလျက်ရှိပါသည်၊ သို့ရာတွင် ထိုသူမှားနေကြောင်းကိုမူကား ကျွန်တော်တို့ ကောင်းစွာ သိကြသောကြောင့် ကြွေးတောင်း

၁။ The Detmer Woollen Company

၂။ Julian F. Detmer

www.burmeseclassic.com

www.burmeseclassic.com



သည့် ဌာနမှ ထိုငွေများကို ကျေလည်အောင်ပေးရန် စာများကို ပို့ကြပါသည်၊ ကြွေးတောင်းစာများ တစ်စောင်ပြီးတစ်စောင် ထပ်၍ရသောအခါ ထိုလူသည် ရှိကာဂိုမြို့သို့ လိုက်လာပြီးလျှင် ကျွန်တော်တို့ တောင်းနေသော ကြွေးကို မပေးတော့ဘူးဟု ပြောရုံသာမဟုတ်ဘဲ၊ ကျွန်တော်တို့ ကုမ္ပဏီမှ နောက်ထပ်၍ ပိုက်ဆံတစ်ပြားဖိုးမျှ မဝယ်တော့ဘူးဟူ၍လည်း ပြောရန် ကျွန်တော်၏ အလုပ်ခန်းတွင်းသို့ ဝင်ရောက်လာခြင်း ဖြစ်ပါသည်။

'သူပြောနေစဉ် ကြားဖြတ်၍ ပြောချင်အားကြီးသော်လည်း မကောင်းမှန်း သိသောကြောင့် ဆိတ်ဆိတ်နားထောင်နေပြီးလျှင် သူပြောသလိုသမျှ ပြော၍ ပြီးအောင် စောင့်ဆိုင်းလျက်ရှိပါသည်၊ သူပြော၍ ဝသောအခါ ရှိကာဂိုမြို့ကို လာပြီး ယခုလို ဂရုတစိုက် ပြောပြသည့်အတွက် ကျေးဇူးအထူးတင်ပါတယ်၊ ကျွန်တော်တို့ရဲ့ ကြွေးတောင်းဌာနက ခင်ဗျားကိုတောင် စိတ်ဆိုးအောင် လုပ်တယ်ဆိုရင် တခြားဖောက်သည်တွေကိုလဲ ဒီလိုပဲ စိတ်ဆိုးအောင် လုပ်မှာပဲ၊ ဒီတော့ ခင်ဗျားသာ လာမပြောရင် ဒီအကြောင်းတွေကို ဒီလို စုံစုံလင်လင် သိရမှာ မဟုတ်ပါဘူး၊ ခင်ဗျား ပြောချင်တာထက် ကျွန်တော်က ပိုပြီး နားထောင်ချင်တယ်ဆိုတာကို ယုံပါတော့ဟု ကျွန်တော်က ထိုလူအား ပြောပြ ပါသည်။

'ကျွန်တော်သည် ထိုကဲ့သို့ ပြောလိမ့်မည်ဟု ထိုသူသည် မမျှော်လင့်ခဲ့ ချေ၊ ရှိကာဂိုမြို့သို့ ကျွန်တော်နှင့် ရန်ဖြစ်ရအောင် လာခဲ့ရာ ကျွန်တော်နှင့် တွေ့သောအခါ သူနှင့်ဖက်၍ ရန်မဖြစ်ဘဲ ကျေးဇူးတင်စကားများကိုသာ ပြောလျက် ရှိသောကြောင့် ထိုသူသည် အနည်းငယ် စိတ်ပျက်သွားလေသည်၊ ကျွန်တော် တို့မှာ စာရင်းအများကြီး ကြည့်ရ၍ ထိုလူမှာကား စာရင်းတစ်ခုတည်းကိုသာ ကြည့်ရသည် ဖြစ်သောကြောင့် စာရင်းမှားခြင်းမှားလျှင် ကျွန်တော်တို့သာ မှားယွင်းမည်ဖြစ်သဖြင့် သူ့ထံမှရရန်ရှိသော ဒေါ်လာ ၁၅ ပြားကို အကြွေး စာရင်းမှ ပယ်ထုတ်ပစ်ပါမည် ဟူ၍လည်း ထိုသူကို ကျွန်တော်က ဝန်ခံ ပါသည်။

'သူ့စိတ်ထဲတွင် ဘယ်လိုဖြစ်နေသည်ကို ကျွန်တော် ကောင်းစွာ သိရ သောကြောင့် ကျွန်တော်သာ အကယ်၍ သူ့နေရာတွင် နေရလျှင် ဒီလိုပဲ ဆူမှာပဲဟူ၍လည်း ကျွန်တော် ပြောလိုက်ပါသေးသည်။ ထို့နောက် ကျွန်တော်တို့ ထံမှ နောက်နောင် ကုန်များဝယ်ယူတော့မည်မဟုတ်ရာ ကျွန်တော်ကဲ့သို့ ကုန် ကောင်းများရောင်းသော ဆိုင်များ၏ အမည်များကိုပင် ပြောလိုက်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှေးအခါက ရိုကာဂိုမြို့သို့လာတိုင်း သူနှင့် ကျွန်တော်သည် နေ့လယ်စာ အတူတူ စားကြသည်ဖြစ်ရာ ထိုနေ့တွင် နေ့လယ်စာ ကျွန်တော်နှင့် အတူတူ စားရန် သူ့ကို ဖိတ်လိုက်ပါသည်၊ ကျွန်တော်၏ ဖိတ်ကြားခြင်းကို သူသည် စိတ်မပါတပါနှင့် လက်ခံလိုက်ပါသည်၊ နေ့လယ်စာစားပြီး ကျွန်တော်၏ အလုပ်ခန်းသို့ ပြန်ရောက်ကြသောအခါ ရှေးက မှာဖူးသည်ထက် ပို၍များပြားသော ကုန်ပစ္စည်းများကို ပို့လိုက်ရန် မှာကြားပါသည်၊ အတော် စိတ်ကျေနပ်၍ အိမ်သို့ ပြန်သွားပြီးလျှင် အိမ်သို့ ရောက်သောအခါ ကျွန်တော်တို့က သူနှင့် တရားသဖြင့် ဆက်ဆံလိုက်သကဲ့သို့ သူကလည်း ကျွန်တော်တို့နှင့် တရားသဖြင့် ဆက်ဆံလိုသော သဘောဖြင့် စာရင်းများကို ပြန်လှန်စစ်ဆေး ကြည့်ရှုရာ သူ၏ အမှားကို တွေ့ရသောကြောင့် ဒေါ်လာပြား ၁၅ ပြားတန်ချက်လက်မှတ်[၁] တစ်ခုနှင့် တောင်းပန်စာ တစ်စောင်ကို သူသည် ကျွန်တော်တို့ထံသို့ ပို့လိုက်ပါသည်။

'နောက် များမကြာမီ သူ၏ မိန်းမသည် သားယောကျ်ားကလေးတစ်ဦးကို မျက်နှာမြင်သောအခါ ကလေး၏ အလယ်နာမည်အတွက် ဒက်တမာကို ယူ၍ မှည့်ပါသည်။ ထိုသူသည် နောက်နှစ်ပေါင်း ၂၂ နှစ်ကြာ၍ အနိစ္စရောက်သည်တိုင်အောင် ကျွန်တော်တို့ တိုက်ဆိုင်၏ ဖောက်သည်ကြီးတစ်ဦးအဖြစ်ဖြင့် စွဲမြဲဆက်ဆံလျက်ရှိပါသည်။'

နှစ်ပေါင်း အတော်ကြာလောက်က အမေရိကန်တွင် လာရောက်နေထိုင်သော ဒတ်ချ်လူမျိုး သူငယ်ကလေးတစ်ဦးသည် ကျောင်းမှ စာအံဖြုတ်လိုက်သည်နှင့် ပေါင်မုန့်ဆိုင်တစ်ဆိုင်၏ ပြတင်းပေါက်များမှ ဖုန်များကို အငှားသုတ်လျက် ရှိလေသည်။ သူ၏ မိဘများသည် အလွန်အမင်း ဆင်းရဲသောကြောင့် ကျောက်မီးသွေးလှည်းများမှ ကျကျန်ရစ်သော ကျောက်မီးသွေးခဲများကို လမ်းကြိုလမ်းကြားတွင် ထိုသူငယ်ကလေးသည် တောင်းတစ်လုံးနှင့် နေ့စဉ်လိုက်၍ ကောက်ရ၏။ ထိုသူငယ်၏ နာမည်မှာ အက်ဒွပ်ဘော့[၂] ဖြစ်လေသည်။ သူသည် ကျောင်းတွင် ခြောက်နှစ်မျှသာ စာသင်ဖူးသော်လည်း အမေရိကန်ပြည်၏ သတင်းစာ မဂ္ဂဇင်းသမိုင်းတွင် အလွန်ထင်ရှားကျော်ကြားသော မဂ္ဂဇင်းအယ်ဒီတာကြီးဘဝသို့ပင် ရောက်ခဲ့ဖူးလေသည်။ ထိုဘဝသို့ရောက်အောင် ဘယ်လိုလုပ်ခဲ့ရသည်ကို ပြန်ပြောရလျှင် ရှည်၍ နေတော့မည်။ သို့ရာတွင်

---

၁။ Check, Cheque

၂။ Edward Bok

www.burmeseclassic.com

www.burmeseclassic.com



ထိုဘဝသို့ရောက်အောင် ဘယ်လိုစရသည်ကိုကား ခပ်တိုတိုနှင့် ပြောနိုင်မည် ဖြစ်၏။ သူ၏ နည်းများသည် ဤအခန်းတွင် ဖော်ပြလျက်ရှိသော နည်းများပင် ဖြစ်လေသည်။

အသက် ၁၃ နှစ်တွင် ကျောင်းမှထွက်ပြီးနောက် ဝက်စတင် ယူနီယံ ကြေးနန်းကုမ္ပဏီ[၁] တွင် တနင်္ဂနွေတစ်ပတ်လျှင် ခြောက်ဒေါ်လာခွဲခန့်နှင့် အလုပ်လုပ်လေသည်။ ထိုကဲ့သို့ အလုပ်လုပ်နေရသော်လည်း ပညာသင်ရန် ကိုကား လက်မလျှော့ဘဲ ကိုယ့်ဒူးကိုယ်ချွန်၍ ပညာဆည်းပူးလျက်ရှိ၏။ အလုပ်တိုက်သို့ ခြေကျင်လာ၍ ရထားခအတွက် ကုန်မည့် ပိုက်ဆံကို စုပြီးလျှင် အမေရိကန်ပြည်သား ပုဂ္ဂိုလ်ထူးများ၏ အတ္ထုပ္ပတ္တိ စွယ်စုံကျမ်း စာအုပ်ကြီးကို ဝယ်ယူနိုင်သည့်တိုင်အောင် နေ့လယ်စာမစားဘဲနှင့် နေလေ သည်။ ထိုစွယ်စုံစာအုပ်ကြီးထဲမှ ပုဂ္ဂိုလ်ထူးများ၏ အတ္ထုပ္ပတ္တိကို ဖတ်ပြီးလျှင် ထိုလူကြီးများထံသို့ ငယ်စဉ်တောင်ကျေး အကလေးဘဝက သူတို့ မည်သို့ မည်ပုံ နေထိုင်ရသည့်အကြောင်းများကို စာအားဖြင့် ထပ်မံရေးသား၍ မေးမြန်း စုံစမ်း၏။ သူသည် ပြောသမျှစကားကို ကောင်းစွာ နားထောင်နိုင်သူတစ်ဦး ဖြစ်၍ ထိုနည်းဖြင့် ပုဂ္ဂိုလ်ထူးများအား သူတို့၏အကြောင်းကို စိတ်အားထက် သန်စွာ ပြောအောင် တိုက်တွန်းခဲ့ဖူး၏။ ထိုအခါက အမေရိကန် သမ္မတ ရာထူးအတွက် ဝင်ရောက် အရွေးခံလျက်ရှိသော ဂျင်နရယ် ဂျိမ်း အေ ဂါဖီး[၂] ထံသို့ ငယ်စဉ်က သူသည် တူးမြောင်းတစ်ခုတွင် လှေထိုးသားကလေးဖြစ်ခဲ့ဖူး သည်ဆိုသော စကားသည် မှန် မမှန်ကို စာရေး၍ စုံစမ်းရာ ဂါဖီးသည် စာ ပြန်၏။ ဂျင်နရယ်ဂရန့်[၃] ထံသို့ စစ်ပွဲတစ်ခုအကြောင်းနှင့် စပ်လျဉ်း၍ စာရေး စုံစမ်းရာ ဂရန့်သည် ၁၄ နှစ်မျှရှိသော ထိုသူငယ်ကလေးအား မိမိအိမ်သို့ ညစာစားရန် ဖိတ်ကြားပြီးလျှင် မြေပုံကြီး တစ်ခုဆွဲ၍ အချိန်အတော်ကြာစွာ ရှင်းပြ၏။ များမကြာမီ ဤရုံးပြာတာကလေးသည် တိုင်းပြည်တွင် အထင်ရှား အကျော်စောဆုံးဖြစ်သည့် အီမာဆန်း ဖိလစ်ဗရု[၄]၊ အော်လီဗာ ဝင်ဒယ် ဟုမ်း[၅]၊ လောင်းဖဲလိုး[၆]၊ မစ္စက် အဗာရာဟမ် လင်ကွန်း၊ လူဝီဇာ မေ အော်လကော့[၇]၊ ဂျင်နရယ် ရှားမန်း[၈] နှင့် ဂျက်ဖာဆန် ဒေးဗီ[၉] စသော ပုဂ္ဂိုလ်ကြီးများနှင့် စာပေးစာယူ ပြုလုပ်လျက်ရှိလေသည်။

---

၁။ The Western Union
၂။ General James A. Garfield
၃။ General Grant
၄။ Philips Brooks
၅။ Oliver Wendell Holmes
၆။ Longfellow
၇။ Louisa May Alcott
၈။ General Sherman
၉။ Jefferson Davis

www.burmeseclassic.com

www.burmeseclassic.com



စာရေးရုံသာမက အားလပ်ခွင့်ရတိုင်း ထိုလူကြီးများ၏ ဖိတ်ကြားချက်အရ ထိုသူတို့၏ နေအိမ်သို့ သွားရောက်လည်ပတ်လေ့ရှိ၏။ ဤအဖြစ်အပျက်သည် သူ၏ ရင်တွင်း၌ မိမိကိုယ်ကို မိမိအားကိုးသော စိတ်ဓာတ်များ မွေးမြူစေလေသည်။ သူနှင့် တွေ့ရသော ပုဂ္ဂိုလ်ကြီးများသည် သူ၏ နောင်ရေးကို တစ်ခါတည်း ဖန်တီးပေးလိုက်လေသည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ အခြားကြောင့်မဟုတ်။ ဤအခန်းတွင် ဖော်ပြပါရှိသော နည်းများကို အသုံးပြုသောကြောင့်သာဖြစ်ရကြောင်းကို ကျွန်ုပ်သည် တစ်ကြိမ် ထပ်၍ ပြောပါရစေ။

ထင်ပေါ် ကျော်ကြားသော ပုဂ္ဂိုလ်ထူးများနှင့် တွေ့ဆုံ၍ သူတို့ထံမှ သတင်းယူသည့်နေရာတွင် ကမ္ဘာပေါ်၌ ပြိုင်ဖက်မရှိအောင် စွမ်းသော အိုင်ဇက်အက်ဖ် မာကော့ဆန်[၁] ဆိုသူက များစွာသော သူတို့သည် တစ်ဖက်သား၏ အထင်ကြီးခြင်းကို မခံရခြင်းသည် အခြားကြောင့်မဟုတ်။ တစ်ဖက်သားစကားပြောနေစဉ် အာရုံစိုက်၍နားမထောင်ခြင်းကြောင့်ပင် ဖြစ်လေသည်ဟု ဆိုထား၏။ ပုဂ္ဂိုလ်များနှင့် သွားရောက် တွေ့ဆုံသူများသည် ဘာပြီး ဘာဆက်၍ မေးရမည်လောက်ကိုသာ စဉ်းစားလျက်ရှိသောကြောင့် ထိုပုဂ္ဂိုလ်ထူးများ ပြောနေသော စကားကို အာရုံစိုက်၍ နားမထောင်နိုင်ကြချေ။ ပုဂ္ဂိုလ်ထူးများက သူတို့သည် စကားကောင်းကောင်း ပြောသူများထက် စကားကောင်းကောင်း နားထောင်သူများကို ပိုမိုနှစ်သက်ကြသည်ဟု ပြောကြားဖူးပါသည်။ တစ်ဖက်သား ပြောနေသော စကားများကို ဂရုတစိုက် နားထောင်နိုင်သော အရည်အချင်းသည် အခြား အရည်အချင်းများထက်ပို၍ ရှားသေးသည်။

ပုဂ္ဂိုလ်ထူးများသာ မဟုတ်၊ လူသာမန်တို့လည်း သူတို့ပြောချင်သည့် စကားကို ကောင်းကောင်း နားထောင်မည့်လူများကို အလိုရှိကြလေသည်။ ထို့ကြောင့် 'ကောင်းကောင်းနားထောင်မည့် လူတစ်ယောက်ကို ရှာ၍ ပြောချင်သည့် စကားများကို ပြောလိုက်ရခြင်းဖြင့် မိမိ၏ စိတ္တဇနာများကို ပျောက်ကင်းအောင် လုပ်နိုင်ပါလျက်နှင့် များစွာသော လူတို့သည် ထိုသို့မလုပ်ဘဲ ဆရာဝန်ကိုခေါ်၍ သူတို့၏ ရောဂါကို ကုသစေလေသည်' ဟူ၍ စာပဒေသာ[၂] ခေါ် မဂ္ဂဇင်းတစ်စောင်က ဆိုထား၏။

အမေရိကန် ပြည်ထောင်စု ပြည်တွင်းစစ်ပွဲ[၃] သည် သဲသဲမဲမဲ တိုက်နေသည့် အချိန်အခါက အဗရာဟမ် လင်ကွန်းသည် ဆပရင်းဖီးမြို့ရှိ မိတ်ဆွေ

၁။ Isssac F. Marcosson
၂။ Reader's Digest
၃။ The Civil War

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးအား ဝါရှင်တန်မြို့တော်သို့ လာရောက်ရန် ဖိတ်ကြားလိုက်၏။ စာထဲတွင် စစ်အကြောင်းနှင့် စပ်လျဉ်း၍ သူနှင့် တိုင်ပင်လိုသောကြောင့် ဆက်ဆက်လာပါဟု လင်ကွန်းသည် ရေးလိုက်သည်။ မှာလိုက်သည့်အတိုင်း လင်ကွန်း၏ မိတ်ဆွေသည် သမ္မတမင်း၏ အိမ်တော်သို့ ရောက်လာရာ ငွေဝယ်ကျွန်များကို ကျွန်စာရင်းမှ လွှတ်သင့် မလွှတ်သင့်ကိစ္စနှင့် စပ်လျဉ်း၍ လင်ကွန်းသည် ထိုမိတ်ဆွေအား အတော်ကြာကြာ ပြောလျက်ရှိ၏။ ဤကဲ့သို့ ငွေဝယ်ကျွန်များကို လွှတ်ခြင်း၏ အကျိုးအပြစ်တို့ကို လင်ကွန်းကိုယ်တိုင် တစ်ခုမကျန် အပြန်အလှန် ပြောရုံသာမက အချို့ သတင်းစာများက ငွေဝယ်ကျွန်များကို လွှတ်မည်ကို ကြောက်၍လည်းကောင်း၊ အခြား သတင်းစာများက လည်း ထိုကျွန်များကို လွှတ်မပစ်သေး၍လည်းကောင်း ရှုတ်ချပြစ်တင်သည့် ဆောင်းပါးများကို တစ်ခုစီ ဖတ်ပြလျက်ရှိလေ၏။ အချိန်အတော်ကြာစွာ စကားပြောပြီးနောက် လင်ကွန်းသည် မိတ်ဆွေထံမှ တစ်လုံးတစ်ပါဒမျှ အကြံမတောင်းဘဲ ထိုသူကို ပြန်လွှတ်လိုက်၏။ အစမှ အဆုံးအထိ လင်ကွန်း တစ်ဦးတည်းသာလျှင် စကားပြောလျက် ရှိလေသည်။ 'ကျွန်တော့်ကို ပြောကြားပြီးနောက် သူ၏ စိတ်ထဲမှာ အတော်ရှင်းသွားသည့် လက္ခဏာရှိပါသည်' ဟု ထိုမိတ်ဆွေကြီးက ပြောပြ၏။ စင်စစ်မှာ လင်ကွန်းသည် ထိုအခါက သူတစ်ပါးထံမှ အကြံဉာဏ်ကို အလိုမရှိ။ သူအလိုရှိသောအရာသည် သူ့ဝမ်းထဲတွင် မျိုသိပ်ထားရသော အလုံးများကို အကုန်ထုတ်ပြောနိုင်၍ သူ့ကို အာရုံစိုက်ပြီး နားထောင်နေမည့် မိတ်ဆွေကောင်းတစ်ယောက်ပင် ဖြစ်လေသည်။ ကျွန်ုပ်တို့တစ်တွေ အတိဒုက္ခရောက်နေသောအခါ၌ ကျွန်ုပ်တို့ အလိုရှိသော အရာသည်လည်း ထိုအရာပင်ဖြစ်လေသည်။ စိတ်တိုနေသော ဈေးဝယ်သူနှင့် မကျေမချမ်းဖြစ်နေသော အလုပ်သမား သို့မဟုတ် စိတ်နာကြည်းနေသောမိတ်ဆွေ စသည်တို့ အလိုရှိသော အရာသည်လည်း စိတ်ရှည်လက်ရှည်ဖြင့် နားထောင်မည့်သူပင် ဖြစ်လေသည်။

အကယ်၍ သင့်ကို သူများသည် မပေါင်းသင်းလိုဘဲ ရှောင်ရှားသွားသည်ကိုသော်လည်းကောင်း၊ သင့်ကွယ်ရာတွင် အခြားလူများသည် သင့်အကြောင်းကို အတင်းပြော၍ သင့်ကို ရယ်သွမ်းသွေးခြင်းကိုသော်လည်းကောင်း သင်သည် အလိုရှိခဲ့ပါလျှင် အောက်ပါအတိုင်း ပြုကျင့်ပါလေ။

တစ်ဖက်သား စကားပြောနေစဉ် မည်သည့်အခါမျှ ခပ်ကြာကြာ နားမထောင်နှင့်။ သင့်အကြောင်းကို မရပ်မနားဘဲ ပြောပါ။ တစ်ဖက်သားစကား

www.burmeseclassic.com

www.burmeseclassic.com



ပြောနေစဉ် သင်၌ အကြံတစ်ခုပေါ်လာသော် ထိုသူစကားပြောပြီးအောင် မစောင့်နှင့်၊ အတင်းလုရ၍ ပြောပါ။ ထိုသူသည် သင့်လောက်မှ မတော်ဘဲ အင်မတန် ငြီးငွေ့ဖွယ်ကောင်းတဲ့လူ သူ့စကားကို အဘယ်ကြောင့် အချိန်ကုန်ခံပြီး နားထောင်နေရမည်လဲ၊ သူပြောနေစဉ် အတင်းဝင်၍ ပြောပါလေ။

အထက်ပါနည်းကို လက်ကိုင်ထားလျက်ရှိသော လူစားကို သင်သည် တွေ့ဖူးပါ၏လား။ ကျွန်ုပ်မှာမူကား ကံအကြောင်း မကောင်းလှ၍ ထိုလူစားများကို တွေ့ကြုံဖူးပါသည်။ ထိုလူစားအချို့ကို အထက်တန်းစားလူများထဲတွင် တွေ့ရှိရသည်မှာ အလွန်အံ့သြစရာပင် ကောင်းသေး၏။

ထိုလူများသည် ကိုယ့်ကိုယ်ကို အထင်ကြီးလျက်ရှိသောကြောင့် တစ်ဖက်သား၏ စိတ်ကို နှောင့်ယှက်တတ်သူများသာလျှင် ဖြစ်၏။ ထိုလူများသည် သူတို့၏ အကြောင်းလောက်ကိုသာ စဉ်းစားကြလေသည်။

'ကိုယ့်အကြောင်းလောက်ကိုသာ စဉ်းစားသူသည် မျှော်လင့်ဖွယ် မရှိသော ပညာမဲ့တစ်ဦး ဖြစ်လေသည်၊ ထိုသူသည် ပြသသင်ကြားခြင်းကို မည်မျှခံရသော်လည်း ပညာမရှိချေ'ဟူ၍ ကိုလံဗီယာ ယူနီဗာစီတီ[၁] ၏ ဥက္ကဋ္ဌ ဒေါက်တာ နီကိုလတ် မာရေး ဘတ္တလာ[၂] က ပြောပြဖူး၏။

ထို့ကြောင့် သင်သည် စကားပြောကောင်းတစ်ဦး ဖြစ်လိုပါလျှင် တစ်ဖက်သား စကားပြောစဉ် ဂရုစိုက်၍ နားထောင်နိုင်ပါစေ။ သင့်အပေါ်တွင် တစ်ဖက်သားတို့ စိတ်ဝင်စားစေလိုလျှင် တစ်ဖက်သားတို့ အပေါ်တွင် သင်သည် စိတ်ဝင်စားပါဟူ၍ မစ္စတာချားနော်သံလည်း[၃] ပြောပြဖူးလေသည်။ တစ်ဖက်သားတို့ စိတ်ပါလက်ပါနှင့် ဖြေချင်သည့် မေးခွန်းများကို မေးပါ။ တစ်ဖက်သား၏ အကြောင်းနှင့် သူ၏ စွမ်းရည်သတ္တိများကို ထုတ်ဖော်ပြောပြနိုင်အောင် အားပေးပါ။

သင်နှင့် စကားပြောနေသောသူသည် သင်နှင့်တကွ သင်၏ လိုအင်ဆန္ဒများ သင်၏ အခက်အခဲများထက် သူ့ကိုယ်နှင့် သူ့လိုအင်ဆန္ဒ သူ့အခက်အခဲများတွင် အဆရာပေါင်းများစွာ ပို၍ စိတ်ဝင်စားလျက် ရှိကြောင်းကို သင်သည် အစဉ်သတိရပါ။ တရုတ်ပြည်ကြီးတွင် လူတစ်သန်း သေကြေပျက်စီးစေသည့် အစာငတ်မွတ်ခေါင်းပါးသော ကပ်သည် သူ့အဖို့တွင် သူ၏

၁။ Columbia University
၂။ Dr. Nicholas Murray Butler
၃။ Mr. Charles Northam Lee

www.burmeseclassic.com

www.burmeseclassic.com



သွားကိုက်ရောဂါလောက် အရေးမကြီးပေ။ အာဖရိကတိုက်တွင် အကြိမ် ၄၀ လှုပ်သော လျှော်မျှားထက် သူ့လည်ပင်းတွင်ပေါက်နေသော အနာစိမ်းပေါ်တွင် သူသည် ပို၍ စိတ်ဝင်စားပေလိမ့်မည်။ နောက်တစ်ကြိမ် တစ်စုံတစ်ယောက်သော သူနှင့် စကားပြောမည်ဟု ကြံလျှင် ထိုအကြောင်းကို သတိရပါစေ။

**ထို့ကြောင့် သင့်ကို လူကြိုက်များစေလိုလျှင် နည်းအမှတ် ၄ သည်**

**တစ်ဖက်သားစကားပြောနေစဉ် ဂရုစိုက်၍ နားထောင်ပါ။ တစ်ဖက်သားတို့အား သူတို့၏အကြောင်းပြောပြရန် အားပေးပါ။**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅

## ကိုယ့်ဘက်ပါအောင် လုပ်နည်း

အိုွင်စတားဘေအရပ်ရှိ သီအိုဒို ရုစဗဲ့ထံသို့ သွားရောက်လည်ပတ်သောလူတိုင်း သီအိုဒို၏ ဗဟုသုတများပုံကို အံ့အားသင့်လျက် ရှိရပေလိမ့်မည်။ 'နွားကျောင်းသား၊ ဘုရားတကာ၊ သင်္ကြိုဟ်ဆရာ၊ နိုင်ငံရေးသမားမှစ၍ မည်သူမဆို သီအိုဒိုနှင့် တွေ့ဆုံသော သူအပေါင်းအား ဘယ်သူ့ကို ဘယ်စကားပြောရမည်ကို သီအိုဒိုသည် ကောင်းစွာ သိလေသည်'ဟု ဂမဲလီအယ် ဘရက်ဖို့[၁] က ရေးသားဖူးလေသည်။ ဤကဲ့သို့ လူတွေ့တိုင်း အလျဉ်းသင့်အောင် စကားပြောနိုင်ရန် နည်းသည် အလွန်လွယ်ကူ၏။ အကယ်၍ ဧည့်သည်တစ်ဦးနှင့် တွေ့ရတော့မည်ဟု ဆိုလျှင် မတွေ့မီ တစ်ညက ထိုဧည့်သည် ဝါသနာပါသော ဘာသာ တစ်ခုခုကို အပင်ပန်းခံ၍ ဖတ်ထားခြင်းပင် ဖြစ်သည်။

ဤကဲ့သို့ အဘယ့်ကြောင့် လုပ်ရသနည်းဆိုသော် လူတစ်ဦးတစ်ယောက်၏ စိတ်ကို ထိခိုက်အောင်ပြောရန် အကောင်းဆုံးနည်းသည် **ထိုလူကိုယ်တိုင် အမြတ်တနိုးထားသော အရာဝတ္ထုများအကြောင်းကို ပြောခြင်းပင် ဖြစ်ပေသည်** ဟူ၍ လူတို့၏ ခေါင်းဆောင်တိုင်း သိသကဲ့သို့ ရုစဗဲ့လည်း သိသောကြောင့် ပင် ဖြစ်၏။

ယေး ယူနီဗာစီတီ[၂] ၏ စာပေပါမောက္ခ တစ်ခါက ဖြစ်ခဲ့ဖူးသော ဝီလျံ လီယွန် ဖဲ့[၃] သည် ထိုသင်ခန်းစာကို ငယ်ရွယ်စဉ်အခါကပင် စ၍ သိရှိ လာခဲ့လေသည်။

---

၁။ Gamaliel Bradford

၂။ Yale University

၃။ William Lyon Phelps

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ၈ နှစ်သား အရွယ်လောက်က ကျွန်တော်၏ အဒေါ် လစ်ဘီ လင်းစလေး[၁] ၏ အိမ်သို့ သွားရောက်လည်ပတ်နေစဉ် တစ်ညနေတွင် အသက်အရွယ် လေးဆယ်ခန့်ရှိ လူကြီးတစ်ယောက် ပေါက်လာလေသည်။ ထိုလူကြီးသည် ကျွန်တော်၏ အဒေါ်နှင့် နှုတ်ခွန်းဆက်သပြီးလျှင် ကျွန်တော့်ကို လှမ်း၍ စကားပြောပါသည်။ ထိုအခါက ကျွန်တော်သည် လှေများတွင် အလွန် ဝါသနာပါလျက်ရှိရာ ထိုလူကြီးသည် လှေအကြောင်းကို ကျွန်တော် အလွန် စိတ်ဝင်စားလာအောင် ပြောပြလျက်ရှိ၏။ သူပြန်သွားသောအခါ သူ့ အကြောင်းကို စိတ်အားထက်သန်စွာနှင့် ကျွန်တော်၏ အဒေါ်ထံတွင် ကျွန်တော် သည် စုံစမ်းမေးမြန်းပါသည်။ 'သူ ဘယ်သူလဲအဒေါ်၊ သူလဲ ကျွန်တော့်လိုပဲ လှေကို သိပ်ဝါသနာပါတာပဲ'ဟု ပြောရာ 'သူဟာ နယူးယောက်က ရှေ့နေကြီးကွ၊ မင်းရဲ့လှေကို ဝါသနာမပါ ပါဘူးကွာ'ဟု ကျွန်တော်၏ အဒေါ်က ပြန်ပြော ပါသည်။

ထိုအခါ 'ဒါဖြင့်ရင် ဘာဖြစ်လို့ ရောက်ကတည်းက စပြီး လှေအကြောင်း ကိုချည်းပဲ သူလျှောက်ပြောနေရတာလဲ'ဟု ကျွန်တော်က ထပ်၍ မေးရာ **'မင်းက လှေအကြောင်းကို ဝါသနာပါတာကို သူသိတာကိုးကွ၊ ဒီတော့ မင်း ကြိုက်အောင် မင်းဝါသနာပါတဲ့ဟာကို လျှောက်ပြီးပြောရတာပေါ့၊ ယဉ်ကျေးတဲ့ လူဆိုတာ ဒီလိုပေါ့ကွ'** ဟူ၍ ကျွန်တော်၏ အဒေါ်က ပြန်ပြောပါသည်။

ကျွန်တော်၏အဒေါ် ပြောသော စကားများကို ကျွန်တော်သည် ဘယ် အခါမျှ မေ့မည်မဟုတ်ပါ ဟူ၍ ပရော်ဖက်ဆာ ဝီလံ လီယွန် ဖဲ့သည် 'လူ့သဘော'[၂] အကြောင်း ဆောင်းပါးတွင် ရေးသားခဲ့လေသည်။

ယခုအခန်းကို ရေးသားနေစဉ် ကင်းထောက်[၃] လုပ်ငန်းတွင် နာမည်ကြီး သူ အက်ဒွပ် အယ် ရှလစ်[၄] ထံမှ စာသည် ကျွန်တော့်ရှေ့တွင် ရှိပါသည်။ ထိုစာကို အောက်တွင် ဖော်ပြပါအံ့။

တစ်နေ့သ၌ တစ်စုံတစ်ယောက်ထံမှ အကူအညီတောင်းရန် ကိစ္စတစ်ခု ကျွန်တော့်ထံ၌ ပေါ်ပေါက်လာပါသည်။ ဥရောပတိုက်တွင် ကင်းထောက် ညီလာခံ[၅] ကျင်းပမည်ဖြစ်ရာ အမေရိကန်ပြည်၏

၁။ Aunt Libby Linsley
၂။ Human Nature
၃။ Boy Scout
၄။ Edward L. Chalif
၅။ Scout Jamboree

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးတစ်ဦးထံ ကျွန်တော်၏ တပည့်ကလေး တစ်ယောက်အတွက် စရိတ်ခံရန် ပြောကြားလိုပါသည်။

ကံအားလျော်စွာ ထိုသူဌေးကို သွားရောက်တွေ့ဆုံမည်ဟု စီစဉ်နေဆဲတွင် ထိုသူဌေးကြီးသည် ဒေါ်လာတစ်သန်းတန် ချက်လက်မှတ်တစ်စောင်ကို ရေးသားပြီးမှ ငွေမထုတ်ဖြစ်ဘဲ ဖျက်သိမ်းပစ်လိုက်ပြီးလျှင် ထိုလက်မှတ်ကို ဘောင်သွင်းထားသည်ဟု ကျွန်တော် သတင်းရပါသည်။

ထို့ကြောင့် ထိုသူဌေးကြီး၏ အလုပ်ခန်းတွင်းသို့ ဝင်မိလျှင် ဝင်မိချင်း ဘောင်သွင်းထားသော ထိုချက်လက်မှတ်ကို ကြည့်ပါရစေဟု ရှေးဦးစွာ ခွင့်တောင်းပါသည်။ ဤကဲ့သို့ တစ်သန်းတန် ချက်လက်မှတ်မျိုးကို အခြားသူဌေးများ ရေးဖူးသည်ဟု ကျွန်တော် မကြားဖူးသောကြောင့် ထိုချက်လက်မှတ်ကို ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ရသည်ဟု ကျွန်တော့် တပည့်ကလေးများအား ပြောပြချင်ပါသည်ဟူ၍ ထိုသူဌေးအား ကျွန်တော် ပြောပြပါသည်။ သူဌေးကြီးလည်း ဝမ်းမြောက်ဝမ်းသာစွာနှင့် ထိုချက်လက်မှတ်ကို ထုတ်၍ပြသောအခါ ကျွန်တော်သည် ချက်လက်မှတ်ကို ကြည့်ပြီးလျှင် ချီးမွမ်းလျက် ဘယ်လိုဖြစ်ပြီး ထိုချက်လက်မှတ်ကို ရေးရပါသနည်းဟု သူဌေးကြီးအား မေးမိပါသည်။

မစ္စတာ ရှလစ်သည် သူဌေးကြီးနှင့် တွေ့လျှင် တွေ့ချင်း ကင်းထောက်လုပ်ငန်းကိုလည်းကောင်း၊ ဥရောပတိုက်တွင် ကျင်းပမည့် ကင်းထောက်ညီလာခံအကြောင်းကိုသော်လည်းကောင်း သူအလိုရှိသည့် ကိစ္စကိုသော်လည်းကောင်း စပြီး မပြောသည်ကို သင်သည် သတိထားမိပါ၏လား။ ထိုသူဌေးကြီး စိတ်ဝင်စားလျက်ရှိသော အကြောင်းအရာကသာ စ၍ ပြောကြားလေသည်။

ထိုကဲ့သို့ ပြောသည့်အတွက် အောက်ပါ အကျိုးထူးများ ခံစားရ၏။

'ဒါထက် မောင် ဦးကိုလာပြီး တွေ့တဲ့ကိစ္စက ဘာပါလိမ့်'ဟု သူဌေးကြီးသည် ကျွန်တော့်ကို မေး၍ ကျွန်တော်လည်း အကျိုးအကြောင်းကို ပြောပြလိုက်ပါသည်။

ကျွန်တော်က တစ်ယောက်အတွက် စရိတ်ကိုသာ တောင်းသော်လည်း သူငယ်ကလေး ၅ ယောက်နှင့် ကျွန်တော့် အတွက်ပါ ဒေါ်လာတစ်ထောင်တန် ချက်လက်မှတ်တစ်စောင်ကို ထုတ်ပေးပြီးလျှင် ကျွန်တော်တို့ စီစဉ်ထားသည့်အတိုင်း ဥရောပတိုက်တွင် တနင်္ဂနွေ တစ်ပတ်မကဘဲ တနင်္ဂနွေ ၇ ပတ် နေရန်ကိုလည်း မှာကြားလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ပြင် ဥရောပတိုက်ရှိ သူ့ဆိုင်ခွဲများက မန်နေဂျာများထံသို့လည်း ကျွန်တော်တို့အား ဂရုစိုက် စောင့်ရှောက်ကြည့်ရှုရန် မိတ်ဆက်စာများ ရေးသားပေးပို့ပါသေးသည်။ သူကိုယ်တိုင်လည်း ပဲရစ်မြို့တော် မှနေ၍ ကျွန်တော်တို့လူစုကို ဆီးကြိုပြီးလျှင် မြို့ကိုလည်းပြပါသည်။ ထိုအခါမှ စပြီး မိဘဆင်းရဲသော ကျွန်တော်၏ တပည့်ကလေးများကို သူ့လက် အောက်တွင် အလုပ်ပေး၍ ကျွန်တော်တို့ ကင်းထောက်လုပ်ငန်းတွင် ကိုယ်ထိလက်ရောက် ကူညီလျက် ရှိပါသည်။

အကယ်၍သာ ထိုသူဌေးကြီးသည် မည်သည့်အရာတွင် စိတ်ဝင်စား သည်ကို ကျွန်တော် ရှေးဦးစွာ သိရှိမထားမိသည့်အတွက် သူစိတ်ပါလာအောင် 'ဆွ'မပေးနိုင်ရင် ယခုရရှိသောအရာများ၏ ဆယ်ပုံတစ်ပုံကို ရရန်ပင် ခဲယဉ်း ပေလိမ့်မည်။

ဤနည်းသည် ကုန်ရောင်းကုန်ဝယ်ရာ၌လည်း အသုံး ဝင် မဝင်ကို ကြည့်ကြဦးစို့။

နယူးယောက်မြို့ရှိ 'ဒူဗားနွိုင်နှင့်သားများ'[၁] ခေါ် ပထမတန်း ပေါင်မုန့် ဆိုင်တစ်ဆိုင်၏ပိုင်ရှင် ဟင်နရီ ဂျီဒူဗားနွိုင်သည် နယူးယောက်မြို့ရှိ ဟိုတယ် ဆိုင်တစ်ဆိုင်သို့ သူ၏ ပေါင်မုန့်များကို ရောင်းရန် ကြိုးစားလျက်ရှိလေသည်။ ထိုကိစ္စ အောင်မြင်ရန် လေးနှစ်တိုင်တိုင် တနင်္ဂနွေတစ်ပတ်လျှင် တစ်ကြိမ်ကျ ဒူဗားနွိုင်သည် ဟိုတယ်မန်နေဂျာနှင့် သွားရောက် တွေ့ဆုံလေသည်။ ထိုမန်နေဂျာ နှင့် အကျွမ်းတဝင်ဖြစ်စေရန်သဘောဖြင့် သူတက်ရောက်သော 'ပွဲထိုင်'များသို့ ဒူဗားနွိုင်လည်း တက်ရောက်ရုံသာမက သူ၏ ဟိုတယ်ဆိုင်၌ပင်လျှင် အခန်း ငှား၍ အတော်ကြာကြာ နေခဲ့ဖူး၏။ သို့ရာတွင် အကြောင်းမထူးချေ။

'ထို့နောက် မိတ္တဗလနည်းများကို လေ့လာဆည်းပူးပြီးသောအခါ ကျွန်တော်သည် နည်းသစ်တစ်နည်းကို ထွင်ပါသည်။ မန်နေဂျာသည် မည်သည့် အရာတွင် စိတ်အဝင်စားဆုံးဖြစ်သည်ကို စုံစမ်းသိရှိနိုင်ရန် သန္နိဋ္ဌာန်ချလိုက် ပါသည်'ဟု ဒူဗားနွိုင်က ပြောပြလေသည်။

ထိုမန်နေဂျာသည် 'ဟိုတယ်ပိုင်ရှင်များ၏ အသင်း'[၂] တွင် ပါဝင်လာ ကြောင်းကို များမကြာမီက စုံစမ်းသိရှိရပါသောကြောင့် အသင်းဥက္ကဋ္ဌအဖြစ်သို့ တင်မြှောက်ခြင်း ခံရကြောင်းကိုလည်း စုံစမ်းသိရှိရပါသည်။ ထိုအသင်းတွင်

---

၁။ Duvernoy & Sons

၂။ Hotel Grooters of America

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားလွန်းအားကြီးသောကြောင့် အကယ်၍ အသင်း၏ အစည်းအဝေးများသို့ တောင်းစဉ်အထပ်ထပ်ကို ဖြတ်ကျော်ကူးသန်း၍ သွားရစေကာမဆိုင်းမတွ သွားမည့်အကြောင်းကိုလည်း စုံစမ်းသိရပါသည်။

ထို့ကြောင့် နောက်တစ်နေ့တွင် မန်နေဂျာနှင့် တွေ့သောအခါ ထိုအသင်းအကြောင်းကို စ၍ ပြောပါသည်။ သူသည် မည်မျှ စိတ်ထက်သန်စွာနှင့် စကား ပြန်ပြောသည်ကို တွေး၍သာ ကြည့်ပါတော့။ အသင်းအကြောင်းနှင့် စပ်လျဉ်း၍ နာရီဝက်လောက် ပြောကြားရာ စကားလုံးတိုင်းသည် သူ၏ နှုတ်မှ မြူး၍ ထွက်လာပါသည်။ ဤအသင်းသည် သူ၏ အသက်ဘူးဖြစ်ကြောင်းကို ကျွန်တော်တို့ တွေ့ရပါသည်။ သူ့အလုပ်ခန်းမှ ထွက်မလာခင် အသင်းသားလက်မှတ်တစ်စောင်ကို ကျွန်တော့်အား ရောင်းလိုက်ပါသေးသည်။

ကျွန်တော်လည်း ပေါင်မုန့်အကြောင်းနှင့် စပ်လျဉ်း၍ တစ်ခွန်းတစ်ပါဒမျှ စပ်၍ မပြောခဲ့ပါ။ သို့ရာတွင် ရက်အနည်းငယ်ကြာသောအခါ ထိုဟိုတယ်၏ လုပ်သားမှူး[၁] သည် ပေါင်မုန့်နမူနာနှင့် ဈေးနှုန်းစာရင်းကိုပါ ယူ၍လာရန် ကျွန်တော့်ထံသို့ တယ်လီဖုန်းနှင့် ပြောပါသည်။

'ခင်ဗျား အဘိုးကြီးကို ဘယ့်နှယ်လုပ်လိုက်သလဲ၊ ခင်ဗျားကို အတော်ကျနေပြီဆရာ'ဟူ၍ ထိုသူက တယ်လီဖုန်းမှ လှမ်း၍ ပြောပါသည်။

ကျွန်တော်သည် လေးနှစ်တိုင်တိုင် ထိုမန်နေဂျာထံတွင် ပေါင်မုန့်ရောင်းရအောင် ကြိုးစားခဲ့ပါသည်။ အကယ်၍သာ သူဝါသနာပါသောအရာသည် မည်သည့်အရာဖြစ်သည်၊ မည်သည့်အရာကို စိတ်ပါလက်ပါ ပြောချင်သည်ဆိုသော အကြောင်းကို ဂရုစိုက်၍ ရှာဖွေခြင်း မပြုမိရင် သူ့ထံတွင် ပေါင်မုန့်ရောင်းရန် ကျွန်တော်၏ ကြိုးစားချက်တို့သည် ယခုတိုင် အချည်းနှီးပင် ဖြစ်ပါလိမ့်မည်။

**ထို့ကြောင့် သင့်ကို လူကြိုက်များစေလိုလျှင် နည်းအမှတ် ၅ သည်**
**တစ်ဖက်သား စိတ်ဝင်စားလျက်ရှိသည့် ကိစ္စဘက်မှနေ၍ ဆွဲပါ။**

---

၁။ Steward

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၆

## တွေ့လျှင် တွေ့ချင်း သဘောကျစေရန်နည်း

နယူးယောက်မြို့၏ ၃၃ လမ်းနှင့် အဋ္ဌမရိပ်သာ[၁] လမ်းထောင့်ရှိ စာတိုက်တွင် စာတစ်စောင်ကို မှတ်ပုံတင်ရန်ရှိသာကြောင့် ကျွန်ုပ်အလှည့်သို့ ရောက်ရန် စောင့်ဆိုင်းလျက်ရှိလေသည်။ စာအိတ်များကို ချိန်ရခြင်း၊ တံဆိပ်ခေါင်းများကို လှမ်းပေးရခြင်း၊ ငွေအကြွေအမ်းရခြင်း၊ ပြေစာဖြတ်ပိုင်းများကို ရေးပေးရခြင်း စသော အလုပ်များကို ဆက်ကာ ဆက်ကာ နေထွက်မှ နေဝင်အထိ နှစ်ရှည်လများ လုပ်ကိုင်နေရသောကြောင့် မှတ်ပုံတင်စာရေးသည် သူ၏အလုပ်တွင် အတော် ငြီးငွေ့လျက်ရှိလေသည်။ ထို့ကြောင့် ဒီလူတော့ ငါ့ကို သဘောကျအောင် လုပ်ဦးမှပဲ။ အင်း သူသဘောကျအောင် လုပ်ချင်ရင် ငါ့အကြောင်း ပြောလို့တော့ မဖြစ်ဘူး၊ သူ့အကြောင်း ပြောမှပဲ။ ဒီတော့ သူ့အပေါ်မှာ ငါတကယ် ချီးမွမ်းနိုင်တာ ဘာများရှိပါလိမ့်ဟူ၍ ကျွန်ုပ်ကိုယ်ကို ပြန်မေးလျက် ရှိလေသည်။

သူစိမ်းတစ်ယောက်နှင့် သက်ဆိုင်သောအခါ ထိုမေးခွန်းကို ဖြေရန် မလွယ်ကူလှချေ။ သို့ရာတွင် ထိုစာရေးအတွက် ဤမေးခွန်းကို ဖြေရန်မှာ လွယ်ကူလျက်ရှိသည်ကို တွေ့ရ၏။ ကျွန်ုပ် စိတ်ရောကိုယ်ပါ ချီးမွမ်းနိုင်သော ပစ္စည်းတစ်ခုသည် သူ့၌ ရှိသည်ကို ကျွန်ုပ်သည် ရုတ်တရက် တွေ့ရလေသည်။

ထို့ကြောင့် သူသည် ကျွန်ုပ်၏ စာအိတ်ကို ချိန်တွယ်နေစဉ် 'ဒီမှာ မိတ်ဆွေ၊ ခင်ဗျားခေါင်းက ဆံပင်တွေ တယ်ကောင်းပါလား၊ ကျွန်တော့် ခေါင်းပေါ်မှာလဲ ဒီလိုဆံပင်မျိုးတွေပေါက်ရင် ဘယ်လောက်ကောင်းမလဲလို့ အောက်မေ့နေတယ်'ဟု သူ့ကို လှမ်း၍ ပြောလိုက်၏။

---

၁။ Eighth Avenue

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် အံ့အားသင့်သောမျက်နှာနှင့် ကျွန်တော့်ကို မော့ကြည့်ပြီးနောက် သူသည် ပြုံးနေလေသည်။ 'ဟာ ဒီဆံပင်တွေ အရင်တုန်းကလောက်ကြည့်မကောင်းပါဘူးဗျာ'ဟု သူသည် ပြန်၍ ပြော၏။ 'အရင်ကလောက်ကြည့်မကောင်းဘူး ဆိုတာတောင် အတော် ဟုတ်သေးတာပဲ' ဟု ကျွန်ုပ်က ထပ်၍ ဆက်လိုက်ရာ သူသည် အလွန် ပီတိဖြစ်သွား၏။ အနည်းငယ် စကားဆက်၍ ပြောကြပြီးနောက် 'ကျွန်တော့ဆံပင်ကို လူတွေ တော်တော်ချီးမွမ်းကြတယ်'ဟု ကျွန်ုပ် ထွက်လာခါနီးတွင် သူထပ်၍ ပြောလိုက်သေး၏။

ထိုနေ့တွင် နေ့လယ်စာစားရန်သွားသောအခါ ထိုစာရေးသည် အတော်ဘဝင်မြောက်နေလိမ့်မည်ဟု ကျွန်ုပ် လောင်းရဲသည်။ ထိုနေ့တွင် အိမ်သို့ ပြန်ရောက်သောအခါ ကျွန်ုပ်နှင့် တွေ့ခဲ့သည့်အကြောင်းကို သူ၏ မိန်းမအား ပြန်၍ပြောလိမ့်မည်ဟု ကျွန်ုပ် လောင်းရဲသည်။ ထိုစာရေးသည် မှန်ထဲကြည့်၍ 'ငါ့ဆံပင်တွေ တယ်ကောင်းပါလား'ဟု ပြောလိမ့်မည်ဟူ၍ ကျွန်ုပ် လောင်းရဲသည်။

ဤအကြောင်းကို ပရိသတ်များထဲတွင် ကျွန်ုပ် ပြန်ပြောဖူးရာ ကျွန်ုပ်သည် ထိုစာရေးထံမှ ဘာကို အလိုရှိ၍ ထိုကဲ့သို့ ပြောရသနည်းဟု လူတစ်ယောက်က နောင်အခါ၌ မေးဖူး၏။

ဘာကိုမျှ လိုချင်၍ မဟုတ်ပါ။ ကျွန်ုပ်တို့သည် တစ်ဖက်သားထံမှ ရစရာရှိမှသာလျှင် ထိုတစ်ဖက်သားကို ပီတိဖြစ်အောင် ပြုလုပ်နိုင်မည်ဟူသော အလွန် ရွံစရာကောင်းသည့် စိတ်ယုတ်မာများ မွေးမြူခဲ့သော် ထိုစိတ်ယုတ်မာများနှင့် ထိုက်တန်သည့် ဆုံးရှုံးပျက်စီးခြင်းများကိုသာ ကျွန်ုပ်တို့ အစဉ်ရရှိပေလိမ့်မည်။

မည်သည့်အရာကို လိုချင်သောကြောင့် ဤကဲ့သို့ ပြောရသနည်းဟူသော မေးခွန်းကို မဖြေမနေရဟု ဆိုလျှင် လူတစ်ဖက်သားထံမှ တစ်စုံတစ်ခုကို မမျှော်လင့်ဘဲနှင့် ထိုလူကို ပီတိဖြစ်အောင် လုပ်ပေးခဲ့ရသည်ဟူ၍ မိမိကိုယ်ကို နှစ်သိမ့် ကျေနပ်စေလိုသော ဆန္ဒသည် ကျွန်ုပ်အလိုရှိသောအရာပင် ဖြစ်ပါသည်ဟု ဖြေဆိုရမည် ဖြစ်၏။ ထိုသို့ ဆောင်ရွက်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ အတော်ကြာသော်လည်း ထိုသို့ ဆောင်ရွက်ရသည့်အတွက် ပီတိဖြစ်နေသော စိတ်တို့သည် ကျွန်ုပ်တို့၏ ရင်တွင်း၌ ကိန်းအောင်းလျက်ရှိမည် ဖြစ်၏။

လူတို့၏ အပြုအမူနှင့် စပ်လျဉ်းလျှင် ရွှေနှင့်စက်၍ အဖိုးတန်သော ဥပဒေတစ်ရပ် ရှိလေသည်။ ထိုဥပဒေကို လိုက်နာသရွေ့ ကာလပတ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ဘယ်အခါမျှ ဘေးမတွေ့နိုင်ရုံသာမက ထိုသို့ လိုက်နာခြင်းဖြင့် အခြေအရံ မိတ်သင်္ဂဟပေါများခြင်း၊ ကာယသုခ စိတ္တသုခ အစဉ်တိုးတက်ခြင်းတို့နှင့် ပြည့်စုံပေလိမ့်မည် ဖြစ်၏။ သို့ရာတွင် ထိုဥပဒေကို ကျူးလွန်ဖောက်ဖျက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် ဘေးတွေ့မည်မှာ မလွဲတည်း။ ထိုဥပဒေသည် 'တစ်ဖက်သားအား သူ့ကိုယ်ကို သူ အထင်ကြီးလေအောင် အစဉ်လုပ်ပေးပါ' ပင် ဖြစ်လေသည်။ လူတို့တွင် ကိုယ့်ကိုယ်ကို အထင်ကြီးလိုသော ဆန္ဒသည် အပြင်းဆုံးဆန္ဒဖြစ်သည်ဟု ပရော်ဖက်ဆာ ဌွန် ဂျူဝီက ဆို၍ မိမိအား တစ်ဖက်သား၏ အထင်ကြီးခြင်းကို ခံလိုသော ဆန္ဒသည် လူတို့တွင် အပြင်းဆုံးဆန္ဒဖြစ်လေသည်ဟု ပရော်ဖက်ဆာ ဝီလျံဂျိမ်းက ဆိုသည်ဟူ၍ အထက်တစ်နေရာတွင် ကျွန်ုပ်တို့ ဖော်ပြခဲ့ဖူးလေပြီ။ ထို့ပြင်လည်း တိရစ္ဆာန်များနှင့် ကျွန်ုပ်တို့၏ ခြားနားခြင်း အကြောင်းရင်းသည် ထိုဆန္ဒပင် ဖြစ်လေသည်ဟူ၍လည်း ကျွန်ုပ်ကိုယ်တိုင် ဖော်ပြခဲ့ဖူးလေပြီ။ ကမ္ဘာကြီး၏ ယဉ်ကျေး သိမ်မွေ့မှုသည်လည်း ထိုဆန္ဒအပေါ်၌ပင် မှီလျက်ရှိ၏။

ပညာရှိကြီးများသည် မိတ္တဗလ လုပ်နည်းများကို နှစ်ထောင်ပေါင်းများစွာကပင် အစပြု၍ ကြံဆခဲ့ကြရာ နောက်ဆုံး၌ နည်းကောင်းတစ်နည်းကိုသာ တွေ့ရလေသည်။ ထိုနည်းသည် အသစ်အဆန်း မဟုတ်။ လူပေါ်စကပေါ်လျက်ရှိသော လက်ဟောင်းနည်းကြီးပင် ဖြစ်လေသည်။ ဇိုရိအက်စတား[၁] သည် နှစ်ပေါင်း သုံးထောင်ကျော်လောက်က မီးကို ကိုးကွယ်သော သူ၏ တပည့် ပါရှန်လူမျိုးများအား ထိုနည်းကို သင်ခဲ့ဖူးလေသည်။ နှစ်ပေါင်း နှစ်ထောင့်လေးရာကျော်လောက်က ကွန်ဖူးဇီးသည် တရုတ်ပြည်တွင် ထိုနည်းကို ဟောခဲ့ဖူးလေသည်။ တအိုးဂိုဏ်း[၂] ကို တည်ထောင်ခဲ့သူ လာအိုဇီ[၃] သည်လည်း ဟန် တောင်ကြား[၄]တွင် သူ၏ တပည့် ဂိုဏ်းသားတို့အား ထိုနည်းကိုပင် ဟောပြောခဲ့ဖူးလေသည်။ ခရစ်မပေါ်မီ နှစ်ပေါင်းငါးရာကပင် မြတ်စွာဘုရားသခင်သည် မဇ္ဈိမဒေသ၌ ဤနည်းကို ဟောကြားတော်မူဖူးလေသည်။ ဟိန္ဒူကျမ်းစာအုပ်များတွင်လည်း နှစ်ပေါင်း သုံးထောင်ကျော်လောက်ကစ၍ ထိုနည်းကို ရေးသားထားသည်ကို တွေ့ရ၏။ ယေရှု[၅]သည် နှစ်ပေါင်း တစ်ထောင် ကိုးရာကျော်လောက်က ထိုနည်းကိုပင် ဂျူဒီးယား[၆] တောင်ပေါ်၌ တစ်ဖက်

၁။ Zoroaster
၂။ Taoism
၃။ Lao-Tse
၄။ Valley of The Han
၅။ Jesus
၆။ Judea

www.burmeseclassic.com

www.burmeseclassic.com



သားက သင့်အား အကြင်နည်းဖြင့် ပြုစုသည်ကို သင်သည် အလိုရှိအံ့။ ထိုနည်းဖြင့် သင်သည် တစ်ဖက်သားကို ပြုစုလော့'ဟူ၍ အကျဉ်းချုပ် ဟော ပြောဖူးလေသည်။

သင်နှင့် တွေ့ဆုံရသော သူများထံမှ သင်သည် ထောက်ခံအားပေး ခြင်းကို အလိုရှိသည်မှာ မှန်၏။ သင်သည် သင်နှင့်ထိုက်တန်သလောက် အချီးမွမ်းကို ခံလိုသည်မှာလည်း မှန်၏။ သင်နှင့်ဆိုင်သော နေရာတစ်ဝိုက် တွင် သင့်ကိုယ်ကို သင် လူတွင်ကျယ်တစ်ဦး ဖြစ်သည်ဟု အထင်ရောက်လို သည်မှာလည်း မှန်၏၊ စိတ်ထဲကမပါဘဲနှင့် သင့်ကိုယ်ကိုသင် လူတွင်ကျယ် တစ်ဦး ဖြစ်သည်ဟု အထင်ရောက်လိုသည်မှာလည်း မှန်၏။ စိတ်ထဲကမပါ ဘဲနှင့် သင့်ကို မြှောက်ပင့်နေသော စကားများကို နားမထောင်ချင်ဘဲ အဟုတ်တကယ် ချီးကျူးသော စကားများကိုသာ သင်သည် နားထောင်ချင် သည်မှာလည်း မှန်ပေ၏။ သင်၏ မိတ်ဆွေများက ချားလ်ရွှပ် ပြောဘိသကဲ့သို့ သင့်အပေါ်တွင် စိတ်ပါလက်ပါ ထောက်ခံ၍ ရက်ရက်ရောရော ချီးမွမ်းစေလို သည်မှာလည်း မှန်ပေ၏။ ကျွန်ုပ်တို့အားလုံးလည်း ဤကဲ့သို့ပင် အလိုရှိကြ ပေ၏။

သည်အတိုင်းမှန်လျှင် ရွှေနှင့်စက်၍ အဖိုးတန်သော ဤနည်းကို လိုက်နာပြီးလျှင် အခြားသော သူများအား ကိုယ်ချင်းစာနာကြပါစို့။

မည်သည့်နေရာတွင် မည်သည့်အခါမျိုး၌ မည်ကဲ့သို့ စာနာရမည်နည်း ဟူသော မေးခွန်းကို မေးသည်ရှိသော် နေရာမရွေး အချိန်မရွေး စာနာပါဟူ၍ ပြန်လည် ဖြေဆိုရပေလိမ့်မည်။

သက်သေပြပါအံ့၊ ရေဒီယို စီတီး[၁] ၏ စုံစမ်းရေးဌာနတွင် အလုပ်လုပ် နေသော စာရေးထံ၌ ဟင်နရီ ဆူးဗိန်း[၂] ၏ အလုပ်ခန်းအမှတ်ကို ကျွန်ုပ်သည် တစ်ခါတုန်းက စုံစမ်းဖူးလေသည်။ ယူနီဖောင်းကို ကျနသေသပ်စွာ ဝတ်ဆင် ထားသော ထိုစာရေးသည် သူ၏အလုပ်၌ ဂုဏ်ယူလျက် 'ဟင်နရီဆူဗိန်း ၁၈ ထပ် အခန်းအမှတ် ၁၈၁၆' ဟူ၍ စကားသုံးလုံးကို နှစ်ခါပိုင်းပြီးလျှင် ကျန ပီသစွာ ကျွန်ုပ်၏ မေးခွန်းကို ပြန်လည် ဖြေကြားခြင်း ပြုလေသည်။

ထိုအဖြေကို ရလျှင် ရချင်း ကျွန်ုပ်သည် ဓာတ်လှေကားဆီသို့ ခပ်သုတ်သုတ် လျှောက်သွားပြီးမှ တစ်ဖန် ပြန်လည်လာပြီးလျှင် 'စာရေးကြီး

၁။ Radio City
၂။ Henry Souvaine

www.burmeseclassic.com

www.burmeseclassic.com



ဖြေပုံကို ကျွန်တော် သိပ်ပြီး သဘောကျတယ်ဗျာ၊ တိုတိုတုတ်တုတ်နဲ့ ရှင်းလင်း ပြတ်သားလိုက်တာ ဟန်မလုပ်ရဘဲနဲ့ မင်းသားကြီးလေပေါက်နေတာပဲ၊ လူတိုင်း မလုပ်နိုင်ဘူး'ဟု ထိုစာရေးအား ပြောပြ၏။

သူ၏ မျက်နှာသည် ရွှင်၍လာပြီးလျှင် သူသည် အဘယ့်ကြောင့် ဤကဲ့သို့ ပြောရသည့်အကြောင်းကို ကျွန်ုပ်အား ပြန်၍ပြော၏။ အနည်းငယ်မျှသော ကျွန်ုပ်၏ စကားလုံးများသည် ထိုစာရေးအား သူ့ကိုယ်ကို အတော် အထင်ကြီးသွားအောင် လုပ်ပေးခဲ့၏။ ဓာတ်လှေကားနှင့် အပေါ်ထပ်သို့ တက်သွားစဉ် ထိုနေ့နေ့လယ်က စိတ်ချမ်းသာလျက်ရှိသော လူဦးရေစာရင်း တွင် ကျွန်ုပ်၏ ပယောဂအားဖြင့် တစ်ဦး ထပ်၍ တိုးပေးသည် ဟူသော စိတ်ဓာတ်များသည် ကျွန်ုပ်၏ရင်တွင်း၌ တဖွားဖွား ပေါ်လျက်ရှိ၏။

နန်းရင်းဝန်ဖြစ်မှ ဤနည်းကို သုံးရမည်၊ သူဌေးကြီးဖြစ်မှ ဤနည်းကို သုံးရမည် စသည်ဖြင့် အချိန် ရွေးနေစရာ မလိုပါ။ နေ့စဉ်နေ့တိုင်းလိုပင် ဤနည်းများကို အကျိုးရှိစွာ အသုံးပြုနိုင်ပါသည်။

ဥဒါဟရုဏ် ထုတ်ပြပါအံ့။ အကယ်၍ ပျော်ပွဲစားရုံတစ်ခုတွင် သင် မှာသော ၁၂ မျိုးကြော်ကို မယူခဲ့ဘဲ အာလူးကြော်ကို စားပွဲထိုးသည် ယူလာ သောအခါ 'ဟာ အားနာစရာကြီး ဖြစ်နေပြီကွယ်၊ ကျုပ် မှာတာက ၁၂ မျိုး ကြော်လေ၊ ပြန်ကြော်ရမှာ သိပ်ပြီး ပင်ပန်းနေမလား' စသည်ဖြင့်ပြောလျှင် 'မပင်ပန်းပါဘူး'ဟု စားပွဲထိုးက ပြန်ပြောပေမည်။ ထို့နောက် သင်က သူ့ကို အလေးဂရုပြုသောကြောင့် သင်လိုချင်သော အစာကို သူသည် ဝမ်းမြောက် ဝမ်းသာစွာနှင့် အပင်ပန်းခံ၍ ပြုလုပ်ပေးလိမ့်မည်။

'ဒါကလေးကို ကျေးဇူးပြုပြီး တဆိတ် လုပ်ပေးစမ်းပါ'၊ 'လုပ်ရတာ သိပ်ပင်ပန်းများ နေမလား' 'အားနာပါရဲ့ကွယ်၊ သို့ပေမယ့်' 'ဘယ်လိုမှ စိတ်မရှိနဲ့နော်' 'ကျေးဇူးအထူးတင်ပါတယ်' စသော စကားလုံးကလေးများသည် နေ့စဉ်နေ့တိုင်း ဆက်သွယ်နေရသော အလုပ်ကိစ္စများတွင် အတော်တာသွား လေသည်။ ထိုစကားများသည် လူယဉ်ကျေးတို့၏ လက္ခဏာများ ဖြစ်ကြသည်။

အခြား သက်သေတစ်ခုကို ကြည့်ကြဦးစို့။ သင်သည် ဟော်လ် ကိန်း[၁] ရေးသော ခရစ္စယန်း, ဒင်းမ်စတား, မင့်ခ်မန်း[*] ဝတ္ထုများကို ဖတ်ဖူးရဲ့လား။ သန်းပေါင်းများစွာသော လူတို့သည် သူ၏ ဝတ္ထုများကို ဖတ်ကြသည်။

၁။ Hall Caine

* The Christian, The Deemster, The Manxman

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပန်းပဲသမားတစ်ဦး၏ သားဖြစ်လေသည်။ ကျောင်းတွင် ၈ နှစ်ခန့် စာသင်ကြားဖူးသော်လည်း သူသေသောအခါ ကမ္ဘာပေါ်ရှိ စာရေးဆရာများ ထဲတွင် သူသည် ပစ္စည်းအချမ်းသာဆုံးဖြစ်ကြောင်း တွေ့ရ၏။

သူ၏ အတ္ထုပ္ပတ္တိကို အကျဉ်းချုပ်၍ ပြောပါအံ့။

ဟော်လကိန်းသည် ကဗျာဝါသနာပါ၍ ဒန်တီ ဂဗရီအယ် ရိုဇက်တီး[၁] ရေးသားသော ကဗျာများအားလုံးကို အံရကျက်လေသည်။ ထိုမျှမကသေး။ ရိုဇက်တီ၏ ရေးပုံ သားပုံတို့ကို ချီးကျူးထားသော စာတစ်ပုဒ်ကို ဟောပြော ရန်အတွက် ရေးသားပြီးလျှင် ရိုဇက်တီးထံသို့ မိတ္တူတစ်စောင် ပို့လိုက်၏။ ရိုဇက်တီးလည်း အလွန် အားရဝမ်းမြောက်ပေ၏။ 'ငါ့ကို ဒါလောက် အထင် ကြီးတဲ့ သူငယ်ကလေးတစ်ဦးဟာ ဧကန်မုချ ဉာဏ်ထက်မြက်ရမည်'ဟု ရိုဇက်တီးသည် သူ့ကိုယ်ကို သူပြန်၍ ပြောကောင်း ပြောပေမည်။ များမကြာမီ ဟောလကိန်းကို လန်ဒန်သို့ လာရောက်ရန် ဖိတ်ကြားပြီးလျှင် သူ၏ အတွင်းရေးမှူးအဖြစ်ဖြင့် ခန့်ထားလိုက်၏။ ရိုဇက်တီးနှင့် ဤကဲ့သို့ တွေ့ဆုံရ ခြင်းသည် ဟော်လကိန်း၏ နောင်ရေးကို တစ်မျိုးတစ်မည် ပြောင်းလဲစေခဲ့၏။ အကြောင်းမူကား ရိုဇက်တီး၏ အတွင်းရေးမှူးအဖြစ်ဖြင့် နေစဉ် ထိုအခါက နာမည်ကျော် စာရေးဆရာကြီးများနှင့် နေ့စဉ်နေ့တိုင်းလိုလိုပင် တွေ့နေရသော ကြောင့် ထိုသူ၏ ကူညီ အားပေးချက်အရ ဝတ္ထုများကို ကြိုးစား၍ ရေးသား ခဲ့ရာ နောက်ဆုံး၌ ဝတ္ထုရေးဆရာကြီးတစ်ယောက် အဖြစ်ဖြင့် ကမ္ဘာပေါ်တွင် ထင်ပေါ်ကျော်ကြားခဲ့လေသည်။

ကမ္ဘာအရပ်ရပ်မှ အင်္ဂလန်သို့လာသော ခရီးသည်များသည် ဂရီးဗား ရဲတိုက်[၂] ခေါ် ဟောလကိန်း၏ အိမ်သို့ သွားရောက်လည်ပတ်ကြလေသည်။ သူ အနိစ္စရောက်သောအခါ ဒေါ်လာငွေ ၂ သန်းခွဲလောက် ကျန်ရစ်ခဲ့လေသည်။ အကယ်၍သာ ထင်ပေါ်ကျော်ကြားလျက်ရှိသော လူကြီးတစ်ဦးထံသို့ ချီးကျူး သော စာတစ်စောင်ကို ရေးသားပေးပို့ခြင်း မပြုခဲ့လျှင် ဟော်လကိန်းသည် ယခုကဲ့သို့ ထင်ပေါ်ကျော်ကြားသော ဝတ္ထုရေးဆရာကြီးတစ်ဦးအဖြစ်သို့ ရောက်ချင်မှ ရောက်ပေလိမ့်မည်။

ဝမ်းထမှ လှိုက်လှိုက်လှဲလှဲ ချီးမွမ်းခြင်း၏ အကျိုးအာနိသင်သည် ဤမျှ ကြီးပေ၏။

---

၁။ Dante Gabriel Rossetti

၂။ Greeba Castle

www.burmeseclassic.com

www.burmeseclassic.com



ရိုဇကက်တီးသည် သူ့ကိုယ်ကို ထင်ပေါ်သော စာရေးဆရာကြီးဟု အထင်ကြီးလေသည်။ ဤကဲ့သို့ အထင်ကြီးခြင်းသည် အထူးအဆန်းမဟုတ်။ လူတစ်ကိုယ် ထင်တစ်လုံးရှိမြဲမှာ ဓမ္မတာပင် ဖြစ်ပေသည်။

မည်သည့်လူမျိုးမဆို သည်အတိုင်းပင် ဖြစ်၏။

သင့်ကိုယ်ကို ဂျပန်လူမျိုးထက် မြင့်မြတ်သည်ဟု အထင်ကြီးပါသလား။ အမှန်စင်စစ်မှာ ဂျပန်လူမျိုးကလည်း သင့်ထက် အဆပေါင်းများစွာ မြင့်မြတ်သည်ဟု သူ့လူမျိုးကို အထင်ရောက်မည် ဖြစ်၏။ ရှေးဆန်သော ဂျပန်တစ်ဦးသည် မျက်နှာဖြူတစ်ဦး ဂျပန်မတစ်ဦးနှင့် တွဲ၍ ကနေသည်မြင်လျှင် အလွန်ဒေါသထွက်၏။

သင့်ကိုယ်ကို ဟိန္ဒူလူမျိုးထက် မြင့်မြတ်သည်ဟု အထင်ကြီးပါသလား။ ဤကဲ့သို့ အထင်ကြီးလိုလျှင် သင့်သဘောအတိုင်း ကြီးနိုင်၏။ သို့ရာတွင် သင့်ကိုယ်ရိပ်ကျပြီးသော အစာကို ဟိန္ဒူတို့သည် စားဖို့ဝေးစွ၊ လက်ဖျားနှင့်ပင် တို့မည် မဟုတ်ပေ။

အက်စကီးမိုး[၁] လူမျိုးတို့ထက် သင့်ကိုယ်ကို မြင့်မြတ်သည်ဟု အထင်ကြီးလိုလျှင်လည်း သင့်သဘောအတိုင်းပေါ့။ သို့ရာတွင် အက်စကီးမိုးတစ်ဦးသည် သင့်အပေါ်တွင် မည်ကဲ့သို့ သဘောထားသည်ကို သင်သိပါ၏လော။ အက်စကီးမိုး လူမျိုးထဲတွင် အလုပ် မလုပ်ချင်သော လူဗလချာ လူပေါ်ကြော့များ ရှိကြလေသည်။ ထိုသူများကို အက်စကီးမိုးတို့က 'မျက်နှာဖြူများ' ဟူ၍ အလွန့်အလွန် ရှုတ်ချသော အနေနှင့် ခေါ်ဝေါ်ကြလေသည်။

တိုင်းပြည်တစ်ပြည်သည် အခြားတိုင်းပြည်များထက် မြင့်မြတ်သည်ဟု ကိုယ့်ပြည်ကို ကိုယ်ထင်ကြ၏။ ဤကဲ့သို့ အထင်ကြီးခြင်းသည် မျိုးချစ်စိတ်ဓာတ်များကို ရင့်သန်စေသည်ဖြစ်ရာ ထိုမှတစ်ဖန် စစ်ပွဲများ ဖြစ်ပွားရလေသည်။

အမှန်မှာ သင်နှင့်တွေ့သမျှသော လူတိုင်းသည် သူ့ကိုယ်ကိုသူ တစ်နည်းနည်းနှင့် အထင်ကြီးလျက် ရှိသည်ဖြစ်ရာ ထိုသူ့ကို သင့်ဘက်ပါအောင် ဆွဲနိုင်သော အညာသည် သူ့ကိုယ်ကို အထင်ကြီးနေသော ထိုလူ၏ အလိုကို စိတ်ရောကိုယ်ပါ ဖြည့်ပေးရန်ပင် ဖြစ်လေသည်။

ကျွန်ုပ်နှင့် တွေ့သမျှသော လူတိုင်းသည် ကျွန်ုပ်ထက် သာသည်ဟု အမှတ်ထားသဖြင့် ထိုလူအကြောင်းကို ကျွန်ုပ် သိရသည်ဟူ၍ အီမာဆန် ပြောသော စကားကို သတိရလိုက်ပါ။

---

၁။ Eskimo

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ပညာ တစ်ရွေးသားမျှ မရှိသောသူများသည် မိမိတို့၏ မာနများကို နှိမ့်ချခြင်းမပြုဘဲ အလွန်မသတီစရာကောင်းသော စကားများကို ဖောင်လောက်အောင် ပြောကြားလျက်ရှိသည်မှာ အလွန် ဝမ်းနည်းစရာ ကောင်းလှပေသည်။

ထိုကဲ့သို့သော လူမျိုးကို အာဏာကလေး လက်တစ်ဆုပ်မျှရသည်နှင့် နတ်ပြည်ခြောက်ထပ်ကို အစိုးရသော သိကြားမင်းနှင့် အန်တုဖက်ပြိုင်မည်ဟု ကြိမ်းဝါးသောသူများဟု ရှိတ်စပီးယား[၁] က ခေါ်ထားလေသည်။

ကျွန်ုပ်၏ တပည့်သုံးဦးသည် ဤအခန်းတွင်ပါသော နည်းများကို အသုံးပြုသဖြင့် မည်ကဲ့သို့သော အကျိုးထူးများ ရရှိခဲ့သည်ကို ပြောပြပါအံ့။ ကွန်နက်တီကပ်[၂] မြို့မှ ရှေ့နေကြီးတစ်ဦးအကြောင်းကို စတင်၍ ပြောပါအံ့။ သူ၏ နာမည်ကို ဖော်မပြပါနှင့်ဟု တောင်းပန်ထားသောကြောင့် သူ့ကို မစ္စတာအာ[၃] ဟူ၍ပင် ခေါ်ကြပါစို့။

ထိုရှေ့နေကြီးသည် ကျွန်ုပ်၏ အတန်းတွင် လာရောက်သင်ကြားပြီး နောက် များမကြာမီတွင် သူ့မိန်းမ၏ အဒေါ်ကြီးတစ်ဦးဆီသို့ သူ့မိန်းမနှင့် အတူတူ မော်တော်ကားစီး၍ သွားကြ၏။ အဒေါ်ကြီး၏ အိမ်သို့ ရောက်သော အခါ သူ၏ မိန်းမသည် အဒေါ်ကြီးနှင့် စကားပြောနေရန် သူ့ကို ထားခဲ့ပြီးလျှင် အခြားဆွေမျိုးများရှိရာသို့ ထွက်သွားလေသည်။ မိတ္တဗလနည်းများကို သင်ကြား လာခဲ့ပြီးနောက် မည်သူ့ကိုမျှ မစမ်းခဲ့ရသေးပေရာ ထိုအဒေါ်ကြီးကို စမ်း၍ ကြည့်မည်ဟု စိတ်ပိုင်းလိုက်၏။ ထို့ကြောင့် စိတ်ရောကိုယ်ပါ ချီးမွမ်းနိုင်မည့် အရာတစ်ခုကို တွေ့လိုတွေ့ငြား သူသည် အိမ်တွင်း၌ ဟိုဟိုဒီဒီ ကြည့်လေသည်။

'ကြီးတော် ဒီအိမ်ကြီးကို ၁၈၉၀ ပြည့်နှစ်က ဆောက်တယ် မဟုတ်လား'

'အေး ဟုတ်တယ်၊ အဲဒီနှစ်မှာပဲ ဆောက်တယ်'

'ဒီအိမ်ကြီးကိုမြင်ရတော့ ကျွန်တော့်ကို မွေးတဲ့အိမ်ကို သွားပြီး သတိရ တယ်၊ ကြည့်လို့လဲလှတယ်၊ ခိုင်လဲခိုင် ကျယ်လဲ သိပ်ကျယ်တာပဲ၊ ဒီလိုအိမ်မျိုးကို ခုလူတွေ မဆောက်ကြတော့ဘူး ကြီးတော်ကြီးရဲ့'

'အေး ဟုတ်တယ်၊ လူငယ်တွေဟာ အိမ်လှလှကို ဆောက်ရမှန်း မသိ ကြဘူး၊ သူတို့ဆောက်တာက အိမ်သေးသေးကလေး ဆောက်ပြီး အိမ်မှာ

---

၁။ Shakespeare

၂။ Connecticut

၃။ Mr. R.

www.burmeseclassic.com

www.burmeseclassic.com



နားမနေဘဲ မော်တော်ကားတစ်စီးနဲ့ ထွက်နေကြတာပဲ၊ ဒီအိမ်ကို မင့်ဦးကြီးနဲ့ ကြီးတော်တို့ နှစ်ပေါင်း အတော်ကြာကြာ စိတ်ကူးပြီးမှ ဆောက်တာကွယ့်၊ ဘယ်ဗိသုကာတစ်ယောက်ကိုမှ မငှားပါဘူး'

ထိုနောက် အဒေါ်ကြီးသည် သူ့ကို အိမ်တွင်း အိမ်ပြင် လျှောက်၍ ပြလေသည်။ ထိုအဒေါ်ကြီးသည် တစ်သက်လုံး အမြတ်တနိုး စုဆောင်းလာခဲ့သော ပေ့စလေ လွှာစောင်များ[၁]၊ ရှေးကျသော အင်္ဂလိပ် လက်ဖက်ရည်ပန်းကန်များ၊ တရုတ်လက်ဖက်ရည်ပန်းကန်များ၊ ပြင်သစ်ကုလားထိုင်နှင့် ခုတင်များ၊ အီတာလျံ ပန်းချီကားများ၊ ပြင်သစ်ရဲဟိုက်ကြီးတစ်ခုအတွင်းတွင် အသုံးပြုခဲ့ဖူးသော ပိုးခန်းဆီးစများကိုလည်း ထုတ်၍ပြသရာ ကျွန်တော်သည် တစ်ခုပြီး တစ်ခု ကိုင်တွယ် ချီးမွမ်းလေသည်။

အိမ်တွင်းတွင် နှံ့သောအခါ မော်တော်ကားရုံသို့ ကျွန်တော့်ကို ခေါ်သွားပါသည်။ မော်တော်ကားရုံထဲတွင် တုံးများပေါ်၌တင်ထားသော ပက္ကတ် မော်တော်ကားကြီးတစ်စင်းကို တွေ့ရပါသည်။

'မင့်ဦးကြီး မဆုံးမီကလေးတွင် ဒီကားကို ဝယ်သွားတယ်၊ သူ ဆုံးပြီး ကတည်းက ကြီးတော်လဲ ဒီကားကို တစ်ခါမှ မစီးဘူး၊ မင့်ကို ဒီကားပေးမယ်'

'ကျေးဇူးတင်ပါတယ် ကြီးတော်၊ သို့ပေမယ့် ကျွန်တော် လက်ခံလို့ ဖြစ်ပါ့မလား၊ ကျွန်တော်က ဘာမဆိုင် ညာမဆိုင်ဘဲနဲ့ ဒီကားကို ဝင်ပြီး ယူတယ်ဆိုတော့ ကြီးတော်ရဲ့ တူရင်း တူမရင်းတွေကိုလဲ ထောက်ထားဖို့ ရှိသေးတယ် ကြီးတော်ရဲ့'

'ဒင်းတို့ကို ဂရုစိုက်မနေပါနဲ့ကွာ၊ ငါသေရင် ဒီကားကို သူတို့ရမှာပဲ ဆိုပြီး စောင့်နေကြတယ်လေ၊ ဒင်းတို့ကိုတော့ မပေးဘူး၊ မင်းပဲ ယူသွား ပေတော့'

'သူတို့ကို မပေးချင်ရင် တစ်ပတ်ရစ်ကားများ ဝယ်တဲ့သူကို ရောင်းနိုင် သားပဲ ကြီးတော်ရဲ့'

'မလုပ်ပါနဲ့ မောင်ရင်ရယ်၊ ဒီကားကို သူစိမ်းတွေ စီးနေတာ မကြည့်ရက်ပါဘူးကွယ်၊ မင်းပဲ ယူသွားပါ'

ထိုသူလည်း ထိုမော်တော်ကားကို ယူရမည်စိုးသောကြောင့် လှည့်ပတ် ပြောသော်လည်း မရပေ။ ဇွတ်ငြင်းပြန်လျှင် အဒေါ်ကြီး စိတ်ဆိုးရှိသာ ရှိတော့မည် ဖြစ်၏။

---

၁။ Paisley Shawls

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီး တစ်အိမ်ထဲတွင် ပစ္စည်းများနှင့် ပြည့်စုံလျက် ရှိသော်လည်း ထိုအိမ်ကြီးနှင့် ထိုပစ္စည်းများကို စိတ်ပါလက်ပါ ချီးမွမ်းမည့်သူ တစ်ဦး လိုလျက် ရှိလေသည်။ အဒေါ်ကြီးသည် ငယ်ရွယ်စဉ်က အလွန်လှပ၍ ပိုးပန်းသူ အတော်များခဲ့၏။ ဤအိမ်ကြီးကို ဆောက်လုပ်ပြီးနောက် အလှဆင်ရန် အတွက် ဥရောပတိုက်မှ ပစ္စည်း အမြောက်အမြား မှာယူ၍ မွမ်းမံ ခြယ်လှယ်ခဲ့၏။ ယောကျ်ားဆုံးပြီးသည့်နောက် မိမိအိမ်ကြီးနှင့် မိမိသာ ကျန်ရစ်ခဲ့၍ သူ့ကို နှစ်သိမ့် ဖြေဖျော်မည့်သူ တစ်ဦးတစ်ယောက်မျှ မပေါ်ပေါက်ခဲ့ပေ။ ထို့ကြောင့် သူ့ကို ဖျော်ဖြေမည့်သူတစ်ဦး ပေါ်ပေါက်လာသောအခါ ကျေးဇူးတင်မဆုံးသောအနေနှင့် ပက္ကတ်မော်တော်ကားကိုပင် လက်ဆောင်ပေးလေသည်။

အခြား တပည့်တစ်ဦး၏အကြောင်းကို ကြည့်ကြဦးစို့။ နယူးယောက်မြို့ရှိ လူဝစ်နှင့် ဗယ်လင်တိုင်[၁] အလုပ်တိုက်၏ တိုက်အုပ်ဖြစ်သော ဒေါနယ် အမ်မက်မဟွန်[၂] သည် သူ၏ အဖြစ်အပျက်ကို အောက်ပါအတိုင်း ပြန်၍ ပြောလေသည်။

မိတ္တဗလင်ဒိုကာ နည်းများကို သင်ကြားပြီးနောက် များမကြာမီ နာမည်ကျော် တရားသူကြီးတစ်ဦး၏ အိမ်ဝင်းခြံကို ပြုပြင်ပေးရန် ကျွန်တော် သွားရောက်ရပါသည်။ တရားသူကြီးသည် ဘယ်နေရာတွင် ဘာပင်စိုက်ချင်သည် စသည်ဖြင့် ပြောကြားရန် ကျွန်တော်ရှိရာသို့ လာပါသည်။

'မင်းကြီးရဲ့ ခွေးတွေက တယ်လှပါကလား၊ မက်ဒီဆန် စကွဲယား ဂါးဒင်း[၃] မှာ ကျင်းပတဲ့ ခွေးအလှပြိုင်ပွဲမှာ နှစ်စဉ်လိုလို ဆုတွေရတယ်လို့ ကြားဖူးပါတယ်'

ကျွန်တော်၏ စကားများသည် ထိုမင်းကြီးအား နှစ်သိမ့်စေသည်မှာ အလွန် ထင်ရှားလျက် ရှိပါသည်။

'ဟုတ်တယ်၊ ကျုပ်ခွေးတွေနဲ့ ကျုပ်ဖြင့် ပျော်နေတာပဲ၊ ခွေးတွေထားတဲ့ နေရာကို လိုက်ပြီးကြည့်ပါလား'

ရရှိသောဆုများနှင့် ခွေးများထားသောနေရာကို တစ်နာရီလောက် ကြာအောင် လျှောက်၍ပြပြီးလျှင် ခွေးများသည် အဘယ်ကြောင့် ထိုမျှလှရသည်ကို ရှင်းပြပြန်ပါသည်။

---

၁။ Lewis & Valentine
၂။ Donald M. McMahon
၃။ Madison Square Garden

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ကျွန်တော့်ဘက်သို့လှည့်ပြီး 'မောင့်မှာ သားယောကျ်ားကလေးများ ရှိသလား'

'ဟုတ်ကဲ့၊ ရှိပါတယ်'

'ခွေးကလေးတစ်ကောင်ကို လိုချင်မှာပေါ့'

'ဟုတ်ကဲ့၊ ခွေးကလေးရရင် သိပ်ဝမ်းသာပါလိမ့်မယ်'

'ကောင်းပြီ၊ ခွေးကလေးတစ်ကောင်ကို ပေးလိုက်မယ်'ဟု တရားသူကြီးက ပြောလေသည်။

ထို့နောက် ခွေးကလေးကို မည်ကဲ့သို့ အစာကျွေးရမည်ကို လျှောက်၍ ပြောပြပြီးနောက် ကျွန်တော် မေ့သွားမည်ကိုစိုးသောကြောင့် စက္ကူတစ်ရွက်ပေါ်တွင် ခွေးမွေးနည်း နိသျည်းကို ကိုယ်တိုင် လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ပေးပြန်ပါသည်။ သူဝါသနာပါသည့် အရာနှင့် သူ၏ အောင်မြင်မှုများကို စိတ်ပါလက်ပါ ချီးမွမ်းမိသည်နှင့် တရားသူကြီးသည် သူ၏ အလွန်အဖိုးထိုက်တန်သော အချိန်များမှ ကျွန်တော့်အတွက် တစ်နာရီကျော်ကျော် ဖြုန်းရုံသာမက ဒေါ်လာ တစ်ရာကျော်တန်သော ခွေးကလေးတစ်ကောင်ကိုလည်း ကျွန်တော့်အား လက်ဆောင်ပေးလိုက်ပါသေးသည်။

ရုပ်ရှင် ရိုက်ကူးရန်အတွက် ကော်ပြားကို တွင်ခဲ့သူ ဂျော့ အီစမန်း[၁] သည် ဒေါ်လာ သန်းပေါင်း တစ်ရာကျော်လောက် စုမိ၍ ကမ္ဘာပေါ်တွင် အကျော်ကြားဆုံးသော ကုန်သည်တစ်ဦးအဖြစ်သို့ ရောက်ခဲ့လေသည်။ ထိုမျှ အလုပ်အကိုင်ကြီးများကို လုပ်ကိုင်နေသောသူပင် ဖြစ်လင့်ကစား သင်နှင့် ကျွန်ုပ်တို့ကဲ့သို့ အချီးမွမ်းကို ခံယူလိုပေသေး၏။

သက်သေထုတ်၍ ပြပါအံ့။ နှစ်ပေါင်း အတော်ကြာလောက်က အီစမန်းသည် ရိချက်စတား[၂] မြို့တွင် အီစမန်း တူရိယာကျောင်း[၃] တစ်ကျောင်းနှင့် သူ၏ မိခင်ကြီးကို အမှတ်တရဖြစ်စေရန် ကီလဗုန်ဟော[၄] ရုံကြီးတစ်ရုံကို ဆောက်လုပ်လေသည်။ နယူးယောက်မြို့ရှိ ကုလားထိုင် ကုမ္ပဏီတစ်ခု၏ မန်နေဂျာ ဂျိမ်း အက်ဒမ်ဆန်[၅] သည် အထက်ပါ တူရိယာကျောင်းနှင့် ရုံကြီးအတွက် ကုလားထိုင်များကို ရောင်းလို၏။ ထို့ကြောင့် ထိုအဆောက်အအုံများကို ကြီးကြပ်ဆောက်လုပ်နေသော ဗိသုကာထံသို့ မစ္စတာ အီစမန်းနှင့် တွေ့လို

---

၁။ George Eastman

၂။ Rochester

၃။ Eastman School of Music

၄။ Kilbourn Hall

၅။ James Adamson

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း တယ်လီဖုန်းနှင့် လှမ်း၍ ပြောလေသည်။ ချိန်းသည့်နေ့သို့ ရောက်သောအခါ ဗိသုကာနှင့် မစ္စတာ အက်ဒမ်ဆန်တို့သည် ရှေးဦးစွာ တွေ့ဆုံကြရာတွင် ဗိသုကာက 'မိတ်ဆွေ၊ ခင်ဗျား ကုလားထိုင် ရောင်းချင်တယ် မဟုတ်လား။ အင်း– ခုကတည်းကပြောထားမနော်၊ အဘိုးကြီးက သိပ်ပြီး စနစ်ကြီးတယ်၊ အလုပ်လဲ သိပ်ရှုပ်တယ်၊ ပြီးတော့ ခင်ဗျား ပြောစရာရှိတာ မြန်မြန်ပြောပြီးထွက်၊ ငါးမိနစ်ထက် ပိုပြီးကြာရင် ခင်ဗျားကုလားထိုင်တွေ တစ်လုံးမှ ရောင်းရမှာ မဟုတ်ဘူး'ဟု မစ္စတာ အက်ဒမ်ဆန်ကို သတိပေးလေသည်။

မစ္စတာ အက်ဒမ်ဆန်လည်း ကောင်းပါပြီဟု ဝန်ခံ၏။

မစ္စတာ အက်ဒမ်ဆန်လည်း အခန်းတွင်းသို့ ဝင်သွားသောအခါ မစ္စတာအီစမန်းသည် ကုန်း၍ စာရေးနေသည်ကို တွေ့ရ၏။ မစ္စတာ အက်ဒမ်ဆန်တို့ ဝင်လာသည်ကို သိသောအခါ တပ်ထားသောမျက်မှန်ကို ချွတ်ပြီးလျှင် 'ကဲ လူကြီးမင်းခင်ဗျား၊ ကျွန်တော် ဘာများ ကူညီရန်ရှိပါသလဲ'ဟု မေး၏။

ဗိသုကာသည် မစ္စတာ အက်ဒမ်ဆန်နှင့် မစ္စတာ အီစမန်းတို့ကို မိတ်ဖွဲ့ပေးပြီးနောက် မစ္စတာ အက်ဒမ်ဆန်က စ၍

'မစ္စတာ အီစမန်းခင်ဗျား၊ အပြင်မှာ ကျွန်တော်တို့ ထိုင်ပြီး စောင့်နေတုန်းက ဒီအလုပ်ရုံးခန်းကိုကြည့်ပြီး ဒီလိုအခန်းမျိုးနဲ့များ အလုပ် လုပ်ရရင် ဘယ့်လောက် ကောင်းမလဲလို့ ချီးမွမ်းနေပါတယ်၊ အဆောက်အအုံတွေကို ကုလားထိုင်တွေ လိုက်ပြီး ရောင်းခဲ့တာ များလှပါပြီ၊ ခုလောက်လှတဲ့ ရုံးခန်းမျိုးကို ကျွန်တော် တစ်ခါမျှ မတွေ့ဖူးသေးဘူး'

ဟု မစ္စတာ အီစမန်းကို ပြောလေသည်။

'ဆောက်ပြီးကာစတော့ ကျုပ်အခန်းကို ကြည့်ပြီး သဘောကျနေနိုင်ပါသေးရဲ့၊ ခုများဖြင့် အလုပ်တွေက များလွန်းလို့ အခန်းကို ကြည့်ဖို့တောင် မေ့နေတာ ကြာလှပြီ၊ ခု မစ္စတာ အက်ဒမ်ဆန် ပြောတော့မှပဲ သတိရပေတော့တယ်'

မစ္စတာအက်ဒမ်ဆန်သည် ထိုင်ရာမှ သစ်သားနံရံ တစ်ဘက်ဆီသို့ ထသွား၍ 'ဒီအသားဟာ အင်္ဂလိပ်အုတ်[၁] မဟုတ်လား။ အီတာလျံအုတ်နဲ့

၁။ Oak

www.burmeseclassic.com



နည်းနည်းတော့ ကွာတယ်'ဟု အလွန်သဘောကျသော အမူအရာဖြင့် ချီးကျူးလေသည်။

'ဟုတ်တယ်၊ ဒီအသားကို အင်္ဂလန်က မှာယူရတယ်၊ သစ်သားကောင်းတွေကို နားလည်တဲ့ မိတ်ဆွေတစ်ဦးက ရွေးပေးတယ်'

ထို့နောက် မစ္စတာ အိစမန်းသည် အက်ဒမ်ဆန်ကို အလုပ်ခန်းအတွင်းရှိ သူကိုယ်တိုင် စီမံဆောက်လုပ်ထားသော လက်ရာတို့ကို ပြသ၏။

အခန်းတွင်း၌ လှည့်လည်ကြည့်ရှုနေစဉ် ပြတင်းပေါက်တစ်ခုနားသို့ ရောက်သောအခါ ခေတ္တရပ်နား၍ ရီချက်စတား ယူနီဗာစီတီ၊ ပြည်သူ့ဆေးရုံကြီး၊ သဘာဝစမ္မဆေးရုံကြီး[၁]၊ မရှိနွမ်းပါးသူများ တည်းခိုရန်အိမ်၊ ကလေးသူငယ်များအတွက် ဆေးရုံ စသော လူအများကောင်းစားရေးအတွက် သူကိုယ်တိုင် ထောက်ပံ့ထားရသော အဆောက်အအုံကြီးများကို မစ္စတာ အိစမန်းသည် အက်ဒမ်ဆန်သို့ လက်ညှိုးထိုး၍ ပြသလျက်ရှိ၏။ အတိဒုက္ခရောက်နေသူများ ချမ်းသာရန်အတွက် ဥစ္စာပစ္စည်းများကို လှူဒါန်းရာ၌ အိစမန်း၏ စိတ်ကူးယဉ်ပုံကို မစ္စတာ အက်ဒမ်ဆန်သည် နှစ်နှစ်ကာကာ ချီးကျူးလျက်ရှိ၏။ ဤသို့ ပြောနေစဉ် အင်္ဂလိပ်တစ်ယောက်ထံမှ ဝယ်ယူလိုက်သော သူ၏ ပထမဆုံး လက်ကိုင်ကင်မရာ[၂] ကလေးကို မှန်ဘီရိုတစ်ခုထဲမှ ထုတ်၍ ပြလေသည်။

ကိုယ်ပိုင် အလုပ်တစ်ခုဖြစ်လာအောင် ငယ်စဉ်က မည်ကဲ့သို့ ကိုယ့်ဒူး ကိုယ်ချွန်ခဲ့ရကြောင်းကို မစ္စတာ အက်ဒမ်ဆန်က လျှောက်၍မေးရာ ငယ်စဉ်က သူသည် အလွန်ဆင်းရဲခဲ့ကြောင်း၊ သူ၏ မိခင်အို မုဆိုးမကြီးမှာ ထမင်းဆိုင်ကလေး ဖွင့်ခဲ့ရ၍ သူသည် တစ်နေ့လျှင် ဒေါ်လာဝက်လောက်နှင့် စာရေးကလေးအလုပ်ကို ဝင်၍လုပ်ခဲ့ရကြောင်း၊ မိခင်အိုကြီးသည် အလုပ်လုပ်ရသည့်အတွက် ပင်ပန်းပြီး သေသွားမှာစိုးသဖြင့် သားအမိနှစ်ယောက်အတွက် လုံလုံလောက်လောက် စားသောက်နိုင်ဖို့ ပိုက်ဆံကို သူတစ်ဦးတည်း ကြိုးစား၍ ရှာဖွေရန် သန္နိဋ္ဌာန်ချပုံ အလုံးစုံတို့ကို စိတ်ပါလက်ပါ ပြောပြရှာ၏။ ထို့နောက် ရုပ်ရှင်ကား ရိုက်ကူးသည့် ကော်ပြားကို မည်ကဲ့သို့ ကြံဖန်၍ လုပ်ခဲ့သည့်အကြောင်းကို မေးမြန်း၍ အိစမန်း ပြောနေစဉ် မစ္စတာ အက်ဒမ်ဆန်သည် စူးစိုက်၍ နားထောင်နေလေသည်။ မစ္စတာ အိစမန်းသည်လည်း ထိုလုပ်ငန်းကို ထမြှောက်

၁။ The Homeopathic Hospital

၂။ Camera

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ရန် ကြိုးစားရာ၌ အလုပ်ခန်းထဲတွင် မည်ကဲ့သို့ တစ်နေ့လုံး တစ်ညလုံး အလုပ်လုပ်ခဲ့ရပုံ၊ ဤသို့ အလုပ်လုပ်စဉ် ဓာတ်ခဲများ အရည်ပျော်အောင် ဆေးစိမ်၍ထားရခိုက် မှေးရုံသာ မှေးရပုံ၊ တစ်ခါတစ်ရံ ဝတ်ထားသော အဝတ်အစားများကို မလဲနိုင်ဘဲ အိပ်လျှင်လည်း ထိုအဝတ်၊ အလုပ်လုပ်လျှင်လည်း ထိုအဝတ်ဖြင့် တစ်ဆက်တည်း ၇၂ နာရီမျှ နေခဲ့ရပုံတို့ကို စီကာပတ်ကုံး ရွှင်ရွှင်လန်းလန်း ပြောပြလေသည်။

အက်ဒမ်ဆန်သည် မစ္စတာ အိစမန်းအခန်းတွင်းသို့ ဝင်သွားစဉ်က နံနက် ၁၀ နာရီနှင့် ၁၅ မိနစ်သာ ရှိသေး၏။ အခန်းတွင်းသို့ မဝင်မီ ဗိုလ်သုကာက အက်ဒမ်ဆန်ကို ငါးမိနစ်ထက်ပို၍ စကားမပြောပါနှင့်ဟု သတိပေးလိုက်၏။ သို့ရာတွင် ၁၂ နာရီခွဲသော်လည်း အက်ဒမ်ဆန်နှင့် အိစမန်းတို့သည် စကားလက်ဆုံကျလျက်ပင် ရှိကြသေး၏။

သို့ဖြင့် နောက်ဆုံးတွင် အိစမန်းသည် အက်ဒမ်ဆန်ဘက်သို့လှည့်၍ 'အရင်တစ်ခေါက်က ဂျပန်ပြည်ကို ကျွန်တော် ရောက်ခဲ့တုန်းက ကုလားထိုင် ၄–၅ လုံးလောက် ဝယ်ခဲ့ပြီး ကျွန်တော့်အိမ်ရဲ့ အိမ်ရှေ့ခန်းမှာ ထားတယ်။ နေပူလို့ထင်ပါရဲ့ ဆေးတွေကွာကုန်တာနဲ့ မနေ့က မြို့ကို ရောင်တင်ဆီတစ်ပုလင်း သွားဝယ်ပြီး ကျွန်တော့်ဟာ ကျွန်တော် ဆေးသုတ်ထားလိုက်တယ်၊ ကျွန်တော် ဆေးဘယ်လောက်သုတ်တတ်တယ်ဆိုတာကို ခင်ဗျား ကြည့်မလား၊ ကဲ ကျွန်တော့် အိမ်မှာ နေ့လယ်စာ လိုက်ပြီး စားလှည့်ဗျာ၊ နေ့လယ်စာစားပြီးတော့ ကျွန်တော် ဆေးသုတ်ထားတဲ့ ကုလားထိုင်တွေကို ကြည့်ရအောင်' ဟု ဆက်၍ ပြောလေသည်။

နေ့လယ်စာ စားသောက်ပြီးနောက် မစ္စတာ အိစမန်းသည် အက်ဒမ်ဆန်သို့ ဂျပန်ပြည်မှ သူဝယ်ယူလာသော ကုလားထိုင်များကို ပြလေသည်။ ထိုကုလားထိုင်များသည် တစ်လုံးလျှင် တစ်ဒေါ်လာခွဲလောက်ပင် မတန်ချေ။ သို့ရာတွင် ဒေါ်လာ သန်းပေါင်းတစ်ရာကျော်မျှ ချမ်းသာသော မစ္စတာ အိစမန်းသည် ထိုကုလားထိုင်များပေါ်တွင် ဂုဏ်ယူလျက် ရှိလေသည်။ အကြောင်းမှုကား ထိုကုလားထိုင်များကို သူကိုယ်တိုင် ဆေးသုတ်ထားသော ကြောင့်ပင် ဖြစ်လေသည်။

မစ္စတာ အိစမန်း ဆောက်လုပ်သော အဆောက်အအုံနှစ်ခုအတွက် မှာယူသော ကုလားထိုင်ဖိုးသည် ဒေါ်လာငွေ ၉၀၀၀၀ မျှ ရှိလေသည်။ ထိုကုလားထိုင်များကို မည်သူ့ထံမှ ဝယ်ယူမည်ဟု သင် ထင်ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ မစ္စတာ အီစမန်း အနိစ္စရောက်သည့်နေ့တိုင်အောင် ထိုသူနှစ်ဦးသည် မိတ်ဆွေရင်းချာများ ဖြစ်ကြလေသည်။

တစ်ဖက်သားအား ဤကဲ့သို့ လိုက်လိုက်လဲလဲ ချီးမွမ်းသောနည်းကို သင်နှင့် ကျွန်ုပ်တို့သည် ဘယ်နေရာတွင် အသုံးပြုရမည်နည်း။ ထိုနည်းကို သင်နှင့် ကျွန်ုပ်တို့၏ အိမ်များတွင် အဘယ်ကြောင့် အသုံးမပြုရသေးသနည်း။ ထိုနည်းများကို အသုံးပြုရန် အိမ်ထက် ပို၍လိုအပ်သော နေရာသည် အခြား၌ မရှိသော်လည်း သင်နှင့် ကျွန်ုပ်တို့သည် ထိုနည်းများကို အိမ်တွင် လျစ်လျူရှု၍ ထားတတ်ကြသည်။ သင်၏ ဇနီးသည်တွင် ကောင်းသော အရည်အချင်းအချို့ ရှိပေလိမ့်မည်။ ဤကဲ့သို့မှ မရှိပါလျှင် သင်သည် ထိုမိန်းမကို လက်ထပ်ခဲ့မည် မဟုတ်။ သို့ရာတွင် သင်၏ ဇနီးသည်ကို ဘယ်နှစ်ကြိမ်များ ချီးမွမ်းယုယဖူးပါသလဲ။ စဉ်းစားပြီး ဖြေစမ်းပါ။ ဘယ်နှစ်ကြိမ်များ ချီးမွမ်းယုယဖူးသလဲ ဆိုတာ။

လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က နယူးဘရန်းစဝစ်[၁] နယ်ရှိ မီရာမီချီ[၂] မြစ်ဖျားတွင် ငါးများရန် ကျွန်ုပ် သွားခဲ့၏။ တစ်နေ့သ၌ ကျွန်ုပ် တစ်ဦးတည်း အလွန်ပျင်းသောကြောင့် ဖတ်စရာ လိုက်၍ရှာရာ နယ်သတင်းစာကလေး တစ်စောင်ကိုသာ တွေ့ရ၏။ ပျင်းပျင်းနှင့် ထိုသတင်းစာထဲရှိ စာများကို ကြော်ငြာမကျန် အကုန်လုံး လျှောက်ဖတ်ရာ ဒေါ်ရသီဒစ်၏ ဆောင်းပါး တစ်စောင်ကို တွေ့ရ၍ ထိုဆောင်းပါးသည် အလွန် အဖိုးတန်သောကြောင့် ကျွန်ုပ်သည် ဆုတ်ယူထားပါသည်။ သတို့သမီးများကိုသာ ပြောကြားလျက် ရှိသော ဆုံးမစကားတို့ကို အစဉ်သဖြင့် ကြား၍ နားငြီးလှပြီဖြစ်ရာ သတို့သားများကိုလည်း တစ်နေရာသို့ ခေါ်သွားပြီးလျှင် အောက်ပါ ဆုံးမစကားကလေးများကို ပြောပါဦးဟူ၍ ဒေါ်ရသီဒစ်က တိုက်တွန်းထား၏။

> မိန်းမ အကြောင်းကို နားမလည်ဘဲနှင့် မည်သည့် အခါမျှ လက်မထပ်ပါနှင့်။ လက်မထပ်မီ မိန်းမတစ်ဦးကို ချီးမွမ်းချင်သပဆိုလျှင် ချီးမွမ်းလိုသူ၏ သဘောပင်ဖြစ်၏။ သို့ရာတွင် လက်ထပ်ပြီးသောအခါ သင်၏ ဇနီးသည်ကို ချီးမွမ်းခြင်းသည် သင်၏ သာမန်ဝတ္တရားတစ်ရပ် ဖြစ်ရုံသာမက သင်၏ ကိုယ်ရေးအတွက် အရေးကြီးသော ဝတ္တရားတစ်ခုပင် ဖြစ်လေသည်။ လင်နှင့်မယား ဆက်ဆံရာ၌

၁။ New Brunswick
၂။ The Miramichi

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းထဲရှိသမျှ ပြောင်ထုတ်ချ၍မရ။ လိုရင်းရောက်အောင် လှည့်ပတ်ပြောမှသာ ရလေသည်။

အကယ်၍ သင်သည် နေ့စဉ် ဟင်းကောင်းနှင့် ထမင်းစားချင်ပါလျှင် သင်၏ ဇနီးသည် ချက်ပုံပြုတ်ပုံကို ဘယ်အခါမျှ အပြစ်မရှာပါနှင့်။ သင်၏ အမေ့အိမ်တွင် စားရစဉ်က ဘယ်လို၊ မိန်းမအိမ်ကျကာမှ ဘယ်နှယ် စသည်ဖြင့် နှိုင်းယှဉ်၍လည်း ဘယ်အခါမျှ အပြစ်မဆိုပါနှင့်။ သို့ရာတွင် သင့်ဇနီးသည်၏ အိမ်တွင်းရေး စီမံအုပ်ချုပ်ရာ၌ စေ့စပ်လုံခြုံပုံကို အစဉ်သဖြင့် ချီးကျူးပါ။ ထို့ပြင်လည်း အလှတွင် ဘုရဏီ၊ အလုပ်အကျွေးတွင် မယ်မဒ္ဒီ၊ သစ္စာအရာတွင် ကိန္နရီတို့ကဲ့သို့ ကောင်းခြင်းငါးဖြာ ဆင်းအင်္ဂါနှင့် ပြည့်စုံသူကို လက်ထပ်ပေါင်းသင်းဆက်ဆံခြင်း ပြုရသည့်အတွက် သင်သည် ကုသိုလ်ကံထူးသူတစ်ဦးဖြစ်ကြောင်းကိုလည်း မကြာခဏ ပြောကြားပါလေ။ အကယ်၍ ဝက်သားကြော်သည် သားရေကဲ့သို့ မာပြီးလျှင် ချက်ထားသော ထမင်းသည် ထမနဲဖြစ်နေသော်လည်း သင်၏ ဇနီးကို မဆူပါနှင့်။ 'ခင်ရေ ဒီကနေ့ ခါတိုင်းလက်ရာမျိုး မဟုတ်ပါကလားဟေ့'ဟု ပြောလျှင် သူ့လက်တွေကို မီးလောင်စေကာမူ အလောင်ခံ၍ သင့်အကြိုက်ဖြစ်အောင် ချက်ပေးပေလိမ့်မည်။

သို့ရာတွင် ယခုနည်းများကို ဖြန်းကနဲ အသုံးမပြုလေနှင့်။ သင့်ကို သင်၏ ဇနီးသည် မယုံသင်္ကာ ဖြစ်လိမ့်မည်။

သို့ရာတွင် ယနေ့ သို့မဟုတ် မနက်ဖြန် ညနေ အလုပ်မှပြန်သောအခါ သင်၏ ဇနီးသည့်အဖို့ ပန်းတစ်စည်း သို့မဟုတ် သူကြိုက်တတ်သည့် အစားအစာ တစ်ခုခုကို ဝယ်သွားပါ၊ ယခုစာကိုဖတ်ပြီးလျှင် 'အိမ်း ငါလုပ်ဦးမှပဲ' ဟူ၍ ပြောရုံနှင့် မပြီးစေနှင့်၊ လုပ်ဖြစ်အောင် လုပ်ပါ။ သင် ဝယ်ယူသွားသော အရာများကို သင်၏ ဇနီးသည်သို့ ပေးသောအခါ ဘာမျှ မပြောဘဲ ရှုတည်တည် မပေးပါနှင့်။ ချစ်ခင် ယုယသော စကားများကို ခပ်ပြုံးပြုံး ပြော၍ ပေးပါ။ လင်နှင့် မယားတို့သည် ဤနည်းကိုလိုက်နာ ဆောင်ရွက်ကြလျှင် လင်မယား ခြောက်စုံ လက်ထပ်သည့်အနက် တစ်စုံတလေမျှပင် ကွာရှင်းလိမ့်မည်ဟု ကျွန်ုပ် မထင်။

မိန်းမတစ်ယောက်သည် သင့်ကို ချစ်ကြိုက်လာအောင် လုပ်ရန် နည်းကောင်းကို သင် အလိုရှိသလား။ အလိုရှိလျှင် ထိုနည်းကို ကျွန်ုပ်ပေးမည်။

www.burmeseclassic.com



သို့ရာတွင် ထိုနည်းသည် ကျွန်ုပ်၏ နည်းမဟုတ်။ ဒေါ်ရသီဒစ်၏နည်းဖြစ်လေသည်။ တစ်ခါတုန်းက ဒေါ်ရသီဒစ်သည် မိန်းမ ၂၃ ယောက်အထိ သူတို့စုထားသော ပစ္စည်းများနှင့်တကွ အရချိုင်နိုင်သော နာမည်ကျော် မယားများသူ တစ်ဦးနှင့် သွားရောက် တွေ့ဆုံခဲ့ဖူး၏။ (ထိုသူသည် ထောင်ဒဏ်ခံနေရသောကြောင့် သူ့ကို တွေ့ရသော နေရာသည် ထောင်ဖြစ်ကြောင်းကို စကားမစပ် ပြောလိုက်ပါရစေ။) ထိုသူ့ထံမှ မိန်းမချစ်အောင် လုပ်နိုင်သည့် ဆေးနည်းကို ပေးပါဟု တောင်းရာ 'ဒါ အဆန်းမဟုတ်ပါဘူး၊ မိန်းမတွေကို သူတို့ရဲ့အကြောင်းကိုသာ ပြော၊ ကျရော'ဟု ထိုလူက ပြန်ပြောဖူးလေသည်။

ထိုနည်းကို မိန်းမများ ကျအောင်သာ မဟုပေါ်ဘဲ ယောကျ်ားများကိုလည်း ကျအောင် အသုံးပြုနိုင်လေသည်။ 'လူတစ်ယောက်သို့ သူ့အကြောင်းကိုသာ လျှောက်၍ပြောလျှင် ထိုသူသည် နာရီပေါင်းများစွာ မငြီးငွေ့ဘဲ နားထောင်လိမ့်မည်'ဟု ဗြိတိသျှ နိုင်ငံတော်ကြီး တစ်ခုလုံးကို အထူးကျွမ်းကျင်စွာ အုပ်ချုပ်သွားခဲ့ဖူးသော နန်းရင်းဝန်ကြီး ဒစ်ဇရေလီက ပြောခဲ့ဖူး၏။

**ထို့ကြောင့် သင့်ကို လူကြိုက်များစေလိုလျှင် နည်းအမှတ် ၆ သည်**

**တစ်ဖက်သားအား သူ့ကိုယ်ကိုသူ အထင်ကြီးလာအောင် လုပ်ပေးပါ။**

**ဤသို့လုပ်ရာ၌ စိတ်ရောကိုယ်ပါ လုပ်ပေးပါ။**

သင်သည် ဤစာအုပ်ကို ဖတ်နေသည်မှာ အချိန်အတော်ကြာသွားပေပြီ။ စာအုပ်ကို ပိတ်၍ သင်၏ ဆေးတံမှ ပြာများကို ခေါက်ထုတ်လိုက်ပြီးလျှင် ဤအခန်း၌ပါသော ချီးမွမ်းသည့်နည်းကို သင်နှင့် ပထမဆုံးတွေ့ရသော လူအပေါ်တွင် စမ်းကြည့်ပါ။ မျက်လှည့်ပြသကဲ့သို့ ထူးခြားသည်ကို သင် တွေ့ရပေအံ့။

www.burmeseclassic.com

# အပိုင်း ၃

# သင့်ဘက်ပါအောင်လုပ်ရန် နည်း ၁၂ နည်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁

## ငြင်းခုံခြင်းအားဖြင့် အနိုင်ရမည် မဟုတ်

ကမ္ဘာစစ်ကြီးပြီး၍ များမကြာမီ တစ်ညသ၌ လန်ဒန်မြို့တွင် အဖိုးမဖြတ်နိုင်သော သင်ခန်းစာတစ်ခုကို ကျွန်ုပ် ရရှိလေသည်။ ထိုအချိန်အခါက ကျွန်ုပ်သည် ဆာ ရော့ စမစ်[၁] ၏ မန်နေဂျာ ဖြစ်လေသည်။ သူသည် ဩစတြေလီယန်[၂] တိုက်သားဖြစ်၍ ကမ္ဘာစစ်ကြီးအတွင်းက ပါလက်စတိုင်း[၃] ပြည်တွင် လေယာဉ်ပျံစီး သူရဲကောင်းအဖြစ်နှင့် အမှုထမ်းခဲ့ဖူးလေသည်။ ကမ္ဘာစစ်ကြီး ပြီးစီးသောအခါ တစ်ကမ္ဘာလုံး၏ ထက်ဝက်ကို ရက်ပေါင်း ၃၀ မျှနှင့် ပျံသန်းပြလိုက်သောကြောင့် တစ်ကမ္ဘာလုံးက လက်ဖျားခါကြရလေသည်။ ထိုအချိန်အခါက ဤမျှအံ့ဖွယ်သရဲဖြစ်သော စွမ်းရည်သတ္တိမျိုးကို မည်သူမျှ မပြဖူးသဖြင့် တစ်ကမ္ဘာလုံးအား ဤကဲ့သို့ ချောက်ချားခြင်း ဖြစ်စေသည်။

ဩစတြေလီယန်အစိုးရသည် ဒေါ်လာငွေပေါင်း[၄] ၅၀၀၀၀ကို ဆုအဖြစ်ဖြင့် သူ့အားပေး၍ ဗြိတိသျှ အစိုးရကမူကား သူ့ကို ဆာဘွဲ့ဖြင့် ချီးကျူးလေသည်။ ထိုအချိန်အခါက ဗြိတိသျှနိုင်ငံတော် တစ်ခုလုံးတွင် သူ့ထက် ထင်ပေါ်ကျော်ကြားသောသူဟူ၍ မရှိသလောက်ပင်ဖြစ်သည်။

တစ်ညသ၌ ဆာ ရော့ စမစ်ကို ချီးကျူးရန်ကျင်းပသော ညစာ ထမင်းစားပွဲကြီးတစ်ခုသို့ ကျွန်ုပ်လည်း တက်ရောက်လေသည်။ ထမင်း

---

၁။ Sir Ross Smith

၂။ Australian

၃။ Palestine

၄။ Dollar

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးနောက် ထုံးစံအတိုင်းစကားပြောကြရာတွင် ကျွန်ုပ်၏ အနား၌ ကပ်၍ထိုင်နေသော လူကြီးတစ်ဦးက ရယ်စရာပုံကလေးတစ်ပုံကိုပြောရင်း 'တို့တစ်တွေ ဘာပဲလုပ်လုပ် ထာဝရသခင်ဟာ တို့ကံကြမ္မာကို ဖန်တီးနေတာပဲ' ဟူသော ကောက်နုတ်ချက်တစ်ခုကို ရွတ်ပြလေသည်။

ရွတ်ပြသူက ထိုကောက်နုတ်ချက်သည် ဘိုင်ဘယ်[၁] ခေါ် ခရစ်ယာန်သမ္မာကျမ်းမှ ဖြစ်သည်ဟု ထုတ်ဖော်ပြောဆို၏။ ဤပြောဆိုချက်သည် လုံးဝမှားကြောင်းကို ကျွန်ုပ် အတပ်သိ၏။ ထို့ကြောင့် ထိုသူ၏ အမှားကို ပြင်ဆင်ပေးပါဟူ၍ မည်သူတစ်ဦးတစ်ယောက်ကမျှ တောင်းပန်ခြင်းမပြုဘဲ ကိုယ့်ကိုယ်ကို ကိုယ်ဖော်လိုသော စိတ်ထားနှင့် သူ့ကို ထ၍ပြင်လေသည်။ သူကလည်း သူမှန်သည်ဟု ဖွတ်ငြင်း၍နေ၏။

သူ။ ။'ဘယ့်နှယ် ဒီစာကို ရှိတ်စပီးယား[၂] ရေးတာ မဖြစ်နိုင်ကာဗျာ၊ ခင်ဗျားဟာ ရယ်စရာကြီးပဲ၊ သမ္မာကျမ်းထဲကပါဗျ၊ ကျုပ် သေသေချာချာ သိပါတယ်'

ကျွန်ုပ်။ ။'ဟုတ်ပါတယ်ဗျ၊ ကျုပ်လဲ သေသေချာချာ သိပါတယ်၊ ဒါဟာ ရှိတ်စပီးယားရေးတဲ့ စာပဲ'

ကျွန်ုပ်နှင့် ငြင်းနေသူသည် ကျွန်ုပ်၏ လက်ယာဘက်တွင်ထိုင်လျက်ရှိ၏။ ကျွန်ုပ်၏ လက်ဝဲဘက်တွင် ကျွန်ုပ်၏ မိတ်ဆွေဟောင်းဖြစ်သော မစ္စတာဖရန့် ဂင်မွန်[၃] သည် ထိုင်လျက်ရှိ၏။ ထိုမစ္စတာဂင်မွန်ဆိုသူမှာ ရှိတ်စပီးယားရေးသော စာများကို နှစ်ပေါင်းများစွာကစ၍ ကောင်းစွာ လိုက်စားဖူးသူတစ်ယောက်ဖြစ်သောကြောင့် ငြင်းသူနှင့် ကျွန်ုပ်တို့သည် မစ္စတာဂင်မွန်၏ အဆုံးအဖြတ်ကို ခံယူရန်သဘောတူကြ၏။ မစ္စတာဂင်မွန်သည် စားပွဲခုံအောက်မှနေ၍ ကျွန်ုပ်၏ ညို့သကျည်းကိုကန်ပြီးလျှင် 'ဒေး မင်းမှားတယ်ကွ၊ ဒီကမိတ်ဆွေက မှန်တယ်၊ ဒီစာဟာ သမ္မာကျမ်းထဲကပဲ'ဟု ပြန်ပြော၏။

ထမင်းစားပွဲပြီး၍ အိမ်ပြန်လာကြစဉ် ကျွန်ုပ်က စ၍ 'ဟေ့ ဖရန့် ဘယ့်နှယ်လဲကွ ဒီစာဟာ ရှိတ်စပီးယားရေးတာကို မင်းအသိသားနဲ့ ဘာဖြစ်လို့ သမ္မာကျမ်းမှာ ပါတယ်လို့ ပြောရသလဲကွ'

---

၁။ Bible

၂။ Shakespeare

၃။ Mr. Frank Gammond

www.burmeseclassic.com

www.burmeseclassic.com



'တယ်ခက်တာကိုး၊ မင်းမှန်ပါတယ်ကွ၊ ဒီစာဟာ ရိုက်စပီးယားရေးတဲ့ ဟမ်းမလက် အပိုင်းငါး၊ အခန်း နှစ်[၁] မှာ ပါပါတယ်ကွ၊ သို့ပေမယ့် မင်းသိတဲ့ အတိုင်းပဲ၊ ထမင်းစားပွဲမှာ တို့က ညှော်သည်တွေ ဖြစ်နေတယ်မဟုတ်ဘူးလား၊ အဲဒီတော့ သူ့ကို မှားတယ်လို့ ဘာဖြစ်လို့ရှင်းပြနေမလဲ၊ ဒီလိုရှင်းပြလို့ကော သူက မင်းကို သဘောကျလာမတဲ့လား၊ ဘာဖြစ်လို့ သူ့ကို အရှက်ခွဲမလဲ၊ နောက်ပြီးတော့လဲ အမှားပြင်ပေးပါလို့ မင်းကိုခိုင်းတာ မဟုတ်ဘူး၊ သူကိုယ်တိုင် ကလဲ အပြင်ခံချင်တာ မဟုတ်ဘူး၊ အဲဒီတော့ ဘာဖြစ်လို့ သူနဲ့ငြင်းနေမလဲ၊ ဖွတ်ငြင်းတာကို အမြဲရှောင်ပါကွာ'ဟု မစ္စတာဖရန့်ဂင်မွန်က ပြန်ပြောဖူးလေ သည်။

**'ဖွတ်ငြင်းတာကို အမြဲရှောင်ပါ'** ဤဆုံးမစကားကို ပြောသောသူသည် ယခုအခါတွင် အနိစ္စရောက်ရှာလေပြီ။ သို့သော် သူ၏ ဆုံးမစကားသည် ကျွန်ုပ်အပေါ်တွင် ယခုတိုင် တည်လျက် ရှိသေး၏။

ဤဆုံးမစကားသည် ကျွန်ုပ်အတွက် အလွန်အဖိုးထိုက်တန်သော စကား ဖြစ်လေသည်။ အကြောင်းမူကား ကျွန်ုပ်သည် လျှော့မပေးတမ်း ဖွတ်ငြင်းတတ်သူ တစ်ဦးဖြစ်လေသည်။ ကျွန်ုပ် ငယ်ရွယ်စဉ်က ကျွန်ုပ်၏ ညီအစ်ကိုတော်သူနှင့် စကားပြောတိုင်း ငြင်းခဲ့ဖူး၏။ ကောလိပ်ကျောင်းသို့ ရောက်သောအခါ လောဂျစ်[၂] သင်ခန်းစာကို ယူ၍ စကားအခြေအတင်ပြိုင်ပွဲများတွင် ဝင်နွှဲခဲ့ဖူး၏။

နောက်အတော်ကြာသောအခါ နယူးယောက်[၃]မြို့တွင် စကားအခြေအတင် ပြောနိုင်ရန် သင်ခန်းစာများသင်ပေးသော အတန်းများကို ဖွင့်လှစ်ခဲ့ဖူး၏။ တစ်ခါတုန်းက စကားအခြေအတင်အကြောင်းနှင့်ဆိုင်သော စာအုပ်တစ်အုပ် ကိုပင် ရေးဦးမည်ကြံသေး၏။ ဤအကြောင်းကို ပြန်ပြောရခြင်းကိုပင် ကျွန်ုပ်သည် ရှက်ပါ၏။ ထိုအချိန်အခါမှစ၍ ကျွန်ုပ်သည် ကိုယ်တိုင်လည်း ဝင်ငြင်း၏။ သူများတွေ ငြင်းခုံကြသည်ကိုလည်း ကောင်းစွာ အကဲခတ်ခဲ့၏။ နောက်ဆုံးတွင် တစ်ဖက်သားကိုနိုင်အောင် ငြင်းနိုင်ရန် နည်းကောင်းတစ်ခုကို တွေ့ရ၏။ ထိုနည်းကောင်းမှာ အခြားမဟုတ်၊ တစ်ဖက်သားနှင့် မငြင်းဘဲ နေခြင်းပင် ဖြစ်ပေသည်။

---

၁။ Hamlet, Act V, Scene 2

၂။ Logic

၃။ New York

www.burmeseclassic.com

www.burmeseclassic.com



သင်သည် မြွေပွေးနှင့် မြေငလျင်များကို ရှောင်ရှားသကဲ့သို့ တစ်ဖက်သားနှင့်ငြင်းခုံရခြင်းကို ရှောင်ရှားပါ။

ဆယ်ခါငြင်းလိုလျှင် ကိုးခါလောက်မှာငြင်းခုံသောသူများသည် 'ငါသာလျှင် မှန်သည်'ဟု မိမိကိုယ်ကိုမိမိ တစ်ထစ်ချယုံကြည်ကြပြီးလျှင် လျှော့မပေးသည်ကိုသာ တွေ့ခဲ့ဖူး၏။

ငြင်းခုံခြင်းအားဖြင့် သင်သည် ဘယ်အခါမျှ အမြတ်မရှိ။ အဘယ်ကြောင့်ဆိုသော် ငြင်းခုံရာ၌ သင် ရှုံးလျှင် အရှုံး အဖတ်တင်၏။ သင် အနိုင်ရသည့် အခါတွင်လည်း သင်ပင်လျှင် ရှုံးသည်ဟု မှတ်ပါ။ အဘယ့်ကြောင့် ရှုံးသနည်းဆိုသည်ကို ရှင်းပြပါအံ့။ ကောင်းပြီ။ သင်နှင့်ငြင်းနေသောသူအားသူ မှားကြောင်းကို သက်သေသာဓက အခိုင်အလုံနှင့် ပြနိုင်သောကြောင့် သင် နိုင်သည်ဆိုပါတော့။ ဒီလိုအနိုင်ရသည့်အတွက် သင်ကတော့ ပျော်နိုင်ပါရဲ့။ သူ့မှာဘယ့်နှယ်ဖြစ်သွားမလဲ။ သင့်ထက်ညံ့တဲ့လူ တစ်ယောက် ဖြစ်တယ်လို့ လုပ်လိုက်တာနဲ့ မတူပေဘူးလား။ အဲဒီတော့ သူရှက်သွားမှာပေါ့။ ဒီလိုရှက်သွားလျှင် သူက သင့်ကို စိတ်မဆိုးပေဘူးလား။ နောက်ပြီးတော့လဲ

'နာသူလိုဘဲ လိုအောင်ပြုလျှင်
သူ့အယူ၌ စွဲမြဲမည်ပင်[၁]'

ဟူသော စကားလည်း အရှိသားပဲ။

ပန်းမျူကျူရယ် အသက်အာမခံကုမ္ပဏီ[၂] တစ်ခုကမူကား 'မငြင်းနှင့်' ဟူ၍ မိမိ၏ အသက်အာမခံ ကိုယ်စားလှယ်များအတွက် ဥပဒေထုတ်ထားဖူးလေသည်။

ငြင်းခုံခြင်းနှင့် ကုန်များကို စွံအောင် မရောင်းနိုင်။ ငြင်းခုံခြင်းဖြင့် တစ်ဖက်သား၏ စိတ်ကို ပြောင်းနိုင်မည် မဟုတ်ချေ။ သာဓကထုတ်၍ ပြပါအံ့။

နှစ်ပေါင်းအတော်ကြာလောက်က ပက်ထရစ်ဂျေအိုဟဲယား[၃]ဆိုသူ အလွန်ရန်ဖြစ်ချင်သော အိုင်းရစ်[၄] လူမျိုးတစ်ဦးသည် ကျွန်ုပ်၏ ထံတွင် လူပေါ်လူဇော်

---

၁။ A Man convinced against his will.
Is of the same opinion still.

၂။ The Penn Mutual Life Insurance Company.

၃။ Partick J. O' Haire

၄။ Irish

www.burmeseclassic.com

www.burmeseclassic.com



လုပ်နည်းများကို လာရောက်သင်ကြားဖူးလေသည်။ သူ့တွင် ပညာခံဆို၍ ပြောပလောက်အောင်မရှိပါ။ ကျွန်ုပ်တို့ထံသို့ မရောက်မီက သူသည် ရှေးဦးစွာ မော်တော်ကားမောင်း၍ အသက်မွေးလေသည်။ ထိုနောက် ထိုအလုပ်ကိုစွန့်၍ ကုန်တင်မော်တော်ကားများကို ရောင်းသော ကိုယ်စားလှယ်အလုပ်ကို လုပ်ကိုင်သည်။ ကျွန်ုပ်ထံသို့ ရောက်၍ သူ့အား အနည်းငယ် မေးစမ်းကြည့်ရာ သူ့မော်တော်ကားကို ဝယ်မည့်သူနှင့် သူသည် အမြဲတမ်း ရန်ဖြစ်ခဲ့ဖူးကြောင်းကို ကျွန်ုပ် သိရှိရသည်။ ဥဒါဟရဏ်၊ ဝယ်မည့်သူတစ်ဦးက သူရောင်းလျက်ရှိသော မော်တော်ကားနှင့် စပ်လျဉ်း၍ အနည်းငယ်ရှုတ်ချသော စကားတစ်ခွန်းလောက် ပြောလိုက်လျှင် အိုဟဲယားသည် မျက်နှာနီလာ၍ စိတ်ဆိုးမာန်ဆိုးနှင့် ထိုသူကို ဖွတ်ပြန်ငြင်း၏။ ထိုကဲ့သို့ငြင်းခုံတိုင်း အိုဟဲယားသာလျှင် အနိုင်ရသည်က များလေသည်။ ကျွန်ုပ်အား သူ့အကြောင်းများကို ပြန်ပြောပြရာ၌

'ဒီလိုငြင်းခုံပြီးလို့ သူတို့အခန်းထဲက ထွက်လာတဲ့အခါ 'ခွေးသားကြီး၊ မှတ်ရော့၊ နောက်ကို ဒီလိုပြောဦး' လို့ ကျွန်တော့်ဟာ ကျွန်တော် ကြိတ်ပြီး ဝမ်းသာတာပေါ့လေ။ ဒါပေမယ့် မော်တော်ကားကိုတော့ တစ်စင်းမှ မရောင်းရဘူး'ဟူ၍ ဝန်ခံဖူးလေသည်။

ထို့ကြောင့် ကျွန်ုပ်၏ အတန်းတွင် သင်ကြားစက ပထမ သင်ခန်းစာအဖြစ်ဖြင့် အငြင်းအခုံများကို ရှောင်ရှားရန် သူ့ကို သင်ကြားရလေသည်။

သူသည် ယခုအခါတွင် နယူးယော့မြို့ရှိ ဝှိုက်မော်တော်ကုမ္ပဏီ၏ နာမည်ကျော် ကိုယ်စားလှယ်တစ်ဦး ဖြစ်လျက်ရှိချေပြီ။ ထိုအခြေအနေသို့ ရောက်အောင် မည်ကဲ့သို့ တက်သွားရသည်ကို သူကိုယ်တိုင်ပြောပြသော စကားထဲမှ ကြည့်ကြစို့။

'ယခုအခါ ကျွန်တော်သည် မော်တော်ကား ရောင်းရန်အတွက် ဝယ်မည်ထင်သည့်သူ တစ်ဦးဦး၏ အလုပ်ခန်းသို့ ဝင်မိ၍ ထိုသူက 'ဘာလဲဗျို့၊ ဝှိုက်မော်တာကုမ္ပဏီ[၁] က မော်တော်ကားကို ရောင်းမလို့လား၊ ခင်ဗျားတို့ကားတွေ ကောင်းမှ မကောင်းဘဲ၊ အလကားပေးတောင် မယူချင်ဘူး၊ ကျုပ်တို့ ဟူးဆိတ်ကုမ္ပဏီ[၂]က ကားတွေကို ဝယ်မလို့'ဟု ပြောလျှင် 'ဟူးဆိတ်ကုမ္ပဏီက ကားတွေ အကောင်းသားပဲ၊ ဒီကားတွေကို ဝယ်ရင်ဘယ်မှားမလဲ နောင်ကြီး၊

---

၁။ The White Motor Company

၂။ The Whoseit

www.burmeseclassic.com



ကုမ္ပဏီကလည်း နာမည်ကြီး၊ ရောင်းတဲ့သူတွေကလည်း လူဇော်တွေကြီးပဲ'ဟု ကျွန်တော်က ပြန်ပြောပါသည်။

'ထိုအခါ ဘာကိုမျှ ငြင်းစရာမလိုသောကြောင့် ထိုသူသည် နောက်ထပ် ဘာကိုမျှ ပြန်မပြောတော့ချေ။ အကယ်၍ ဟူးဆိတ်ကားများသည် အကောင်းဆုံး ကားများဖြစ်သည်ဟု ပြောလျှင် ကျွန်တော်ကလည်း ဟုတ်ပါသည်ဟု ဝန်ချမည် ဖြစ်၏။ ထိုအခါ သူသည် ကျွန်တော်နှင့် ရှေ့ကိုဆက်၍ ငြင်းရန် မလိုတော့ပါ။ ကျွန်တော် ကိုယ်တိုင်ကလည်း ဝန်ခံထားပါလျှင် 'ဟူးဆိတ်ကားများသည် အကောင်းဆုံးဖြစ်သည်၊ အကောင်းဆုံးဖြစ်သည်'ဟူ၍ သူသည် တစ်နေ့လုံး ဇွတ်ငြင်းနေနိုင်မည် မဟုတ်ပါ။ထိုအခါ ဟူးဆိတ် မော်တော်ကားများအကြောင်း ကို တစ်ခန်းရပ်ပြီးလျှင် ကျွန်တော့် ဂျိက်မော်တော်ကားများ၏ ကောင်းကြောင်းကို ဆက်၍ ပြောနိုင်ပါသည်။

'ရှေးအခါတုန်းကသာ ကျွန်တော်၏ ကားများကို ယခုလို ရှုတ်ချပြီး ပြောခဲ့ပါလျှင် ကျွန်တော့်စိတ်ကို ချုပ်တည်း၍ရမည်မဟုတ်ပါ။ ဟူးဆိတ်ကားများ ကောင်းသည်ဟု ထိုသူက စပြောလျှင်ပြောချင်း ဒီကားတွေ မကောင်းဘူးဟု ကျွန်တော်လည်း ဇွတ်အတင်းခံငြင်းမည်ဖြစ်၏။ ဤကဲ့သို့ ကျွန်တော် ဇွတ်ငြင်း လေလေ ထိုလူလည်း ဟူးဆိတ်မော်တော်ကားများအကြောင်းကို တစ်ဖက်မှ ခံငြင်းလေလေ ဖြစ်မည်ကား မလွဲတည်း။ ဤသို့တစ်ဖက်မှ ငြင်းလေလေ ကျွန်တော့်ကားတွေ မရောင်းရဘဲ ဟူးဆိတ်ကားတွေ ရောင်းရလေလေပဲ။

'ကုန်ခဲ့သောနှစ်များကို ပြန်ကြည့်လိုက်လျှင် ရှေးအခါက ကျွန်တော်၏ ကုန်များကို စွံအောင် မရောင်းနိုင်သည်မှာ ဘာမျှ အံ့ဩစရာ မရှိသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် ငြင်းခုံခြင်း၊ ရန်ဖြစ်ခြင်း၊ စကားများခြင်း စသည်တို့ဖြင့် နှစ်ပေါင်းများစွာကို ကုန်လွန်စေခဲ့၏။ ယခုအခါတွင်မူကား ကျွန်တော်သည် ကျွန်တော်၏နှုတ်ကို ကောင်းစွာ စောင့်စည်း၏။ ဤသို့ စောင့်စည်းခြင်းသည် အကျိုးရှိကြောင်း ကျွန်တော်တွေ့ရ၏'

ပညာရှိ ဗင် ဖရန့်ကလင်[၁] ဆိုသူ ပြောကြားသောစကားမှာ အောက်ပါ အတိုင်း ဖြစ်သည်။

သင်သည် တစ်ဖက်သားကို ဆန့်ကျင်ဘက်လုပ်၍ ငြင်းခုံခဲ့လျှင် တစ်ခါတစ်ရံ သင်ပင်လျှင် အနိုင် ရကောင်း ရပေမည်။ သို့ရာတွင် ထိုသို့

---

၁။ Ben Franklin

www.burmeseclassic.com

www.burmeseclassic.com



အနိုင်ရခြင်းသည် အကျိုးမရှိသော နိုင်ခြင်းပေတည်း။ အဘယ်ကြောင့်ဆိုသော် ထိုသို့ အနိုင်ရခြင်းဖြင့် သင်သည် တစ်ဖက်သား၏ ကြည်ညိုခြင်းကို ခံယူရလိမ့်မည် မဟုတ်ပေ။

ထို့ကြောင့် သင်ကိုယ်တိုင်ချိန်ဆ၍ ကြည့်ပေတော့။ စကားအနိုင်ရတာကို ယူမည်လား၊ သို့တည်းမဟုတ် လူတစ်ယောက်ကြည်ညိုခြင်းကို ခံယူမည်လား။ ဤမေးခွန်းနှစ်ခုကို ကောင်းစွာ ချိန်ဆ၍ ဖြေပါ။ အဘယ်ကြောင့် ဆိုသော် နှစ်ခုစလုံးကို တစ်ပြိုင်တည်းရနိုင်ရန် ခဲယဉ်းသောကြောင့်ပေတည်း။

ဘော်စတန် ထရန်စကရစ်[၁] သတင်းစာသည် အောက်ပါ လင်္ကာပျက် တစ်ခုကို ပုံနှိပ်ဖော်ပြဖူးလေသည်။

'ဝီလျံဂျေးမြှုပ်ထားတဲ့ ဤနေရာ၊
သူ့လမ်းဟာ မှန်ကန်ကြောင်း မောင်းရင်းသေရှာ၊
သေအချာ မှန်ပါရဲ့ သူ့လမ်း၊
မှားလို့သေတာနဲ့ ဘယ်မခြားတယ် သွားပေါ့တစ်ခန်း'[၂]

သင်ငြင်းသမျှ စကားတို့သည်လည်း အမှန် များကောင်း များပေမည်။ သို့သော် ဤသို့ငြင်းခုံခြင်းဖြင့် တစ်ဖက်သား၏ စိတ်ကို ပြုပြင်ပြောင်းလဲနိုင်လိမ့်မည်ဟု သင် မျှော်လင့်ခဲ့ပါလျှင် သင်၏ လုပ်နည်း မှားသကဲ့သို့ သင်၏ မျှော်လင့်ခြင်းသည်လည်း အချည်းနှီး ဖြစ်ပေလိမ့်မည်။

အမေရိကန်သမ္မတ ဝီလဆင်၏ အစိုးရအဖွဲ့တွင် ဘဏ္ဍာရေးဝန်ကြီး ဖြစ်သူ ဝီလျံ ဂျီ မက်အဒူး[၃] က 'ကျွန်ုပ်သည် နှစ်ပေါင်းအတန်ကြာအောင် နိုင်ငံရေးကို လိုက်စားလာခဲ့ပြီးသည့်နောက် လက်တွေ့သိရှိရသော သင်ခန်းစာ တစ်ခုသည်ကား အခြား မဟုတ်၊ ငြင်းခုံခြင်းဖြင့် လူပြိန်းတစ်ယောက်၏ စိတ်ကို မပြောင်းလဲနိုင် ဟူသော သင်ခန်းစာပင် ဖြစ်လေသည်'ဟု ထုတ်ဖော် ပြောဆိုဖူးလေသည်။

အို၊ မစ္စတာ မက်အဒူး၊ 'လူပြိန်း' ဟူ၍သာ သင်သည် လျှော့လျှော့ပေါ့ပေါ့ ပြောသွားပေသည်။ ကျွန်ုပ် တွေ့ခဲ့ဖူးသမျှထဲတွင် မည်မျှလောက်ပင် ပညာ တတ်နေသောသူဖြစ်စေကာ ငြင်းခုံခြင်းဖြင့် သူ့စိတ်ကို ပြောင်းလဲ၍ မရနိုင်ချေ။

---

၁။ The Boston Transcript

၂။ 'Here lies the body of William Jay,
Who died maintaining his right of way–
He was right, dead right, as he sped along,
But he's just as dead as if he were wrong'

၃။ William G. Mc Adoo

www.burmeseclassic.com

www.burmeseclassic.com



သာမကတစ်ခု ထုတ်ပြပါအံ့။ ဖရက်ဒရစ်အက်စပါဆင်[၁] ဆိုသူ အမြတ်တော်ကြေး အတိုင်ပင်ခံတစ်ဦးသည် အစိုးရ အမြတ်တော်ကြေးအရာရှိ တစ်ဦးနှင့် တစ်နာရီလောက်ကြာအောင် ငြင်းခုံလျက်ရှိ၏။ အစိုးရအရာရှိက အမြတ်တော်ငွေ ကိုးထောင်အပေါ်တွင် အမြတ်တော်ကြေး ကောက်ခံရာ အမြတ်တော်ကြေး အတိုင်ပင်ခံကလည်း ထိုဒေါ်လာငွေ ကိုးထောင်သည် ဆုံးမည့်ကြွေးဖြစ်သောကြောင့် ထိုငွေအတွက် အမြတ်တော်ကြေး မပေးထိုက်ကြောင်းနှင့် ထုချေ၏။ အမြတ်တော်ကြေး အတိုင်ပင်ခံက ငြင်းလေလေ အမြတ်တော်ကြေး အရာရှိကလည်း 'ဆုံးမည့်ကြွေးမကလို့ ဘာပဲဖြစ်ဖြစ် အမြတ်တော်ကြေး ပေးရမည်ဟု' ဇွတ်အတင်း ပြောလေလေ ဖြစ်နေ၏။

ထိုကိစ္စနှင့် စပ်လျဉ်း၍ အမြတ်ကော်ကြေး အတိုင်ပင်ခံ မစ္စတာပါဆင် ကိုယ်တိုင် အောက်ပါအတိုင်း ကျွန်ုပ်တို့အား ပြန်ပြောဖူးလေသည်။

အမြတ်တော်ကြေး အရာရှိသည် အလွန် အပြောရကျပ်သော သူတစ်ဦး ဖြစ်၏။ မာနလည်း အလွန်ကြီး၏။ နည်းလမ်းတကျ ဘယ်လိုပင် ပြောပြသော်လည်း နားမဝင်တော့ချေ။ ကျွန်ုပ်က ငြင်းလေလေ၊ သူသည် ပို၍ ခေါင်းမာလေလေ ဖြစ်၏။ ထို့ကြောင့် ငြင်းခုံခြင်းကို ရပ်စဲလိုက်ပြီးနောက် နည်းသစ်တစ်ခုကို ထွင်ရလေသည်။ ထိုနည်းသည်ကား အခြားမဟုတ် သူ့ကို ချီးကျူးခြင်းပင် ဖြစ်လေသည်။

'ဝန်ထောက်မင်း နေ့စဉ်ဆုံးဖြတ်နေတဲ့ ကိစ္စများနှင့် စာလိုက်ရင် ယခု ကိစ္စဟာ အသေးအမွှားကလေး နေမှာပေါ့၊ အမြတ်တော်ကြေး ကောက်ခံပုံ စနစ်ကို ကျွန်တော်လဲ ကောင်းစွာ လေ့လာခဲ့ဖူးပါတယ်၊ သို့ပေမယ့် ကျွန်တော်ကတော့ စာအုပ်ထဲမှာရှိတဲ့ ပညာတွေလောက်သာ လေ့လာဖူးတာပဲ၊ ဝန်ထောက်မင်းလိုတော့ လက်တွေ့အလုပ်ကိုမလုပ်ဖူးဘူး၊ အဟုတ် ပြောတာပါ၊ တစ်ခါတလေများ ဝန်ထောက်မင်းတို့လို အလုပ်မျိုးကို လုပ်ရရင် သိပ်ကောင်းမှာပဲလို့ အောက်မေ့မိပါတယ်၊ ဒီလိုလုပ်ရရင် ကျွန်တော့်မှာလဲ အသိဉာဏ် အတော်တိုးမှာပဲ'ဟု ကျွန်တော်က ပြောပြ၏။ ထိုပြောသမျှ စကားထဲတွင် အကယ်စင်စစ် အပိုတစ်လုံးမျှ မပါပါ။ ကျွန်တော့်စိတ်ထဲ ရှိသမျှကို အရင်းတိုင်းနှင့် ပြောပြလိုက်ခြင်း ဖြစ်သည်။

---

၁။ Frederick S. Parsons

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားရသောအခါ အမြတ်တော်ကြေး ဝန်ထောက်သည် ခါးဆန့်ပြီးလျှင် ကုလားထိုင်နောက်ကို မှီ၍ စာရင်းလိမ်ပြသော သူများကို မိအောင် ဘယ်ပုံဘယ်နည်း ဖမ်းဆီးခဲ့ရဖူးသည် အစရှိသည်ဖြင့် သူ၏ အလုပ်အကြောင်းကို အချိန်အတော်ကြာစွာ ကျွန်တော့်အား ပြောပြပါသည်။ စကားပြောရင်း သူ၏ လေသံသည် တွေ့စကလောက် မမာတော့ချေ။ အတော်ပင် ရင်းရင်းနှီးနှီးဖြစ်လာပြီးနောက် သူ့ကလေးများ၏ အကြောင်းကို ဆက်၍ ပြောပြန်ပါသည်။ ကျွန်တော့်အခန်းမှ ထွက်ခါနီးတွင် ကျွန်တော်၏ ကိစ္စကို ထပ်မံစဉ်းစား၍ ရက်များမကြာခင် သူ၏ နောက်ဆုံး ဆုံးဖြတ်ချက်ကို ပေးပါမည်ဟု ပြောသွားလေသည်။

သုံးရက်ကြာသောအခါ သူသည် ကျွန်တော်၏ အလုပ်ခန်းသို့လာပြီးလျှင် ငွေကိုးထောင်အပေါ်တွင် ကောက်ထားသော အမြတ်တော်ကြေးကို လျှော့ပစ်လိုက်ပြီဟူ၍ အကြောင်းကြားပါသည်။

အမြတ်တော်ကြေး ဝန်ထောက်၏ စိတ်ထားသည် အထူးအဆန်း မဟုတ်ချေ။ လူတိုင်းမှာလည်း ဤကဲ့သို့ စိတ်ထားမျိုးရှိကြလေသည်။ သူသည် သူ့ကိုယ်ကို အထင်ကြီးနေ၏။ မစ္စတာပါဆင်နှင့်ငြင်းနေစဉ် သူ၏ အာဏာကို ပြရန် အခွင့်အလမ်းကို သူသည် ရရှိခဲ့၏။ သို့ရာတွင် မစ္စတာပါဆင်သည် အငြင်းကို ရပ်ပြီးလျှင် သူ၏ အာဏာကို အသိအမှတ် ပြုလိုက်သည်နှင့် တစ်ပြိုင်နက် သူသည် သူ၏ အာဏာကို ပြခွင့်ရသဖြင့် များစွာ ကျေနပ်ပြီးလျှင် တစ်ဖက်သားကို သနားညှာတာတတ်သော လူတစ်ယောက်ဖြစ်လာလေသည်။

နပိုလီယန်၏ အိမ်တော်ကျွန်ဖြစ်သော ကွန်စတင့်[၁] ဆိုသူသည် 'နပိုလီယန်၏ အတွင်းရေးများအကြောင်း'[၂] ကို စာအုပ်အဖြစ်ရေးသားဖူးလေသည်။ သူသည် နပိုလီယန်၏ မိဖုရား ဂျိုးဆက်ဖင်[၃] နှင့် ဗိလိယက်[၄] ကစားသည့် အကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားသည်မှာ မှတ်သားဖွယ်ရာပင်။

'ကျွန်ုပ်တွင် အစွမ်းရှိသော်လည်း မိဖုရားကြီးနှင့် ကစားတိုင်း ကျွန်ုပ်ကသာ အရှုံးပေးလေ့ရှိရာ မိဖုရားကြီးသည် အလွန် နှစ်သိမ့်တော်မူလေသည်'

---

၁။ Constant.

၂။ Recollections of the Private Life of Napoleon

၃။ Josephine

၄။ Billiards

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ကွန်စတင့်ထံမှ ကျွန်ုပ်တို့အတွက် အမြဲသင့်တင့်သော ဤသင်ခန်းစာကို ယူကြပါစို့။ ကျွန်ုပ်တို့ထံ၌ ကုန်ဝယ်လာကြသူများ၊ ကျွန်ုပ်တို့၏ ရည်းစားများ၊ ကျွန်ုပ်တို့၏ လင် သို့မဟုတ် မယားများနှင့် ဆိုင်မိကြသောအခါ ကျွန်ုပ်တို့တွင် နိုင်အောင် ငြင်းနိုင်သောအစွမ်းများ ရှိပင်ရှိလင့်ကစား သူတို့ကို အနိုင်ပေးလိုက်ကြပါစို့။

'ဒေါသကို မေတ္တာဖြင့်နိုင်စေရာသည်' ဟု ဗုဒ္ဓမြတ်စွာဘုရားကိုယ်တိုင်က ဟောကြားတော်မူခဲ့ဖူးလေသည်။ ထိုနည်းအတိုင်းပင် တစ်ဦးနှင့် တစ်ဦး အယူအဆလွဲနေခြင်းကို ငြင်းခုံခြင်းဖြင့် ကွယ်ပျောက်သွားအောင် မလုပ်နိုင်။ သာယာခြေငံစွာ ပြောတတ်ခြင်း၊ နှုတ်ချိုခြင်း၊ တစ်ဖက်သားကို လျှော့ပေးခြင်း၊ တစ်ဖက်သား၏ ဆန္ဒကို တကယ်ပြည့်ဝအောင် လုပ်ပေးလိုသော စိတ်ထားရှိခြင်းတို့သာလျှင် တစ်ဦးနှင့်တစ်ဦး အယူအဆလွဲနေခြင်းကို ပပျောက်သွားအောင် စွမ်းဆောင်နိုင်လေသည်။

တစ်ခါတုန်းက စစ်ဗိုလ်ကလေးတစ်ဦးသည် မိမိအဖော်တစ်ယောက်နှင့် အပြင်းအထန် ငြင်းခုံလျက်ရှိရာ 'မိမိကိုယ်ကို အထက်ဆုံးအတန်းသို့ရောက်အောင် ရည်ရွယ်ချက်ရှိသူသည် စကားအနိုင်လု၍ ငြင်းခုံနေရန် အချိန် မရှိချေ၊ ထိုမျှမကသေး၊ ငြင်းခုံခြင်းတည်းဟူသော အကြောင်းမှ ပေါ်ပေါက်လာသော စိတ်တိုခြင်း၊ ဒေါသကို မထိန်းသိမ်းနိုင်ခြင်း စသည့် အကျိုးတို့ကိုလည်း ထိုသူသည် မလိုလားအပ်ချေ၊ ဆတူဖြစ်နေလျှင်လည်း လျှော့ပေးပါ၊ သို့မဟုတ် ကိုယ်ကပင် နိုင်လျှင်လည်း လျှော့ပေးပါ။ သင်ပိုင်သောနေရာ ဖြစ်ပါစေ၊ ထိုနေရာကို ရရန်အတွက် အကိုက်ခံ၍ ခွေးတစ်ကောင်နှင့်ဖက်ပြီး လုမနေပါနှင့်၊ ခွေးကိုက်ခံရလျှင် ထိုခွေးကို သတ်ပစ်သော်လည်း အနာပျောက်မည် မဟုတ်ချေ' စသည်ဖြင့် သမ္မတလင်ကွန်းသည် စစ်ဗိုလ်ကလေးကို ဆုံးမဖူးလေသည်။

**ထို့ကြောင့် ဥပဒေသ အမှတ် ၁ သည် အောက်ပါအတိုင်း ဖြစ်၏။**

**တစ်ဖက်သားကို မိမိဘက်သို့ပါအောင် လုပ်ရန်အတွက် အကောင်းဆုံးသော နည်းတစ်ခုသည် 'ငြင်းခုံနေခြင်းကို ရှောင်ရှားပါ'။**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

## ရန်သူပေါစေသော ကိန်းသေနည်း မည်သို့ ရှောင်ရမည်

သီအိုဒို ရုစဗဲ့သည် အမေရိကန်ပြည်၏ သမ္မတဖြစ်စဉ်က သူ လုပ်သမျှကိစ္စတို့သည် ၇၅ ရာခိုင်နှုန်းမျှ မှန်ကန်ခဲ့ပါလျှင် သူသည် သူမျှော်လင့်ထားသည့် အတိုင်း ထိပ်ဆုံးအတန်းကို ရောက်ရှိလိမ့်မည်ဟု ထုတ်ဖော်ပြောဆိုခဲ့ဖူးလေသည်။

ယခုခေတ်၏ ထိပ်တန်းအကျဆုံးသော ပုဂ္ဂိုလ်ကြီး တစ်ယောက်လုံးက သူ လုပ်သမျှသော ကိစ္စ တစ်ရာလျှင် ၇၅ ခုလောက်ပင် မမှန်ဟု ဆိုလျှင် သင်နှင့် ကျွန်ုပ်တို့မှာမူကား အဘယ်ဆိုဖွယ်ရာ ရှိပါမည်နည်း။

အကယ်၍ သင်သည် သင်လုပ်သမျှ ကိစ္စတွင် ၅၅ ရာခိုင်နှုန်းမှန်သည်ဟု သေချာလျှင် ဝေါလမ်း[၂]သို့သွား၍ တစ်နေ့လျှင် ဒေါ်လာတစ်သန်းလောက် ရအောင် လုပ်၊ ရွက်လှေကို ဝယ်၊ အငြိမ့်မင်းသမီးကလေးနှင့် လက်ထပ်၍ နေနိုင်ပေလိမ့်မည်။ သင်ကိုယ်တိုင်ပင်လျှင် တစ်ရာမှာ ၅၅ ကြိမ်လောက်မျှ မမှန်နိုင်လျှင် တစ်ဘက်သားအား အဘယ့်ကြောင့် မှားသည်ဟု သင်သည် စွပ်စွဲပေမည်နည်း။

သင်သည် လူတစ်ဦးတစ်ယောက်အား မှားသည်ဟု စကားဖြင့်သာ ထင်ရှားအောင် စွပ်စွဲနိုင်သည် မဟုတ်၊ သင်၏ မျက်နှာပေး အမူအရာဖြင့်သော် လည်းကောင်း၊ လေယူလေသိမ်းဖြင့်သော် လည်းကောင်း၊ ကိုယ်ဟန်လက်ဟန် ဖြင့်သော်လည်းကောင်း စကားကဲ့သို့ပင် ထင်ရှားအောင် စွပ်စွဲနိုင်လေသည်။ ထို့ကြောင့် အကယ်၍ သင်သည် တစ်ဘက်သားကို မှားသည်ဟု တစ်နည်း

---

၁။ Theodore Roosevelt

၂။ Wall Street.

www.burmeseclassic.com

www.burmeseclassic.com



နည်းဖြင့် စွပ်စွဲလိုက်လျှင် ထိုအစွပ်အစွဲခံရသောသူသည် သင်နှင့် စိတ်သဘောချင်း ညီညွတ်နိုင်ပါဦး မည်လား။ ဘယ်နည်းနှင့်မျှ ညီညွတ်လိမ့်မည် မဟုတ်။ အဘယ်ကြောင့်ဆိုသော် ဤသို့စွပ်စွဲလိုက်ခြင်းဖြင့် အစွပ်စွဲခံရသူ၏ အသိဉာဏ်နှင့် 'ငါ'တည်းဟူသော မာနကိုသင်သည် တိုက်ရိုက်စော်ကားခြင်း ဖြစ်လေသည်။ ဤကဲ့သို့ စော်ကားခြင်းကြောင့် အစော်ကားခံရသူသည် သင့်ကိုပြန်၍ 'တွယ်' ချင်ပေလိမ့်မည်။ သို့ရာတွင် သူ့စိတ်ကို ပြင်ချင်လိမ့်မည်ကား မဟုတ်။ ပညာရှိကြီးများဖြစ်ကြသော ပလေတို[၁]နှင့် အင်မန်နျူရယ် ကန့်[၂]တို့၏ ကျမ်းစာအုပ်များကို အကိုးအကားလုပ်ပြစေကာမူ မာနကို တိုက်ရိုက်အစော်ကားခံရသောသူသည် သင်ပြောသမျှစကားကို နာယူတော့မည် မဟုတ်ပေ။

တစ်ဖက်သားနှင့် စကားပြောသောအခါ 'မင်း နားလည်အောင် ငါရှင်းပြမယ်'ဟူသော စကားမျိုးကို ဘယ်အခါမှ မသုံးလေနှင့်။ ထိုစကားမျိုးသည် အတော်ပင်ကန့်လန့်ကျသောစကားမျိုးဖြစ်လေသည်။ ထိုစကားမျိုးကို သုံးခြင်းဖြင့် 'ငါ မင်းထက်တော်တယ်၊ ငါ့စကားကို နားထောင်မိရင် မင်းရဲ့နဂိုစိတ်ထားတွေ ပြောင်းကုန်လိမ့်မယ်'ဟူ၍ ပြောရာရောက်လေသည်။

ဤစကားသည် တစ်ဖက်သားအပေါ်တွင် ဆရာလုပ်ချင်သောစကား ဖြစ်လေသည်။ ထို့ကြောင့် ထိုစကားမျိုးကို ပြောမိလျှင် သင်ပြောချင်သည့်စကားကိုမှ ရေလည်အောင် မပြောရသေးမီ တစ်ဖက်သား၌ သင့်အား ကလန်ကဆန် ပြန်၍ပြောချင်သောစိတ်များ ပေါ်ပေါက်လာတော့သည်။

တစ်ဖက်သား၏ အယူအဆကို ပြုပြင်ပြောင်းလဲအောင် လုပ်ရန်ကိစ္စသည် စိတ်အလွန်ကြည်ကြည်လင်လင်ဖြစ်နေသော အခါများပင်လျှင် ခက်ခဲလျက်ရှိရာ အဘယ့်ကြောင့် သင်သည် ဤကိစ္စကို ပို၍ခက်ခဲအောင် လုပ်ချင်ရသနည်း။ မကြိုးစားရသေးမီကပင် ရှုံးနေသောကိစ္စကို အဘယ့်ကြောင့်လုပ်ချင်ရသနည်း။

တစ်ဖက်သားမသိသည်ကို သိအောင်ပြောလိုသောအခါ ထိုကဲ့သို့ပြောမှန်းကို တစ်ဖက်သားအား အသိမပေးပါနှင့်။ ပြောရာ၌ အလွန်ပါးနပ်ပါစေ။ သင့်စကားကို နားထောင်နေသောသူကိုယ်တိုင်က သင်သည် သူ့ကို ဆုံးမနေသည်ဟု မထင်အောင် ပြောပါလေ။

---

၁။ Plato

၂။ Immanuel Kant

www.burmeseclassic.com

www.burmeseclassic.com



'လူကလေး တတ်နိုင်လျှင် အခြားသူများထက်ပို၍ ပညာရှိအောင် ကြိုးစားပါ။ သို့ရာတွင် ဤကဲ့သို့ပို၍ ပညာရှိကြောင်းကို အခြားသူများအား မပြောပါလေနှင့်'ဟူ၍ လော့ ချက်စတာဖီး[၁] ဆိုသူ ပညာရှိတစ်ဦးက သူ၏ သားကို ဆုံးမဖူးလေသည်။

အနှစ် ၂၀ လောက်က မှန်သည်ဟု ကျွန်ုပ်ယုံကြည်ခဲ့သော အရာများ အနက် အလီပေါင်းကလွဲ၍ အခြားအရာများကို ကျွန်ုပ်သည် နှစ်နှစ်ကာကာ မယုံတော့ချေ။ အိုင်းစတိုင်း[၂]၏ စာအုပ်များကို ဖတ်ပြီးသောအခါ အလီပေါင်း ကိုပင် သံသယ ဖြစ်လာပြန်လေသည်။ နောက်အနှစ်နှစ်ဆယ်လောက်ကြာလျှင် ယခုစာအုပ်ထဲ၌ရေးသော စကားများကို ကျွန်ုပ်ကိုယ်တိုင်ယုံချင်မှ ယုံတော့မည်။ မည်သည့်အရာမျိုးကိုမျှ ကျွန်ုပ်သည် ရှေးကလောက် ယုံယုံကြည်ကြည် မရှိတော့ပေ။

'ငါသိသောအရာ တစ်ခုတည်းသာရှိသည်။ ထိုအရာသည်ကား အခြား မဟုတ်၊ ငါဘာမှ မသိသေးဟူ၍ သိခြင်းပင်ဖြစ်သည်'ဟု ဆိုကရေးတီး[၃] ဆိုသူ ပညာရှိကြီးသည် သူ၏ တပည့်များကို အေသင်[၄] မြို့တွင် မကြာခဏပြောခဲ့ဖူး လေသည်။

ကျွန်ုပ်သည် ဆိုကရေးတီးထက် ပို၍ ပညာမရှိနိုင်ချေ။ ဆိုကရေးတီး တစ်ယောက်လုံးကပင် ဤသို့ပြောလျှင် ကျွန်ုပ်မှာ ပြောဖွယ်ရာ မရှိတော့ပြီ။ ထို့ကြောင့် တစ်ဘက်သားအား မှားသည်ဟုပြောဆိုသောအကျင့်ကို ကျွန်ုပ်သည် လုံးလုံး စွန့်လိုက်လေပြီ။ ဤကဲ့သို့ စွန့်လိုက်ခြင်းကြောင့် အကျိုးရှိသည်ကို ကျွန်ုပ်ကိုယ်တိုင် တွေ့ရဖူးလေသည်။

အကယ်၍ လူတစ်ယောက်သည် စကားတစ်ခုကို ပြောလိုက်ရာ ထိုစကားသည် မှားသည်ဟု သင်ကိုယ်တိုင် အကယ်စင်စစ် သေချာကျနစွာ သိရှိသည့်တိုင်အောင် ထိုသူ့ကို မှားသည်ဟု တိုက်ရိုက်မပြောဘဲ အောက်ပါ စကားမျိုးဖြင့် ပြောရလျှင် မကောင်းပေဘူးလား။

'ဒီမှာအဆွေ၊ ကျွန်တော် ထင်တာက တစ်မျိုးဖြစ်နေတယ်၊ ကျွန်တော် ထင်တာ မှားချင်လဲ မှားမှာပဲ၊ ကျွန်တော်က အတွေးတော့ တော်တော်

၁။ Lord Chesterfield
၂။ Einstein
၃။ Socrates
၄။ Athens

www.burmeseclassic.com

www.burmeseclassic.com



ခေါင်တတ်တယ်။ တကယ်လို့များ မှားနေလျှင်ပြင်ပါ။ အကြောင်းချင်းတကို တစ်ခုစီပြန်ပြီး စပ်ကြည့်ရအောင်။

'ကျွန်တော် မှားချင်လဲမှားမှာပဲ၊ ကျွန်တော်က အတွေးတော့ တော်တော် ခေါင်တတ်တယ် အကြောင်းချင်းတစ်ခုစီကို ပြန်ပြီး စစ်ကြည့်ရအောင်' အစရှိသော စကားလုံးများသည် အတော်တာသွားသော စကားများဖြစ်၏။

'ကျွန်တော် မှားချင်လဲ မှားမှာပဲ၊ အကြောင်းချင်းတစ်ခုစီပြန်ပြီး စိစစ်ကြည့် ရအောင်' အစရှိသော စကားများကို ဘယ်လူမျိုးမှ ကန့်ကွက်လိမ့်မည် မဟုတ်ပေ။

လောကဓာတ်ဆရာကြီးတစ်ဦး၏ စကားသုံးနှုန်းပုံကို ကြည့်ကြဦးစို့။ တစ်ခါတုန်းက စတက်ဖင်ဆန်[၁] ဆိုသူနှင့် ကျွန်ုပ် တွေ့ဖူး၏။ သူသည် နာမည်ကျော် လောကဓာတ်ဆရာကြီးတစ်ဦးဖြစ်၏။ အလွန်အေးသောအာတိတ် စက်ဝိုင်း၏မြောက်ဘက်တွင် ဆယ့်တစ်နှစ်ကြာအောင် နေခဲ့သည့်ကာလတွင် ခြောက်နှစ်တိုင်တိုင် အမဲသားနှင့်ရေကိုသာ မှီဝဲခဲ့လေသည်။ သူနှင့်တွေ့သောအခါ သူကိုယ်တိုင် စမ်းသပ်စစ်ဆေးလျက်ရှိသော လောကဓာတ်နည်း တစ်နည်းကို ကျွန်ုပ်အား ပြောပြသဖြင့် ဘယ်လိုနည်းသစ်တွေကို လက်တွေ့ပြမလို့တုံးဟူ၍ မေးဖူး၏။ ထိုအခါ 'လောကဓာတ်ဆရာဆိုတာ စင်စစ်မတော့ နည်းသစ်တွေကို လက်တွေ့ပြဖို့ မကြိုးစားပါ၊ ရှိပြီးသားနည်းဟောင်းတွေကို မပေါ်ပေါ်အောင် ရှာတာပါပဲ'ဟူ၍ ကျွန်ုပ်ကို ပြန်ပြော၏။ ကျွန်ုပ်သည် ထိုစကားများကို မည်သည့်အခါမှ မေ့နိုင်မည် မဟုတ်ပေ။

စကား ပြောရာ၌ သင်ကိုယ်တိုင် မှားကောင်း မှားလိမ့်မည်ဟူ၍ ဝန်ခံခြင်းဖြင့် သင့်၌ ဘေးမဖြစ်နိုင်။ ဤကဲ့သို့ ဝန်ခံခြင်းကြောင့် ဘာကိုမျှ ငြင်းခုံစရာ မလိုရုံသာမက သင်နှင့်စကားပြောနေသော တစ်ဖက်သားသည်လည်း သင်ကဲ့သို့ပင် စိတ်သဘောထား ကြီးလာ၍ သင်ကဲ့သို့ပင် မှားကြောင်းကို ဝန်ခံချင်သော စိတ်ထားများ ပေါ်ပေါက်လာပေမည်။

တစ်ဦးတစ်ယောက်သောသူသည် မှားယွင်းလျက်ရှိသောအခါ မှားသည် ဟု ထိုသူအား တုံးတိတိကြီး ပြောမိသောကြောင့် မည်ကဲ့သို့ ဖြစ်ဖူးကြောင်း သာဓက တစ်ခုကို ဖော်ပြပါအံ့။

---

၁။ Stefansson

www.burmeseclassic.com

www.burmeseclassic.com



လပ်စဂါတင်နှင့် ဖလိကော်ပိုရေးရှင်း[၁] တို့ဖြစ်ကြသော အမှုကြီးတစ်ခုသည် အမေရိကန်ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ များမကြာမီက ရောက်လာလေသည်။ ထိုအမှုတွင် မစ္စတာအက်စ်[၂] ဆိုသူက ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်လေသည်။ တရားဖြစ်နေသောငွေမှာ အလွန်များပြားရုံသာမက ဥပဒေတစ်ရပ်နှင့်စပ်လျဉ်း၍ မရှင်းလင်းသောအချက်များလည်း အကျုံးဝင်လျက်ရှိရကား ထိုအမှုသည် အလွန်အရေးကြီးသောအမှုတစ်ခုဖြစ်လေသည်။

ထိုအမှုနှင့် စပ်လျဉ်း၍ လျှောက်လဲနေစဉ် 'ရေဘက်ဆိုင်ရာတွင် စာချုပ်များကို ကန့်သတ်ပိုင်းခြားထားသည့်နှစ်ဟာ ခြောက်နှစ်မဟုတ်ဘူးလား' ဟု တရားဝန်ကြီးတစ်ဦးက မစ္စတာအက်စ်ကို ဖြတ်၍ မေးလိုက်လေသည်။

မစ္စတာအက်စ်ကလည်း လျှောက်လဲချက်ကို ခေတ္တရပ်၍ မေးသောတရားဝန်ကြီးကို အံ့အားသင့်စွာ စိုက်ကြည့်နေပြီးနောက် 'ရေတပ်ဘက်ဆိုင်ရာတွင် စာချုပ်ကန့်သတ်သည့်ဥပဒေမရှိပါ' ဟု တုံးတိတိ ပြန်ပြောလိုက်သည်။

'ဒီလိုလဲပြန်ပြီး ဖြေလိုက်ပါရော တစ်ရုံးလုံးလဲ မီးကိုရေနှင့်သတ်သလို တိတ်သွားတာပဲ၊ ကျွန်ုပ်က မှန်ပြီး တရားဝန်ကြီးက မှားလို့မှားကြောင်းကို ပြောမိတာ အမှန်ပဲ၊ သို့ပေမယ့် ဒီလိုပြောလိုက်လို့ တရားဝန်ကြီးက ကျွန်ုပ်အပေါ်မှာ မေတ္တာရှိလာသတဲ့လား၊ မရှိဘူး၊ ဥပဒေအရဆိုလျှင် ကျွန်ုပ်မှန်သည်ဟု ယနေ့ထက်တိုင် ကျွန်ုပ် ကောင်းစွာယုံကြည်၏၊ နောက်ပြီးတော့လဲ အဲဒီနေ့က ခါတိုင်းနေ့တွေကထက် ကျွန်ုပ်၏ လျှောက်လဲချက်ဟာ ပိုပြီးကောင်းတယ်လို့ ကျွန်ုပ်ကိုယ်တိုင် သိတယ်၊ သို့ရာတွင် ကျွန်ုပ်သည် အလွန်ပညာရှိ၍ နာမည်ကျော်ကြားသော တရားဝန်ကြီးတစ်ဦးကို ဖျောင်းဖျောင်းဖျဖျ မပြောဘဲ မှားသည်ဟု တုံးတိတိ ပြောမိသောကြောင့် အမှားကြီး မှားခဲ့ဖူးလေသည်' ဟူ၍ မစ္စတာ အက်စ်ကိုယ်တိုင် ကျွန်ုပ်၏ တပည့်များကို ပြောပြဖူးလေသည်။

အမှန်ကိုရောက်အောင် တွေ့နိုင်သောသူများသည် အလွန်ရှားလေသည်။ ကျွန်ုပ်တို့သည် များသောအားဖြင့် အစွဲအလမ်း ကြီးသောသူများ ဖြစ်ကြသည်။ များသောအားဖြင့် ကျွန်ုပ်တို့၌ အဖက်ဖက်၌ စွဲလမ်းလျက်ရှိသော စိတ်ကူးများ၊ သဝန်ကြောင်ခြင်း၊ မယုံသင်္ကာဖြစ်ခြင်း၊ ကြောက်ရွံ့စိုးရိမ်ခြင်း၊ မနာလိုခြင်းနှင့်

---

၁။ Lusgarten &. Fleet Corporation 280 U.S 320

၂။ Mr. S

www.burmeseclassic.com

www.burmeseclassic.com



မာနများ ရှိကြလေသည်။ များစွာသော လူတို့သည် သူတို့ ယုံကြည်သော ဘာသာ သို့မဟုတ် နှစ်သက်သောဆံတောက်ပုံ သို့မဟုတ် မှန်သည်ထင်သော ကွန်မြူနစ်[၁] ဝါဒ သို့မဟုတ် စွဲလမ်းလျက်ရှိသော ဓာတ်လိုက်မင်းသား ကလတ်ဂေဗယ် စသည့် အရာတို့ကို စွန့်ပစ်ကြရန် အလိုမရှိကြချေ။

ထို့ကြောင့် အကယ်၍ တစ်ဘက်သားကို မှားသည်ဟု ပြောတတ်သော ဝါသနာ အသင်၌ ရှိခဲ့ပါလျှင် အောက်ပါစာပိုဒ်ကို နံနက်စာမစားမီ နံနက်တိုင်း ဖတ်ကြားပါလေ။ ထိုစာပိုဒ်သည် ပရော်ဖက်ဆာဂျိမ်းဟာဗေး ရော်ဗင်ဆန်[၂] ရေးသားသော 'စိတ်ဖြစ်ပေါ်ပုံ'[၃] စာအုပ်မှ ကောက်နုတ်ချက်ဖြစ်လေသည်။

> ပြင်းပြင်းထန်ထန် မကြိုးစားရဘဲနှင့် ကျွန်ုပ်တို့၏ စိတ်ထားများသည် ပြုပြင်ပြောင်းလဲသွားသည်ကို ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ တွေ့ရှိရ၏။ သို့ရာတွင် ကျွန်ုပ်တို့ကို တစ်စုံတစ်ယောက်သောသူက မှားသည်ဟု စွပ်စွဲလိုက်သောအခါ ကျွန်ုပ်တို့သည် ဤသို့ပြောဆိုခြင်းကို မနှစ်မြို့သောကြောင့် ကျွန်ုပ်တို့၏ မူလသဘောထားကို မပြောင်းဘဲ ခွတ်ဟရွတ် နေတတ်ကြလေသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ယုံကြည် စွဲလမ်းချက်များအပေါ်တွင် အမှုမဲ့အမှတ်မဲ့ ပေါ့ပေါ့ဆဆ နေတတ်ကြသော်လည်း တစ်စုံတစ်ယောက်သောသူက ထိုအချက်များကို ထိခိုက်ပြောဆိုလာသော အခါ သူတို့အပေါ်တွင်ရှိသော ကျွန်ုပ်တို့၏ စွဲလမ်းခြင်း စိတ်ဓာတ်တို့သည် ကျွန်ုပ်တို့၏ ရင်တွင်း၌ ဆထက်ထမ်းပိုး တိုးလာသည်ကို တွေ့ရှိရပေလိမ့်မည်။ စင်စစ်မှာမူကား ဤကဲ့သို့ ဖြစ်ခြင်းသည် အမှားအမှန်ကို ဤမျှလောက် ဂရုစိုက်လှ၍ မဟုတ်။ ကျွန်ုပ်တို့၏ ဂုဏ်ကို ထိခိုက်သောကြောင့်ပင် ဖြစ်သည်။ ...... လူတို့တွင် 'ငါ့ဟာ' ဆိုသော စကားလုံးကလေးသည် အလွန် အရေးကြီးလေသည်။ ထိုအချက်ကို ကောင်းစွာ အသုံးပြုတတ်ခြင်းသည် ပညာရှိခြင်း၏ အစပင်တည်း။ 'ငါ့ထမင်း' 'ငါ့ခွေး' 'ငါ့အိမ်' 'ငါ့အဖေ' 'ငါ့တိုင်းပြည်' 'ငါ့ဘုရားသခင်' စသော စကားလုံးတို့သည် အဓိပ္ပာယ်လေးနက်ရာ၌ ညီတူညီမျှပင် ဖြစ်သည်။ ကျွန်ုပ်တို့၏ နာရီသည် အချိန်မှားနေသည် ဟူ၍လည်းကောင်း၊ ကျွန်ုပ်တို့၏ မော်တော်ကားသည် စုတ်နေသည်

---

၁။ Communist

၂။ Professor James Harvey Robinson

၃။ 'The Mind in the Making'

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍လည်းကောင်း အပြောခံရမည်ကို မနှစ်မြို့ရုံသာမက အင်္ဂါဂြိုဟ်တွင် ရှိသော ရေသွားမြောင်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့ မှတ်သားထားသည့် အချက်များသည် လည်းကောင်း၊ 'အက်ပိတက်တပ်'[၁] ဟူသော စကားလုံး ကို ခေါ်ရာ၌ ကျွန်ုပ်တို့၏ အသံထွက်သည် လည်းကောင်း၊ ဆယ်လီစင်[၂] ဓာတ်သည် ဆေးဖက်တွင်မည်မျှ အသုံးဝင်သည် သို့မဟုတ် ပထမ ဆာဂွန်[၃]၏ မွေးနေ့သည် မည်သည့်နေ့ ဖြစ်သည်ဟူ၍ ကျွန်ုပ်တို့၏ အမှတ်အသားများသည် လည်းကောင်း မှားယွင်း ချွတ်ချော်နေသော ကြောင့် သူတို့ကို အသစ်ပြင်ရန် လိုသည်ဟူသော သွန်သင် ချက် တို့ကိုလည်း ကျွန်ုပ်တို့ မနှစ်မြို့ချေ။ ကျွန်ုပ်တို့မှန်သည်ဟု အယူရှိ ထားသော ယုံကြည်ချက်တို့ကို ကျွန်ုပ်တို့သည် ဆက်လက် ယုံကြည် လိုသောဆန္ဒများ ရှိကြသည်။ ထိုယုံကြည်ချက်များကို ထိခိုက်ပြောဆို သောအခါ မခံချင်သော စိတ်ဓာတ်များကြွတက်လာပြီးလျှင် ထိုအချက် များဘက်မှနေ၍ ဆင်ခြေအမျိုးမျိုးပေးကာ ခုခံကာကွယ် တတ်ကြသည်။ သို့ဖြစ်သောကြောင့် စကားပြောရာ၌ ကျွန်ုပ်တို့၏ အကိုးအကား များသည် အခြားမဟုတ်၊ ကျွန်ုပ်တို့ယုံကြည်ရင်းစွဲဖြစ်သော အချက်များကို ကာကွယ်ရန်အတွက်ပေးသော ဆင်ခြေများပင် ဖြစ်ကြ၏။

တစ်ခါတုန်းက ကျွန်ုပ်၏အိမ်ကို အလှဆင်ရန်အတွက် လူတစ်ယောက်ကို ငှား၍ ခိုင်းဖူး၏။ အားလုံးပြီးစီး၍ အလှဆင်ပေးခအတွက် ကြွေးတောင်း စာရင်း ရောက်လာသောအခါ ဈေးကြီးလွန်း၍ ကျွန်ုပ်သည် ပင့်သက် ရှူမိ၏။

ရက်အနည်းငယ်ကြာသောအခါ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးသည် အိမ်သို့ အလည်ရောက်လာ၏။ အလှဆင်ထားသည်ကို တွေ့သောအခါ အလှပြင်ခ ဘယ်လောက်ပေးရသလဲဟု မေးလေသည်။ အခကိုပြောပြသောအခါ ကျွန်ုပ်၏ မိတ်ဆွေသည် စုတ်သတ်၍ 'အလှပြင်သမားက ရှင့်ကို 'ချ'သွားပြီ၊ ဈေးသိပ်များတာပေါ့'ဟု ပြန်ပြောလေသည်။

ကျွန်ုပ်၏ မိတ်ဆွေပြောသောစကားသည် အမှန်ပင်ဖြစ်လေသည်။ သို့ရာတွင် မိမိတို့ကိုယ်တိုင် လုပ်ထားသော အလုပ်များကို မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ အပြစ်ဆိုခြင်းကိုမူကား ကြိုက်သူ အလွန်နည်းလေသည်။

---

၁။ Epictetus

၂။ Salicin

၃။ Sargon I

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ပုထုဇဉ်ဖြစ်သည့်အတိုင်း ကျွန်ုပ်လုပ်ထားသော အလုပ်ကို ကာကွယ်လို၏။ ထို့ကြောင့် 'အကောင်းကြိုက်ရင် ဈေးပေါပေါနဲ့ မရဘူး၊ ဈေးနည်းနည်းဆိုရင် ကုန်အညံ့တွေရမှာပေါ့' အစရှိသည်ဖြင့် ပြန်၍ ပြောလိုက်၏။

နောက်တစ်နေ့တွင် အခြားမိတ်ဆွေတစ်ဦး အလည်ရောက်လာပြန်၏။ ထိုမိတ်ဆွေကမူကား အလှပြင်ထားသော အရာများကိုကြည့်ပြီးလျှင် အလွန်စိတ်အားထက်သန်စွာနှင့် ချီးမွမ်းလျက်ရှိ၏။ သူ၏ အိမ်၌လည်း ဒီလိုမျိုး အလှပြင်ထားနိုင်လျှင် ဘယ်လောက်ကောင်းမလဲ အစရှိသည်ဖြင့် ပြောကြား၏။ ထိုမိတ်ဆွေ၏ စကားကိုကြားရသောအခါ ကျွန်ုပ်၏ စိတ်ဓာတ်များသည် တစ်မျိုးတစ်ဖုံ ဖြစ်လာလေသည်။ ထို့ကြောင့် 'ဟာ မပြောပါနဲ့တော့ကွယ်၊ ခိုင်းပြီးသား ဖြစ်နေလို့သာ ငြိမ်နေလိုက်ရတယ်၊ အစကသာ ဒီလောက် ကုန်မယ်မှန်းသိရင် မခိုင်းပါဘူး၊ ဈေးသိပ်ကြီးတာပဲ'ဟူ၍ ကျွန်ုပ်က ပြန်ပြော၏။

ကျွန်ုပ်တို့သည် အမှားတစ်ခုကို ပြုလုပ်မိသောအခါ ကျွန်ုပ်တို့စိတ်ထဲကသာလျှင် မှားကြောင်း ဝန်ခံကောင်း ဝန်ခံလိမ့်မည်။ ထို့ပြင် ကျွန်ုပ်တို့အား ဖျောင်းဖျောင်းဖျဖျ သာသာယာယာနှင့် မေးစမ်းခြင်းပြုလျှင် ထိုသို့ မေးသူများအား ကျွန်ုပ်တို့၏ အမှားကို ဝန်ခံ၍ 'ငါမှန်တာကို ဘွင်းဘွင်းကြီး ပြောရဲတယ်' အစရှိသော စိတ်ထားဖြင့် ကျွန်ုပ်တို့၏ သဘောထားကြီးခြင်းကို ဂုဏ်ယူကောင်း ဂုဏ်ယူမိပေမည်။ မည်သို့ပင် သဘောထားကြီးချင်သော ဆန္ဒရှိစေကာမူ အတင်းစွပ်စွဲလျှင် ကျွန်ုပ်တို့၏ မှားကြောင်းကို ဝန်ခံမည်မဟုတ်ပေ။

အမေရိကန်ပြည်တွင်းစစ်[၁] ဖြစ်ပွားစဉ်က ထိုပြည်၏ အကျော်ကြားဆုံးသော သတင်းစာဆရာကြီးဖြစ်သည့် ဟော်ရေ့စ် ဂရီလေ[၂] သည် အမေရိကန်ပြည်၏ သမ္မတ လင်ကွန်းနှင့် အပြင်းအထန် သဘောကွဲလွဲခဲ့လေသည်။ လင်ကွန်းအား သတင်းစာထဲမှနေ၍ အပြင်းအထန် ဆဲဆိုကြိမ်းမောင်းပုတ်ခတ်ရေးသားခြင်းဖြင့် လင်ကွန်းသည် သူ့ဘက်သို့စိတ်ပြောင်းလာလိမ့်မည်ဟူ၍ ဟော်ရေ့စ်ဂရီလေသည် အယူရှိခဲ့၏။ ထို့ကြောင့်အထက်ပါနည်းအတိုင်း လပေါင်းနှစ်ပေါင်းများစွာ ဆူပူရေးသားခဲ့၏။ သမ္မတလင်ကွန်းသည် ဗုသ်[၃] ဆိုသူ၏ လက်ချက်ဖြင့် အသက်ထွက်ရရှာသော ညဉ့်၌ပင်လျှင် သတင်းစာဆရာ

---

၁။ The Civil War

၂။ Horace Greeley

၃။ Booth

www.burmeseclassic.com

www.burmeseclassic.com



ဟော်ရေ့စ်ဂရီလေသည် သမ္မတလင်ကွန်းကို ပုဂ္ဂလ ဓိဋ္ဌာန်အားဖြင့် ညစ်ညမ်းစွာ ပုတ်ခတ်ရေးသားခဲ့ဖူး၏။

သို့ရာတွင် ဤသို့ပုတ်ခတ်ရေးသားခြင်းဖြင့် လင်ကွန်းသည် ဂရီလေ ဘက်သို့ စိတ်ပြောင်းလာရဲ့လား။ မလာဘူး။ ပြက်ရယ်ပြုခြင်း စော်ကားခြင်းဖြင့် မိမိဘက်သို့ပါလာအောင် မည်သည့်အခါမျှ မတတ်နိုင်။

လူများနှင့် ပေါင်းသင်း ဆက်ဆံရာ၌ အကောင်းဆုံးနည်း အချို့ကို သင်သည် အလိုရှိခဲ့ပါမူ သူကိုယ်တိုင်ရေးသားထားသော ဘင်ဂျမင် ဖရန်ကလင် ၏ အတ္ထုပ္ပတ္တိကို ဖတ်ဖြစ်အောင် ဖတ်လိုက်ပါ။ အတ္ထုပ္ပတ္တိ စာအုပ်များတွင် အကောင်းဆုံးစာအုပ်တစ်အုပ် ဖြစ်ပါသည်။ စာကြည့်တိုက်ရှိလျှင် ထိုစာကြည့် တိုက်မှ အဆိုပါ အတ္ထုပ္ပတ္တိကို ငှားပါ။ မရှိလျှင် ရနိုင်သည့် စာအုပ်ဆိုင်တစ်ဆိုင်မှ ဝယ်ပါ။ အသင်၏မြို့တွင် စာအုပ်ဆိုင်မရှိပါလျှင် ပင်ရင်းတိုက်သို့ တိုက်ရိုက် မှာယူနိုင်ပါသည်။

ထိုအတ္ထုပ္ပတ္တိထဲတွင် ငြင်းချင်သော အလေ့အထကို ပျောက်အောင် မည်ကဲ့သို့ ဖျောက်ခဲ့ရပုံနှင့် မိမိဘက်သို့ပါအောင် ဆွဲနိုင်သော ပရိယာယ်ကောင်း သည့် နိုင်ငံရေးသမားကောင်းဟူ၍ အမေရိကန်သမိုင်းတွင် ထင်ရှားကျော်ကြားသူ တစ်ဦး ဖြစ်လာအောင် မည်ကဲ့သို့ လုပ်ခဲ့ရပုံတို့ကို ကွက်ကွက်ကွင်းကွင်း ရေးသားထားလေသည်။

ဘင်ဂျမင်ဖရန်ကလင်သည် ငယ်ရွယ်စဉ်အခါက တစ်နေ့သောအခါဝယ် သူ၏ သူငယ်ချင်းတစ်ဦးသည် သူ့ကို တစ်နေရာသို့ လက်တို့ခေါ်သွားပြီးလျှင် အောက်ပါစကားကဲ့သို့ အဓိပ္ပာယ်ရှိသော စကားမျိုး သူ့အား ပြောပြ၏။

'ဟေ့ကောင်၊ မင်းဟာ သိပ်ခက်တဲ့အကောင်ပဲကွ၊ မင်းနဲ့သဘောချင်း မတူတဲ့ လူတွေအတွက်မှာဆိုရင် မင်းရဲ့ အယူအဆတွေဟာ ပိသာလေးနဲ့ ဘေးပစ်လိုက်သလိုပဲ၊ မင်းဟာတွေက ကောင်းလွန်းလို့ဘယ်သူကမှ ဂရုမစိုက် ကြဘူး၊ ကြာတော့ဘယ်နှယ်ဖြစ်နေသလဲဆိုရင် မောင်မင်း ကြီးသား မရှိတော့မှဘဲ မင်းအဖော်တွေမှာ စိတ်သက်သာ ရတော့တယ်၊ ဘာပဲဖြစ်ဖြစ် မင်းက သိပြီးသားချည်းပဲ ဖြစ်နေတော့ မင်းကို ဘယ်သူကမှ ဘာကိုမှ မပြောတော့ဘူး၊ အစစ်ပဲ၊ ဘယ်သူကမှ ဘာကိုမှ မပြောတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပြောရင် ပြောတဲ့လူသာ စိတ်ရှုပ်ပြီး အမောအဖတ်တင်ရုံရှိတော့မှာပဲ။ အဲဒီတော့ မင်းခေါင်းထဲမှာရှိတဲ့ လက်တစ်ဆုပ်လောက် အသိဉာဏ်ကလေးဟာလည်း ဘယ်တော့မှ မတိုးတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါစကားသည် မှန်ကန်ကြောင်းကို ဘင်ဂျမင်ဖရန်ကလင်သည် သတိရ၏။ သူ့ကိုယ်ကို သူ မပြင်လျှင် မည်သူနှင့်မျှ ပေါင်းမဖြစ်သည့်အပြင် ဘာကိုမျှလည်း လုပ်မဖြစ်တော့ဟူ၍ ကောင်းစွာ ဆင်ခြင်မိ၏။ ထို့ကြောင့် မထေမဲ့မြင် ပြုလေ့ရှိသော သူ၏ နှုတ်အမူအရာတို့ကို အမြစ်ကနေ၍ လှန်လေသည်။

'တစ်ဖက်သား နာကြည်းမည့် တိုက်ရိုက်ဆန့်ကျင်ဘက် အပြုအမူများနှင့် ငါ့ဟာမှ မှန်သည်ဟု ခွတ်တရွတ် ပြောဆိုခြင်းမျိုးကို ရှောင်ရှားထားရန် ကျွန်ုပ်သည် သန္နိဋ္ဌာန် ချထား၏။ ထိုမျှမကသေး 'ကေန်အမှန်ပဲ' 'ဘယ်နည်းနှင့်မျှ မလွဲရဘူး' စသော တစ်ဘက်သား ငြင်းရန်မလိုဟူ၍ အဓိပ္ပာယ်ပေါက်စေသည့် စကားလုံးမျိုးတို့ကို သုံးခြင်းမှ အထူးရှောင်ရှား၍ 'ဒီဟာ မှန်လိမ့်မယ်လို့ ကျွန်ုပ်ယူဆတယ်၊ ဟိုဟာဖြင့် ဖြစ်နိုင်လိမ့်မယ်လို့ တွေးမိပါတယ်' အစရှိသော စကားမျိုးကို အသုံးပြုလေသည်။ တစ်စုံတစ်ယောက်သောသူသည် ကျွန်ုပ်မှားသည်ထင်သော စကားတစ်ခွန်းကို ကျွန်ုပ်ရှေ့တွင် ပြောလိုက်မိသည် ဆိုကြပါစို့။ သူ၏ အမှားကို ဖြန့်းခနဲပြင်ရန်အတွက် ကျွန်ုပ်၏ ပါးစပ်သည် ယားလျက်ရှိသော်လည်း ထိုဆန္ဒကို မျိုသိပ်ထားလိုက်ပါသည်။ သူ့စကားကို ပြန်၍ ဖြေရှင်းမှ အခြားသော ကိစ္စတို့၌ သူ၏ အယူအဆသည် မှန်ပါလိမ့်မည်။ သို့ရာတွင် ဤကိစ္စမှာမူကား ကျွန်ုပ်နှင့် သဘောချင်းလွဲနေဟန် လက္ခဏာ ရှိသည်ဟု ကျွန်ုပ် ထင်ပါသည်' အစရှိသည်ဖြင့် ပြောပြလေသည်။

'ဤသို့ ကျွန်ုပ်၏ ကိုယ်နှုတ် အမူအရာကို ပြင်လိုက်ခြင်းဖြင့် အကျိုးရှိပုံကို ကျွန်ုပ်ကိုယ်တိုင် ထင်ရှားစွာတွေ့ရှိရလေသည်။ သူများနှင့် စကားပြောဆိုရာ၌ ရှေးကထက်ပိုပြီး လေပေးဖြောင့်လျက်ရှိ၏။ မိမိကိုယ်ကို နှိမ့်ချသောနည်းဖြင့် ကျွန်ုပ် ထင်မြင်ချက်များကို ပြောပြရာ လွယ်လင့်တကူနှင့် နှစ်သက်သူများ၍ ကန့်ကွက်သူ နည်းသည်ကို တွေ့ရလေသည်။ ကျွန်ုပ်ကို မှားသည်ဟူ၍ တစ်ဘက်သားတို့က မြင်ကြသောအခါတွင်လည်း ရှေးကကဲ့သို့ ဂဏ်ကို ထိခိုက်မည်ဟူ၍ မယူဆတော့ပေ။ ကျွန်ုပ် မှန်သောအခါ များ၌လည်း တစ်ဘက်သားတို့သည် သူတို့၏ အမှားများကို စွန့်ပစ်၍ ကျွန်ုပ်ဘက်သို့ လွယ်လင့်တကူ စိတ်ပြောင်းလာကြလေသည်။

'ကျွန်ုပ်၏ နဂိုစိတ်ထားမှ ထိုကဲ့သို့ကိုယ်နှုတ်အမူအရာမျိုး ဖြစ်လာအောင် လက်ဦးအစတွင် အတော်ပြင်းပြင်းထန်ထန် ကြိုးစားရပေမည်။ သို့ရာတွင် နောက်ဆုံး၌ ကျွန်ုပ်၏ ဝသီဖြစ်လာသောကြောင့် လွန်ခဲ့သည့် အနှစ်ငါးဆယ်ဖြ

www.burmeseclassic.com

www.burmeseclassic.com



ယနေ့အထိ ငါသာမှန်ရမည်ဟူသော ဇွတ်တရွတ်စကားမျိုး ကျွန်ုပ်ပါးစပ်မှ ထွက်လာသည်ကို မည်သူတစ်ဦးတစ်ယောက်မျှ ကြားမိလိမ့်မည်ဟူ၍ ကျွန်ုပ် မထင်ပေ။

'ဥပဒေသစ်များကို တင်သွင်းရာ၌လည်းကောင်း၊ ဥပဒေဟောင်းများထဲမှ အချို့အချက်များကို ပြင်ဆင်ရာ၌လည်းကောင်း၊ တိုင်းသူပြည်သားများအား ကျွန်ုပ်ဘက်သို့ပါအောင် ပြုလုပ်နိုင်ခြင်း၊ ထို့ပြင် ပြည်သူ့အဖွဲ့များထဲတွင် အဖွဲ့ဝင်တစ်ဦးဖြစ်လာသောအခါ ကျွန်ုပ်နှင့်အတူဖြစ်သော အဖွဲ့ဝင်များအား ကျွန်ုပ်ဘက်သို့ပါအောင် ပြုလုပ်ခြင်းတို့သည် ကျွန်ုပ်၏ သမာဓိအပြင် အခြား အကြောင်းကြောင့်မဟုတ်ဘဲ အထက်တွင်ဖော်ပြသကဲ့သို့ ကျွန်ုပ်၏ ကိုယ်နှုတ်အမူအရာ ပြောင်းလဲလိုက်ခြင်းကြောင့်ပင် ဖြစ်သည်ဟု ကျွန်ုပ် အယူရှိမိ၏။ အဘယ့်ကြောင့်ဆိုသော် စကားပြောလည်း မသွက်။ စကားလုံးကောင်း ရွေးရာ၌လည်း အလွန်နှေးသည့်အပြင် စကားအထားအသို မမှန်ဘဲ ညံ့ဖျင်းသော စကားပြောသမားတစ်ယောက်ပင် ဖြစ်သော်လည်း ကျွန်ုပ် ယူဆသောအချက်များသည် နိုင်သည်သာ များလေသည်' အစရှိသည်ဖြင့် ဘင်ဂျမင် ဖရန့်ကလင်က ပြောကြားဖူးလေသည်။

အရောင်းအဝယ်လုပ်ရာ၌ ဘင်ဂျမင်၏ နည်းသည် မည်သို့အသုံးကျသည်ကို ကြည့်ကြရအောင် အောက်ပါ သာဓကနှစ်ခုကို ဖတ်လိုက်စမ်းပါ။

နယူးယောက့်မြို့ လစ်ဗာတီလမ်း တိုက်အမှတ် ၁၁၄ နေ မစ္စတာအက်ဖ်ဂျေ မဟော်နီ [၁] ဆိုသူသည် ရေနံလုပ်ငန်းအတွက် ကိရိယာတစ်မျိုးကို ရောင်းစားသူ ဖြစ်လေသည်။ တစ်နေ့သ၌ လောင်းအိုင်လန် [၂] အရပ်ရှိ ရေနံကုန်သည်ကြီး တစ်ဦးထံမှ အမှာစာတစ်ခုကိုရ၏။ ထိုအမှာစာအတိုင်း နမူနာများကို ပြသပြီးနောက် သဘောကျသဖြင့် ထိုကိရိယာများကိုတပ်ဆင်၍ပင် အတော်အတန် ပြီးလေပြီ။ သို့ရာတွင် ဝမ်းနည်းဖွယ်ရာ ကိစ္စတစ်ရပ်သည် ရုတ်တရက် ပေါ်ပေါက်လာလေသည်။ ဖြစ်ရပုံမှာ ဤသို့တည်း။

အဆိုပါ ရေနံကုန်သည်ကြီးသည် မိမိ မှာထားသော ကိရိယာများ အကြောင်းနှင့် စပ်လျဉ်း၍ မိတ်ဆွေများနှင့် တိုင်ပင်ကြည့်ရာ ဒီဟာက တိုနေတယ်၊ ဟိုဟာကြီးက သိပ်ရှည်နေပြီ၊ ဒါတွေဝယ်လိုက်တာ သိပ်မှားတာပဲ၊ အစရှိသဖြင့် ထိုမိတ်ဆွေများက ဝိုင်း၍ အပြစ်ပြောကြ၏။ မိတ်ဆွေများ၏

၁။ F.J. Mahoney

၂။ Long Island

www.burmeseclassic.com

www.burmeseclassic.com



ပြောပြချက်အရ ထိုရေနံကုန်သည်ကြီးသည် စိတ်တိုလာပြီးလျှင် မှာထားတဲ့ ကုန်တွေ မလိုချင်တော့ဘူးဟူ၍ မစ္စတာမဟော်နီထံသို့ စကားပြောကြေးနန်းဖြင့် ပြောကြား၏။

နောက်ထပ်ဘာဖြစ်ကြသည်ကို မစ္စတာမဟော်နီသည် အောက်ပါအတိုင်း ပြောပြ၏။

'ကျွန်ုပ်၏ ပစ္စည်းများကို အသေအချာ ထပ်မံစစ်ဆေးကြည့်ပြီးဖြစ်၍ ကျွန်ုပ်တို့ဘက်က ဘယ်နည်းနှင့်မျှ မမှားဘဲ ထိုရေနံကုန်သည်ကြီးနှင့် သူ၏ မိတ်ဆွေများသာလျှင် မှားသည့်အကြောင်းကို ကျွန်ုပ်သည် တပ်အပ်သေချာစွာ သိ၏၊ သို့ရာတွင် ကျွန်ုပ်သိသည့်အတိုင်း ပြောပြလိုက်လျှင် အတော်ဆိုးသွားလိမ့်မည်ဟု ကျွန်ုပ်တွေးမိ၏၊ ထို့ကြောင့် ထိုကုန်သည်ကြီးရှိရာ လောင်းအိုင်လန်သို့ ကျွန်ုပ်ကိုယ်တိုင် လိုက်သွား၏၊ သူ၏ အလုပ်ခန်းထဲသို့ ကျွန်ုပ် ဝင်မိသည်နှင့် တစ်ပြိုင်နက် သူသည်ထိုင်ရာမှ ခုန်၍ထပြီးလျှင် ကျွန်ုပ်ဆီသို့ စကားသွက်သွက်ပြောလျက် လျှောက်လာ၏၊ ဒေါသ ကြီးလွန်းသဖြင့် သူ စကားပြောနေစဉ် သူ၏ လက်သီးကြီးသည် ကျွန်ုပ်၏ မျက်နှာရှေ့တွင် ဝဲလျက် ရှိပေ၏။

'ကျွန်ုပ်နှင့်တကွ ကျွန်ုပ်တို့ ပစ္စည်းများကို ရစရာမရှိအောင် ပြောပြီးနောက် 'အဲဒီပိုက်တွေအတွက် ခင်ဗျား ဘယ့်နှယ်လုပ်မလဲ'ဟု ဒေါသနှင့် ကျွန်ုပ်အား မေး၏။

'ကျွန်ုပ်(လေအေးအေးဖြင့်) 'ဒါတော့ ဦးသဘောကျသလိုသာ အမိန့်ရှိပါ၊ အမိန့်အတိုင်းလုပ်ရန် အသင့်ပါပဲ၊ ဦးက ဝယ်သူပါ၊ ဒီတော့ ဝယ်သူကြိုက်တာကို ရရမှာပေါ့၊ သို့ပေမယ့် ဒီလိုဆိုရင် တစ်ယောက်ယောက်က တာဝန် ခံရလိမ့်မယ် ဦး၊ ဦးတို့ဟာ မှန်တယ်ထင်ရင် ဦးတို့ရဲ့ နမူနာကို ပေးပါ၊ ပထမက ဦးမှာတဲ့အတိုင်း လုပ်ထားလိုက်လို့ ဒေါ်လာနှစ်ထောင်လောက် ကုန်သွားပေမယ့်လဲ ကိစ္စမရှိပါဘူး ဖျက်ပစ်လိုက်တာပေါ့၊ ဦးသဘောကျကိုသာ ရမယ်ဆိုရင် ငွေ နှစ်ထောင်လောက်ဆုံးလို့ မနမြောပါဘူး၊ သို့ပေမယ့် တစ်ခုတော့ သတိပေးချင်တယ် ဦးရဲ့၊ ဦးအလိုရှိတဲ့အတိုင်း ကျွန်တော်တို့ ဆောက်ပေးရမယ်ဆိုရင် ကောင်း မကောင်းကို ဦးတာဝန်ယူရလိမ့်မယ်။ ကျွန်တော်တို့ ယခုအတိုင်း မှန်တယ်လို့ထင်ပြီး စီစဉ်ထားတဲ့အတိုင်း ဆက်လုပ်ရမယ်ဆိုရင် ကျွန်တော်တို့ တာဝန်ယူမယ်။

'ထိုအချိန်သို့ရောက်သောအခါ ရေနံကုန်သည်ကြီးသည် စိတ်အတော် ပြောင်းသွားသည်ကို တွေ့ရလေသည်။ ထို့ကြောင့် 'ကောင်းပြီ ဆက်လုပ်တော့၊

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် မောင်ပြောတဲ့အတိုင်း မဟုတ်ရင်တော့ ဘုရားကိုသာ တနေပေတော့' ဟု ကျွန်ုပ်ကို ပြောလိုက်၏။'

ကျွန်ုပ် ပြောသည့်အတိုင်း မှန်သဖြင့် ယခုနှစ်အတွက် ဒီလို အလုပ်မျိုး နောက်နှစ်ခု ထပ်၍ အမှာစာ ရခဲ့ပြီးလေပြီ။

'ထိုကုန်သည်ကြီးသည် သူ၏ လက်သီးကြီးကို ကျွန်ုပ်၏ မျက်နှာနားတွင် ဝဲ၍ ကိုယ့်အလုပ်ကို ကိုယ်နားမလည်သူဟု ကျွန်ုပ်အား စော်ကားနေစဉ် သူ့ကိုပြန်၍ မငြင်းမိအောင် ကျွန်ုပ်၏ စိတ်ကို အတော်ကြီးချုပ်တည်း ထားရလေသည်၊ စိတ်ကို အတော်ချုပ်တည်းရသည်မှာ မှန်၏၊ သို့ရာတွင် ထိုသို့ချုပ်တည်းထားသည့်အတွက် ကျွန်ုပ်၏ ကိစ္စမှာ ထမြောက်အောင်မြင်ခဲ့လေ သည်၊ အကယ်၍သာ သူမှားသည် ကျွန်ုပ်သာမှန်သည် အစရှိသဖြင့် သူနှင့် ပြန်၍ ငြင်းချက်ထုတ်နေလျှင် ရုံးရောက်ရခြင်း၊ စိတ်မကောင်းဖြစ်ရခြင်း၊ ငွေကုန်ရခြင်း ထို့ပြင် ဖောက်သည်ကောင်းတစ်ယောက် ဆုံးရှုံးရခြင်းစသော အပြစ်များ ပေါ်ပေါက်လာကောင်း လာပေလိမ့်မည်၊ အစစ်ပဲ၊ လူတစ်ယောက် အားမှားသည်ဟု စွပ်စွဲခြင်းသည် အကျိုးမရှိဟူ၍ ကျွန်ုပ်သည် စွဲစွဲမြဲမြဲကြီး ယုံကြည်၏'ဟု မစ္စတာမဟော်နီသည် ပြောပြဖူးလေသည်။

ဒုတိယ သက်သောသာဓကတစ်ခုကို ကြည့်ကြဦးစို့။ ဤသက်သေ သာဓကများသည် ထောင်သောင်းမကသောလူများ နေ့စဉ်နှင့်အမျှ တွေ့ကြုံ ရလျက်ရှိသော အဖြစ်အပျက်မျိုးပင် ဖြစ်ကြောင်းကို သတိရပါစေ။

အာ ဗီ ကရိုလီ[၁] သည် နယူးယောက်မြို့ရှိ ဂါဒနာဒဗလျူတေးလား သစ်ဆိုင်[၂] မှ သစ်ရောင်းသမားတစ်ဦးဖြစ်လေသည်။ အလွန်အပြောရခက်သော သစ်သား စစ်ဆေးသည့် အရာရှိများကို နှစ်ပေါင်းများစွာတိုင်အောင် မှားသည်ဟု စွပ်စွဲခဲ့ဖူးသည်ဟူ၍ ကရိုလီသည် ဝန်ခံခဲ့၏။ ဤသို့စွပ်စွဲခြင်း ငြင်းခုံကြရာ၌ ကရိုလီသာလျှင် အနိုင်ရခဲ့၏။ သို့ရာတွင် သစ်ကိုမူကား မရောင်းရချေ။ အဘယ်ကြောင့်ဆိုသော် ထိုအရာရှိများသည် ဘေ့စဘောကစားပွဲ ဒိုင်လူကြီး များနှင့် တူသည်။ သူတို့တစ်ခါ ဆုံးဖြတ်ချက်ချပြီးနောက် နောက်ထပ်၍ မပြင်တော့ချေဟု ကရိုလီ ကိုယ်တိုင် ပြောပြ၏။

---

၁။ R.V. Crowley

၂။ Gardner W. Taylor Lumber Company

www.burmeseclassic.com

www.burmeseclassic.com



သူငြင်းခုံ၍ နိုင်သမျှ သူ့သစ်ဆိုင်သည့် ဒေါ်လာထောင်ပေါင်းများစွာ ဆုံးရှုံးနေသည်ကို ကရိုလီသည် ကောင်းစွာသိလေသည်။ ထို့ကြောင့် ကျွန်ုပ် ထံတွင် ပေါင်းသင်း ဆက်ဆံနည်းကို လာရောက် သင်ကြားနေစဉ် သူ၏ ကိုယ်နှုတ် အမူအရာများကို ပြုပြင်ရန်သန္နိဋ္ဌာန်ချလိုက်၏။ ထိုအခါ ဘာဖြစ် သွားသလဲ။ အောက်ပါအတ္ထုပ္ပတ္တိသည် ကရိုလီကိုယ်တိုင် ကျွန်ုပ်၏ တပည့် များကို ပြန်၍ပြောသော စကားများမှ ဖြစ်လေသည်။

'တစ်မနက်ခင်းတွင် ကျွန်ုပ်၏ အလုပ်ခန်းအတွင်းရှိ စကားပြော ကြေးနန်း၏ ခေါင်းလောင်းသံသည် မြည်လျက်ရှိ၏။ ကျွန်ုပ်ထံသို့ စကား ပြောသောသူမှာ အလွန်စိတ်တိုနေဟန် လက္ခဏာရှိလေသည်။ ကျွန်ုပ်တို့ ပို့လိုက်သော ကားတစ်စီးစာသစ်များအနက် လေးပုံ တစ်ပုံလောက်ကိုသာ အောက်သို့ချပြီးမှ ထိုသူ၏ သစ်စစ်ဆေးရေးအရာရှိက သစ်များသည် စံချိန်ထက် ၅၅ ရာခိုင်နှုန်းခန့် အောက်ကျနေသည်ဟု အစီရင်ခံသောကြောင့် ကားထဲတွင် ကျန်သော သစ်များကို ဆက်လက် မချတော့ဘဲ ချပြီးသား သစ်များကိုပင် ပြန်ယူသွားရန် စကားပြော ကြေးနန်းဖြင့် ပြောခြင်းဖြစ်လေသည်။

'ထိုစကားကို ကြားရလျှင်ကြားခြင်း ထိုသူ့ထံသို့ ကျွန်ုပ်ကိုယ်တိုင် အလျင်အမြန်လိုက်သွားလေသည်။ လမ်းတစ်လျှောက်တွင် ကျွန်ုပ်၏ ကိစ္စကို ချောချောမောမော ဖြစ်သွားအောင် ဘယ်လို လုပ်ရပါမလဲဟု စဉ်းစားသွား၏။ ရှေးအခါက ဤလို ကိစ္စမျိုးနှင့် တွေ့ကြုံလျှင် သစ်တိုင်းရာ၌ အသုံးပြုသည့် ဥပဒေများကို တွင်တွင်ကြီးရွတ်ပြီးလျှင် ကျွန်ုပ်ကိုယ်တိုင် သစ်စစ်ဆေးသော အရာရှိ လုပ်ခဲ့ဖူးသဖြင့် ပို့လိုက်သော သစ်များသည် ပေမီသောသစ်များ ဖြစ်ကြသည်ကို ကောင်းစွာ သိရှိကြောင်း၊ ထို့ပြင်လည်း ကျွန်ုပ်၏ သစ်များကို ပေ မမီဟူ၍ ပြောသော အရာရှိသည် သစ်ဥပဒေကို ကောင်းစွာ မကျွမ်းကျင်သေး ကြောင်း အစရှိသည်တို့ကိုလည်း ပြောပြဦးမည်ဖြစ်၏။ သို့ရာတွင် ကျွန်ုပ် သင်ထားသော မိတ္တဗလဋီကာကို ထိုကိစ္စတွင် အသုံးပြုဦးမှပဲဟု စဉ်းစားမိ လေသည်။

'ကျွန်ုပ် ရောက်လာသောအခါ သစ်ကုန်သည်နှင့် သစ်စစ်ဆေးသော အရာရှိတို့သည် အလွန်စိတ်တိုနေ၍ ကျွန်ုပ်အား ဝိုင်းတွယ်လိုသော လက္ခဏာများ ပြလျက်ရှိကြသည်။ ကျွန်ုပ်တို့သည် သစ်တင်သော မော်တော်ကားရှိရာသို့ ရောက်ကြသောအခါ 'ကဲ ပြီးတော့မှပဲ စကား ပြောကြရအောင်၊ မော်တော်

www.burmeseclassic.com

www.burmeseclassic.com



ကားထဲက သစ်တွေကို အကုန်အောက်ကို ချပါဦး'ဟု ကျွန်ုပ်က တောင်းပန်၏။ မော်တော်ကားထဲမှ သစ်များကို အောက်သို့ချနေစဉ် မကြိုက်သောသစ်များကို ဘေးဖယ်ထားရန် သစ်တိုင်း အရာရှိကို ကျွန်ုပ်က ထပ်၍ တောင်းပန်ပြန်၏။

'သူ ဖယ်ထားသော သစ်များကို ကြည့်လိုက်သောအခါ သူ၏ စစ်ဆေးခြင်းမှာ သေချာလွန်းရုံသာမက သစ်ဥပဒေကို အဓိပ္ပာယ်အလွဲ ကောက်ထားမှန်းကို ကျွန်ုပ် တွေ့ရ၏။ ကျွန်ုပ်တို့ပို့လိုက်သောသစ်သည် ထင်းရှူးဖြူသားဖြစ်၍ သစ်အရာရှိသည် ထိုကဲ့သို့ သစ်ပွမျိုးတွင် မကျွမ်းကျင်ဘဲ သစ်မာမျိုးကိုသာ ကောင်းစွာသင်ကြားခဲ့ဖူးသည်ကိုတွေ့ရပြန်၏။ သစ်ပွတွင်မူကား ကျွန်ုပ်သည် အတော်ကျွမ်းကျင်ပြီးသားဖြစ်သဖြင့် သစ်အရာရှိ မှားနေကြောင်းကို ကျွန်ုပ်သည် ကောင်းစွာ သိသော်လည်း သူ့အား မှားသည်ဟု ကျွန်ုပ် ပြောမိသလား၊ မပြောမိပါ။ သူ လုပ်နေသမျှကိုသာ စောင့်ကြည့်နေပြီးလျှင် ဒီဘေးဖယ်ထားတဲ့ သစ်တွေမှာ ဘာကိုသဘောမကျတာ ရှိလို့လဲ စသည့် မေးခွန်း အတိုအထွာကလေးများကိုသာ သူ့အား မေးပါသည်။ ထိုသို့ မေးသည့် အခါတွင် 'ခင်ဗျား မှားနေသည်'ဟူသော လေမျိုးနှင့်မမေးပါ။ ဤသို့ မေးရခြင်းသည် အခြားကြောင့်မဟုတ်ပါ။ နောက်နောင် သစ်များကို ပို့သောအခါ သူတို့မကြိုက်သည့် သစ်မျိုးကို ဖယ်ပြီးလျှင် ကြိုက်သည့် သစ်မျိုးကိုသာ ရွေးချယ်ပြီး ပို့နိုင်စေခြင်းငှာ ဤသို့မေးရခြင်း ဖြစ်ကြောင်း ကို အလေးဂရုပြု၍ ပြောပါသည်။

မေးခွန်းများမေးရာ၌ ခက်ထန်မာကျောစွာမမေးဘဲ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး မေးမြန်းရုံသာမက သူတို့လုပ်ငန်းနှင့် မသင့်သော သစ်များကို ဤကဲ့သို့ဖယ်ထားခြင်းမှာ လမ်းမှန်ကျကြောင်းကို စကားပြောရင်း အခွင့်အခါ ရတိုင်း ကြားချပ်၍ ပြောပြခဲ့ပါသည်။ အတော်ကလေး စကားလက်ဆုံကျလာသောအခါ ကျွန်ုပ်ရောက်စက တွေ့ရသော ခက်ထန်မာကျောသည့် စိတ်ထားများသည် လွင့်စင်သွားပါတော့သည်။ ထိုမျှမကသေး ချက်ကောင်းရတိုင်း မိလောက်သည့် စကားကလေးများကိုလည်း သွင်း၍ပေးလေရာ 'ဒီသစ်တွေဟာ တို့မှာတဲ့ နမူနာထက်တော့ ညံ့မှာမဟုတ်ဘူး။ တို့အလုပ်မှာ သုံးနိုင်ဖို့ သစ်ကို အလိုရှိရင်တော့ တို့ပေးတဲ့ နမူနာထက် ပိုကောင်းတဲ့ သစ်တွေကို တို့မှာဖို့ကောင်းတာပဲ' စသော စိတ်ဓာတ်တို့သည် ထိုသစ်စစ်ဆေးရေး အရာရှိ၏ ရင်တွင်းတွင် တဖွားဖွား ပေါ်ပေါက်လာစေ၏။ ထိုစိတ်ဓာတ်များ ပေါ်ပေါက်လာအောင် ကျွန်ုပ်က လှုံ့ဆော်ပေးနေသည်ဟူ၍ မဖြစ်ရလေအောင် ကျွန်ုပ်သည် အလွန် သတိထားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်ုပ်နှင့်ဆက်ဆံရာ၌ သူ၏ ကိုယ်နှုတ်အမူအရာသည် တဖြည်းဖြည်း ပြောင်းလဲလာ၏။ နောက်ဆုံး၌ ထင်းရှူးဖြူသားအကြောင်းကို သူသည် ကောင်းစွာ နားမလည်ကြောင်း ဝန်ခံပြီးလျှင် မော်တော်ကား ပေါ်မှ ချနေစဉ် ထိုအသားတို့၏ အကြောင်းကို ကျွန်ုပ်ထံမှ မေးမြန်းလျက် ရှိ၏။ သူတို့ မှာသောနမူနာနှင့် ယခုသစ်များသည် အဘယ်ကြောင့် အတူတူဖြစ်သည့် အကြောင်းများကို ကျွန်ုပ်ကလည်း တစ်ခုစီ ရှင်းပြ၏။ သို့ရာတွင် သူတို့၏ လုပ်ငန်းနှင့် ယခုသစ်များသည် မသင့်လျော်လျှင် ယူဖို့မလိုကြောင်းကိုလည်း ကျွန်ုပ်က ထပ်ခါတလဲလဲ ပြောကြားလျက် ရှိ၏။ နောက်ဆုံး၌ သူသည် အတော် သဘောပေါက်သွားပြီးလျှင် သစ်များကို ညံ့သည်ဟူ၍ ဘေးဖယ်ထားရမည်ကိုပင် လိပ်ပြာလန့်လျက် ရှိလာ၏။

'သို့ဖြစ်သောကြောင့် ကျွန်ုပ်သည် ကျွန်ုပ်သစ်ဆိုင်သို့ ပြန်လာသော အခါ ထိုအရာရှိသည် သစ်များအားလုံးကို တစ်ဖန်ပြန်လှန်စစ်ဆေးပြီးလျှင် ထိုသစ်တို့ကိုလက်ခံ၍ ကျွန်ုပ်တို့အား ငွေအပြေဆပ်လေသည်။

'ဤကိစ္စ တစ်ခုတည်း၌ပင် အနည်းငယ်အလိုလိုက်ပြီးလျှင် တစ်ဘက်သားကို မှားသည်ဟု မစွပ်စွဲမိအောင် မိမိနှုတ်ကို ထိန်းသိမ်းနိုင် သောကြောင့် ကျွန်ုပ်၏ ကုမ္ပဏီတွင် ဒေါ်လာဒင်္ဂါး ၁၅၀ လောက် အကျိုးရှိလိုက်သည်။ ထိုမျှမကသေး။ ဖောက်သည်တစ်ဦးနှင့် ဤသို့ မိတ်မပျက်ရသည့် အတွက် ကုမ္ပဏီတွင်လည်း နာမည်ကောင်းလာသည်မှာ အဖိုးဖြတ်၍ မရနိုင်အောင် ရှိမည်ဖြစ်၏။'

ဒါနှင့် စကားမစပ်ပြောရဦးမည်။ ဤအခန်းတွင်ကျွန်ုပ်ရေးခဲ့သမျှသော အကြံဉာဏ်များသည် ယခုမှ ပေါ်ကြသော အသစ်အဆန်းများ မဟုတ်။ နှစ်ပေါင်း ၁၉၀၀ ကျော်လောက်က ယေရှု[၁] ကိုယ်တိုင်က 'သင်၏ ရန်သူနှင့် လျင်မြန်စွာ သဘောညီညွတ်နိုင်ပါစေ' ဟု ပြောခဲ့ပြီးလေပြီ။

တစ်နည်းထပ်၍ ပြောရဦးမည်ဆိုလျှင် သင်၏ ဖောက်သည်ဖြစ်စေ၊ သို့မဟုတ် သင်၏ ယောကျ်ားဖြစ်စေ၊ သို့မဟုတ် သင်၏ ရန်သူနှင့်ဖြစ်စေ မည်သူနှင့်မဆို ငြင်းခုံခြင်း မပြုပါနှင့်။ သူတို့ကို မှားသည်ဟု ဆိုခြင်းဖြင့် သူတို့၏ စိတ်ကို ဆွမပေးပါနှင့်။ ပရိယာယ်ကလေးကို သုံးပေးပါလေ။

---

၁။ Jesus

www.burmeseclassic.com

www.burmeseclassic.com



ယေရှုခရစ် မမွေးမီ နှစ်ပေါင်း ၂၂၀၀ လောက်ကလည်း အီဂျစ်ပြည်၏ ရှင်ဘုရင်ကြီး အက်တွိုင်း[၂]သည် သူ၏ သားတော်ကို အလွန်ကောင်းသော အကြံတစ်ခုပေးခဲ့ဖူးလေသည်။ ထိုအကြံမျိုးသည် ယခုအခါတွင် များစွာလိုလျက်ရှိလေသည်။ တစ်ညနေစောင်းအချိန်တွင် အဖျော်ယမကာသောက်ရင်း 'ငါ့သား ပရိယာယ်ရှိပါစေ ဤသို့ရှိခြင်းဖြင့် ငါ့သား၏ အကြံသည် အောင်လိမ့်မည်'ဟု အက်တွိုင်း ဘုရင်ကြီးသည် သူ၏သားတော်ကို ပြောကြား ခဲ့ဖူး၏။

**တို့ကြောင့် တစ်ဖက်သားကို အဆွေ့ဘက်သို့ ပါအောင် ဆွဲချင်လျှင် ဥပဒေသ အမှတ် ၂ သည်**

**တစ်ဖက်သား၏ အယူအဆကို အလေးဂရုပြုပါ။ လူတစ်ဦးတစ်ယောက်အား မှားသည်ဟု ဘယ်အခါမျှ မပြောလေနှင့်။**

---

၂။ King Akhtoi of Egypt

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၃

## မှားလျှင် ဝန်ခံပါ

ကျွန်ုပ်နေသော အရပ်သည် နယူးယောက်မြို့သစ်၏ အလယ်ဗဟိုလောက်တွင် တည်ရှိလေသည်။ ကျွန်ုပ်၏ အိမ်မှ တစ်မိနစ်လောက် လျှောက်လိုက်လျှင် မရှင်းလင်းရသေးသော သစ်တောကြီးဆီသို့ ရောက်နိုင်သည်။ နွေဦးပေါက်လျှင် ထိုတောထဲရှိ သစ်ပင်ပန်းပင်တို့သည် ဝေဝေဆာဆာရှိကြ၏။ ထိုတောထဲတွင် ရှဉ့်ငယ်ကလေးများသည် အသိုက်များလုပ်၍ ရှဉ့်ကလေးများ ပေါက်ဖွားကြ၏။ ထိုသစ်တောကို 'ဖောရက် ပတ်'[၁] ဟု ခေါ်လေသည်။ ကိုလံဗတ်[၂] သည် အမေရိကပြည်ကို ရှာတွေ့သည့်နေ့က ထိုတောကြီးတွင် ဖြစ်ပေါ်နေသော အခြေအနေတို့မှာ ယနေ့တိုင်ပြောင်းလဲဟန် လက္ခဏာ မရှိသေးပေ။ ထိုတောတွင် ကျွန်ုပ်၏ ခွေးဘီလူးကလေး 'ရက်စ်'[၃] နှင့် အတူ ကျွန်ုပ်သည် လမ်းလျှောက်လေ့ရှိ၏။ ထိုခွေးသည် မကိုက်တတ်ရုံသာမက တောထဲတွင်လည်း ကျွန်ုပ်တို့မှတစ်ပါး တစ်စုံတစ်ယောက်ကို အလွန်တွေ့ရခဲသောကြောင့် ကျွန်ုပ်၏ ခွေးကို နှုတ်သီးစည်းနှင့် သားရေကြိုးတို့ကို တပ်မပေးမိချေ။

တစ်နေ့သ၌ အလွန်တန်ခိုးပြချင်နေသော မြင်းစီးပုလိပ် အရာရှိ တစ်ယောက်နှင့် ကျွန်ုပ်သည် ရင်ဆိုင်တိုးမိသည်။

ပုလိပ် 'ဒီခွေးကို နှုတ်သီးစည်းနဲ့ သားရေကြိုးမတပ်ဘဲ ဘယ့်နှယ်ကြောင့် ဒီလိုလွှတ်ထားရသလဲ၊ ဒီလိုလုပ်ရင် ဥပဒေကျူးလွန်ရာ ရောက်တယ်ဆိုတာ မသိဘူးလား'

---

၁။ Forest Park

၂။ Columus

၃။ Rex

www.burmeseclassic.com



ကျွန်ပ် (လေသံခပ်ပျော့ပျော့နှင့်) 'ဟုတ်ကဲ့သိပါတယ်ခင်ဗျာ၊ သို့ပေမယ့် ဒီခွေးကလေးဟာ ဒီနေရာမှာဘယ်သူ့ကိုမှ ရန်ရှာလိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး'

ပုလိပ် 'ဘာ ကျွန်တော်မထင်ပါဘူးလဲ၊ မင်းမထင်ပေမယ့် ဥပဒေကတော့ နေမှာ မဟုတ်ဘူး၊ ဒီခွေးဟာ ရှဥ့်ပေါက်စကလေးတွေကိုဖြစ်ဖြစ် ကလေးတွေကိုဖြစ်ဖြစ် ကိုက်မယ် မဟုတ်ဘူးလား၊ ကောင်းပြီ၊ ဒီတစ်ခါတော့ချမ်းသာပေးလိုက်မယ်၊ နောက်တစ်ခါ ဒီလိုတွေ့ရရင် ရုံးမှာ ထုချေပေတော့'

'ကောင်းပါပြီ' ဟူ၍ ကျွန်ပ်သည် ဝန်ခံလိုက်၏။

ထိုပုလိပ်၏ စကားကို နားထောင်သည်ကား မှန်၏။ သို့ရာတွင် ခေတ္တမျှသာနားထောင်နိုင်၏။ အဘယ်ကြောင့်ဆိုသော် ရက်စ်သည် နှုတ်သီးစည်းကို မနှစ်သက်ချေ။ ကျွန်ပ်ကိုယ်တိုင်ကလည်း ထိုကဲ့သို့ နှုတ်သီးစည်းထားခြင်းကို မကြိုက်နိုင်။ ထို့ကြောင့် ပုလိပ်အလစ်ကွင် နှုတ်သီးမစည်းဘဲနှင့် တစ်ကြိမ်လောက် စမ်းကြည့်ရန် ဆုံးဖြတ်လိုက်၏။ အတန်ကြာစွာ မည်သူ့ကိုမျှ မတွေ့ရချေ။ တစ်နေ့သ၌ ခွေးကလေးနှင့်ကျွန်ပ်သည် တောထဲရှိတောင်ပူစာပေါ်တွင် လျှောက်၍ ပြေးနေစဉ် မြင်းစီးပုလိပ်အရာရှိနှင့် ဖြုန်းခနဲ ရင်ဆိုင်တိုးမိနေ၏။

ထို့ကြောင့် ပုလိပ်အရာရှိက စကားစ၍ ပြောအောင်ပင် မစောင့်ဘဲ 'ဆရာ၊ ကျွန်တော့်ကို ဒီတစ်ခါ လက်ပူးလက်ကြပ်မိနေပြီ၊ ကျွန်တော့် အပြစ်အတွက် ကျွန်တော်ဆင်ခြေတွေ မပေးတော့ပါဘူး၊ အရင် တနင်္ဂနွေတစ်ပတ်လောက်က ခွေးကိုနှုတ်သီးစည်း တပ်မပေးရင် ကျွန်တော့်ကို ဒဏ်ရိုက်မယ်လို့ ဆရာ သတိပေးလိုက်ပြီးပါပြီ'

'ကဲ ကောင်းပြီလေ၊ ဒီလိုပေါ့၊ လူသူ လေးပါးရှင်းတဲ့အခါ ကိုယ့်ခွေးကလေးနဲ့ ဒီလိုပြေးရတာ အင်မတန် ဖိမ်ရှိတာပဲ' ဟူ၍ ပုလိပ်အရာရှိက ဖြည်းညင်းသာယာစွာ ပြန်ပြော၏။

'ဖိမ်ရှိတာတော့ မှန်ပါရဲ့၊ သို့ပေမယ့် ဥပဒေနဲ့ ဆန့်ကျင်နေလို့'

'ကိစ္စမရှိပါဘူးလေ၊ ဒီလောက် ခွေးကလေးကလည်း ဘယ်သူ့ကိုမှ ရန်မရှာနိုင်ပါဘူး' ဟူ၍ အရာရှိသည် ကျွန်ပ်ဘက်မှ လိုက်၍ ပြောနေသဖြင့် ကျွန်ပ်က 'ရှဥ့်ကလေးတွေကို ကိုက်မှာစိုးရတယ် ဆရာ' ဟု ပြန်ပြောပါသည်။

ထိုအခါ 'အို ကိုယ့်လူကလဲ အသေးအဖွဲကလေးတွေကို တကယ့်အကြီးအကျယ်ကြီးလို လုပ်နေပြန်ပါပြီ၊ ကိုင်း ကျုပ်မမြင်နိုင်တဲ့ ဟောဟိုက

www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းပေါ်မှာ သူ့ကိုဆက်ပြီး ပြေးပါစေ၊ အတော်ကလေး ကြာရင် ဒီကိစ္စကို ကျုပ်တို့ မေ့ကုန်ကြမှာပဲ' ဟု ပုလိပ်အရာရှိက ပြန်ပြော၏။

ထိုပုလိပ်အရာရှိသည် ပုထုဇဉ်ဖြစ်သည့်အတိုင်း ရှိသည့် အာဏာကလေးကို ပြလိုက်ချင်သေး၏။ ထို့ကြောင့် ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်ကိုယ်တိုင်က ဆိုး၍ အပြစ်တင်လိုက်သောအခါ အာဏာပြချင်သော ဆန္ဒတို့သည် အတော်ကျေနပ်သွားကြပြီးလျှင် 'ငါ ချမ်းသာခွင့် ပေးနိုင်သည်'ဟူသော တန်ခိုးကို ဆက်၍ ပြရန်သာ ရှိတော့၏။

အကယ်၍သာ ကျွန်ုပ်တွင် အပြစ်မရှိဟူ၍ ငြင်းနေလျှင် ဘယ်လိုဖြစ်မည်လဲ။ တစ်ဖက်နှင့် တစ်ဖက် ငြင်းခုံကြရမည်တော့မည်မှာ မလွဲပင်။ ထိုသို့ ငြင်းခုံမိကြလျှင် ဘာဖြစ်မည်ကို အဆွေကိုယ်တိုင် သိပါလိမ့်မည်။

ဤကဲ့သို့ ငြင်းခုံနေမည့်အစား ကျွန်ုပ်၏ အမှားကို ရက်ရက်ရောရော ဝန်ခံလိုက်၏။ ကျွန်ုပ်သည် သူ့ဘက်ကနေ၍ ပြောသောကြောင့် သူသည် ကျွန်ုပ်ဘက်ကနေ၍ ကာကွယ်ပေး၏။

ကိုယ့်ကိုယ်ကိုပြန်၍ အပြစ်တင်ခြင်းသည် အခြားသူက အပြစ်တင်ခြင်းထက် အခံရ မသက်သာပေဘူးလား။

တစ်ဖက်သားက သင့်အားပြောမည့် စကားများကို သင်ကိုယ်တိုင်က သူမပြောနိုင်မီ ကြိုတင်၍ပြောလိုက်ပါ။ တစ်ဖက်သားသည် အ သွားလိမ့်မည်။ ထိုအခါ တစ်ရာလျှင် ကိုးဆယ့်ကိုး ယောက်သော သူတို့သည် သင်၏ အပြစ်များကို ကာကွယ်၍ ကျွန်ုပ်နှင့် ကျွန်ုပ်၏ ခွေးကလေးကို ပုလိပ်အရာရှိက ချမ်းသာခွင့်ပေးသလို သင့်အား အပြစ်မှ ချမ်းသာခွင့် ပေးလိမ့်မည်။

တစ်ဖက်သားကို အလွန်အပြစ်တင်တတ်သော ပန်းချီကား အရောင်းအဝယ်လုပ်သူ ကုန်သည်ကြီးတစ်ဦးကို မိမိဘက်သို့ ပါအောင် ပန်းချီဆရာ ဖာဒီနန် အီး ဝါးရင်း[၁]သည် အထက်ပါနည်းကို အသုံးပြုခဲ့ဖူး၏။

'ကြော်ငြာအတွက် ပုံများကို ဆွဲရာ၌ တိတိကျကျမှန်ကန်ရန် အလွန်အရေးကြီးလေသည်ဟူသော စကားဖြင့် သူ၏ အဖြစ်အပျက်အကြောင်းကို စ၍ ပြောပြလေသည်။

'အချို့သော ပုံဆွဲဘက်ဆိုင်ရာ စာတည်းတို့သည် သူတို့ခိုင်းသော အလုပ်များကို အလျင်အမြန် လုပ်ပေးစေချင်၏၊ ထိုသို့အမြန်လုပ်ရာတွင်လည်း

---

၁။ Ferdinand E. Warren

www.burmeseclassic.com

www.burmeseclassic.com



အနည်းအကျဉ်း မှားယွင်းတတ်သည်မှာ ဓမ္မတာပင် ဖြစ်လေသည်၊ ကျွန်ုပ်နှင့် သိသော ပုံဆွဲစာတည်းများတွင် စာတည်းတစ်ဦးသည် တစ်ဖက်သားကို အပြစ်ရှာရာ၌ အလွန်မြိန်ရေရှက်ရေ ရှိသည်ကို တွေ့ရဖူး၏။ ကျွန်ုပ်သည် သူနှင့် တွေ့ပြီးတိုင်း နှလုံးမသက်မသာ ဖြစ်ရ၏။ ဤသို့ဖြစ်ရခြင်းသည် ကျွန်ုပ်ကို အပြစ်ရှာသောကြောင့် မဟုတ်။ သူ၏ အပြစ်ရှာပုံကို သဘော မကျသောကြောင့်ပင် ဖြစ်လေသည်။ များမကြာမီက ထိုစာတည်းအတွက် အလုပ်တစ်ခုကို အလျင်အမြန် လုပ်ပေးခဲ့ရဖူး၏။ ကျွန်ုပ်၏ ပုံကို သူ့ထံတွင် အပ်ပြီးနောက် များမကြာမီ ကျွန်ုပ်ထံသို့ သူသည် စကားပြောကြေးနန်းဖြင့် အပြစ်တင်စကား ပြောကြားပြီးလျှင် သူ့အလုပ်ခန်းသို့အမြန်လာရန် ခေါ်၏။ ကျွန်ုပ် ရောက်သွားသောအခါ ကျွန်ုပ် မျှော်လင့်သည့်အတိုင်း တွေ့ရ၏။ စာတည်းသည် အလွန် ဒေါပွ၍ ကျွန်ုပ်ကို အပြစ်ရှာရန် ဟန်ပြင်လျက်ရှိ၏။ အဘယ့်ကြောင့် ထိုကဲ့သို့ ဆွဲရသနည်းဟူ၍ ကျွန်ုပ်အား ဒေါသနှင့်မေး၏။ ကျွန်ုပ်မှာမူကား လေ့လာပြီးဖြစ်သော မိမိကိုယ်ကိုမိမိ အပြစ်တင်ရန် နည်းကို အသုံးပြုရန် အခွင့်ကောင်းကြုံသဖြင့် အောက်ပါအတိုင်း ပြောလေသည်။

ကျွန်တော် ‘ဒီလိုဆိုရင်ဖြင့် ကျွန်တော်သိပ်ပြီးဆိုးတာပဲ၊ ဆင်ခြေတွေ ပေးနေပေမယ့်လဲ ဒီအပြစ်ကတော့ ချမ်းသာမယ် မဟုတ်ပေဘူး၊ ဒီလောက်ကြာ ကြာ ဆရာနဲ့ အလုပ်လုပ်ဖူးရင် ဆရာ ဘာကြိုက်တယ်ဆိုတာကို ကျွန်တော် သိဖို့ ကောင်းပါတယ်၊ ခုလို မသိတာ အင်မတန်မှ ရှက်ဖို့ ကောင်းတာပါပဲ’

ထိုစာတည်း၏ အမူအရာသည် ရုတ်တရက် ပြောင်းသွားပြီးလျှင် ကျွန်ုပ်ဘက်ကနေ၍ ကျွန်ုပ်ကို ကာကွယ်၏။

စာတည်း ‘ဟုတ်တယ်လေ၊ ဒါသိပ်အရေးမကြီးပါဘူး၊ အမှားဆိုပေမယ့်’

ကျွန်တော် (သူပြော၍ အပြီးကို မစောင့်ဘဲ ကြားဖြတ်၍) ‘အမှား ရှိတာ ကောင်းကို မကောင်းဘူး၊ ဘယ်အမှားပဲ ဖြစ်ဖြစ် နည်းနည်းကလေး မှားလိုက်ရင် အကုန်ပျက်ကုန်တာပဲ’

စာတည်းသည် ကျွန်ုပ်၏ စကားကို ကြားဖြတ်၍ပြောရန် ကြိုးစားပါ သေး၏။ သို့ရာတွင် ကျွန်ုပ်သည် အတင်းဆက်၍ ပြောသောကြောင့် သူ မပြောသာချေ။ ကျွန်ုပ်လည်း အတော် နေရာကျလျက် ရှိ၏။ တစ်သက်နှင့် တစ်ကိုယ် ကိုယ့်ကိုယ်ကိုပြန်၍ အပြစ်တင်ခြင်းသည် ဤအကြိမ် ပထမဖြစ်၍ ကျွန်ုပ် ကိုယ်တိုင်လည်း နှစ်သက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် 'ဒီကိစ္စမှာ ကျွန်တော်ကိုယ်တိုင် သတိနည်းနည်းပေါ့သွားပါတယ်၊ ပိုက်ဆံပေးစရာရှိရင် ဆရာပဲ အများဆုံး ပေးတာပဲ၊ ဒီတော့ အကောင်းဆုံးရစရာရှိရင်လဲ ဆရာပဲ ရထိုက်တယ် မဟုတ်ပါလား၊ ကျွန်တော် ပြန်ဆွဲပေးပါ့မယ်'

စာတည်း 'နေ နေ နေ၊ ဘာဖြစ်လို့ ဒုက္ခ ရှာမလဲ၊ ပြင်ချင်တာက နည်းနည်းကလေး ပြင်ချင်တာ၊ သို့ပေမယ့် ကိစ္စမရှိပါဘူး' ဟူ၍ ပြောပြီးလျှင် ကျွန်ုပ်၏ ကားကို ချီးမွမ်းတော့၏။

ကျွန်ုပ်ကိုယ်ကို ပြန်၍ အပြစ်တင်နေသဖြင့် စာတည်းကား ကျွန်ုပ်အား အပြစ်တင်ရန် အခွင့်မရတော့ချေ။ စကား ပြောကြပြီးနောက် ကျွန်ုပ်ကို နေ့လယ်စာ ကျွေးပြီးလျှင် ကျွန်ုပ်၏ ဆွဲကားအတွက် ချက်လက်မှတ်ကို ထုတ်ပေးရုံသာမက အလုပ်သစ်တစ်ခုကိုလည်း နောက်ထပ် ပေးလိုက်ပါသေးသည်။

ကိုယ့်အပြစ်ကို ကိုယ်ဖုံးရန်အတွက် ပညာရှိဖို့မလို ပညာမဲ့တိုင်းလိုလိုပင် ကိုယ့်အပြစ်ကို ကိုယ်ဖုံးတတ်ကြ၏။ သို့ရာတွင် မိမိအပြစ်ကို ဝန်ခံတတ်ခြင်းသည် ထိုဝန်ခံသူအား လူသာမန်တို့ထက် ထူး၍ မြင့်မြတ်စေလေသည်။ ထို့ပြင်လည်း မိမိ၏ အပြစ်ကို ဝန်ခံလိုက်ရခြင်းအားဖြင့် ထိုဝန်ခံသူတွင် ထူးကဲသော စိတ်၏ အရသာကို ခံစားရလေသည်။ သာဓကတစ်ခုကို ဖော်ပြပါအံ့။

ဂတ်တီးစဗတ်[၁] တိုက်ပွဲတွင် အကြီးအကျယ်ရှုံးသော အပြစ်ဒဏ်ကို စစ်ဗိုလ်ချုပ်ကြီး ရောဗတ် အီး လီ[၂] သည် သူတစ်ယောက်တည်း ကျုံး၍ ခံခဲ့၏။ သမိုင်းထဲ၌ ရောဗတ်အီးလီနှင့် စပ်လျဉ်း၍ ရေးထားသော အကြောင်းများတွင် ဤအကြောင်းသည် အလွန်မြင့်မြတ်သော အကြောင်းပင် ဖြစ်လေသည်။

လီ၏ တစ်သက်တွင် ဤအမှားတော်ပုံထက် ကြီးကျယ်သောအမှား မရှိခဲ့ပေ။ လီသည် အလွန့်အလွန် စိတ်ပျက်လျက်ရှိသောကြောင့် တောင်ပိုင်းပြည်နယ် သမဂ္ဂနိုင်ငံများ၏ သမ္မတ ဂျက်ဖာဆန် ဒေဗိ[၃] ထံသို့ နုတ်ထွက်စာ တင်လိုက်ပြီးလျှင် သူ့ထက် စွမ်းရည်သတ္တိပိုရှိသော လူငယ်တစ်ဦးကို ပို့လိုက်ရန်

---

၁။ Gettysburg
၂။ Robert E. Lee ၃။ Gefferson Davis

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်၏။ လီသည် အကယ်၍သာ အခြားတစ်စုံတစ်ယောက်အပေါ်သို့ စစ်ရှုံးရသည့်အပြစ်ကို ချလိုပါလျှင် အကြောင်းအမျိုးမျိုး ပြနိုင်ပေသည်။

ဥဒါဟရဏ်၊ သူ၏ လက်အောက်ခံ ဗိုလ်များက သူပြောသည့်အတိုင်း မလုပ်သောကြောင့် ရှုံးရသည်၊ ခြေလျင်တပ်ကိုကူရန် မြင်းတပ်သည် အချိန်မီ မရောက်သောကြောင့် ရှုံးရသည် အစရှိသည်ဖြင့် အကြောင်းအမျိုးမျိုးပြနိုင်၏။

သို့ရာတွင် လီသည် မြင့်မြတ်သော လူတစ်ယောက်ဖြစ်၍ ဤသို့ တစ်ဖက်သားအပေါ် အပြစ်ချသော ကိစ္စမျိုးကို လုပ်မည် မဟုတ်ပေ။ သူ၏ စစ်တပ်များသည် စစ်ရှုံးရာမှ ပြန်လာသောအခါ သူသည် ကိုယ်တိုင် ထွက်၍ နှုတ်ဆက်ပြီးလျှင်

'ဒီလိုရှုံးတာ ငါ့အပြစ်ပါပဲ၊ ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး၊ ငါ့ကြောင့် စစ်ရှုံးတာပဲ'ဟူ၍ ပြောပြ၏။

သမိုင်း အစောင်စောင်ကို ပြန်၍ကြည့်လျှင် ဤကဲ့သို့ ဝန်ခံရဲသော စစ်ဗိုလ်ချုပ်ကြီးမျိုးလည်း အလွန်ရှားမည် ဖြစ်၏။

အဲဗတ် ဟပ်ဘတ်[၁]သည် တိုင်းပြည် တစ်ပြည်လုံး၏ စိတ်ဓာတ်ကို တက်ကြွအောင် ရေးသားရာ၌ အလွန် အရေးကောင်းသူတစ်ယောက် ဖြစ်လေသည်။ သူ၏ အရေးအသားများထဲတွင် အချို့စာကြောင်းများသည် တစ်ဖက်သားကို မခံမရပ်နိုင်အောင် ဖြစ်စေ၏။ သို့ရာတွင် လူများနှင့် ဆက်ဆံရာတွင် အရည်ဝပြီးသား ဖြစ်သောကြောင့် သူ၏ အရေးအသားကို မခံရပ်နိုင်သော သူ၏ ရန်ဘက်များသည် များသောအားဖြင့် သူ၏ မိတ်ဆွေများဖြစ်လာကြ၏။

ဥဒါဟရဏ်၊ စာဖတ်သူတစ်ဦးဦးသည် ဟပ်ဘတ်၏ အရေးအသားကို မခံမရပ်နိုင်သောကြောင့် မခံမရပ်နိုင်ကြောင်းကိုသာ ရေးရုံမက ဟပ်ဘတ်ကို ဘာကောင်ပဲ ညာကောင်ပဲ အစရှိသည်ဖြင့် ဆဲရေးတိုင်းထွာခြင်း ပြုလုပ်သော အခါ ဟပ်ဘတ်သည် အောက်ပါအတိုင်း စာပြန်ရေးမည် ဖြစ်၏။

**အဆွေ**

တစ်ကြိမ်ပြန်ပြီး စဉ်းစားလိုက်တဲ့အခါ အဆွေမနှစ်သက်သော စာပိုဒ်ကို ကျွန်တော်ကိုယ်တိုင်လည်း လုံးလုံးလျားလျား နှစ်သက်လှသည် မဟုတ် ပါ။ မနေ့က ကျွန်တော် ရေးသားလိုက်သမျှသော အရေးအသား

---

၁။ Elbert Hubbard

www.burmeseclassic.com

www.burmeseclassic.com



ကို ယနေ့ ကျွန်တော် မနစ်သက်တော့ပါ။ ဤကိစ္စနှင့် စပ်လျဉ်း၍ အဆွေ၏ သဘောထားကို သိရသဖြင့် ဝမ်းသာပါသည်။ တစ်နေ့နေ့ လမ်းကြုံလျှင် ဤကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးရအောင် ကျွန်တော့်ထံသို့ ဝင်ခဲ့စေချင်ပါသည်။

**သဘောထားရှိသားစွာဖြင့်**

သင့်ကို ဤသို့ဆက်ဆံသော သူတစ်ဦးအား သင်သည် မည်ကဲ့သို့ စိတ်ထားမည်နည်း။

တစ်ခါတုန်းက ကျွန်ုပ်၏ အတန်းထဲတွင် အတန်းသားများကို တစ်ယောက်စီ ဇာ၍ပြစေ၏။ ထိုအခါ ကျန်အတန်းသားများက အတန်းသားတစ်ဦးနှင့် စပ်လျဉ်း၍ အဘယ်ကဲ့သို့ထင်ကြသည်ကို ရေးသားကြရလေသည်။

ထိုစာရွက်များပေါ်တွင် လက်မှတ်မထိုးရသောကြောင့် အတန်းသားများသည် မိမိတို့၏ ဝမ်းတွင်း၌ ရှိသမျှကို ဘွင်းဘွင်းကြီး ဖွင့်၍ ရေးကြ၏။

ထိုအတန်းကို ဖြုတ်လိုက်သော အခါ အတန်းသား တစ်ဦးသည် ဝမ်းနည်းပက်လက်ဖြစ်ပြီးလျှင် ကျွန်ုပ်ထံသို့ လာ၏။ အတန်းသားများသည် သူ့အကြောင်းကို ရစရာ မရှိအောင် ရေးသားထားကြ၏။ 'သူ့ကိုယ်သူ အထင်ကြီးသည်၊ ကြွားလွန်းသည်၊ လူများ အပေါ်တွင် နိုင်လိုမင်းထက် လုပ်ချင်သည်' အစရှိသည်ဖြင့် ရေးသားထားကြ၏။ အတန်းသားတစ်ယောက်က မူကား သူ့ကို အတန်းထဲမှ ထွက်သွားရန်ကိုပင် ရေးသားထားလေသည်။

နောက်တစ်ကြိမ် အတန်းပြန်တက်သောအခါ သူ့အကြောင်း ရေးသားထားသော စာအားလုံးကို သူသည် ထ၍ဖတ်ပြ၏။ ဖတ်ပြပြီးသည့်နောက် ဤသို့ ရေးသော သူများကို ပြန်လည် ရှုတ်ချပြစ်တင်လိုသော ဆန္ဒသည် ကြီးမားလျက်ရှိသော်လည်း ထိုဆန္ဒကို မျိုသိပ်ထားပြီးလျှင် အောက်ပါအတိုင်း ပြောပြ၏။

'အဆွေတို့၊ ငါဟာ လူတိုင်းနဲ့ မတည့်တာ အမှန်ပဲ၊ ဒီစကားဟာ ဘယ်နည်းနဲ့မှ မမှားနိုင်ဘူး၊ ဒီစာတွေဖတ်ရတော့ စိတ်ထဲမှာ အတော်နာမိတယ်၊ သို့ပေမယ့် ဒီစာတွေဟာ ငါ့ကို အများကြီးအကျိုးရှိစေတယ်၊ ဒီစာတွေဟာ ငါ့ဝါသနာဆိုးကို နှိမ်လိုက်ပြီး ငါ့ကို သင်ခန်းစာတစ်ခု ပေးခဲ့တယ်၊ ငါဟာ ပုထုဇဉ်ပါ၊ မင်းတို့လို မိတ်ဆွေသင်္ဂဟနဲ့ နေချင်တာပဲ၊ ငါ့ကို လူတွေချစ်ကြ စေလိုတာပဲ၊ မင်းတို့ငါ့ကို မကူညီကြတော့ဘူးလား၊ လူသူလေးပါးနဲ့ ပေါင်းနိုင် အောင် ငါ့ကိုယ်ကို ငါ ဘယ်လိုပြုပြင်ရမယ်ဆိုတဲ့ စာတွေကို ဒီနေ့ ညကျရင်

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးပြုပြီး ရေးပေးကြဦးမယ် မဟုတ်လား၊ ရေးပေးကြမယ်ဆိုရင် ငါ့ကိုယ်ငါ ပြုပြင်အောင် အဟုတ်တကယ် ကြိုးစားပါ့မယ်'

သူသည် ညာ၍နေခြင်းမဟုတ်။ အူထဲ အသည်းထဲတွင် လှိုက်လှိုက်လှဲလှဲ ဖြစ်သည့်အတိုင်း ပြောသောကြောင့် သူ့စကားကို ကြားရသော အတန်းသားတို့လည်း လှိုက်လှိုက်လှဲလှဲ ဖြစ်ကြ၏။ တနင်္ဂနွေ တစ်ပတ်လောက်တုန်းက သူ့အားဝိုင်း၍ဆဲကြသော လူတစ်စုသည် ယခုအခါတွင် သူနှင့် ညီညွတ်လျက် ရှိကြ၏။ ဘွင်းဘွင်း ဖွင့်ပြောတတ်ခြင်း နိမ့်ချခြင်း သွန်သင်သည်ကို နာယူရန် အသင့်ရှိခြင်းတို့အတွက် သူ့အား ဝိုင်း၍ ချီးမွမ်းကြ၏။ အတန်းသားတို့သည် သူ့ကို ဝိုင်း၍ အားပေးကြ၏။ အကြံကောင်းကို ဝိုင်း၍ ပေးကြ၏။ သူ့ကို ချစ်စပြုလာရုံသာမက ကူညီချင်သော စိတ်ထားများ ပေါ်ပေါက် လာပြီဟု အတန်းသားများ ကိုယ်တိုင်က ဝန်ခံကြ၏။

သူ၏ ချိုသာသော နှုတ်သည် သူ့အပေါ်တွင် ထားရှိသော အတန်းသားတို့၏ ဒေါသမီးကို ငြိမ်းစေ၏။

ကျွန်ုပ်တို့ မှန်သောအခါ တစ်ဘက်သားတို့ကို ကျွန်ုပ်တို့ဘက်သို့ပါအောင် ဖြည်းညင်းသာယာစွာ ဆွဲယူပါ။ ကျွန်ုပ်တို့ မှားသောအခါ (ကျွန်ုပ်တို့သည် ပြောမယုံနိုင်လောက်အောင် မကြာခဏ မှားလိမ့်မည်) ကျွန်ုပ်တို့သည် ရိုးသား ဖြောင့်မတ်သော သူများ ဖြစ်ခဲ့ပါလျှင် ကျွန်ုပ်တို့၏ အမှားများကို လျင်လျင်မြန်မြန် ရက်ရက်ရောရော ဝန်ခံပါ။

'တိုက်ယူခြင်းအားဖြင့် သင်သည် ဘယ်အခါမျှ လိုသလောက်ရမည် မဟုတ်၊ သို့ရာတွင် လျှော့ပေးခြင်းအားဖြင့် သင် မျှော်လင့်သည်ထက် ပို၍ ရလိမ့်မည်'* ဟူသော စကားပုံဟောင်းကြီးကို ကောင်းစွာ မှတ်သားပါလေ။

**ထို့ကြောင့်ပင် တစ်ဖက်သားကို သင့်ဘက်ပါအောင် ဆွဲချင်လျှင် ဥပဒေသ အမှတ် ၃ ကို မှတ်ထားခြင်းအားဖြင့် သင့်၌ အကျိုးရှိလိမ့်မည်။**

**အကယ်၍ သင်သည် မှားခဲ့ပါလျှင် ထိုအမှားကို လျင်လျင်မြန်မြန်နှင့် လေးလေးနက်နက် ဝန်ခံပါ။**

---

* အကြမ်းမှုကို အနုနင့်သာ အောင်စေရာသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄

## သဘောပေါက်အောင် လုပ်ရန်နည်း

သင်သည် ဒေါသထွက်သောအခါ ကစ်ဖက်သားအား သင်ပြောလိုသမျှ အရာများကို ပြောလိုက်ရလျှင် သင့်မှာမူကား စိတ်ပြေသွားမည် အမှန်ဖြစ်၏။ သို့ရာတွင် အပြောခံရသူတွင် ဘယ့်နှယ်နေပါမည်နည်း။ သင်ကျေနပ်သကဲ့သို့ ကျေနပ်နိုင်ပါမည်လား။ ဒေါသနှင့်ပြောသော သင်၏ အသံနှင့် ဒေါသနှင့်ကြည့်သော သင်၏ မျက်နှာထားတို့ကြောင့် ထိုလူသည် သင့်ဘက်သို့ပါလိမ့်မည်လား။

သင်သည် သင်၏ လက်သီးကို ဆုပ်၍ ကျွန်ုပ်ထံသို့လာလျှင် ကျွန်ုပ်ကလည်း သင့်လို လက်သီးဆုပ်ရန် အဆင်သင့်ပဲ။ သို့ရာတွင် သင်သည် ကျွန်ုပ်ထံသို့လာ၍ သည်ကိစ္စကို ကျုပ်တို့ အတူတူထိုင်ပြီး စဉ်းစားကြရအောင်။ စဉ်းစားလို့ သဘောချင်း ကွဲလွဲကျရင်လဲ ဘာကြောင့် သဘောကွဲလွဲရတယ်၊ သဘောကွဲလွဲတဲ့ အချက်တွေဟာ ဘာတွေဆိုတာကို ကျုပ်တို့ ကောင်းစွာ သိရမှာပဲဟု ပြောပြလျှင် ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး နီးစပ်ဖို့ရာ သိပ်မဝေးတော့သည်ကို တွေ့ရမည်ဖြစ်၏။ ထို့ပြင်လည်း ကျွန်ုပ်တို့ သဘောကွဲလွဲသော အချက်များက နည်း၍ သဘောတူညီသောအချက်က များကြောင်းကိုလည်း တွေ့ရမည့်အပြင် ကျွန်ုတို့မှာသာ တစ်ဦးနှင့်တစ်ဦး ညီညွတ်လိုသော ဆန္ဒနှင့် ဖွဲ့ရှိပါလျှင် ကျွန်ုပ်တို့သည် ညီညွတ်ကြတော့မည့်အကြောင်းကိုလည်း တွေ့ရဦးမည်ဖြစ်၏ ဟူ၍ ဝုဒရိုး ဝီလဆင်[၁] က ပြောပြဖူး၏။

ဝီလဆင်၏ စကားကို ဂျွန်ဒီရော့ဖဲလား[၂] (အငယ်) ထက်ပို၍ နားထောင်သောသူ ရှိမည်မဟုတ်ပေ။ ၁၉၁၅ ခုနှစ်လောက်က ကော်လိုရာဒို[၃] နယ်တွင် ရော့ဖဲလားထက်ပို၍ အမုန်းခံရသောသူ မရှိပေ။ အမေရိကန်ပြည်၏ အလုပ်သမား

---

၁။ Woodrow Wilson

၂။ John D. Rockefeller (Jr)

၃။ Colorado

www.burmeseclassic.com

www.burmeseclassic.com



များ သမိုင်းတွင် အလွန်တရာ ကြောက်မက်ဖွယ်ကောင်းသော သပိတ်ကိစ္စကြီးသည် ထိုနယ်တွင် ဖြစ်ပေါ်နေသည်မှာ နှစ်နှစ်မျှ ကြာလေပြီ။ အကြမ်းဖက်ချင်သော အလုပ်သမားများသည် 'ကော်လိုရာဒို မီးသွေးနှင့် သံကုမ္ပဏီ[၁]'မှ လခကို ပို၍ တောင်းလျက်ရှိကြ၏။ ထိုကုမ္ပဏီကို ရော့ဖဲလားသည် အုပ်ချုပ်လျက် ရှိလေသည်။ အလုပ်သမားများသည် အလုပ်ရုံများကို ဖျက်ဆီးပစ်သဖြင့် စစ်တပ်များကို ခေါ်၍ နှိမ်နင်းရသည့်အတွက် အလုပ်သမားများစွာတို့မှာ သေကြေပျက်စီးကြရ၏။

ဤကဲ့သို့ အလုပ်သမားနှင့် ဓနရှင်တို့သည် တစ်ဖက်နှင့်တစ်ဖက် မုန်းတီးသော စိတ်ဓာတ်များ လျှံကျနေသည့်အချိန်တွင် ရော့ဖဲလားသည် အလုပ်သမားများကို သူ့ဘက်သို့ ပါအောင် ဆွဲလိုသော ဆန္ဒ ရှိ၏။ ထိုဆန္ဒ ရှိသည့်အတိုင်း သူသည် ကြိုးစား၏။ မည်ကဲ့သို့ ကြိုးစားပါသနည်း။ ဤသို့ ပင်တည်း။

ရော့ဖဲလားသည် အလုပ်သမားများနှင့် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဖြစ်အောင် ရက်သတ္တပတ်ပေါင်းများစွာ ပေါင်းသင်းဆက်ဆံပြီးနောက် အလုပ်သမား ခေါင်းဆောင်များနှင့် တွေ့ဆုံရန် ရက်ချိန်းလေသည်။ ထိုသူတို့နှင့် တွေ့သော အခါတွင် သူ ပြောသော စကားသည် စံတင်လောက်ပေသည်။ ထိုစကားကို ပြောပြီးနောက် အံ့သြဖွယ်ကောင်းလောက်အောင် ကိစ္စများသည် ပြီးမြောက်လေသည်။ ရော့ဖဲလားကို နှစ်မွန်းပျက်စီးအောင် ဖန်တီးနေသော အမုန်းဓာတ် လှိုင်းဂယက်ကြီးသည် ငြိမ်သက်၍ သွားလေသည်။ ထိုစကားကို ကြားရပြီးနောက် သူ့ကို ချစ်ခင်သူကြည်ညိုသူများ အလွန်ပေါများလာလေသည်။ ပြောရန်ရှိသော စကားများကို ရင်းရင်းနှီးနှီး သာယာခြေင်စွာ ပြောသောကြောင့် အလုပ်သမားတို့သည် အလွန်ကျေနပ်ကြပြီးလျှင် သူတို့ကိုယ်တိုင် ပြင်းပြင်းထန်ထန် တောင်းဆိုခဲ့သော လခတိုးပေးရန်ကိစ္စကို နောက်ထပ်မပြောတော့ဘဲ အလုပ် ပြန်ဆင်းကြလေသည်။

သူ၏ စကားစပုံကို ကြည့်ပါ။ မည်မျှ သာယာခြေင်သော စကားလုံးတို့ဖြင့် တန်ဆာဆင်ထားပါသနည်း။

ရော့ဖဲလား စကားပြောနေသောသူများသည် အခြားမဟုတ်။ ရက် အနည်းငယ်ခန့်က သူ့ကို သစ်ပင်တစ်ပင်တွင် ကြိုးဆွဲချ၍ သတ်ချင်သော

---

၁။ The Colorado Fuel & Iron Company

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားများဖြစ်ကြောင်း သူ၏ စကားကိုဖတ်ရင်း သင်သည် သတိရပါစေ။ ဆင်းရဲသား ဝန်ထမ်း ဆေးဆရာများ[၁] နှင့် တွေ့ဆုံ စကားပြောရာ၌ပင်လျှင် ထိုအခါက အလုပ်သမားများကို ပြောစဉ်ကလောက် သူသည် ခန့်ညားတည်ကြည်၍ ဖော်ရွေခြင်းရှိမည် မဟုတ်ပေ။ သူ၏ စကားထဲတွင် 'ဤသို့ လာရောက်ပြောဆိုရခြင်းကို ဂုဏ်ယူပါသည်' 'အဆွေတို့၏ အိမ်များကို အလည်အပတ်ရောက်ရှိပြီးနောက်' 'အဆွေတို့၏ သားမယားများနှင့် ကလေးများကိုပါ တွေ့ခဲ့ရသဖြင့် ကျွန်ုပ်တို့ ယခုတွေ့ရသည်မှာ သူစိမ်းအဖြစ်နှင့် တွေ့ရခြင်း မဟုတ်ပါ' 'မိတ်ဆွေရင်းချာများ' အဖြစ်ဖြင့်သာ တွေ့ကြရခြင်း ဖြစ်ပါသည်။ နှစ်ဦးနှစ်ဖက်စလုံးက 'ခင်မင်ရင်းနှီးသော စိတ်ဓာတ်များ' 'ကျုပ်တို့ ခင်ဗျားတို့ နှစ်ဦးစလုံး၏ အကျိုးအတွက်' အဆွေတို့၏ ထောက်ထားညှာတာစွာနှင့် ခွင့်ပြုချက်ကြောင့်သာလျှင် ဤနေရာသို့ ကျုပ် ရောက်ရပါသည် အစရှိသော စကားလုံးများကို ဆီလျော်သည့်နေရာတွင် ကြည့်၍ ထည့်သွားလေသည်။

ရှော့ဖ်လားသည် သူ၏ စကားကို အောက်ပါအတိုင်းစ၍ ပြောကြား၏။

'ကျုပ်တစ်သက်မှာဖြင့် ယနေ့ဟာ အပျော်ဆုံး နေ့ထူးနေ့မြတ်ကြီးပါပဲ၊ ကျုပ် ကုမ္ပဏီကြီး၏ အလုပ်သမားကိုယ်စားလှယ်များ ကုမ္ပဏီအရာရှိများနှင့် ကုမ္ပဏီ၏ ရုံးအုပ်များအား ယခုလို တစ်ပေါင်းတစ်စည်းတည်း တွေ့ဆုံရသော အခွင့်အလမ်းကို ကုသိုလ်ထောက်မ၍ ရရှိခြင်းသည် ဤအကြိမ်ဟာ ပထမပါပဲ၊ ဤကဲ့သို့ လာရောက်ရသည့်အတွက် အထူး ဂုဏ်ယူကြောင်းကိုလည်း ကျုပ်သစ္စာဆိုပါတယ်၊ ဤသို့ တွေ့ရခြင်းလည်း ကျုပ် အသက်ရှင်နေသရွေ့ မေ့နိုင်တော့မည် မဟုတ်ပါ၊ ယခု အစည်းအဝေးကို တနင်္ဂနွေ နှစ်ပတ်လောက် တုန်းကသာ ကျင်းပခဲ့ပါလျှင် အဆွေတို့အထဲမှ လူအနည်းငယ်လောက်ကိုသာ ကျုပ် သိပြီးလျှင် အဆွေတို့ရဲ့အလယ်မှာ ကျုပ်ဟာ သူစိမ်းပြင်ပြင် ဖြစ်နေတော့မှာပဲ၊ တောင်ဘက်ပိုင်းရှိ ကျောက်မီးသွေးတွင်းများကို တူးနေကြသော အလုပ်သမားများ၏ အိမ်များအားလုံးကို လှည့်လည်ကြည့်ရှုပြီးနောက် တခြားသို့ သွားရောက်နေကြသော အလုပ်သမား ခေါင်းဆောင်များမှလွဲ၍ ကျန်ရှိသော ခေါင်းဆောင်အားလုံးနှင့် လွန်ခဲ့သော တနင်္ဂနွေအပတ်က ကိုယ်တိုင်နှီးနှော ခဲ့ရသည့်ပြင် အဆွေတို့၏ သားမယားများနှင့် ကလေးများကိုပါ တွေ့ဆုံခဲ့ရသောကြောင့် ယခုတစ်ကြိမ်ပြန်တွေ့ရာ၌ ကျုပ်တို့သည် သူစိမ်းတစ်ရံစာများကဲ့သို့ မဟုတ်ဘဲ မိတ်ဆွေရင်းချာများကဲ့သို့ တွေ့ရှိရပါတယ်။ ယခုကဲ့သို့ နှစ်ဦး

၁။ Medical missionaries

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်စလုံး ခင်မင်ရင်းနှီးနေကြသော စိတ်ဓာတ်များ တက်ကြွနေသည့် အခါမျိုးတွင် ကျုပ်တို့နှင့် အဆွေတို့ နှစ်ဦးစလုံး အကျိုးရှိစေမည့် ပြဿနာများကို တွေ့ဆုံ ဆွေးနွေးရန် အခွင့်အလမ်း ရသည့်အတွက် ကျုပ် အများကြီး ဝမ်းသာပါတယ်။

'ကျုပ်ဟာ ကုမ္ပဏီ၏ အရာရှိလည်း မဟုတ်၊ အလုပ်သမားများ၏ ကိုယ်စားလှယ်လည်း မဟုတ်သည့်အတွက် အရာရှိများနှင့် ကိုယ်စားလှယ်များ ဆွေးနွေးရာဖြစ်သော ဤအစည်းအဝေးသို့ ယခုလို တက်ရောက်ခွင့် ရရှိခြင်းမှာ အဆွေတို့၏ ကောက်ထားညာတာစွာ ခွင့်ပြုချက်အရသာလျှင် ဖြစ်ပါတယ်၊ ကျုပ်ဟာ အရာရှိလည်း မဟုတ်၊ ကိုယ်စားလှယ်လည်း မဟုတ်ငြားသော်လည်း ကုမ္ပဏီ၏ အစုရှင်များနှင့် ဒါရိုက်တာ[၁] လူကြီးများ၏ ကိုယ်စားလှယ်ဖြစ်သော ကြောင့် အဆွေတို့၏အကျိုးနှင့် ကျုပ်၏အကျိုးသည် တိုက်ရိုက် ဆက်သွယ် လျက် ရှိပါတယ်'

ရန်သူများကို မိတ်ဆွေ ဖြစ်လာအောင် လုပ်ရာ၌ ဤလို စကားမျိုးကို စံနမူနာတင်ရန် မကောင်းပေဘူးလား။

အကယ်၍ ရော့ဖလားသည် ယခုကဲ့သို့ မပြောဘဲ အခြားနည်းနှင့် ပြောသည်ဟု ဆိုကြပါစို့။ ဥဒါဟရဏ်၊ သူသည် သတ္တုတွင်းတုသမားများနှင့် အငြင်းအခုံလုပ်ပြီးလျှင် ဝမ်းထဲရှိသမျှ ဖွင့်၍ ချလိုက်သည်ဟု ဆိုကြပါစို့။ သူ၏ လေယူလေသိမ်းဖြင့် လည်းကောင်း၊ နိမိတ်ပြ စကားလုံးများဖြင့် လည်းကောင်း အလုပ်သမားများအား သူတို့၏ တောင်းဆိုချက်သည် မှားသည် ဟူ၍ စွပ်စွဲပြောဆိုသည်ဟု ဆိုကြပါစို့။ သို့မဟုတ် အခြားသော အကိုးအကား အမျိုးမျိုးဖြင့် အလုပ်သမားသာလျှင် မှားသည်ဟူသော စကားများကို ရော့ဖလား သည် ပြောကြားသည်ဟု ဆိုကြပါစို့။ ထိုနည်းကို အသုံးပြုလျှင် မည်ကဲ့သို့ ဖြစ်မည်နည်း။ အလုပ်သမားများသည် ပို၍ ဒေါသဖြစ်လာလိမ့်မည်။ သူ့ အပေါ်တွင် ပို၍ အမုန်းကြီး မုန်းလာကြလိမ့်မည်။ ထို့ကြောင့် သူ့ကို ပို၍ ပုန်ကန်ကြပေလိမ့်မည်။

တစ်စုံတစ်ယောက်သောသူသည် သင်နှင့်သဘောမမျှ၍ သင့်အပေါ်တွင် မေတ္တာပျက်နေပါလျှင် ခရစ်ယာန်အယူဝါဒ ပျံ့နှံ့နေသော အရပ်များ အားလုံးတွင် ရှိသည့် ကျမ်းအစောင်စောင်ကို ကိုးကားပြသော်လည်း သင့်ဘက်သို့ ပါမည်

၁။ Director

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေ။ လူတို့သည် မိမိစွဲလမ်းလျက်ရှိသော အယူဝါဒများကို မပြောင်းလဲချင်ကြောင်းကို အကြိမ်းသန်သော မိဘများ၊ နိုင်ထက်စီးနင်းလုပ်လိုသော အထက်အရာရှိကြီးများနှင့် လင်ယောကျ်ားများ၊ နားပူနားဆာ လုပ်တတ်သော မိန်းမများသည် ကောင်းစွာ သတိချပ်အပ်ကြပေသည်။

တစ်ဖက်သားကို အတင်းအကျပ် နိုင်ထက်စီးနင်း စေခိုင်းခြင်း အားဖြင့် သူသည် သူ့အယူအဆကို စွန့်မည်မဟုတ်။ သို့ရာတွင် ကျွန်ုပ်တို့သည် ချိုချို သာသာ ရင်းရင်းနှီးနှီး ဆက်ဆံပါလျှင် ကျွန်ုပ်တို့ အလိုသို့ လိုက်လျောလိုသော စိတ်ထားများ တစ်ဖက်သားတွင် ပေါ်လာကောင်း ပေါ်လာပေမည်။

နှစ်ပေါင်းတစ်ရာလောက်က လင်ကွန်းသည် အထက်အဓိပ္ပာယ်မျိုးပါသော စကားကို ပြောခဲ့ဖူးလေသည်။ ပြောသည့်စကားမှာ အောက်ပါအတိုင်း ဖြစ်၏။

**'ပျားရည်တစ်စက်သည် မုတ်ခါးရည်တစ်ဂါလံထက် ယင်ကောင်များကို ပို၍ ဖမ်းနိုင်သည်'** ဟူသော စကားပုံမှာ ရှေးကျ၍ မှန်လေသည်။ လူ့အရေးကိစ္စတွင်လည်း လူတစ်ယောက်ကို သင့်ဘက်သို့ပါအောင် ဆွဲချင်လျှင် သင်သည် သူ၏ မိတ်ဆွေစစ်ဖြစ်ကြောင်း သဘောပေါက်အောင် သူ့အား ရှေးဦးစွာ ပြောပြရလိမ့်မည်။

သင်၏ စကားထဲတွင် သူ၏ အသည်းကို စွဲသွားအောင် လုပ်နိုင်သည့် ပျားရည်တစ်စက် ပါပေမည်။ မည်သို့ဆိုစေ ပျားရည်တစ်စက်သည် သင့်ဘက်သို့ ပါအောင် ဆွဲရာ၌ အလွန် အရေးပါမည်ဖြစ်၏။

ခင်မင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံခြင်းသည် အကျိုးရှိမှန်းကို စနေရှင်ကြီးများသည် ကောင်းစွာ သိရှိကြလေသည်။ သာဓက တစ်ခုကို ပြပါအံ့။

ဝှိုက်မော်တာ ကုမ္ပဏီတွင်အလုပ်လုပ်နေသော အလုပ်သမား ၂,၅၀၀ တို့သည် လခတိုးပေးရန်နှင့်အလုပ်သမား အသင်းဆိုင်တစ်ခုကို ဖွင့်ပေးရန် အတွက် အလုပ်ရပ်စဲကြသောအခါ ထိုကုမ္ပဏီ၏ မန်နေဂျာလူကြီး ဖြစ်သော ရောဘတ်အက်ဖ်ဘလက်[၁] သည် အလုပ်သမားများကို ဒေါသ ဖြစ်ခြင်း၊ ကြိမ်းမောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကွန်မြူနစ်များဖြစ်ကြသည်ဟု စွပ်စွဲခြင်း စသော ကိစ္စများကို မပြုလုပ်ချေ။ ဤသို့မလုပ်ရုံသာမက အလုပ်သမားများကိုပင် ချီးကျူးခဲ့သေး၏။ အလုပ်သမားများ၏ စည်းကမ်းသေဝပ်စွာ သပိတ်မှောက်ခြင်း

---

၁။ Robert F. Black

www.burmeseclassic.com



ကို ချီးကျူးထားသည့် ဆောင်းပါးများကို ကလီးဗလန် [၁] သတင်းစာများတွင် ပိုက်ဆံအကုန်အကျခံ၍ ကြော်ငြာပေး၏။ သပိတ်တားသမားများ ပျင်းနေမည်စိုး၍ ဘေ့စဘောကစားသည့် ဘက်တံ ၂၄ ချောင်းနှင့် လက်အိတ်များကို မန်နေဂျာကိုယ်တိုင် ဝယ်ပေးပြီးလျှင် ကုမ္ပဏီပိုင်သည့် မြေရာလပ်များတွင် လာရောက်၍ ကစားကြရန် အလုပ်သမားများကို ဖိတ်ကြား၏။ 'ကရိကတ် [၂]' ဘောလုံးရိုက်ကစားလိုသော အလုပ်သမားများအတွက် ကစားရန် ကွင်းတစ်ခု ကိုပင် ငှားပေးသေး၏။

ဤကဲ့သို့ မန်နေဂျာကိုယ်တိုင်က ခင်မင်သောစိတ်ထားများကိုပြလိုက်ရ တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသကဲ့သို့ အလုပ်သမားများဘက်မှလည်း ခင်မင်သော စိတ်ဓာတ်များ ပြလာကြ၏။ ထို့ကြောင့်အလုပ်သမားတို့သည် တံမြက်စည်းများ၊ တူရွင်းငန်းပြားများ၊ အမှိုက်လှည်းများကို ငှားပြီးလျှင် အလုပ်ရုံပတ်လည်တွင် ပွနေသော မီးခြစ်ဆံများ၊ စက္ကူစများ ဆေးလိပ်တိုများကို ကျုံးပစ်ကြ၏။ စဉ်းစားသာကြည့်ကြပေတော့။ လခများတိုးပေးရန်နှင့် အလုပ်သမား အသင်းဆိုင် တစ်ဆိုင် တည်ထောင်ပေးရန်အတွက် မနေရှင်တို့နှင့် အပြင်းအထန် တိုက်ပွဲဆင် နေသော အလုပ်သမားများသည် ကုမ္ပဏီပိုင် မြေကြီးပေါ်တွင်ရှိသော အမှိုက် သရိုက်များကို ကျုံးပစ်နေခြင်းကိုသာ တွေးကြည့်ပါတော့။ အမေရိကန်ပြည်၏ သပိတ်မှောက်သမိုင်းတွင် ဤအဖြစ်မျိုးကို တစ်ခါဖူးမျှ မကြုံတွေ့ခဲ့ဘူးချေ။ ထိုသပိတ်ကိစ္စသည်လည်း တစ်ဖက်နှင့် တစ်ဖက် စိတ်နာကြည်းခြင်း၊ အမျက် ထွက်ခြင်း မဖြစ်ရဘဲ ကျေကျေအေးအေးနှင့် တနင်္ဂနွေ တစ်ပတ်အတွင်း ပြီးဆုံးသွားလေသည်။

ဒယ်နီယယ် ဝက်ဘ်စတာ [၃] သည် အမှုလိုက် အကောင်းဆုံးသော ရှေ့နေ များထဲတွင် တစ်ဦးအပါအဝင် ဖြစ်လေသည်။ ဤသို့ရှေ့နေကြီးတစ်ဦးဖြစ်သည့် တိုင်အောင် လျှောက်လဲရာ၌ 'ဂျူရီ [၄] လူကြီးများ သဘောတစ်ခုပါပဲ' 'လူကြီးမင်းများ ခင်ဗျာ၊ ဤအချက်သည် စဉ်းစားရန်ကောင်းသော အချက်တစ်ခု ဖြစ်ကောင်းဖြစ်ပါလိမ့်မည်' 'ဤအချက်များကို လျစ်လျူရှုလိမ့်မည် မဟုတ်ဟု၍ ကျွန်တော် ယုံကြည်ပါသည် လူကြီးမင်းများ ခင်ဗျာ' 'လူကြီးမင်းများသည် ပုထုဇဉ်တို့၏ စိတ်ဓာတ်ကို ကောင်းစွာသိရှိပြီးသည့်အတိုင်း ဤအချက်များ၏

---

၁။ Cleveland
၂။ Cricket
၃။ Daniel Webster
၄။ Jury

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးပုံကို လွယ်လင့်တကူ မြင်နိုင်ကြပါလိမ့်မည်' စသော သာယာနာပျော်ဖွယ်ဖြစ်သည့် စကားလုံးများကို သူ၏ လျှောက်လဲချက်များတွင် ထည့်၍ သုံးလေ့ ရှိလေသည်။ ငါ့စကား နားရဟူသော သဘောမျိုးဖြင့် ပြောလေ့ မရှိ။ တစ်ဖက်သားအပေါ်တွင် တင်းစီး၍ ပြောလေ့ မရှိ။ ထိုကဲ့သို့ သာယာနာပျော်ဖွယ်ကောင်းသော စကားမျိုးကို ပြောတတ်ခြင်းသည် နာမည်ကြီးသော ရှေ့နေတစ်ဦးဖြစ်အောင် သူ့ကို များစွာ ကူညီခဲ့လေသည်။

ယခုစာကိုဖတ်နေသော အဆွေသည် မန်နေဂျာ ဗလက်ကဲ့သို့ သပိတ်ကိစ္စကိုဖြန်ဖြေ၍ ဝက်ဗစတာကဲ့သို့ ရှေ့နေလိုက်ရသော အလုပ်မျိုး လုပ်စရာ မရှိဟု ဆိုစေကာမူ အနည်းဆုံး အဆွေငှားနေသော အိမ်လခကိုမူ လျှော့ရန် အလိုရှိသည်ကား အမှန်ပင်ဖြစ်တော့၏။ ကဲ သာယာနာပျော်ဖွယ်ဖြစ်အောင် ပြောဆိုခြင်းသည် အိမ်လခလျှော့စေချင်သော အဆွေအား မည်ကဲ့သို့ ကူညီမည်ကို သိရအောင် အောက်ပါသာဓက တစ်ခုကို ဖတ်လိုက်ကြဦးစို့။

အို အယ် စထရော့[၁]ဆိုသူ အင်ဂျင်နီယာတစ်ဦးသည် သူငှားနေသော အိမ်လခကို လျှော့စေချင်၏။ သူ၏ အိမ်ရှင်သည် အပြောရ မာချာကြောင်းကိုလည်း သူသည် ကောင်းစွာသိ၏။ ထိုအိမ်ရှင်နှင့် ဆက်ဆံပုံကို ကျွန်ုပ်၏ တပည့်များအား အောက်ပါအတိုင်း ပြောပြဖူးလေသည်။

ကျွန်ုပ်ငှားထားသော ရက်စေ့လျှင် ကျွန်ုပ်နေသောအိမ်မှ ပြောင်းတော့မည်ဟု အိမ်ရှင်ထံသို့ အကြောင်းကြားလိုက်၏။ စစ်စစ်မူကား ထိုအိမ်မှ ကျွန်ုပ် မပြောင်းလို။ အကယ်၍သာ အိမ်လခလျှော့လျှင် ဆက်၍ နေချင်၏။ သို့ရာတွင် အိမ်လခ လျှော့ရန်အတွက် မျှော်လင့်ချက်မရှိပေ။ အိမ်လခလျှော့အောင် အခြားသော အိမ်ငှားများလည်း ကြိုးစားခဲ့ဖူးလေပြီ။ မည်သူမျှ မအောင်မြင်ခဲ့ပေ။ အိမ်ရှင်သည် ဆက်ဆံရ အလွန်ခဲယဉ်းသူဟု လူတိုင်းကပြော၏။ သို့ရာတွင် 'ငါဟာ မိတ္တဗလဋီကာကို သင်ထားတဲ့လူ တစ်ယောက်ပဲ၊ ငါ့နည်းတွေ ဘယ့်နှယ်နေမယ်ဆိုတာ အဘိုးကြီးကို စမ်းကြည့်ရဦးမယ်'ဟု ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် ပြောမိလေသည်။

ကျွန်ုပ်၏ စာကို ရရှိသောအခါ အိမ်ရှင်နှင့် သူ၏ မန်နေဂျာသည် ကျွန်ုပ် ရှိရာသို့ လိုက်လာကြ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏ အိမ် တံခါးဝ၌ အလွန်ရွှင်ပျ ဖော်ရွေသော နှုတ်ဆက်ခြင်းမျိုးဖြင့် အိမ်ရှင်ကို သွားရောက်ကြို၏။

---

၁။ O.L Straub

www.burmeseclassic.com

www.burmeseclassic.com



စကားကို အတော်ကလေး ဖောင်လောက်အောင် ပြုံးပြုံးရွှင်ရွှင်နှင့် ပြောလိုက်၏။ သို့ရာတွင် သူ၏အိမ်လခကြီးကြောင်းကို စ၍မပြောဘဲ သူ့အိမ်ကို ဘယ်လောက် နှစ်ခြိုက်သည်ဟူသော စကားမှအစပြု၍ ပြောလေသည်။ ယုံပါတော့။ အိမ်ရှင်ကို ထောက်ခံစရာရှိလျှင် စိတ်ရော ကိုယ်ပါ ထောက်ခံ၍ ချီးကျူးစရာရှိလျှင်လည်း ရက်ရက်ရောရော ချီးကျူးလျက်ရှိပါသည်။ သူ၏ အိမ်ဆောက်ပုံကို ချီးကျူးပြီးလျှင် ဤအိမ်တွင် အနည်းဆုံးနောက်တစ်နှစ်ဆက်၍ နေလိုပါသော်လည်း မတတ်နိုင်သောကြောင့် ပြောင်းရွှေ့ရတော့မည်ဖြစ်ကြောင်း အိမ်ရှင်အား ပြောပြ၏။

အိမ်ရှင်သည် ဤကဲ့သို့ အပြောမျိုးကို မည်သည့် အိမ်ငှား ထံကမှ မကြားခဲ့ဖူးချေ။ ထို့ကြောင့် ကျွန်ုပ်၏ ရင်းနှီးချိုသာသော စကားကိုကြားရသော အခါ ရုတ်တရက် ဘာကိုလုပ်ရမှန်းပင် မသိရှာချေ။

ထို့နောက် အိမ်ရှင်သည် သူ၏ ဒုက္ခများနှင့်တကွ ဆူပူတတ်သော အိမ်ငှားများ၏ အကြောင်းများကိုပါ ကျွန်ုပ်အား ပြောပြလေသည်။ အိမ်ငှား တစ်ယောက်ကမူ သူ့ထံသို့ စာ ၁၄ စောင် တိုင်အောင် ရေးသားခဲ့ရာ ထိုအနက် အချို့တို့မှာ အိမ်ရှင်ကို စော်ကားသော စာများဖြစ်လေသည်။ အခြား အိမ်ငှားတစ်ယောက်ကမူ သူနေသောအခန်း၏ အပေါ်ထပ်တွင်နေသော သူကို အိပ်သည့်အခါမဟောက်စေရန် အိမ်ရှင်က တားမပေးလျှင် အိမ်ငှားသည့် ရက်မစေ့ခင် အခြားအိမ်သို့ပြောင်းဆင်းမည် အစရှိသော စာမျိုးကို ရေးသားခဲ့ဖူး၏။ 'ကျုပ်အိမ်ကို အဆွေလို ကျေကျေနပ်နပ်ရှိတဲ့ အိမ်ငှားမျိုးနဲ့ တွေ့ရတာ ကျုပ်အင်မတန် စိတ်ချမ်းသာပါတယ်'ဟု အိမ်ရှင်သည် ကျွန်ုပ်အား ပြောလေသည်။ ထိုနောက် ကျွန်ုပ်ကိုယ်တိုင်က အိမ်လခလျှော့ရန် မတောင်းပန်ရဘဲ နှင့် သူကစ၍ အိမ်လခကို အနည်းအကျဉ်း လျှော့ပေးမည်ဟု ပြော၏။ ကျွန်ုပ်သည် သူပြောသည့်နှုန်းထက် ထပ်၍ လျှော့စေချင်သေး၏။ ထို့ကြောင့် ကျွန်ုပ် တတ်နိုင်သည့် အိမ်လခနှုန်းကို ပြောပြသောအခါ ဘာမျှ မငြင်းဘဲ အိမ်ရှင်သည် သဘောတူလေသည်။

ကျွန်ုပ် အိမ်မှ ထွက်သွားခါနီးတွင် ကျွန်ုပ်ဘက်သို့ လှည့်၍ 'အိမ်ကို ပြင်ပေးစေချင်သေးရင် ပြောနော်'ဟု ထပ်မံ ပြောသွားသေး၏။

အကယ်၍ ကျွန်ုပ်ကသာ အခြားအိမ်ငှားများအသုံးပြုသော နည်းမျိုးကို အသုံးပြုခဲ့ပါလျှင် ထိုသူတို့ကဲ့သို့ပင်ရှုံးမည်မှာ အမှန်ဖြစ်၏။ ကျွန်ုပ် အောင်မြင်ခြင်း သည် ရင်းရင်းနှီးနှီး ကြင်ကြင်နာနာ ဆက်ဆံ ပေါင်းသင်းခြင်းကြောင့်ပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် သာဓကတစ်ခုကိုကြည့်ကြဦးစို့။ ဤအကြိမ်တွင် မိန်းမတစ်ယောက်၏ အကြောင်းကို တွေ့ရပေမည်။ ထိုမိန်းမသည်အထက်တန်းစားမိန်းမတစ်ဦးဖြစ်၍ သူသည် အခြားမဟုတ်၊ လောင်းအိုင်လန်အရပ်ရှိ ပင်လယ်ကမ်းပေါ်တွင် ဆောက်ထားသော ဂါးဒင်း စီတီး[1]တွင် ဝင်းခြံပိုင်ရှင် မစ္စဒေါ်ရယ်သီ ဒေး[2]ပင် ဖြစ်လေသည်။ သူ၏ အတ္ထုပ္ပတ္တိကို နားထောင်ကြဦးစို့။

ကျွန်မ၏ မိတ်ဆွေတစ်စုကို များမကြာသေးမီက နေ့လယ်စာကျွေးရန် အိမ်သို့ဖိတ်ခဲ့၏။ မိတ်ဆွေများသည် လူကုံထံများဖြစ်သောကြောင့် ထိုစားပွဲတွင် အားလုံး ချောချောမောမော ဖြစ်စေချင်၏။ ဤကဲ့သို့ ဧည့်ခံပွဲများတွင် ဟိုတယ်မှူး အဲမီ[3] သည် ကျွန်မကို များစွာ အကူအညီ ပေးခဲ့ဖူးလေသည်။ သို့ရာတွင် ထိုဧည့်ခံပွဲတွင်မူကား ပေါ့ပေါ့ဆဆလုပ်ခဲ့၏။ နေ့လယ်စာ စားပွဲသည် စိတ်တိုင်းကျ မဖြစ်ခဲ့ပေ။ ထိုစားပွဲတွင် အဲမီကိုလည်း မမြင်ရ။ ကျွန်မ၏ ဧည့်သည်အားလုံးအတွက် စားပွဲထိုးတစ်ယောက်တည်းကိုသာ လွှတ်လိုက်၏။ ထိုစားပွဲထိုးကလည်း လူကုံထံများကို မည်ကဲ့သို့ စားပွဲထိုးရမှန်း မသိချေ။ ကျွန်မ၏ အထူးဧည့်သည်ကို နောက်ဆုံးမှစားပွဲထိုးလေ့ရှိလေသည်။ တစ်ခါလည်း ပန်းကန်ပြားကြီးထဲတွင် ဆလတ်ရွက်လေးတစ်ရွက်ကိုသာထည့်၍ ထိုဧည့်သည်ရှေ့တွင် ချပေးခဲ့သေး၏။ အသားတွေကလည်း မနူးမနပ်။ အာလူးကြော်များကလည်း ဆီတွေ ရွှဲနေ၏။ ကျွန်မလည်း အတိုင်းမသိ ဒေါသဖြစ်လျက်ရှိ၏။ ဧည့်သည်များရှိနေသောကြောင့်သာ ဟန်လုပ်၍ ပြုံးနေရ၏။ အဲမီကို တွေ့လျှင်မူကား ဝမ်းထဲ ရှိသမျှတွေကို အကုန်ထုတ်၍ ကြိမ်းလိုက်ဦးမည်ဟု အမြဲသတိရလျက်ရှိ၏။

ထိုဧည့်ခံပွဲကို ဗုဒ္ဓဟူးနေ့တွင်ကျင်းပ၍ နောက်တစ်ညတွင် လူများနှင့် ပေါင်းသင်း ဆက်ဆံနည်းများအကြောင်းကို ပြောပြမည့် တရားပွဲသို့ ကျွန်မ တက်ရောက်ခဲ့ပါသည်။ ထိုတရားပွဲကို နာနေစဉ် အဲမီကို ကြိမ်းမောင်းလျှင် အပိုဖြစ်မှာပဲဟု၍ စဉ်းစားမိပါသည်။ ကြိမ်းမောင်းလိုက်လျှင် သူသည် စိတ်ထဲတွင် အောက်သိုးသိုးဖြစ်ပြီးလျှင် ကျွန်မကို မုန်းခြင်းသာလျှင် အဖတ်တင်

---

၁။ Garden City

၂။ Mrs. Dorothy Day

၃။ Emil

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ ထိုမျှမကသေး နောင်ကို ကျွန်မအား ကူညီချင်သော စိတ်ထားများ အားလုံး လွင့်ပျောက်ကုန်လိမ့်မည်။

နောက်တစ်နေ့တွင် အဲမီကို တွေ့လေသည်။ သူ့ကို ကြိမ်းလိမ့်မည် ထင်သောကြောင့် သူသည် မျက်နှာစူလျက်ရှိ၏။

ကျွန်မ။ ။ 'အဲမီရေ မင်းမရှိတုန်းက ဧည့်ခံရတာ သိပ်နာတာပဲ ကွယ်၊ နယူးယောက်မြို့မှာရှိတဲ့ ဟိုတယ်မှူးတွေထဲမှာ မင်းဟာ အကောင်းဆုံးပဲ၊ ဗုဒ္ဓဟူးနေ့တုန်းက ဖြစ်တာတော့ ဘယ်တတ်နိုင်မလဲကွာ၊ အစာတွေကို မင်း ကိုယ်တိုင်ဝယ်ပြီးချက်တာမှ မဟုတ်ဘဲ'

အဲမီ။ ။ (ရွှင်ပျလာပြီးနောက်) 'ဟုတ်တယ် မမ၊ မီးဖိုချောင်ထဲက ချက်တဲ့ အကောင်တွေ ကိုယ်တိုင်မှားတာ ကျွန်တော့်အပြစ် မဟုတ်ဘူး'

ကျွန်မ။ ။'မမ သည့်ပြင် ဧည့်ခံပွဲတွေကိုလည်း ချိန်းထားသေး တယ်၊ အဲဒီဟာတွေကျရင် မင်းကိုယ်တိုင် ကူညီရလိမ့်မယ်၊ မီးဖိုချောင်ထဲက အကောင်တွေကို နောက်တစ်ကြိမ်လောက် ထပ်စမ်းကြည့်ရရင် မကောင်းဘူးလား ဟေ့'

အဲမီ။ ။'ကောင်းပါတယ် မမ၊ နောက်တစ်ကြိမ်ဆိုရင် ဒီလို မဖြစ်ရ ပါဘူး'

ရက်သတ္တပတ် တစ်ပတ်လောက်ကြာသောအခါ နေ့လည်စားပွဲတစ်ခု ကို ကျွန်မ၏ အိမ်တွင် ထပ်မံ၍ ကျွေးပါသည်။ ဟင်းလျာများကို အဲမီနှင့် ကျွန်မတို့နှစ်ယောက် စီမံကြပါသည်။ သူ့အတွက် အပိုကြေးကို တစ်ဝက်ဖြတ် လိုက်၏။ သို့ရာတွင် ဗုဒ္ဓဟူးနေ့က သူကျူးလွန်ခဲ့သော အပြစ်များကို စိုးစဉ်းမျှ ဖော်မပြခဲ့ပါ။

ထမင်းစားခန်းထဲသို့ ဝင်လာကြသောအခါ စားပွဲပေါ်တွင် အမေရိကန် အလှနှင်းဆီပန်းကြီးများဖြင့် အလှပြင်ထားသည်ကို တွေ့ရ၏။ ဧည့်ခံပွဲကို အဲမီကိုယ်တိုင် အမြဲစောင့်ကြပ်လျက်ရှိသည်ကို တွေ့ရ၏။ အကယ်၍ ထိုနေ့က ကျွန်မ ဧည့်ခံနေသောသူမှာ မေရီ မိဖုရားကြီးဖြစ်လင့်ကစား ထို့ထက်တိုး၍ ကောင်းအောင် သူသည် ပြုစုနိုင်တော့မည် မဟုတ်ပေ။ ဟင်းလျာများသည်လည်း အလွန်ကောင်း၍ ပူပူနွေးနွေး ရှိလေသည်။ စားပွဲထိုးသည်မှာလည်း အပြစ် တစ်စုံတစ်ရာ မရှိချေ။ ယခင်ကကဲ့သို့ စားပွဲထိုးတစ်ယောက်တည်းမဟုတ်ဘဲ လေးယောက် စားပွဲထိုးကြလေသည်။ ဟင်းလျာကောင်းများကို အဲမီ ကိုယ်တိုင် စားပွဲထိုးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့သည် ထမင်းစားပွဲမှ ထကြသောအခါ ကျွန်မ၏ အထူးဧည့်သည်က 'ရှင် ဒီဟိုတယ်မှူးကို ညှို့များထားသလား၊ ဒီလောက်ဂရုစိုက်တာမျိုးကို တစ်ခါဖူးမျှ မတွေ့ဖူးဘူး' ဟု ကျွန်မကို မေးပါသည်။

ညှို့ထားသည်ဆိုသော စကားသည် မှန်ပါသည်။ သို့ရာတွင် အခြားအရာများနှင့် ညှို့ခြင်းမဟုတ်ပါ။ ခင်ခင်မင်မင်ရင်းရင်းနှီးနှီး ပေါင်းသင်း ဆက်ဆံခြင်းဖြင့် ညှို့ထားခြင်း ဖြစ်ပါသည်။

နှစ်ပေါင်းအတော်ကြာလောက်က အနောက်မြောက် မစ်ဇူရီ[၁] ပြည်နယ်တွင် ကျွန်ုပ်သည် ဆင်းရဲပင်ပန်းစွာ ဖိနပ်မပါဘဲ တောလမ်းကလေးကိုဖြတ်၍ ကျောင်းတက်ရစဉ်အခါ တစ်နေ့သ၌ နေနတ်သားနှင့် လေနတ်သား တန်ခိုးပြိုင်ကြသည့် ဒဏ္ဍာရီတစ်ခုကို ဖတ်ခဲ့ဖူး၏။ ဘယ်သူက ပို၍ တန်ခိုးကြီးသနည်းဟု အစွမ်းပြိုင်ကြရာ လေနတ်သားက 'ကျွန်ုပ်သည် အသင့်ထက်ပို၍ တန်ခိုးကြီးကြောင်းကို ပြမည်၊ ဟောဟိုက အပေါ်အင်္ကျီဝတ်ပြီး လမ်းလျှောက်လာတဲ့ လူတစ်ယောက်ကိုမြင်တယ် မဟုတ်လား၊ သူ့အင်္ကျီကို ချွတ်ပစ်အောင် အသင့်ထက် မြန်အောင် လုပ်ပြမယ်' ဟု ပြောလေသည်။

ထို့ကြောင့် နေနတ်သားသည် တိမ်ကြားတွင် အသာကွယ်၍ နေရာ လေနတ်သားသည် လေပြင်းမုန်တိုင်းကျလုမတတ် တိုက်ခတ်၏။ သို့ရာတွင် လေအတိုက် ပြင်းလာလေလေ ဝတ်ထားသောအင်္ကျီကို ထိုယောကျ်ားသည် ဆွဲစေ့လေလေ ဖြစ်၏။

နောက်ဆုံး၌ လေနတ်သားသည် လက်လျှော့လိုက်ရ၏။ ထိုအခါ နေနတ်သားသည် တိမ်တိုက်ကြားမှ ထွက်လာပြီးလျှင် ထိုလုလင်အပေါ်သို့ တဖြည်းဖြည်း ပူစပ်ဖျိုးလာ၏။ လုလင်လည်း သူ၏ နဖူးမှ ချွေးများကိုသုတ်၍ သူ၏ အင်္ကျီကို ဆွဲချွတ်ပစ်လိုက်၏။ ထိုအခါမှ 'အဆွေ လေနတ်သား ဒေါသထက် မေတ္တာသည် တန်ခိုးပို၍ကြီးပေသည်' ဟူ၍ နေနတ်သားက လေနတ်သားကို ပြောပြဖူး၏။

အထက်ပါ ဒဏ္ဍာရီလေးကို ဖတ်ရသည့် အချိန်အခါလောက်က ထိုဒဏ္ဍာရီတွင်ပါသော ဆုံးမစကား၏ မှန်ကန်ခြင်းကို ဘော်စတန်မြို့တွင် ဖြစ်ပျက်သောအခြင်းအရာတစ်ခုက သက်သေခံလျက်ရှိလေသည်။

---

၁။ Missouri

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ အေအိပ်ဗီ[၁] ဆိုသော ဆရာဝန်တစ်ဦးသည် ဘော်စတန်မြို့တွင် ဆေးကုစားလျက်ရှိလေသည်။ ထိုဆရာဝန်သည် အထက်ပါ ဒဏ္ဍာရီလေးကို ကျွန်ုပ်ဖတ်ကြားရသည့်အချိန်မှ နှစ်ပေါင်း သုံးဆယ်မျှကြာသောအခါ ကျွန်ုပ်၏ တပည့်ရင်းတစ်ယောက် ဖြစ်လာလေသည်။ ထိုစဉ်အခါက သူ့အဖြစ်အပျက်ကို အောက်ပါအတိုင်း ကျွန်ုပ်၏ အတန်းထဲတွင် သူကိုယ်တိုင် ပြောပြဖူးလေသည်။

ထိုအခါက ဗော်စတန်မြို့ရှိ သတင်းစာများတွင် ပဋိသန္ဓေကို ကျနစွာ ဖျက်ဆီးပေးနိုင်သည်ဆိုသော ကြော်ငြာများ အားတိုးဆေးဟု အမည်တပ်၍ ထားသော ဆေးတု ဆေးယောင်ကြော်ငြာများနှင့် ဆေးဆရာ အတုအယောင် များ၏ ကြော်ငြာများဖြင့် ပြည့်နှက်လျက် ရှိပါလေသည်။ ယောကျ်ားများနှင့် သက်ဆိုင်သော ရောဂါများကို ကုသပေးနိုင်သည်ဟု ကြော်ငြာပြီးလျှင် စင်စစ်မှာကား မည်သည့် ရောဂါကိုမျှ ကုမပေးနိုင်ဘဲ ဝေဒနာရှင်များကို 'ခင်ဗျားတို့ ယောကျ်ားဘဝ တုံးခါနီးနေပြီ၊ နည်းနည်းကလေး လိုတော့တယ်။ အစရှိသော စကားလုံးတို့ဖြင့် ခြောက်လှန့်ပြီးလျှင် ငွေကိုသာ အရအမိ ညှစ်ယူလေ့ ရှိကြလေသည်။ ထိုဆေးဆရာတု ဆေးဆရာယောင်များထံသို့ သွား၍ ဆေးကို ကုမိခါမှ ရောဂါမပျောက်သည့်အပြင် 'ငါတော့ ယောကျ်ားဘဝ တုံးတော့မှာပဲ'ဟူ၍ စိတ္တဇရောဂါပင် ထပ်မံ တိုးလာပြန်လေသည်။ ပဋိသန္ဓေကို ကျနစွာ ဖျက်ဆီး မပေးနိုင်သောကြောင့် သူတို့လက်ထဲတွင် မိန်းမပေါင်း မြောက်မြားစွာ သေကြေ ပျက်စီးကြလေသည်။ ထိုသို့ ပြုမိသည့်အတွက် အချို့ဆရာတု ဆရာယောင်များမှာမူကား ဒဏ်ငွေ အနည်းငယ်ဆောင်၍ သော်လည်းကောင်း၊ ဩဇာရှိသော နိုင်ငံရေးသမားတို့၏ အကူအညီအားဖြင့်သော် လည်းကောင်း အပြစ်မှ ချမ်းသာရာ ရကြလေသည်။

ထိုဆရာတု ဆရာယောင်များနှင့် ဆေးအတုများကို ရောင်းသောသူများ၏ သရမ်းပုံတို့မှာ တစ်နေ့တခြား ဆိုးရွားလာသည်ဖြစ်သောကြောင့် ဘော်စတန်မြို့ရှိ လူကြီးလူကောင်းများသည် ထ၍ အကြီးအကျယ် ဆူပူကန့်ကွက်ကြ၏။ တရားဟောဆရာများကလည်း စင်မြင့်မှနေ၍ သတင်းစာဆရာများကို ပြစ်တင် ရှုတ်ချကြ၏။ မြို့ရေး ရွာရေးကို ဆောင်ရွက်ကြသော အသင်းများ၊ ကုန်သည် ကြီးငယ်များ၊ ကုမ္ပဏီအသင်းများ၊ ရဟန်းများ၊ တက္ကသိုလ်များ၏ အသင်းများသည် တညီတညွတ်တည်းဝိုင်း၍ ဆူပူကန့်ကွက်ကြ၏။ သို့ရာတွင် သူတို့၏ ဆူပူမှု

---

၁။ Dr. A.H.B

www.burmeseclassic.com

www.burmeseclassic.com



သည် အချည်းနှီးမျှသာ ဖြစ်လေသည်။ ဤကြော်ငြာမျိုးကို မတရားကြော်ငြာ အဖြစ်ဖြင့် ပိတ်ပင်ပေးရန် ဥပဒေပြုလွှတ်တော်တွင် အပြင်းအထန် ကြိုးစားကြသော်လည်း ငွေမျက်နှာလိုက်သော အမတ်များ ပယောဂကြောင့် ထိုကြိုးစားချက်သည်လည်း အလဟဿ ဖြစ်ခဲ့ရ၏။

ထို အချိန်အခါက ဆရာဝန် ဗီသည် မဟာဘော်စတန် ခရစ်ယာန်ကြီးပွားရေးအသင်း၏ မြို့သားကောင်းအဖွဲ့ [1] မှ နာယကလူကြီး ဖြစ်လေသည်။ ထိုအဖွဲ့ကလည်း အထက်ပါနည်းတူ ဝိုင်းဝန်းကန့်ကွက်ခဲ့၏။ သို့သော်လည်း ဘာမျှ မထူးခြားချေ။ ထို့ကြောင့် ထိုမသူတော်များကို နှိမ်နင်းရန်ကိစ္စမှာ မျှော်လင့်ချက်နှင့် လုံးဝကင်းရတော့မည့်အခြေသို့ ရောက်ခဲ့လေသည်။

တစ်ညသ၌ သန်းခေါင်ကျော်ကျော်လောက်တွင် ဒေါက်တာဗီသည် ရှေးအခါက ဘော်စတန်မြို့ရှိ မည်သူတစ်ဦးတစ်ယောက်ကမျှ မစဉ်းစားခဲ့ဖူးသော နည်းတစ်ခုကို တွေးမိသည့်အတိုင်း ဆောင်ရွက်ရန် ကြိုးစား၏။ သူ၏ နည်းမှာ ဒေါသနှင့် ဆူပူကန့်ကွက်သော နည်းမျိုးမဟုတ်။ ဖျောင်းဖျပြောဆိုနည်းပင် ဖြစ်လေသည်။ သူ၏ နည်းမှာ သတင်းစာပိုင်ရှင်များကိုယ်တိုင်က အဆိုပါ ကြော်ငြာမျိုးကို ဖြုတ်ပစ်ချင်လာအောင် လုပ်သောနည်းပင် ဖြစ်လေသည်။ ထို့ကြောင့် ဆရာဝန်ဗီသည် 'ဘော်စတန်ဟာရယ်' [2] သတင်းစာပိုင်ရှင်ထံသို့ စာတစ်စောင်ရေးလေသည်။ ထိုစာထဲတွင် 'ဘော်စတန်ဟာရယ်' သတင်းစာကို ဆရာဝန်သည် မည်မျှ အထင်ကြီးကြောင်း၊ ထိုသတင်းစာကို သူကိုယ်တိုင် အမြဲတမ်းဖတ်ကြောင်း၊ ထိုသတင်းစာ၌ ပါသော သတင်းများသည် မည်မျှ အပြစ် ကင်းကြောင်း၊ ခေါင်းကြီးပိုင်းသည်လည်း အလွန် ကောင်းကြောင်း၊ မိသားစုတစ်စု ဖတ်ရန်အတွက် အဖိုးမဖြတ်နိုင်အောင် ကောင်းကြောင်း၊ သူ့သဘောအရ ဆိုလျှင် ထိုသတင်းစာသည် နယူးအင်္ဂလန် [3] ပြည်တွင် အကောင်းဆုံး သတင်းစာဖြစ်၍ အမေရိကန် တစ်ပြည်လုံးရှိ သတင်းစာကောင်းများတွင် တစ်စောင် အပါအဝင်ဖြစ်သည်ဟု အထင်ရှိကြောင်း အစရှိသည်တို့ကို ရေးသားပြီးနောက် ဆက်လက်၍ ရေးသားသည်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

---

၁။ The Good Citizenship Committee of The Greater Boston Christian Endeavor Union

၂။ The Boston Herald

၃။ New England

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကျွန်တော်၏ သူငယ်ချင်းတစ်ဦးမှာ သမီးငယ်တစ်ယောက် ရှိပါသည်။ လွန်ခဲ့သောညက သူ၏ သမီးကလေးသည် ပဋိသန္ဓေဖျက်ပေးမည် ဟူသော အဆွေ၏ သတင်းစာထဲမှ ကြော်ငြာတစ်စောင်ကို သူ့အား ကျယ်လောင်စွာ ဖတ်ပြပြီးလျှင် ထိုကြော်ငြာစာထဲ၌ ပါသော အချို့ စကားလုံးများ၏ အဓိပ္ပာယ်ကို မေးသည်ဟု ကျွန်တော့်အား ပြန်ပြောပါသည်။ ထိုသို့မေးသောအခါ ဖခင်ဖြစ်သူ ကျွန်တော်၏ သူငယ်ချင်းမှာ အတော်ပင် မျက်နှာထားခက်ပြီးလျှင် အနေရ အထိုင်ရ ကျပ်သွားပါသည်။ သူ့သမီးကို မည်ကဲ့သို့ပြန်၍ ဖြေရမှန်းမသိရှာပါ။ အဆွေ၏ သတင်းစာကို ဘော်စတန်မြို့ရှိ လူကုံထံများ၏ အိမ်တိုင်း၌ ဖတ်ကြပါသည်။ အကယ်၍ ကျွန်တော့် သူငယ်ချင်း၏ အိမ်တွင် အထက်ပါ အခြင်းအရာမျိုး ဖြစ်ပျက်ခဲ့ပါလျှင် အခြားသော လူကုံထံများ၏ အိမ်၌လည်း ဤကဲ့သို့ပင် ဖြစ်တန်ကောင်းသည် မဟုတ်ပါလော။ အဆွေ့တွင်လည်း အကယ်၍ သမီးကလေး တစ်ယောက် ရှိခဲ့ပါလျှင် ဤလို ကြော်ငြာမျိုးကို ဖတ်ကြားရန် အဆွေသည် ခွင့်ပြုနိုင်ပါမည်လား။ အကယ်၍ အဆွေ၏ သမီးကလေးသည် ဖတ်မိသောကြောင့် အဆွေအား ထိုကြော်ငြာများ၏ အကြောင်းကို အထက်ပါနည်းအတိုင်း မေးခဲ့သည်ရှိသော် အဆွေသည် မည်ကဲ့သို့ ပြန်၍ ဖြေဆိုပါမည်လဲ။

'အခြားအဖက်ဖက်တွင် ပြည့်စုံပြီးဖြစ်သော ဤကဲ့သို့ သတင်းစာကောင်း တစ်စောင်တွင် ဖခင်များ ကိုယ်တိုင်က သမီးများ ကောက်ယူ၍ ဖတ်မည်ကို တထိတ်ထိတ်နှင့် ဖြစ်နေရသော ထိုကြော်ငြာမျိုး ပါရှိနေသည့်အတွက် ကျွန်တော် ဝမ်းနည်းပါသည်။ အဆွေ၏ သတင်းစာကို ဖတ်သည့် အခြားသူများကလည်း ယခုကဲ့သို့ ကျွန်တော် စိတ်မချမ်းမြေ့ခြင်း ဖြစ်ရသလို ဖြစ်ကြလိမ့် မည်ဟုဆိုလျှင် မှားနိုင်ပါမည်လော' အစရှိသည်ဖြင့် ရေးသားပြီးလျှင် ထိုစာကို ပို့လိုက်၏။

နောက်နှစ်ရက်ကြာသောအခါ 'ဘော်စတန်ဟာရယ်' သတင်းစာပိုင်ရှင်ထံမှ ဆရာဝန်ဗီထံသို့ စာတစ်စောင်လာလေသည်။ ဆရာဝန်သည် ထိုစာကို နှစ်ပေါင်း သုံးဆယ်လောက် ကောင်းစွာ သိမ်းထားပြီးနောက် ကျွန်ုပ်၏

www.burmeseclassic.com



အတန်းသားတစ်ဦး ဖြစ်လာသောအခါ ကျွန်ုပ်အား ထိုစာကို ပေး၏။ ထိုစာ၏ ရက်စွဲမှာ ၁၉၀၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက် ဖြစ်လေသည်။

အေ-အိပ်-ဗီ၊ အမ်-ဒီ

ဗော်စတန်၊ မက်စ်[၁]

အဆွေခင်ဗျား

စာတည်းထံသို့ ၁၁ ရက် နေ့စွဲနှင့် ပေးပို့လိုက်သော စာအတွက် ကျေးဇူးအထူးတင်ရှိပါသည်။ ထိုစာထဲတွင်ပါရှိသော ကိစ္စနှင့် စပ်လျဉ်း၍ ကျွန်တော်လည်း စဉ်းစားလျက်ရှိရာ ထိုစာကို ရသောအခါတွင်မှ မည်သို့မည်ပုံ လုပ်ရမည်ကို သန္နိဋ္ဌာန်ချဖြစ်ပါတော့သည်။

ယခု တနင်္လာနေ့ကအစပြု၍ 'ဘော်စတန်ဟာရယ်' သတင်းစာထဲမှ ညစ်ညမ်းသော စာပေများကို လုံးလုံးလျားလျား ဖြုတ်ပစ်လိုက်ပါတော့မည်။

ယခု အချိန်အခါတွင် တစ်ခါတည်း ဖြုတ်မပစ်နိုင်သေးသော ဆေးကြော်ငြာများကိုလည်း မောင်နှံ့နှမ သားနှင့်အမိဇ ဖတ်ရှုနိုင်အောင် ကောင်းစွာပြုပြင်၍ ထည့်သွင်းပေးပါမည်။

ဤကိစ္စတွင် အကူအညီပေးသည့်အတွက် ကျေးဇူးအထူး တင်ရှိပါကြောင်း။

ဒဗလျူ အီး ဟက်စကယ်[၂]

ထုတ်ဝေသူ

အီဆော့[၃]သည် ယေရှုခရစ် မမွေးမီ နှစ်ပေါင်း ၆၀၀ လောက်က ကရိုးဆပ်[၄] ဘုရင်၏ နန်းတော်တွင်ခစားရသော ဂရိငွေဝယ်ကျွန်တစ်ဦးဖြစ်၍ ကမ္ဘာတည်မည့် ဒဏ္ဍာရီများကို ရေးသားခဲ့ဖူးလေသည်။ နှစ်ပေါင်း ၂,၅၀၀ လောက်က အေသင်မြို့တော်တွင် လူ့သဘောနှင့် စပ်လျဉ်း၍ သူ ရေးခဲ့သော ဒဏ္ဍာရီတို့သည် ယခုအချိန်အထိ မည်သည့် နေရာ၌မဆို မှန်ကန်လျက် ရှိလေသည်။ လေနတ်သားထက် နေနတ်သားသည် သင်၏ အင်္ကျီကို ပို၍လျင်မြန်အောင် ချွတ်ပစ်စေနိုင်သည်။

၁။ Mass. (Massachusetts)

၂။ W.E. Haskell

၃။ Croesus

၄။ Aesop

www.burmeseclassic.com

www.burmeseclassic.com



ညှာတာခြင်း ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံခြင်းနှင့် ချီးမွမ်းထောမနာပြုခြင်းတို့သည် လူတစ်ယောက်၏ စိတ်ဓာတ်ကို ပြောင်းအောင်လုပ်ရာ၌ ခရစ်ယာန်ဘာသာ ကိုးကွယ်သော နိုင်ငံများ အားလုံးရှိ လူအပေါင်း ဝိုင်း၍ ဆုပ်ပူကန့်ကွက်ကြခြင်းထက် အရေးပါလေသည်။

'ပျားရည်တစ်စက်သည် မုတ်ခါးရည် တစ်ဂါလံထက် ယင်ကောင်များကို ပိုပြီး ဖမ်းနိုင်သည်'ဟူသော လင်ကွန်း၏ စကားကို မမေ့ပါလေနှင့်။

**သင့်ဘက်သို့ပါအောင် တစ်ဖက်သားကိုဆွဲယူချင်ပါလျှင် ဥပဒေသ အမှတ် ၄ ကို မမေ့ပါနှင့်။**

**'ချို ချို သာ သာ နှင့် စပါ'**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## ဆိုကရေးတီး၏ နည်းကောင်းတစ်လက်

လူများနှင့် စကားပြောရန်ရှိသောအခါ သင်နှင့် ထိုလူများ သဘောမတူနိုင်သော အကြောင်းကစ၍ မပြောလေနှင့်။ သင်နှင့် ထိုလူများ သဘောတူနိုင်သော အကြောင်းများကို အထူးဂရုပြု၍ စပါလေ။ သင်နှင့် သဘောကွဲနေသောအခါ သင်၏ ယူဆပုံမှာလည်း နောက်ဆုံး၌ ထိုလူများ ယူဆသည့်နေရာသို့ရောက်မည် ဖြစ်၍ ယူဆချက်အပေါ်တွင် သဘောမကွဲလွဲဘဲ ထိုယူဆချက်သို့ရောက်အောင် လာရသည့် နည်းပေါ်မှာသာလျှင် သဘောကွဲလွဲခြင်း ဖြစ်ကြောင်းကိုလည်း သင် တတ်နိုင်ခဲ့ပါလျှင် အထူးဂရုပြု၍ ပြောပါလေ။

စကဟည်းက တစ်ဖက်သားကို 'အင်း အင်း' ဟူ၍ အင်းလိုက်နေအောင် လုပ်ပါ။ 'ဟင့်အင်း' ဟူသော စကားကို သုံးခွင့်မရအောင် သင်တတ်နိုင်သမျှ ကြိုးစားပါ။

'ဟင့်အင်း'ဟူသော စကားတစ်လုံးသည် ပြောမိလျှင်ပြန်၍ ရုပ်သိမ်းရန် အလွန်ခဲယဉ်းသော အခက်အခဲ တစ်ခုဖြစ်လေသည်။ လူတစ်ယောက်သည် 'ဟင့်အင်း'ဟု ဆိုမိလျှင် သူ၏ ဂုဏ်သိက္ခာကို စောင့်သိသောသဘောရသဖြင့် ပြောပြီးသောစကားကို နောက်ထပ် မပြင်တော့ချေ။ ပြောမိ၍ အတော်ကလေး ကြာသောအခါ 'ဟင့်အင်း'ဆိုသောစကားကို သုံးမိသည့်အတွက် မှားကြောင်းကို သိရှိသော်လည်း သူ၏ ဂုဏ်သိက္ခာကို ငဲ့ညှာစရာ ရှိသေးသဖြင့် ကပ်၍ မပြင်ချေ။ ပြောမိသောစကားကို ဖွတ်တွယ်၍ ထားမည်ဖြစ်၏။ ထို့ကြောင့် လူ တစ်ဦး တစ်ယောက်နှင့် စကား ပြောသောအခါ သူ သဘောတူနိုင်သည့် အကြောင်းမှစ၍ ပြောရန်အရေးအကြီးဆုံး ဖြစ်လေသည်ဟူ၍ ပရော်ဖက်ဆာ

www.burmeseclassic.com

www.burmeseclassic.com



အိုဗာစထရိသည် 'တစ်ဖက်သားအပေါ်သြဇာသွောင်းအောင်လုပ်နည်း'[၁] စာအုပ်တစ်အုပ်တွင် အတိအလင်း ရေးသားထားလေသည်။

စကားပြော ကျင်လည်သူတစ်ဦးသည် တစ်ဖက်သားအား 'အင်း အင်း' ဟူ၍ အင်းလိုက်စေမည့်စကားမျိုးကို စ၍ ပြောလေ့ရှိသည်။ ဤနည်းအားဖြင့် တစ်ဖက်သား၏ စိတ်ဓာတ်ကို သူ ပြောသမျှတွင် အင်း လိုက်ချင်အောင် ပျိုးပေး လိုက်လေသည်။

အင်းလိုက်အောင်လုပ်သောနည်းကို အသုံးပြုမိသဖြင့် နယူးယော့မြို့တော် ဂရင်းနစ် ငွေစုဘဏ်တိုက်[၂] မှ ငွေကိုင်စာရေးကြီး ဂျိမ်းအီဗာဆန်[၃]သည် ငွေစုမည့်သူတစ်ဦးကို လက်လွှတ်၍ မသွားအောင် တားထားလိုက်နိုင်လေသည်။ ထိုနည်းကိုသာ မသုံးမိလျှင် ထိုသူသည် ဂျိမ်းအီဗာဆန်တို့ ဘဏ်တိုက်တွင် ငွေစုဖြစ်ချင်မှ စုဖြစ်လိမ့်မည်။

ဂျိမ်းအီဗာဆန်က အောက်ပါအတိုင်း ပြောပြဖူး၏။

တစ်နေ့သ၌ ကျွန်ုပ်တို့ဘဏ်တိုက်သို့ လူတစ်ယောက်သည် ငွေစုရန် လာ၏။ ကျွန်ုပ်သည် ထိုသူ့အား ဆိုင်ရာ စာရွက်စာတမ်းများကို ပေး၍ လိုအပ်သောအချက်များကို ရေးစေလေသည်။ ထုံးစံအတိုင်း မေးခွန်းများကိုမေးရာ အချို့မေးခွန်းများကိုသာ ဖြေပြီးလျှင် အခြားမေးခွန်းများကိုမူကား မည်သည့်နည်းနှင့်မျှ မဖြေနိုင် ဟူ၍ အတိအလင်း ငြင်းပယ်လျက် ရှိ၏။

လူများနှင့် ပေါင်းသင်းဆက်ဆံသည့် နည်းများကို မလေ့လာဖူးခင်ကသာ ဆိုလျှင် 'ကျုပ် မေးတာကို ခင်ဗျား မဖြေရင် ခင်ဗျားကို ဒီဘဏ်မှာ ငွေစုဖို့ ကျုပ်တို့ လက်မခံနိုင်ဘူး' ဟု တုံးတိတိ ပြောလိုက်မည်ဖြစ်၏။ ဒီလိုအပြောမျိုးကို ရှေးတုန်းက ပြောခဲ့ဖူးကြောင်း ကျွန်ုပ်သည် ရှက်ရက်နှင့် ဝန်ခံရမည်ဖြစ်၏။ ဒီလို ပြောလိုက်ရလျှင် ရှေးအခါတုန်းက ကျွန်ုပ်မှာ အတော်အရသာရှိသွား၏။ ဘဏ်တိုက်မှာ ဘယ်သူဗိုလ် ဖြစ်သည်ကို ပြလိုက်ရုံသာမက 'ဘဏ်တိုက်၏ စည်းကမ်းဥပဒေတို့ကို ဖျက်ဆီးချင်လို့ မရဘူး' ဟူ၍ ခပ်မာမာလည်း ပြောလိုက်သေး၏။ သို့ရာတွင် ကျွန်ုပ်တို့၏ အကျိုးကို ဆောင်ရွက်ရန်အတွက် ကျွန်ုပ်တို့ဆီသို့ ဝင်လာသောလူမှာမူကား ဤကဲ့သို့ အပြောမျိုးကို မည်သည့်နည်းနှင့်မျှ နှစ်ခြိုက်နိုင်မည် မဟုတ်ပေ။

---

၁။ Influencing Human Behavior

၂။ The Greenwich Savings Bank

၃။ James Eberson

www.burmeseclassic.com

www.burmeseclassic.com



'ထို့ကြောင့် ထိုနေ့တွင် ဘဏ်ကို လွှာသုံးရန် သန္နိဋ္ဌာန် ချထား၏။ ဘဏ်တိုက်က ဘာကို အလိုရှိသည် ဟူသော အကြောင်းကို မပြောပြဘဲ ထိုလူသည် ဘာကိုအလိုရှိသည်ဟူသော အကြောင်းကိုသာ ပြောပြရန်ကိုလည်း သန္နိဋ္ဌာန်ချထား၏။ ထိုနှစ်ခုထက်အရေးကြီးသော အချက်မှာကား အခြားမဟုတ်။ ထိုလူကို အင်း လိုက်နေအောင် စကားစပြောရန် သန္နိဋ္ဌာန် ချထားခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့် ထိုလူသည် ကျွန်ုပ်မေးသော မေးခွန်းကို မဖြေဘူးဟူ၍ ငြင်းနေသောအခါ ဖြေရမည်ဟူ၍ အတင်းအကြပ် မတိုက်တွန်းရုံသာမက ထိုအချက်ကို မဖြေသော်လည်း နေနိုင်ပါသည်'ဟု ပြန်ပြောလိုက်၏။

ထို့နောက်မှ 'သို့ပေမယ့် ဒီလိုရှိတယ် အဆွေ၊ ဒီဘဏ်မှာ ငွေတွေစုထားပြီး အဆွေ အနိစ္စရောက်တယ် ဆိုပါတော့၊ အဲဒီအခါမှာ ဒီငွေကို အဆွေနဲ့ အရင်းနီးဆုံးဖြစ်တဲ့ ဆွေမျိုးသားချင်းရဲ့ လက်ထဲကို တရားဥပဒေအတိုင်း ရောက်စေချင်မယ် မဟုတ်လား'ဟု ကျွန်ုပ်က မေးလိုက်ရာ

'အင်း ရောက်စေချင်တာပေါ့'ဟူ၍ ထိုသူက ပြန်ပြောလေသည်။

'အဲဒီတော့ အဆွေ အနိစ္စ ရောက်တဲ့အခါ ကျွန်တော်တို့ တစ်တွေ မမှားမယွင်း နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲနှင့် အဆွေ၏ အရင်းအချာဆုံးသော ဆွေမျိုး၏ နာမည်ကို ကျွန်တော်တို့ သိထားရင် ကောင်းလိမ့်မယ်လို့ အဆွေ မထင်ဘူးလား'

'အင်း'

ကျွန်ုပ်တို့သည် ဤကဲ့သို့ မေးရခြင်းမှာ ကျွန်ုပ်တို့၏ အကျိုးအတွက် မဟုတ်ဘဲ သူ၏ အကျိုးအတွက် သက်သက်ဖြစ်ကြောင်းကို ထိုသူ သိလာသော အခါ သူ၏ လေသံမှာ ဝင်လာစကလောက် မထန်တော့ပေ။ ထို့ကြောင့် ဘဏ်တိုက်မှထွက်မသွားမီ ထိုလူသည် ကျွန်ုပ်တို့သိလိုသည့် အကြောင်းမျိုးစုံကို ဖြေရုံသာမက သူ့မိခင်၏ အကြောင်းကိုပါ ကျွန်ုပ်အား ပြောသွားခဲ့သေး၏။

သူ့ကို အင်း လိုက်အောင် လုပ်လိုက်သဖြင့် သူသည် သူ၏ ငြင်းဆန်ခြင်း ကိုပင် သတိမေ့ပြီးလျှင် ကျွန်ုပ်တို့ပြောရာကိုလိုက်၍ လုပ်ချင်သောဆန္ဒများ ပေါ်လာသည်ကို ကျွန်ုပ် ကောင်းစွာ တွေ့လိုက်ရ၏။

ဝက်စတင်းဟောက်[၁] မှ ကိုယ်စားလှယ်တစ်ဦးဖြစ်သော ဂျိုးဆက်အယ်လီဆန်[၂]ကလည်း အောက်ပါအတိုင်းပြန်ပြောဖူး၏။

---

၁။ Westinghouse

၂။ Joseph Allison

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏နယ်ထဲတွင် ကျွန်ုပ်တို့ကုမ္ပဏီက အလွန် ဆက်သွယ်ချင်သော လူတစ်ယောက် ရှိ၏။ ထိုနယ်တွင် ကျွန်ုပ် အရင် ကိုယ်စားလှယ်ဖြစ်သော သူသည် ထိုသူ့ထံသို့ဆယ်နှစ်တိုင်တိုင်သွားရောက် စေ့စပ်ခဲ့ဖူး၏။ သို့ရာတွင် အထမမြောက်ခဲ့ချေ။ ထိုနယ်သို့ကျွန်ုပ်ကို ပြောင်းပေးလိုက်သောအခါ ကျွန်ုပ်သည် သုံးနှစ်တိုင်တိုင် ဆက်၍ စေ့စပ်ပြန်သော်လည်း အချည်းနှီးသာဖြစ်ခဲ့၏။ ၁၃ နှစ်တိုင်တိုင်ဆက်သွယ်ခဲ့သော အခါမှ နောက်ဆုံး၌ မော်တော်ကားအနည်းငယ်မျှ ကိုသာ ရောင်းခဲ့ရ၏။ သို့ရာတွင် အနည်းငယ်လောက် စ၍ ရောင်းရလျှင် မကြာမီ အများကြီးရောင်းရတော့မည်ဟု တစ်ထစ်ချ စိတ်ထဲတွင် စွဲထားလေသည်။

ထို့ကြောင့် တနင်္ဂနွေ သုံးပတ်ကြာ၍ ထိုသူ့ထံသို့ သွားသောအခါ ကျွန်တော်၏ ရင်ထဲတွင် အတော်ကြီးသော မျှော်လင့်ချက်များဖြင့် ပြည့်လျက် ရှိလေသည်။

'သို့ရာတွင် အယ်လီဆန် မင်းရဲ့ ကျန်တဲ့မော်တော်စက်တွေကို တို့မဝယ် နိုင်တော့ဘူး' ဟူသော ထိုသူ၏ အကြီးဆုံး စက်ဆရာကြီးအသံကို ကြားလိုက်ရ သောအခါ ကျွန်ုပ်၏ မျှော်လင့်ချက်များမှာ လွင့်ပျောက်၍ သွားလေတော့သည်။

ကျွန်ုပ် (အလွန် အံ့အားသင့်လျက်) 'ဘာဖြစ်လို့လဲ ဟင် ဘာဖြစ်လို့လဲ'

စက်ရာကြီး။ 'မင့် မော်တော်စက်တွေဟာ သိပ်ပူတာပဲ၊ ငါ့လက်တောင် တင်မထားနိုင်ဘူး'

သူနှင့် ငြင်းနေခြင်းအားဖြင့် အကျိုးမရှိသည်ကို ကျွန်တော် ကောင်းစွာ သိ၏။ ဤကဲ့သို့ငြင်းခုံခြင်းအလုပ်မျိုးကို လုပ်ခဲ့သည်မှာ ကြာမြင့်လှလေပြီ။ ထို့ကြောင့် ဒီလူကြီးကို 'အင်း'လိုက်အောင် လုပ်ဦးမှပဲ ဟူ၍ ကျွန်တော် စိတ်ကူးမိ၏။

ကျွန်ုပ်။ 'ဪ ကျွန်တော့် မော်တော်တွေက ပူလို့လား၊ ဒီလိုပူရင်ဖြင့် ဘယ့်နှယ် ဝယ်လို့ ဖြစ်မလဲ။ 'အမျိုးသားလျှပ်စစ်လုပ်သူများ အသင်းကြီး'[၁] ရဲ့ စည်းမျဉ်းအရ အတည်ပြုထားတဲ့ စံချိန်ထက် ပိုပြီးမပူတဲ့ စက်မျိုးကိုသာ ဝယ်သင့်တာပေါ့၊ မဟုတ်ဘူးလား'

စက်ဆရာကြီး။ 'အင်း'

သူ့ထံမှ ကျွန်ုပ်သည် 'အင်း'တစ်လုံး ရလိုက်လေပြီ။

၁။ The National Electrical manufacturers Association

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ 'မော်တော်စက်ကောင်းတစ်လုံးမှာ အခန်းတွင်းရှိ အပူဒီဂရီ[၁] ထက် ၇၂ ဒီဂရီသာပိုရမယ်လို့ အမျိုးသား လျှပ်စစ်လုပ်သူများ အသင်းကြီးက ဆိုထားတယ် မဟုတ်လား။ မှန်ပါရဲ့လား ခင်ဗျာ'

စက်ဆရာကြီး။ 'အင်း၊ သို့ပေမယ့် မင်းမော်တော်စက်တွေက ဒီစံချိန်ထက် အများကြီး ပိုပြီး ပူတယ်ကွ'

ကျွန်ုပ်သည် သူနှင့် ငြင်းချက်မထုတ်ဘဲ 'စက်ရုံ အခန်းတွင်းမှာ အပူဒီဂရီ ဘယ်လောက်ရှိပါသလဲ ခင်ဗျာ'

စက်ဆရာကြီး။ '၇၅ ဒီဂရီလောက် ရှိတယ်'

ကျွန်ုပ်။ ဒါဖြင့် အခန်းရဲ့ အပူဒီဂရီ ၇၅ မှာ စက်အပူဒီဂရီ ၇၂ ကို ပေါင်းထည့်ရင် အပူဒီဂရီ ၁၄၇ ရတယ် မဟုတ်ပါလား၊ တကယ်လို့အပူဒီဂရီ ၁၄၇ ရှိနေတဲ့ ရေနွေးထဲ လက်ကိုထည့်လိုက်ရင် လက်ကို အပူလောင်မယ် မဟုတ်ဘူးလား ခင်ဗျာ'

စက်ဆရာကြီး။ 'အင်း'

ကျွန်ုပ် ။ ဒါဖြင့် လက်တွေကို ဒီစက်တွေနဲ့ ခပ်ဝေးဝေးထားနိုင်ရင် မကောင်းပေဘူးလား ခင်ဗျာ'

စက်ဆရာကြီး။ 'အင်း မင်းပြောတာ ဟုတ်သားပဲ'

ကျွန်ုပ်တို့လည်း မော်တော်စက်များ၏ အကြောင်းနှင့် စပ်လျဉ်း၍ စကားအနည်းငယ် ပြောပြီးသောအခါ စက်ဆရာကြီးသည် သူ၏ စာရေးကြီးကို ခေါ်၍ နောက်လအတွက် ဒေါ်လာ ၃၅,၀၀၀ ဖိုး မော်တော်စက်များကို မှာရန် အမိန့်ပေးလေသည်။

ငြင်းခုံခြင်းသည် အကျိုးမရှိဟူသော သင်ခန်းစာကို လည်းကောင်း၊ မိမိဘက်ကနေ၍ ကြည့်ခြင်းထက် တစ်ဖက်သားဘက်မှ နေ၍ ကြည့်ပြီးလျှင် တစ်ဖက်သားကို 'အင်း' လိုက်အောင် ပြုလုပ်ခြင်းသည် အကျိုးစီးပွား ဖြစ်ရုံသာမက အလွန်လည်း စိတ်ဝင်စားစရာကောင်းသည်ဟူသော သင်ခန်းစာကိုလည်း ကောင်း၊ ကျွန်ုပ် မသိရှိရသေးမီက အလုပ်အကိုင် အပေါက်အလမ်းမတည့်သဖြင့် ကျွန်ုပ်၌ ဒေါ်လာပေါင်းများစွာနှင့် နှစ်ပေါင်းများစွာ အလဟဿ ဖြစ်ခဲ့လေပြီ။

ဆိုကရေးတီးဆိုသူသည် ဖိနပ်မပါဘဲ လမ်းလျှောက်၍ အသက် ၄၀ ကျော်ခါမှ အသက် ၁၉ နှစ်အရွယ် သူငယ်မလေးနှင့် လက်ထပ်ခဲ့သော်လည်း

---

၁။ Degree

www.burmeseclassic.com

www.burmeseclassic.com



အေသင်မြို့တော်၏ ပညာရှိတစ်ဆူဖြစ်လေသည်။ ကမ္ဘာ့သမိုင်းတွင်ထင်ပေါ်ခဲ့သော ပုဂ္ဂိုလ်များအနက် လက်တစ်ဆုပ်စာမျှသော သူများသာလျှင် လုပ်နိုင်ခဲ့သည့် အရာ အချို့ကို ဆိုကရေးတီး ကိုယ်တိုင် လုပ်ခဲ့ဖူးလေသည်။ လူတို့၏ အယူအဆများကို သူ့လက်ထက်တွင် အတိအလင်း ပြောင်းပစ်ခဲ့ဖူး၏။ သူ အနိစ္စ ရောက်ပြီးသည်မှာ နှစ်ပေါင်း ၂,၃၀၀ မျှ ကြာရှိပြီ ဖြစ်သော်လည်း ဤမျှ အငြင်းအခုံ ထူထပ်ပေါများသော ကမ္ဘာကြီးထဲတွင် တစ်ဖက်သားကို ကိုယ့်ဘက်သို့ပါအောင် အဆွဲအကောင်းဆုံး ပုဂ္ဂိုလ်တစ်ဦးဟူ၍ တစ်ကမ္ဘာလုံးက သူ့ကို အရိုအသေပြုကြရလေသည်။

သူ၏ နည်းကား အဘယ်နည်း။ တစ်ဖက်သားကို မှားသည်ဟု သူ စွပ်စွဲသလား။ မစွပ်စွဲခဲ့ပေ။ ဆိုကရေးတီးသည် ဤအလုပ်မျိုးကို မလုပ်။ ယခုအခါတွင် 'ဆိုကရေးတီး၏ နည်း' ဟု အမည်တွင်လျက်ရှိသော သူ့နည်း တစ်ခုလုံးသည် တစ်ဖက်သားကို အင်းလိုက်အောင် လုပ်နည်းအပေါ်တွင် အမှီပြုထားလေသည်။ တစ်ဖက်သားထံမှ ဝန်ခံချက်နှင့် 'အင်း' တွေ တစ်ပုံကြီး ရသည့်တိုင်အောင် သူသည် ကြိုးစား၏။ မိနစ်အနည်းငယ်ခန့်က အငြင်းအထန် ငြင်းဆန်မည့် အချက်တစ်ခုကို တဖြည်းဖြည်း သဘောတူမှန်းမသိ တူလာအောင် မေးခွန်းများကို တစ်ခုပြီး တစ်ခု မေး၏။

နောက်တစ်ကြိမ်တွင်အကယ်၍ တစ်ဖက်သားကို မှားသည်ဟု ပြောင်ဖွင့်ချချင်သော ဆန္ဒများ ပြင်းထန် လာခဲ့ပါလျှင် ဖိနပ် မပါသော ပညာရှိ ဆိုကရေးတီးကို ပြေး၍ သတိရကြပြီးလျှင် တစ်ဖက်သားအား 'အင်း' လိုက်စေချင်သော မေးခွန်းကလေးကို ချိုသာစွာ မေးမြန်းပါလေ။

'ဖြည်းဖြည်းနှင်သောသူသည် ခရီးဝေးကို ပို၍သွားနိုင်၏' ဟု တရုတ်တို့၏ စကားပုံတစ်ခု ရှိလေသည်။ ထိုစကားပုံသည် အလွန်အဖိုးတန်လေစွ။

ဤတရုတ်လူမျိုးတို့သည် လူတို့၏ သဘောတရားကို နှစ်ပေါင်း ငါးထောင်ပတ်လုံး လေ့လာဆည်းပူးခဲ့သူများ ဖြစ်ကြ၏။ ဤမျှ အဖိုးတန်သော စကားပုံတစ်ခု ရရှိခဲ့လေသည်။

'ဖြည်းဖြည်းနှင်သောသူသည် ခရီးဝေးကို ပို၍ သွားနိုင်၏' သော် အဖိုးတန်လေစွ။

**အကယ်၍ တစ်ဖက်သားကို သင့်ဘက်သို့ပါအောင် ဆွဲလိုပါလျှင် ဥပဒေသ အမှတ် ၅ သည်**

**တစ်ဖက်သား အလျင်အမြန် 'အင်း' လိုက်အောင် ကြိုးစားပါ။**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၆

## ဆုပ္ပြောဆိုခြင်းကို စိတ်အရှရဆုံး ကာကွယ်နည်း

များစွာသောလူတို့သည် တစ်ဖက်သားကို ကိုယ့်ဘက်သို့ ပါအောင် ဆွဲရာ၌ စကားကို ဖောင်လောက်အောင် ပြောတတ်ကြလေသည်။ အထူးသဖြင့် ဈေးရောင်းသူများသည် အလွန်အရေးကြီးသော ဤအမှားကို ထပ်တလဲလဲ မှားတတ်ကြလေသည်။

တစ်ဖက်သားကို ဝအောင် ပြောပါစေ။ သူ့အကြောင်းကို သူသည် သင့်ထက်ပို၍ သိပါသည်။ ထို့ကြောင့် သူ့ကို မေးခွန်းများကိုသာ မေးပါ။ ထို မေးခွန်းကို သူ ဖြေပါစေ။

သူ၏ အဖြေသည် သင်၏ စိတ်သဘောနှင့် မတိုက်ဆိုင်သောအခါ သင်သည် ကြားဝင်ဖြတ်ရန် လျှာယားနေလိမ့်မည်။ သို့ရာတွင် မဖြတ်လိုက်ပါနှင့်။ ဤကဲ့သို့ကြားဝင်ဖြတ်ခြင်း၌ အလွန် အန္တရာယ် များလေသည်။ သူ အလွန် ထုတ်ဖော်ပြောချင်သော အကြံအစည်များသည် သူ၏ ခေါင်းထဲ၌ ရှိနေစဉ် သင်၏ စကားများကို ဂရုစိုက်နိုင်လိမ့်မည်မဟုတ်။ ထို့ကြောင့် သူ ပြောသမျှ စကားအပေါ်တွင် ဘယ်လိုမျှ သဘောမထားဘဲ ဆိတ်ငြိမ်စွာ နားထောင်ပါ။ သူ့ခေါင်းထဲတွင်ရှိသော အကြံအစည်များကို အားရအောင် ပြောရန် အားပေးပါ။ ဤသို့ အားပေးခြင်းသည် မည်သည့် အကြောင်းကြောင့်မျှ မဟုတ်ဘဲ သူ ပြောချင်သည့် စကားကို ဝအောင် ပြောစေချင်သော စေတနာ ရိုးရိုးကြောင့်ပင် ဖြစ်ပါစေ။

အလုပ် လုပ်ရာ၌ ဤနည်းသည် အကျိုး ရှိ မရှိကို ကြည့်ကြဦးစို့။ အောက်ပါ အတ္ထုပ္ပတ္တိသည် မလွှဲမကင်းသောအကြောင်းတစ်ခုကြောင့် အထက်ပါ နည်းကို မသုံးဘဲ မနေနိုင်သဖြင့် အသုံးပြုလိုက်ရသော လူတစ်ယောက်၏ အတ္ထုပ္ပတ္တိပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်း အနည်းငယ်ခန့်က အမေရိကန်ပြည်၏ အကြီးဆုံးသော မော်တော်ကား ကုမ္ပဏီတစ်ခုသည် မော်တော်ကားများ၌ အသုံးပြုရန်အတွက် အဝတ်စများရောင်းသော ကုမ္ပဏီများနှင့် စကားကမ်းလှမ်းလျက်ရှိလေသည်။ အထည်ရောင်းသော ကုမ္ပဏီကြီးသုံးခုမှ နမူနာစများကို အဆိုပါ မော်တော်ကား ကုမ္ပဏီသို့ ပို့လိုက်ရာ ဆိုင်ရာ အရာရှိများက စမ်းသပ် ကြည့်ရှုပြီးလျှင် ချိန်းဆိုသောနေ့တစ်နေ့တွင် မော်တော်ကား ကုမ္ပဏီမှ ကန်ထရိုက်[၁]ကို ရရန် အတွက် မိမိတို့၏ ကိုယ်စားလှယ် အသီးသီးကို စေလွှတ်၍ မိမိတို့၏ ကုန် အတွက် နောက်ဆုံး လျှောက်လဲရန် အကြောင်းကြားလိုက်လေသည်။

ဂျီဗီအာ[၂] ဆိုသူ အထည်ကိုယ်စားလှယ်တစ်ဦးသည် မော်တော်ကား ကုမ္ပဏီရှိရာမြို့သို့ မရောက်မီ လမ်းကတည်းက လည်ချောင်းရောဂါ အပြင်း အထန် စွဲကပ်လျက်ရှိ၏။ သူကိုယ်တိုင် ပြန်ပြောသည့်အကြောင်းကို အောက်တွင် ဖတ်ပါလေ။

ကျွန်ုပ်ပြောရန် အလှည့်သို့ရောက်သောအခါ ကျွန်ုပ်၌ အသံမရှိတော့ချေ။ စကားတိုးတိုးပြောရန်ပင် မစွမ်းနိုင်ပါ၊ ကျွန်ုပ်သည် အခန်းထဲသို့ဝင်သွားသော အခါ အထည်ဘက်ဆိုင်ရာ လူကြီး၊ အဝတ် ဝယ်သော တာဝန်ခံ အရာရှိ၊ အရောင်းဘက်ဆိုင်ရာ ဒါရိုက်တာလူကြီး၊ ကုမ္ပဏီ၏ ဥက္ကဋ္ဌတို့နှင့် ရင်ဆိုင် တွေ့လျက်ရှိလေသည်၊ ကျွန်ုပ်လည်း တတ်နိုင်သရွေ့ဖျစ်ညှစ်ပြီး စကားပြောရန် ကြိုးစားပါသော်လည်း ကြွက်သံလို အသံထွက်ရုံမျှတစ်ပါး မတတ်နိုင်တော့ချေ။

သူတို့သည် စားပွဲခုံတစ်ခုတွင်ဝိုင်း၍ ထိုင်နေကြသည်ဖြစ်ရာ ကျွန်ုပ် သည် အောက်ပါစကားတို့ကို စက္ကူတစ်ရွက်ပေါ်တွင်ချ၍ ရေး၏၊ 'လူကြီး မင်းများ ခင်ဗျာ၊ ကျွန်တော့်မှာ အသံ ဝင်နေသောကြောင့် ကျွန်တော်သည် စကား မပြောနိုင်ပါ'

ထိုအခါ 'ကိုင်း ဒါဖြင့် မောင်ရင်၊ မောင်ရင့်အစား ကျုပ်ကပဲ ပြောရ တော့တာပေါ့'ဟု ဥက္ကဋ္ဌကြီးက ကျွန်ုပ်အားပြော၏၊ ထို့နောက် ဥက္ကဋ္ဌသည် ကျွန်ုပ်၏ နမူနာစများကို တစ်ခုပြီးတစ်ခု ထုတ်၍ပြပြီးလျှင် သူတို့ကောင်းကြောင်း ကို ချီးကျူး၏။ ကျွန်ုပ်၏ အဝတ်စများနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေး

---

၁။ Contract

၂။ G. B. R.

www.burmeseclassic.com

www.burmeseclassic.com



ကြရာ ဥက္ကဋ္ဌကြီးမှာ ကျွန်ုပ်၏ကိုယ်စား ပြောရသည်ဖြစ်သောကြောင့် ကောင်းကြောင်းကိုသာ ခုခံ၍ ပြော၏။ ကျွန်ုပ်မှာမူကား ပြုံးရုံ ခေါင်းညိတ်ရုံနှင့် လက်ဟန်ခြေဟန် ပြရုံမှတစ်ပါး ဆွေးနွေးပွဲတွင် မည်သို့မျှ ဝင်၍ မနွဲနိုင်ခဲ့ချေ။

ဤထူးခြားသော ဆွေးနွေးပွဲပြီးသောအခါ အဝတ်ကိုက် ငါးသိန်းကျော်ရှိသော ကန်ထရိုက်ကို ကျွန်တော်ပင် ရရှိခဲ့၏။ ကန်ထရိုက်၏ တန်ဖိုးမှာ စုစုပေါင်း ဒေါ်လာပေါင်း ၁ သန်းနှင့် ၆ သိန်းဖိုးမျှ ရှိလေသည်။ ကျွန်ုပ်၏ တစ်သက်တာတွင် ဤမျှကြီးမားသော ကန်ထရိုက်ကို မရခဲ့ဖူးချေ။

အကယ်၍သာ ကျွန်တော် အသံမဝင်ခဲ့ပါလျှင် ဘယ်နည်းနှင့်မျှ ဤကန်ထရိုက်ကို ကျွန်ုပ်မရနိုင်ဟု ကျွန်ုပ်သည် ကောင်းစွာသိရှိ၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်ထင်နေတာက တစ်မျိုး၊ ဟိုရောက်သွားသောအခါ တွေ့ရတာက တစ်မျိုးဖြစ်နေသောကြောင့်ပင်တည်း။ ထို့ကြောင့် တစ်ခါ တစ်ရံ တစ်ဖက်သားကို အပြောခိုင်းခြင်းဖြင့် မည်မျှ အကျိုးရှိသည်ကို ကျွန်ုပ်သည် မမျှော်လင့်ဘဲနှင့် တွေ့ရှိရလေသည်။

'ဖီလဒယ်လဖီးယား လျှပ်စစ်ကုမ္ပဏီ'[၁]မှ ဂျိုးဆက် အက်စဝက်[၂]ဆိုသူလည်း ဤနည်းကို တွေ့ခဲ့ဖူးလေသည်။ မစ္စတာဝက်သည် ဒတ်ချ်[၃]လူမျိုး လယ်သမားများနေထိုင်သော ခရိုင်ရှိ ဆိုင်ခွဲများကို လှည့်လည် စစ်ဆေးရန်အတွက် ရောက်ရှိလာလေသည်။ အလွန်သားနားသော လယ်သမားတစ်ဦး၏ အိမ်တစ်လုံးကို ဖြတ်လျှောက်လာပြီးနောက် 'ဒီအရပ်ကလူတွေဟာ ဘာဖြစ်လို့ လျှပ်စစ်ဓာတ်ကို အသုံးမပြုကြသလဲ'ဟု ထိုခရိုင်တာဝန်ခံ ကိုယ်စားလှယ်ကို မစ္စတာဝက်က မေးမြန်း၏။

'ဟာ ဒီငနဲ တွေဟာ ကပ်စေးနှဲ ကော်တရာတွေပဲ၊ သူတို့ကို ဘာမျှရောင်းလို့ မရဘူး၊ ပြီးတော့လဲ ကျွန်တော်တို့ ကုမ္ပဏီကို သူတို့ စိတ်နာနေကြတယ်၊ ကျွန်တော်လဲ စမ်းကြည့်ဖူးပါပြီ၊ နေရာမကျတာနဲ့ လက်လျှော့ထားလိုက်ရတယ်'ဟု ခရိုင်ကိုယ်စားလှယ်က ရှုံ့မဲ့၍ ပြန်ပြော၏။

ထိုသူပြောသမျှ စကားလည်း မှန်ပေလိမ့်မည်။ သို့ရာတွင် စမ်းကြည့်ချင်သေးသောကြောင့် မစ္စတာဝက်သည် ထိုလယ်သမား၏ အိမ်တံခါးကို ခေါက်၏။

၁။ The Philadephia Electric Company ၃။ The Dutch

၂။ Joseph S. Qebb

www.burmeseclassic.com

www.burmeseclassic.com



တံခါးပွင့်လာပြီးလျှင် မစ္စက် ဒြပ်ကင်ဘရော့[1]ဆိုသူ အိမ်ရှင်မသည် တံခါးပေါက်မှ ထွက်ကြည့်လေသည်။

ကျွန်ုပ်တို့၏ ခရိုင် ကိုယ်စားလှယ်ကို မြင်သည်နှင့် တစ်ပြိုင်နက် အိမ်ရှင်မသည် တံခါးကို အတင်းဆောင့်ပိတ်လိုက်၏။ ကျွန်ုပ်သည် တံခါးကို နောက်တစ်ကြိမ် ထပ်၍ ခေါက်ရာ ထိုအိမ်ရှင်မသည် တံခါးကို ဖွင့်ပြီးလျှင် ကျွန်ုပ်တို့နှင့်တကွ ကုမ္ပဏီကိုပါ ရန်တွေ့တော့သည်။

'မစ္စက် ဒြပ်ကင်ဗရော့၊ ဒီလို အနှောင့်အယှက်ပေးရလို့ ကျွန်တော် ဝမ်းနည်းပါတယ်၊ ခုလာတာကတော့ လျှပ်စစ်ခါတ် ရောင်းဖို့ မဟုတ်ပါဘူး၊ ခင်ဗျားဆီက ကြက်ဥတွေကို ဝယ်ချင်လို့ပါ'ဟု ကျွန်ုပ်က ပြန်ပြော၏။

ထိုအခါမှ တံခါးကို ရှေးကထက် ခပ်ကျယ်ကျယ်ဖွင့်ပြီးလျှင် အိမ်ရှင်မသည် ကျွန်ုပ်တို့အား မယုံသင်္ကာရှိသော မျက်နှာထားနှင့် အကဲခတ်လျက်ရှိ၏။

'ခင်ဗျားရဲ့ အင်မတန်လှတဲ့ ဒေါ်မိနစ်[2] ကြက်မျိုးကို မြင်ရတာနဲ့ ကြက်ဥ တစ်ဒါဇင်[3] လောက် ဝယ်ချင်တဲ့စိတ်တွေ ပေါ်လာပါတယ်'

တံခါးသည် အနည်းငယ်ပို၍ ကျယ်စပြုလာလေပြီ။

'ကျွန်မရဲ့ ကြက်တွေဟာ ဒေါ်မိနစ် အမျိုးလို့ ရှင် ဘယ့်နှယ်လုပ် သိပါသလဲ'

'ကျွန်တော်ကိုယ်တိုင် ကြက်မွေးဖူးတာပဲ၊ အမှန်ပြောရရင် ဒီကြက်တွေထက်လှတဲ့ ဒေါ်မိနစ်အမျိုးကို ကျွန်တော် တစ်ခါမျှ မတွေ့ဖူးသေးဘူး'

'ဒါဖြင့် ရှင့်ကြက်ဥတွေကို ရှင်ဘာဖြစ်လို့ မသုံးသလဲ'

'ဟာ ကျွန်တော့် လိတ်ဟွန်း[4] ကြက်တွေက အဖြူ ဥတွေကိုသာ ဥတယ်၊ မစ္စက်ဒြပ်ဗင်ဗရော့လဲ အချက်အပြုတ်ဘက်မှာ နားအလည်သားပဲ၊ ကိတ်မုန့်လုပ်တဲ့ နေရာမှာ အဖြူဥတွေနဲ့ အညိုဥတွေဟာ ဘယ်မှာယှဉ်လို့ ရမလဲ၊ နောက်ပြီးတော့ ကျွန်တော့် မိန်းမကလဲ ကိတ်မုန့် လုပ်တဲ့နေရာမှာ အတော်ဂုဏ်ယူပါတယ်'

ထိုအချိန်တွင် အိမ်ရှင်မသည် စိတ်အတော်ချလောက်ပြီဖြစ်၍ တံခါးဖွင့်ပြီးလျှင် ကျွန်ုပ်တို့ရှိရာသို့ ရွှင်ရွှင်ပျပျနှင့် ထွက်လာ၏။ ထိုအတောအတွင်း

---

၁။ Mrs. Druckenbrod

၂။ Dominicks

၃။ Dozen

၄။ Leghorns

www.burmeseclassic.com

www.burmeseclassic.com



ဟိုဟိုဒီဒီကိုကြည့်လိုက်ရာ ကြက်ခြံနှင့်တကွ အလွန်သပ်ရပ်ပုံပေါ်သော နွားခြံ တစ်ခုကိုလည်း တွဲထားသည်ကို တွေ့ရ၏။

'မစ္စက် ဒြပ်ကင်ဗရော့၊ အမှန်ပြောရရင် ခင်ဗျားယောကျ်ားလုပ်နေတဲ့ နွားခြံထက် ခင်ဗျားရဲ့ ကြက်တွေက ပိုပြီး ပိုက်ဆံရလိမ့်မယ်လို့ ကျွန်တော် လောင်းရဲတယ်ဗျာ'

အိမ်ရှင်မသည် အကြိုက်ကို တွေ့လေပြီ။ အမှန်စင်စစ် ကြက်တွေက နွားတွေထက် ပိုက်ဆံပို၍ ရ၏။ ထိုအကြောင်းကို ဂုဏ်ဖော်ချင်သည်မှာ ကြာလှလေပြီ။ သူ့ယောကျ်ား လူပြိန်းကြီးကမူကား ထိုအကြောင်းကို ဘယ်အခါမှ ပန်မခံချေ။

အိမ်ရှင်မသည် သူ့ကြက်ခြံကို သူနှင့် လိုက်ကြည့်ရန် ကျွန်ုပ်တို့ကို ခေါ်သွား၏။ သူ့လက်ရာ ခြေရာကလေးများကို မြင်သောအခါ ကျွန်ုပ်သည် စိတ်ပါလက်ပါ ချီးကျူးတော့သည်။ ကြက်များကို ကျွေးရန် မည်သည့်အစာ တော်သည်၊ မည်သည့် အပူအအေးသည် ကြက်များနှင့် တော်သည် အစရှိသော အကြောင်းများကို ကျွန်ုပ်က ပြော၍ သူ့ထံမှလည်း အချို့ အချက်အလက်များ၌ အကြံဉာဏ်တောင်းယူ၏။ များမကြာမီ တစ်ဦး သိသည့် အရာကို တစ်ဦးက ပြောရင်း ကျွန်ုပ်တို့သည် စကားလက်ဆုံကျနေလေပြီ။

များမကြာမီ သူကပင်စတင်၍ သူ၏ အိမ်နီးနားချင်းများက သူတို့၏ ကြက်ခြံများထဲတွင် လျှပ်စစ်ဓာတ်မီးများ ထွန်းပေးသောကြောင့် ကြက်ဥပို၍ အုသည်ဟု ပြောဆိုသံ ကြားရပုံတို့ကို ကျွန်ုပ်အား ပြောပြ၏။ ထို့နောက် ဤကဲ့သို့ လျှပ်စစ်ဓာတ်မီးများ ထွန်းခြင်းဖြင့် သူတို့ပြောတိုင်း ဟုတ်မဟုတ်ကို ကျွန်ုပ် သိသမျှ ပြောကြားရန် ကျွန်ုပ်ထံမှ အကြံဉာဏ်တောင်းလေသည်။

တနင်္ဂနွေ နှစ်ပတ်မျှ ကြာသောအခါ လျှပ်စစ်ဓာတ်မီးရောင်များအောက် တွင် မစ္စက် ဒြပ်ကင်ဗရော့၏ ကြက်မတို့သည် မြူးလျက်ရှိကြ၏။ ကျွန်ုပ်မှာ ကုန်ရောင်း၍ မစ္စက်ဒြပ်ကင်ဗရော့မှာလည်း ကြက်ဥများ ပို၍ရလေသည်။ နှစ်ဦးနှစ်ဖက်စလုံး ကျေနပ်၍ နှစ်ဦးနှစ်ဖက်စလုံး အကျိုးရှိကြ၏။

အကယ်၍သာ ကျွန်ုပ်သည် မစ္စက်ဒြပ်ကင်ဗရော့ကို ရှေးဦးစွာ စကား ဝအောင် မပြောစေလျှင် ထိုအိမ်ရှင်မအား ဘယ်နည်းနှင့်မျှ ကျွန်ုပ်၏ လျှပ်စစ်ဓာတ်များကို ရောင်းရမည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့သော လူမျိုးကို ဘယ်အခါမျှ ရောင်း၍ မရ။ သူတို့ ဝယ်ချင်လာအောင်လုပ်မှ ဝယ်မည်ဖြစ်၏။

များမကြာမီက နယူးယောက် ဟာရယ် ထရီဗျွန်း[၁] သတင်းစာများ၏ ငွေရေးကြေးရေး ကော်လံတွင်[၂] အလုပ်ရည်ဝသောသူတစ်ယောက်ကို အလိုရှိကြောင်း ကြော်ငြာကြီးတစ်စောင်ပါလာ၏။ ချား တီ ကျူဗစ်လစ်[၃] ဆိုသူသည် ထိုကြော်ငြာအရ လျှောက်လွှာတစ်စောင်ကို ပို့၏။ ရက်အနည်းငယ်ကြာသောအခါ အရွေးခံရန်အတွက် လူကိုယ်တိုင်လာရောက်ရန် အကြောင်းကြားစာတစ်စောင်ကို ရရှိလေသည်။ အရွေးခံရန်အတွက်မသွားရောက်မီ သူသွားတွေ့ရမည့် သူဌေး၏ အကြောင်းကို တတ်နိုင်သမျှ သိရှိရအောင် စုံစမ်း၏။ ထိုသူဌေးကြီးနှင့် တွေ့ဆုံသောအခါ မစ္စတာကျူဗယ်လစ်ကစ၍ 'ဦးမင်းတို့လို လုပ်ရည်ကိုင်ရည်နဲ့ ပြည့်စုံတဲ့ ကုမ္ပဏီမျိုးနဲ့ဆက်သွယ်ရမယ်ဆိုရင် ကျွန်တော်တို့မှာ အင်မတန် ဂုဏ်ရှိမှာပါပဲ၊ ဦးရဲ့ ကုမ္ပဏီကို စကာစ ၂၈ နှစ်လောက်တုန်းက ဦးတို့မှာ စာရေးခန်းတစ်ခုနဲ့ လက်ရေးတို စာရေးတစ်ယောက်ကနေပြီး စရတယ်လို့ ကျွန်တော် ကြားဖူးပါတယ်၊ ဟုတ်ပါရဲ့လား ခင်ဗျာ'

အလုပ်အကိုင်အပေါက်အလမ်းတည့်နေသော လူတိုင်းလိုလိုပင် အလုပ်လုပ်စက မည်ကဲ့သို့ လုံးပမ်းခဲ့ရသည်ကို ပြန်ပြောချင်သော ဆန္ဒရှိကြပေသည်။ ဤ သူဌေးကြီးသည်လည်း လူတိုင်းထဲကပင် ဖြစ်လေသည်။ ထို့ကြောင့် သူဌေးကြီးသည် ဒေါ်လာငွေ ၄၅၀ တည်းနှင့် မည်ကဲ့သို့ လုံးပမ်းခဲ့ရပုံကို အချိန်အတော်ကြာစွာ လျှောက်၍ ပြော၏။ စိတ်ပျက်ခြင်း၊ တစ်ဖက်သားတို့၏ လှောင်ပြောင်ကဲ့ရဲ့ခြင်းတို့ကို မည်ကဲ့သို့ ခုခံဖြိုဖျက်ခဲ့ရပုံ၊ တနင်္ဂနွေနေ့များနှင့် တကွ အခြား အလုပ်ပိတ်ရက်များတွင်လည်း တစ်နေ့လျှင် ၁၂ နာရီမှ ၁၆ နာရီအထိ အလုပ် လုပ်ခဲ့ရပုံ၊ နယူးယောက်မြို့ရှိ သူဌေးကြီးများ ကိုယ်တိုင် သူ့ထံသို့ လာရောက်ပြီးလျှင် အကြံဉာဏ်တောင်းရသည့် အခြေသို့ ရောက်အောင် မည်ကဲ့သို့ ကြိုးစားခဲ့ရပုံတို့ကိုပါ ပြောပြလေသည်။

သူ အောင်မြင်ခဲ့သည်ကို သူသည် ကောင်းစွာ ဂုဏ်ယူလျက် ရှိ၏။

---

၁။ The New Yoark Hearld Tribune

၂။ Column

၃။ Charles T. Cubellis

www.burmeseclassic.com

www.burmeseclassic.com



စင်စစ်မှာလည်း ဂုဏ်ယူထိုက်ပေ၏။ ထို့ကြောင့် သူ ဂုဏ်ယူထိုက်သော အောင်မြင်မှုကို သူသည် ကျကျနန ဂုဏ်ယူ၍ ပြောနေ၏။ နောက်ဆုံး၌ သူဌေးကြီးသည် မစ္စတာ ကျူးဗယ်လစ်ကို မေးခွန်းအနည်းငယ် မေးစမ်းပြီးလျှင် သူ၏ လက်ထောက် တစ်ယောက်ကို ခေါ်၍ 'တို့လိုချင်နေတဲ့လူဟာ ဒီလူပဲလို့ ငါထင်တယ်'ဟု ပြောလေသည်။

မစ္စတာကျူးဗယ်လစ်သည် သူဌေးကြီး၏ အကြောင်းကို ကြိုတင်စုံစမ်းထား၏။ သူဌေးကြီး၏ စိတ်ဝင်စားနေသော အရာများနှင့် သူဌေးကြီး၏ ကိစ္စများတွင် သူကိုယ်တိုင်အာရုံစူးစိုက်လျက် ရှိကြောင်းကို ပြ၏။ တစ်ဖက်သားကို စကားဝအောင်ပြောခွင့်ပေးပြီးလျှင် သူ့အပေါ်တွင် သဘောကျလာအောင် လုပ်၏။

အမှန်ပြောရလျှင် ကျွန်ုပ်တို့၏ သူငယ်ချင်းများပင်လျှင် တစ်ပါးသူ၏ အကြောင်း ပြောဆိုနေသည်ကို နားထောင်ရခြင်းထက် သူတို့အကြောင်းကို သူတို့ ပြောလိုကြပေသည်။

လာ–ရိုရှဖူကိုး[၁]ဆိုသူ ပြင်သစ်ပညာရှိကြီးကမူကား 'သင်သည် ရန်သူပေါ်များစေချင်လျှင် သင်၏သူငယ်ချင်းများထက်သာအောင် လုပ်ပါ၊ သို့ရာတွင် မိတ်ဆွေပေါ်များစေချင်လျှင် သင့်ထက် သင်၏ သူငယ်ချင်းများက သာပါစေ' ဟူ၍ ပြောဆိုဖူးလေသည်။

ဒီစကားသည် အဘယ့်ကြောင့် မှန်ရသလဲ။ အကြောင်းမူကား ကျွန်ုပ်တို့၏ သူငယ်ချင်းများသည် ကျွန်ုပ်တို့ထက်သာသောအခါ ထိုကဲ့သို့ သာခြင်းသည် သူတို့ကိုယ်ကို သူတို့ အထင်ကြီးစေလေသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် သူတို့ထက်သာသောအခါ ထိုကဲ့သို့ သာခြင်းသည် သူတို့ကိုယ်ကို သူတို့ အထင်သေးစေသည် ဖြစ်သောကြောင့် သူတို့၏ စိတ်ထဲတွင် ကျွန်ုပ်တို့အပေါ်၌ မနာလိုသော စိတ်ဓာတ်များနှင့် သဝန်ကြောင်သောစိတ်ဓာတ်များ ပေါ်ပေါက်စေလေသည်။

ဂျာမနီလူမျိုးများတွင် စကားပုံတစ်ခုရှိလေသည်။ ထိုစကားပုံကို မြန်မာလိုပြန်လျှင် အောက်ပါအတိုင်းဖြစ်၏။

[၁] La Rochefoucauld

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့၏ အပျော်ရွှင်ဆုံးသော ပျော်ခြင်းမျိုးမှာ ကျွန်ုပ်တို့ မနာလို နေသော တစ်ဦးတစ်ယောက်၏ ဒုက္ခရောက်ရပုံများကို မြင်ရသောအခါပင် ဖြစ်လေသည်။

မှန်လှပေ၏။ အချို့သောသူငယ်ချင်းတို့သည် သင်အောင်မြင်သည်ထက် သင် ဒုက္ခရောက်သည်ကို ပို၍ အားရကြလေသည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ အစွမ်းသတ္တိ လုပ်ရည်ကိုင်ရည်များကို အတို ချုပ်နိုင်သမျှ ချုပ်ကြစို့။ ကျွန်ုပ်တို့သည် သိက္ခာရှိအောင် နေကြပါစို့။ ဤသို့ ပြုလုပ်ခြင်းသည် ခရီးအတော်ရောက်၏။ အာဗင်ကော့[၁] ဆိုသူသည် ထိုနည်းမှန် ကိုပင် လုပ်ခဲ့ဖူး၏။ တစ်ခါတုန်းက မစ္စတာကော့ကို ရုံးပေါ်တွင် ရှေ့နေတစ်ဦးက 'မစ္စတာကော့၊ ခင်ဗျားဟာ အမေရိကန်ပြည်တွင် နာမည် အကျော်ကြားဆုံးသော စာရေးဆရာကြီး တစ်ဦး ဖြစ်သည်ဟု ကျွန်တော် ကြားသိ ရပါသည်၊ ဟုတ်ပါရဲ့လား'ဟု မေးလေသည်။

ထိုအမေးကို 'ကုသိုလ်ကံထောက်မလို့ ကျွန်တော်ဟာ တော်တာထက် ပိုပြီး နာမည်ကြီးနေပါတယ်'ဟု မစ္စတာကော့က ပြန်ဖြေလေသည်။

ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကို ဖော်ချင်သော စိတ်ကို နှိမ်ထားသင့်လေ သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် သိပ်ကြီးကျယ်သောလူများ မဟုတ်ကြပေ။ ကျွန်ုပ်တို့သည် တစ်နေ့ကျလျှင် သေကြလိမ့်မည်။ သေသည့်နေ့မှ အနှစ်တစ်ရာ မတိုင်မီ ကျွန်ုပ်တို့ကို မေ့ပေတော့မည်။ သက်တမ်းသည် အလွန်တိုသဖြင့် ကျွန်ုပ်တို့၏ သေးသိမ်သော အောင်မြင်ခြင်းကလေးတို့ကို တစ်ဖက်သားနားငြီးလာအောင် ဂုဏ်ဖော်နေခြင်းဖြင့် အချိန်မကုန်စေချင်။ ကျွန်ုပ်တို့က ပြောမည့်အစား တစ်ဖက်သားက ကျွန်ုပ်တို့ကို ပြောရန်ကိုသာ အားပေးကြစို့။ သေသေချာချာတွေးကြည့်ပါ။ သင့်မှာ ကြွားစရာ များများမရှိပါ။ သင့်ကို အရူးတစ်ယောက်မဖြစ်အောင် မည်သည့်အရာက တားထားသည်ကို သင်သိပါ၏လော။ သင်၏ လည်ပင်းတွင် အကြောတစ်ခုရှိ၏။ ထိုအကြော ထဲတွင် အိုင်အိုဒင်း[၂] ဆေးရည်နှင့်တူသော အရည်တစ်မျိုးရှိလေသည်။ ဆေးဆိုင် တစ်ဆိုင်တွင် တစ်ပဲလောက်ပေးလျှင် ထိုအရည်မျိုးကို ရနိုင်၏။ ထိုအရည်ကို

၁။ Irvin Cobb
၂။ Iodine

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောထဲမှ ထုတ်ပစ်လိုက်လျှင် အထုတ်ပစ်ခံရသောသူသည် လူကောင်း ပကတိမှ လူရူးအဖြစ်သို့ ရောက်သွားမည် ဖြစ်၏။ စင်စစ်မှာမူကား လူ တစ်ယောက်ကို လူရူးတစ်ယောက်မဖြစ်အောင် ထိုအရည်ကပင် တားဆီးထား သည်ဖြစ်ရာ ထိုတစ်ပဲတန်ကလေးအတွက် ကျွန်ုပ်တို့သည် အကြီးအကျယ် ကြွားဝါနေရန် မလိုပေ။

**ထို့ကြောင့် တစ်ဖက်သားကို ကျွန်ုပ်တို့ဘက်သို့ ပါအောင်ဆွဲလိုလျှင် ဥပဒေသ အမှတ် ၆ သည်**

**တစ်ဖက်သားကို သူ ပြောချင်တာ ဝအောင် ပြောပါစေ။**

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

## တစ်ဖက်သား အကူအညီ ရစေသောနည်း

သင့်ကို အကြံအစည်ပေးသောသူသည် မည်မျှပင် ကြီးကျယ်သောသူဖြစ်စေကာမူ သင်သည် သူတစ်ထူးထံမှ ရရှိသော အကြံအစည်ထက် ကိုယ့်ကိုယ်ပိုင် အကြံအစည်ကို ပို၍ ယုံကြည်သည် မဟုတ်ပါလော။ ဤစကားမှန်လျှင် သင့်အကြံအစည် အယူအဆများကို ယုံကြည်ရန် တစ်ဖက်သားအား အတင်းအကျပ် တိုက်တွန်းခြင်းသည် သင်၏ မှားယွင်းခြင်းတစ်ရပ် မဟုတ်တုံလော။ ထို့ကြောင့် အတင်းအကျပ်တိုက်တွန်းမည့်အစား အကြံပေးရုံသာပေး၍ မိမိတို့ဘက်သို့ ရောက်အောင် တစ်ဖက်သားကိုယ်တိုင် တွေးယူစေလျှင် သာ၍ မကောင်းပေဘူးလား။

အထက်ပါစကားကို သာဓကတစ်ခုဖြင့် ရှင်းပြပါအံ့။ ဖီလဒယ်ဖီးယားနယ်မှ မစ္စတာအဒေါ့ဆဲ့ဇ်[၁] ဆိုသူ ကျွန်ုပ်၏ တပည့်တစ်ယောက်သည် စိတ်အပျက်ကြီးပျက်၍ ဖရိုဖရဲဖြစ်နေသော မော်တော်ကား ရောင်းသမားတို့အား စိတ်ဓာတ်တက်ကြွလာအောင် ပြောဟောရန် အလုပ်တစ်ခုနှင့် ပက်ပင်းတွေ့လျက်ရှိ၏။ ထို့ကြောင့် မစ္စတာဆဲ့လဇ် သည် အခြားဘာစကားကိုမျှ မပြောသေးဘဲ 'ကဲ ခင်ဗျားတို့ကို ကျုပ်ဘာလုပ်ပေးစေချင်သလဲ' ဟု မော်တော်ကား ရောင်းသမားတို့အား ရှေးဦးစွာ မေး၏။ သူတို့လည်း မစ္စတာဆဲ့လဇ်ထံမှ သူတို့အလိုရှိသော အရာများကို တစ်ယောက်စီ ပြောကြ၏။ သူတို့ ပြောသောအချက်များကို မစ္စတာဆဲ့လဇ်သည် ကျောက်သင်ပုန်းကြီးပေါ်တွင် ရေးထား၏။

ထိုနောက်တစ်ဖန် 'ကဲ ကျုပ်ဆီက ခင်ဗျားတို့လိုချင်တာကို ပြောပြီးပြီ၊ ဒါတွေကို ကျွန်တော်က ပေးရရင် ခင်ဗျားတို့ဆီက ကျွန်တော် ဘာပြန်ရသင့်

---

၁။ Mr. Adolf Seltz

www.burmeseclassic.com

www.burmeseclassic.com



သည်ကို ခင်ဗျားတို့ကိုယ်တိုင်ပဲ ပြောပေတော့'ဟု ပြောလိုက်ရာ သစ္စာရှိရမည်၊ ရိုးသားရမည်၊ ရှေ့ဆောင်နိုင်ရမည်၊ အကောင်းဘက်ကိုကြည့်နိုင်ရမည်၊ အလုပ်သမားချင်း ညီညွတ်ရမည်၊ တစ်နေ့ကို ၈ နာရီကျ စိတ်ပါလက်ပါ အလုပ်လုပ်ရမည် အစရှိသည်ဖြင့် တစ်ယောက်တစ်မျိုးစီ လျှင်မြန်စွာဖြေကြသည်။ တစ်ယောက်သောသူက တစ်နေ့လျှင် ၁၄ နာရီအထိ အလုပ်လုပ်ပါမည်ဟူ၍ ကတိပေး၏။ ထိုအစည်းအဝေးပြီးဆုံးသောအခါ သူတို့သည် စိတ်အားအတော်တက်ကြွလာသောကြောင့် မော်တော်ကားများမှာ ရှေးကထက် တိုး၍ ရောင်းရသည်ဟု မစ္စတာဆဲလဇ် ကိုယ်တိုင်က ကျွန်ုပ်တို့အား ပြောပြဖူးလေသည်။ ဘာလုပ်ရမည်ဟု အခြားသူတစ်ဦးတစ်ယောက်က သြဝါဒပေးခြင်းကိုလည်းကောင်း၊ အခြားသူတစ်ဦးဦးကဝယ်ပါဟု တိုက်တွန်းသောကြောင့် ဝယ်ရခြင်းကိုလည်းကောင်း မည်သူမျှ မနှစ်သက်ကြချေ။ ကျွန်ုပ်တို့ကိုယ်တိုင် ကြိုက်သောကြောင့် ဝယ်ယူရခြင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့ကိုယ်တိုင် သဘောကျ၍ အလုပ် လုပ်ရခြင်းကိုလည်းကောင်း ကျွန်ုပ်တို့သည် ပိုမိုနှစ်ခြိုက်ကြ၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဆန္ဒများ၊ ကျွန်ုပ်တို့၏ အလိုရှိသော အရာများ၊ ကျွန်ုပ်တို့၏ စိတ်ကူးဉာဏ်များနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့ထံမှ တစ်ဖက်သားတို့လာရောက် တောင်းယူခြင်းကို ကျွန်ုပ်တို့သည် နှစ်ခြိုက်ကြ၏။

ယူဂျင် ဝက်ဆန်[၁] ဆိုသူ၏ အတ္ထုပ္ပတ္တိကို ကြည့်ကြစို့။ အထက်ပါစကားမှန်ကြောင်းကို မသိရသေးမီက သူ ရရန်ရှိသည့် ထောင်ပေါင်းများစွာသော ပွဲခတို့ကို လက်လွှတ်ခဲ့လေသည်။ ဂိုက်ထုတ်ချင်သောသူများနှင့် အထည်အလိပ်လုပ်သောသူများ အသုံးပြုရန်အတွက် အဆင်ဆန်းများကို လုပ်ပေးရသော အလုပ်ရုံသို့ သူသည် ပုံစံများကို သွင်းရ၏။ နယူးယောက်မြို့ရှိ အဝတ်အစားတွင် ဂိုက်အပေးဆုံးထဲ၌ တစ်ယောက်အပါအဝင်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးထံသို့ တနင်္ဂနွေတစ်ပတ်လျှင် တစ်ကြိမ်ကျ သုံးနှစ်တိုင်တိုင် ရောက်ခဲ့၏။ သူရောက်တိုင်း သူ့ကို မတွေ့လိုဟု ထိုသူသည် ဘယ်အခါမျှ မငြင်းဆန်ခဲ့ပေ။ သို့ရာတွင် မည်သည့်အခါမျှလည်း သူ့ထံက မဝယ်လိုက်။ သူ့ပုံစံများကို သေချာစွာ ကြည့်ရှုပြီးလျှင် 'ဝက်ဆန်၊ ကနေ့ တို့ စိတ်သဘောချင်း မတိုက်ဆိုင်သေးဘူး' ဟူ၍သာ ပြော၍ လွှတ်လိုက်၏။

---

၁။ Eugene Wesson

www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ပေါင်း ၁၅၀ လောက် အရေးနိမ့်ခဲ့ပြီးနောက် မိမိတို့၏စိတ်ဓာတ်မှာ မလန်းဆန်းတော့ပြီ ဖြစ်ကြောင်း သိရ၏။

ထို့ကြောင့် လူတို့၏ သဘောထားကို နားလည်အောင် သင်ကြားပေးသော အတန်းကို တနင်္ဂနွေတစ်ပတ်လျှင် တစ်ကြိမ်ကျ တက်ရောက်ရန်နှင့် အကြံသစ်များကို ရရှိအောင် ကြိုးစားရန် သန္နိဋ္ဌာန်ချလိုက်၏။

မကြာမြင့်မီ ထိုသူ့အပေါ်တွင် နည်းတစ်နည်းကို စမ်းရန် အကြံသစ် ပေါ်လာ၏။ တစ်ပိုင်းတစ်စသာပြီးသေးသော ပုံစံခြောက်ခုကို ကောက်ယူပြီးလျှင် အဆိုပါလူ၏ အလုပ်တိုက်သို့ သွားလေသည်။

ဝက်ဆန်။ 'တတ်နိုင်လျှင် အနည်းငယ်လောက် ကျေးဇူးပြုစေချင်ပါတယ်၊ ဒီပုံစံတွေဟာ တစ်ပိုင်းတစ်စသာ ပြီးပါသေးတယ်၊ ဘယ်လိုအပြီးသတ်လိုက်ရင်ဖြင့် ဆရာ့အကြိုက်ကျမယ်ဆိုတာကို တစ်ဆိတ်လောက် ကျေးဇူးပြုပြီး ပြောစေချင်ပါတယ်'

ဝယ်မည့်သူ။ (စကားမပြောသေးဘဲ ပုံစံများကို အတော်ကြာစွာကြည့်ပြီးနောက်) 'ဝက်ဆန်၊ မင့်ပုံစံတွေကို လေး ငါးရက်လောက် ငါနဲ့ထားခဲ့၊ နောက်တစ်ခါ ငါနဲ့ပြန်ပြီး တွေ့ဦး'

ဝက်ဆန်သည် နောက် သုံးရက်ကြာသောအခါ ထိုလူ့ထံသို့သွားရာ ထိုလူသည် သူ့ အလိုရှိသော အရာများကို ပြောပြ၏။ ထိုနောက် ထိုပုံစံများကို ပြန်ယူသွားပြီးလျှင် ထိုသူအလိုရှိသည့်အတိုင်း ပုံစံများကို ဆွဲပေးလိုက်၏။ အဲဒီအခါ ဘာဖြစ်သွားသလဲ။ ပုံစံအားလုံးကို ထိုလူသည် ဝယ်လိုက်၏။

ထိုအဖြစ်အပျက်မှာ ၉ လမျှ ကြာလေပြီ။ ထိုအခါမှစ၍ ထိုလူသည် မစ္စတာဝက်ဆန်ထံမှ မိမိစိတ်ကြိုက်အတိုင်းရေးဆွဲသော ပုံစံပေါင်းမြောက်မြားစွာကို မှာယူသည်ဖြစ်ရာ ယခုအချိန်အထိ ထိုပုံစံများမှ မစ္စတာဝက်ဆန်သည် ဒေါ်လာငွေ တစ်ထောင့်ခြောက်ရာထက်မနည်း ရပြီဖြစ်လေသည်။

မစ္စတာ ဝက်ဆန်ကိုယ်တိုင် အောက်ပါအတိုင်းကျွန်ုပ်တို့ကို ပြန်ပြောဖူးလေသည်။

ဒီလူထံမှာ ပုံစံများကို ဘာဖြစ်လို့ အစက ရောင်းမထွက်သလဲဆိုတာ ယခုမှ ကျွန်ုပ် ကောင်းစွာ သိရပါသည်။ အကြောင်းမှာ အခြား မဟုတ်ပါ။ ကျွန်ုပ် သဘောကျသည့်အရာကို သူ့အား အတင်း အဝယ် ခိုင်းခြင်းကြောင့် ဖြစ်ပါသည်။ ယခုမှာမူကား ဤနည်းနှင့် ဆန့်ကျင်ဘက်ဖြစ်သောနည်းကိုသာ အသုံးပြုပါသည်။ ရှေးဦးစွာ သူ့ထံသို့ သွား၍ သူ၏ ဆန္ဒကို ကျွန်ုပ်အား

www.burmeseclassic.com

www.burmeseclassic.com



ပြောပြရန် တိုက်တွန်းပါသည်။ ထိုသို့ပြုလုပ်သဖြင့် ထိုပုံစံများသည် သူကိုယ်တိုင် ဖန်တီးရသော ပုံစံများဖြစ်သည်ဟု သူသည် အယူ ရှိနေပါသည်။ ထို့ကြောင့် ယခုအခါ ကျွန်ုပ်က သူ့ကို အထူး ရှောင်းနေရန် မလိုတော့ပါ။ သူကိုယ်တိုင် က ဝယ်လျက်ရှိပါပြီ။

*  *  *

အမေရိကန်သမ္မတ သီအိုဒိုး ရုစဗဲ့သည် နယူးယောက်မြို့ အုပ်ချုပ်သူ ဘဝက အတော် မှတ်သားလောက်သော ကိစ္စများကို လုပ်ခဲ့ဖူး၏။ နိုင်ငံရေးတွင် အရာရောက်သောသူများ အလွန်အမင်း မနှစ်သက်သောဥပဒေများကိုပြုလုပ်ခဲ့ သော်လည်း ထိုလူများနှင့်လည်း သင့်အောင် ပေါင်းလျက် ရှိ၏။

ထိုကဲ့သို့ဖြစ်အောင် အောက်ပါအတိုင်း ပြုလုပ်ခဲ့လေသည်။

အရေးကြီးသော ရာထူးတစ်ခု လစ်လပ်လျက်ရှိသောအခါ အဆိုပါ နိုင်ငံရေးတွင် အရာရောက်သော လူကြီးများကို ဖိတ်ခေါ်ပြီးနောက် ထိုရာထူး အတွက် သူတို့ သဘောကျသောလူ တစ်ယောက်ယောက်ကို ထောက်ခံကြပါဟု တောင်းပန်၏။

ထိုနောက် ရုစဗဲ့သည် အောက်ပါအတိုင်းပြုလုပ်လေသည်။

ထိုလူကြီးများရှေးဦးစွာ ထောက်ခံသောလူသည် ဆင်းရဲနွမ်းပါးနေသဖြင့် ကြည့်ရှုထားရမည်ဖြစ်သော သူတို့ဂိုဏ်းသားတစ်ဦးပင် ဖြစ်လေသည်။ ထိုအခါ 'ဒီလူမျိုးကို ခန့်လျှင် နည်းလမ်းမကျ၍ မြို့သူမြို့သားများက ကြိုက်မှာ မဟုတ်ဘူး' ဟု ကျွန်ုပ်က ပြောလေသည်။

ထိုအခါ လူကြီးများသည် သူတို့ဂိုဏ်းသားဖြစ်သော အခြားလူတစ်ဦးကို ထောက်ခံကြပြန်သည်။ ထိုလူသည် ရာထူးတစ်ခုခု ရရန်အတွက် အမြဲကြိုးစား နေသောသူဖြစ်၍ သူ့အပေါ်တွင်အပြစ်သည်း များများပြစရာမရှိ။ ချီးမွမ်းစရာ စွမ်းရည်သတ္တိများလည်း များများ မရှိချေ။ ထိုအခါ ထိုလူသည် မြို့သူမြို့သားများ မျှော်လင့်လျက်ရှိသော အရည်အချင်းနှင့် ကောင်းစွာ မပြည့်စုံသေးသောကြောင့် ထိုသူ့ထက်သင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးကို ရှာနိုင်လျှင် ရှာပါဦးဟု ကျွန်ုပ်က ပြောပြန်သည်။

တတိယအကြိမ် သူတို့ထောက်ခံသောသူမှာ သင့်သည်ဟု ဆိုရုံသာ ရှိပေသည်။ သို့ရာတွင် ကျေနပ်စရာ မရှိသေး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထိုလူကြီးများအား ဤကဲ့သို့ ဒုက္ခခံ၍ ကူညီချင်သောကြောင့် ကျေးဇူးတင်ရှိကြောင်း၊ တတ်နိုင်ပါလျှင် အသင့်တော်ဆုံးလူကို စတုတ္ထအကြိမ် ထပ်၍ ရှာပေးပါဦးဟု တောင်းပန်လေသည်။ စတုတ္ထအကြိမ်တွင် သူတို့ ထောက်ခံသောသူမှာ ကျွန်ုပ်လက်ခံနိုင်သောသူဖြစ်လေပြီ။ ကျွန်ုပ်ကိုယ်တိုင် ရွေးရလျှင်လည်း ထိုလူမျိုးကိုပင် ရွေးချယ်မည်ဖြစ်၏။ သူတို့၏ ကူညီခြင်း အတွက် ကျေးဇူးတင်ကြောင်းကို ထိုလူကြီးများအား ပြောပြပြီးလျှင် သူတို့ ထောက်ခံသောလူကို ကျွန်ုပ်ခန့်လိုက်၏။ သို့ရာတွင် ဤလူကိုခန့်သည့်အတွက် ဂုဏ်ယူစရာ ရှိသရွေ့ကို ထိုလူကြီးများအား ယူစေ၏။ ထို့နောက် ထိုလူကို ခန့်ခြင်းသည် လူကြီးများအလိုရှိသော ကိစ္စကို ဆောင်ရွက်ချင်သောကြောင့် ခန့်ရခြင်း ဖြစ်သဖြင့် ကျွန်ုပ် အလိုရှိသော ကိစ္စများတွင်လည်း လူကြီးများက ဝိုင်းဝန်း၍ ကူညီစေချင်ကြောင်းကို ပြောပြလေသည်။

လူကြီးများသည် ရစဗဲ့ ပြောသည့်အတိုင်းကူညီ၏။ မည်ကဲ့သို့ ကူညီသနည်းဆိုသော် နိုင်ငံ့ဝန်ထမ်းများ ဥပဒေကြမ်း[၁]နှင့် မဲပေးခွန် ဥပဒေကြမ်း[၂] စသည်တို့ကိုပင် သူတို့သည် ဝိုင်း၍ ထောက်ခံကြ၏။

> ရစဗဲ့သည် တစ်ဖက်သား၏ အကြံဉာဏ်ကို ရရှိရန်အတွက် မည်မျှကြိုးစားပုံနှင့် တစ်ဖက်သား၏ အကြံဉာဏ်ကို မည်မျှ ရိုသေပုံကို ကောင်းစွာ မှတ်သားထားပါ။ အရေးကြီးသောရာထူးတစ်ခုအတွက် ခန့်ထားရန် လိုသောအခါ ခန့်ထားခြင်းခံရသောသူမှာ လူကြီးများ ရွေးချယ်သောသူ ဖြစ်သည်။ အကြံဉာဏ်မှာလည်း လူကြီးများ၏ အကြံဉာဏ်ဖြစ်သည်ဟု ထိုလူကြီးများကို အထင်ရောက်စေ၏။

* * *

စကော့လူမျိုးတစ်ဦးနှင့် သူ၏ မိန်းမကို မော်တော်ကားတစ်စင်းရောင်းရန်အတွက် လောင်းအိုင်လန်အရပ်ရှိ မော်တော်ကားရောင်းသမားတစ်ဦးသည် ဤနည်းကိုပင် အသုံးပြုခဲ့ဖူးလေသည်။ ကားရောင်းသမားသည် စကော့လူမျိုးကို ကားတစ်စီး ပြီးလျှင် တစ်စင်း ပြသလျက် ရှိပေသည်။ သို့ရာတွင် ဒီကားနဲ့ မတော်ပါဘူး၊

---

၁။ The Civil Service Bill

၂။ The Franchise Tax Bill

www.burmeseclassic.com

www.burmeseclassic.com



ဟိုကားကတော့ ညံ့နေသည်၊ ဒီဟာကျတော့ ဈေးများနေသည် အစရှိသဖြင့် အမျိုးမျိုးငြင်းလျက်ရှိလေသည်။ ပြသော မော်တော်ကားတိုင်းကိုမူကား ဈေးများသည်ဟု အမြဲပြောလေ့ရှိ၏။ များမကြာမီ ထိုကားရောင်းသမားသည် ကျွန်ုပ်၏ ထံတွင် ပေါင်းသင်းဆက်ဆံနည်းကို လာရောက်သင်ကြားပြီးလျှင် အထက်ပါ ကိစ္စနှင့် စပ်လျဉ်း၍ သူ့ကို ကူညီရန် အကူအညီတောင်းလေသည်။

ထိုအခါ ထိုလူ့ထံသို့သွား၍ မော်တော်ကားမရောင်းဘဲ ထိုလူကိုယ်တိုင်က ဝယ်ချင်လာအောင် လုပ်ရန် ကျွန်ုပ်တို့သည် သူ့ကို အကြံပေးလိုက်၏။ ထိုလူအား ဘာလုပ်ရမည်ကို ပြောမည့်အစား ထိုလူက သင့်ကို ဘာလုပ်ရမည်ဟု ပြောစေလျှင် မကောင်းပေဘူးလားဟူ၍လည်း ကျွန်ုပ်တို့က ပြောလိုက်၏။ ထို့ပြင်လည်း ကားနှင့်စပ်လျဉ်းသော အကြံမှာ ရောင်းသူ၏ အကြံမဟုတ်ဘဲ သူ့အကြံသာ ဖြစ်သည်ဟု အထင် ရောက်အောင် လုပ်ပေးရန်လည်း မှာလိုက်သေး၏။

ဤအကြံမှာ ကောင်းဟန် လက္ခဏာ ရှိ၏။ ထို့ကြောင့် အထက်ပါ မော်တော်တော်ကား ရောင်းသမားသည် ရက်အနည်းငယ် ကြာသောအခါ ကျွန်ုပ်တို့၏ နည်းကို စမ်းသပ်ကြည့်ရန် အခွင့်ကောင်း တစ်ခု ရရှိ၏။ ထိုနေ့တွင် ဖောက်သည်တစ်ဦးသည် သူ၏ ကားဟောင်းကို ပြန်သွင်းပြီးလျှင် ဆိုင်မှ ကားသစ်တစ်စီးကို ထုတ်ယူရန် ရောက်လာ၏။ ထိုကားဟောင်းကို ထိုလူသည် ကြိုက်နိုင်လိမ့်မည်ဟု အထင်ရှိသဖြင့် အားလပ်ပါလျှင် မော်တော်ကား ဆိုင်သို့ အထူးချီးမြှင့်သော အနေဖြင့် ကြွရောက်ပြီးလျှင် အကြံအနည်းငယ် ပေးပါရန် ထိုလူ့ထံသို့ မော်တော်ကား ရောင်းသမားသည် စကားပြော ကြေးနန်းဖြင့် ပြောလိုက်၏။

ထိုလူ ရောက်လာသောအခါ 'ခင်ဗျားကတော့ အဝယ်အခြမ်းမှာ အင်မတန် တော်လို့ တိုင်ပင်ရဦးမှာပဲ၊ ဒီကားကိုကြည့်စမ်းပါ၊ ကားအသစ်နဲ့ လဲတဲ့အတွက် သူ့ကို တန်ဖိုးဘယ်လောက်ထားရရင် ကောင်းမလဲလို့'

ထိုလူ၏ တစ်ကိုယ်လုံးမှာ ရွှင်မြူးလျက်ရှိလေသည်။ နောက်ဆုံး၌ သူ၏ အစွမ်းကို အသိအမှတ်ပြုကာ သူ့ထံမှ အကြံကိုပင် တောင်းယူရသည်ဟူ၍ အထင်ကြီးလျက် ရှိ၏။ ထို့ကြောင့် မော်တော်ကားကို ဂျမေကာ[၁]မှ ဖောရက်ဟီး[၂] အထိ သူကိုယ်တိုင် အစမ်းမောင်းကြည့်၏။ ပြန်လာသောအခါ

---

၁။ Jamaica ၂။ Forest Hills

www.burmeseclassic.com

www.burmeseclassic.com



'မိတ်ဆွေ၊ ခင်ဗျား ဒီကားကို သုံးရာနဲ့ရရင် ယူသာထားလိုက်၊ ပွတာပဲ' ဟု ထိုသူက ပြော၏။

'ဒီဈေးနဲ့ရရင် ခင်ဗျားကော ဝယ်မလား'ဟု မော်တော်ကားရောင်းသူက ပြန်၍မေးရာ 'သုံးရာလား၊ အစစ်ပေါ့'ဟု ပြန်ပြောပြီးလျှင် မော်တော်ကားကို ချက်ချင်း ဝယ်သွားလေသည်။

* * *

ဓာတ်မှန်[၁]လုပ်သောသူတစ်ဦးကလည်း သူ၏ ဓာတ်မှန်ကို ဘရုကလင်[၂] အရပ်ရှိ အကြီးဆုံးသော ဆေးရုံကြီးတစ်ရုံသို့ ရောင်းရန်အတွက် အထက်ပါ နည်းကိုပင် အသုံးပြုခဲ့လေသည်။ ထိုဆေးရုံကြီးထဲတွင် ဌာနအသစ်တစ်ခုကို ထပ်၍ချဲ့ပြီးလျှင် ထိုဌာနကို အမေရိကန်ပြည်ရှိ ဓာတ်မှန်ဌာနများထဲတွင် အကောင်းဆုံးဌာနတစ်ခုဖြစ်ရန် ကြိုးစားလျက်ရှိ၏။ ထိုဌာနကို ကြီးကြပ်၍ စီမံရသူမှာ ဒေါက်တာ အယ်[၃] ဖြစ်လေသည်။ ထိုဆရာဝန်၏ အလုပ်ခန်းထဲတွင် ကိုယ့်ငါးချဉ် ကိုယ်ချဉ်လျက်ရှိသော ဓာတ်မှန်ရောင်းသမားတို့သည် ခြေချင်း လိမ်လျက် ရှိလေသည်။

ဓာတ်မှန် လုပ်သောသူ တစ်ဦးမှာမူကား အခြားသူများထက် ပို၍ အရောင်း ကျင်လျှင် လေသည်။ သူသည် အခြားသူများထက် လူ့သဘောကို ပို၍ နားလည်လေသည်။ ထို့ကြောင့်အောက်ပါစာကဲ့သို့ အဓိပ္ပာယ်သက်ရောက် သော စာတစ်စောင်ကို ရေးသားလိုက်၏။

> ကျွန်တော်တို့၏ အလုပ်ရုံတွင်ဓာတ်မှန်တစ်မျိုးကို မကြာမီက စမ်းသပ် လုပ်ကိုင်၍ ပြီးစီးခဲ့ပါပြီ။ ထိုဓာတ်မှန်များ၏ ပထမ အဆိုင်းသည် ယခုပင် ရောက်ရှိလာပါသည်။ ထိုဓာတ်မှန်များသည် ပြုပြင်ရန် လိုပါ သေးသည်။ ဒီအကြောင်းကို ကျွန်တော်တို့လည်း ကောင်းစွာသိရှိသော ကြောင့် ထပ်မံပြုပြင်ချင်ပါသေးသည်။ ထို့ကြောင့် အချိန်အားလပ်ခွင့် ရရှိပါက ကျွန်တော်များထံသို့လာရောက်ပြီးလျှင် ထိုဓာတ်မှန်များကို ကိုယ်တိုင်စမ်းသပ်၍ ဆရာတို့ လူနာကုသသည့်ဘက်တွင် ပိုမိုအသုံး

၁။ X-ray
၂။ Brooklyn
၃။ Dr.I.–

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာအောင် မည်သည့်နည်းဖြင့် ထပ်မံပြုပြင်ရမည်ကို အကြံပေးစေချင်ပါသည်။ ဆရာသည် ယခုအခါတွင် များစွာ အလုပ်ရှုပ် နေမည်ကို သိပါသဖြင့် ဆရာအားလပ်သော မည်သည့်အချိန်၌မဆို အကြောင်းကြားပါလျှင် ကျွန်တော်၏ မော်တော်ကားကို ဝမ်းမြောက်စွာနှင့် လွှတ်လိုက်ပါမည် ခင်ဗျား။

ကျွန်ုပ်၏ အတန်းထဲတွင် ဒေါက်တာအယ်သည် အောက်ပါအတိုင်း ပြန်ပြောလေသည်။

အဆိုပါစာကို ရသောအခါ ကျွန်ုပ်သည် အံ့အားသင့်သွားလေသည်။ အံ့အားသင့်ရုံသာမက အတော်လည်း ဘဝင်မြင့်မိ၏။ မည်သည့် ဓာတ်မှန်လုပ်သောသူကမျှ ရှေးအခါက ကျွန်ုပ်ကို ဤသို့ မတိုင်ပင်ဖူးချေ။ ထို့ကြောင့် ဤသို့ အကြံဉာဏ် တောင်းစာကို ရသောအခါ သွေးကြီး မိလေသည်။ ထိုအချိန်အခါက ကျွန်ုပ်၌ အမြဲတမ်းအလုပ်ရှုပ်လျက်ရှိသော်လည်း ထိုဓာတ်မှန်ကို ကြည့်ရန်အတွက် ညစာစားပွဲတစ်ခုကိုပင် ဖျက်လိုက်ရလေသည်။ ထိုဓာတ်မှန်ကို နီးနီးကပ်ကပ် ကြည့်ရလေ သဘောကျလာလေလေ ဖြစ်၏။

ထိုဓာတ်မှန်ကို မည်သူကမျှ ကျွန်ုပ်ထံတွင် ရောင်းရန် မကြိုးစားချေ။ ထိုဓာတ်မှန်ကို ဆေးရုံအတွက် ဝယ်မည်ဟူသောအကြံအစည်သည် ကျွန်ုပ်၏ အကြံအစည်ပင်ဖြစ်သည်ဟု ကျွန်ုပ် အထင်ရောက်၏။ ထိုဓာတ်မှန်၏ ထူးကဲကောင်းမွန်ခြင်းကို သဘောကျပြီးသဖြင့် ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်ပင် ပြန်ရောင်းပြီးလျှင် ဆေးရုံအတွက် ဝယ်ယူလိုက်လေသည်။

* * *

ဝုဒရိုး ဝီလဆင်သည် အမေရိကန်ပြည်၏ သမ္မတဖြစ်စဉ်က ကာနယ်အက်ဒွပ် အမ်ဟောက်[၁] ဆိုသူသည် တိုင်းပြည်ရေးနှင့် ကမ္ဘာ့နိုင်ငံရေးတွင် အတော်ဩဇာလွှမ်းမိုးသူတစ်ယောက် ဖြစ်လေသည်။ ဝီလဆင်သည် အကြံဉာဏ်များအတွက် သူ၏ အစိုးရအဖွဲ့ဝင်များထက် ကာနယ် ဟောက် အပေါ်တွင် မှီခိုအားထားလေသည်။

ဤကဲ့သို့ သမ္မတတစ်ယောက်လုံးအပေါ်တွင် ဩဇာညောင်းကာ ကာနယ်ဟောက်သည် မည်သည့်နည်းကိုအသုံးပြုပါသနည်း။ ကံကောင်း ထောက်မသော

---

၁။ Colonel Edward M. House

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထိုနည်းကို ကျွန်ုပ်တို့သိရှိရလေသည်။ အဘယ့်ကြောင့် ဆိုသော် ထိုနည်းကို ကာနယ် ဟောက် ကိုယ်တိုင် အာသာ ဒီ ဟောင်ဒင် ဆမစ်[၁]ကို ပြောပြဖူး၍ ဆမစ်က ထိုအကြောင်းကို 'စနေနေ့ညနေ သတင်းစာ'[၂] ထဲတွင် ထုတ်ဖော် ရေးသားဖူးသောကြောင့်ပင် ဖြစ်လေသည်။

ကာနယ် ဟောက်က အောက်ပါအတိုင်းပြောခဲ့ဖူးလေသည်။

သမ္မတမင်းနှင့် သိကျွမ်းပြီးနောက် သူ့အား ကိစ္စတစ်ခုကို ဆောင်ရွက်စေချင်လျှင် အကောင်းဆုံးသောနည်းသည် ထိုကိစ္စကို သူ့စိတ်ထဲတွင် စိတ်ကူးမိအောင် အမှတ်တမဲ့ သူ့ရှေ့တွင် ပြောဆိုလိုက်ခြင်းပင် ဖြစ်သည်ဟု ကျွန်ုပ် သိရှိရလေသည်။ ဤအကြောင်းကို ကျွန်ုပ်သည် အမှတ်တမဲ့ တွေ့ရှိရ၏။ ကျွန်ုပ်သည် သမ္မတအိမ်တော်သို့သွား၍ အစိုးရဝါဒတစ်ခုကို ဆောင်ရွက်ရန် တိုက်တွန်း၏။ သို့ရာတွင် သမ္မတသည် ထိုဝါဒကို သဘောကျဟန် လက္ခဏာ မရှိချေ။ သို့ရာတွင် ရက်ပေါင်း အတော် ကြာသောအခါ ညစာ ထမင်းကို ဝိုင်း၍စားလျက်ရှိစဉ် ကျွန်ုပ်ပြောဖူးသော ဝါဒကို သူကိုယ်တိုင်စဉ်းစားမိသော ဝါဒကဲ့သို့ ထုတ်ဖော်ပြောဆိုသည်ကို တွေ့ရ၏။

ထိုအခါ ကာနယ်ဟောက်က 'သမ္မတကြီး၊ ဒီအတွေးဟာ ခင်ဗျားရဲ့ ကိုယ်ပိုင်အတွေး မဟုတ်ဘူး၊ ကျွန်တော့်အတွေးပဲ' ဟူ၍ ကြားဖြတ်ပြောသလား၊ မပြောဘူး။ ကာနယ်ဟောက်သည် အထူးပါးနပ်ပြီးသား ဖြစ်လေသည်။ သူသည် ပကာသနကို ဂရုစိုက်သောသူမဟုတ်။ အလုပ်ပြီးသဖြင့် အကျိုးရှိခြင်းကိုသာ အာရုံပြုသူတစ်ဦးဖြစ်၏။ ထို့ကြောင့် ဝီလဆင်အား ထိုအတွေးများသည် သူ့ကိုယ်ပိုင်အတွေးများဖြစ်သည်ဟု အထင်ရောက်အောင် ကာနယ်ဟောက်က လုပ်ပေးလျက်ရှိ၏။ ထိုမျှ မကသေး။ ထိုအတွေးအခေါ်များနှင့် စပ်လျဉ်း၍ ဝီလဆင်ကို ပရိသတ်အလယ်တွင် သူကိုယ်တိုင်ချီးကျူးခဲ့သေး၏။

မနက်ဖြန် ကျွန်ုပ်တို့နှင့်ဆက်ဆံရမည့် လူများသည် ဝုဒရိုး ဝီလဆင်ကဲ့သို့ပင် ပုထုဇဉ်များဖြစ်ကြကြောင်းကို ကျွန်ုပ်တို့ ဂရုပြုကြစို့။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကာနယ်ဟောက်၏ နည်းကိုပင် အသုံးပြုကြစို့။

---

၁။ Arthur D. Howden Smith

၂။ The Saturday Evening Post

www.burmeseclassic.com

www.burmeseclassic.com



နယူးဘရန်းစဝစ်[၁] မြို့တွင်နေသော လူတစ်ဦးသည် ကျွန်ုပ်အပေါ်တွင် ဤနည်းကို အသုံးပြုခဲ့သဖြင့် ကျွန်ုပ်၏ အကူအညီကိုရသွားဖူး၏။ ထိုအချိန်အခါက နယူးဘရန်းစဝစ်မြို့တွင် လေ့လှော်ငါးဖမ်းရန် ကျွန်ုပ်သည် စိတ်ဉ်လျက်ရှိလေသည်။ ထို့ကြောင့် ခရီးသည်များ စောင့်ရှောက်ရေးအဖွဲ့သို့ လိုအပ်သောသတင်းများကို စာရေး၍ တောင်းလိုက်၏။ ထိုအဖွဲ့သည် ကျွန်ုပ်၏ နာမည်ကို ခရီးသည်များ၏ စာရင်းတွင် ကြေညာလိုက်ဟန် လက္ခဏာရှိလေသည်။ အဘယ့်ကြောင့်ဆိုသော် စာရေးပြီး၍ များမကြာမီ စာတွေ စာအုပ်ကလေးတွေ ခရီးသည်လမ်းပြများထံမှ သက်သေခံစာတွေ တစ်ပုံကြီး ကျွန်တော့်ထံသို့ ရောက်လာ၏။ ထိုအရာများကိုမြင်ရသောအခါ ကျွန်ုပ်သည် အတော်ချောက်ချား သွားပါသည်။ များလွန်း၍ မည်သည့်နေရာတွင် တည်းခိုပြီးလျှင် မည်သူ နှင့် ဆက်သွယ်ရမည်ကို မရွေးတတ်သလောက် ရှိနေ၏။ ထိုအခါ တည်းအိမ်ပိုင်ရှင် တစ်ယောက်သည် အလွန်ပါးနပ်သောအချက်တစ်ခုကို ဆောင်ရွက်လေသည်။ နယူးယောက်မြို့ရှိ သူ့ထံတွင် တည်းခိုဖူးသော သူများ၏ တယ်လီဖုန်း အမှတ်များကို သူသည် ကျွန်ုပ်ထံသို့ ပို့ပြီးလျှင် ထိုသူများထံမှ သူ့အကြောင်းကို ကျွန်ုပ် ကိုယ်တိုင် စုံစမ်းခိုင်း၏။

သူပေးသောစာရင်းထဲတွင် ကျွန်ုပ် သိသောသူ တစ်ယောက်၏အမည် ပါလာ၏။ ထို့ကြောင့် ထိုသူ့ထံသို့ စကားပြောကြေးနန်းနှင့် ဆက်၍ မေးပြီးလျှင် တည်းခိုသောအိမ်ပိုင်ရှင်သို့ ကျွန်ုပ်ရောက်မည့်နေ့ကို သံကြိုးရိုက် လိုက်၏။

အခြားလူများသည် သူတို့၏ အကူအညီကို ကျွန်ုပ်အား ထိုး၍ပေးရန် ကြိုးစားကြ၏။ ထိုလူတစ်ယောက်တည်းကသာ သူ့အကူအညီကို ကျွန်ုပ် ကိုယ်တိုင် လက်ခံစေသောအားဖြင့် သူပင်လျှင် အနိုင်ရသွားလေသည်။

**ထို့ကြောင့် တစ်ဖက်သားကို သင့်ဖက်ပါအောင် ဆွဲချင်လျှင် ဥပဒေသ အမှတ် ၇ သည်**

**တစ်ဖက်သားအား ပေးအပ်သောအကြံသည် သူ၏ အကြံသာဖြစ်သည်ဟု အထင်ရောက်နေပါစေ။**

---

၁။ New Brunswick

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၈

## အကျိုးဖြစ်ထွန်းစေမည့် နည်းတို

တစ်ဖက်သားသည် မှားကောင်းမှားနေပေလိမ့်မည်။ သို့ရာတွင် သူ့ကိုယ်သူ မှားနေသည်ဟု ထင်မည်မဟုတ်ကြောင်း ကောင်းစွာ မှတ်ထားပါ။ ထို့ကြောင့် တစ်ဖက်သား မှားနေသောအခါ အပြစ်မတင်ပါနှင့်။ ကြိမ်းမောင်းဖို့လောက်တော့ ဘယ်လူမိုက်မဆို လုပ်နိုင်တာပဲ။ ထိုမှားနေသောသူသည် အဘယ့်ကြောင့် မှားနေသည်ကို သိအောင် ကြိုးစားပါ။ စိတ်ရှည်၍ ပညာရှိသော လူထူးလူချွန်များသာလျှင် ဤအလုပ်မျိုးကို ကြိုးစား၍ ဆောင်ရွက်တတ်ကြ၏။

တစ်ဖက်သားသည် သူကြိုက်သလို တွေးပြီးလျှင် ကြိုက်သလို လုပ်နေခြင်း၌ အကြောင်းထူး တစ်ခု ရှိရမည်။ ထိုအကြောင်းကို ရအောင် ရှာပါ။ ထိုအကြောင်းကို ရှာမတွေ့လျှင် ဘာကြောင့် သူဒီလိုလုပ်ရသည်ကို သိရုံသာမက သူ၏ အတွင်းသဘောကိုပါ သိနိုင်ကောင်း သိပေလိမ့်မည်။

စိတ်သဘောကောင်းကောင်းနှင့် သင့်ကိုယ်ကို သူ့နေရာတွင် ထား၍ ကြည့်ပါ။

သူ့နေရာမှာသာ ငါနေကြည့်ရလျှင် ငါ့စိတ်ထဲမှာ ဘယ်လိုများဖြစ်ပါ့မလဲ၊ ဘယ်လိုများ မခံချင်စိတ်တွေ ပေါ်လာပါ့မလဲ အစရှိသဖြင့် သင့်ကိုယ်ကို သင်မေးကြည့်ပြီးလျှင် သင်သည် အချိန်ကုန်ခံပြီးနောက် ဒေါသတွေဖြစ်နေရသော အဖြစ်မျိုးမှ ကင်းလွတ် ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ တစ်ဖက်သားအပေါ်တွင် စိတ်ဝင်စားလိုက်ခြင်းအားဖြင့် ထိုလူ့အပေါ်တွင် စိတ်ဆိုးစရာရှိလာသည့်တိုင်အောင် ကျွန်ုပ်တို့သည် သိပ်စိတ်မဆိုးတော့ပေ။ ထို့ပြင် ဤသို့ပြုကျင့်ခြင်းအားဖြင့် ပေါင်းသင်းဆက်ဆံရေးတွင် ပိုမိုကျွမ်းကျင်လာပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



'လူများကို အဖိုးတန်အောင်လုပ်နည်း'[၁] စာအုပ်ထဲတွင် ကင်းနက်အမ် ဂွတ်[၂] က အောက်ပါအတိုင်း ရေးသားခဲ့ဖူး၏။

သင့်ကိုယ်ရေးတွင် ဝင်စားလျက်ရှိသော အလွန်ပြင်းထန်သည့် သင်၏ စိတ်နှင့် တစ်ဖက်သားတို့၏ အရေးတွင် ဝင်စားလျက်ရှိသော အလွန်ပေါ့ဆသည့် သင်၏ စိတ်တို့ကို ယှဉ်ကြည့်နိုင်ရန် တစ်မိနစ်လောက် ရပ်နားပါ၊ ထိုသို့ ယှဉ်ကြည့်ပြီးနောက် ကမ္ဘာပေါ်ရှိ သင်မှတစ်ပါးအခြားသော သူများအားလုံးပင် ဤကဲ့သို့ စိတ်ထားများရှိကြကြောင်း ကောင်းစွာ နားလည်နိုင်ပါစေ၊ ထိုအခါမှသာလျှင် ထောင်မှူးအလုပ်မှတစ်ပါး အခြားသောအလုပ်များအတွက် အရေးကြီးဆုံးသော အချက်ကြီးကို လင်ကွန်းတို့၊ ရုစဗဲ့တို့ကဲ့သို့ သင်သည် ကောင်းစွာ သဘောပေါက်နိုင်ပေလိမ့်မည်။ ထိုစကားကို တစ်နည်းအားဖြင့် ပြောရမည် ဆိုသော် လူများနှင့် ပေါင်းသင်းဆက်ဆံရေးတွင် ထမြောက်အောင်မြင်နိုင်ရန်အတွက် တစ်ဖက်သား၏ ယူဆပုံကို သဘောပေါက်ရန် လိုလေသည်။

ကျွန်ုပ်သည် နှစ်ပေါင်းများစွာ ကျွန်ုပ်၏ အိမ်အနီးရှိ ဥယျာဉ်အတွင်းတွင် လမ်းလျှောက်ခြင်း၊ မြင်းစီးခြင်းဖြင့် အပျင်းဖြေလေ့ရှိ၏။ ရှေးဂေါလလူမျိုး ဒရူးအစ်[၃] ဘုန်းကြီးများကဲ့သို့ ကျွန်ုပ်သည် ဝက်သစ်ချပင်များကို ပူဇော်လုမတတ် မြတ်နိုးတနာ ရှိလေသည်။ ထိုကြောင့် နှစ်စဉ် နှစ်တိုင်း ထိုအပင်များနှင့် အနီးအနားရှိ ချုံများကို မီးမလောင်သင့်ဘဲ လောင်သွားသည်ကို တွေ့ရသောအခါ များစွာ စိတ်မသက်မသာ ဖြစ်ရလေသည်။ မီးလောင်ရသည်မှာ ဂရုမစိုက်သော ဆေးလိပ်သောက်သမားများကြောင့် မဟုတ်၊ ထိုသစ်ပင်များ အောက်တွင် ပျော်ပွဲစားထွက်ရင်း ချက်ပြုတ်စားသောက်ကြသော ကလေးများကြောင့်ပင် ဖြစ်လေသည်။ တစ်ခါတစ်ရံ မီးတောက်ကြီးများ အလွန်ကြီးလာသောကြောင့် မီးသတ်စက်ကိုပင် ခေါ်ယူ၍ ငြိမ်းပစ်ရလေသည်။

ထိုဥယျာဉ်၏ ထောင့်တစ်ခုတွင် ကြော်ငြာစာ တစ်စောင်ဆွဲထားလေသည်။ ဥယျာဉ်ထဲ၌ မီးမွေးသူများအား ဒဏ်ငွေသော်လည်းကောင်း

---

၁။ How to Turn People into Gold

၂။ Kenneth M. Goode

၃။ Druids

www.burmeseclassic.com

www.burmeseclassic.com



တပ်မည်၊ သို့မဟုတ် ထောင်ဒဏ်သော်လည်းကောင်း အပြစ်ပေးမည်ဟု ထိုစာတွင် ဖော်ပြထား၏။ သို့ရာတွင် အဆိုပါ ကြော်ငြာစာသည် လူမရောက်သော နေရာတွင် ကပ်ထားသဖြင့် ကလေးအချို့သာ ထိုကြော်ငြာစာကို မြင်ဖူးလေသည်။ ထိုဥယျာဉ်ကို မြင်းစီးပုလိပ် တစ်ဦးသည် စောင့်ရှောက်လျက်ရှိ၏။ သို့ရာတွင် ထိုမြင်းစီးပုလိပ်သည် သူ့ဝတ္တရားကို ကျေပွန်အောင် မထမ်းရွက်သဖြင့် နှစ်စဉ်နှစ်တိုင်း မီးလောင်လျက်ရှိလေသည်။ တစ်နေ့သ၌ဥယျာဉ်ထဲတွင် မီးလောင်လျက်ရှိရာ မြင်းစီးပုလိပ်တစ်ယောက်ထံသို့ အလျင်အမြန်သွားရောက်ပြီးလျှင် မီးသတ်စက်ရုံသို့ အကြောင်းကြားရန် ကျွန်ုပ်ကိုယ်တိုင်တောင်းပန်၏။ သို့ရာတွင် မီးလောင်နေသော နေရာနှင့် သူမဆိုင်ဟု ခပ်အေးအေး ပြန်ပြောသည်ကို ကြားခဲ့ရဖူး၏။ ထို့ကြောင့် နောက်နောင် ဥယျာဉ်ထဲသို့ မြင်းစီးသွားသော အခါ တိုင်းပြည် ပစ္စည်းကို ကာကွယ်သောသူ အဖြစ်ဖြင့် ထိုဥယျာဉ်ကို စောင့်ရှောက်၏။ ကလေးများကိုတွေ့ခါစက သူတို့ဘက်မှနေ၍ စိတ်ကူးပင် မထည့်ခဲ့မိချေ။ သစ်ပင်များ အောက်တွင် မီးတောက်မီးလျှံများကို မြင်လျှင် စိတ်မချမ်းမြေ့၍ မှန်ရာကို လုပ်ချင်လွန်းအားကြီးသောကြောင့် အမှားမှား အယွင်းယွင်း လုပ်မိလေသည်။ တစ်ခါလည်း ကလေးများ ရှိရာသို့ မြင်းကို စီးသွားပြီးလျှင် 'ဒီလို မီးမွှေးတာနဲ့ ထောင်ချ ပစ်နိုင်တယ်၊ ခပ်မြန်မြန်ငြိမ်းလိုက်'ဟူ၍ အာဏာသံနှင့်ပြောမိ၏။ 'ဒါနှင့်မှ မီးမငြိမ်း သေးလျှင် မင်း တို့ကို ဖမ်းမည်'ဟု ခြိမ်းခြောက်၏။ ဤသို့ပြုလုပ်ခြင်းဖြင့် ကလေးများ၏ နေရာတွင် ကျွန်ုပ်ကိုယ်ကိုထား၍ မကြည့်ဘဲ ကျွန်ုပ် စိတ်ထဲတွင် ရှိသမျှဟာ တွကို လျှောက်၍ လုပ်နေခြင်းမျှသာ ဖြစ်လေ သည်။

ဤသို့ လုပ်လိုက်၍ ဘာဖြစ်သလဲ။ ကလေးများသည် ကျွန်ုပ်တို့၏ စကားကို နားထောင်သည်မှာ မှန်ပါ၏။ သို့ရာတွင် ကျေကျေနပ်နပ်နှင့် နားထောင်ခြင်း မဟုတ်ပါ။ ကျွန်ုပ်ကို မျက်မုန်းကျိုးကာ မနိုင်၍ သည်းခံရသော စိတ်မျိုးဖြင့် နားထောင်ခြင်းမျှ ဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်ထွက်သွား သောအခါ သူတို့သည် မီးကိုပြန်၍ မွှေးကောင်း မွှေးပေလိမ့်မည်။ ထိုမျှမကသေး။ ဥယျာဉ်တစ်ခုလုံးကို မီးရှို့ပစ်ချင်သော စိတ်ဓာတ်များလည်း ပေါ်ကောင်း ပေါ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်လပရိစ္ဆေဒ အတော်ကြာသွားလာသောအခါ၌ ကျွန်ုပ်သည် လူ့ သဘောကို အနည်းငယ်ပို၍ သိလာ၏။ ထို့ကြောင့် မီးကိုမြင်လျှင် ရှေးအခါများကဲ့သို့ အမိန့်ပေးသော အလုပ်မျိုးကို မလုပ်တော့ဘဲ အောက်ပါစကားမျိုးကို ပြောလေ့ရှိ၏။

'ဘယ့်နှယ်လဲဟေ့၊ တော်တော်ပျော်ကြရဲ့လား။ ဘာချက်ကြမလို့လဲ။ မင်းတို့အရွယ်တုန်းက ဦးတို့လဲ အချက်အပြုတ် အင်မတန်ဝါသနာ ပါတာပေါ့၊ ခုထက်ထိ ဒီဝါသနာဟာ မပျောက်ချင်သေးဘူး၊ ဒါပေမယ့် ဒီလိုဥယျာဉ်ထဲမှာဆိုရင် မီးဟာ တော်တော်ကြောက်စရာကောင်းတယ်၊ မင်းတို့ကတော့ ကိစ္စမရှိပါဘူး၊ ဦးက အသိသားပဲ၊ မင်းတို့သွားပြီး နောက်ရောက်လာမယ့် ကလေးတွေကျတော့ မင်းတို့လောက် ဂရုစိုက်ကြမှာ မဟုတ်ဘူးကွယ့်၊ သူတို့ဒီနေရာကို ရောက်လို့ မင်းတို့ မီးမွှေးတာကိုမြင်ရင် သူတို့ မီးထပ်မွှေးလိမ့်မယ်၊ နောက်အိမ်ပြန်သွားကြတော့ မီးငြိမ်းခဲ့မှာ မဟုတ်ဘူး၊ အဲဒီတော့ မီးပွားတွေလွင့်ပြီး သစ်ရွက်ခြောက်တွေ လောင်ရောကွယ့်၊ သစ်ရွက်ခြောက်တွေကနေပြီး သစ်ပင်ကြီးတွေကို လောင်မှာပေါ့၊ တို့တစ်တွေ ဒီလိုဂရုမစိုက်ကြဘူး ဆိုရင် ဒီဥယျာဉ်ထဲမှာသစ်ပင်တွေကို ဘယ်လာတွေ့နိုင်ပါ့မလဲ၊ ဒီလို မီးမွှေးတာနဲ့ ထောင်ချနိုင်တယ်၊ သို့ပေမယ့် မင်းတို့ကလေးတွေ ပျော်ကြ ပါးကြတဲ့အထဲမှာ ဝင်ပြီး မရှုပ်ချင်ပါဘူးကွယ်၊ မင်းတို့ ပျော်ပျော်ပါးပါးနေကြတာ ဦးကြည့်ချင်တာပေါ့၊ အဲဒီတော့ ချက်ပြုတ် နေတုန်း သစ်ရွက်ခြောက်တွေကို ခပ်ဝေးဝေးနေရာမှာ ထားကွာ၊ ချက်ပြီးတော့လဲ မီးခဲတွေအပေါ် မြေကြီးမှုန့်များများနဲ့ အုပ်ပစ်ခဲ့တာပေါ့။ နောက်ကို ချက်ပြုတ် စားချင်ကြရင် ဟောဟိုတောင်ပူစာ တစ်ဖက်က သဲထဲမှာ ချက်ဖို့မကောင်းဘူးလား၊ အဲဒီနေရာမှာဆိုတော့ မီးလောင်မှာ မစိုးရိမ်ရဘူးပေါ့၊ အေး ကျေးဇူးတင်တယ်ကွာ၊ ဦး သွားလိုက်ဦးမယ်'

ဤကဲ့သို့ပြောဆိုခြင်းဖြင့် ထူးခြားချက်များကို တွေ့ရ၏။ ကလေးများကလည်း ပြောစကားကို စိတ်ပါလက်ပါ နားထောင်ချင်ကြ၏။ စိတ်ထဲတွင်လည်း အောင့်သက်သက် မဖြစ်။ မျက်မှန်းလည်း မကျိုး။ အမိန့်နားထောင်ရန် သူတို့ကို ကြိမ်းမောင်းခြင်း မလုပ်သောကြောင့် သူတို့မှာလည်း ဂုဏ်မပျက်။ ထို့ကြောင့် သူတို့ကလည်း ဝမ်းသာကြ၏။ ကျွန်ုပ်ကလည်း ထိုနည်းအတူဝမ်းသာ၏။ အဘယ်ကြောင့် ဆိုသော် သူတို့ဘက်က ကြည့်ပြီးလျှင် ကိစ္စကို ချောမောသွားအောင် စီမံပေးလိုက်နိုင်သောကြောင့်ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒင်းဒွန်ဟမ်[၁]ဆိုသူ ဟားဗတ် ကူးသန်းရောင်းဝယ်ရေးကျောင်း[၂]မှ ဆရာကြီး တစ်ဦးက အောက်ပါအတိုင်း ပြောပြဖူးလေသည်။

'ကိုယ့်ကိစ္စကိုပြောရန် ကုန်သည်ကြီး တစ်ဦးဦးနှင့် သူ၏အလုပ်ခန်းထဲတွင် ဝင်၍မတွေ့မီ အလုပ်တိုက်ရှေ့ရှိ လူသွားလမ်းပေါ်တွင် နှစ်နာရီလောက် လမ်းလျှောက်ပြီးလျှင် ကျွန်ုပ်ပြောလိုသော အချက်များနှင့် ကျွန်ုပ်ကိုယ်တိုင် ထိုလူကြီး၏ အကြောင်းကို စုံစမ်းပြီး ဖြစ်သဖြင့် ထိုလို လူစားမျိုးသည် ကျွန်ုပ်ကို ဘယ်ကဲ့သို့ ပြန်ပြောမည်ဟူသော စကားများကို ကောင်းစွာ စဉ်းစားမည် ဖြစ်၏'

ထိုစကားသည် အလွန်အရေးကြီးသဖြင့် အဓိပ္ပာယ်လေးနက်စိမ့်သောငှာ အောက်တွင် စာလုံးမည်းဖြင့်တစ်ကြိမ် ထပ်မံဖော်ပြပါဦးအံ့။

**'ကိုယ့်ကိစ္စကိုပြောရန် ကုန်သည်ကြီး တစ်ဦးဦးနှင့် သူ၏အလုပ်ခန်းထဲတွင် ဝင်၍မတွေ့မီ အလုပ်တိုက်ရှေ့ရှိ လူသွားလမ်းပေါ်တွင် နှစ်နာရီလောက် လမ်းလျှောက်ပြီးလျှင် ကျွန်ုပ်ပြောလိုသော အချက်များနှင့် ကျွန်ုပ်ကိုယ်တိုင် လူကြီး၏ အကြောင်းကို စုံစမ်းပြီး ဖြစ်သဖြင့် ထိုလို လူစားမျိုးသည် ကျွန်ုပ်ကို ဘယ်ကဲ့သို့ ပြန်ပြောမည်ဟူသော စကားများကို ကောင်းစွာ စဉ်းစားမည်ဖြစ်၏'**

ဤစာအုပ်ကိုဖတ်ပြီးနောက် သင်သည် အခြား မည်သည့်အကျိုးထူးကိုမျှ မရဘဲ တစ်ဖက်သားဘက်မှနေ၍ အရာခပ်သိမ်းကို ဝေဖန်ပိုင်းခြားချင်သော ဝါသနာတစ်ခုတည်းသာ တိုးလာသည်ဟု ဆိုကြပါစို့။

ဤတစ်ခုတည်းသော ဝါသနာပင်လျှင် သင်၏ နောင်ရေးအတွက် အလွန်အဖိုးထိုက်တန်သော လာဘ်သပ္ပကာကြီးတစ်ခု ဖြစ်ကြောင်းကို သင်သည် ထင်ရှားစွာ မြင်ရတော့အံ့။

**ထို့ကြောင့် သင်သည် တစ်ဖက်သားကို ဒေါသလည်းမဖြစ်၊ မျက်မုန်းလည်း မကျိုးစေဘဲ သင့်ဘက်သို့ပါအောင် ဆွဲချင်လျှင် ဥပဒေသ အမှတ် ၈ သည်**

**တစ်ဖက်သားဘက်မှနေ၍ အရာခပ်သိမ်းကို ဝေဖန်ပိုင်းခြားနိုင်အောင် စိတ်ကောင်း စေတနာကောင်းနှင့် ကြိုးစားပါ။**

---

၁။ Dean Donham

၂။ The Harvard Business School

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၉

## လူတိုင်းအလိုရှိသောအရာ

တစ်ဖက်သားကို အငြင်းရပ်အောင်လုပ်နိုင်သော စကားတစ်ခွန်းကို သင်မလိုချင်ဘူးလား။ ထိုစကားသံကို ကြားလျှင် တစ်ဖက်သားတွင် ဒေါသ ပြေရုံသာမက သင့်ကိုပင် ခင်မင်သောစိတ်ဓာတ်များ ပေါ်လာပေလိမ့်မည်။ ထို့နောက် သင်ပြောသမျှ စကားကိုလည်း ဂရုစိုက်၍ နားထောင်ပေလိမ့်မည်။

ကဲ လိုချင်လျှင် ဟောဒီမှာ အစမ်း ဆိုကြည့်စမ်း။ 'ခင်ဗျား ဒီလိုစိတ်ဆိုးတဲ့အတွက် ခင်ဗျားကို နည်းနည်းကလေးမျှ အပြစ် မတင်ချင်ပါဘူး၊ ကျွန်တော်သာ ခင်ဗျားဖြစ်လျှင်လည်း ဒီလိုပဲ စိတ်ထွက်မိမှာပဲ'

ဤစကားကို ကြားရသောအခါ အင်မတန်ဒေါသကြီးသည့် လူပင်လျှင် စိတ်ပြေရမည်မှာ အမှန်ပင်ဖြစ်လေသည်။ ဤစကားမျိုးကို ပြောရာ၌ မုသားမဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် သင်သည် ထိုလူဖြစ်လျှင်လည်း ထိုလူကဲ့သို့ပင် ကေန်မုချ ဒေါသထွက်မှာ အမှန်ပင်ဖြစ်လေသည်။ သာဓကတစ်ခုကို ပြပါအံ့။ လူဆိုးကြီး အယ်ကပုန်း[၁]၏ အကြောင်းကို ကြည့်ပါ။ အကယ်၍သာ အယ်ကပုန်းလို ကိုယ်လုံးကိုယ်ပေါက် စိတ်နေစိတ်ထားမျိုး သင့်၌ ရှိသည် ဆိုကြပါစို့။ နောက်ပြီး သူ့လို အတွေ့အကြုံ အပေါင်းအသင်း ပတ်ဝန်းကျင်မျိုးနှင့် တွေ့ကြုံရသည် ဆိုကြပါစို့။ ထိုအခါ သင်သည် သူ့လိုပဲ နေရုံသာမက ယခုသူရောက်နေသော နေရာသို့လည်း ရောက်နေပေလိမ့်မည်။ အကြောင်းမူကား အယ်ကပုန်းကို ယခုဘဝမျိုးသို့ရောက်အောင် လုပ်ပေးသောအရာများသည် ထိုအရာများပင် ဖြစ်ကြ၏။

---

၁။ Al Capone

www.burmeseclassic.com

www.burmeseclassic.com



သင်သည် ဆင်ပစ်မြွေ မဖြစ်ခြင်းမှာ သင်၏ အမိအဖများသည် ဆင်ပစ်မြွေ မဟုတ်သောကြောင့်ပင် ဖြစ်၏။ သင်သည် နဂါးနှင့်နွားများကို အရိုအသေပြုသော လူတစ်ယောက် မဟုတ်ခြင်းမှာ သင်ကိုယ်တိုင် ဟိန္ဒူ မိဘများ၏ ဝမ်းထဲသို့ မဝင်ခဲ့မိခြင်းကြောင့်ပင် ဖြစ်လေသည်။

သင်သည် လူကောင်းတစ်ယောက် ဖြစ်နေရသည့်အတွက် အထူးဂုဏ်ယူ စရာမလို။ ထိုနည်းတူစွာ သင့်ထံသို့လာသည့် ဘာမျှ ပြောမရအောင် စိတ်တိုလျက် ရှိသော လူကိုလည်း ဤကဲ့သို့ဖြစ်ရသည့်အတွက် အထူးကဲ့ရဲ့ ရှုတ်ချဖို့မလို။ သင့်လောက်မှ စုးစမ်းဆင်ခြင်တတ်သည့်ဉာဏ် မရှိသောသူအတွက် ဝမ်းနည်းပါ။ သနားပါ။ ကိုယ်ချင်းစာနာပါ။ လမ်းထဲတွင် အရက်မူးလာသောသူ တစ်ဦးကို မြင်လျှင် 'ဘုရားသခင်၏ ကရုဏာတော်ကြောင့်သာ မဟုတ်လျှင် ငါလဲ ဒီကောင်လို ဖြစ်မှာပဲ'ဟု ဂျွန်ဗီဂေါ[၁] ဆိုသူ ပြောလေ့ရှိသလို သင့်ကိုယ်ကိုလည်း အမြဲတမ်း ပြောပါလေ။

သင်နှင့် တွေ့ရသော လူလေးပုံ သုံးပုံတို့သည် ကိုယ်ချင်းစာခံချင်သော သူများဖြစ်ကြ၏။ သင်က ကိုယ်ချင်းစာပါလျှင် သင့်ကို သူတို့သည် ချစ်ကြ ပေလိမ့်မည်။

တစ်ခါတုန်းက 'လုံမပျိုများ'[၂] ဝတ္ထုစာအုပ်တစ်အုပ်ကို ရေးသားခဲ့ဖူးသော လူဝီဇာမေ အော်လ်ကော့[၃]၏ အတ္ထုပ္ပတ္တိကို အသံလွှင့်ဖူးလေသည်။ ဝတ္ထုရေး ဆရာသည် မက်ဆာချူးဆက်[၄] ပြည်နယ် ကွန်ကော့[၅]မြို့တွင် နေ၍ သူ၏ နာမည်ကျော် ဝတ္ထုကြီးများကို ထိုမြို့တွင် ရေးသားခဲ့ဖူးကြောင်း ကျွန်ုပ်သည် ကောင်းစွာသိလေသည်။ သို့ရာတွင် ကွန်ကော့မြို့ကို နယူးဟင့်ပရှိုင်းယား[၆] နယ်တွင် ရှိသည်ဟု အမှတ်တမဲ့ မှား၍ပြောမိ၏။ အကယ်၍ နယူး ဟင့် ပရှိုင်းယားဟူသော စကားလုံးကို တစ်ကြိမ်တည်းသာပြောမိလျှင် တော်သေး၏။ သို့ရာတွင် ထိုစကားကို နှစ်ကြိမ်တိုင်တိုင်ပြောမိ၏။ များမကြာမီ ကျွန်ုပ်၏ ခေါင်းကို ပျားများ ဝိုင်းတုပ်သလို အပြစ်တင်သောစာများနှင့် သံကြိုးစာများ တစ်ပြုံကြီးရောက်လာ၏။ များစွာသောစာတို့တွင် စာရေးသူများသည် အလွန် ဒေါသထွက်နေသည်ကို တွေ့ရ၏။ စာသုံးလေးစောင်တွင်မူကား စော်ကားထား

---

၁။ John B. Gough
၂။ Little Women
၃။ Louisa May Alcott
၄။ Massachusetts,
၅။ Concord
၆။ New Hampshire

www.burmeseclassic.com



သည်ကို တွေ့ရ၏။ ကွန်ကော့ အရပ်တွင် မွေး၍ ကြီးပြင်း လာပြီးလျှင် ယခု အခါ ဖိလဒယ်ဖီးယားတွင် နေသော မိန်းမကြီး တစ်ဦးသည် သူ့စာထဲမှ နေ၍ သူ့ဝမ်းတွင်း ရှိသမျှကို အကုန် ဖွင့်ချလိုက်၏။ အကယ်၍ ဝတ္ထုရေးဆရာ အော်လ်ကော့သည် နယူးဂီနီကျွန်းသား[၁] လူသားစား လူရိုင်း ဖြစ်သည်ဟု ကျွန်ုပ် ပြောမိချေသော် ထိုမိန်းမကြီးသည် အထက်ပါစာထက် ကြမ်းသော စာကို ရေးသားနိုင်တော့မည် မဟုတ်ပေ။ သူ့စာကို ဖတ်ပြီးသောအခါ 'ဒီမိန်းမနဲ့ငါ မညားမိတာ ဘုရားမလို့ပဲ' ဟု ရေရွတ်မိ၏။ ထို့နောက် 'ကျုပ်မှားတဲ့ အမှားက မြို့နာမည်လောက်သာ မှားတာ၊ ခင်ဗျားရဲ့ အမှားက ရိုင်းစိုင်းသော အမှားမို့ ပိုဆိုးတယ်'ဟု စ၍ ရေးပြီးမှ အင်္ကျီလက်ကို လိပ်တင်ပြီးလျှင် ခင်ဗျားကို ကျုပ် ဘာထင်တယ် ညာထင်တယ် အစရှိသောစာများကို ရေးထည့်လိုက်မည်ဟု စိတ်တွင် ပေါ်ပေါက်လာ၏။ သို့ရာတွင် ဒေါသကို အသာချုပ်တည်းထားလိုက်၏။ အဘယ့်ကြောင့်ဆိုသော် ဤကဲ့သို့ အလုပ်မျိုးကို မည်သည့်လူမိုက်မဆို လုပ်နိုင်ကြောင်းကို သတိရသောကြောင့်ပင် ဖြစ်လေသည်။

ကျွန်ုပ်သည် လူမိုက်များထက် သာချင်၏။ ထို့ကြောင့် ကျွန်ုပ်ကို ရန်စောင်နေသော မိန်းမကြီးကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်အောင် လုပ်ပေးရန် သန္နိဋ္ဌာန် ချထားလိုက်၏။ ဤလိုနည်းမျိုးကို ကျွန်ုပ် လုပ်နိုင်၏။ 'အေးကွယ် ငါသာ သူ ဖြစ်ရင် သူ့လိုပဲ စိတ်ထွက်ကောင်း ထွက်မိမှာပဲ'ဟု ကျွန်ုပ်ကိုယ်ကို ပြောရင်း သူ့နေရာတွင် ကျွန်ုပ်ကိုယ်ကို ထားကြည့်မိ၏။ နောက်တစ်ကြိမ် ကျွန်ုပ်သည် ဖိလဒယ်ဖီးယားသို့ ရောက်သွားသောအခါ သူ့ထံသို့ စကားပြောကြေးနန်း ဆက်လိုက်၏။

'မစ္စက် ဆိုး အင် ဆိုး'[၂] ဒီမှာ ဟိုတနင်္ဂနွေ လေး ငါးပတ်လောက်တုန်းက ကျွန်တော့်ဆီကို ရေးလိုက်တဲ့စာနဲ့စပ်လျဉ်းပြီး ကျေးဇူးတင်ချင်လို့ပါ'

'အခု စကား ပြောနေတာ ဘယ်သူပါလိမ့်'

'ကျွန်တော်ပါ၊ ဒေးကာနက်ဂျီလေ၊ ဟို တနင်္ဂနွေ လေး ငါးပတ်လောက်တုန်းက လူဝီဇာမေအော်လ်ကော့ အကြောင်းကို ရေဒီယို[၃] နဲ့ ပြောတာ ကြားလိုက်ရတယ် မဟုတ်လား၊ အဲဒီတုန်းက ကွန်ကော့ကို နယူးဟင့်ပရှိုင်းယား

---

၁။ New Guinea

၂။ Mrs. So and So

၃။ Radio

www.burmeseclassic.com

www.burmeseclassic.com



နယ်ထဲမှာရှိတယ်လို့ မှားပြီး ပြောမိပါတယ်၊ ဒီအမှားကို ပြောမိတဲ့အတွက် တောင်းပန်ချင်လို့ပါ၊ ဒီလိုဒုက္ခခံပြီး စာရေးလိုက်တဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်'

'ဩော် မစ္စတာ ကာနက်ဂျီလား၊ ကျွန်မ အဲဒီစာကို ရေးမိတာ ဝမ်းနည်းပါတယ်ရှင်၊ စာကိုရေးတုန်းက ဒေါသ အတော်ထွက်နေလို့ပါ၊ ခု အခွင့်ကြုံရင်း လွန်သွားတာကို တောင်းပန်ပါရစေ'

'ဟာ မဟုတ်တာ၊ ကျွန်တော်က တောင်းပန်ရမှာပဲ၊ ကျွန်တော့်အမှားမျိုးကို ကလေးကလေးတွေတောင် မှားမှာ မဟုတ်ဘူး၊ ဒါကြောင့် အဲဒီလိုပြောပြီး နောက်အပတ်မှာ ရေဒီယိုကပဲ ပြန်ပြီး တောင်းပန်လိုက်ပါတယ်၊ ဒေါ်ဒေါ့်ကို တော့ အခုဒီကနေပြီး ကိုယ်တိုင် တောင်းပန်ပါတယ်'

'ကျွန်မဟာ မက်ဆာချူးဆက်ပြည်နယ် ကွန်ကော့မြို့တွင် မွေးဖွားပါ တယ်၊ အနှစ် ၂၀၀ လောက်ကစပြီး ကျွန်မတို့ ဘိုးဘွား မိဘများဟာ မက်ဆာချူးဆက်မှာ အတော် ထင်ပေါ်ကျော်ကြားခဲ့ပါတယ်၊ ဒါကြောင့် ကျွန်မတို့နယ်အပေါ်မှာ ကျွန်မ အင်မတန် ဂုဏ်ယူပါတယ်၊ ဟိုနေ့က မစ္စက် အော်လ်ကော့ဟာ နယူးဟင့်ပရှိုင်းယားနယ်မှာ မွေးတယ်လို့ ရှင်ပြောတဲ့စကားကို ကြားရတော့ ကျွန်မ အတော် စိတ်ပျက်သွားပါတယ်၊ သို့ပေမယ့် ဒီစာကို ရေးလိုက်မိတဲ့အတွက် အင်မတန် ရှက်ပါတယ်'

'ဒေါ်ဒေါ်စိတ်ပျက်တာဟာ ကျွန်တော်စိတ်ပျက်တာရဲ့ ဆယ်ပုံတစ်ပုံ တောင် မရှိဘူးလို့ ကျွန်တော် ပြောချင်ပါတယ်၊ ကျွန်တော့်အမှားဟာ မက်ဆာ ချူးဆက်က လူတွေရဲ့စိတ်ကို မထိခိုက်သော်လည်း ကျွန်တော့် စိတ်က အများကြီးထိခိုက်ပါတယ်၊ ဒီလို ရေဒီယိုနဲ့ စကားပြောတဲ့လူတွေကို ဒေါ်ဒေါ်တို့လို လူကုံထံများက ဒုက္ခခံပြီးစာရေးခဲ့ပါတယ်။ နောက်နောင် ကျွန်တော့် စကားများတွင် အမှားပါလာရင်လဲ ယခုလိုပဲ စာရေးပြီး ပြင်ပေး လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်'

'ရှင် ဒီလို ဝန်ခံတာမျိုးကို ကျွန်မ အင်မတန် သဘောကျပါတယ်၊ ရှင်ဟာ လူကောင်းပဲ၊ ရှင်နဲ့ နောက်ထပ်ပြီး အသေအချာ တွေ့ချင်ပါသေးတယ်'

သူ့ဘက်မှ နေ၍ကြည့်ခြင်းအားဖြင့် သူကလည်း ကျွန်ုပ်ဘက်ကနေ၍ ကြည့်ခြင်းဖြစ်လေသည်။ သူ၏ ဒေါသကို မေတ္တာနှင့် ပြန်တွေ့လိုက်သည့်အတွက် ကျွန်ုပ်မှာလည်း များစွာ ကျေနပ်ခြင်း ဖြစ်မိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ တပ်ဖ်သည် အမေရိကန်သမ္မတဖြစ်စဉ်က ပေါင်းသင်းဆက်ဆံရေးနှင့် စပ်လျဉ်း၍ အခက်အခဲပေါင်း များစွာ တွေ့ခဲ့ရလေသည်။ သူ ရေးသော 'ဝန်ထမ်းကျင့်စဉ်'[၁] စာအုပ်ထဲတွင် မိမိ၏ သားအတွက် အတော် အထင်ကြီးနေသော မိခင်တစ်ဦး၏ ဒေါသကို ပြေသွားအောင် မည်ကဲ့သို့ လုပ်ရသည်ကို ရေးထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းပေသည်။

နိုင်ငံရေးတွင်ဩဇာညောင်းသော ဝါရှင်တန်မြို့က ပုဂ္ဂိုလ်ကြီးတစ်ဦး၏ မိန်းမသည် သူ၏ သားကို နေရာတကာတွင် ခန့်ထားရန် ကျွန်ုပ်ကို တနင်္ဂနွေ ခြောက်ပတ်မျှမက နားပူနားဆာ လုပ်လျက် ရှိလေသည်။ သူ့ကို ထောက်ခံမည့် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်အမတ်များလည်း တစ်ပုံကြီးရှိသဖြင့် ကျွန်ုပ်ကို သူတို့ကပါ လေးနက်စွာ ထောက်ခံပြောဆိုလျက် ရှိကြ၏။ ခန့်ထားရမည့် ရာထူးမှာ သီးသန့် အရည်အချင်းနှင့်ပြည့်စုံရမည် ဖြစ်သဖြင့် ထိုအလုပ်ကို စီမံအုပ်ချုပ်သောသူ၏ ထောက်ခံချက်အရ ကျွန်ုပ်သည် အခြားလူငယ်တစ်ဦးကို ခန့်လိုက်၏။ များမကြာမီ အဆိုပါမိန်းမထံမှ စာ တစ်စောင် ရရှိ၏။ ထိုစာထဲတွင် ကျွန်ုပ်သည် ကျေးဇူးမသိတတ်သော လူ တစ်ယောက် ဖြစ်ကြောင်း၊ ကျွန်ုပ် ကလောင်တစ်ချက်ဝင့်လိုက်ရုံနှင့် သူ့သား အလုပ်ရနိုင်သဖြင့် မိခင်ကိုပါ စိတ်ချမ်းသာအောင် လုပ်နိုင်ပါလျက် တမင် သက်သက် မလုပ်ဘဲနေကြောင်း၊ ထို့မျှမကသေး ကျွန်ုပ်ကိုယ်တိုင် စိတ်ဝင်စား နေသော အုပ်ချုပ်ရေးဥပဒေကြမ်းတစ်ရပ်ကို ဝိုင်းပြီးထောက်ခံကြရန် သူ့နယ်က အမတ်တွေကို သူကိုယ်တိုင် ကြိုးစားပြီးတိုက်တွန်းပေးရသည့် ကျေးဇူးကိုမှ မထောက်ထားဘဲ ယခုကဲ့သို့ သူ့အပေါ်မှာ စိမ်းကားကြောင်းအစရှိသည်တို့ကိုပါ သူ့စာထဲတွင် ထည့်ရေးလိုက်သေး၏။

သင်သည် ဤလိုစာမျိုးရရှိလျှင် ဤကဲ့သို့ သင့်ကိုစော်ကားသောစာကို ရေးသည့်သူအား မည်သို့မည်ပုံ ပြင်းပြင်းထန်ထန် ကလဲ့စားချေရပါမည်နည်း ဟူသော စိတ်ထားများသည် ရှေးဦးစွာ သင်၏ စိတ်ထဲတွင် ပေါ်လာပေလိမ့်မည်။ ထို့နောက် ထိုသူ့ထံသို့ ပြန်မည့် စာကို ထိုင်၍ ရေးလိမ့်မည်။ အကယ်၍ သင်သည် ဆင်ခြင်တုံတရားနှင့် ပြည့်ဝသောသူ တစ်ဦး ဖြစ်ခဲ့သော် ထိုစာကို သင်၏ စားပွဲခုံအံဆွဲထဲတွင်ထည့်၍ သော့ခတ်ထားပေလိမ့်မည်။ နောက်နှစ်ရက်မျှ ကြာသောအခါ ထိုစာကိုအံဆွဲထဲမှထုတ်၍ ပြန်ဖတ်ကြည့်လျှင် သင်သည်ထိုစာကို

---

၁။ Ethics in Service

www.burmeseclassic.com

www.burmeseclassic.com



ထည့်ချင်တော့မည် မဟုတ်ပေ။ ကျွန်ုပ်လည်း ဤနည်းအတိုင်းပင်လုပ်လေသည်။ အတော်ကြာသောအခါမှ အဆိုပါ မိခင်ထံသို့ ဤကိစ္စမျိုးတွင် မိခင်လုပ်သူ တစ်ဦးမှာ မည်မျှ စိတ်မချမ်းမသာ ဖြစ်မည်ဆိုသည်ကို ကောင်းစွာစာနာ မိကြောင်း၊ ဤကိစ္စမှာလည်း ကျွန်ုပ်တစ်ဦးတည်းသဘောနှင့် မပြီးနိုင်ကြောင်း၊ သက်ဆိုင်ရာ သီးသန့် အရည်အချင်းမျိုး လိုသည့်အတွက် ထိုဌာနကို နားလည်သည့် ကြီးကြပ် အုပ်ချုပ်သူ၏ ထောက်ခံချက်ကို လိုက်နာပြီးလျှင် အခြား လူတစ်ဦးကို ခန့်လိုက်ရခြင်း ဖြစ်ကြောင်း အစရှိသည်တို့ကို သိမ်မွေ့ ယဉ်ကျေးစွာ ရေးသားထားသော စာတစ်စောင်ကို ပို့လိုက် လေသည်။ ထို့ပြင်လည်း ထိုစာထဲတွင် သူ အလိုရှိသည့်အတိုင်း သူ၏ သားသည် အရည် အချင်းနှင့် ပြည့်စုံလာပြီးလျှင် ယခုလက်ရှိအလုပ်ကို လုပ်ရင်း ကြီးပွားလာလိမ့် မည်ဟု မျှော်လင့်ကြောင်း ထည့်ရေးလိုက်သေး၏။ ထိုစာသည် မိခင်ဖြစ်သူကို အတော်ကျေနပ်သွားစေလေသည်။ များမကြာမီ ယခင်က စာကို ရေးမိသည့် အတွက် ဝမ်းနည်းကြောင်းပြန်စာတစ်စောင်ကို သူ့ထံမှ ရရှိလေသည်။

သို့ရာတွင် ကျွန်ုပ်ခန့်လိုက်သည့်သူကို ရတ်တရက် အတည်မပြုသေးဘဲ ရှိရာ အတော်ကလေးကြာပြီးနောက် စာတစ်စောင်ထပ်မံ၍ ရပြန်လေသည်။ ထိုစာကို သူ့ယောကျ်ားရေးသည့်အနေနှင့် ရေးလိုက်ငြားလည်း ယခင်က သူ့ထံမှ ရထားသောစာများနှင့် လက်ရေးချင်း အတူတူပင် ဖြစ်လေသည်။ ထိုစာထဲတွင် ယောကျ်ားဖြစ်သူက သူ၏ မိန်းမသည် သူ့သား ရာထူးမရသည့် အတွက် စိတ်အပျက်ကြီးပျက်ပြီးလျှင် မစားနိုင်မသောက်နိုင်ဖြစ်ရာ ယခုအခါ အားပြတ်ကာ အိပ်ရာပေါ်ကပင် မထနိုင်တော့သဖြင့် ထိုမိခင် တစ်ဦး၏ အသက်ကို ချမ်းသာစေချင်လျှင် အတည်မပြုရသေးသော သူကို ပယ်ပြီးနောက် သူ့သားကိုသာ ထိုရာထူးတွင် ခန့်ထားရန် အကြောင်းများကို ရေးသားထားလေ သည်။

စာထဲတွင် ထိုစာသည် သူ့မိန်းမ မရေးနိုင်သဖြင့် သူ့ ယောကျ်ား ရေးလိုက်ရသည်ဟု ပါသောကြောင့် ကျွန်ုပ်သည် သူ့ယောကျ်ားထံသို့ စာပြန် လိုက်ရပေသည်။ ကျွန်ုပ်၏ စာထဲတွင် ဤကဲ့သို့ သူ့မိန်းမနေမကောင်းခြင်းသည် စိတ္တဇနာကြောင့် မဖြစ်ပါစေနှင့်ဟု ဆုတောင်းကြောင်း၊ သူ့မိန်းမ အပြင်းအထန် နေမကောင်းကြောင်း ကြားရသည့်အတွက် စိတ်မကောင်းပါကြောင်း သို့ရာတွင် ခန့်ပြီးသောသူကို ပယ်ပစ်ရန်မှာ မဖြစ်နိုင်တော့ကြောင်း အစရှိသည်တို့ကို ထည့်၍ ရေးလိုက် ရလေသည်။ ကျွန်ုပ်ခန့်လိုက်သောသူကို များမကြာမီ

www.burmeseclassic.com

www.burmeseclassic.com



အတည်ပြုလိုက်၏။ သူ့ယောကျ်ား ရေးလိုက်သည်ဆိုသော အဆိုပါစာကို ကျွန်တော်ရ၍ နှစ်ရက်လောက်ကြာသောအခါ အိမ်တော်တွင်အတီးအမှုတ်ပွဲ တစ်ခု ကျင်းပရာ အားပြတ်၍ အိပ်ရာထဲ၌ လဲနေရရှာသည်ဆိုသော မိန်းမနှင့် သူ၏ ယောကျ်ားလည်း ရောက်လာကြလေသည်။

အက်စ ဟူးရော့[၁] သည် အမေရိကန်ပြည်၏ နာမည်အကျော်ကြားဆုံးသော တီးဝိုင်းများကို စီမံပေးသူဖြစ်လေသည်။ အနှစ် နှစ်ဆယ်ပတ်လုံး ရှာလျာပင်[၂] အီဆာဒိုရာ ဒန်ကင်[၃]၊ ပါဗလိုဗာ[၄] စသောသဘင်သည်များကို စီမံအုပ်ချုပ်လာခဲ့သူ ဖြစ်သည်။ အလွန် စိတ်ပြောင်းလွယ်သောထိုသဘင်သည် များနှင့် ဆက်ဆံရာ၌ ရှေးဦးစွာ သူ တွေ့သော သင်ခန်းစာများမှာ သူတို့နှင့် သင့်တင့်ချင်လျှင် သူတို့၏ အလိုကို အများကြီးလိုက်၍ ပေါင်းသင်းခြင်းပင် ဖြစ်လေသည်ဟု ကျွန်ုပ်အား ပြောပြဖူးလေသည်။

အက်စ ဟူးရော့သည် ရှာလျာပင်၏ မန်နေဂျာအဖြစ်ဖြင့် သုံးနှစ်တိုင်တိုင် ဆောင်ရွက် ခဲ့ဖူး၏။ ရှာလျာပင်သည် ကလေးကလေးလို စိတ်အပြောင်း မြန်သောကြောင့် သူ့အတွက် ဟူးရော့မှာ အလုပ်ပိုတစ်ခု လုပ်နေရလေ သည်။ ဟူးရော့၏ စကားအတိုင်းပြန်၍ပြောရလျှင် 'ဒီလူဟာအစစအရာရာမှာ သောက်ကျိုးနဲ့ အပေါင်းရကျပ်တဲ့လူပဲ' ဟူ၏တည်း။

အပေါင်းရကျပ်ပုံကို သက်သေတစ်ခု ထုတ်၍ပြပါအံ့။ တစ်နေ့သ၌ နေ့လယ် ၁၂ နာရီလောက်တွင် ဟူးရော့သည် ရှာလျာပင်ထံမှ စကားပြော ကြေးနန်း ဆက်သံကြားရ၏။ ထိုနေ့ည ကိုးနာရီတွင် သီချင်းဆိုရန်အတွက် အားလုံးစီစဉ်ပြီး ဖြစ်လေသည်။

ရှာလျာပင်။ 'မိတ်ဆွေ၊ ကျွန်တော်ဒီနေ့ သိပ်ပြီးနေမကောင်းဘူးဗျာ၊ လည်ချောင်းတွေကလဲ ကွဲနေတယ်၊ ကနေ့ည သီချင်းဆိုလို့ဘယ်နည်းနှင့်မျှ မဖြစ်နိုင်တော့ဘူး'

ထိုစကားကိုကြားရသောအခါ ဟူးရော့သည် တယ်လီဖုန်းထဲမှနေ၍ ရှာလျာပင်နှင့် အငြင်းအခုံလုပ်နေသေးသလား၊ မလုပ်ပါ။ သဘင်သည်များကို ဤနည်းမျိုးဖြင့် လုပ်၍မရကြောင်း သူသည် ကောင်းစွာသိလေသည်။ ထို့ကြောင့်

---

၁။ S.Huroc
၂။ Chaliapin
၃။ Isadora Duncan
၄။ Pavlova

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းကို အသာချထားပြီးနောက် ရှာလျှာပင်တည်းခိုနေသော ဟိုတယ်သို့ အရေးတကြီး လိုက်သွား၏။ ဟိုတယ်သို့ရောက်၍ ရှာလျှာပင်နှင့် တွေ့သောအခါ

'ကျွတ် ကျွတ် ကျွတ်၊ ဖြစ်မှ ဖြစ်ရလေဗျာ။ ဒီလိုဆိုရင် ကနေ့ည ဘယ့်နှယ် ဆိုလို့ဖြစ်ပါ့မလဲ၊ ကနေ့ညပွဲကို ကျွန်တော် ဖျက်ပစ်လိုက်မယ်၊ မဆိုရလို့ငွေခြောက်ထောင်လောက်မရဘဲ ရှိတော့မပေါ့၊ မဟုတ်ဘူးလားဗျာ၊ ငွေမရတာထက် နာမည်ပျက်တာတော့ မခံနိုင်ဘူး' ဟု အလွန်ကရုဏာသက်သော မျက်နှာထားနှင့် ဟူးရော့က ပြောလေသည်။

ထိုအခါ ရှာလျှာပင်သည် သက်မကြီးချသွားပြီးလျှင် 'ညနေ ငါးနာရီလောက် တစ်ခေါက် လာကြည့်စမ်းပါဦး၊ ဒီအခါကျရင် နည်းနည်းများ သက်သာမလားလို့'ဟု ပြန်ပြောလေသည်။

ညနေ ငါးနာရီထိုးသောအခါ ဟူးရော့သည် ရှာလျှာပင်ထံသို့ အလွန်ကရုဏာသက်သော မျက်နှာထားနှင့် သွားပြန်လေသည်။ ထိုအကြိမ်တွင်လည်း 'ဘယ့်နှယ်လဲ ရှာလျှာပင်၊ ညပွဲကို ဖျက်လိုက်မယ်လေ' ဟု စုပ်တသပ်သပ်နှင့် ပြန်ပြော၏။ ရှာလျှာပင်လည်း သက်မချမြဲတိုင်း ချပြီးနောက် 'တော်တော်ကလေးကြာရင် တစ်ခေါက်လှည့်ခဲ့ပါဦး အဲဒီတော့ သက်သာကောင်း သက်သာပါလိမ့်မယ်' ပြောလေသည်။

ည ခုနစ်နာရီခွဲလောက်တွင် တစ်ကြိမ်ထပ်၍ တွေ့ကြသောအခါမှ ရှာလျှာပင်သည် သီချင်းဆိုမည်ဟု ကတိပေး၏။ သို့ရာတွင် သူသီချင်းမဆိုခင် ဟူးရော့သည် ပရိသတ်ရှေ့ထွက်ပြီးလျှင် ရှာလျှာပင်သည် ယနေ့ည အအေးမိနေသဖြင့် အသံ သိပ်မကောင်းသည့်အကြောင်း ကြော်ငြာ ပေးရမည်ဟု မှာလိုက်၏။ မစ္စတာဟူးရော့ကလည်း ကြော်ငြာ ပေးပါမည်ဟု ဝန်ခံခဲ့၏။ အဘယ်ကြောင့်ဆိုသော် ဤနည်းနှင့် လုပ်မှသာ ရှာလျှာပင်ကို ထိုနေ့ညတွင် သီချင်း ဆိုခိုင်း၍ ရတော့မည်ဖြစ်သောကြောင့်တည်း။

ဒေါက်တာ အာသာအိုင်ဂိတ်[၁]သည် သူ၏ နာမည်ကျော် 'ပညာရေးစိတ်ပညာ'[၂] စာအုပ်ထဲတွင်အောက်ပါအတိုင်း ရေးသားဖွဲ့လေသည်။

'လူတိုင်း အသနားခံချင်ကြ၏။ ကလေး ကလေးကလည်း အသနား ခံလိုသောသဘောဖြင့် သူ၏ ဒဏ်ရာ တစ်ခုခုကို ပြ၏။

၁။ Dr. Arthur I. Gates

၂။ Educational Psychology

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ဒဏ်ရာ မရှိသေးလျှင် သူ၏ ဒဏ်ရာ တစ်ခုခုကို ရအောင် လုပ်၍ပင် ပြတတ်၏။ ထိုနည်းတူစွာပင် လူကြီးများသည်လည်း မိမိတို့၏ဒဏ်ရာများကိုပြခြင်း၊ သူတို့အား ထိခိုက်မိပုံတို့ကို ပြန်လှန်ပြောပြခြင်း နေထိုင်မကောင်းသည်တို့ကို ပြောပြခြင်း၊ အထူးသဖြင့် အခွဲအစိတ်ခံရသောသူများသည် ခွဲပုံစိတ်ပုံ အလုံးစုံတို့ကို လုံးစေ့ပတ်စေ့ ပြန်၍ပြောခြင်း စသော အလုပ်များကို လုပ်တတ်ကြ လေသည်။ လူတစ်ဦးတစ်ယောက်သည် ဒုက္ခတစ်ခုခုနှင့် တွေ့ရသောအခါ ထိုဒုက္ခသည် ဒုက္ခအစစ်ဖြစ်စေ၊ သို့မဟုတ် ဒုက္ခဟူ၍ သူတစ်ဦးတည်းကသာ အတွေးရောက်နေသော ဒုက္ခဖြစ်စေ ထိုသူသည် မိမိကိုယ်ကို မိမိပြန်၍ သနားတတ်ခြင်းမှာ ဓမ္မတာပင်ဖြစ်လေသည်။

**ထို့ကြောင့် တစ်ဖက်သားကို သင့်ဘက်သို့ ပါအောင် လုပ်လိုလျှင် ဥပဒေသ အမှတ် ၉ သည်**

**တစ်ဖက်သား၏ အယူအဆ အလိုဆန္ဒတို့နှင့် စပ်လျဉ်း၍ ကိုယ်ချင်းစာတတ်ပါစေ။**

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၀

## လူတိုင်းကြိုက်သောစကား

ကျွန်ုပ်သည် မစ်ဇူရီနယ်အတွင်း ဂျက်ဆီ ဂျိမ်း[၁]နေသော အရပ်အနီး၌ မွေး၍ ထိုနေရာ၌ပင် ကြီးပြင်းလာလေသည်။ ကျွန်ုပ်သည် ဂျက်ဆီဂျိမ်း၏ လယ်တော ထဲသို့သွားရောက်လည်ပတ်ဖူး၏။ သူ၏ သားသည် ယခုထက်တိုင် ထိုအရပ်၌ ရှိသေးသည်။

အကလေးအရွယ် ထိုလယ်ထဲသို့ သွားလည်စဉ်က ဂျက်ဆီ ဂျိမ်းသည် မီးရထား ဘဏ်တိုက်များမှ တိုက်ခိုက် လုယက်လာပြီးလျှင် အနီးအနားရှိ ဆင်းရဲသားများအား သူတို့၏ ကြွေးမြီများကို ပေးဆပ်နိုင်ရန် တိုက်ခိုက်၍ ရသမျှကို ဝေငှပေးပုံတို့ကို သူ၏ မိန်းမသည် ကျွန်ုပ်အား ပြောပြဖူးလေသည်။

ဂျက်ဆီ ဂျိမ်းသည် သူ့ကိုယ်သူလူဟုတ်တစ်ယောက်ဟူ၍ ဒပ်ချ်ရှုပ်ဇ်[၂] 'သေနတ်နှစ်လက်ကိုင်' ကရိုလီ[၃]၊ အယ်ကပုန်းစသော နောက်ပေါက် လူဆိုးကြီး များလို အထင်ရောက်ကောင်း ရောက်နေလိမ့်မည်။ သင်သည် မှန်ထဲကို ကြည့်လိုက်သောအခါ ထိုမှန်ထဲတွင်သင်မြင်နေရသော လူကစ၍ ကမ္ဘာပေါ်ရှိ လူတိုင်းသည် ကိုယ့်ကိုယ်ကို အထင်ကြီးသောလူများဖြစ်ကြ၏။ ဂျက်ဆီ ဂျိမ်းသည်လည်း သူ့ကိုယ်သူ အတော်ဟုတ်တလူပြီဟူ၍ ထင်နေလေသည်။

ဂျေ ပီယားပွန့် မော်ဂန်[၄]သည် လူ့စိတ်ကို ခွဲခြမ်းစိတ်ဖြာ၍ ပြောရာ၌ လူတစ်ယောက်သည် အလုပ်တစ်ခုကို လုပ်ရာ၌ အကြောင်းနှစ်ရပ်ရှိသည်။

---

၁။ Jessie James

၂။ Dutch Schultz

၃။ 'Two -Gun' Crowley

၄။ J. Pierpont Morgan

www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်မှာ လူကြားကောင်းစေလိုသော အကြောင်းဖြစ်၍ ကျန်တစ်ရပ်မှာ အကြောင်းစစ် ဖြစ်လာလေသည်ဟူ၍ ပြောကြားဖူး၏။

ထို့ကြောင့်တစ်ဖက်သားကို ကိုယ့်ဘက်ပါစေချင်လျှင် သူ၏ မြင့်မြတ်သော စိတ်ဓာတ်ကို ထိခိုက်အောင် လုပ်ပေးပါ။

ဤသို့ပြောသဖြင့် အောင်မြင်ခဲ့ဖူးသော ကိစ္စတစ်ရပ်ကိုကြည့်ကြဦးစို့။ ပင်ဆီဗေးနီးယား[၁] ပြည်နယ်တွင် ဂလင်နိုးလဒင်း[၂] အရပ်တွင်ရှိသည့် ဖာရယ် မစ်ချယ်ကုမ္ပဏီ[၃] ၏ မန်နေဂျာဖြစ်သော ဟယ်မီလ်တန် ဂျေဖာရယ်[၄] ၏ အိမ်တစ်အိမ်တွင် ငှားနေသောသူတစ်ဦးသည် အလွန်ကြေးထူ၍ အိမ်ငှားသည့် နှစ်မစေ့မီ အိမ်မှ ပြောင်းရွှေ့သွားတော့မည်ဟူ၍ ကြိမ်းမောင်းလျက်ရှိ၏။ နှစ်စေ့ဖို့ရန် လေးလ လိုသေး၏။ အိမ်လခမှာ တစ်လလျှင် ဒေါ်လာ ၅၅ ပြားဖြစ်ရာ နှစ်မစေ့သေးဘဲနှင့် အခြားအရပ်ကိုပြောင်းသွားလျှင် ထိုအချိန်မျိုး၌ အိမ်ငှားမည့်သူ ရတ်တရက် မရနိုင်သောကြောင့် ဖာရယ်တွင် ဒေါ်လာငွေ ၂၂၀ လောက် နစ်နာသွားမည် ဖြစ်၏။

သာမန်အားဖြင့်ဆိုလျှင် ကျွန်ုပ်သည် ထိုသူ၏ အိမ်သို့သွားပြီးလျှင် 'ခင်ဗျား ဒီလိုလုပ်တာ ဘာကောင်းသလဲ၊ ကောင်းပြီ၊ ခင်ဗျားအခု ဆင်းသွားချင်ရင် ဆင်းသွားနိုင်တယ်၊ ဒါပေမယ့် ကျန်တဲ့ လေးလအတွက် အိမ်လခကိုတော့ တစ်ခါတည်း ပေးသွားရမယ်' စသည်ဖြင့် ဒေါသနှင့် ပြောမည်ဖြစ်၏။

သို့ရာတွင် ထိုကဲ့သို့မလုပ်ဘဲ နည်းတစ်နည်းကိုအသုံးပြုရလေသည်။ ထို့ကြောင့် ထိုလူ၏ အိမ်သို့သွားပြီးလျှင် အောက်ပါအတိုင်း စ၍ ပြော၏။ 'မစ္စတာဒိုး[၅]၊ ခင်ဗျား ပြောတာ ကြားပြီးပေမယ့် တကယ့်ကို ခင်ဗျား တခြား ပြောင်းချင်တယ်လို့ ကျွန်တော် မယုံသေးဘူးဗျာ၊ အိမ်ငှား စားလာတာကြာလို့ လူ တွေရဲ့ စိတ်နေ စိတ်ထားတော့ ကျွန်တော် ကောင်းကောင်း သိနေတယ်၊ ခင်ဗျားကိုကြည့်ရတာ ခင်ဗျားဟာ စကားတစ်ခွန်း တည်တဲ့လူတစ်ယောက်ပဲ၊ အဟုတ်ပြောတာပါ၊ ခင်ဗျားရဲ့စိတ်ဓာတ်ကို ကောင်းကောင်းသိပြီးသားဖြစ်နေလို့ လောင်းချင်တယ်ဆိုတောင် လောင်းလိုက်ဗျာ။

---

၁။ Pennsylvaina

၂။ Glenolden

၃။ The Farrell Mitchell Company

၄။ Hamilton J. Farrell

၅။ Mr. Doe

www.burmeseclassic.com

www.burmeseclassic.com



'အိမ်ပြောင်းမယ်ဆိုတဲ့ ခင်ဗျားရဲ့ ဆုံးဖြတ်ချက်ကိုရေးပြီး စားပွဲခုံပေါ် တင်ထားပြီးတော့ အဲဒီဆုံးဖြတ်ချက်ကို ပြန်စဉ်းစား၊ ကဲဗျာ ဟောဒီကနေ့ ဆုံးဖြတ်ချက်ချ၊ လကုန်ပြီး ရှေ့လဆန်းတစ်ရက်နေ့ကျတော့ ဒီဆုံးဖြတ်ချက် အတိုင်း တည်မယ်ဆိုရင် လေးလအတွက် အိမ်လခ နှစ်ရာကျော် ဆုံးချင် ဆုံးပေစေဗျာ၊ ကျွန်တော် လက်ခံတင်များပြီဆိုပြီးတော့ ကျေနပ်လိုက်မယ်၊ သို့ပေမယ့် ဘာပဲပြောပြော ခင်ဗျားဟာ စကားတည်တဲ့ လူတစ်ယောက်ပဲ၊ နှစ်ဆွေအောင်နေမယ်ဆိုတာကိုတော့ ခုထက်ထိ ကျွန်တော်ယုံတယ်ဗျာ၊ ဘာလဲဗျာ ကျုပ်တို့ဟာ လူတွေပဲ မျောက်တွေမှ မဟုတ်ဘဲ'

နောက်လဆန်းသောအခါ ထိုလူသည် သူကိုယ်တိုင် အိမ်လခကို လာ၍ပေး၏။ကျန်သည့် လေးလအတွက်မှာမူကား သူ နှင့် သူ့မိန်းမ တိုင်ပင် ကြပြီးလျှင် စကားတစ်ခွန်းတည်အောင် နှစ်ဆွေသည်အထိ ထိုအိမ်၌ပင် နေကြရန် ဆုံးဖြတ်ပြီးပြီဟု ကျွန်ုပ်ကို ပြောသွားလေသည်။

* * *

လော့ နော့ ကလစ်[၁]သည် သူ သဘောမကျသော သူ၏ ဓာတ်ပုံ တစ်ခုကို သတင်းစာတစ်စောင်တွင် တွေ့ရှိသောအခါ အယ်ဒီတာထံသို့ စာတစ်စောင် ရေးသားလိုက်လေသည်။ ထိုစာထဲတွင် 'ကျုပ်ရုပ်ပုံကို နောက်ထပ်ပြီး သတင်းစာ ထဲမှာ မထည့်နှင့်၊ ကျုပ် မကြိုက်ဘူး' အစရှိသဖြင့် ရေးသားလိုက်သလား။ မရေးဘူး။ အယ်ဒီတာ၏ မြင့်မြတ်သောစိတ်ဓာတ်ကို ထိခိုက်အောင်သာ ရေးလိုက်လေသည်။ 'လူတိုင်းတွင် မိခင်ဖြစ်သူကို ချစ်မြတ်နိုးသည့် စိတ်ထားရှိ ကြောင်းကို သိသဖြင့် ကျုပ်၏ ထိုရုပ်ပုံကို ကျေးဇူးပြု၍ နောက်ထပ်မထည့်ပါ နှင့်တော့၊ ကျုပ်၏ မိခင်သည် ထိုသို့ထည့်ခြင်းကို မနှစ်သက်ပါ'ဟူ၍သာ ရေးသားလိုက်လေသည်။

* * *

ဂျွန် ဒီ ရော့ဖဲလား(အငယ်)သည် သူ့ကလေးများ၏ ပုံကို သတင်းထောက် များက မကြာခဏ ရိုက်ယူ၍ သတင်းစာထဲတွင် ထည့်ခြင်းကို မနှစ်သက်

---

၁။ Lord Northcliff

www.burmeseclassic.com

www.burmeseclassic.com



သောအခါ အထက်ပါနည်း အတိုင်းပင် မြင့်မြတ်သောစိတ်ဓာတ်ကို ထိခိုက်အောင် စာရေးဖူးလေသည်။ 'ဒီလို ကျုပ်ကလေးတွေရဲ့ရုပ်ပုံကို မကြာခဏ သတင်းစာတွေထဲမှာ ထည့်တာ ကျုပ်မကြိုက်ဘူး'ဟူ၍ မရေးသား။ ကလေးသူငယ်များကို ဘေးဥပါဒ်ဖြစ်စေတတ်သည့် အလုပ်မျိုးမှ ရှောင်ရှားချင်သောဆန္ဒသည် လူတိုင်း၌ရှိသည့်အကြောင်းကို သူသည် ကောင်းစွာသိသဖြင့် 'အဆွေတို့၊ ကလေးတွေရဲ့ ဓာတ်ပုံကို သတင်းစာထဲမှာ မကြာခဏ ထည့်လျှင် ဘာဖြစ်မည်ဆိုတာကို အဆွေတို့လဲ အသိသားပဲ၊ အဆွေတို့အထဲက တချို့တလေမှာလဲ ကလေးတွေရှိတယ် မဟုတ်လား၊ အဲဒီတော့ ကလေးတွေ ဒီအရွယ်မှာ နာမည်သိပ်ကြီးရင် မကောင်းဘူးဆိုတာ ခင်ဗျားတို့လဲ အသိသားပဲ'ဟု ရေးသားလိုက်လေသည်။

*　　*　　*

'စနေနေ့ညနေ သတင်းစာ'ခေါ် သတင်းစာနှင့် 'အိမ်ကြီးရှင်ဂျာနယ်'[၁] ကို ပိုင်သော သူဌေးကြီး ဆိုင်းရပ် အိပ် ကေ ကားတစ်[၂] သည် သတင်းစာကိုစ၍ တည်ထောင်စဉ်အခါက စာရေးဆရာများကို အခြား မဂ္ဂဇင်းများက ပေးသကဲ့သို့ စာရေးခ မပေးနိုင်ချေ။ ပထမတန်းစာရေးဆရာကြီးများကို ပေးနိုင်လောက်အောင် ငွေလည်း မရှိ။ ထို့ကြောင့် ထိုသူတို့ထံမှ ဆောင်းပါးများ ရရှိရန် သူတို့၏ မြင့်မြတ်သောစိတ်ဓာတ်ကို ထိခိုက်စေသော အလုပ်မျိုးကို တီထွင်ပြီးလျှင် လုပ်ရရှာလေသည်။ ဥဒါဟရဏ်၊ 'လုံမပျိုများ' အမည်ရှိသော ကမ္ဘာကျော် ဝတ္ထုကြီးကို ရေးသော လူဝီဇာ မေ အော်လ်ကော့လို ဝတ္ထုရေးဆရာမကြီး တစ်ဦးမှ ဆောင်းပါးများကို သူရအောင်ယူခဲ့လေသည်။ ဘယ်ကဲ့သို့ ယူသနည်းဆိုသော် အော်လ်ကော့ထံသို့ ငွေကို တိုက်ရိုက် မပို့ဘဲနှင့် အော်လ်ကော့ စိတ်ဝင်စားနေသော အသင်းတစ်သင်းသို့ ရန်ပုံငွေအဖြစ်ဖြင့် ဒေါ်လာငွေတစ်ရာ လှူဒါန်းလိုက်ခြင်းပင် ဖြစ်လေသည်။

ဤနေရာတွင် စေဒကတက်ချင်သူ တစ်ဦးတစ်ယောက်က 'ဤလိုနည်းမျိုးနဲ့လုပ်လို့ နော့ကလစ်လို၊ ရော့ဖဲလားလို၊ အော်လ်ကော့လို လူမျိုးတွေမှာ ရမှာပေါ့၊ သို့ပေမယ့် ကျုပ် ကြွေး လိုက်တောင်းရတဲ့ ကိုဖိုးခက်တို့ကို

---

၁။ The Ladies Home Journal

၂။ Cyrus H.K Curtis

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနည်းမျိုးတွေနဲ့ သုံးကြည့်စမ်းပါ၊ ရမလားလို့ ကြည့်ရအောင်'ဟု ပြောကောင်း ပြောပေလိမ့်မည်။

မှန်ပါ၏။ ဘယ်လိုဟာမျိုးမှ နေရာတိုင်းမှာ လူတိုင်းနဲ့တည့်တယ်လို့ မရှိဘူး။ ဒီစာအုပ်ထဲမှာ ပါသည့် နည်းတွေကို မသုံးဘဲ သင့်နည်းနှင့်သင် နေရာ ကျနေသည်ဟု ဆိုလျှင် သင့်ကို ဘာဖြစ်လို့ ပြုပြင်မလဲ။ သို့ပေမယ့် သင့်နည်းတွေကို သုံးလို့ နေရာမကျဘူးဆိုလျှင် ဒီစာအုပ်ထဲက နည်းတွေကို ဘာဖြစ်လို့မစမ်းဘဲ နေမလဲ။

ဘာပဲဖြစ်ဖြစ် ကျွန်ုပ်၏ တပည့်ဟောင်း တစ်ဦးဖြစ်တဲ့ ဂျိမ်းအယ် သောမတ်[၁]၏ အကြောင်းကို သင်ဖတ်ရလျှင် သဘောကျလိမ့်မည်ဟု ကျွန်ုပ် ထင်ပါသည်။

မော်တော်ကားပိုင်ရှင်ခြောက်ဦးသည် သူတို့၏ မော်တော်ကားပြင်ခ များကို မော်တော်ကားကုမ္ပဏီတစ်ခုသို့ မပေးဘဲ ငြင်းလျက် ရှိ၏။ သို့ရာတွင် ထိုခြောက်ဦးအနက် မည်သူကမျှ ကြွေးအားလုံးကို မပေးဘူးဟု၍ မငြင်း။ ဘယ်အတွက်ပြင်ခကို သူတို့မသိဘူး၊ ဘယ်နေ့ကဟာ မှားနေတယ် စသည်ဖြင့် တစ်ခုစီ နှစ်ခုစီ ငြင်းလျက်ရှိကြလေသည်။ အမှန်စင်စစ်မှာ သူတို့မော်တော်ကားကို ပြင်ပြီးတိုင်း သူတို့ကိုယ်တိုင် လက်မှတ်ထိုးထားသဖြင့် ကုမ္ပဏီသည် မမှားနိုင်။ သူတို့ သာလျှင် မှားနေသည်။ ကုမ္ပဏီကလည်း ထိုကဲ့သို့ပင် သူတို့ကို ဖွင့်ပြော၏။ ဤသို့ဖွင့်ပြောခြင်းသည် ကုမ္ပဏီ၏ ပထမအမှားပင် ဖြစ်လေ သည်။

ကုမ္ပဏီ၏ ကြွေးတောင်းသည့်ဌာနမှ လူများသည် ကြွေးတောင်းရာ၌ အသုံးပြုသော နည်းများမှာ အောက်ပါအတိုင်းဖြစ်၏။

၁။ သူတို့သည် ကြွေးရှိသောသူများထံသို့ သွားပြီးလျှင် အလွန် ကြာလှပြီဖြစ်သော ကြွေးကိုတောင်းရန်လာသည်ဟု တုံးတိတိ ပြောကြ၏။

၂။ ကြွေးနှင့်စပ်လျဉ်း၍ ကုမ္ပဏီသည် လုံးဝမှန်၍ ကြွေးသမားများ သာလျှင် လုံးဝမှားသည်ဟု ခပ်ရှင်းရှင်းပြောကြ၏။

၃။ မော်တော်ကား အကြောင်းကို ကြွေးသမားများ အစွမ်းကုန် သိနိုင်သည်ထက် ကုမ္ပဏီက ပို၍ သိသည် ဖြစ်သောကြောင့် ငြင်းနေလျှင် အပိုသာ ဖြစ်လိမ့်မည်ဟု ပြောကြ၏။

---

၁။ James L. Thomas

www.burmeseclassic.com

www.burmeseclassic.com



၄။ အထက်ပါနည်းသုံးနည်းကို အသုံးပြုသဖြင့် ဘာဖြစ်ကြသလဲ။ တစ်ယောက်နှင့်တစ်ယောက် ငြင်းခြင်းသာလျှင်အဖတ်တင်၏။

ဤကဲ့သို့နည်းမျိုးကို အသုံးပြုသဖြင့် ကြွေးသမားများထံမှ ကြွေးတောင်း၍ ရပါရဲ့လား။ ထိုမေးခွန်းကို သင့်ဟာသင် ဖြေပါတော့။

ထိုစခန်းသို့ ရောက်လာသောအခါ ကြွေးဖက်ဆိုင်ရာ မန်နေဂျာသည် ကြွေးများကို တရားစွဲတောင်းရန် စိစဉ်၏။ ထိုအကြောင်းကို မန်နေဂျာကြီး သိသွားသောအခါ ထိုကြွေးသမားများ၏ အကြောင်းကို စုံစမ်းကြည့်ရာ ရှေးအခါက ကြွေးကိုမှန်မှန်ပေးသော သူများ ဖြစ်ကြောင်း သိရ၏။

ထို့ကြောင့် ကြွေးတောင်းသူများ နေရာမကျသောကြောင့်သာ ကြွေးများကို တောင်း၍ မရခြင်း ဖြစ်လိမ့်မည်ဟု ယူဆသဖြင့် 'တောင်းမရ'ဟု အစီရင်ခံထားသော ကြွေးများကို တောင်းရန် ဂျိမ်း အယ် သောမတ်ကို အမိန့်ပေးလေသည်။

သောမတ်အသုံးပြုသောနည်းမှာ အောက်ပါအတိုင်းပင် ဖြစ်လေသည်။

သောမတ်ပြောသည့်အတိုင်း အောက်တွင် ဖော်ပြလိုက်ပါအံ့။

၁။ ကြွေးသမားများ၏ အိမ်သို့ ကျွန်ုပ် သွားခြင်းသည် အလွန်ကြာလှပြီဖြစ်သော ကြွေးဟောင်းများကို တောင်းခံရန်ဖြစ်၏။ ထိုကြွေးများသည် ကုမ္ပဏီက အမှန်ရရန်ဖြစ်သော ကြွေးများဖြစ်ကြောင်းကိုလည်း ကျွန်တော်သိ၏။ သို့ရာတွင် ထိုအကြောင်းများနှင့် စပ်လျဉ်း၍ ကျွန်ုပ်သည် တစ်လုံးတစ်ပါဒကိုမျှ မပြော။ ကျွန်ုပ်လာရခြင်းအကြောင်းသည် ထိုလူကြီးမင်းများအတွက် ကုမ္ပဏီက ဘာများ လုပ်ပေးထားပါသလဲ။ ထိုလုပ်ပေးထားသောအရာများထဲက ဘာများ ချွတ်ယွင်းနေပါသလဲ အစရှိသည်တို့ကို သိရှိရန်လာခြင်းပင် ဖြစ်သည်ဟု ပြောပြ၏။

၂။ ကြွေးသမားက ကြွေးအကြောင်းနှင့် စပ်လျဉ်း၍ မပြောမချင်း ကျွန်ုပ်တွင်ဘာမျှ ပြောစရာမရှိ။ မမှားသောရှေ့နေ မသေသောဆေးသမားဟူ၍ မရှိသည့်အတိုင်း ကုမ္ပဏီက ဘယ်အခါမျှ မမှားနိုင်ဘူးဆိုတာ မဖြစ်နိုင်ကြောင်း ကျွန်ုပ်သည် အတိအလင်းပြောပြ၏။

၃။ ကျွန်ုပ် စိတ်ဝင်စားနေသော အရာသည် ကုမ္ပဏီက သူတို့ထံမှ ရရန်ရှိသော ကြွေးမဟုတ်ဘဲ သူတို့၏ မော်တော်ကားများသာလျှင် ဖြစ်ကြောင်း၊ သူတို့မော်တော်ကားများ၏ အကြောင်းကိုလည်း သူတို့မှ တစ်ပါး ကမ္ဘာပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင် သူတို့လောက်နားလည်သူများ မရှိကြောင်းနှင့် သူတို့၏ မော်တော်ကားများ အပေါ် သူတို့သာ ဆရာဖြစ်ကြောင်းကိုလည်း ပြောပြ၏။

၄။ သူတို့ကို အားရအောင် စကားပြောစေ၍ သူတို့စကား ပြောနေစဉ် သူတို့ အလိုရှိသည့်အတိုင်း ကျွန်ုပ်သည် သူတို့၏ အလိုသို့လိုက်၍ ကောင်းစွာ နားထောင်နေ၏။

၅။ နောက်ဆုံး၌ ကြွေးသမားသည် စိတ်ရွှင်ပျလာသောအခါ သူ၏ သမာ သမတ်ရှိသော စိတ်ထားအကြောင်းကို အစချီ၍ ပြောပြီးလျှင် ထို စိတ်ဓာတ်ကို ထိခိုက်အောင်လုပ်၏။ 'ကျွန်တော့် စိတ်ထင်ဖြင့် ဒီကိစ္စမှာ ကြွေးတောင်းတဲ့လူတွေ မလိမ္မာလို့ဒီလိုဖြစ်ရတာပဲ၊ ဒီလိုဆိုရင် ဘယ်နေရာကျ မလဲ၊ ဒီလူတွေ နေရာမကျတာနဲ့ ဦးမင်းမှာ အလကားသက်သက် စိတ် အနှောင့်အယှက် ဖြစ်ရတာပဲ၊ ဒီလိုဖြစ်ရတဲ့အတွက် ကျွန်တော် ဝမ်းနည်း ပါတယ်၊ နောင်ကို ဒီလို ဘယ်တော့မှ မဖြစ်စေရပါဘူး၊ ကုမ္ပဏီရဲ့ ကိုယ်စား လှယ် တစ်ဦးအနေနဲ့ ကျွန်တော် တောင်းပန်ပါတယ်၊ ဦးနဲ့ ယခုလို ထိုင်ပြီး စကားပြောနေတုန်း ဦးရဲ့ သည်းခံပုံ တရားသဖြင့် ရှိပုံတို့ကို ကြားရတော့ အမှန်ပါပဲ ဦးအပေါ်မှာကြည်ညိုတဲ့စိတ်တွေ မပေါ်ဘဲ မနေနိုင်ပါဘူး၊ ဟောဒီမှာ ဦး ကူနိုင်လျှင် ကျွန်တော့်ကို တစ်ခုကူညီစေချင်တာပဲ၊ ဒီကိစ္စကို ဦးအသိဆုံးပဲ။ ဦး အဖြေနိုင်ဆုံးပဲ၊ အဲဒီ ကြွေးစာရင်းကို ဦးကိုယ်တိုင် ကုမ္ပဏီရဲ့ မန်နေဂျာ ကြီးပဲလို့ သဘောထားပြီး ပြန်ကြည့်ပါ၊ ဒီစာရင်းကို ဦးနဲ့ပဲ ထားပစ်ခဲ့ပါ့မယ်၊ ဦးပြန်ကြည့်ပြီး မှန်တယ်ဆိုသလောက်ကိုသာ ပေးပါတော့' အစရှိသည်တို့ကို ကျွန်ုပ်သည် ပြောပြ၏။

သူတို့သည် ကြွေးစာရင်းကိုပြန်၍ စစ်ဆေးကြသေးသလား၊ စစ်ဆေးကြ ပါသည်။ ပြန်ကြည့်ပြီးလျှင် ကြွေးစာရင်းများကို အထူးကျေနပ်လျက်ရှိကြ၏။ ကြွေးများသည် တစ်ဦးလျှင် ဒေါ်လာ ၁၅၀ မှ ဒေါ်လာ ၄၀၀ အထိ ရှိလေ သည်။ ကျေနပ်ပြီး၍ ထိုကြွေးများကို ပေးကြရဲ့လား။ တစ်ယောက်သောသူ မှ တစ်ပါး ကျန်ငါးဦးစလုံး ကြွေးများကို အပြေပေးကြပါသည်။ တစ်ဦးမှာမူကား ကြွေးစာရင်းထဲတွင်မှတ်ထားသော ဟာစ်ပဲကိုသာလျှင် မပေးဘဲ နေပြီးလျှင် ကျန်အားလုံးကို ပေးပါသည်။ ကြွေးပြန်ဆပ်ခြင်းလောက်နှင့် အံ့သြစရာ မကောင်းပါ။ ထိုမျှမကဘဲ ထိုလူခြောက်ဦးစလုံးတို့အား နှစ်နှစ်အတွင်း မော်တော်ကားတစ်စင်းစီ ထပ်၍ ရောင်းလိုက်ရပါသေးသည်'

www.burmeseclassic.com

www.burmeseclassic.com



သင်ကြေးရစရာရှိသောလူတစ်ယောက်၏ အကြောင်းကို စုံစမ်း၍ မရနိုင်ခဲ့ပါလျှင် စိတ်အချရဆုံးနည်းမှာ ထိုလူ့ကို ရိုးသားသည်၊ စေတနာကောင်းသည်၊ သမာဓိရှိသည်၊ ပေးစရာရှိသောငွေများကို မှန်မှန်ပေးချင်သော စိတ်ကောင်းရှိသည် အစရှိသည်တို့ကို ကြိုတင်၍ ပြောဆိုခြင်းပင် ဖြစ်သည်ဟု ကျွန်ုပ်၏ အလုပ်သက် ရှည်လာလေလေ ကောင်းစွာ သိရှိလာလေလေဖြစ်၏။ ထိုစကားကို လွယ်လွယ်နှင့် နားလည်အောင် ပြန်ပြောရလျှင် လူတို့သည် ရိုးသားကြ၍ သူတို့ပေးစရာရှိသော ငွေများကို ပေးလိုသောဆန္ဒများ ရှိကြလေသည်။ ဤလိုလူစားထဲမှ ကြွင်းကျန်သောသူများသည် အလွန်နည်းပါးလေသည်။ ထိုကြွင်းကျန်သောသူများကိုပင် ရိုးသားသည်၊ ဖြောင့်မတ်သည်၊ သမာဓိရှိသည်ဟု သူတို့ကိုယ်ကို သူတို့ ထင်လာအောင် သင်သည် လုပ်ပေးပါလျှင် ထိုသူတို့တွင် များသောအားဖြင့် ပေးချင်သော စိတ်ဓာတ်များ ပေါ်လာလိမ့်မည် ဟူ၍ ကျွန်တော်သည် ကောင်းစွာ ယုံကြည်၏။

**ထို့ကြောင့် တစ်ဖက်သားကို သင့်ဘက်သို့ ပါအောင် ဆွဲချင်လျှင် ဥပဒေသ အမှတ် ၁၀ သည်**

**မြင့်မြတ်သော စိတ်ဓာတ်ကို ထိနိုက်အောင် လုပ်ပေးပါ။**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၁

## ဤနည်းကို ရုပ်ရှင်ကုမ္ပဏီများသည် လုပ်ကြ၏၊ ရေဒီယိုကုမ္ပဏီများသည်လည်း လုပ်ကြ၏၊ အဘယ့်ကြောင့် သင်သည် မလုပ်ဘဲ နေရမည်နည်း

နှစ်ပေါင်းအနည်းငယ်က 'ဖီလဒယ်လဖီးယားညနေသတင်းစဉ်'[၁]၏ မကောင်းကြောင်းကို လက်တို့သတင်းလွှင့်ကြ၏။ ကြော်ငြာရှင်များသို့လည်း ဤသတင်းစာသည် သတင်းကနည်းပြီးလျှင် ကြော်ငြာက များနေသည့်အတွက် လူကြိုက်နည်းသွားကြောင်းဖြင့် ဂုံးချောကြ၏။ ထိုသတင်းဆိုးနှင့် စပ်လျဉ်း၍ အလျင်အမြန် အရေးယူရမည်ဖြစ်၏။

သို့ရာတွင် ဘယ်လိုအရေးယူရပါ့မလဲ။

အောက်ပါအတိုင်းပင်ဖြစ်လေသည်။

ထိုသတင်းစာထဲတွင် တစ်နေ့ပါသောသတင်းများကို အားလုံးစု၍ ထိုသတင်းများကို 'တစ်နေ့'[၂]ဟူသော အမည်ဖြင့် စာအုပ်တစ်အုပ် ရိုက်နှိပ်၏။ ထိုစာအုပ်တွင် စာမျက်နှာ ၃၀၇ မျက်နှာရှိ၍ ဒေါ်လာနှစ်ပြားတန် စာအုပ်တစ်အုပ်လောက် ရှိလေသည်။ သို့ရာတွင်ထိုမျှ များပြားသောသတင်းများကို တစ်နေ့စာအဖြစ်ဖြင့် နှိပ်သော်လည်း ဒေါ်လာ နှစ်ပြားနှင့် မဟုတ်ဘဲ နှစ်ဆင့်ဖြင့်သာ ရောင်းစားခဲ့လေသည်။

ဤသို့တစ်နေ့အတွက် သတင်းပေါင်းကို စာတစ်အုပ်အဖြစ် ပုံနှိပ်လိုက်ခြင်းဖြင့် ထိုသတင်းစဉ်တွင် ဖတ်ရန်ကောင်းသော သတင်းပေါင်းမြောက်မြားစွာ

---

၁။ The Phildelphia Evening Bulletin

၂။ One Day

www.burmeseclassic.com

www.burmeseclassic.com



ပါရှိသည်ဟူသော အကြောင်းကို တစ်ဖက်သားတို့၏ စိတ်အာရုံတွင်စွဲသွားအောင် လုပ်လိုက်ခြင်းပင်ဖြစ်လေသည်။ ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် ပြောချင်သော အကြောင်းများကို ရက်ပေါင်းများစွာ ဂဏန်းသင်္ချာဖြင့် ရှင်းတမ်းတွေ ထုတ်နေသည်ထက် ပိုမိုထင်ရှားလာရုံသာမက ပိုမို၍ စိတ်ဝင်စားဖွယ် ကောင်းလာလေသည်။

ကင်းနက် ဂွတ်နှင့် ဇင်း ကော့ဖ်မင်း[၁] တို့ ရေးသားသော 'ကုန်စွဲအောင်ရောင်းနည်း'[၂] စာအုပ်ကို ဖတ်ပါလေ။ အီလက်ထရိုလပ်[၃] ဆိုင်သည် အိမ်တွင်း ရေခဲစက်၏ ညင်သာပုံကိုပြချင်သောကြောင့် ဝယ်မည့် သူ၏ နားဝတွင် မီးခြစ် ခြစ်၍ပြပုံ၊ လူကိုယ်တိုင်ရောင်းနေသည်ဟု အထင်ရောက်အောင် 'ဆီးယားရိုးဘတ် ကတ်တလောက်'[၄] စာအုပ်ထဲတွင် ရုပ်ရှင်မင်းသမီး အင်ဆိုသန်[၅] ကိုယ်တိုင် လက်မှတ်ထိုးထားသော ဒေါ်လာငွေ ၁.၉၅ တန် ဦးထုပ်များကို ဖော်ပြထားပုံ၊ တိုက်ဆိုင်ပြတင်းပေါက်များတွင် အလှပြထားသော တရွေ့ရွေ့ လှုပ်ရှားနေသည့်အရာများကို ရပ်စဲလိုက်သောအခါ လာရောက်ကြည့်ရှုကြသော ပရိသတ်ဦးရေမှာ ၈၀ ရာခိုင်နှုန်းလောက် လျော့သွားသည်ဟု ဂျော့ ဝဲလဘုံ[၆] ဆိုသူက ထုတ်ဖော်ပြောဆိုပုံ၊ မစ်ကီမောက်[၇] ခေါ် သော ကာတွန်းကားကလေးသည် 'ဗဟုသုတပေါင်းစုံကျမ်းကြီး'[၈] ထဲတွင် ဖော်ပြခြင်းခံရသော ဂုဏ်ထူးကိုမည်ကဲ့သို့ ရရှိပုံ၊ ထိုကာတွန်းကား၏ အမည်ကိုယူ၍ ကလေးကစားစရာ အရုပ်များကို မှည့်ခေါ်လိုက်ခြင်းဖြင့် အရုပ်တိုက်ကြီးတစ်တိုက်သည် ဒေဝါလီခံရတော့မည့်ဘေးမှ မည်ကဲ့သို့လွတ်မြောက်လာပုံ၊ သကြားမုန့်များကို ဘန်းပြထားသည့်နေရာတွင် မီးတန်း အမှတ်တမဲ့ကျနေသဖြင့် မည်ကဲ့သို့ နှစ်ဆလောက်တိုး၍ ရောင်းရပုံ၊ ခရိုက်ဇလာ[၉] သည် သူ့မော်တော်ကားများ၏

၁။ Zenn Kaufmann

၂။ Showmanship in Business

၃။ Electrolux

၄။ Sears Roebuck Catalogs

၅။ Ann Sothern

၆။ George Wellbaum

၇။ Mickey Mouse

၈။ Encyclopaedia

၉။ Chrysler

www.burmeseclassic.com

www.burmeseclassic.com



ခိုင်ခန့်ကြောင်းကို ပြချင်သောကြောင့်မော်တော်ကားများပေါ်သို့ ဆင်များကို တင်ပြထားပုံ အစရှိသည်တို့ကို ထိုစာအုပ်ထဲတွင် ဖတ်နိုင်လေသည်။

နယူးယောက် တက္ကသိုလ်မှ ရစ်ချတ် ဘော်ဒင်[၁]နှင့် အယ်ဗင် ဘပ်စ်[၂]ဆိုသူ နှစ်ဦးသည် အရောင်းအဝယ်နှင့် စပ်လျဉ်း၍ အကြိမ်ပေါင်းတစ်သောင်းနှင့် ငါးထောင်တိုင်တိုင် တွေ့ဆုံပြီးလျှင် ဖြစ်ပျက်ကြသောအဖြစ်အပျက်များကို သေချာကျနစွာ သရုပ်ခွဲ၍ 'နိုင်အောင်ငြင်းနည်း'[၃] ခေါ်စာအုပ်တစ်အုပ်ကို ထုတ်ခဲ့ဖူးလေသည်။ ထိုစာအုပ်ထဲတွင်ပါသောနည်းများကိုပင် 'ကုန်စွဲအောင်ရောင်းနည် ၆ မျိုး'[၄]ဟု အမည်ပေးပြီးလျှင် တရားတစ်ပွဲ ဟောပြန်၏။ ထိုနည်းများကို ရုပ်ရှင်ရိုက်ကူးပြီးလျှင် ရာပေါင်းများစွာသော ကုန်တိုက်ကြီးများ၏ အရောင်းဘက်ဌာနများတွင် လိုက်လံပြသပြန်သေး၏။ ထိုရုပ်ရှင်ကားများထဲတွင် သူတို့သရုပ်ခွဲစဉ်က တွေ့ခဲ့ရသော နည်းတို့ကို ရှင်းလင်းပြောဆိုရုံသာမက သရုပ်ပေါ်အောင်လည်း သူတို့နှစ်ဦးကိုယ်တိုင် တစ်ယောက်က အရောင်းသမား တစ်ယောက်က အဝယ်သမားလုပ်၍ အမှားနှင့်အမှန်ရောင်းနည်းများကို ခွဲခြားပြသခဲ့လေသည်။

ယခုခေတ်သည် တစ်ဖက်သား၏ အာရုံကို ဆွဲငင်နိုင်အောင်ကြိုးစားလျက် ရှိသောခေတ်ဖြစ်လေသည်။ အမှန်ကို မှန်သည်ဟု ပြောပြရုံဖြင့်မပြီး၊ ထိုအမှန်ကို ထင်ရှားသည်ထက် ထင်ရှားအောင်၊ စိတ်ဝင်စားဖွယ်ကောင်းသည်ထက် ကောင်းအောင်၊စိတ်အာရုံ ဆွဲငင်နိုင်သည်ထက် ဆွဲငင်နိုင်အောင် ပြုလုပ်ရလေသည်။ သင်သည် ဇန်းပြ ကောင်းရပေလိမ့်မည်။ ရုပ်ရှင်ကား ကုမ္ပဏီများသည် ဤနည်းကို လုပ်လျက်ရှိရချေပြီ။ ရေဒီယိုကလည်းထိုနည်းမျိုးကိုပင် လုပ်လျက်ရှိချေပြီ။ အကယ်၍ သူတစ်ထူး၏ အာရုံကို ဆွဲငင်ချင်ပါလျှင် သင်သည်လည်း ဤနည်းကိုပင် အသုံးချရပေလိမ့်မည်။

ကုန်တိုက်များတွင် ပြတင်းပေါက်ဝ၌ ကုန်များကို အလှပြရသော ကျွမ်းကျင်သည့်အလှပြင်သမားတို့သည် ဤနည်းတန်ဖိုးကို ကောင်းစွာ သိကြလေသည်။ ဥဒါဟရဏ်၊ ကြွက်သတ်ဆေးရောင်းသော ကုန်တိုက်တစ်တိုက်၏

၁။ Richard Borden
၂။ Alvin Busse
၃။ 'How to Win an Argument'
၄။ 'Six Principles of Selling'

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်ဝတွင် ဆေးများကို အလှပြထားရာ၌ ကြွက်ရှင်နှစ်ကောင်ကိုပါ ထားလေသည်။ ထိုသို့ကြွက်များကိုပြသောအပတ်တွင် ခါတိုင်းရောင်းနေကျ နေ့များထက် ငါးဆ တိုး၍ ရောင်းရသည်ကို တွေ့ရ၏။

**ထို့ကြောင့် တစ်ဖက်သားကို သင့်ဘက်သို့ပါအောင်ဆွဲချင်လျှင် ဥပဒေသ အမှတ် ၁၁ သည်**

**သင်၏ အကြံအစည်များဖြင့် တစ်ဖက်သား၏ စိတ်အာရုံကို ဆွဲနိုင်အောင် ပြုပြင်ပေးပါ။**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၂

### မည်သည့်နည်းနှင့်မျှ စမ်း၍မရလျှင် ဤနည်းကို စမ်းကြည့်ပါ

ချား ရွှပ် တွင် စက်မန်နေဂျာတစ်ဦး ရှိလေသည်။ ထိုစက်သည် အလုပ်ပြီးသင့်သလောက် မပြီးချေ။

'ဘယ့်နှယ်လဲ၊ မောင့်လို စွမ်းရည်သတ္တိနဲ့ပြည့်စုံတဲ့ လူတစ်ယောက်လုံးက ဒီစက်ကို ပြီးသင့်သလောက် အလုပ်ပြီးအောင် မခိုင်းနိုင်တာ ဘာဖြစ်လို့လဲ'ဟု ချား ရွှပ်က ထိုမန်နေဂျာကို မေးလေသည်။

'ကျွန်တော်လဲ မပြောတတ်ဘူး၊ အလုပ်သမားတွေကိုလဲ ချော့ခိုင်းတာပဲ၊ ခြောက်လဲခိုင်းတာပဲ၊ အလုပ်ထုတ်ပစ်မယ်ဆိုပြီးတော့ ကြိမ်းမောင်းလဲ ခိုင်းတာပဲ၊ ဘယ်လိုခိုင်းလို့မှ မရဘူး'ဟု မန်နေဂျာက ပြန်ပြော၏။

ထိုအချိန်သည် နေ့အလုပ်သမားများ အလုပ်သိမ်းပြီး၍ ညအလုပ်သမားများ အလုပ်ဆင်းချိန် ဖြစ်လေသည်။

'ပေးစမ်း၊ ကျုပ်ကို မြေဖြူတစ်ချောင်း'ဟု ချား ရွှပ်သည် တောင်းယူပြီးနောက် အနီးဆုံးလူတစ်ယောက်ဘက်သို့လှည့်ပြီးလျှင် 'မင်းတို့နေ့သမားတွေ အလုပ်လုပ်လို့ တစ်နေ့ဘယ်လောက် ပြီးသလဲ'ဟု မေးလေသည်။

'ခြောက်ခုပြီးပါတယ်'

နောက်ထပ်ဘာစကားမျှ မပြောဘဲ ချား ရွှပ်သည် ကြမ်းပေါ်တွင် ၆ ဂဏန်းကြီးတစ်လုံးကို မြေဖြူဖြင့်ရေး၍ ထွက်သွားလေသည်။

ညအလုပ်သမားများရောက်လာကြပြီးလျှင် ထိုဂဏန်းကြီးကို မြင်၍ အကြောင်းကို မေးမြန်း၏။

www.burmeseclassic.com

www.burmeseclassic.com



'မန်နေဂျာကြီး ကနေ့ ဒီကို လာတယ်၊ တို့ နေ့သမားတွေ တစ်နေ့ ဘယ်လောက်ပြီးသလဲလို့ မေးတော့ တို့က ခြောက်ခုပြီးတယ်လို့ ပြောလိုက်တာနဲ့ ဒီအပေါ်မှာ ဒီဂဏန်းကြီးကို မြေဖြူနှင့် ရေးသွားတာပဲ' ဟု နေ့အလုပ်သမားများက ပြန်ပြောလေသည်။

နောက်တစ်နေ့နံနက်တွင် ချား ရွှပ်သည် စက်ထဲသို့ လျှောက်သွားသောအခါ ညအလုပ်သမားတို့သည် ၆ ဂဏန်းကိုဖျက်ပြီးလျှင် ထိုနေရာတွင် ၇ ဂဏန်းကို ရေးထားခဲ့သည်ကို တွေ့ရ၏။ နေ့အလုပ်သမားများ လာ၍ ၇ ဂဏန်းကို တွေ့သောအခါ ညအလုပ်သမားများထက် သာအောင် ကြိုးစား၍ လုပ်ကြပြန်ရာ အလုပ် ၁၀ ခု ပြီးသောကြောင့် ၇ ဂဏန်းကို ဖျက်ကာ ၁၀ ဂဏန်းကို ရေးထားခဲ့ကြ၏။

များမကြာမီ အလုပ်အထွက် အလွန်နှေးသော ထိုစက်သည် အခြားစက်များထက် ပို၍ သွက်နေသည်ကို တွေ့ရလေသည်။

သူ၏နည်းကို ချား ရွှပ် ကိုယ်တိုင် ပြောပြပါစေ။

'အလုပ်များကို ပြီးစီးအောင်လုပ်စေချင်လျှင် အပြိုင်အဆိုင်လုပ်လိုသော စိတ်ထားများ ပေါ်လာအောင် ဆွပေးရမည်၊ ပိုက်ဆံရအောင်ဟူသောယုတ်ညံ့သည့် စိတ်ထားဖြင့် ပြိုင်ဆိုင်စေခြင်းကို ကျွန်ုပ် မဆိုလို၊ တစ်ဦးထက် တစ်ဦးသာလိုသောဆန္ဒဖြင့် ပြိုင်ဆိုင်ကြခြင်းကိုသာ ကျွန်ုပ် ဆိုလိုသည်'

တစ်ဦးထက်တစ်ဦး သာလိုသောဆန္ဒကို ပေါ်လာအောင် ပြုလုပ်ပေးခြင်းသည် စိတ်ထက်သန်သူတို့ကို ဆွပေးနိုင်သည့် မမှားသောဆေးတစ်လက် ဖြစ်ပေသည်။

*　*　*

အကယ်၍ အပြိုင်အဆိုင်သာ မရှိခဲ့လျှင် သီအိုဒို ရုစဗဲ့သည် မည်သည့်နည်းနှင့်မျှ အမေရိကန်ပြည်၏ သမ္မတ မဖြစ်နိုင်ချေ။ ရုစဗဲ့သည် ကျူဘာကျွန်း[၁]တွင် နှစ်ပေါင်းများစွာ နေပြီးနောက် နယူးယောက်သို့ ပြန်လာရာ သူ့ကို နယူးယောက် အုပ်ချုပ်သူ[၂] အဖြစ် အရွေးခံရန် ဝိုင်း၍ တိုက်တွန်းကြလေသည်။ သူနှင့်ယှဉ်ပြိုင်

---

၁။ Cuba
၂။ Governor

www.burmeseclassic.com

www.burmeseclassic.com



အရွေးခံမည့်ဘက်က လူများက သူသည် နယူးယောက်မြို့၏ မဲစာရင်းတွင် မပါသည့်အဖြစ်ကို သိသွားသောအခါ ရစဗဲ့သည် အတော်ကလေး လန့်သွားပြီးလျှင် ရွေးကောက်ပွဲမှပင် နုတ်ထွက်ရန် ကြံရွယ်ခဲ့၏။ ထိုအခါ သောမတ်ကော်လီယာပလတ်[၁]သည် ရစဗဲ့ဘက်သို့ ရတ်တရက် လှည့်ပြီးလျှင် 'ဘယ့်နှယ်လဲ ဆန်ဂျူယန် ဟီး[၂] အရပ်က အာဇာနည်တစ်ယောက်ဟာ သူရဲဘော နည်းတဲ့သူတစ်ယောက် ဖြစ်သွားတော့မှာလား'ဟု ကျယ်လောင်စွာ ဟစ်အော်၍ ပြောလိုက်၏။

ရစဗဲ့လည်း ရွေးကောက်ပွဲမှ မနုတ်ထွက်တော့ဘဲ ခံတိုက်လေသည်။ နောက်ဘာဖြစ်သည်ကို သမိုင်းတွင် ထင်ရှားစွာတွေ့နိုင်၏။ ပြိုင်ချင်အောင် ပြောလိုက်ခြင်းကြောင့် သူ၏ အတ္ထုပ္ပတ္တိလည်း တစ်မျိုးပြောင်းသွားရုံသာမက အမေရိကန်ပြည်၏ သမိုင်းလည်း တစ်မျိုးတစ်ဖုံ ဖြစ်လာလေသည်။

ချား ရွပ်၊ ပလတ်၊ အယ်ဆမစ်[၃] စသော ပုဂ္ဂိုလ်တို့သည် ပြိုင်ဆိုင်ခြင်း၏ တန်ဖိုးကြီးမားပုံကို ကောင်းစွာသိကြလေသည်။

အယ်ဆမစ်သည် နယူးယောက်အုပ်ချုပ်သူဖြစ်စဉ်က ဤနည်းကို သုံးခဲ့ဖူးလေသည်။ ဆင်းဆင်းထောင်သည် အလွန်ဆိုးသောထောင် ဖြစ်သည်။ ထိုထောင်တွင်ထောင်မှူးနေရာ လစ်လပ်လျက်ရှိ၏။ ထောင်အကြောင်းနှင့် စပ်လျဉ်း၍ သတင်းဆိုးအမျိုးမျိုးသည် လွင့်ချင်တိုင်း လွင့်လျက် ရှိလေသည်။ နယူးယောက်အုပ်ချုပ်သူ ဆမစ်သည် ထိုထောင်ကို အုပ်ချုပ်ရန် လူစွမ်းကောင်းတစ်ဦးကို အလိုရှိ၏။ ထို့ကြောင့် သူသည် နယူးဟင့်ပတန်[၄]မှ လူဝီ အီလောစ်[၅]ကို ခေါ်၍ 'ဘယ့်နှယ်လဲ၊ ဆင်းဆင်းထောင်ကို သွားပြီး အုပ်ချုပ်မလား၊ အဲဒီထောင်မှာ အရည်အချင်းနဲ့ ပြည့်စုံတဲ့ လူတစ်ယောက် လိုနေတယ်'ဟု ခပ်ပြုံးပြုံး ပြောလေသည်။

လောစ်သည် ဖြုန်းခနဲ အဖြေမပေးနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ဆင်းဆင်းသည် အလွန်ကြောက်စရာကောင်းသော ထောင်ဖြစ်လေသည်။ ထိုထောင်မှူးရာထူးသည် နိုင်ငံရေးနှင့်ဆက်သွယ်သော ရာထူးဖြစ်သဖြင့် သြဇာ

---

၁။ Thomas Collier Platt

၂။ San Juan Hill

၃။ Al Smith

၄။ New Hampton

၅။ Lewise E Lawes

www.burmeseclassic.com

www.burmeseclassic.com



ရှိသူ နိုင်ငံရေးသမားများ၏ လက်ခုပ်ထဲမှ ရေလို ဖြစ်နေသည်။ ထိုနေရာ၌ ထောင်မှူးများကို ခန့်ဖူးပေါင်းလည်း များလှပြီ။ ပြုတ်ဖူးပေါင်းလည်း များလှပြီ။ ထောင်မှူး တစ်ယောက်မှာမူ တနင်္ဂနွေ သုံးပတ်သာ ခံလေသည်။ လောစ်တွင် နောင်ရေးကို စဉ်းစားစရာရှိသဖြင့် ဒီရာထူးဟာ နောင်ရေးကို စွန့်ပြီးလျှင် သွားလောက်တဲ့ရာထူးလားဟူ၍ စဉ်းစားနေသောကြောင့် ဖြန်းခနဲ မဖြေနိုင်ခြင်း ဖြစ်လေသည်။ လောစ်သည် ချီတုံချတုံဖြစ်နေသည်ကို နယူးယောက် အုပ်ချုပ်သူ ဆမစ် မြင်သောအခါ 'အေးလေ၊ မင်းသွားရမှာ ကြောက်နေတာကို ငါ မကြိမ်းချင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီထောင်ဟာ အင်မတန်ကြမ်းတဲ့ ထောင်ကွ၊ ဒီနေရာမှာမြဲဖို့ဟာ လူစွမ်းကောင်းမှပဲ ဖြစ်နိုင်မှာပဲ' ဟူ၍ ပြောလိုက်၏။

ဤကဲ့သို့ စိတ်ကို ဆွပေးလိုက်သဖြင့် ထိုရာထူးကို လောစ်သည် လက်ခံလိုက်၏။ ထိုရာထူးတွင်မြဲရုံသာမက ကမ္ဘာပေါ်တွင် နာမည်အကျော်ကြားဆုံးသော ထောင်မှူးပင် ဖြစ်လာလေသည်။ 'ဆင်းဆင်းထောင်မှာ နှစ်ပေါင်း နှစ်သောင်းကြာ[၁]' ဟူသော စာအုပ်ကို သိန်းပေါင်းများစွာအထိ ရောင်းရဖူးလေသည်။ သူသည် ရေဒီယိုမှလည်း စကားပြော၏။ ကိုယ်တွေ့များကို များစွာသော ရုပ်ရှင်ကုမ္ပဏီများက ရုပ်ရှင် ရိုက်ကူးကြ၏။ အကျဉ်းသမားများကို လွတ်အောင်ချွတ်သော သူ့နည်းမှာ ထောင်ပြုပြင်ရေး သမိုင်းတွင် အတော်ပင် ထူးဆန်း၍ အံ့မခန်းလီလီ ဖြစ်ခဲ့သည်။

ဖိုင်းယားစတုန်း တိုင်ယာနှင့် ရော်ဘာကုမ္ပဏီ[၂] ကို တည်ထောင်သူ ဟာဗေး အက် စ ဖိုင် ယားစတုန်း[၃]က 'လခကောင်းရုံနဲ့ အလုပ်တစ်ခုမှာ လူကောင်းတွေရရှိမှာမဟုတ်ဘူး၊ ရပြန်ရင်လဲ မြဲလိမ့်မယ်လို့ ကျုပ်ဘယ်အခါတုန်းကမှ မတွေ့ခဲ့ရဖူးဘူး၊ ဒီလူတွေကို ရအောင်၊ ပြီးတော့ မြဲအောင် လုပ်ပေးနိုင်တဲ့ အရာဟာ ဒီလူတွေရဲ့ စိတ်ကို ကြွအောင် လုပ်ပေးခြင်းပဲလို့ ကျွန်ုပ်ထင်တယ်' ဟူ၍ ပြောဆိုဖူးလေသည်။

ထိုသို့ပြုလုပ်ပေးခြင်းကို အလုပ်နှင့် အပေါက်အလမ်း တည့်သူတိုင်း နှစ်သက်၏။ ကိုယ့်အစွမ်းကိုပြရန် အခွင့်အလမ်း၊ ကိုယ့်တန်ဖိုးကိုပြရန် အခွင့်

---

၁။ 20,000 Years in Sing Sing

၂။ The Firestone Tire & Rubber Company

၃။ Harvey S. Firestone

www.burmeseclassic.com

www.burmeseclassic.com



အလမ်း၊ တစ်ဖက်သားထက်သာသည်ကို ပြရန် အခွင့်အလမ်းတို့ကို လူတိုင်း၌ နှစ်သက်ပေလိမ့်မည်။ သြော် တစ်ဖက်သားထက် သာလိုသော ဆန္ဒ။ သြော် ကိုယ့်ကိုယ်ကို အထင်ကြီးချင်သည့်ဆန္ဒ။

**ထို့ကြောင့် စိတ်မာန်တက်ကြွ၍ သတ္တိထူးသော သူများကို သင့်ဘက်သို့ ပါအောင် ဆွဲလိုလျှင် ဥပဒေသ အမှတ် ၁၂ သည်**

**သူတို့၏ မခံချင်သောစိတ်ကို ဆွပေးပါ။**

www.burmeseclassic.com

www.burmeseclassic.com

# သင့်ဘက် ပါအောင် လုပ်ရန် နည်း ၁၂ နည်း

## အကျဉ်းချုပ်

| | |
|---|---|
| ဥပဒေသ အမှတ် ၁။ | ။တစ်ဖက်သားကို မိမိဘက်သို့ ပါအောင် လုပ်ရန် အတွက် အကောင်းဆုံးသော နည်းတစ်ခုသည် ငြင်းခုံနေခြင်းကို ရှောင်ရှားပါ။ |
| ဥပဒေသ အမှတ် ၂။ | ။တစ်ဖက်သား၏ အယူအဆကို အလေးဂရုပြုပါ။ လူတစ်ဦးတစ်ယောက်အား မှားသည်ဟုဘယ်သော အခါမျှ မပြောလေနှင့်။ |
| ဥပဒေသ အမှတ် ၃။ | ။အကယ်၍ သင်သည် မှားခဲ့ပါလျှင် ထိုအမှားကို လျင်လျင်မြန်မြန်နှင့် လေးလေးနက်နက် ဝန်ခံပါ။ |
| ဥပဒေသ အမှတ် ၄။ | ။ချိုချိုသာသာနှင့် စပါ။ |
| ဥပဒေသ အမှတ် ၅။ | ။တစ်ဖက်သား အလျင်အမြန် 'အင်း'လိုက်အောင် ကြိုးစားပါ။ |
| ဥပဒေသ အမှတ် ၆။ | ။တစ်ဖက်သားကို သူ ပြောချင်တာ ဝ အောင် ပြောပါစေ။ |
| ဥပဒေသ အမှတ် ၇။ | ။တစ်ဖက်သားအား ပေးအပ်သောအကြံသည် သူ၏ အကြံသာဖြစ်သည်ဟု အထင်ရောက်နေပါစေ။ |
| ဥပဒေသ အမှတ် ၈။ | ။တစ်ဖက်သားဘက်မှနေ၍ အရာခပ်သိမ်းကို ဝေဖန် ပိုင်းခြားနိုင်အောင် စိတ်ကောင်း စေတနာကောင်းနှင့် ကြိုးစားပါ။ |

www.burmeseclassic.com

www.burmeseclassic.com



ဥပဒေသ အမှတ် ၉။ ။တစ်ဖက်သား၏ အယူအဆ အလိုဆန္ဒတို့နှင့် စပ်လျဉ်း၍ ကိုယ်ချင်းစာတတ်ပါစေ။

ဥပဒေသ အမှတ် ၁၀။ ။မြင့်မြတ်သော စိတ်ဓာတ်ကို ထိခိုက်အောင် လုပ်ပေးပါ။

ဥပဒေသ အမှတ် ၁၁။ ။သင်၏ အကြံအစည်များဖြင့် တစ်ဖက်သား၏ စိတ် အာရုံကို ဆွဲနိုင်အောင် ပြုပြင်ပေးပါ။

ဥပဒေသ အမှတ် ၁၂။ ။သူတို့၏ မခံချင်သောစိတ်ကို ဆွပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၄

## တစ်ဘက်သားကို
## မျက်မုန်းမကျိုး စိတ်မဆိုးစေဘဲ
## စိတ်ပြောင်းလာစေသော
## နည်း ၉ နည်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁

## အပြစ်ဆိုစရာ ရှိလာခဲ့ပါမူ

### ၈ ပါ ဤနည်း

ကယ်လဗင် ကူးလစ်[၁]သည် အမေရိကန်သမ္မတဖြစ်စဉ်က ကျွန်ုပ်၏ သူငယ်ချင်းတစ်ဦးသည် သမ္မတ၏ ဧည့်သည်အဖြစ်ဖြင့် အိမ်တော်တွင် တနင်္ဂနွေတစ်ပတ်မျှ နေခဲ့ဖူးလေသည်။ တစ်နေ့သ၌ သမ္မတ၏ အလုပ်ခန်းဘက်သို့ အမှတ်တမဲ့ လျှောက်သွားစဉ် 'ဒီနေ့မနက် ဝတ်လာတဲ့အဝတ်က တယ်လှပါကလားဟေ့၊ ဒီအဝတ်နဲ့မင်းနဲ့ သိပ်ကြည့်ကောင်းတာပဲ'ဟု သမ္မတသည် သူ၏ အတွင်းရေးမှူးမိန်းကလေးတစ်ဦးအား ပြောဆိုနေသံကိုကျွန်ုပ်၏ သူငယ်ချင်းသည် ကြားရလေသည်။

အလွန်စကားနည်းသော သမ္မတ ကူးလစ်သည် သူ၏ အတွင်းရေးမှူးတစ်ဦးကို ဤသို့ ချီးကျူးလိုက်ခြင်းမှာ အများဆုံး ချီးကျူးခြင်းပင် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ဤကဲ့သို့ ပြောပုံဆိုပုံမျိုးသည် မကြားစဖူး အလွန် ထူးခြားလှသောကြောင့် သူ၏ အတွင်းရေးမှူးသည် ရှက်ကိုးရှက်ကန်း ဖြစ်ပြီးလျှင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလေသည်။ ထိုအခါမှ 'ကိုင်းလေ၊ ကြောင်တောင်တောင် ဖြစ်မနေနဲ့တော့၊ မင်း စိတ်ရွှင်လာအောင်လို့ ဒီလို ပြောလိုက်တာ၊ မင်းကို ပြောချင်တာကတော့ ဒီနေ့ကစပြီး နောက်ကို စာအရေးအသားမှာ အဖြတ်အတောက်ကို ဂရုစိုက်စမ်းပါကွယ်'ဟု ကူးလစ်သည် ဆက်ပြောလေသည်။

၁။ Calvin Coolidge

www.burmeseclassic.com

www.burmeseclassic.com



သူ့နည်းမှာကား ရှင်းလွန်းအားကြီးသည်။ သို့ရာတွင် တစ်ဖက်သား၏ စိတ်ကိုမူကား အတော်ထိသောနည်း ဖြစ်လေသည်။ ကျွန်ုပ်တို့၏ ကောင်းကြောင်း ချီးကျူးသံများကို ကြားရပြီးနောက် ကျွန်ုပ်တို့၏ အပြစ်များကို ဖော်ပြလျှင် နားထောင်ရသည်မှာ စိတ်သက်သာရာ ရပေမည်ဖြစ်၏။

ဆတ္တာသည်တစ်ဦးသည် လူတစ်ယောက်အား မုတ်ဆိတ်မွေး မရိတ်မီ မုတ်ဆိတ်မွေးများကို ဆပ်ပြာဖြင့် ပွတ်ပေး၏။ ၁၈၉၆ ခုနှစ်က မက်ကင်လေး[၁] သည် သမ္မတရာထူးအတွက် ယှဉ်ပြိုင်အရွေးခံစဉ် ဤနည်းကိုပင် အသုံးပြုခဲ့လေသည်။ ထိုအချိန်အခါက သမ္မတဂိုဏ်းသား နာမည်ကြီးတစ်ဦးသည် ရွေးကောက်ပွဲတွင် စကားပြောရန်အတွက် စာတစ်ပုဒ်ကို ရေးသားထားလေသည်။ သူ ရေးသားထားသောစာကို ဆစ်ဆီရို[၂]၊ ပက်ထရစ် ဟင်နရီ[၃]၊ ဒယ်နီယယ် ဝက်ဘစတား[၄] စသော ကမ္ဘာကျော်စကားပြောကောင်းသူများ၏ စကားများအားလုံးပေါင်းထားခြင်းထက် အနည်းငယ်ပို၍ ကောင်းသေးသည်ဟု သူထင်၏။ ထို့ကြောင့် အလွန် ရွှင်လန်းဝမ်းမြောက်စွာဖြင့် သူ ရေးထားသော စကားကို မက်ကင်လေးသို့ ဖတ်ပြ၏။ သူ့စကားထဲတွင် ပွဲကျလောက်သောအချက်များ ပါ၏။ သို့ရာတွင် ထိုလောက်နှင့် မရသေး။ ထိုစကားကိုသာ ပြောချလိုက်လျှင် အတော်ဆူပွက်လာဦးမည်ဖြစ်၏။ ထို့ကြောင့် ထိုစကားကိုလည်း ပြောခွင့်မပေးချင်။ မပေးဘဲ နေချေက ထိုလူ၏ အလွန်တက်ကြွနေသောစိတ်ဓာတ်များကို ချိုးနှိမ် လိုက်သလို ဖြစ်မည်ကို စိုးရသေး၏။ မက်ကင်လေး လုပ်ပုံနည်းကို ကြည့်ကြဦးစို့။

'သူငယ်ချင်းရေ၊ သိပ်ကောင်းတာပဲဟေ့၊ ဒါထက် ကောင်းအောင် ဘယ်သူထပ်ပြီး ရေးနိုင်ဦးမလဲ၊ ဒီစကားမျိုးကိုပြောဖို့အချိန်အခါတွေ အများကြီး ရှိတယ်၊ အခုလိုအခါမျိုးနဲ့တော့ မတော်သေးဘူး ထင်တယ်၊ မင့်ဘက်ကနေ ကြည့်တော့ ဒီအချက်တွေဟာ အကုန်မှန်တာပဲ၊ သို့ပေမယ့် ဒီလိုပြောလိုက်ရင် ဘယ့်နှယ်ဖြစ်လာမယ်ဆိုတာ ပါတီဘက်ကနေပြီးတော့လဲ ကြည့်ရဦးမယ်၊ ကဲ အိမ်ပြန်ပြီးတော့ ငါ ရေးပေးလိုက်တဲ့အချက်တွေပါအောင် အသစ်တစ်ပုဒ် ပြင်ရေးခဲ့ကွာ'ဟု မက်ကင်လေးသည် ပြောပြီးလျှင်ထိုလူကို ပြန်လွှတ်လိုက်၏။

---

၁။ McKinley

၂။ Cicero

၃။ Patrick Henry

၄။ Daniel Webster

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် မက်ကင်လေး ပြောသည့်အတိုင်း အသစ် ပြန်ရေး၏။ ထိုအချိန်မှ အစပြု၍ ထိုသူမှာ ရွေးကောက်ပွဲတွင် စကားပြော အကောင်းဆုံး လူတစ်ယောက် ဖြစ်လာခဲ့လေသည်။

* * *

အောက်တွင် ဖော်ပြလတ္တံ့သောစာသည် သမ္မတမင်း အဗရာဟမ် လင်ကွန်း[၁] ရေးခဲ့သော ဒုတိယအကျော်ကြားဆုံး စာတစ်စောင်ဖြစ်လေသည်။ (သူ၏ ပထမအကျော်ကြားဆုံးစာသည် စစ်ပွဲတွင် သားငါးယောက်စလုံး ကျဆုံးသွားသောကြောင့် ဝမ်းနည်းသည့်အထိမ်းအမှတ်ဖြင့် သူတို့၏ မိခင်ဖြစ်သော မစ္စက် ဗစ်ကဗ်ဇီ[၂] ထံသို့ ရေးလိုက်သည့်စာ ဖြစ်လေသည်။ အဗရာဟမ် လင်ကွန်းသည် ထိုစာကိုရေးသည်မှာ ငါးမိနစ်လောက်သာ ကြာကောင်းကြာပေလိမ့်မည်။ သို့ရာတွင် ၁၉၂၆ ခုနှစ် လေလံပွဲတစ်ခုတွင် ထိုစာကို လေလံတင်၍ ရောင်းရာ ဒေါ်လာပေါင်း တစ်သောင်းနှစ်ထောင် ရရှိဖူးလေသည်။ အဗရာဟမ် လင်ကွန်းသည် အလုပ်ပင်ပန်းစွာလုပ်ပြီးနောက် အနှစ် ၅၀ စုသည့်တိုင်အောင် ထိုလောက် ငွေကို ရလိမ့်မည် မဟုတ်ပေ။)

ယခု ဖော်ပြမည်ဖြစ်သော သူ၏ ဒုတိယ အကျော်ကြားဆုံး စာကို အမေရိကန်ပြည်တွင်းစစ် သဲသဲမဲမဲ တိုက်ခိုက်နေရစဉ် ၁၈၆၃ ခုနှစ် ဧပြီလ ၂၆ ရက်နေ့က ရေးသားခဲ့လေသည်။ စစ်ဖြစ်၍ ၁၈ လလုံးလုံး လင်ကွန်း၏ စစ်ဗိုလ်ချုပ်များသည် တစ်ပွဲပြီးတစ်ပွဲစစ်ရှုံးလျက်ရှိကြ၏။ စစ်သားများလည်း အလွန်ကျဆုံးကြလေသည်။ တစ်နိုင်ငံလုံးလည်း အလွန် တုန်လှုပ်ချောက်ချား လျက် ရှိ၏။ စစ်သားများသည် စစ်တပ်များမှ ထွက်ပြေးကြရုံသာမက လင်ကွန်းကို ထောက်ခံလျက်ရှိကြသော ရီပတ်ဗလိကင်[၃] ဂိုဏ်းသား အထက် လွှတ်တော် အမတ်များသည် ထ၍ ဆူပူကြပြီးလျှင် လင်ကွန်းကို သမ္မတရာထူးမှ ဖြုတ်ပစ်ချင်ကြ၏။

'ကျွန်ုပ်တို့သည် ယခုအခါ အကြီးအကျယ် ပျက်စီးလုမတတ် ဖြစ်နေသည်၊ ဘုရားသခင်ကိုယ်တိုင် ကျွန်ုပ်တို့ဘက်တွင် မရှိတော့ဟု ကျွန်ုပ်ထင်မိ၏။

၁။ Abraham Lincoln ၂။ Mrs. Bixby
၃။ The republican

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်လုံးလုံး မရှိသလောက် ဖြစ်မိပါသည်' ဟူ၍ပင် လင်ကွန်းသည် ပြောဆိုဖူးလေသည်။

ထိုအချိန်အခါက သူရေးသောစာကို အဘယ့်ကြောင့် ဖော်ပြရသနည်း ဆိုသော် တစ်တိုင်းပြည်လုံး၏ နောင်ရေးသည် စစ်ဗိုလ်ချုပ်ကြီးတစ်ဦး၏ လုပ်ရည်ကိုင်ရည်ပေါ်၌ အမှီသဟဲပြုနေရသည့် အချိန်အခါတွင် အလွန်ခေါင်းမာသော ထိုစစ်ဗိုလ်ချုပ်ကြီးကို စိတ်ပြောင်းသွားအောင် ထိုစာသည် တတ်စွမ်းနိုင်သောကြောင့်ပင် ဖြစ်လေသည်။

သမ္မတဖြစ်ပြီးနောက် အဗရာဟင် လင်ကွန်း ရေးသော စာများထဲတွင် ဤစာသည် အပြင်းအထန်ဆုံးသော စာဖြစ်လေသည်။ သို့ပင်ဖြစ်သော်လည်း ထိုစာထဲတွင် အပြစ်ကြီးများကို ဖော်မပြမီ စစ်ဗိုလ်ချုပ်၏ ကောင်းကြောင်းများကို ချီးကျူးထားကြောင်း သင်သည် တွေ့ရပေလိမ့်မည်။

စစ်ဗိုလ်ချုပ်တွင် အပြစ်ကြီးများ ရှိသည်ကား မှန်၏။ သို့ရာတွင် ထိုအပြစ်ကြီးများကို အပြစ်ကြီးများဟူ၍ လင်ကွန်းသည် ထုတ်ဖော်မရေးချေ။ အပြစ်ကြီးများဟူ၍ ဆိုရမည့်အစား 'အသင့်အပေါ်တွင် ကျွန်ုပ်ကိုယ်တိုင်လုံးဝ ကျေနပ်ခြင်းမရှိနိုင်သော အချက်အချို့ရှိကြောင်း' ဟူ၍သာ ရေးသားလေသည်။ စကားသုံးပုံနှင့် ပရိယာယ်ကို ဂရုပြုပါ။

စစ်ဗိုလ်ချုပ် မေဂျာ ဂျင်နရယ် ဟုကား[၁] ထံသို့ အဗရာဟင် လင်ကွန်း ရေးပေးလိုက်သော စာကို အောက်တွင် ဖော်ပြလိုက်ပါသည်။

> ပိုတိုမက်စစ်တပ်[၂] ကိုအုပ်ချုပ်ရန် သင့်ကိုခန့်ထားသော သူသည် ကျွန်ုပ်ပင် ဖြစ်သည်။ အမှန်ပြောရလျှင် ဤကဲ့သို့ ခန့်ထားခြင်းအတွက် ကျွန်ုပ်၌ လုံလောက်သောအကြောင်းများဟု ထင်မှတ်နိုင်သောအချက်များ ရှိလေသည်။ သို့ရာတွင် အသင့်အပေါ်တွင် ကျွန်ုပ် ကိုယ်တိုင် လုံးဝ ကျေနပ်ခြင်းမရှိနိုင်သော အချက်အချို့ရှိကြောင်း သင်သိလျှင် ကောင်းလိမ့်မည်ဟု ကျွန်ုပ် ထင်ပါသည်။
>
> သင်သည် စွမ်းရည်သတ္တိနှင့် ပြည့်စုံသော စစ်သား တစ်ယောက် ဖြစ်ကြောင်းကို ကျွန်ုပ် ယုံကြည်၏။ အမှန်ပြောရလျှင် ထိုအတွက်ကြောင့်လည်း အသင့်ကို ကျွန်ုပ်သည် နှစ်သက်ပါ၏။ ထို့ပြင် သင်သည်

---

၁။ Major General Hooker

၂။ The Army of The Potomac

www.burmeseclassic.com

www.burmeseclassic.com



သင်၏ လုပ်ငန်းတွင် နိုင်ငံရေးကို အရောနှောမခံဟူ၍လည်း ကျွန်ုပ်ယုံကြည်ပါ၏။ ဤကဲ့သို့ ပြုလုပ်ခြင်းသည်လည်း မှန်သောလမ်းပင်ဖြစ်၏။ သင်သည် သင်၏အစွမ်းကို စိတ်ချယုံကြည်၏။ ထိုသို့စိတ်ချယုံကြည်ခြင်းသည် စစ်သားတစ်ယောက်တွင် မရှိလျှင် အရေးမကြီးသော်လည်း အလွန်အဖိုးထိုက်တန်သည့် အရည်အချင်းတစ်ခု ဖြစ်လေသည်။

သင့်မှာ မာနရှိလေသည်။ ဤသို့မာနရှိခြင်းသည် တော်ရုံတန်ရုံဆိုလျှင် အဆိုးထက် အကောင်းကို ဖြစ်နိုင်စေပါသည်။ သို့ရာတွင် စစ်တပ်ကို ဂျင်နရယ်ဗန်းဆိုက်[၁] အုပ်ချုပ်စဉ်က သင်၏မာန ဆွဲဆောင်ရာသို့ အသင် လိုက်ပြီးလျှင် ဗန်းဆိုက် လက်နှင့် ရေးသမျှကို ခြေနှင့်ဖျက်သောကြောင့် သင်သည် တစ်တိုင်းပြည်လုံးကို နစ်နာအောင် ပြုလုပ်လိုက်ရုံမျှမက သင်နှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် အလွန်မြင့်မြတ်၍ အလေးပြုထိုက်သော စစ်ဗိုလ်တစ်ဦးကိုလည်း အလွန်နစ်နာအောင် လုပ်လိုက်လေသည်။

အစိုးရအဖွဲ့နှင့် စစ်တပ် နှစ်ခုစလုံးတွင် အာဏာရှင် တစ်ဦးလိုသည်ဟူ၍ များမကြာမီက သင်ကိုယ်တိုင် ထုတ်ဖော်ပြောဆိုသည်ဟုယုံကြည်လောက်သော ဌာနမှ ကျွန်ုပ် ကြားသိရသည်။ အမှန်ပြောရလျှင် သင်ပြောသည့်အတိုင်း အာဏာရှင် တစ်ဦး လို၍ မဟုတ်။ မလိုသောကြောင့်သာလျှင် စစ်တပ်ကိုအုပ်ချုပ်ရန် သင့်အား ခန့်ထားလိုက်ခြင်းဖြစ်ပေသည်။

စစ်နိုင်သော စစ်ဗိုလ်ချုပ်များသာလျှင် အာဏာရှင်များ အဖြစ်အုပ်စိုးနိုင်လေသည်။ သင့်ထံမှ ကျွန်ုပ် မျှော်လင့်သည်မှာ အသင်စစ်ပွဲနိုင်ရန်ပင် ဖြစ်လေသည်။ စစ်နိုင်သောကြောင့် သင် အာဏာရှင်ဖြစ်လာလျှင် ဖြစ်ပါစေ။ ကျွန်ုပ်တွင်ရှိသောအာဏာကို အဆုံးခံရဲပါသည်။

အခြားစစ်ဗိုလ်ချုပ်များကို ထောက်ခံအားပေးသည်ထက် လျှော့လည်း မလျှော့ ပိုလည်း မပိုစေဘဲ သင့်ကို အားပေးရန် အစိုးရအဖွဲ့သည် အစွမ်းကုန်ကြိုးစားမည်ဖြစ်၏။ သင် စစ်ဗိုလ်ချုပ် မဖြစ်မီက စစ်ဗိုလ်ချုပ်များကို လက်အောက်ခံ အရာရှိများက အယုံအကြည် ကင်းမဲ့အောင်

---

၁။ General Burnside

www.burmeseclassic.com



သင်ကိုယ်တိုင်လှူဒါန်းဆောင်ပေးသောစိတ်ဓာတ်သည် သင် စစ်ဗိုလ်ချုပ်ဖြစ်လာသောအခါ သင့်ကိုပင် ပြန်၍ ဒက္ခပေးတော့မည်ဟု ကျွန်ုပ်စိုးရိမ်မိ၏။ ဤစိတ်ဓာတ်မျိုး လုံးဝပျောက်ကွယ်သွားအောင် နှိမ်နင်းရာ၌ သင့်ကို ကျွန်ုပ် တတ်အားရှိသရွေ့ ကူညီမည်။

စစ်တပ်ထဲ၌ ဤလိုစိတ်ဓာတ်မျိုးရှိနေသရွေ့ ကာလပတ်လုံး သင်ဖြစ်စေ နပိုလီယန်[၁] အသက်ရှင်နေသေးလျှင်လည်း နပိုလီယန်ပင်ဖြစ်စေကာမူ ဤစစ်တပ်မျိုးမှ မည်သည့် အကောင်းကိုမျှ ရအောင် လုပ်နိုင်မည် မဟုတ်ပေ။ စိတ်လိုက်မာန်ပါ ပြုလုပ်ခြင်းကို ကြပ်ကြပ် သတိထားပါ။ သို့ရာတွင် မလျှော့သော လုံ့လဝီရိယဖြင့် ရှေ့သို့ ချီတက်ပြီးလျှင် ကျွန်ုပ်တို့အား အောင်မြင်ခြင်းကို ပေးပါလော့။

သင်သည်လည်း ကူးလစ် မဟုတ်၊ မက်ကင်လီလည်းမဟုတ်၊ လင်ကွန်းလည်း မဟုတ်။ ထို့ကြောင့် နေ့စဉ်နေ့တိုင်းလုပ်နေရသော သင်၏ အလုပ်များတွင် ဤနည်းမျိုးကို စမ်း၍ ရ မရကို သင်သိချင်ပေလိမ့်မည်။ ကဲ ကြည့်ကြရအောင်။ ရှေးဦးစွာ ဖီလဒယ်ဖီးယားမြို့ရှိ ဝပ်ကုမ္ပဏီ[၂]၏ ကိုယ်စားလှယ် ဒဗလျူ ပီဂေါ်[၃]၏ အကြောင်းကို ကြည့်ကြစို့။ မစ္စတာဂေါ်သည် သင်နှင့် ကျွန်ုပ်တို့ကဲ့သို့ ရိုးရိုးအရပ်သား ဖြစ်လေသည်။ ဖီလဒယ်လဖီးယားတွင် ကျွန်ုပ်၏ အတန်းများကို ဖွင့်လှစ်စဉ်က မစ္စတာဂေါ်လည်း လာရောက် သင်ကြားဖူး၏။ အောက်ပါ အကြောင်းများကို အတန်းသားများအား ပြောပြဖူးလေသည်။

ဖီလဒယ်လဖီးယားတွင် အလုပ်တိုက်ကြီးတစ်တိုက်ကို ချိန်းသောနေ့တွင် အပြီးအပ်ရန် ဝပ် ကုမ္ပဏီသည် လက်ခံလိုက်၏။ အဆောက်အအုံတစ်ခုလုံး ချောချောမောမောပြီးခါနီးမှ အဆောက်အအုံရှေ့တွင် အလှတပ်ဆင်ရန် ကြေးနီ တန်ဆာပလာကို သွင်းရမည်ဖြစ်သော ကန်ထရိုက်တာသည် ချိန်းထားသည့် အချိန်တွင် သူ့ပစ္စည်းများကို ရောက်အောင်မပို့နိုင်ဟူ၍ ရုတ်တရက် အကြောင်းကြားလေသည်။ သူတစ်ယောက်အတွက်နှင့် တစ်တိုက်လုံး အလုပ်ရပ်ထားရပေတော့မည်။ ဤသို့ရပ်ထားရ၍ အချိန်နှင့်မပြီးလျှင် လျော်ကြေးငွေအများကြီး လျော်ရပေတော့မည်။ ဤလိုသာ လျော်ရလျှင် အကြီးအကျယ်ရှုံးတော့မည်။

---

၁။ Napoleon

၂။ The Wark Company

၃။ W.P. Gaw

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်တို့ကုမ္ပဏီမှ အဝေးပြေး စကားပြောကြေးနန်းနှင့် ထိုလူ့ထံသို့ စကားပြောရ၏။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ငြင်းခုံကြ၏။ ဆူပူကြ၏။ သို့ရာတွင်ဘယ်နည်းနှင့်မျှ သူ့ပစ္စည်းများကို အချိန်မီရရှိအောင် မကြိုးစားနိုင်ကြချေ။ ထို့ကြောင့် ထိုလူ့ခွစာကို ပျားရည်နှင့် ဝမ်းချရန်အတွက် မစ္စတာ ဂေါကို နယူးယောက်သို့ လွှတ်လိုက်၏။

'ဦးလိုနာမည်မျိုး ဘရုကလင်မှာ ဦးတစ်ယောက်တည်းသာ ရှိတယ်ဆိုတာ ဦး သိပါရဲ့လား' ဟူ၍ ထိုလူ့ အခန်းထဲသို့ ဝင်လျှင်ဝင်ချင်း မစ္စတာဂေါသည် စကားစလေသည်။

'ဟင့်အင်း မသိဘူး'

'ဒီနေ့မနက် မီးရထားက အဆင်းမှာ ဦးရဲ့လိပ်စာကို သိချင်တာနဲ့ တယ်လီဖုန်းစာအုပ်ထဲမှာ ရှာတော့ ဦးလိုနာမည်မျိုး ဦးတစ်ယောက်တည်းသာ ရှိတဲ့အကြောင်း တွေ့ရပါတယ်'

'ဟင့်အင်း အမှတ်တမဲ့ပဲ၊ ဂရုမစိုက်မိဘူး'

ထို့နောက် ထိုလူသည် တယ်လီဖုန်းစာအုပ်ကို စိတ်ပါလက်ပါနှင့် ယူ၍ကြည့်၏။ ထိုနောက်မှ စကားကိုဆက်၍ 'ဟုတ်တယ်၊ ကျုပ်ရဲ့ နာမည်က တော်တော်ထူးတဲ့ နာမည်ဗျ၊ ကျုပ်တို့ ဘိုးဘွားတွေဟာ နှစ်ပေါင်း ၂၀၀ ကျော်လောက်ကတည်းက နယူးယောက်ကို ဟော်လန် ^၁ ကပြောင်းလာခဲ့ကြတာ' ဟု သူ့ အမျိုးပေါ်တွင် ဂုဏ်ယူသောလေသံနှင့် အစချီပြီးနောက် ထိုဆွေစဉ် မျိုးဆက်တို့၏အကြောင်းကို အတော်ကြာအောင် ဆက်၍ ပြောနေ၏။ သူ ပြော၍ ပြီးသောအခါ မစ္စတာဂေါသည် သူရောက်ခဲ့ဖူးသော အခြားစက် များနှင့်စာလျှင် ထိုလူ၏ စက်သည် အလွန် ကြီးမားကြောင်း၊ ထို့ပြင်လည်း အသန့်ရှင်းဆုံး အသေသပ်ဆုံးဖြစ်ကြောင်းတို့ကို ချီကျူးလျက် ရှိ၏။

'ဒီလိုအခြေအနေမျိုးရောက်လာအောင် ကျုပ် တစ်သက်လုံး ကြိုးစားပြီး တည်ထောင်ခဲ့ရတာပဲ၊ ဒါကြောင့်မို့လို့ ကျုပ်အလုပ်ပေါ်မှာ ကျုပ် တော်တော် ဂုဏ်ယူပါတယ်၊ စက်ထဲကို လျှောက်ကြည့်ရအောင် လာလေ'

လျှောက်ကြည့်နေစဉ် စက်ဆောက်ထားပုံ သပ်ရပ်ကြောင်း၊ ဘာဖြစ်လို့ ဘယ့်နှယ်ကြောင့် သူ့စက်ကထွက်သော ပစ္စည်းများသည် အခြားစက်များက ထွက်သော ပစ္စည်းများထက် အမျိုးသာကြောင်း အစရှိသည်တို့ကို မစ္စတာဂေါ

---

၁။ Holland

www.burmeseclassic.com

www.burmeseclassic.com



လည်း ချီးကျူးလျက်ရှိ၏။ ထူးထူးခြားခြား ဆောက်လုပ်ထားသော အချို့စက်များကို တွေ့ရ၍ မစ္စတာဂေါက ချီးမွမ်းသောအခါ ထိုစက်သည် သူကိုယ်တိုင်ထွင်ပြီး ဆောက်ထားတာဟု ထိုလူသည် ပြန်၍ ဖြေ၏။ စက်လည်ပုံ အခြားစက်များထက် ပစ္စည်းကောင်းများ အဘယ့်ကြောင့် ထွက်ရပုံတို့ကို မစ္စတာဂေါအား အချိန်အတော်ယူ၍ ပြသလျက်ရှိ၏။ ထိုသို့ပြသပြီးနောက် မစ္စတာဂေါကို နေ့လယ်စာ သူနှင့်အတူစားရန် အတင်းဖိတ်ကြား၏။ ထိုအချိန်အခါထိအောင် လာရသည့် ကိစ္စအကြောင်းနှင့်စပ်လျဉ်း၍ မစ္စတာဂေါသည် တစ်လုံးတစ်ပါဒမျှ မပြောသေးကြောင်းကိုလည်း သတိပြုပါ။

နေ့လယ်စာစားပြီးသောအခါ ထိုလူကပင် စတင်၍ 'ကဲ ကျုပ်တို့ အလုပ်အကြောင်းနှင့်စပ်လျဉ်းပြီး စကားပြောကြရအောင်၊ ခင်ဗျား ဒီကိုဘာကိစ္စနဲ့ လာတယ်ဆိုတာ ကျုပ် သိပါတယ်၊ ခင်ဗျားနဲ့ တွေ့စက တစ်ဦးနဲ့တစ်ဦး ဒီလို အပေါက်အလမ်း တည့်သွားကြလိမ့်မယ်လို့ ကျုပ် မမျှော်လင့်ခဲ့ဘူး၊ ကောင်းပြီ၊ ခင်ဗျား ဖီလဒယ်လ်ဖီးယားကို ပြန်သွားပေတော့၊ ကျုပ် ကတိပေးလိုက်မယ်၊ သည့်ပြင်အမှာစာတွေကို ဆိုင်းချင်ဆိုင်းထားရပါစေ၊ ခင်ဗျားတို့ ပစ္စည်းကိုတော့ ချိန်းထားတဲ့ရက်ကို ရောက်အောင် ကျုပ်ဆက်ဆက် ပို့လိုက်မယ်' ဟု မစ္စတာဂေါကို ပြောလေသည်။

မပြောရဘဲနှင့် မစ္စတာဂေါသည် သူလိုသည့်အရာအားလုံးကို ရရှိ၏။ ပစ္စည်းများလည်း အချိန်မီရောက်လာ၍ အဆောက်အအုံသည်လည်း ရက်ချိန်းအတိုင်း ဆောက်၍ ပြီးစီးသွားလေသည်။

အကယ်၍သာ မစ္စတာဂေါသည် ဒီလိုကိစ္စမျိုးတွင် ခါတိုင်းအသုံးပြုလျက်ရှိကြသည့် တုတ်တစ်ပြက် ဓားတစ်ပြက် နည်းတို့ကို အသုံးပြုလျှင် သူ လိုသည့်အမှုအရာမျိုးကို ရနိုင်ပါမည်လော။

**တစ်ဖက်သားကို မျက်မှန်းမကျိုး စိတ်မဆိုးစေဘဲ စိတ်ပြောင်းလာအောင် လုပ်လိုလျှင် ဥပဒေသ အမှတ် ၁ သည်**

**ချီးမွမ်းခြင်း၊ ရိုးသားစွာ ချီးကျူးခြင်းတို့ဖြင့် စ၍ ပြောပါ။**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

## အမုန်း အဖတ်မတင်စေသော ဝေဖန်နည်း

ချားလ် ရွှပ်သည် တစ်နေ့သ၌ သူ၏ သံမဏိစက်ရုံတစ်ရုံကိုဖြတ်၍ လျှောက်သွားစဉ် ဆေးလိပ်သောက်နေကြသော သူ၏ အလုပ်သမားတစ်စုကို တွေ့ရလေသည်။ သူတို့၏ ခေါင်းပေါ်တည့်တည့်တွင် 'ဆေးလိပ်မသောက်ရ'ဟု ရေးထားသော ဆိုင်းဘုတ်တစ်ခုရှိ၏။ ချားလ်ရွှပ်သည် ထိုဆိုင်းဘုတ်ကို လက်ညှိုးထိုးပြပြီးလျှင် 'ဟေ့ကောင်တွေ မင်းတို့ ဒီစာကို မဖတ်တတ်ဘူးလား' ဟူသော လေသံဖြင့် ငေါက်ငမ်းခြင်း ပြုသလား၊ မလုပ်ပါ။ ချားလ်ရွှပ်သည် ဤကဲ့သို့ ပြောဆိုမည့် လူစားမျိုး မဟုတ်ပါ။ သူသည် ဆေးလိပ်သောက်နေကြသော အလုပ်သမားများ ရှိရာသို့ သွားပြီးလျှင် ဆေးလိပ် တစ်လိပ်စီ ပေးပြီး 'ကိုင်း မောင်တို့၊ ဟောဒီ ဆေးလိပ်တွေကို အပြင်ဘက်မှာထွက်သောက်မယ်ဆိုရင် ဆရာ သိပ် သဘောကျမှာပဲ'ဟု ပြောလေသည်။ သူ့တို့ အပြစ်တစ်ခုကျူးလွန်နေမှန်းကို သူတို့ ဆရာ သိသည်ဟု သူတို့လည်းကောင်းစွာ နားလည်ကြလေသည်။ သူတို့ကို အပြစ်နှင့် စပ်လျဉ်း၍ ဘာမျှမပြောဘဲ ဆေးလိပ်များကိုပင် လက်ဆောင်ပေးပြီးလျှင် သူတို့ကိုပင် သွေးကြီးအောင်လုပ်ပေးသဖြင့် ချားလ်ရွှပ်၏ လုပ်ပုံကို ချီးမွမ်းကြ၏။ ထိုကဲ့သို့ လူမျိုးတစ်ဦးကို သူတို့သည်မချစ်ခင်ဘဲ မနေနိုင်။ သင်ကော နေနိုင်ပါမည်လော။

ဂျွန် ဝါနာမေကား[၁]သည်လည်း ဤနည်းကို အသုံးပြုခဲ့ဖူးလေသည်။ ဖီလဒယ်လ်ဖီးယားရှိ သူ၏ တိုက်ဆိုင်ကြီး အတွင်းတွင် နေ့စဉ်နေ့တိုင်း ဟိုဟိုသည်သည် လျှောက်ကြည့်တတ်၏။ တစ်နေ့သ၌ ဝယ်သူမိန်းမတစ်ဦးသည် ပစ္စည်းတစ်ခုဝယ်ချင်၍ မတ်တတ်ရပ်နေသည်ကို သူ တွေ့ရ၏။ ဈေးရောင်း

---

၁။ John Wanamaker

www.burmeseclassic.com

www.burmeseclassic.com



သမားများအနက် မည်သူတစ်ဦးတစ်ယောက်မျှ ထိုမိန်းမကို အဖက်မလုပ်ကြချေ။ ထိုမိန်းမနှင့် ခပ်လှမ်းလှမ်း နေရာတစ်ခုတွင် သူတို့ဘာသာစု၍ ရယ်လား မောလားနှင့် စကားပြောနေကြ၏။ ဝါနာမေကားသည် သူ၏ အလုပ်သမား များအား မည်သို့မျှ မပြောဘဲ ဝယ်သူ ရှိရာသို့ ဖြည်းညင်းစွာ လျှောက်သွားပြီးလျှင် အလိုရှိသောအရာကို သူကိုယ်တိုင်ယူ၍ ရောင်းလိုက်၏။ ရောင်းပြီးမှ ထိုပစ္စည်းကို ထုပ်ရန် သူ၏ အလုပ်သမားများသို့ပေးပြီးလျှင် အခြားနေရာသို့ထွက်သွား လေသည်။

* * *

၁၈၈၇ ခုနှစ် မတ်လ ၈ ရက်နေ့တွင် စကားပြောကောင်းသူ ဟင်နရီ ဝပ် ဗီချား[၁] သည် ဘဝတစ်ပါးသို့ ပြောင်းသွား၏။ နောက် တနင်္ဂနွေနေ့တွင် ဗီချား ကွယ်လွန်သွားသဖြင့် လစ်လပ်နေသော တရားစင်ပေါ်တွင် တရားဟောရန် လိုင်မင် အက်ဘော့[၂] ကို ဖိတ်ကြားလေသည်။ အကောင်းတကာ့အကောင်းဆုံး ဖြစ်နိုင်ရန် အထူးဂရုစိုက်၍ အမျိုးမျိုးပြင်ရေးလျက် ရှိ၏။ ထိုသို့ရေးပြီးနောက် ထိုတရားစာကို သူ့မိန်းမအားဖတ်ပြ၏။ ရေးပြီးဟောသော တရားစာများသည် ညံ့တတ်သည့်အတိုင်း လိုင်မင်၏ တရားစာမှာလည်း ညံ့၍နေ၏။ အကယ်၍သာ သူ၏ မိန်းမသည် အမြော်အမြင် အဆင်ခြင်နည်းသူတစ်ဦးဖြစ်ခဲ့လျှင် 'လိုင်မင် ရှင့်တရားစာကြီးကလဲ ဖြစ်နေလိုက်တာ၊ ဒါမျိုးနဲ့ဟောလို့ ဘယ်နေရာကျမလဲ၊ တရားနာ ပရိသတ်တွေ အိပ်ချင်အောင်တော့ မလုပ်ပါနဲ့ရှင်၊ ရှင့်ဟာက သပိတ်သံ အိတ်သံ သိပ်ပါတာပဲ၊ တရား ဟောနေတာ ဒီလောက် ကြာမှပဲ ဘယ်တရားမျိုးကို ဟောရမယ်ဆိုတာ သိဖို့ ကောင်းပါပြီ၊ ဘာဖြစ်လို့ စကား လွယ်လွယ်တွေကိုရှာပြီး ပြောချင်ရတာလဲ၊ ဒီလိုတရားမျိုးကိုသာ ကြပ်ကြပ်ဟော ရှင်တော့ နာမည်ပျက်နေလိမ့်မယ်' အစရှိသည်ဖြင့် သူ့ယောကျ်ားကို ဆူပွက် ပေလိမ့်မည်။

ဒီလိုစကားမျိုးကိုသာပြောလိုက်လျှင် ဘာဖြစ်မယ်ဆိုတာကို သင်အသိ သားပဲ။ ထိုအကြောင်းကို သူ့မိန်းမလည်း ကောင်းစွာ သိ၏။ ထို့ကြောင့်

---

၁။ Henry Ward Beecher

၂။ Lyman Abbot

www.burmeseclassic.com

www.burmeseclassic.com



သူ့တရားစာကို နားထောင်ပြီးလျှင် 'အင်း 'နော့အမေရိကန် ရီဗျူး'[၁] အတွက် ဆောင်းပါးတစ်စောင်အနေနဲ့ ပို့လိုက်ရရင်သိပ်ကောင်းမှာပဲ' ဟူ၍သာ ပြောပြလိုက်လေသည်။ ထိုမိန်းမ၏ စကားကို အဓိပ္ပာယ်ကောက်ရလျှင် ရှေးဦးစွာ ချီးမွမ်းပြီးမှ ထိုတရားစာဟောလျှင် မသင့်လျော်ကြောင်း သွယ်ဝိုက်သည့်နည်းဖြင့် ပြောပြကြောင်း တွေ့ရမည် ဖြစ်၏။ လိုင်မင် အက်ဘော့လည်း အဓိပ္ပာယ်ကို ကောင်းစွာ သဘောပေါက်သွားသဖြင့် ရေးထားသောစာရွက်ကို ဆုတ်ပစ်လိုက်ပြီးလျှင် မည်သည့်စာရွက်စာတမ်းကိုမျှ မကြည့်ဘဲ အလွတ်ဟောလေသည်။

**တစ်ဖက်သားကို မျက်မုန်းမကျိုး စိတ်မဆိုးစေဘဲ စိတ်ပြောင်းလာအောင် လုပ်လိုလျှင် ဥပဒေသ အမှတ် ၂ သည်**

**တစ်ဖက်သားတို့၏ အပြစ်များကို သွယ်ဝိုက်သောနည်းဖြင့်သာ သတိရအောင် လုပ်ပါ။**

---

၁။ The North American Review

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၃

## သင်၏ အပြစ်များကို ရှေးဦးစွာ ဖော်ပြပါ

နှစ်ပေါင်း အနည်းငယ်ခန့်က ကျွန်ုပ်၏ တူမ ဂျိုးဆက်ဖင် သည် ကျွန်ုပ်၏ အတွင်းရေးမှူး အဖြစ်ဖြင့် နယူးယောက်မြို့တွင် ကျွန်ုပ်နှင့်အတူ လာ၍နေလေသည်။ ထိုအခါက ဆယ်တန်း အောင်ပြီးသည်မှာ သုံးနှစ်သာ ရှိသေး၍ သူ၏ အသက်မှာ ဆယ့်ကိုးနှစ် ဖြစ်၏။ သူ၏ လုပ်သက်ဆိုလျှင် ဗလာနတ္ထိ ဖြစ်၏။ ယနေ့မှာမူကား စူးအက်[၁]တူးမြောင်း၏ အနောက်ဘက် တစ်လွှားတွင် အတော်တကာ့အတော်ဆုံး အတွင်းရေးမှူးတစ်ဦး ဖြစ်၍ နေလေပြီ။ သို့ရာတွင် ကျွန်ုပ်နှင့် အတူတူ လာ၍နေစဉ်က လုပ်သက်မရှိသေးသော်လည်း တတ်ချင်သော စိတ်ကြောင့် အသင်ရ လွယ်ကူလေသည်။ တစ်နေ့သ၌ အလုပ် တစ်ခုကို ကျွန်ုပ် စိတ်သဘောနှင့် မတွေ့သောကြောင့် ကြိမ်းမောင်းမိမည်ရှိရာ 'ခဏနေဦး ဒေးကာနက်ဂျီ၊ ခဏနေဦး၊ မင်းဟာ ဂျိုးဆက်ဖင်ထက် အသက်မှာဆိုလဲ နှစ်ဆလောက် ကြီးတယ်၊ အလုပ်သက်မှာဆိုလဲ အဆပေါင်းတစ်သောင်းလောက် ပိုတယ်၊ အဲဒီတော့ သူဟာ မင်းလို ဘယ်မှာ တော်နိုင်ပါ့မလဲ၊ ဟော့ ဒေး၊ နောက်ပြီး ခဏနေဦးကွ၊ မင်းဟာ အသက် ဆယ့်ကိုးနှစ်လောက်တုန်းက ဘာဖြစ်ခဲ့သလဲ၊ အဲဒီတုန်းက မင်းလုပ်ခဲ့တဲ့ အမှားတွေကို မင်း ပြန်သတိရသေးရဲ့လား၊ ဟိုအမှားတွေ လုပ်ခဲ့၊ ဒီအမှားတွေ လုပ်ခဲ့တာတွေကော သတိရသေးရဲ့လား' အစရှိသည်ဖြင့် ကျွန်ုပ်ကို ကျွန်ုပ် ပြန်၍ ဆုံးမလိုက် ရှိ၏။

---

၁။ Suez

www.burmeseclassic.com

www.burmeseclassic.com



အသေအချာပြန်၍ စစ်ဆေးကြည့်သောအခါ အမှန်စင်စစ်ပြောရလျှင် ဂျိုးဆက်ဖင်း၏ လုပ်ရည်ကိုင်ရည်မှာ ကျွန်ုပ် ဆယ့်ကိုးနှစ်အရွယ်တုန်းကထက် သာပေသေးသည်။

ထို့ကြောင့် ဂျိုးဆက်ဖင်း၏ အမှား တစ်ခုခုကို ပြင်ချင်သောအခါ 'တူမရေ၊ ဟောဒါကလေးတော့ မှားနေကယ်ဟေ့၊ အေးကွာ၊ ဒါတွေဟာ ငါ မှားတာတွေလောက်တော့ မဆိုးသေးပါဘူး၊ အမှား အမှန်ဆုံးဖြတ်နိုင်တဲ့ဉာဏ် ဆိုတာ မွေးကတည်းက ခေါင်းမှာ ကပ်ပါလာတာမျိုးမှ မဟုတ်ဘဲ၊ လုပ်ရင်း ကိုင်ရင်းမှ ဒီဉာဏ်မျိုးကို တဖြည်းဖြည်း ရလာတာပဲ၊ ဦးလေးလဲ တူမတို့ အရွယ်တုန်းက ဒါ့ထက် ဆိုးသေးတာပဲ၊ ကိုယ်ကိုယ်တိုင် အမှားမှား အယွင်းယွင်း ဖြစ်ခဲ့ဖူးတာတွေ များလွန်းလို့ တူမကိုဖြစ်ဖြစ် ဘယ်သူ့ကိုပဲ ဖြစ်ဖြစ် ခများဖြင့် အပြစ်မပြောချင်တော့ပါဘူးကွယ်၊ အေးကွယ် ဟောဒါလေးကို ဒီလို ပြင်လိုက်ရင် ပိုပြီး မကောင်းပေဘူးလား' အစရှိသည်ဖြင့် ကျွန်ုပ်သည် ပြောပြ၏။

အကယ်၍ သင့်ကို အပြစ် ပြောချင်သောသူ တစ်ဦးသည် သင့်ကို အပြစ်မပြောမီ သူ၏ အပြစ်များကို ရှေးဦးစွာ ဝန်ခံထားလျှင် သင်၏ အပြစ်များကို ပြောသောအခါ သင့်တွင် နားဝင်ဆိုးလှကော့မည် မဟုတ်ပေ။

*　　　*　　　*

၁၉၀၉ ခုနှစ်လောက်က ဂျာမန်မင်းသားကြီး ဗွန်ဘူးလို[၁]သည် ဤနည်းကို အသုံးပြုရန်အရေးတကြီးလိုကြောင်း သိရှိခဲ့ဖူးလေသည်။ ထိုအခါက သူသည် ဂျာမနီပြည်၏ နန်းရင်းဝန်ကြီးဖြစ်၍ ထိုစဉ်အခါက ဂျာမန် ဘုရင်သည် ကိုင်ဇာ[၂] ခေါ် ဒုတိယဝီလဟမ်[၃] ဘုရင်ဖြစ်လေသည်။ ထိုဘုရင်သည် မာန အလွန်ကြီးလေသည်။ သူ့လက်ထက်တွင် ကမ္ဘာပေါ်၌ အကြီးဆုံးရေတပ်နှင့် ကုန်းတပ်ကို တည်ထောင်မည်ဟူ၍လည်း ကြုံးဝါးခဲ့ဖူး၏။

များမကြာမီ အကြောင်းထူးတစ်ခု ပေါ်လာလေသည်။ ထိုကိုင်ဇာဘုရင်သည် ယုံကြည်နိုင်လောက်စရာ မရှိသော စကားများကို ထုတ်ဖော်ပြောဆိုရာ

၁။ Von Bulow

၂။ Kaiser

၃။ Wilhelm

www.burmeseclassic.com

www.burmeseclassic.com



ဥရောပတိုက် တစ်တိုက်လုံးသာမက တစ်ကမ္ဘာလုံး ဆူပွက် လာလေသည်။ ထို့ထက် ပိုဆိုးခြင်းသည်ကား အခြားမဟုတ်။ အဆိုပါစကားများကို သူ့တိုင်းပြည်တွင် မဟုတ်ဘဲ အင်္ဂလန်ပြည်တွင် ဧည့်သည်တော်အဖြစ်နှင့် သွားရောက်လည်ပတ်စဉ် ပြောကြားမိသောကြောင့်ပင် ဖြစ်လေသည်။ ထိုမျှမကသေး၊ သူ့စကားများကို ဒေလီ တယ်လီဂရပ်[၁] သတင်းစာထဲတွင် ပုံနှိပ်ရန် ခွင့်ပေးခဲ့သေး၏။ သူပြောသော စကားများမှ ကောက်နုတ်၍ အကျဉ်းချုပ်ပြောရလျှင် အင်္ဂလိပ်တွေအပေါ်တွင် စိတ်ကောင်းရှိသော တစ်ဦးတည်းသောဂျာမန်လူမျိုးမှာ သူပင် ဖြစ်ကြောင်း၊ ရေတပ်ကိုအကြီးအကျယ် ဆောက်လုပ်လျက်ရှိခြင်းမှာလည်း ဂျပန်၏ရန်ကို ချိုးနှိမ်ရန်အတွက် ဖြစ်ကြောင်း၊ ရုရှားနှင့် ပြင်သစ် နှစ်ပြည်ပူးပေါင်း၍ အင်္ဂလန်ကို ပျက်စီးအောင်ကြံစည်ခဲ့ရာ သူတစ်ဦးတည်းကသာ အင်္ဂလန်ကို အဆိုပါ ဘေးဆိုးမှ လွတ်ကင်းအောင် ကယ်ဆယ်ခဲ့ရကြောင်း၊ အာဖရိက တောင်ပိုင်းတွင် ဘိုဝါး[၂] များနှင့် အင်္ဂလိပ်တို့သည် စစ်ဖြစ်စဉ်က အင်္ဂလန်ပြည်၏ စစ်ဗိုလ်ချုပ်ကြီးသည် ဘိုဝါးများကို နိုင်အောင် စစ်ဆင်ပုံမှာ သူ့စစ်ဆင်ပုံပင်ဖြစ်ကြောင်း အစရှိသည်ဖြင့် ရောက်တတ်ရာရာတို့ကို လျှောက်၍ ပြောခဲ့လေသည်။

နှစ်ပေါင်းတစ်ရာအတွင်း ထိုကဲ့သို့စကားမျိုးကို စစ်မဖြစ်သည့် အချိန်အခါတွင် မည်သည့် ဥရောပတိုက်ရှိ မည်သည့် ရှင်ဘုရင်ကမျှ မပြောဖူးချေ။ ဥရောပ တစ်တိုက်လုံး ဆူပွက်လျက် ရှိ၏။ အင်္ဂလန်ပြည်ကလည်း အတော်စိတ်ဆိုး၏။ ဂျာမနီပြည်ရှိ နိုင်ငံပြု သုခမိန်များလည်း အတော်အံ့အားသင့်လျက်ရှိကြ၏။ ထိုသို့ ပွက်လောထလာသဖြင့် ကိုင်ဇာသည် လန့်လာသောကြောင့် သူ၏ နန်းရင်းဝန် ဗွန်ဘူးလိုအား သူ့အတွက် တန်ဆာခံရန် ပြော၏။ ဗွန်ဘူးလို ကိုယ်တိုင်က ကိုင်ဇာပြောသမျှ စကားတို့သည် သူ အပြောခိုင်းသော စကားများဖြစ်သောကြောင့် အားလုံးအတွက် သူ တာဝန်ယူသည်ဟု ထုတ်ပြန်ကြေညာစေချင်၏။

ထိုအခါ 'လျှောက်ထားဝံ့ပါသည် ဖုရား၊ ဤကဲ့သို့ စကားမျိုးကို အရှင်ဖုရား ပြောအောင် ဖုရားကျွန်တော်မျိုး တိုက်တွန်းနိုင်လိမ့်မယ်လို့ ဂျာမနီပြည်မှာကော၊ အင်္ဂလန်ပြည်မှာကော ဘယ်ပြည်ကမှ ယုံကြည်ကြမယ် မဟုတ်ပါဘူး ဖုရား'ဟု ဗွန်ဘူးလိုသည် လျှောက်ထား၏။

---

၁။ The Daily Telegraph ၂။ Boer

www.burmeseclassic.com

www.burmeseclassic.com



ဤစကားကို လျှောက်ထားပြီးလျှင် ပြီးချင်း မှားသွားပြီဟု နန်းရင်းဝန် ဗွန်ဘူးလို သိ၏။ ကိုင်ဇာဘုရင်လည်း ဒေါသအမျက် ဟူးဟူးထွက်သည့်အလျောက် 'မင်းက ငါ့ကို မင်းတောင် မလုပ်တဲ့ အမှားတွေကို လုပ်တတ်တဲ့ နွားမှတ်လို့လား' ဟု မိန့်၏။

ဗွန်ဘူးလိုလည်း အပြစ်တင် အလျှင်မစောဘဲ စ၍ ချီးမွမ်းသင့်ကြောင်း နောက်မှ သိရ၏။ ထို့ကြောင့် ပြောလည်းပြောပြီးပြီဖြစ်၍ မတတ်သာတော့ဘဲ ဖြစ်သမျှအကြောင်း အကောင်းဆုံးဖြစ်အောင် တစ်ဖန်ဆက်၍ ပြောပြလေသည်။ ယခုတစ်ကြိမ်မှာကား အစွမ်းကုန် ချီးမွမ်း၏။ ဤကဲ့သို့ ဆက်၍ ချီးမွမ်းမိသဖြင့် ချီးမွမ်းသောစကားတို့၏ ဓမ္မတာအတိုင်း အံ့မခန်း ဖြစ်သွား၏။

'ကျွန်တော်မျိုးက ဒီလို မဆိုလိုပါဘူး၊ ဘုန်းတော်ကြီးလှသော အရှင်ဖုရားဟာ ကျွန်တော်မျိုးထက် အစစအရာရာမှာသာလှကြောင်းပါ ဖုရား၊ စစ်တပ်ရေတပ်ဆိုင်ရာ ဗဟုသုတအဖြာဖြာမှာသာမကဘဲ လောကဓာတ်ပညာ အရာရာမှာလဲ ကျွန်တော်မျိုးထက်သာကြောင်းပါ ဖုရား၊ လောကဓာတ်ပညာရပ်များကို ဘုန်းတော်ကြီးလှသော ရေမြေ့ရှင် အရှင်ဖုရားကိုယ်တော်တိုင် လင်းကျင်းပြသနေသည့်အခါများတွင် ကျွန်တော်မျိုးကြီးဟာ နားထောင်ရင်း အံ့သြလို့ မဆုံးအောင် ရှိလှပါတော့သည် ဖုရား၊ ကျွန်တော်မျိုးကြီးများဟာ ဒီပညာရပ်များကို နကန်း တစ်လုံးလောက်မျှ မတတ်ကြောင်းကို ရှက်ရှက်နှင့် လျှောက်ထားဝံ့ ပါသည် ဖုရား၊ သို့ပေမယ့် အရှင်ဘုရားရဲ့ ကျေးတော်မျိုး ကျွန်တော်မျိုးမှာ အရှင်ဖုရားရဲ့ ဘုန်းရိပ် ကံရိပ်ကို ခိုလှုံရပါသောကြောင့် အရှင်ဖုရား၏ ကျေးဇူးသစ္စာတော်ကို စောင့်ထိန်းနိုင်ရန် နိုင်ငံရေး ပညာရပ်များကိုတော့ဖြင့် တတ်ကျွမ်းလျက်ရှိပါကြောင်းပါ ဖုရား'

ကိုင်ဇာဘုရင်၏ မျက်နှာတော်သည် မှိုရသောသူ၏ မျက်နှာကဲ့သို့ ဖြစ်လာ၏။ နန်းရင်းဝန် ဗွန်ဘူးလိုသည် သူ့ကိုယ်ကိုနှိမ့်ချပြီးလျှင် သူ့ဘုရင်ကို မိုးထိအောင် မြှောက်လေသည်။ ဤစကားကိုကြားရသောအခါ ကိုင်ဇာဘုရင်သည် ဗွန်ဘူးလို၏အပြစ်ဟူသရွေ့ကို ချမ်းသာခွင့်ပေးနိုင်လေတော့သည်။

'အေး ဒါကြောင့် ငါ မပြောဘူးလား၊ တို့နှစ်ယောက်ပေါင်း လောင်းကျော်လိမ့်မယ်လို့၊ တို့နှစ်ယောက် ဘယ်တော့မှ မခွဲဘူးကွ' ဟူ၍ ဝမ်းသာအားရစွာ ပြန်ပြောလေသည်။

ထို့နောက် နန်းရင်းဝန်ကို ကိုင်ဇာဘုရင်သည် တစ်ကြိမ်မက အကြိမ်ပေါင်းများစွာ လက်ဆွဲနှုတ်ဆက်၏။ သုံး လေးနာရီလောက် ကြာသွားသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလုံးဆို့လွန်းသဖြင့် 'ငါ့ဆီကိုလာပြီး ဗွန်ဘူးလိုအကြောင်း မကောင်းပြောတဲ့အကောင်တွေ အကုန်လုံး ငါကိုယ်တော်မြတ်ကိုယ်တော်တိုင် နှာရိုးကို ထိုးပစ်တော်မူမယ်'ဟူ၍ ကြုံးဝါးလေသည်။

ဤနည်းဖြင့် ဗွန်ဘူးလိုသည် ဘုရင်၏ အမျက်တော်အရှခံရမည့်ဘေးမှ လွတ်ကင်းခဲ့ဖူးလေသည်။

ကိုယ့်ကိုယ်ကိုနှိမ့်ချပြီးလျှင် တစ်ဖက်သားကို မြှောက်တင်ထားသောစကားခွန်း အနည်းငယ်တို့သည် ကိုင်ဇာကဲ့သို့ မာနလည်းရှိ စိတ်ကလည်းနာကြည်းလျက်ရှိသော ရှင်ဘုရင် တစ်ပါးကို မိမိအား ခင်မင်လာအောင် ပြုလုပ်နိုင်လျှင် နေ့စဉ်နေ့တိုင်း သင်နှင့် ကျွန်ုပ်တို့ တွေ့ဆုံနေကြရသော လူများကို မူကား ဤကဲ့သို့နှိမ့်ချခြင်းနှင့် ချီးကျူးခြင်းတို့သည် မည်ကဲ့သို့သော အကျိုးများပြီးစီးအောင် လုပ်နိုင်မည်ကို သင်ကိုယ်တိုင် တွေး၍သာ ကြည့်ပါတော့။ ထိုနည်းကို အသုံးချတတ်လျှင် ပေါင်းသင်းဆက်ဆံရာ၌ အလွန်ထူးသော အကျိုးများကို သင်သည် တွေ့ရှိရမည် ဖြစ်၏။

**တစ်ဖက်သားကို မျက်မှန်းမကျိုး စိတ်မဆိုးစေဘဲ စိတ်ပြောင်းလာအောင် လုပ်လိုလျှင် ဥပဒေသ အမှတ် ၃ သည်**

**တစ်ဖက်သားကို အပြစ်မပြောမီ သင်၏ အမှားများကို ဖော်ပြပါ။**

www.burmeseclassic.com

# အခန်း ၄

## ဩဝါဒပေးခြင်းကို မည်သူမျှ မခံချင်

ကျွန်ုပ်သည် များမကြာမီက အမေရိကန် အတ္ထုပ္ပတ္တိရေး ဆရာများ၏ ပါရဂူဖြစ်သော မစ္စ အိုင်ဒါ တာဘဲ[၁]နှင့်အတူ ညစာထမင်းစားခဲ့၏။ ယခုစာအုပ်ကို ရေးနေသည့်အကြောင်း ကျွန်ုပ်က သူ့ကို ပြောပြရာမှ လူတို့နှင့် ပေါင်းသင်းဆက်ဆံရေးအကြောင်းကို စတင်ဆွေးနွေးကြပါသည်။ ထိုသို့ဆွေးနွေးရာတွင် အိုဝင် ဒီ ယန်း[၂] ဆိုသူ၏ အတ္ထုပ္ပတ္တိကို ရေးရန်အတွက် အိုဝင် ဒီ ယန်းနှင့် သုံးနှစ်တိုင်တိုင် တစ်ခန်းတည်း အလုပ်လုပ်ဖူးသူတစ်ဦးထံ အိုဝင် ဒီ ယန်း၏ အကြောင်းကို စုံစမ်းသောအခါ အောက်ပါအတိုင်း သူ ကြားသိခဲ့ရသည်ဟု ကျွန်ုပ်အား ပြောပြပါသည်။ အိုဝင်ဒီယန်းသည် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ တိုက်ရိုက်ဩဝါဒပေးခဲ့သည်ကို သုံးနှစ်လုံးလုံး တစ်ခါဖူးမျှ မကြားခဲ့ဘူးချေဟူ၍ ထိုလူက ပြောပြ၏။ ယန်းသည် ဩဝါဒကို ဘယ်အခါမျှ မပေး၊ အကြံဉာဏ်များကိုသာ ပေးလေ့ရှိသည်။ ဥဒါဟရဏ်၊ 'ဒါလုပ်လိုက်၊ ဟိုဟာလုပ်လိုက်' 'ဒါမလုပ်နဲ့၊ ဟိုဟာမလုပ်နဲ့' အစရှိသည်ဖြင့် မည်သည့်အခါမျှ မပြော၊ 'ဒါကို မင်းကိုယ်တိုင်စဉ်းစားကြည့်လေ၊ ဘယ့်နှယ်လဲဟေ့၊ ဒီလိုဆိုရင် ဖြစ်ပါ့မလား' စသော စကားမျိုးကိုသာ ပြောပြလေ့ရှိ၏။ သူ ကိုယ်တိုင် စာတစ်စောင်ကို ရေးပြီးသောအခါ သူ့လက်ထောက်များကို ခေါ်၍ 'ဒီစာကို မင်းတို့ ဘယ့်နှယ် သဘောရသလဲ'ဟူ၍ မကြာခဏ မေးလေ့ ရှိ၏။ သူ၏ လက်ထောက်ရေးထားသော စာတစ်စောင်ကို ဖတ်ပြီးသောအခါ 'ဒီအကြောင်းကို ဒီလိုပြင်ပြီး ရေးလိုက်ရင် ပိုပြီး ကောင်းလာမလား' ဟူ၍သာ ပြောလေ့

---

၁။ Miss Ida Tarbell

၂။ Owen D. Young

www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ သူသည် တစ်ဖက်သားကို သူတို့ကိုယ်တိုင် အလုပ်လုပ်နိုင်ရန် အခွင့်ကောင်းများကို အစဉ်ပေးခဲ့လေသည်။ သူ၏ လက်ထောက်များကို ဘာလုပ်လိုက် ညာလုပ်လိုက် အစရှိသည်ဖြင့် အဘယ်အခါမျှမပြော၊ သူတို့မှန်သည်ထင်သလို အလုပ်ကို လုပ်စေ၍ သူတို့ကိုယ်တိုင် တွေ့ရသောအမှားများ နည်းမှန်လမ်းမှန်ကို ကိုယ်တိုင် သင်ယူစေလေသည်။

ဤနည်းမျိုးကိုသုံးသောအခါ တစ်ဖက်သားသည် မိမိ၏ အမှားကိုပြင်ရန် ဝန်လေးတော့မည် မဟုတ်ပေ။ ဤနည်းမျိုးကို သုံးသောအခါ တစ်ဖက်သား၏ မာနကိုလည်း ချိုးနှိမ်ရာမရောက်သည့်အပြင် သူ့ကိုယ်တိုင်ပင် သူ အထင်ကြီးအောင် လုပ်ပေးရာရောက်လေသည်။ ဤနည်းကိုသုံးခြင်းဖြင့် တစ်ဖက်သားသည် သင့်ကို ကလန်ကဆန် လုပ်မည့်အစား အကူအညီပေးမည် ဖြစ်၏။

**တစ်ဖက်သားကို မျက်မှန်းမကျိုး စိတ်မဆိုးစေဘဲ စိတ်ပြောင်းလာအောင် လုပ်လိုပါလျှင် ဥပဒေသ အမှတ် ၄ သည်**

**တိုက်ရိုက်ညွှန်ကြားပေးမည့်အစား လိုရင်းကိစ္စကို ပြီးစီးစေမည့် မေးခွန်းများကို မေးပါ။**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅

## တစ်ဖက်သားအား သူ့ဂုဏ်ကိုသူ ပြန်ဆယ်ပါစေ

နှစ်ပေါင်းအတော်ကြာလောက်က ဂျင်နရယ် အီလက်ထရစ် ကုမ္ပဏီတွင် ဌာနတစ်ခုကို အုပ်ချုပ်စီမံလျက်ရှိသူတစ်ဦးအား အလုပ်မှ ထုတ်ပစ်ရမည့်ကိစ္စ အကျပ်အတည်းတစ်ခုနှင့် ပက်ပင်း တွေ့ကြုံလျက်ရှိ၏။ အုပ်ချုပ်စီမံလျက်ရှိသူမှာ စတိန်းမက် ၁ ဖြစ်လေသည်။ သူသည် လျှပ်စစ်ဖက်ဆိုင်ရာတွင် ပထမတန်းစား ပါရဂူကြီးပင် ဖြစ်လင့်ကစား သူ အုပ်ချုပ်လျက်ရှိသော အတွက်အချက်ဘက် ဆိုင်ရာဌာနတွင် အပိုသက်သက်ဖြစ်နေ၏။ သို့ရာတွင် ထိုကုမ္ပဏီတွင် သူ မရှိလျှင် မဖြစ်သောကြောင့် တစ်ကြောင်း၊ စိတ်လည်း အလွန်ထိခိုက်လွယ် သောကြောင့်တစ်ကြောင်း သူ့ကို စိတ်ဆိုးအောင် မလုပ်ဝံ့ချေ။ ထို့ကြောင့် နည်းတစ်နည်းကို ကြံပြီးလျှင် 'ဂျင်နရယ် အီလက်ထရစ်ကုမ္ပဏီ၏ အတိုင်ပင်ခံ အင်ဂျင်နီယာ' ဟူသော ဘွဲ့ထူးအသစ်ကို ပေးပြီးလျှင် သူ့နေရာဟောင်းတွင် အခြား သင့်တော်သူတစ်ယောက်အား ခန့်ထားလိုက်လေသည်။

ဘွဲ့ထူးသစ်ကိုရသဖြင့် စတိန်းမတ်သည် ဝမ်းသာ၏။ စကားမများရဘဲ သူတို့ပုံရင်းကို ရောက်သဖြင့် ကုမ္ပဏီ၏ အမှုဆောင်များလည်း ဝမ်းသာကြ ၏။

တစ်ဖက်သားအား သူ၏ဂုဏ်ကို ပြန်၍ ဆယ်နိုင်အောင်ပြုလုပ်ပေးခြင်း သည် မည်မျှ အရေးပါသလဲ။ သို့ပင်ဖြစ်ငြားသော်လည်း ထိုနည်းသည် အရေးကြီးမှန်းကို ဘယ်နှစ်ဦးလောက် သိရှိပါသလဲ။ ကျွန်ုပ်တို့သည် တစ်ဖက် သားတို့ မည်ကဲ့သို့ စိတ်ထဲတွင် ထိခိုက်သွားမည်ကို ဂရုမစိုက်၊ ကိုယ့်လိုဘ

---

၁။ Steinmetz

www.burmeseclassic.com

www.burmeseclassic.com



ပြည့်အောင်သာ ကြိမ်းလိုက် မောင်းလိုက် အပြစ်ပြောလိုက်၊ ကလေးကလေးများ လိုပင် အပြစ်တင်လိုက်၊ တစ်ဖက်သားရဲ့ ဂုဏ်ကို ဘယ်လောက်ပင် ထိခိုက်သွားစေကာမူ ဂရုမစိုက်ဘဲ ကိုယ့်လက်အောက်ငယ်သားများကို သူစိမ်းတစ်ရံစာ လူများ ရှေ့တွင် အော်လိုက်ငေါက်လိုက် လုပ်တတ်ကြလေသည်။ ဤသို့ ပြုလုပ်မည့်ကြံ လျှင် တစ်မိနစ်လောက် ဆိုင်းငံ့ပြီးနောက် ဆင်ခြင်တုံတရားကို လက်ကိုင်ထား၍ တစ်ဖက်သား၏ အကြောင်းကို ကောင်းစွာ စုံစမ်းကာ ထောက်ထားညှာတာသော စကားကလေး တစ်လုံးနှစ်လုံးကို သုံးလိုက်မိပါမူ တစ်ဖက်သားမှာ များစွာ အခံရသက်သာပေလိမ့်မည်။

နောက်တစ်ကြိမ် ကျွန်ုပ်တို့၏ အစေခံများကိုသော် လည်းကောင်း၊ အလုပ်သမား တစ်ဦးဦးကိုသော် လည်းကောင်း အလုပ်မှ ထုတ်ပစ်ကြရမည် ဖြစ်သောအခါ ဤစကားများကို ကောင်းစွာ သတိရပါစေ။

* * *

မာရှယ် အေ ဂရန်းဂါး[၁]ဆိုသူ စာရင်းစစ် အရာရှိတစ်ဦးသည် ကျွန်ုပ်ထံသို့ အောက်ပါအတိုင်း စာတစ်စောင် ရေးသားဖူးလေသည်။

မိမိ၏ အလုပ်သမားများကို အလုပ်ထုတ်ခြင်းသည် စိတ်မချမ်းသာစရာ ကောင်းသော အလုပ်တစ်ခုဖြစ်လေသည်။ အလုပ် ထုတ်ခံရလျှင် သာ၍ပင် စိတ်မချမ်းသာစရာ ကောင်းဦးမည် ဖြစ်၏။ ကျွန်ုပ်တို့၏ အလုပ်သည် များသောအားဖြင့် ရာသီအလိုက် လုပ်ရသော အလုပ်မျိုး ဖြစ်လေသည်။ ထို့ကြောင့် မတ်လလောက်ကျလျှင် အလုပ်သမားများကို တစ်ပြုံကြီး ထုတ်ပစ်ရလေသည်။

သူများကို အလုပ်ဖြုတ်ပစ်ရသည့် အလုပ်ကို မည်သူမျှ မလုပ်ချင်' ဟူသော စကားသည် ကျွန်ုပ်တို့၏ နှုတ်ဖျားတွင် သီးလျက်ရှိ၏။ ထို့ကြောင့် ထိုစိတ်မချမ်းသာစရာ အလုပ်ကို ကြာရှည်ဆွဲမနေကြဘဲ အောက်ပါအတိုင်း ပြီးစီးအောင် ဆောင်ရွက်လေသည်။ 'ကဲ မစ္စတာ ဆမစ်ထိုင်ပါဦး၊ အလုပ်လုပ်ချိန်တော့ ကုန်သွားပြီ၊ ခင်ဗျားအတွက် အလုပ်မရှိတော့ဘူး၊ ခင်ဗျားကို အလုပ်

---
၁။ Marshal A. Granger

www.burmeseclassic.com

www.burmeseclassic.com



ကျတဲ့လအတွက်သာ ငှားထားတယ်ဆိုတာ ခင်ဗျား အသိပဲ မဟုတ်လား' အစရှိသည်ဖြင့် ပြောပြီးလျှင် အလုပ်ရပ်စဲလိုက်လေသည်။

ဤသို့ အလုပ်ရပ်စဲခြင်းခံရသော သူများသည် အတော်စိတ်ပျက်ကြ၏။ ထိုလူများသည် စာရင်းစစ်အလုပ်တွင်တစ်သက်လုံးလုပ်လာကြသော သူများဖြစ်ရာ သူတို့ကို ဤကဲ့သို့ ခပ်လွယ်လွယ်ပြောကာ ထုတ်ပစ်သော အလုပ်တိုက်ပေါ်တွင် ခင်မင်တွယ်တာလိုသောစိတ်များ ကုန်ခန်းကြလေသည်။

ထိုအလုပ်ကျသည့် လများတွင် ခေါ်ထားသည့် စာရင်းစစ်များအား အလုပ်ရပ်စဲရမည့်အခါ သူတို့ကို ခင်ခင်မင်မင်ဖြစ်အောင်ပြောဆိုပြီးမှ အလုပ်ရပ်စဲရန် အကြံပြုမိ၏။ ထို့ကြောင့် သူ့တို့ကို တစ်ယောက်စီ အခန်းထဲသို့ခေါ် ခါနီးတွင် သူတို့လုပ်ခဲ့သည့် အလုပ်ကို သေချာစွာ စစ်ဆေး၏၊ ထိုသို့ပြုလုပ်ပြီးမှ ထိုသူသည် အလုပ်ကောင်းလျှင် 'မစ္စတာစမစ်၊ ခင်ဗျားလုပ်ခဲ့တဲ့အလုပ်က အင်မတန်ကောင်းတယ်၊ ခင်ဗျားကို နယူးဝပ်[၁]ကို ပို့လိုက်တုန်းက အတော်ကလေး မှားသွားတာပဲ၊ အလုပ်က အလွန်ခက်ပေမယ့် ခင်ဗျားကိုယ်တိုင် အင်မတန်ကောင်းအောင် လုပ်ပေးလိုက်တဲ့အတွက် ကျွန်တော်တို့ ကုမ္ပဏီဟာ ခင်ဗျားရဲ့အလုပ်ပေါ်မှာ အင်မတန် ဂုဏ်ယူကြောင်းကို ခင်ဗျားသိစေချင်တယ်၊ ခင်ဗျားမှာ အရည်အချင်းတော့ ရှိပြီ၊ ဒီအရည်အချင်းနဲ့ဆိုရင် ဘယ်မှာပဲ အလုပ်ကိုလုပ်လုပ် ရှေ့ကို အပုံကြီး ကြီးပွားဖို့ ရှိတာပဲ။ ဒီကုမ္ပဏီက ခင်ဗျားရဲ့ အလုပ်ကို အင်မတန် စိတ်ချတယ်၊ ခင်ဗျားကို ထားနိုင်တဲ့အခါမှာ ပြန်ထားဖို့ အမြဲတမ်း ကြံစည်လျက်ရှိပါတယ်၊ ဒီအကြောင်းကိုလဲ ဘယ်တော့မှ မမေ့ပါနှင့်' အစရှိသဖြင့် ကောင်းမွန်စွာ ပြောပြလိုက်၏။

ဤကဲ့သို့ ပြောလိုက်သောအခါ ထိုလူများ၏ စိတ်ထဲတွင်ဘယ့်နှယ်ဖြစ်သွားသလဲ။ သူတို့တွင် တမင်သက်သက် အညှဉ်းခံရသည် ဟူသော စိတ်ထားများ မရှိကြတော့ပါ။ အကယ်၍ ကျွန်ုပ်တို့မှာသာ အလုပ်ရှိခဲ့ပါလျှင် သူတို့ကိုဆက်၍ ခန့်ထားမှာပဲဟု ယုံကြည်လျက်ရှိကြ၏။ ထို့ကြောင့် သူတို့ကို ခိုင်းရန် အလုပ်များ ပေါ်လာကြသောအခါ ကျွန်ုပ်တို့ထံသို့ ချစ်ချစ်ခင်ခင်နှင့်ပင် ပြန်လာကြလေသည်။

———

၁။ Newark

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်သူ ဒွိုက် မောရိုး[၁] တွင် တစ်ဦးနှင့်တစ်ဦး သတ်မတတ်ဖြတ်မတတ်ဖြစ်နေသော ရန်သူများကို တည့်အောင် လုပ်ပေးနိုင်သည့် အစွမ်းကောင်း တစ်ခု ရှိလေသည်။ မည်ကဲ့သို့ တည့်အောင် လုပ်ပေးသနည်း။ နှစ်ဦးနှစ်ဖက်စလုံး၏ မှန်ကန်၍ တရားသောအချက်များကို တွေ့အောင်ရှာဖွေပြီးနောက် ထိုအချက်များကို အထူးဂရုပြု၍ ချီးကျူးပြီးလျှင် ထိုအချက်များကို ထင်ရှားအောင်ပြုလုပ်၏။ မည်ကဲ့သို့ပင် စေ့စပ်၍ ပြီးစီးသွားသည် ဖြစ်စေ မည်သည့်ဘက်ကိုမျှ မှားသည်ဟု မစွပ်စွဲချေ။

ဤကဲ့သို့ တစ်ဖက်သားအား မိမိ၏ ဂုဏ်ကို ပြန်၍ ဆယ်နိုင်အောင် ပြုလုပ်ပေးသောနည်းသည် ကြားဖြန်သူတိုင်းလက်ကိုင်ထားသော နည်းဖြစ်လေသည်။

ကမ္ဘာ့ထိပ်တန်းသို့ရောက်နေသော လူကြီးများသည် တစ်ဖက်သားကို နှိမ်ပြီးလျှင် မိမိတို့၏ ဂုဏ်ပုဒ်များကို ချီးကျူးခြင်း မပြုကြပေ။ သာဓက တစ်ခု ထုတ်၍ ပြပါအံ့။

လူတစ်မျိုးနှင့် တစ်မျိုး နှစ်ပေါင်းရာပေါင်းများစွာ အပြင်းအထန်တိုက်ခိုက်ခဲ့ကြပြီးနောက် တူရကီ[၂]လူမျိုးတို့သည် ဂရိလူမျိုးများကို သူတို့ပိုင် တူရကီမြေပြင်မှ တစ်ခါတည်း နှင်ထုတ်ပစ်ရန် သံန္နိဋ္ဌာန်ချလိုက်၏။

တူရကီတို့၏ ခေါင်းဆောင် မူးစတာဖာ ကီးမာ[၃] သည် သူ၏ စစ်သားများသို့ 'သင်တို့၏ နောက်ဆုံး ချီတက်ရမည့် စခန်းသည် မြေထဲ ပင်လယ်ကမ်းခြေပင် ဖြစ်လေသည်'ဟု စိတ်ကို မြှင့်တင်ပေးပြီးလျှင် ဂရိ လူမျိုးတို့နှင့် စစ်မက် အကြီးအကျယ်တိုက်ခိုက်ကြ၏။ ထိုစစ်ပွဲတွင် တူရကီဘက်မှ နိုင်၍ ဂရိလူမျိုးတို့၏ စစ်ဗိုလ်ကြီးများဖြစ်သော ထရိကောက်ပစ်[၄] နှင့် ဒိုင်အွန်နစ်[၅] တို့သည် လက်နက်ချရန် ကီးမာရှိရာစခန်းသို့ လာခဲ့ကြရာ တူရကီ ပြည်သူပြည်သားတို့သည် စစ်ရှုံးသော ဂရိစစ်သားတို့ကို အမျိုးမျိုးကျိန်ဆဲကြ၏။

၁။ Dwight Morrow
၂။ Turks
၃။ Mustapha Kemal
၄။ Tricoupis
၅။ Dionis

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကီးမာမှာမူကား စစ်နိုင်သည့် လက္ခဏာကို အရိပ်အမြွက်မျှ မပြခဲ့ချေ။

ထို့ကြောင့် သူ၏ အခန်းထဲသို့ ဂရိ စစ်ဗိုလ်ကြီးများဝင်လာသောအခါ သူကိုယ်တိုင် လက်ဆွဲနှုတ်ဆက်လျက် ခရီးဦးကြိုပြုကာ 'ထိုင်ကြပါ၊ ထိုင်ကြပါ၊ အတော်ပဲ ခရီးပန်းလာကြတယ်ထင်တယ်'ဟု ပြော၏။ အနည်းငယ် တိုင်ပင်ဆွေးနွေးပြီးနောက် 'စစ်ပွဲဆိုတာ ကစားသလိုပဲ၊ တစ်ခါတလေလဲ အတော်ဆုံးလူတွေဟာ ရှုံးကြတာမျိုးပဲ' ဟူ၍ စစ်သား တစ်ဦးက စစ်သား တစ်ဦးသို့ ပြောသည့် အနေမျိုးဖြင့် ပြောလေသည်။

စစ်အကြီးအကျယ် နိုင်နေစဉ်ပင် ကီးမာသည် ဤဉပဒေသ အမှတ် ၅ ကို သတိရသေး၏။ ထို့ကြောင့် ကျွန်ုပ်တို့အတွက် ထိုဉပဒေသသည်ကား

**တစ်ဖက်သားအား သူ့ဂုဏ်ကိုသူ ပြန်ဆယ်ပါစေ။**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၆

## အောင်မြင်ရန် တွန်းတင်ပေးနည်း

ကျွန်ုပ်သည် ပီဘာလို[၁]နှင့် သိကျွမ်းခဲ့ဖူး၏။ သူ့တွင် မြင်းနှင့် ခွေးဆပ်ကပ်တစ်ခုရှိ၍ ဆပ်ကပ်ပွဲ[၂]များ ပြပွဲကြီးများနှင့် တစ်သက်လုံးလှည့်လည်လျက်ရှိလေသည်။ သူ၏ ခွေးများကို သူကိုယ်တိုင် သင်ကြားပြသလျက် ရှိစဉ်ထိုင်၍ ကြည့်ရသည်မှာ အလွန် နှစ်သက်စရာ ကောင်းပေသည်။ အကယ်၍ခွေးတစ်ကောင်သည် တိုးတက်လာသည့် လက္ခဏာအနည်းငယ်ပြလိုက်သည်နှင့်တစ်ပြိုင်နက် ပီသည် ထိုခွေးကို ကျောသပ်ရင်သပ်ပြုလုပ်ပြီးလျှင် အစားအသောက်များကျွေး၊ နောက်ထပ် ကြိုးစားချင်အောင် ချီးကျူးလျက် ရှိ၏။

ဤနည်းသည်အဆန်းမဟုတ်ပါ။ တိရစ္ဆာန်များကို သင်ကြားပြသပေးရသော သူတိုင်းပင် ကမ္ဘာကမ္ဘာက စပြီးလျှင် ဤနည်းကို အသုံးပြုခဲ့ဖူးလေသည်။ သို့ဖြစ်ရာ ခွေးများကို ပြုပြင် ပြောင်းလဲရန်အတွက် သုံးသော နည်းများကို လူအများအား ပြောင်းလဲပြုပြင်ရန်အတွက် အဘယ့်ကြောင့်မသုံးကြသနည်းဟု ကျွန်ုပ်စဉ်းစား၍ မရအောင် ဖြစ်ခဲ့၏။ ခွေးများကို ပြုပြင်ရာ၌ ကျာပွတ်အစားအမဲ သား ငါးကို အဘယ့်ကြောင့် မသုံးဘဲ နေမည်နည်း။ ပြစ်တင်မောင်းမဲမည့်အစား ချီးကျူးခြင်းကို အဘယ့်ကြောင့် မသုံးဘဲ နေမည်နည်း။ တိုးတက်လာသည့်အရိပ် နမိတ်အနည်းငယ်လောက် ပြလျှင်ပင် ကျွန်ုပ်တို့သည် ချီးကျူးကြပါစို့။ ဤနည်းသည် တစ်ဖက်သားကို တိုးတက်သည်ထက် တိုးတက်လာအောင်ကြိုးစားရန် တွန်းတင်ပေးမည် ဖြစ်၏။

---

၁။ Pete Barlow ၂။ Circus

www.burmeseclassic.com

www.burmeseclassic.com



ဆင်းဆင်း[၁] ထောင်ကဲ့သို့ အလွန့်အလွန်ဆိုးသွမ်းသောရာဇဝတ်သားများ၊ နေထိုင်ကြသည့်နေရာမျိုး၌ပင်လျှင် အနည်းငယ် တိုးတက်လာသည့် လက္ခဏာကို ပြသည်နှင့် တစ်ပြိုင်နက် ချီးမွမ်းလိုက်ခြင်းသည် အလွန် တာသွားသည့် အကြောင်းကို ထောင်ပိုင် လူဝီ အီ လောစ် ကိုယ်တိုင်တွေ့ခဲ့ဖူး၏။ ထို့ကြောင့် ကျွန်ုပ်ထံသို့ ပေးလိုက်သော စာတစ်စောင်တွင် 'အကျဉ်းသမားများ၏ အကူအညီကို ရရန်နှင့် သူတို့ကို လူကောင်း ပကတိ ပြန်၍ ဖြစ်လာအောင် ပြုလုပ်ရန်အတွက် သူတို့၏ ကြိုးစားချက်များကို ကြမ်းတမ်းစွာ ပြစ်တင်မောင်းမဲခြင်းထက် သင့်တော်သော ချီးကျူးခြင်းက ပို၍ ခရီးရောက်သည်ကို ကျွန်ုပ်တွေ့ခဲ့သည်' ဟု လောစ်သည် ထုတ်ဖော် ရေးသားထားလေသည်။

ကျွန်ုပ်သည် ဆင်းဆင်းထောင်သို့ တစ်ခါမျှ မကျဖူးပါ။ ယနေ့ထက်တိုင် မကျသေးဘူးဆိုပါတော့။ သို့ရာတွင် ကျွန်ုပ် လူမှန်းသိသည့်နေ့ကစ၍ လွန်ခဲ့သော ရက်များကို ပြန်ကြည့်လိုက်လျှင် ချီးမွမ်း စကားကြောင့် ကျွန်ုပ်၏ နောင်ရေးမှာ တစ်မျိုးတစ်ဖုံ တိုးတက်ကောင်းမွန်လာသည်ကို ယခုထက်တိုင် မြင်နိုင်ပါသေးသည်။ သင်သည်လည်း သင့်ကိုယ်ကိုကျွန်ုပ်ကဲ့သို့ မပြောနိုင်ပေဘူးလား။

* * *

သာဓက တစ်ခုကို ထုတ်ဆောင်၍ ပြပါဦးအံ့။ နှစ်ပေါင်း ၅၀ လောက်က အသက် ဆယ်နှစ်အရွယ် လူမမယ်လေးတစ်ဦးသည် နေပယ်[၂] မြို့ရှိ အလုပ်ရုံ တစ်ခုတွင် အလုပ်လုပ်လျက်ရှိ၏။ သူသည် သီချင်းဆိုသမားတစ်ဦးအဖြစ်ဖြင့် အသက်မွေးလို၏။ သို့ရာတွင် သူ၏ ဆရာသည် 'ဟေ့ မင်း သီချင်း မဆိုနိုင်ပါဘူးကွာ၊ မင်းအသံဟာ ကောင်းတာလဲ မဟုတ်ဘူး၊ တရုတ်ကပ်ကြားထဲက လေတိုးဝင်နေတဲ့ အသံလိုပဲ'ဟု ပြောပြီးလျှင် ထိုသူငယ်၏ အကြံကိုဖျက်၏။

သို့ရာတွင် မိခင်ဖြစ်သူ တောသူမကြီးက 'ငါ့သား အားမငယ်နဲ့၊ ဘယ်သူဘာပြောပြော ငါ့သားရဲ့အသံဟာ ကောင်းတယ်၊ စိတ်မပျက်ပါနဲ့ကွယ်' ဟု မိမိသားငယ်ကို ယုယပိုက်ထွေး အားပေးစကားကို ပြောကြားပြီးလျှင်

---

၁။ Sing Sing

၂။ Naples

www.burmeseclassic.com

www.burmeseclassic.com



ထိုသားငယ်အား ဂီတပညာသင်ကျောင်းတွင် သင်ကြားနိုင်စေရန်အတွက် မိခင်ကိုယ်တိုင် အပင်ပန်းခံ၍ စရိတ်စကကို ရှာဖွေထောက်ပံ့၏။ ထိုမိခင်၏ ချီးမွမ်းခြင်း အားပေးစကား ပြောကြားခြင်းတို့သည် ထိုသူငယ်ကလေး၏ နောင်ရေးကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေလေသည်။ ထိုသူငယ်၏ အကြောင်းကို သင်သည် ကြားဖူးကောင်း ကြားဖူးပေမည်။ သူ့နာမည်သည် ကရူးဆို[၁] ဖြစ်လေသည်။

* * *

နှစ်ပေါင်းအတော်ကြာလောက်က လန်ဒန်မြို့ရှိသူငယ်တစ်ဦးတွင် စာရေးဆရာ ဖြစ်ချင်သောဆန္ဒ ပြင်းပြစွာ ရှိ၏။ သို့ရာတွင် စာရေးဆရာဘဝနှင့် ထိုသူငယ် တို့၏ စပ်ကြားတွင် ပင်လယ်ခြားလျက် ရှိ၏။ ခြားနေပုံကို ပြောပြပါအံ့။ ထိုသူငယ်သည် စာဆို၍ လေးတန်းအထိသာသင်ကြားဖူးလေသည်။ သူ့ဖခင် ဖြစ်သူမှာလည်း ကြွေးမပေးနိုင်သောကြောင့် ထောင်ကျလျက် ရှိ၏။ ထိုသူငယ် ကိုယ်တိုင်လည်း ထမင်းကိုပင် နပ်စေ့အောင် မစားရပေ။ နောက်ဆုံး၌ အလွန် ကြွက်ထူထပ်ပေါများသော ဂိုထောင်တစ်ခုတွင် ပုလင်းတံဆိပ်ကပ်နေ ရသော အလုပ်တစ်ခုကို ရရှိ၏။ ညဘက်တွင်လန်ဒန်မြို့ရှိ အခြားတေလေကလေး နှစ်ဦးနှင့်အတူ အလွန်ညစ်ပေနေသော အခန်းထဲ၌ အိပ်ရ၏။ သူ့အရေးအသားကို သူကိုယ်တိုင် စိတ်မချသောကြောင့် မည်သူမျှ ဝိုင်း မလှောင်နိုင်အောင် ညဥ့်နက်သန်းခေါင် လူခြေတိတ်ချိန်တွင် တစ်ယောက်တည်း တိတ်တဆိတ်ထ၍ သူ့ဝတ္ထုများကို သတင်းစာတိုက်များသို့ ပို့ရန် စာတိုက်ပုံးထဲသို့ထည့်လေ့ရှိ၏။ သူ့ဝတ္ထုများသည် တစ်ခုပြီးတစ်ခု ပယ်ချခြင်း ခံရခဲ့လေသည်။ နောက်ဆုံးတွင် သူ၏ ဝတ္ထုတစ်ခုကို သတင်းစာတိုက် တစ်တိုက်မှ လက်ခံလိုက်၏။ ထိုဝတ္ထု အတွက် ပိုက်ဆံတစ်ပြားမျှ မရချေ။ သို့ရာတွင် ထိုဝတ္ထုကို ရွေးချယ်လိုက်သော အယ်ဒီတာသည် သူ့ကိုချီးမွမ်းလိုက်၏။ သူ၏ စွမ်းရည်သတ္တိကိုအသိအမှတ် ပြုလိုက်၏။ ဤကဲ့သို့ အသိအမှတ်ပြုခြင်းခံရသဖြင့် ဝမ်းသာလုံးဆို့နေသော ကြောင့် သူ့ပါးပေါ်သို့ မျက်ရည်များ စီးကျလျက် ခြေဦးတည့်ရာသို့ အတော်ကြာစွာ လျှောက်နေမိ၏။

---

၁။ Caruso

www.burmeseclassic.com

www.burmeseclassic.com



သူ့ဝတ္ထုတစ်ပုဒ်ကို ရွေးချယ်လိုက်ခြင်းဖြင့် သူ ရရှိသော ချီးမွမ်းခြင်း၊ သူ့ အရည်အချင်းကို အသိအမှတ်ပြုခြင်းတို့သည် သူ၏ နောင်ရေးကို လုံးလုံးလျားလျား ပြောင်းလဲပစ်လိုက်၏။ အကယ်၍သာ ဤကဲ့သို့ ချီးမွမ်းခြင်းကို မခံခဲ့ရပါလျှင် သူ့တစ်သက်လုံးကြွက်ပေါသော အလုပ်ရုံများထဲတွင် ပုလင်း တံဆိပ်ကပ်ခြင်းဖြင့် အချိန်ကုန်ရတော့မည်ဖြစ်၏။ ထိုသူငယ်၏ အကြောင်း ကိုလည်း သင် ကြားဖူးကောင်း ကြားဖူးပေမည်။ သူ့နာမည်မှာ ကမ္ဘာကျော် ဝတ္ထုရေးဆရာကြီး ချား ဒစ်ကင်း[၁] ပင် ဖြစ်လေသည်။

နှစ်ပေါင်း ၅၀ လောက်က လန်ဒန်မြို့ရှိ ကုန်တိုက်တစ်တိုက်တွင်စာရေး အလုပ်ကို လုပ်နေသော သူငယ်တစ်ဦး ရှိလေသည်။ သူသည် နံနက် ငါးနာရီ အချိန်တွင် ထ၍ ကုန်တိုက်ကို တံမြက်စည်းလှဲပြီးနောက် တစ်နေ့လျှင် ၁၄ နာရီကျ ပင်ပန်းကြီးစွာ အလုပ်လုပ်ရသည်။ ထိုအလုပ်သည် အလွန်ငြီးငွေ့ဖွယ်ရာ ကောင်းသောကြောင့် သူသည် ထိုအလုပ်ကို အလွန် ရွံရှာ မုန်းတီးလေသည်။

နှစ်နှစ်လောက် ကြာသောအခါ ထိုအလုပ်ကို ကြာရှည် သည်းမခံနိုင်တော့ သဖြင့် တစ်နေ့နံနက်တွင် အိပ်ရာမှ ခပ်စောစောထ၍ နံနက်စာ စားပြီးသည် တိုင်အောင်မစောင့်ဘဲ ၁၅ မိုင်မျှဝေးသော အရပ်ရှိ သူများအိမ်တွင် အငှား လုပ်နေရရှာသော မိခင်ထံသို့ ခြေကျင် လျှောက်သွား၏။

သူ့မိခင်သို့ အကြောင်းအလုံးစုံ ပြောပြီးလျှင် စိတ်ထဲတွင် အောင့်၍ မထားနိုင်သောကြောင့် ရှိုက်ကြီးတငင ငိုကြွေး၏။ ထိုဆိုင်တွင် အလုပ်ပြန်လုပ် ရလျှင် သူ့ကိုယ်သူ သတ်သေမည် ဟူ၍လည်း သူ့မိခင်ကို ပြောပြ၏။ ထို့နောက် သူသည် လောကကြီးကို ငြီးငွေ့သဖြင့် အသက်ရှင်၍ မနေချင် တော့ကြောင်း သူ၏ ဆရာဟောင်းထံသို့ သနားစဖွယ် ရှည်လျားသော စာတစ်စောင်ကို ရေးသားလိုက်၏။ သူ၏ ဆရာသည် သူ့ကို ခေါ်ပြီးလျှင် 'ငါ့တပည့်လိုဉာဏ်မျိုးနဲ့ စာရေးအလုပ်နဲ့လဲ မတော်ပါဘူးကွာ၊ ဒါထက် အလုပ်ကောင်း မရသေးခင် ဆရာ့ကျောင်းမှာပဲ ဆရာ ဝင်လုပ်သေးတာပေါ့' အစရှိသည်ဖြင့် ချီးကျူး၍ သူ့ကို ဆရာခန့်လိုက်၏။ ဤကဲ့သို့ ချီးကျူးလိုက် ခြင်းသည် ထိုသူငယ်၏ နောင်ရေးကို တစ်မျိုးတစ်ဖုံ ပြောင်းလဲလိုက်သဖြင့် အင်္ဂလိပ်စာပေသမိုင်းတွင် စာတင်ရမည့်သူတစ်ဦး ထွန်းကားပေါ်ပေါက်လာ ခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူငယ်သည် ထိုအချိန်အခါကစ၍ ယနေ့အထိ စာအုပ် ၇၇ အုပ်ထက်မနည်း ရေးသားခဲ့ပြီးလျှင် ထိုစာအုပ်များမှ

---

၁။ Charles Dickens

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လာငွေတစ်သန်းကျော် ရရှိပြီးသောကြောင့်ပင် ဖြစ်လေသည်။ သူ့အကြောင်းကိုလည်း သင်သည် ကြားဖူးကောင်း ကြားဖူးပေမည်။ သူ့နာမည်သည် အိပ်ချ် ဂျီ ဝဲလ်[၁] ဖြစ်လေသည်။

* * *

၁၉၂၂ ခုနှစ်လောက်က ကယ်လီဖိုးနီးယားတွင်[၂] ဆင်းရဲသော လင်မယားနှစ်ဦး ရှိ၏။ ယောကျ်ားလုပ်သူသည် တနင်္ဂနွေနေ့များတွင် ဘုရားရှိခိုးကျောင်းတစ်ခု၌ ဘုရားရှိခိုးသီချင်းများကို သီဆိုရလေသည်။ တစ်ခါတစ်ရံ မင်္ဂလာဆောင်များ ရှိလျှင်လည်း 'ယုံပါကွယ် မောင့်သက်လှယ်' ကဲ့သို့သော သီချင်း[၃] ကို သီဆိုသဖြင့် ဒေါ်လာငါးပြားလောက် ရလေသည်။ သူသည် အလွန်ဆင်းရဲလွန်းသောကြောင့် မြို့ထဲတွင် မနေနိုင်ရာဘဲ စပျစ်သီးခြံ၏ အလယ်တွင် ဆောက်ထားသော အိမ်စုတ်ကလေးတစ်ခုတွင် ငှား၍နေရလေသည်။ သူ၏ အိမ်လခမှာ တစ်လမှ ၁၂ ဒေါ်လာခွဲသာ ပေးရသော်လည်း မှန်မှန်မပေးနိုင်သောကြောင့် ၁၀ လခ လောက် သူ့အပေါ်တွင် အကြွေးတင်လျက် ရှိ၏။ ထို့ကြောင့် အိမ်လခ အကြွေးများကို ကြေအောင် စပျစ်သီးများကို ခူးပေးခဲ့ရလေသည်။ တစ်ခါတစ်ရံ စပျစ်သီးမှ လွဲ၍ အခြားစားစရာ မရှိခဲ့ပေ။ ထိုသူသည် စိတ်အပျက်ကြီးပျက်လျက် ရှိသောကြောင့် မိမိ၏ သီချင်းဆိုသောအလုပ်ကို စွန့်ပြီးလျှင် မော်တော်ကား ကိုယ်စားလှယ်အဖြစ်ဖြင့် အသက်မွေးတော့အံ့ဟု စိတ်ကူးလျက်ရှိစဉ် ရူပတ် ဟယူး[၄] နှင့် တွေ့ရ၏။ ဟယူးက 'မင်းအသံနဲ့ ရှေ့ကို အပုံကြီး ကြီးပွားနိုင်တယ်။ နယူးယောက်မြို့မှာ မင်းအသံအတွက် ကျကျနနသွားသင်ပါလား' ဟု ချီးမွမ်းစကား ပြောကြားလေသည်။

ထို ချီးမွမ်းအားပေးသော စကားသည် ထိုသူငယ်၏ နောင်ရေးကို တစ်မျိုးတစ်ဖုံ ပြုပြင်ပြောင်းလဲပေးလိုက်လေသည်။ ထိုစကားကိုကြားရသည်နှင့် အားတက်လာသောကြောင့် ဒေါ်လာပေါင်း ၂,၅၀၀ကို ချေးယူပြီးလျှင် အရှေ့ဘက်သို့ထွက်လာခဲ့၏။ ထိုသူငယ်၏ အကြောင်းကို သင်သည် ကြားဖူးပေမည်။ သူ့နာမည်မှာ လောရင့် တစ်ဗက်[၅] ဖြစ်လေသည်။

---

၁။ H.G. Wells

၂။ California

၃။ Oh Promise me

၄။ Rupert Hughes

၅။ Lawrence Tibbet

www.burmeseclassic.com

www.burmeseclassic.com



သင်နှင့် ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ တွေ့လျက်ရှိကြသော သူများကို သူတို့ စွမ်းရှိသရွေ့ စွမ်းဆောင်နိုင်အောင် ချီးမွမ်းစကား ပြောကြားပေးနိုင်လျှင် ထိုသူများကို ပြုပြင်ပြောင်းလဲရုံသာမက လူသစ်ပကတိဖြစ်အောင်ပင် ပြုလုပ်ပေးနိုင်မည် ဖြစ်၏။

ဤစကားကို ကြွားပြောသောစကားဟု ထင်ပါသလား။ ကြွားသည်ဟု ထင်ပါလျှင် အမေရိကန်ပြည်၏ အကျော်ကြားဆုံးသော စိတ်ပညာ ပါရဂူကြီး ပရော်ဖက်ဆာ ဝီလျံဂျိမ်း[၁] ပြောသည့် စကားများကို အောက်တွင်ဖတ်ကြည့်ပါ။

> ကျွန်ုပ်တို့တွင်ရှိသော အစွမ်းများနှင့် ကျွန်ုပ်တို့ဆောင်ရွက်နေပုံကို စာကြည့်လိုက်လျှင် ကျွန်ုပ်တို့မှာ တစ်ပိုင်းတစ်စသာ နိုးသေးသော သူများနှင့် တူနေပေ၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့တွင်ရှိသော လူအားဉာဏ်အားများကို အနည်းငယ်မျှလောက်သာ အသုံးပြုလျက်ရှိကြသေး၏။ ထိုအကြောင်းကို ရှင်းပြရလျှင် လူတို့သည် မိမိတို့၌ ရှိသော အစွမ်းထက် လျော့၍သာ အစွမ်းပြကြသည်ဟု ဆိုရပေမည် ဖြစ်၏။ လူတို့တွင် သူတို့အသုံးပြုရမှန်းပင် မသိသေးသော စွမ်းရည်သတ္တိများ အမှားအပြားပင် ရှိသေး၏။

ဟုတ်တယ်။ ယခုလို ဤစာကို ဖတ်လျက်ရှိသော သင့်မှာပင်လျှင် သင့်ကိုယ်တိုင်သုံးရမှန်း မသိသေးသော စွမ်းရည်သတ္တိပေါင်းများစွာ ရှိလေသည်။ ထိုစွမ်းရည်သတ္တိများထဲမှ တစ်ခုသော စွမ်းရည်သတ္တိသည် အခြားမဟုတ်။ တစ်ဖက်သားကို အစွမ်းကုန်ဆောင်ရွက်အောင် ချီးမွမ်းစကားများဖြင့် တွန်းတင်ပေးနိုင်သော မျက်လှည့်ကဲ့သို့ စွမ်းသည့် သင်၏ စွမ်းရည်သတ္တိပင် ဖြစ်လေသည်။

**ထို့ကြောင့် တစ်ဖက်သားကို မျက်မှန်းမကျိုး စိတ်မဆိုးစေဘဲ စိတ်ပြောင်းလာအောင် လုပ်လိုလျှင် ဥပဒေသ အမှတ် ၆ သည်**

**တစ်ဖက်သား၏ တိုးတက်မှု အနည်း အများကို ပမာန မထားဘဲ ချီးကျူးပါ။ ထိုသို့ ချီးကျူးသောအခါ ရက်ရက်ရောရော ရှိပါစေ။**

---

၁။ Professor Willam James

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၇

## သူ့ကိုယ်ကို သူ အထင်ကြီးပါစေ

နယူးယောက်မြို့ စကားစဒေးရပ် ဗရူးစတားလမ်း အမှတ် ၁၇၅ နေ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ မစ္စက် အားနက်ဂျင့်[၁] သည် အစေခံ မိန်းကလေးတစ်ယောက်ကို အိမ်တွင် ခိုင်းရန် ငှားလိုသဖြင့် သူငယ်မလေး တစ်ဦးအား ရှေ့လာမည့် တနင်းလာနေ့တွင် အိမ်အရောက်လာခဲ့ရန် မှာကြားလိုက်၏။ ထိုအတောအတွင်း မစ္စက်ဂျင့်သည် ထိုသူငယ်မကလေး ရှေးက အလုပ်လုပ်ခဲ့ဖူးသော အိမ်တစ်အိမ်သို့ ထိုသူငယ်မ၏ အကြောင်းကို တယ်လီဖုန်းနှင့် လှမ်း၍ စုံစမ်း၏။ ကြားရသော သတင်းမှာ စိတ်ကျေနပ်ဖွယ်ရာ မရှိချေ။ တနင်းလာနေ့သို့ ရောက်၍ အစေခံမကလေးသည် အလုပ်ဆင်းသောအခါ 'နယ်လီရေ[၂]၊ ညည်းအရင်တုန်းက နေခဲ့ဖူးတဲ့ အိမ်ကို တစ်နေ့တုန်းက တယ်လီဖုန်းနဲ့ လှမ်းပြီးတော့ ညည်းအကြောင်းကို ငါ မေးကြည့်တယ်၊ အဲဒီအိမ်က မိန်းမကြီးက ညည်းဟာ ရိုးလဲ ရိုးပါရဲ့တဲ့၊ စိတ်လဲ ချရပါရဲ့တဲ့၊ အချက်အပြုတ်လဲ ကောင်းပါရဲ့တဲ့၊ ကလေးတွေကိုလဲ အထိန်းကောင်းပါရဲ့တဲ့၊ သို့ပေမယ့် ညည်းဟာ ပေပေကျံကျံနဲ့ နေတတ်တယ်တဲ့၊ နောက်ပြီးတော့ အိမ်တွေ ဘာတွေကိုလဲ သန့်သန့်ရှင်းရှင်း မထားတတ်ဘူးတဲ့၊ ခု ညည်းကို မြင်ရတော့ ဒီမိန်းမဟာ ညည်း အပေါ်မှာ မဟုတ်မတရားပြောတယ်လို့ ငါ ယူဆတာပဲ၊ ကဲ ကြည့်လေ။ ညည်း ဝတ်ထားတဲ့ အဝတ်အစားတွေကလဲ သပ်သပ်ရပ်ရပ်ရှိတယ်၊ ဒါကို ဘယ်သူမဆို မြင်နိုင်တာပဲ၊ ညည်းကိုညည်း သပ်သပ်ရပ်ရပ် နေသလို အိမ်ကိုလဲ သပ်သပ်ရပ်ရပ်

---

၁။ Mrs. Ernset Gent, 175 Brewster Road, Scarsdale, New York

၂။ Nelly

www.burmeseclassic.com

www.burmeseclassic.com



ထားမယ်လို့ ငါတော့ လောင်းရဲတယ်အေ၊ ညည်းနဲ့ငါတော့ တည့်မှာပဲအေ့' အစရှိသည်ဖြင့် မစွက် ဂျင့်သည် အစေခံမကလေး နယ်လီကို ပြောပြ၏။

တည့်မည်ဟု ပြောသည့်အတိုင်းကောင်းစွာ တည့်ကြ၏။ မစွက်ဂျင့်က ချီးကျူးထားသည့်အတိုင်း အမှန်ဖြစ်စေရန် တစ်နေ့လျှင် တစ်နာရီလောက်ပို၍ အိမ်ကိုရှင်းလင်းအောင် လုပ်ပေးရလျှင်လည်း လုပ်ပေးမည်ဖြစ်၏။ ထို့ကြောင့် မစွက်ဂျင့်၏ အိမ်သည် ဖိတ်ဖိတ်တောက်လျက် ရှိလေသည်။

'ယေဘုယျအားဖြင့် လူများက သူတို့ကို အထင်ကြီးနေလျှင် သော်လည်းကောင်း၊ သူတို့၏ စွမ်းရည်သတ္တိတစ်ခုကို သင်ကိုယ်ကိုင်က အထင်ကြီးနေသည့်အကြောင်းကို ပြလျှင်သော်လည်းကောင်း သင်ခိုင်းစရာကို လွယ်လွယ်နှင့် လိုက်နာဆောင်ရွက်တတ်လေသည်'ဟု ဘော်လဒွင် လိုကို မိုးတစ် အလုပ်ရုံကြီး[၁]၏ မန်နေဂျာ ဖြစ်သူ ဆယ်မျူရယ် ဗိုကလိန်[၂]က ထုတ်ဖော်ပြောဆိုဖူးလေသည်။

အတိုချုပ် ပြောရမည်ဆိုသော် လူတစ်ဦးဦးကို မိမိ အလိုရှိသော ကိစ္စတစ်ခုခုနှင့် စပ်လျဉ်း၍ စွမ်းစွမ်းတမံ ဆောင်ရွက်စေချင်လျှင် ထိုကိစ္စမျိုးကို ဆောင်ရွက်ရာ၌ ထိုသူသည် အထူးကျွမ်းကျင်သည်ဟူသော အနေမျိုးသို့ ရောက်အောင် ပြောပါလေ။

'သင့်ကိုယ်မှာ သမာဓိမရှိလျှင် ရှိချင်ယောင်ဆောင်ပါ'ဟူ၍ ရှိတ်စပီးယားက ပြောခဲ့ဖူးလေသည်။ သမာဓိ မရှိသော လူတစ်ဦးတစ်ယောက်၌ သမာဓိရှိစေချင်လျှင် ထိုသူ၌ သမာဓိ ရှိသည်ဟူ၍ ယူဆပြီးလျှင် ဤကဲ့သို့ သမာဓိရှိသည်ဟု ယူဆကြောင်းကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော် ပြောဆိုရလျှင် မကောင်းပေဘူးလား။ တစ်ဖက်သားကို သိဒ္ဓိ တင်ပေးပါ။ ထိုသို့ သိဒ္ဓိတင်ပေးသည့်အတိုင်း အမှန်ဖြစ်အောင် ထိုလူသည် အစွမ်းကုန် ကြိုးစားပေလိမ့်မည်။

'မေယတာလင့်နှင့် ကျွန်ုပ် နေထိုင်ခဲ့ရပုံ'[၃] စာအုပ်ထဲတွင် အလွန်ဆင်းရဲလှသော ဘယ်လ်ဂျီယံ တောသူမလေးတစ်ဦး၏ အံ့သြလောက်အောင်ပြုပြင်ပြောင်းလဲလာပုံကို ဂျော့ဂျက် လေဗလန်း[၄] စာရေးဆရာမကြီးသည် အောက်ပါအတိုင်း ရေးသားခဲ့ဖူးလေသည်။

---

၁။ The Baldwin Locomotive Works

၂။ Samuel Vauclain

၃။ Souvenirs. My Life With Maeterlinck

၄။ Georgette Lelbanc

www.burmeseclassic.com

www.burmeseclassic.com



အနီးအနားရှိ ဟိုတယ်ဆိုင် တစ်ဆိုင်မှ သူငယ်မလေး တစ်ဦးသည် ကျွန်မထံသို့ စားဖွယ်သောက်ဖွယ်များ ယူလာလေသည်။ သူ့နာမည်မှာ ပန်းကန်ဆေးသူမကလေး မေရီ[၁] ပင် ဖြစ်လေသည်။ အဘယ့်ကြောင့် ဤကဲ့သို့ခေါ်သနည်းဆိုသော် အိမ်တစ်အိမ်၏ မီးဖိုချောင်တွင် ပန်းကန်ဆေးခြင်းဖြင့် အလုပ်စ၍ လုပ်ကိုင်ခဲ့ဖူးသောကြောင့်ပင် ဖြစ်လေသည်။ ထိုသူငယ်မကလေးသည် မျက်စိကလည်း စွေ၊ ခြေကလည်းကောက်၊ နဖူးလည်းမောက်လျက်ရှိရသည့်အထဲတွင် စိတ်ထားကလည်း အလွန်ဆိုးသဖြင့် ဘီလူးမကလေးသဖွယ် ထင်မှတ်ရ၏။

တစ်နေ့သ၌ ကျွန်မဖို့ မုန့်ဟင်းခါးပန်းကန်ကို သူ၏ နီကြမ်းသော လက်ထဲတွင်ကိုင်လျက်ရှိစဉ် 'မေရီ ညည်းကိုယ်ထဲမှာ အဖိုးထိုက် အဖိုးတန် ကျောက်ကောင်းရတနာတွေ ရှိတယ်ဆိုတာ ညည်း မသိဘူး' ဟူ၍ ကျွန်မက ပြောလိုက်၏။ ထိုစကားကို ကြားသောအခါ လက်ထဲက ပန်းကန်ပြားလွတ်ကျ သွားမည် စိုးသောကြောင့် မေရီသည် မိမိလက်ကို အနိုင်နိုင် ထိန်းထားရ၏။ ထို့နောက် မေရီသည် ပန်းကန်ပြားကို စားပွဲပေါ်တွင် အသာတင်လိုက်ပြီးလျှင် သက်မကြီးချ၍ 'ရှေးတုန်းက ကျွန်မကိုယ် ကျွန်မ အလကားပဲလို့အောက်မေ့မိခဲ့ပါတယ်'ဟု ပြန်ပြော၏။ ကျွန်မ၏ ပြောဆိုချက်ကို သူသည် အနည်းငယ်မျှ သံသယ မဖြစ်ချေ။ ထို့ကြောင့် ဟုတ်မှ ဟုတ်ရဲ့လားဟူ၍ ပြန်လှန်စစ်ဆေး မေးမြန်းခြင်းကိုပင်မလုပ်တော့ဘဲ သူ့အိမ်သို့ ပြန်သွားပြီးလျှင် ကျွန်မ ပြောလိုက်သော စကားများကို စမြုံ့ပြန်လျက် ရှိ၏။ ထိုနေ့မှစ၍ သူ့တန်ဖိုးကိုသူ အလွန်အကျူးယုံကြည်လျက်ရှိသောကြောင့် ရှေးအခါက သူ့ကို မထီမဲ့မြင်ပြုသော သူများနှင့် လှောင်ပြောင်ကြသော သူများတို့ပင်လျှင် ရှေးကကဲ့သို့ မပြုရဲကြတော့ရုံသာမက သူ့ကိုပင်အနည်းငယ် အရေးတယူ ပြုလာကြရ၏။ ထူးဆန်း အံ့သြဖွယ် အကောင်းဆုံးသော အချက်မှာ အခြားမဟုတ်။ ထိုနေ့မှ အစပြု၍ မေရီ၏ ရုပ်ရည်ရူပကာပါ တစ်မျိုးတစ်ဖုံ ပြုပြင်ပြောင်းလဲလာခြင်းပင် ဖြစ်လေသည်။ ကျွန်မ ပြောသကဲ့သို့ သူ့ကိုယ်တွင်း၌ အဖိုးထိုက်တန်သော အရည်အချင်းများ ရှိသည်ဟု အကယ်ပင် ထင်မှတ်ပြီးလျှင် ရှေးအခါက ဖြစ်ချင်သလိုဖြစ်၊ ပစ်၍ ထားခဲ့သော မျက်နှာနှင့် ကိုယ်ကာယတို့ကို အထူးတလည်

---

၁။ Mary

www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်၍ ပြုပြင်လေရာ ပြုပြင်ခြင်းနှင့် စိတ်ဓာတ်တို့၏ အဟုန်ကြောင့် ရေမတွေ့ရသော ကြာပန်းပင်ကဲ့သို့ ရှေးက ညှိုးနွမ်းလျက်ရှိသော သူ့ကိုယ်ကာယ ကလေးသည် စိုစိုပြည်ပြည် တစ်သွေးတစ်မွေး ဖြစ်၍လာ၏။

နှစ်လလောက် ကြာသောအခါ ထိုနေရာမှ ကျွန်မသည် ထွက်ခွာသွားတော့မည်ဟု ပြင်ဆင်လျက်ရှိစဉ် မေရီသည် ကျွန်မထံသို့ လာပြီးလျှင် 'ကျွန်မတို့ ဆရာ့တူနဲ့ ကျွန်မ လက်ထပ်တော့မယ်၊ သခင်မရဲ့ကျေးဇူးဟာ အင်မတန် ကြီးလှပါတယ်'ဟူ၍ ကျွန်မကို ပြောပြ၏။ ကျွန်မ ပြောလိုက်သော စကား လေးငါးခွန်းသည် မေရီ၏ ဘဝကို အသစ်ပြုပြင် ပြောင်းလဲ ပေးလိုက်ပေသည်။

ဂျော့ဂျက် လေဗလန်းသည် ပန်းကန်ဆေးသူမလေး မေရီကို သိဒ္ဓိ တင်ပေးလိုက်သဖြင့် ထိုသို့ သိဒ္ဓိတင်ပေးလိုက်ခြင်းသည် မေရီ၏ ဘဝကို အသစ်ပြုပြင် ပြောင်းလဲ လိုက်စေခြင်းပင် ဖြစ်လေသည်။

ပြင်သစ်ပြည်ရှိ အမေရိကန် ခြေကျင်စစ်သားများကို ပြုပြင်ရာ၌ ဟင်နရီ ကလေး ရစ်ဇနား[၁]ဆိုသူသည် ဤနည်းကိုပင် အသုံးပြုခဲ့ဖူးလေသည်၊

ဂျိမ်း ဂျီ ဟာဗော့[၂] ဆိုသူ လူချစ်လူခင်အများဆုံး အမေရိကန်စစ်ဗိုလ်ချုပ်ကြီးသည် ရစ်ဇနားနှင့် တွေ့စဉ်က ပြင်သစ်ပြည်ရှိ နှစ်သန်းကျော်မျှရှိသော အမေရိကန်စစ်သားများသည် သူတွေ့ခဲ့ရသောစစ်သားများထဲတွင် အစင်ကြယ်ဆုံးနှင့် သူစိတ်တိုင်းအကျဆုံးသော စစ်သားများဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုဖူးလေသည်။

ဤစကားသည်အလွန်အမင်းပို၍ ချီးကျူးထားသော စကား ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ သို့ရာတွင် ရစ်ဇနားသည် ထိုစကားကို မည်ကဲ့သို့အသုံးချသည် ကြည့်ကြဦးစို့။

'စစ်ဗိုလ်ချုပ်ကြီးက ဤကဲ့သို့ပြောဖူးသည့်အကြောင်းကို စစ်သားများအား ပြန်ပြောပြရန် ကျွန်ုပ်သည် မမေ့ချေ။ ဤစကားသည် မှန်မမှန်ကို ကျွန်ုပ်သည် တစ်ခါဖူးမျှ စစ်ကြော မေးမြန်းခြင်း မပြုချေ။ အဘယ့်ကြောင့် ဆိုသော် စစ်ဗိုလ်ချုပ်ကြီးပြောသည့်အတိုင်းပင် စစ်သားများကိုယ်တိုင်က မကောင်းစေကာမူ ဟာဗော့လို စစ်ဗိုလ်ချုပ်ကြီး တစ်ယောက်လုံးက ဤကဲ့သို့ ပြောဆိုသည်ကို စစ်သားများကြားရလျှင် သူတို့သည် စစ်ဗိုလ်ချုပ်ကြီး

---

၁။ Henry Clay Risner

၂။ James G. Harbord

www.burmeseclassic.com

www.burmeseclassic.com



ထင်သည့်အတိုင်း အမှန်ဖြစ်အောင် ဇောက်ကြိုးစားကြပေလိမ့်မည်ဟု ကျွန်ုပ် ယုံကြည်သောကြောင့်ပင် ဖြစ်ပေသည်'။

'ခွေးပင် ဖြစ်သော်လည်း နာမည်ဆိုး တစ်ခု အပေးခံရလျှင် သေရသည် လောက် နာကြည်း၏'ဟူသော စကားပုံပေါင်းတစ်ခု ရှိလေသည်။ သို့ရာတွင် ထိုခွေးကို နာမည်ကောင်း တစ်ခု ပေးလိုက်လျှင် ဘာဖြစ်မည်ကို သင်ကိုယ်တိုင် စောင့်ကြည့်ပါလော့။

များမကြာမီက အိတ်ချိန်း ဘူဖေး[၁]မှ အရာရှိ တစ်ယောက်နှင့် ကျွန်ုပ်သည် တွေ့ဆုံခဲ့ဖူး၏။ အိတ်ချိန်းဘူဖေးသည် အခြားမဟုတ်။ ပျော်ပွဲစားရုံ ၂၆ ရုံကို စီမံအုပ်ချုပ်ရာဌာန ဖြစ်လေသည်။ ထိုဌာနလက်အောက်ခံ ပျော်ပွဲစားရုံများတွင် စားသောက်ကြသောသူများထံမှ ဆိုင်ရှင်သည် မည်ရွေ့မည်မျှ ကျသည်ဟု တောင်းခံခြင်း မပြုချေ။ စားသောက်သောသူများက မိမိတို့စားသောက်သည့် အတွက် မိမိတို့ကိုယ်တိုင် တွက်ချက်ပြီးလျှင် ပေးသရွေ့ကို ဆိုင်ရှင်က ယူလေသည်။ အိတ်ချိန်းဘူဖေးကို ၁၈၈၅ ခုနှစ်က အစပြု တည်ထောင်ခဲ့၏။ ထိုအချိန်အခါကစ၍ ယနေ့တိုင်အောင် လာရောက် စားသောက်သူများသို့ ဆိုင်ရှင်များက တစ်ခါဖူးမျှ စာရင်းတွက်၍ မတောင်းဖူးချေ။

ထို့ကြောင့် ကျွန်ုပ်သည် ထိုအိတ်ချိန်း ဘူဖေး၏ အရာရှိ တစ်ဦးနှင့် တွေ့ဆုံသောအခါ 'ခင်ဗျားတို့ ဆိုင်တွေမှာ လာပြီးစားတဲ့လူတွေကို စောင့်ကြည့်ဖို့လူတွေ မထားရဘူးလား၊ လာစားကြတဲ့လူတွေအားလုံးဟာ ဘယ်နည်းနဲ့မျှ လူကောင်းတွေချည်း မဖြစ်နိုင်ဘူးဗျာ' ဟု အံ့အားသင့်စွာနှင့် ကျွန်ုပ်က မေးလေသည်။

'စောင့်ကြည့်ဖို့လူတွေကို ကျွန်တော်တို့မထားပါဘူး၊ လိမ်ချင်တဲ့လူတွေလဲ လိမ်မှာပဲ၊ ကျွန်တော်တို့တော့ မသိဘူး၊ သို့ပေမယ့် ကျွန်တော်တို့ရဲ့စနစ်ဟာ လုပ်လို့တော့ ဖြစ်တာပဲ၊ အကယ်၍ ဒီစနစ်ဟာ လုပ်မဖြစ်ဘူးဆိုင်ရင် ခုလို နှစ်ပေါင်း ၅၀ ကျော်အောင် ဘယ့်နှယ်ခံနိုင်ပါ့မလဲ' ထိုအရာရှိက ကျွန်ုပ်အား ပြန်ပြောဖူးလေသည်။

အိတ်ချိန်းဘူဖေးသည် လူတိုင်းရိုးသားဖြောင့်မတ်သည်ဟု ယုံကြည်ကြောင်း လူတိုင်းအား သိစေလေသည်။ ထို့ကြောင့် သူဌေးဖြစ်ဖြစ်၊ ဆင်းရဲသား

---

၁။ Exchange Buffet

www.burmeseclassic.com



ဖြစ်ဖြစ်၊ သူတောင်းစားဖြစ်ဖြစ်၊ သူခိုးပဲဖြစ်ဖြစ် လူတိုင်းသည် သူတို့ကို ရိုးသားသည်ဟု သိဒ္ဓိတင်ထားသည့်အတိုင်း ရိုးသားဖြောင့်မတ်စွာ ဆက်ဆံကြလေသည်။

'ကလိမ်ချိုတစ်ဦးဦးနှင့် ဆက်ဆံရမည်ဆိုလျှင် ထိုကလိမ်ချိုကို ကောင်းလာအောင် လုပ်ရန် နည်းတစ်နည်းသာ ရှိလေသည်။ ထိုနည်းမှာ အခြားမဟုတ်၊ ထိုကလိမ်ချိုကို သမာဓိရှိသော ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးကဲ့သို့ သဘောထား၍ ဆက်ဆံပါ။ ထိုသို့ဆက်ဆံခြင်းကို ခံရသောအခါ ထိုကလိမ်ချိုသည် အတော်ကြီးသွေးမြောက်ပြီးလျှင် ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ဦးအနေဖြင့် ပြန်၍ ဆက်ဆံပေလိမ့်မည်။ သူ့ကို ယုံကြည်သောလူများလည်း ရှိသေးရဲ့ဟူ၍ ဂုဏ်ယူပေလိမ့်မည်' အစရှိသဖြင့် ဆင်းဆင်းထောင်၏ ထောင်ပိုင်ကြီးဖြစ်သူ ကမ္ဘာကျော် လောစ် ဆိုသူက ထုတ်ဖော် ပြောဆိုဖူးလေသည်။ ထောင်ပိုင်ကြီးသည် ဆိုးပေ လိမ်ပေဆိုသော လူဆိုးလူလိမ်များနှင့် အမြဲတမ်းဆက်ဆံနေရသောကြောင့် သူ၏ အကြံပေးချက်မှာ အထူးလေးနက်လှပေသည်။

ဤအကြံပေးချက်မှာ အထူးမှတ်သားဖွယ်ကောင်းသောကြောင့် တစ်ကြိမ်ထပ်၍ အောက်တွင် ဖော်ပြ လိုက်ပါဦးအံ့။

ကလိမ်ချိုတစ်ဦးဦးနှင့် ဆက်ဆံရမည်ဆိုလျှင် ထိုကလိမ်ချိုကို ကောင်းလာအောင် လုပ်ရန် နည်းတစ်နည်းသာလျှင် ရှိလေသည်။ ထိုနည်းမှာ အခြားမဟုတ်။ ထိုကလိမ်ချိုကို သမာဓိရှိသော ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးကဲ့သို့ သဘောထား၍ ဆက်ဆံပါ။ ထိုသို့ဆက်ဆံခြင်းကိုခံရသောအခါ ထိုကလိမ်ချိုသည် အတော်သွေးမြောက်ပြီးလျှင် ဂုဏ်သရေရှိလူကြီးလူကောင်းအနေဖြင့် ပြန်၍ ဆက်ဆံပေလိမ့်မည်။ သူ့ကို ယုံကြည်သောလူများလည်းရှိသေးရဲ့ဟူ၍ ဂုဏ်ယူပေလိမ့်မည်။

**ထို့ကြောင့် တစ်ဖက်သားကို မျက်မုန်းမကျိုး စိတ်မဆိုးစေဘဲ ထိုသူ၏ အကျင့်စာရိတ္တကို ပြုပြင်ပြောင်းလဲပေးချင်လျှင် ဥပဒေသအမှတ် ၇ သည်**

**တစ်ဖက်သားကို သိဒ္ဓိတင်ပေးပါ။**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၈

### တစ်ဖက်သား၏ အပြစ်သည် ပြင်ရန် မခက်ခဲဟု ထင်လာအောင် ပြုလုပ်ပေးပါ

များမကြာမီက ကျွန်ုပ်၏ မိတ်ဆွေ အသက် ၄၀ ရွယ် လူပျိုကြီးသည် အိမ်ထောင်ပြုရန် စေ့စပ်ကြောင်းလမ်း ပြီးလေ၏။ သူနှင့် စေ့စပ်ထားသောမိန်းမက အကသင်ရမည်ဟု ပူဆာသောကြောင့် လူပျိုကြီးသည် အကသင်ဆရာတစ်ဦးကို ငှား၍ သင်လေသည်။ အနှစ် ၂၀ လောက်က တတ်ကျွမ်းခဲ့သော ထိုလူပျိုကြီး၏ အကသည် ခေတ်နောက်ကျလျက်ရှိ၏။ ထို့ကြောင့် ထိုခေတ်မမီသော အကကို တစ်ခါတည်းစွန့်လိုက်ပြီးလျှင် နည်းသစ်များကို အစမှပြန်၍ သင်ရမည်ဟု ဆရာသည် လူပျိုကြီးအား ပြောကြား၏။ လူပျိုကြီးသည် စိတ်အပျက်ကြီးပျက်၍ ထိုအကဆရာနှင့် ဖြတ်လိုက်၏။

ဆရာအသစ်တစ်ဦးကို ထပ်၍ငှားသောအခါ ထိုဆရာသည် ကျွန်ုပ်အား မဟုတ်မမှန်သော စကားများကို ပြောကောင်း ပြောပေမည်။ သို့သော်လည်း ထိုဆရာ၏ စကားများကို ကျွန်ုပ် ကြိုက်၏။ 'အင်း ရှင့်အကဟာ နည်းနည်းတော့ ခေတ်မမီဘူးလို့ ဆိုကောင်း ဆိုရမှာပေါ့လေ၊ သို့ပေမယ့် အကမှာ အရေးကြီးတဲ့ အချက်တွေကတော့ အကုန် မှန်တာပါပဲ၊ ဒီလောက်တတ်ထားရင်နည်းသစ်တွေကို သင်ဖို့ မခဲယဉ်းတော့ဘူး' အစရှိသည်ဖြင့် ဆရာသစ်သည် ကျွန်ုပ်အား ပြောပြလေသည်။

ပထမဆရာသည် ကျွန်ုပ်၏ အပြစ်များကို ထင်ရှားအောင်ထုတ်ဖော် ပြောဆိုခြင်းဖြင့် ကျွန်ုပ်ကို စိတ်ပျက်စေ၏။ ဒုတိယဆရာမှာမူကား ပထမ ဆရာနှင့် ဆန့်ကျင်ဘက်ကို ပြုလုပ်၏။ ကျွန်ုပ်၏ အမှန်များကို မဆုံးနိုင်အောင် ချီးကျူးလျက်ရှိ၍ အမှားများကိုမူကား လျစ်လျူရှုလျက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင့်ဓာတ်ခံထဲမှာကို စည်းဝါးနားလည်တဲ့ အသိဉာဏ် ကပ်နေတယ်၊ ရှင်ဟာ က မစားလို့သာပေါ့၊ အမှန်စင်စစ်မတော့ ရှင်ဟာ အကဘက်မှာ ပါရမီထူးလာတဲ့ လူတစ်ယောက်ပဲ'အစရှိသည်ဖြင့် ကျွန်ုပ်ကို အားပေးလျက်ရှိ၏။

ကျွန်ုပ်သည် စတုတ္ထတန်းစား အကသမားမျှသာ ဖြစ်ကြောင်း ကျွန်ုပ် ကိုယ်တိုင် ကောင်းစွာ သိပါလျက် ကျွန်ုပ်၏ စိတ်တွင်း၌မူကား 'အေးလေ၊ သူ တကယ်ပြောတာ ထင်ပါရဲ့'ဟူ၍ တွေးချင်သောဆန္ဒသည် ပေါ်လာလေ သည်။ အမှန်စင်စစ်ပြောရလျှင် ဤကဲ့သို့ ပြောရန်အတွက် သူ့ကို ပိုက်ဆံပေး၍ အက သင်ခိုင်းခြင်း ဖြစ်လေသည်။

ဘာပဲဖြစ်ဖြစ် ကျွန်ုပ်၏ စိတ်ဓာတ်ခံထဲမှာကို စည်းဝါး နားလည်တဲ့ အသိဉာဏ် ကပ်နေတယ်ဟူသော သူ့စကားကို ကြားရသောအခါမှ အစပြု၍ ကျွန်ုပ်တွင် အကတိုးလာသည်မှာ ကျွန်ုပ်ကိုယ်တိုင် သိရှိ၏။ ထိုစကားသည် ကျွန်ုပ်ကို များစွာ အားပေးခဲ့၏။ ထိုစကားများသည် ကျွန်ုပ်ကို မျှော်လင့်ချက်များ ပေးခဲ့၏။ ထိုစကားများသည် ကျွန်ုပ်ကိုယ်ကို တိုးတက် ကောင်းမွန်စေရန် ကျွန်ုပ် စိတ်ကို ဆွပေးခဲ့၏။

* * *

ကလေးကိုဖြစ်စေ၊ လင်ယောကျ်ားကိုဖြစ်စေ၊ အစေခံ တစ်ဦးဦးကိုဖြစ်စေ ကိစ္စ တစ်ခုခုတွင် အ သည် န သည်ဟုလည်းကောင်း၊ ဒီကိစ္စကိုဆောင်ရွက်ရန် စွမ်းရည်သတ္တိ မရှိဘူးဟူ၍လည်းကောင်း၊ ထိုကိစ္စကို လုပ်လျှင် အမှားမှား အချော်ချော် ဖြစ်မည်ဟူ၍လည်းကောင်း ပြောကြားပါလျှင် ထိုအပြောခံရသူ၏ စိတ်ထဲတွင် ရှိသမျှသော တိုးတက် ကောင်းမွန်အောင် စွမ်းဆောင်လိုသည့် ဆန္ဒမှန်သမျှကို အသေသတ်ပစ်လိုက်သည်နှင့် အတူတူပင် ဖြစ်၏။ ထို့ကြောင့် ထိုနည်းကိုမသုံးပါနှင့်။ အားပေးစကားများကို ရက်ရောစွာပြောနိုင်ကြပါစေ။ လုပ်ရန်ကိစ္စသည် လွယ်ကူပါသည်ဟု သဘောပေါက်လာအောင် ပြောပေးပါ။ ထိုကိစ္စကို ဆောင်ရွက်ရန်အတွက် သူ့မှာ စွမ်းရည်သတ္တိရှိကြောင်း သင်ယုံကြည် သည်ဟု တစ်ဖက်သားအား အသိပေးပါ။ သူကိုယ်တိုင်က မသိသေးသော်လည်း သူ့မှာ ဤကိစ္စကို ဆောင်ရွက်နိုင်ရန်အတွက် မီးခဲပြာဖုံး စွမ်းရည်သတ္တိရှိကြောင်း ကိုလည်း တစ်ဖက်သားအား သိရှိပါစေ၊ ဤကဲ့သို့သာ ပြုလုပ်ပေးပါလျှင်

www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စကို သင် ထင်သည့်အတိုင်း ဆောင်ရွက်ရန်အတွက် ထိုသူသည် အရေးကျောင်း၍ အလင်းပေါ်သည့်တိုင်အောင် မအိပ်ဘဲ လေ့ကျင့်ပေလိမ့်မည်။

ဤနည်းကို လိုဝဲ သောမတ်[၁]သည် အသုံးပြုခဲ့ဖူး၏။ သောမတ်သည် လူချင်းပေါင်းသင်းဆက်ဆံသည့်အတတ်တွင် ဝိဇ္ဇာဓိုရ် ရလေသည်။ သူသည် သင့်ကို ပြုစုပျိုးထောင်ပေးလိမ့်မည်။ သင့်ကို ယုံကြည်စိတ်ချသော စိတ်ဓာတ်များ မွေးမြူအောင် စွမ်းဆောင် ပေးလိမ့်မည်။ သတ္တိနှင့် ဇွဲ ကောင်းလာအောင် ရှေ့ဆောင် လမ်းပြပေးလိမ့်မည်။

သက်သေသာဓကတစ်ခုကို ထုတ်ပြပါအံ့။ များမကြာမီက ကျွန်ုပ်သည် မစ္စတာ နှင့် မစ္စက်သောမတ်တို့၏ အိမ်တွင် တနင်္ဂနွေ တစ်ပတ်လောက် သွားရောက်နေထိုင်ခဲ့ဖူး၏။ စနေနေ့ညတစ်ညတွင် ကျွန်ုပ်အား ဘရစ်‌ခေါ်[၂] အင်္ဂလိပ် ဖဲကစားနည်းတစ်မျိုးကို ဝင်၍ ကစားရန် ခေါ်လေသည်။ ကျွန်ုပ်သည် ဘရစ်ကို အလျဉ်း မကစားတတ်သဖြင့် မကစားပါရစေနှင့်ဟု ဖွင့်ငြင်းလေသည်။

ထိုအခါ 'ဟာ ဒေးကလဲ ဒီကစားမျိုးဟာ ဘာခက်လို့လဲ၊ မှတ်ဉာဏ်ကောင်းပြီး အဆုံးအဖြတ်တတ်ရင် ကစားနိုင်တာပဲ၊ တစ်ခါတုန်းက ဒေးပဲ မှတ်ဉာဏ်အကြောင်းကို ဆောင်းပါး တစ်စောင် ရေးဖူးတယ် မဟုတ်လား၊ ကစားကြည့်လေ၊ ခင်ဗျားနဲ့တော့ ဒီဘရစ်ဟာ အတော်ဆုံး နေမှာပဲဗျို့'ဟု သောမတ်က ပြန်ပြောလေသည်။

ထိုစကားကို ကြားရသည်နှင့် ကျွန်ုပ်သည် တစ်ခါဖူးမျှ မကစားဘူးသော ဘရစ်ကို ဝင်၍ ကစားခဲ့၏။

ဘရစ်အကြောင်းကို ပြောသောကြောင့် ဘရစ်အကြောင်းကို စာအုပ်ရေး၍ ရောင်းသော အီးလီ ကာဘတ်ဆန်[၃] ၏ အကြောင်းကို ပြေး၍ သတိရမိ၏။ ဘရစ်ကို ကစားသူတိုင်းသည် အီးလီ ကာဘတ်ဆန်ကို မသိသူ မရှိချေ။ သူ၏ စာအုပ်ကို ၁၂ မျိုးထက်မနည်း ဘာသာပြန်၍ စာအုပ်ရေပေါင်း တစ်သန်းကျော်မျှ ရောင်းချပြီးလေပြီ။ အကယ်၍ မိန်းမ တစ်ယောက်ကသာ ကာဗတ်ဆန်တွင် ဘရစ်ကစားနိုင်သော စွမ်းရည်သတ္တိ အများကြီး ရှိသည်ဟု အားပေးစကား မပြောကြားလျှင် ဤကဲ့သို့ စာအုပ်ထုတ်၍ ရောင်းနိုင်သော

---

၁။ Lowell Thomas

၂။ Bridge

၃။ Ely Culbertson

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေသို့ရောက်မည် မဟုတ်ဟူ၍ ကာဘတ်ဆန် ကိုယ်တိုင်က ထုတ်ဖော်ပြောဆိုဖူးလေသည်။

သူသည် ၁၉၂၂ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ ရောက်လာလေသည်။ အမေရိကန်နိုင်ငံတွင် ကျောင်းဆရာအလုပ်ကို ရှာ၍ မရရှိခဲ့ပေ။

ထိုနောက် ကျောက်မီးသွေးရောင်းရန် ကြိုးစားခဲ့၏။ အထမမြောက်ခဲ့ချေ။

ထို့ပြင် ကော်ဖီရောင်းရန် ကြံစည်ပါသော်လည်း ယခင်အလုပ်များနှင့် ထူးမခြားနားလှပေ။

ထိုစဉ်အခါက ဘရစ်ကစားနည်းကို သင်ပေးခြင်းဖြင့် အသက်မွေးတော့မည်ဟူ၍ ကာဘတ်ဆန်သည် စိတ်ပင် မကူးခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင် ကောင်းစွာမကစားတတ်သေးရုံမျှမက ကစားရာ၌လည်း အလွန် 'ကြေး'ထူသောကြောင့် သူနှင့် ဘယ်သူမျှ မကစားချင်ကြပေ။

များမကြာမီက သူသည် ဂျိုးဆက်ဖင် ဒီလန်[၁] ဆိုသူ ဘရစ်ကစားနည်းသင်ပြသော ဆရာမ တစ်ဦးနှင့် တွေ့၍ တစ်ဦးနှင့် တစ်ဦး စုံမက်ကြပြီးလျှင် လက်ထပ်ကြ၏။ ဘရစ် ကစားရာတွင် ကာဘတ်ဆန်သည် အမှုမဲ့ အမှတ်မဲ့ မကစားဘဲ အပြန်ပြန်အလှန်လှန် စူးစမ်းဝေဖန်တတ်သော အလေ့ရှိသည်ကို တွေ့ရသောကြောင့် ဘရစ်ကစားနည်းတွင် ကာဘတ်ဆန်သည် ပါရဂူတစ်ဦး ဖြစ်နိုင်သည်ဟု သူ၏ မိန်းမက အားပေးစကား ပြောကြား၏။ ကာဘတ်ဆန် ယခုအခြေအနေသို့ ရောက်လာရခြင်းမှာ အခြားကြောင့် မဟုတ်။ သူ့မိန်းမ၏ အထက်ပါ အားပေးစကားတစ်ခုတည်းကြောင့်သာ ဖြစ်သည်ဟု သူကိုယ်တိုင်က ပြန်ပြောဖူးလေသည်။

**ထို့ကြောင့် တစ်ဖက်သားကို မျက်မှန်းမကျိုး စိတ်မဆိုးစေဘဲ စိတ်ပြောင်းလာအောင် လုပ်လိုလျှင် ဥပဒေသ အမှတ် ၈ သည်**

**အားပေးစကားကို ပြောကြားပါ။ သင် ပြင်လိုသော တစ်ဖက်သား၏ အမှားသည် ပြင်ရန် လွယ်ကူသည်ဟု တစ်ဖက်သား သဘောပေါက်အောင် ပြောပါ။ သင် လုပ်စေချင်သော အလုပ်မှာ လုပ်ရန် လွယ်ကူသည့်အကြောင်းကိုလည်း တစ်ဖက်သား သဘောပေါက်ပါစေ။**

---

၁။ Josephine Dillon

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၉

## သင် လုပ်စေလိုသော အလုပ်ကို တစ်ဖက်သားသည် ဝမ်းမြောက်ဝမ်းသာစွာနှင့် လုပ်ရန်နည်း

၁၉၁၅ ခုနှစ်လောက်က အမေရိကန်ပြည် တစ်ပြည်လုံး စိတ်မချမ်းမသာ ဖြစ်လျက် ရှိ၏။ အဘယ့်ကြောင့်ဆိုသော် ၁၉၁၄ ခုနှစ်မှ အစပြု၍ ဖြစ်ပွားသော ကမ္ဘာစစ်ပွဲကြီး၌ ဥပရောပတိုက်ရှိ ပြည်ထောင်အချင်းချင်းတို့သည် ကမ္ဘာ့သမိုင်းတွင် မကြုံဖူးအောင် တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည် ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်လျက်ရှိကြ၏။ ထိုကဲ့သို့ ဒေါသမီး ဟုန်းဟုန်းတောက်လျက်ရှိသော အချိန်အခါတွင် ငြိမ်းချမ်းရေးကို ဆောင်ရွက်၍ ရပါမည်လော။ ရနိုင်မည်ဟု မည်သူမျှ မခန့်မှန်းနိုင်ချေ။ သို့ရာတွင် အမေရိကန်သမ္မတ ဝုဒရိုး ဝီလဆင်သည် မိမိ၏ ငြိမ်းချမ်းရေး သံတမန်တစ်ဦးကို ဥရောပတိုက်သို့ စေလွှတ်၍ နိုင်ငံအသီးသီး၏ ခေါင်းဆောင်များနှင့် ငြိမ်းချမ်းရေးကိစ္စကို နှီးနှောစေခြင်းဖြင့် ငြိမ်းချမ်းရေးကို စမ်းကြည့်လိုက်၏။

ထိုကိစ္စအတွက် အမေရိကန် ပြည်ထဲရေးဝန်ကြီး ဝီလျံ ဂျင်းနင်း ဘရိုင်ယန်[၁] သည် ဥရောပတိုက်သို့ သွားလို၏။ ဤကိစ္စကို ဆောင်ရွက်ခြင်းဖြင့် သူ့ကိုယ်ကို ကမ္ဘာ့သမိုင်းတွင် ထင်ရှားစေလို၏။ သို့ရာတွင် ဝီလဆင်သည် ကာနယ်ဟောက် ခေါ် သူ့မိတ်ဆွေရင်းတစ်ဦးကို ငြိမ်းချမ်းရေး သံတမန်အဖြစ် ခန့်ထားလိုက်၏။

ဤကဲ့သို့ ခန့်ထားလိုက်သည့် အကြောင်းကိုလည်း ဘရိုင်ယန်ကို ကာနယ်ဟောက် ကိုယ်တိုင် ပြောပြရမည် ဖြစ်၏။ ဘရိုင်ယန် စိတ်မဆိုးအောင် ပြောရန် ကိစ္စမှာ မလွယ်ကူလှချေ။

---

၁။ William Jenning Bryan

www.burmeseclassic.com

www.burmeseclassic.com



ကာနယ်ဟောက်၏ နေ့စဉ်မှတ်တမ်းထဲတွင် အောက်ပါ ရေးသားချက်များကို ကျွန်ုပ် တွေ့ရှိရ၏။

ငြိမ်းချမ်းရေး သံတမန်အဖြစ်ဖြင့် ဥရောပတိုက်သို့ ကျွန်ုပ် သွားရမည့်အကြောင်းကို ကြားရသောအခါ ဘရိုင်ယန်သည် အတိအလင်း စိတ်ပျက်သွားလေသည်။ ဥရောပတိုက်သို့ သွားရန် သူကိုယ်တိုင် အစီအစဉ်များကို ပြုလုပ်ပြီးပြီဟု ဘရိုင်ယန်က ပြောပြ၏။

ထိုအခါ ဤကိစ္စတွင် ပြည်ထဲရေးဝန်ကြီးကိုယ်တိုင် သွား၍ သင့်လျော်မည်ဟု သမ္မတမင်းက မယူဆကြောင်း၊ အဘယ့်ကြောင့်ဆိုသော် **ဤကဲ့သို့ ပုဂ္ဂိုလ်ကြီးတစ်ယောက်လုံး သွားခဲ့ပါလျှင် နေရာတကာတိုင်း၌ အုတ်အော်သောင်းသဲဖြစ်၍ ဘာကိစ္စနဲ့ ဒီကို လာပါလိမ့်**ဟု လူတိုင်း တွေးစရာ ဖြစ်မည့်အကြောင်းကိုပါ ကျွန်ုပ်က ပြောပြရလေသည်။'

ပြောပြပုံကို အသင် မြင်ပြီ မဟုတ်လား။ ဘရိုင်ယန်၏ ဂုဏ်ဒြပ်သည် ပြုလုပ်ရမည့်ကိစ္စထက် ကြီးမြင့်နေသောကြောင့် ဘရိုင်ယန်ကိုယ်တိုင် သွားလျှင် မသင့်လျော်ဟူသော အကြောင်းကို ကာနယ်ဟောက်သည် ဘရိုင်ယန်ကို ပြောပြ၏။ ဘရိုင်ယန်သည် မိမိကိုယ်တိုင် အလွန်အမင်း သွားလိုပါသော်လည်း ကာနယ်ဟောက် အပြောကောင်းသောကြောင့် ကျေနပ်လိုက်ရ၏။

လောကီရေးရာတွင် ကျွမ်းကျင်ပြီးသားဖြစ်သော ကာနယ်ဟောက်သည် ပေါင်းသင်းဆက်ဆံရာတွင် အရေးအကြီးဆုံးသော နည်းတစ်နည်းကို အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။ ထိုနည်းမှာ

**သင် လုပ်စေလိုသော အလုပ်ကို တစ်ဖက်သားသည် ဝမ်းမြောက်ဝမ်းသာစွာနှင့် လုပ်ချင်အောင် ခိုင်းပါ။**

သမ္မတ ဝီလဆင်သည် အစိုးရအဖွဲ့ကို ဖွဲ့ပြီးနောက် ထိုအဖွဲ့တွင် ပါဝင်ရန် ဝီလျံ ဂစ် မက်အဒူး[၁] ဆိုသူကို ဖိတ်ကြားရာ၌ အထက်ပါနည်းကိုပင် အသုံးပြုခဲ့ဖူးလေသည်။ ထိုအစိုးရအဖွဲ့တွင် လူတိုင်း ဝင်ရောက် ဆောင်ရွက်လို၏။ သို့ရာတွင် ဝီလဆင်ကမူကား သူ့ကို ထောက်ညှာသောအားဖြင့် သူ၏ အစိုးရအဖွဲ့တွင် ပါဝင် အမှုထမ်းပါဟု မက်အဒူး ထံသို့ စာရေး အကြောင်းကြားလိုက်၏။

၁။ William Gibbs Mc Adoo

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဝီလဆင်သည် ဤနည်းကို သုံးသင့်သည့်အခါတိုင်း အသုံးမပြုခဲ့သည်မှာ ဝမ်းနည်းစရာပင် ဖြစ်၏။ ကမ္ဘာစစ်ကြီး ပြီးသည့်နောက် စစ်ပြေငြိမ်းစာချုပ်ကို လက်မှတ်ရေးထိုးရန် ဥရောပတိုက်သို့သွားစဉ်က သမ္မတ ဝီလဆင်သည် တစ်ဖက်ဂိုဏ်းမှ အရေးပါ အရာရောက်သော နိုင်ငံရေး ခေါင်းဆောင်ကြီးများကို ပင့်ဖိတ်ခြင်း မပြုဘဲ မိမိဂိုဏ်းမှ မထင်ရှားသော သူ အချို့ကိုသာ ဥရောပတိုက်သို့ ခေါ်သွားခဲ့၏။ သမ္မတ ဝီလဆင်သည် တစ်ဖက်ဂိုဏ်းသားတို့ကို အလွန် အရေးကြီးသောအခါတွင် နေရာမပေးဘဲ တမင်သက်သက် နှိမ်၍ ထားလိုက်၏။ ထို့ကြောင့် တစ်ဖက်ဂိုဏ်းသားတို့ သည် သူ လက်နှင့်ရေးခဲ့သော အရာဟူသမျှကို ခြေဖြင့် လိုက်ဖျက်ကြ၏။ အထက်ပါ ပေါင်းသင်းဆက်ဆံနည်းကို လျစ်လျူရှုမိသောကြောင့် ဝီလဆင်၏ အသက်နှင့် နိုင်ငံရေးသက်တမ်းတို့မှာ တိုသွားရုံမျှမက အမေရိကန်သမ္မတ ဝီလဆင် ထူထောင်ပေးခဲ့သော နိုင်ငံပေါင်းချုပ် အသင်းကြီးတွင် အမေရိကန် ပြည်သည် မပါဝင်ဘဲ နေခဲ့သဖြင့် ကမ္ဘာ့သမိုင်းမှာ တစ်မျိုးတစ်ဖုံ ပြောင်းလွဲ သွားခဲ့လေသည်။

* * *

ဒယ်ဘယ်ဒေး ပေ့ဂျ်[၁] ပုံနှိပ်တိုက်သည် ဤနည်းကို အမြဲ လိုက်နာလေသည်။

**သင်လုပ်စေလိုသော အလုပ်ကို တစ်ဖက်သားသည် ဝမ်းမြောက် ဝမ်းသာစွာနှင့် လုပ်ချင်အောင် နိုင်းပါ။**

ဤနည်းကို အသုံးပြုရာ၌ ဒယ်ဘယ်ဒေးသည် အလွန် ကျွမ်းကျင်သော ကြောင့် စာရေးဆရာ အို ဟင်နရီ[၂] က သူ၏ စာအုပ်ကို ဒယ်ဘယ်ဒေးက လက်မခံဘဲ ငြင်းပယ်လိုက်သောအခါ အခြားတိုက်များက လက်ခံခြင်းထက် ပို၍ ဝမ်းသာသည်ဟု ထုတ်ဖော် ပြောဆိုဖူးလေသည်။

မိတ်ဆွေများနှင့် မသွားမဖြစ်သောသူများထံမှ စကား လာရောက် ပြောကြားရန် ဖိတ်ကြားချက်များကို မကြာခဏ ငြင်းဆန်ရသော သူတစ်ဦး နှင့် ကျွန်ုပ်သည် သိကျွမ်းဖူး၏။ သူ စာအပြန်ကောင်းသောကြောင့် ဖိတ်ကြား သူများမှာ ကျေနပ်ကြလေသည်။ သူသည် မည်ကဲ့သို့ ရေးသနည်း။ အလုပ်ရှုပ်

၁။ Doubleday Page
၂။ O. Henry

www.burmeseclassic.com



နေသောကြောင့် ဘာကြောင့် ညာကြောင့် လာရောက် စကားမပြောကြားနိုင်ပါ ဟူ၍သာ မရေးသားဘဲ အခြားအချက်များကိုလည်း ရေးသားလိုက်သေး၏။ ဥဒါဟရဏ်၊ ဖိတ်ကြားစာ တစ်စောင်ကို ငြင်းဆန်ရာ၌ ဤကဲ့သို့ ဂရုတစိုက် ပြုလုပ်၍ ဖိတ်ကြားခြင်းကို ကျေးဇူးများစွာ တင်ပါသော်လည်း မလာရောက် နိုင်လောက်သော အကြောင်းများ ပေါ ပေါက်လျက်ရှိသောကြောင့် များစွာ ဝမ်းနည်းကြောင်း အစရှိသည်တို့ကို ပဏာမခံပြီးနောက် သူ့အစား ဘယ်သူ့ကို ဖိတ်ကြားလျှင် ကောင်းမည်ဟူ၍ အကြံပေးလိုက်၏။ ဤကဲ့သို့ ငြင်းဆန် လိုက်သည့်အတွက် တစ်ဖက်သားသည် စိတ်ပျက်သွားရန် အချိန်မရနိုင်မီ သူသည် အခြားစကားပြောကောင်း တစ်ဦး၏ နာမည်ကို အကြံပေးလိုက်၏။

'ဘရွတ်ကလင်း အီးဂဲ[၁] သတင်းစာက စာတည်း ကလီဗလန် ရော့ဂျာ[၂] ကို ဘာဖြစ်လို့ မဖိတ်သလဲ၊ သို့မဟုတ် ဂိုင်း ဟစ်ကော့[၃] ကို ဖိတ်ကြားရန် စဉ်းစားထားပြီးပြီလား၊ ဘာဖြစ်လို့လဲဆိုရင် သူသည် ပဲရစ်မြို့တော်တွင် ၁၅ နှစ်တိုင်တိုင် နေခဲ့ဖူးသူဖြစ်သောကြောင့် သဟင်းတောက်အနေနှင့် ပြောစရာ စကားတွေ အများကြီးရှိပေလိမ့်မည်၊ သို့မဟုတ် လစ်ဗင်းစတန် လောင်းဖဲလိုး[၄] ကို စမ်းကြည့်စမ်းပါလား၊ သူ့မှာ အိန္ဒိယပြည်တွင် ရိုက်ကူးခဲ့သော အမဲလိုက် သည့် ရုပ်ရှင်ကားဆန်းတွေ အများကြီး ရှိပါသည်' အစရှိသည့် အကြံမျိုးကို ပေးလေ့ရှိ၏။

ဂျေ အေ ဝမ့်[၅] အလုပ်တိုက်တွင် စက်ပြင်ဆရာ တစ်ဦး ရှိလေသည်။ ထိုစက်ပြင်ဆရာသည် အလွန် 'ကြေး' များသော လူတစ်ယောက် ဖြစ်၏။ အလုပ်ချိန်များတွင် အလုပ်တွေ ပုံနေသည်၊ တပည့် တစ်ယောက် ပေးပါ အစရှိသည်ဖြင့် မကြာခဏ ဆူပူလေ့ ရှိ၏။

မန်နေဂျာ ဂျေ အေ ဝမ့်သည် အလုပ်ချိန်ကိုလည်း လျှော့မပစ်၊ အလုပ် ကိုလည်း မလျှော့။ တောင်းသော တပည့်ကိုလည်း မပေးဘဲနှင့် ထိုစက်ပြင် ဆရာကို ကျေနပ် နှစ်သိမ့်စေ၏။ မည်ကဲ့သို့ လုပ်သနည်း။ ထိုစက်ပြင်ဆရာ ကို အခန်းတစ်ခုပေး၍ အခန်းတံခါးပေါ်တွင် 'အလုပ်ဘက်ဆိုင်ရာ မန်နေဂျာ' ဟူသော ဆိုင်းဘုတ်[၆] ကို တပ်ပေး၏။

---

၁။ The Brooklyn Eagle
၂။ Cleveland Rodgers
၃။ Guy Hickok
၄။ Livingston Longfellow
၅။ J.A. Want
၆။ Signboard

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ အလုပ်ခန်းနှင့် ဆိုင်းဘုတ်ကို ရရှိသဖြင့် ထိုစက်ပြင်ဆရာသည် ရှေးကကဲ့သို့ လူတိုင်း ခိုင်းရာ လုပ်နေရသည့် စက်ပြင်ဆရာ ဟူ၍ သဘောမထားဘဲ သူ့ကိုယ်ကိုသူ ဌာနတစ်ခု၏ မန်နေဂျာဟု သဘောထားလေသည်။ ထိုနေ့မှစ၍ သူ၏ အလုပ်များကို ညည်းညူခြင်းမရှိတော့ဘဲ ကျေနပ်စွာ လုပ်ကိုင်လျက် ရှိ၏။

ဤကဲ့သို့ လုပ်ပေးခြင်းကို ကလေးကလားနိုင်သည်ဟု ဆိုမည်လား။ ဆိုချင်လျှင်လည်း ဆိုပေတော့။ နပိုလီယန်[၁] သည် လီဂျင်း အော့ အော်နာ[၂] ခေါ် စစ်ဘွဲ့ထူးတစ်ခုကို တီထွင်ပြီးလျှင် သူ၏ စစ်သားများအား ထိုဘွဲ့ထူး ၁,၅၀၀ ဖြင့် ချီးမြှင့်၍ သူ၏ စစ်ဗိုလ်ချုပ်ကြီးများအနက် ၁၈ ဦးကို ပြင်သစ်ပြည်၏ သေနာပတိ ဘွဲ့ထူးများဖြင့် ချီးမြှင့်ပြီးလျှင် သူ့စစ်တပ်ကို 'မဟာစစ်တပ်[၃]' ဟူ၍ အမည်ပေးစဉ်က နပိုလီယန်ကိုလည်း ကလေးကလားနိုင်သည်ဟု လူများက ဝိုင်း၍ အပြစ်ဆိုကြဖူး၏။

အကယ်၍ ဂုဏ်ထူး ဘွဲ့ထူးများကို ပေးသောနည်းသည် နပိုလီယန်အတွက် ထမြောက်အောင်မြင်ခြင်း ရှိခဲ့ပါလျှင် ထိုနည်းများသည် သင့်အတွက်လည်း ထမြောက်အောင်မြင်ခြင်း ရှိပေလိမ့်မည်။ သာဓက တစ်ခုကို ပြပါအံ့။ နယူးယောက်မြို့ရှိ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ မစ္စက်ဂျင့်သည် ကလေးများ၏ နှောက်ယှက်ခြင်းကြောင့် များစွာ စိတ်ရှုပ်လျက် ရှိ၏။ ကလေးများသည် သူ့ခြံအတွင်းရှိ မြက်ခင်းများပေါ်၌ ပြေးလွှားကြသဖြင့် မြက်ခင်းသည် များစွာ ပျက်စီးလေသည်။ မစ္စက်ဂျင့်သည် ကြိမ်းမောင်းခြင်း ချော့မော့ခြင်း စသော နည်းများဖြင့် စမ်းသပ် ကြည့်သေး၏။ သို့သော် တစ်နည်းမျှ မအောင်မြင်ခဲ့ပေ။

ဤနည်းများဖြင့် မအောင်မြင်သောအခါ နည်းသစ်တစ်ခုကို ရှာဖွေလေသည်။ သူ့ခြံထဲတွင် အဆော့ဆုံး သူငယ်ကလေးကို ခေါ်ပြီးလျှင် 'စုံထောက်ဗိုလ်' ရာထူးကို အပ်နှင်း၍ မြက်ခင်းကို စောင့်ရှောက်ရန် တာဝန်အရပ်ရပ်ကို ထိုသူငယ်အား လွှဲအပ်လေသည်။ စုံထောက်ဗိုလ်သည် ခြံနောက်ဖေးတွင် မီးဖိုပြီးလျှင် သံချောင်းတစ်ချောင်းကို နီရဲနေအောင် မီးဖုတ်ပြီးနောက် မြက်ခင်းပေါ်သို့ တက်၍ဆော့သော ကလေးများအား သံပူနှင့် ကပ်မည်ဟု ခြိမ်းချောက်လေသည်။ ထိုနေ့မှစ၍ မည်သူမျှ မြက်ခင်းပေါ်သို့ မဆော့တော့ချေ။

---

၁။ Nepoleon

၂။ The Legion of Honour

၃။ The Grand Army

www.burmeseclassic.com



လူတို့၏ စိတ်ထားသည်လည်း ဤသို့ပင်တည်း။

**ထို့ကြောင့် တစ်ဖက်သားကို မျက်မုန်းမကျိုး စိတ်မဆိုးစေဘဲ စိတ်ပြောင်းလာအောင် လုပ်လိုလျှင် ဥပဒေသ အမှတ် ၉ သည်**

**သင် လုပ်စေလိုသော အလုပ်ကို တစ်ဖက်သားသည် ဝမ်းမြောက်ဝမ်းသာ စွာနှင့် လုပ်ချင်အောင် နိုင်းပါ။**

www.burmeseclassic.com

www.burmeseclassic.com

## တစ်ဖက်သားကို မျက်မုန်းမကျိုး စိတ်မဆိုးစေဘဲ စိတ်ပြောင်းလာစေသော နည်း ၉ နည်း

(အကျဉ်းချုပ်)

ဥပဒေသ အမှတ် ၁။ ။ ချီးမွမ်းခြင်း၊ ရိုးသားစွာ ချီးကျူးခြင်းတို့ဖြင့် စ၍ ပြောပါ။

ဥပဒေသ အမှတ် ၂။ ။ တစ်ဖက်သားတို့၏ အပြစ်များကို သွယ်ဝိုက်သော နည်းဖြင့် သတိရအောင် လုပ်ပါ။

ဥပဒေသ အမှတ် ၃။ ။ တစ်ဖက်သားကို အပြစ် မပြောမီ သင်၏ အမှားများကို ဖော်ပြပါ။

ဥပဒေသ အမှတ် ၄။ ။ တိုက်ရိုက် ဩဇာပေးမည့်အစား လိုရင်းကိစ္စကို ပြီးစီးစေမည့် မေးခွန်းများကို မေးပါ။

ဥပဒေသ အမှတ် ၅။ ။ တစ်ဖက်သားအား သူ့ဂုဏ်ကို သူပြန်ဆယ်ပါစေ။

ဥပဒေသ အမှတ် ၆။ ။ တစ်ဖက်သား၏ တိုးတက်မှု အနည်းအများကို ပဓာနမထားဘဲ ချီးကျူးပါ။ ထိုသို့ ချီးကျူးသော အခါ ရက်ရက်ရောရော ရှိပါစေ။

ဥပဒေသ အမှတ် ၇။ ။ တစ်ဖက်သားကို သိဒ္ဓိတင်ပါ။

ဥပဒေသ အမှတ် ၈။ ။ အားပေးစကားကို ပြောကြားပါ။ သင်ပြင်လိုသော တစ်ဖက်သား၏ အမှားသည် ပြင်ရန် လွယ်ကူသည်ဟု တစ်ဖက်သားကို သဘောပေါက်အောင် ပြောပါ။ သင်လုပ်စေချင်သော အလုပ်မှာ လုပ်ရန် လွယ်ကူသည့် အကြောင်းကိုလည်း တစ်ဖက်သား သဘောပေါက်ပါစေ။

ဥပဒေသ အမှတ် ၉။ ။ သင် လုပ်စေလိုသော အလုပ်ကို တစ်ဖက်သား သည် ဝမ်းမြောက်ဝမ်းသာစွာနှင့် လုပ်ချင်အောင် ခိုင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၅

## အကြင် လင်နှင့် မယားတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေသော နည်း ၇ နည်း

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁

## လင်နှင့်မယား အလျင်အမြန်ဆုံး မသင့်မတင့် ဖြစ်စေသောနည်း

လွန်ခဲ့သော ၇၅ နှစ်ခန့်က တစ်တိုင်းပြည်လုံး၏ ဆန္ဒကို ဖီဆန်၍ နပိုလီယန်ကြီး၏ တူ၊ တတိယ နပိုလီယန်[၁] ဘုရင်သည် မာရီ အီဖယ်နီ[၂] ခေါ်သော မထင်ရှားသည့် မိန်းမလှတစ်ဦးကို တောင်ညာတင်လေသည်။

ဘုရင်မင်းမြတ်သည် မိဖုရားကြီးကို အလွန်မြတ်နိုးတော်မူသော်လည်း မိဖုရားကြီးသည် နားပူနားဆာလုပ်လွန်း အားကြီးသောကြောင့် အတန်ကြာသော် ဘုရင်မင်းမြတ်သည် မေတ္တာတော် ပြယ်ရရှာ၏။

အလွန်ကျယ်ပြန့်သော နန်းတော်ကြီး တစ်ခုလုံးတွင် ဘုရင်မင်းမြတ်သည် ဆိတ်ငြိမ်ရာကို အနည်းငယ်မျှ ရှာမရပေ။ ဘုရင်မင်းမြတ်သည် တိုင်းရေးပြည်မှုကို စီမံခန့်ခွဲနေစဉ်၌ပင် အခြားမိန်းမ တစ်ဦးဦးနှင့် အပျော်ကျူးနေသည်ဟု အထင်တော်ပေါက်ပြီးလျှင် မိဖုရားကြီးသည် ဘုရင်မင်းမြတ်၏ အလုပ်ခန်းတွင်းသို့ ဖွတ်အတင်း ဝင်ရောက် နှောင့်ယှက်တတ်၏။ အရေးကြီးသော တိုင်းရေးပြည်မှုများကို ဆွေးနွေးတိုင်ပင်နေစဉ်၌ပင် မိဖုရားကြီးသည် အစဉ် ဝင်ရောက် စွက်ဖက်၏။ ဘုရင်မင်းမြတ်သည် ဘယ်သောအခါမျှ နားမအေးရပေ။

ဤသို့ နားပူနားဆာလုပ်သဖြင့် ဘာဖြစ်သည်ကို ကြည့်ကြစို့။

---

၁။ Napoleon III

၂။ Marie Eugenie (Ignace Augustine de Montijo)

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်သည် ညဥ့်နက်သန်းခေါင် အချိန်တွင် နန်းတော်၏ မလွှယ်ပေါက်မှ ကိုယ်ရံတော်တစ်ဦးနှင့် ရုပ်ဖျောက်၍ ထွက်ပြီးလျှင် နားအေးရာ အရပ်၌ ကိုယ်လုပ်တော်တစ်ဦးဦးနှင့် ပျော်ပါးလေ့ ရှိ၏။

ဤသည်ကား နားပူနားဆာ လုပ်မိသောကြောင့် မိဖုရားကြီး ရရှိသော အပြစ်ဒဏ်ပေတည်း။

အချစ်ကို ပြယ်အောင်လုပ်ရန် အစွမ်းဆုံးသော ဆေးသည် နားပူနားဆာ လုပ်ခြင်းပင် ဖြစ်လေသည်။ ဤဆေးကို သုံးလိုက်လျှင် မည်သည့်အချစ်မျိုးမျှ မခံနိုင်ချေ။ မြွေဟောက်၏ အဆိပ်သည် သတ္တဝါ ဟူသရွေ့ကို သတ်ဖြတ် ဖျက်ဆီးပစ်နိုင်သလို နားပူနားဆာ လုပ်ခြင်းသည်လည်း အချစ် ဟူသမျှကို သတ်ဖြတ် ဖျက်ဆီးပစ်နိုင်၏။

ရုရှား စာရေးဆရာကြီး တော်စတွိုင်း[၁] ၏ မိန်းမဖြစ်သူသည် နားပူနားဆာ ပြုလုပ်ခြင်း၏ မကောင်းကြောင်းကို အချိန်နှောင်းမှ သိရှိရလေသည်။ သူ မသေခင်ကလေးတွင်မှ သူ့သမီးများသို့ 'ညည်းတို့ အဖေ သေရတာ ငါ့ကြောင့်ပဲ'ဟု ပြောသွားခဲ့လေသည်။ သူတို့၏ မိခင်သည် သူတို့၏ ဖခင်ကို အစဉ်မပြတ် နားပူနားဆာ လုပ်ခဲ့ကြောင်းကို ကောင်းစွာ သိရှိပြီးသား ဖြစ်သော သမီးများကမူကား ဘာမျှ ပြန်မပြောဘဲ ငိုရှိုက်၍သာ နေကြလေသည်။

သူတို့ညားစက တစ်ဦးနှင့်တစ်ဦး အလွန် ချစ်ခင် စုံမက်ခဲ့ကြ၏။ ပစ္စည်းကလည်း ချမ်းသာ၊ ဂုဏ်ဒြပ်နှင့်လည်း ပြည့်စုံသဖြင့် လိုလေသေးဟူ၍ မရှိရကား ဇနီးမောင်နှံတို့သည် အလွန် ပျော်ရွှင်လျက် ရှိကြ၏။

နှစ်အတော် ညောင်းသောအခါ တော်စတွိုင်း၏ အယူအဆတို့သည် တစ်စတစ်စ ပြောင်းလဲ လာလေသည်။ ရှေးအခါက စည်းစိမ်ဥစ္စာတို့ကို တွယ်တာခဲ့သော်လည်း ထိုသို့ စိတ်ပြောင်းလဲလာသောအခါ စည်းစိမ် ဥစ္စာတို့သည် ဒုက္ခအပေါင်းတို့၏ တည်ရာဖြစ်သည်ဟု ယူဆပြီးလျှင် ရှိသမျှကို စွန့်၍ ဆင်းဆင်းရဲရဲ နေထိုင်လျက် ရှိ၏။ ဤသို့ နေထိုင်ခြင်းကို သူ၏ မိန်းမသည် သည်းမခံနိုင်ချေ။

တစ်ရံရောအခါ တော်စတွိုင်းသည် အဖိုးအခမယူဘဲ မိမိ ရေးသားထားသော စာအုပ်များကို ပုံနှိပ်ရန် ပေးလိုက်သောအခါ သူ၏ ဇနီးသည် များစွာ မကြေမချမ်းဖြစ်သောကြောင့် ဆူပူရင်း တက်သွား၏။ အတက်ကျသောအခါ

---

၁။ Tolstoi

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပေါ်တွင် လှူးလှိမ့်ရင်း ဘိန်းပုလင်းကို နှုတ်ခမ်းတွင် တေ့ပြီးလျှင် သူ့ကိုယ်သူ သတ်သေမည်ဟု ခြိမ်းခြောက်သေး၏။

အတော်သနားစရာကောင်းသော အဖြစ်အပျက်ကလေးတစ်ခုမှာကား အောက်ပါအတိုင်းပင် ဖြစ်၏။

အိမ်ထောင်ပြု၍ အနှစ် ၄၈ နှစ်မျှ ကြာသောအခါ တော်စတွိုင်းသည် မိမိ၏ ဇနီးဖြစ်သူကို မျက်နှာချင်းပင် မဆိုင်ချင်လောက်အောင် စိတ်နာလျက် ရှိ၏။ တစ်နေ့သ၌ သူ၏ ဇနီးသည် သူ၏ ခြေရင်း၌ လာ၍ ထိုင်ပြီးလျှင် သူတို့ အိမ်ထောင်မကျမီက သူ့အကြောင်းကို တော်စတွိုင်း ကိုယ်တိုင် ဖွဲ့နွဲ့ ရေးသားထားသော မေတ္တာစာများကို ပြန်လည်ဖတ်ပြရန် တောင်းပန်ရှာ၏။ ထိုစာများကို တော်စတွိုင်းသည် ဖတ်ပြပြီးသောအခါ ထိုကဲ့သို့ အချစ်များ ပျက်ပြယ်ကုန်သည့် အဖြစ်ကို တွေးမိကြသဖြင့် နှစ်ဦးစလုံး ရှိုက်ကြီးတငင် ငိုကြွေးကြလေသည်။

နောက်ဆုံးတွင် တော်စတွိုင်းသည် အသက် ၈၂ နှစ်ရှိသောအခါ မိန်းမ ဖြစ်သူ၏ နားပူနားဆာလုပ်ခြင်းကို အလျဉ်း သည်းမခံနိုင်တော့ပြီ ဖြစ်ရကား ညတစ်ညတွင် ဆီးနှင်းများ ပြင်းထန်စွာ ကျလျက်ရှိစဉ် နေအိမ်မှ ခြေဦး တည့်ရာသို့ ထွက်ပြေးလေသည်။ ၁၁ ရက် ကြာသောခါ မီးရထားဘူတာရုံ တစ်ရုံတွင် အအေးမိပြီးလျှင် အဆုတ်ရောင်ရောဂါနှင့် အနိစ္စရောက်ရရှာ၏။ အနိစ္စမရောက်မီကလေးတွင် နောက်ဆုံး တောင်းပန်သွားသော စကားများမှာ သူ့ဆီသို့ သူ့မိန်းမကို ဘယ်နည်းနှင့်မျှ ခေါ်မလာရန်ပင် ဖြစ်လေသည်။

ဤသည်ကား နားပူနားဆာလုပ်မိသဖြင့် ဖြစ်ရသော အဖြစ်အပျက် ပေတည်း။

* * *

သမ္မတမင်း လင်ကွန်း၏ မိန်းမသည်လည်း အလွန် နားပူနားဆာလုပ်တတ်၏။ အခြား ပြောစရာမရှိလျှင် လင်ဖြစ်သူကို နားရွက်ကြီးက ကြီးလိုက်တာ၊ နှာခေါင်းကလဲ ကောက်သေးရဲ့၊ အောက်နှုတ်ခမ်းကြီးကလဲ တွဲလို့၊ ကိုယ်လုံး ကိုယ်ပေါက်ကလဲ ရှုနာသည်နဲ့ တူ က တူနဲ၊ လက်တွေခြေတွေ သိပ်ကြီးပြီး ခေါင်းက သိပ်သေးတာပဲ အစရှိသဖြင့် တောင်စဉ်ရေမရ စကားများကို ပြောကာ လင်ဖြစ်သူကို နားပူနားဆာ လုပ်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုခေတ်တွင် လင်ကွန်း၏ အတ္ထုပ္ပတ္တိကို အသိဆုံးဖြစ်သူတစ်ဦး ဖြစ်သော အမေရိကန် အထက်လွှတ်တော်အမတ် အယ်လဘာတ် ဂျေ ဘဲဗာရစ်[၁] သည် လင်ကွန်း၏ ဇနီးသည် အကြောင်းကို အောက်ပါအတိုင်း ရေးသားခဲ့ဖူးသည်။

'မစ္စက်လင်ကွန်း၏ စူးရှကျယ်လောင်သော အသံကို လမ်းတစ်ဖက်မှ ကြားနိုင်လေသည်။ မကြာခဏ ဒေါသနှင့် အော်ဟစ်ကြိမ်းမောင်းသော အသံကို အိမ်နီးနားချင်းတို့သည် ကောင်းစွာ ကြားရ၏။ ဒေါသ ဖြစ်လာသော အခါ အော်ဟစ် ကြိမ်းမောင်းရုံဖြင့် မကျေနပ်သေးဘဲ မကြာခဏ ကိုယ်ထိ လက်ရောက် ကျူးလွန်တတ်လေသည်။'

သူတို့လင်မယား ညားပြီး၍ မကြာမီ လူအများရှေ့တွင် မစ္စက်လင်ကွန်းသည် သူ့ယောကျ်ား၏ မျက်နှာကို ပူလျက်ရှိသော ကော်ဖီထည့်ထားသည့် ပန်းကန်နှင့် တအားကုန် ပေါက်ခဲ့ဖူးလေသည်။

လင်ကွန်းနေထိုင်သော စပရင်းဖီးမြို့တွင် ရှေ့နေ ၁၁ ဦး ရှိ၏။ ထိုတစ်မြို့တည်းနှင့် မစားလောက်သဖြင့် ရှေ့နေ ၁၁ ဦးသည် တရားသူကြီး ဒေးဗစ် ဒေးဗီ[၂] လှည့်လည်ရုံးထိုင်ရာ အရပ်များသို့ အတူလိုက်၍ ရှေ့နေလိုက်ကြရ၏။ လင်ကွန်းမှလွဲ၍ အခြား ရှေ့နေများသည် စနေနေ့ ညနေတွင် ရောက်ရာအရပ်မှ စပရင်းဖီးသို့ ပြန်ကြပြီးလျှင် မိမိတို့၏ သားမယားနှင့် ရုံးပိတ်ရက်အတွင်း အတူတူနေကြလေသည်။ လင်ကွန်းမှာမူကား အိမ်ပြန်ရမည်ကိုပင် ကြောက်လျက် ရှိ၏။ တစ်နှစ်တွင် ခြောက်လလောက် အိမ်မပြန်ဘဲ အနီးအနားရှိ ဟိုတယ်များတွင် ဖြစ်သလို ကြည့်၍နေသွားခဲ့၏။ ထိုအချိန်အခါက ဟိုတယ်များတွင် နေထိုင်ရခြင်းသည် ချမ်းမြေ့သက်သာခြင်း မရှိသေးသော်လည်း လင်ကွန်းသည် နားပူနားဆာလုပ်ခြင်း ခံနေရသော အိမ်ထက် ဟိုတယ်များကို ပိုမို၍ နှစ်ခြိုက်၏။

မစ္စက်လင်ကွန်း၊ မိဖုရားကြီး မာရီ အိဗယ်နီနှင့် တော်စတွိုင်း၏ ဇနီးသည်တို့သည် သူတို့၏ ခင်ပွန်းသည်များအပေါ်တွင် နားပူနားဆာလုပ်မိကြသောကြောင့် စွန့်ပစ်ခြင်းခံရသော အပြစ်ဒဏ်တို့ကို ရရှိခဲ့ကြလေပြီ။ ဤသို့ နားပူနားဆာ ပြုလုပ်ခြင်းဖြင့် သူတို့ လိုရာကို မရဘဲ စိတ်မချမ်းမြေ့ခြင်းသာလျှင် အဖတ်တင်လေသည်။ နားပူနားဆာလုပ်ခြင်းသည် သူတို့၏ အသက်ဘူး ဖြစ်သော အချစ်ကိုပင် ပြန်၍ ဖျက်ဆီးပစ်လေသည်။

---

၁။ Albert J. Beveridge

၂။ Judge David Davis

www.burmeseclassic.com

www.burmeseclassic.com



ဘက်စီ ဟမ်ဘာဂါ[၁] သည် နယူးယောက်မြို့၏ လင်ခန်း မယားခန်းရုံးတွင် ၁၁ နှစ်တိုင်တိုင် အမှုထမ်းဖူး၍ မယားကို ပစ်ပြေးသော ယောကျ်ားတို့၏ အမှုပေါင်း ထောင်ပေါင်းများစွာကို စစ်ဆေးကြည့်ရှုဖူး၏။

'ယောကျ်ားများ အိမ်မှ ထွက်ပြေးခြင်း၏ အကြောင်းရင်း တစ်ရပ်မှာ အခြားမဟုတ်၊ အိမ်ကမိန်းမ နားပူနားဆာလုပ်သောကြောင့်ပင် ဖြစ်ပေသည်' ဟူ၍ ဘက်စီဟမ်ဘာဂါက ပြောပြခဲ့ဖူး၏။

ဘော်စတန် ပို့[၂] ခေါ် သတင်းစာ တစ်စောင်ကမူကား 'များစွာသော မိန်းမတို့သည် ဘာမဟုတ်သည့် အရာကလေးများဖြင့် မိမိတို့၏ အိမ်ထောင်များကို ဖျက်ဆီးပစ်တတ်ကြလေသည်' ဟူ၍ အတိအလင်း ရေးသားခဲ့ဖူးလေသည်။

**တို့ကြောင့် အကြင်လင်နှင့် မယားတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလိုကြပါလျှင် ဥပဒေသ အမှတ် ၁ သည်**

**နားပူနားဆာ မလုပ်နှင့်။**

၁။ Bessie Hamburger
၂။ The Boston Post

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

## အချစ်ပြယ်ဆေး

'ကျွန်ုပ်၏ တစ်သက်တွင် ကျွန်ုပ်သည် များစွာ အမှားတို့ကို ပြုလုပ်ကောင်း ပြုလုပ်ခဲ့ဖူးပေလိမ့်မည်၊ သို့ရာတွင် ကျွန်ုပ်သည် အချစ်တစ်ခုတည်းကြောင့် မိန်းမယူရန် ဘယ်အခါမျှ စိတ်မကူးပေ'ဟု ကမ္ဘာကျော် အင်္ဂလိပ်နန်းရင်းဝန် ဒစ်ဇရေလီ[၁] သည် ထုတ်ဖော် ပြောဆိုဖူးလေသည်။

ထိုကဲ့သို့ပြောသည့်အတိုင်းလည်း မယူဘဲ နေခဲ့၏။ လူပျိုကြီးဘဝနှင့် နေခဲ့ရာ အသက် ၃၅ နှစ်သို့ ရောက်မှ သူ့ထက် အသက် ၁၅ နှစ်ကြီးသော ပိုက်ဆံ ချမ်းသာကြွယ်ဝသည့် မုဆိုးမတစ်ဦးကို လက်ထပ်ထိမ်းမြားလိုကြောင်းနှင့် ကြောင်းလမ်း၏။ ထိုမုဆိုးမကြီး၏ ဆံပင်တို့မှာ ဖြူ၍ပင် နေလေပြီ။ သူ့ကို ချစ်၍မဟုတ်ဘဲ ပိုက်ဆံချမ်းသာသောကြောင့်သာ လက်ထပ်သည်ဟု မုဆိုးမကြီးသည် ကောင်းစွာ သိရှိ၏။ ထို့ကြောင့် ကြောင်းလမ်းသောအခါ တစ်နှစ်လောက် စောင့်ပြီးလျှင် ဒစ်ဇရေလီကို အကဲခတ်ပါရစေဦးဟူ၍သာ တောင်းပန်လိုက်၏။ တစ်နှစ် စေ့သောအခါ မုဆိုးမကြီး မေရီ အန်း[၂] သည် ဒစ်ဇရေလီနှင့် လက်ထပ်လိုက်၏။

ငွေကြောင့် လက်ထပ်သည်ကား မှန်၏။ သို့ရာတွင် ထိုဇနီးမောင်နှံတို့သည် ပျော်တပြုံးပြုံး မော်မဆုံးနိုင်အောင် ရှိကြ၏။

မေရီအန်းသည် ရုပ်ရည်ရူပကာယမှာ မပြည့်စုံ၊ ငယ်ဂုဏ်ကလည်း မပြောသာ၊ ပညာဉာဏ်မှာတော့ အလွန် နည်းသူတစ်ဦး ဖြစ်လေသည်။ စကား ပြောရာ၌လည်း အမှားမှားအယွင်းယွင်းတို့ကိုသာ ပြောတတ်လေသည်။

၁။ Disraeli
၂။ Mary Anne

www.burmeseclassic.com

www.burmeseclassic.com



ဥဒါဟရဏ်၊ ရှောမနှင့် ဂရိရှိသည့်အနက် ဘယ်သင်းသည် အလျင်ကျကြောင်း အလျဉ်း မသိချေ။ အဝတ်အစားကိုလည်း ကြောင်ကြောင်ကျားကျားမှ ဝတ်တတ်၏။ အိမ်ကို ပြင်ဆင်ရာ၌လည်း ရယ်စရာ ကောင်းလောက်အောင် သူများထက် ဆန်း၏။

သို့ရာတွင် တစ်ခုတော့ ချီးမွမ်းစရာရှိ၏။ ထိုချီးမွမ်းစရာအချက်သည် အခြားမဟုတ်။ ယောကျ်ားကို ပြုစုရာ၌ တစ်ဖက်ကမ်းခတ်အောင် ကျွမ်းကျင်ခြင်းပင် ဖြစ်လေသည်။

မေရီအန်းသည် ဒစ်ဇရေလီကဲ့သို့ ပုဂ္ဂိုလ်မျိုးနှင့် ပညာဉာဏ်အရာတွင် ဘယ်အခါမျှ မယှဉ်ပြိုင်။ လင်လုပ်သူကိုသာ အနိုင်ပေးလေ့ ရှိသည်၊ အလုပ်လုပ်ရာမှ မောပန်း၍ ပြန်လာသောအခါ လင်တော်မောင်အား ယုယပိုက်ထွေး ကျွေးမွေး ပြုစုခြင်းဖြင့် အမောပြေစေ၏။ မေရီအန်း ရှိသော အရပ်သည် ဒစ်ဇရေလီ၏ ပင်ပန်းခြင်း အပေါင်းတို့ ချုပ်ငြိမ်းရာ လောကနိဗ္ဗာန် သဖွယ် ဖြစ်နေလေသည်။

ဒစ်ဇရေလီသည် အမတ်ကြီးဘွဲ့[၁] ကို မေရီအန်း ကွယ်လွန်မှ ရ၏။ အရပ်သားအဖြစ်နှင့် နေရစဉ်ကပင် သူ့မိန်းမအား မင်းပိုင်းစိုးပိုင်းဝင် ဖြစ်အောင် ဝိတိုရိယ ဧကရီ ဘုရင်မကြီးအား တောင်းပန်ဖူးလေသည်။ ထို့ကြောင့်လည်း ၁၈၆၈ ခုနှစ်တွင် မေရီအန်းမှာ ဗိုင့်ကောင့်တက် ဇီးကွန်စဖီး[၂] ဖြစ်သွားလေသည်။

ဘယ်လောက်ပင် ထုထု အအ ဒစ်ဇရေလီသည် ဇနီးသည်ကို ပရိသတ်တွင် ကြိမ်းမောင်းခြင်း၊ အပြစ်ပြောခြင်း မပြုလုပ်ခဲ့ပေ။ အကယ်၍ တစ်စုံတစ်ယောက်သောသူက သူ့ဇနီးကို ရှုတ်ချ ပြောဆိုသောအခါ သူသည် အသက်ပေး၍ ကာကွယ် ပြောဆိုခဲ့လေသည်။

မေရီအန်းလည်း အနှစ် ၃၀ ကျော် ပေါင်းသင်း ဆက်ဆံခဲ့သည့် အတောအတွင်း လင်တော်မောင်၏ အကြောင်းကို ချီးကျူးရတော့မည်ဆိုလျှင် မငြီးတမ်း ချီးကျူးလေ့ ရှိ၏။

'ကျွန်ုပ်တို့ လက်ထပ်လာခဲ့ကြသည်မှာ အနှစ် ၃၀ ရှိလေပြီ၊ ကျွန်ုပ်၏ ဇနီးပေါ်တွင် တစ်ခါဖူးမျှ မငြီးငွေ့ခဲ့ဘူးပေ' ဟူ၍ ဒစ်ဇရေလီက ထုတ်ဖော်ပြောခဲ့ဖူး၏။

---

၁။ Earl

၂။ Viscontess Beaconsfield

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်ုပ်တို့၏ စိတ်ကို အတင်းအကျပ် အနှောင့်အယှက် မဖြစ်စေဘဲနှင့် တစ်ဖက်သားတို့ စိတ်ချမ်းမြေ့အောင် နေတတ်သော အလေ့အကျင့်များကို ကျွန်ုပ်တို့သည် အနှောင့်အယှက် မပြုသင့်ပေ၊ ဤနည်းသည် လူတို့နှင့် ပေါင်းသင်းဆက်ဆံရာတွင် ရှေးဦးစွာ လိုက်နာရသောနည်း ဖြစ်လေသည်'ဟု ဟင်နရီ ဂျိမ်း[၁] သည် ရေးသားခဲ့ဖူးလေသည်။

'အိမ်ထောင်တည်မြဲရေး'[၂] စာအုပ်ထဲတွင် လေလန် ဖို့စတာ ဝု[၃] သည် အောက်ပါအတိုင်း ရေးထား၏။

'အိမ်ထောင် တည်တံ့ရန်အရေးတွင် လူကောင်းကို ရှာယူရုံနှင့် မပြီးသေးဘဲ မိမိကိုယ်တိုင်ကလည်း လူကောင်းဖြစ်ရန် လိုပေသေးသည်။'

**ထို့ကြောင့် အကြင် လင်နှင့်မယားတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလိုကြပါလျှင် ဥပဒေသ အမှတ် ၂ သည်**

**အကြင်လင်မယားတို့သည် တစ်ဦးကို တစ်ဦး ငြီးငွေ့အောင် မလုပ်သင့်ချေ။**

၁။ Henry James
၂။ Growing Together in The Family
၃။ Leland Foster Wood

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃

## ဤနည်းကို လုပ်ပါ၊ ချမ်းသာခြင်းနှင့် တွေ့ပါလိမ့်မည်

ဒစ်ဇရေလီနှင့် ဂလက်စတုန်[၁] တို့သည် နိုင်ငံရေးနှင့် သက်ဆိုင်လျှင် ပြဒါး တစ်လမ်း သံတစ်လမ်း ဖြစ်ကြသော်လည်း အိမ်ထောင်ရေးတွင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရာရခြင်းမှာမူကား အတူတူပင် ဖြစ်ကြ၏။

အင်္ဂလန်ပြည်၏ အခန့်ဩားဆုံးသော နန်းရင်းဝန်ကြီး ဂလက်စတုန်သည် နန်းရင်းဝန်ကြီးကတော်၏ လက်ကို ကိုင်ကာ

'တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ၊ ရွှေဘုံပေါ်မှာ စံရ၊

ချစ်တာ ချစ်တာ ပဓာနရယ်လို့ ဆိုချင်ပါတယ် မောင်ရယ်'*

ဟူသော သီချင်းကို သီဆိုလျက် ခန်းလုံးပြည့် ကော်ဇော်ကြီးပေါ်တွင် ဝိုင်း၍ ကနေသည်ကို ကျွန်ုပ်သည် မြင်စမ်းချင်လှ၏။

နိုင်ငံရေးနှင့် သက်ဆိုင်လျှင် တစ်ဖက်သား၏ဘေးကို ပိသာလေးနှင့် ပစ်သလို နာအောင် ပြောတတ်သော ဂလက်စတုန်သည် အိမ်မှာမူကား မည်သည့်အခါမျှ ကြိမ်းမောင်းခြင်း အပြစ်ဆိုခြင်း မပြုချေ။ အလုပ် သွားချိန်နီး၍ နံနက်စာစားရန် ထမင်းစားခန်းတွင်းသို့ ဝင်လာသောအခါ သူ၏ သားမယားတို့မှာ အိပ်တုန်းပင် ရှိသေးသည်ကို တွေ့ရလျှင် ဆူပူကြိမ်းမောင်းခြင်း မလုပ်ဘဲ 'အင်္ဂလန်ပြည်၏ အလုပ်အရှုပ်ဆုံးသော လူကြီးမှာ သူ၏ အိမ်သား

---

၁။ Gladstone

* အောက်ပါ အင်္ဂလိပ်သီချင်းကို ဆီလျော်အောင် ထည့်လိုက်ပါသည်။
A ragamuffiln husband and a rantipoling wife, We'll fiddle it and scrape it through the ups and downs of life.

www.burmeseclassic.com

www.burmeseclassic.com



တွေ မနိုးသေးလို့ ထမင်းစားရန် စောင့်နေပါတယ်' ဟူသော အဓိပ္ပာယ်မျိုး ပါသည့် သီချင်းကို ကျယ်လောင်စွာ ဆိုလေသည်။ သူ၏ အိမ်သားများအပေါ်တွင် ဤရွှေ့ဤမျှ ညှာတာထောက်ထားလေသည်။

ရုရှားပြည်၏ ကက်သရင်း ဘုရင်မကြီး[၁] သည် တိုင်းပြည်အုပ်ချုပ်ရာတွင် အလွန်ရက်စက်ကြမ်းကြုတ်၏။ သတ်စရာရှိလျှင် မညှာမတာ သတ်၏။ သို့ရာတွင် စားတော်ကဲ ချက်ပေးသမျှကို ချဉ်ချဉ်တူးတူး ဆူပူခြင်း မရှိဘဲ ကျေနပ်စွာ စားတော်ခေါ်လေသည်။ ဤနည်းကို လင်လုပ်သူတို့ အထူးအတုခိုးသင့်ကြပေသည်။

အိမ်ထောင်ရေးတွင် ပါရဂူ တစ်ဆူဖြစ်သည်ဟု အမေရိကန်တစ်ပြည်လုံး၏ အသိအမှတ်ပြုခြင်း ခံရသော ဒေါ်ရသီ ဒစ်[၂] က အိမ်ထောင်ဖက်များသည် တစ်ရာလျှင် ငါးဆယ်လောက် စိတ်မချမ်းမသာဖြစ်ရခြင်းအကြောင်းမှာ အခြားကြောင့် မဟုတ်။ တစ်ဦးကို တစ်ဦး ဆူပူကြိမ်းမောင်းခြင်းကြောင့်ပင်ဖြစ်သည်ဟု ထုတ်ဖော် ပြောဆိုဖူးလေသည်။

**ထို့ကြောင့် အကြင် လင်နှင့်မယားတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလိုကြပါလျှင် ဥပဒေသ အမှတ် ၃ သည်**

**ဆူပူကြိမ်းမောင်းခြင်း မပြုပါနှင့်။**

လင်နှင့် မယားကိုသာလျှင် တစ်ဦးကို တစ်ဦး ကြိမ်းမောင်းခြင်းမပြုရဟု မဆိုလိုချေ။ သားသမီးများကိုလည်း ဆူပူ ကြိမ်းမောင်းခြင်း မပြုပါနှင့်။ သားသမီးများကို ဆူပူ ကြိမ်းမောင်းချင်လျှင် အောက်ပါ ဆောင်းပါးကို ရှေးဦးစွာ ဖတ်စေချင်ပါသည်။

ထိုဆောင်းပါးကို ၁၅ နှစ်လောက်က ဒဗလျူ လစ်ဗင်စတန် လာနက်[၃] ဆိုသူသည် ရေးသားခဲ့၏။ ထိုအချိန်မှစ၍ ယခုအခါတိုင်အောင် ထိုဆောင်းပါးကို ကမ္ဘာပေါ်ရှိ စာနယ်ဇင်းအသီးသီးတို့တွင် တစ်ဆင့်ကူးယူ ဖော်ပြကြသည်မှာ အကြိမ်ပေါင်းများစွာ ရှိခဲ့လေပြီ။ ဘာသာအမျိုးမျိုးနှင့်လည်း ပြန်ယူခဲ့ကြလေသည်။ ထိုဆောင်းပါးမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

'ဖေဖေ မေ့နေသည်'

နားထောင်ပါ လူကလေး၊ လူကလေး အိပ်နေတုန်း ဖေဖေ စကားတစ်ခု ပြောချင်တယ်၊ အိပ်နေလိုက်တာ၊ လက်ကလေး တစ်ဖက်

---

၁။ Catherine the Great

၂။ Dorothy Dix

၃။ W.Livingston Larned

www.burmeseclassic.com

www.burmeseclassic.com



ကို ပါးအောက်မှာ သွင်းလို့၊ ချွေးစို့နေတဲ့ နဖူးကလေးပေါ်မှာ ဆံပင်စကလေးတွေဟာလဲ စိုနေတာပဲ။ လူကလေးရဲ့ အခန်းထဲကို ဖေဖေ အသာကလေး ဝင်ခဲ့တယ်၊ လူကလေးကို ကြိမ်းမိတဲ့အတွက် စာဖတ်ခန်းထဲမှာ စာထိုင်ဖတ်နေတုန်း ဖေဖေ စိတ်မကောင်းဘူးကွယ်။ ဒါကြောင့်မို့ လူကလေးရဲ့ အခန်းထဲကို ဖေဖေ ဝင်လာခဲ့တယ်။

လူကလေးရေ၊ ဖေဖေ့ စိတ်ထဲမှာ ဒါတွေကို ပြန်တွေးမိတယ်။ လူကလေးကို လူကလေးဖေဖေ ဒေါသ ထွက်မိတာရယ်၊ လူကလေး ကျောင်းသွားဖို့ အဝတ်အစား လဲနေတုန်းက မျက်နှာကို ကောင်းကောင်း မသစ်ဘဲ မျက်နှာသုတ်ပဝါနဲ့ တစ်ချက်တည်းတိုက်လို့ လူကလေးကို ဖေဖေ ကြိမ်းမိတာရယ်၊ လူကလေးရဲ့ ဖိနပ်ကို တိုက်မသွားလို့ လူကလေးကို ဖေဖေ ဒဏ်ပေးမိတာရယ်၊ လူကလေးက လူကလေးရဲ့ ကစားစရာတွေကို ကြမ်းပေါ်လွှင့်ပစ်လို့ လူကလေးကို ဖေဖေ ဒေါသ ထွက်ပြီး ငေါက်မိတာရယ်၊ ဒါတွေကို ဖေဖေ ပြန်တွေးမိတယ်။

မနက် ထမင်းစားနေတုန်းကလဲ လူကလေးကို ဖေဖေ ဆူမိတယ်။ မင်းဟာ ထမင်းလုံးတွေ ဟိုထွေး သည်ထွေးနဲ့၊ ထမင်းကိုလဲ မဝါးဘဲ မျိုချတယ်၊ စားပွဲပေါ်မှာ လက်ကြီးထောက်နေပြန်ပြီ၊ ထောပတ်တွေ သိပ်စားတာပဲ အစရှိသည်ဖြင့် လူကလေးကို ဖေဖေ ဆူမိတယ်။ နောက်ပြီးတော့ ဖေဖေက မီးရထားဘူတာရုံကို အသွား၊ လူကလေး ကစားနေတဲ့ နေရာရောက်တော့ လူကလေးက ဖေဖေ့ဘက်ကို လှည့်လက်ပြပြီး 'သွားပြီလား ဖေဖေ'လို့ နှုတ်ဆက်လိုက်တဲ့ အခါမှာ ဖေဖေက မျက်မှောင်ကြီး ကုတ်ပြီး 'ဟဲ့ကောင်ကလေး၊ ခါးကြီးကကုန်းလို့၊ ရင်ကော့ထားပါလား'လို့ ဖေဖေက ပြန်ငေါက်လိုက်မိတယ်။

ညနေအချိန်မှာ ဖေဖေ အလုပ်က အိမ်ကို ပြန်လာတော့ လူကလေးဟာ ဒူးထောက်ပြီး ကျောက်ဒိုးပစ်တမ်း ကစားနေတာကို တွေ့ရတယ်။ ဒူးထောက် ကစားတာနဲ့ လူကလေးရဲ့ ခြေအိတ်တွေဟာ ပေါက်ကုန်တယ်။ ဒီတော့ ဖေဖေက စိတ်ဆိုးတာနဲ့ လူကလေးရဲ့ ကစားဖော်တွေရှေ့မှာ လူကလေးကို အတင်းဆွဲခေါ်လာပြီး အရှက်ခွဲခဲ့တယ်။

ဒါတွေပြီးတော့ စာဖတ်ခန်းထဲမှာ ဖေဖေ စာထိုင်ဖတ်နေတုန်း မျက်နှာငယ်ကလေးနဲ့ အခန်းထဲကို လူကလေးဝင်လာတာ မှတ်မိသေး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့လား။ စာဖတ်နေတုန်း လာရှုပ်ရမည်လားလို့ ဖေဖေ စိတ်ထွက်ပြီး အပေါ်မော့်ကြည့်လိုက်တဲ့အခါမှာ လူကလေးဟာ ရှေ့ကို မတိုးရဲဘဲနဲ့ တန့်သွားခဲ့တယ်။ နောက်ပြီးတော့ 'ဟဲ့ကောင်ကလေး၊ ဒီအထဲကို ဘာလုပ်မယ်လို့ လာပြန်သလဲ'လို့ ဖေဖေက လှမ်းမေးလိုက်တယ်။

လူကလေးက ဘာမှ ပြန်မပြောဘဲ ဖေဖေ့ဆီကို တစ်ရှိန်ထိုး ပြေးလာပြီး ဖေဖေ့ကို အတင်းဖက်နမ်းတာပဲ။ နမ်းပြီးတော့လဲ ဘာမျှ ပြန်မပြောဘဲ အခန်းထဲက ထွက်ပြေးပြီး လှေကားပေါ် တက်သွားတယ်။

လူကလေး ထွက်သွားပြီး ဘာမျှမကြာခင် ဖေဖေ့လက်က သတင်းစာ လွတ်ကျပြီး ဖေဖေ့ ရင်ထဲမှာ ဘယ့်နှယ်ဖြစ်လာမှန်း မသိဘူး။ ကြိမ်းတတ်တဲ့ အလေ့ကြောင့် ဖေဖေတော့ ခက်တော့တာပဲ။ လူကလေးကို ဖေဖေ မချစ်လို့ မဟုတ်ပါဘူးကွယ်၊ လူကလေးကို လူကလေး အရွယ်မှာ လိုက်နိုင်တာထက် ပိုပြီး လိမ္မာစေချင်လို့ပါ။ ဖေဖေ့ အသိဉာဏ်မျိုး လူကလေးမှာလဲ ရှိလိမ့်မယ် အထင်နဲ့ ကြိမ်းခဲ့မိတယ်။

ငါ့သားဟာ အင်မတန် လိမ္မာတဲ့ သားကြီးပဲ။ အရုဏ်တက်တဲ့ အခါမှာ အလင်းရောင်တို့ဟာ ကျယ်ပြန့်တဲ့ တောင်ကြီးကို လွှမ်းအုပ်နိုင်အောင် ကြီးမားသလို ငါ့သားရဲ့ စိတ်ဓာတ်ဟာလဲ ကြီးမားပါပေတယ်။ ဒီလို ကြီးမားတဲ့ အကြောင်းကိုလဲ အိပ်ရာမဝင်ခင် ဖေဖေ့ဆီကို ပြေးလာပြီး အတင်းဖက်နမ်းတာက သက်သေခံပေတယ်။ လူကလေးရေ ကနေ့ညတော့ ဖေဖေဘာကိုမှ မစဉ်းစားတော့ဘူး။ လူကလေးရဲ့ အိပ်ရာနံဘေးကို လာပြီး ဖေဖေကြိမ်းမိတာတွေကို ရှက်နေပါတယ်။

လူကလေး နိုးနေတဲ့အခါ ဒီစကားတွေကို ဖေဖေ ပြောပြလို့ လူကလေး နားလည်မှာ မဟုတ်ဘူးဆိုတာ ဖေဖေ သိပါတယ်။ အေးကွယ် မနက်ဖြန်ကစပြီး ဖေဖေဟာ လူကလေးအပေါ်မှာ စိတ်ထားပြင်တော့မယ်။ လူကလေးနဲ့ ချစ်ချစ်ခင်ခင် နေမယ်။ လူကလေး နာရင် နာမယ်။ လူကလေး ရယ်ချင် ရယ်မယ်။ လူကလေးကို ကြိမ်းမောင်းချင်တဲ့ စိတ်ထားတွေ ပေါ်လာရင် ဖေဖေ လျှာကို ကိုက်ထားမယ်။ 'လူကလေးဟာ ငယ်ပါသေးတယ်၊ ငယ်ပါသေးတယ်' ဆိုတာကို ဂါထာများ ရွတ်သလို တတွတ်တွတ်နဲ့ နေအောင် ဖေဖေ ရွတ်တော့မယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



လူကလေးကို တကယ့်လူကြီးလို့ ဖေဖေ ယူဆမိခဲ့တာ မှားပြီ။ ခုလို ငါ့သားဟာ အိပ်ရာပေါ်မှာ ခွေခွေကလေး အိပ်နေတာကို မြင်ရတော့ ငါ့သားဟာ ကလေးကလေး ရှိပါသေးပါလား၊ မနေ့ကဆိုရင် လူကလေးကို မေမေက ပွေ့ထားတော့ လူကလေးက မေးစေ့ကလေးကို မေမေ့ပခုံးပေါ်မှာ တင်ထားပါသေးတယ်။ လူကလေးအပေါ်မှာ ဖေဖေ့စိတ်ထား မှားခဲ့ပြီကွယ်၊ မှားခဲ့ပြီ။ *

* အင်္ဂလိပ်လို ရေးထားသည်မှာ ကမ္ဘာကျော်လောက်အောင် ကောင်းပါပေသည်။ ထိုဆောင်းပါးကို မြန်မာဘာသာဖြင့် ပြန်ဆိုရာ၌ မီအောင် မပြန်နိုင်သဖြင့် အနည်းငယ် အရသာပျက်သွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၄

## လူတိုင်းကို ပျော်ရွှင်အောင် ပြုလုပ်သောနည်း

ပြင်သစ်ပြည်တွင် အထက်တန်းစား လူငယ်များသည် သူတို့နှင့် တွဲလျက်ရှိသော မိန်းကလေးများ၏ အဝတ်အစားကို တစ်နေ့ထဲတွင် တစ်ကြိမ်မဟုတ် အကြိမ်ပေါင်းများစွာ ချီးကျူးရန် အလေ့အကျင့် ပြုလုပ်ထားကြလေသည်။

ဇာဘုရင်အုပ်စိုးစဉ်က ရုရှားပြည်၏ မှူးကြီးမတ်ရာ သေနာပတိတို့သည် ထမင်းမြိန်သောအခါ စားတော်ကဲများကို သူတို့၏ ရှေ့သို့ ခေါ်ပြီးလျှင် ကိုယ်တိုင် ချီးကျူးကြလေသည်။

သင်၏ မိန်းမအပေါ်၌လည်း ထိုမျှလောက် ကြင်နာသော စိတ်ထားမျိုး မရှိနိုင်ပေဘူးလား။ နောက်တစ်ကြိမ် ကြက်သားဟင်းကို နူးနေအောင် အချက်ကောင်းလျှင် ကောင်းကြောင်းကို သင်၏ အိမ်ရှင်မအား ချီးကျူးပါ။ ဤသို့ ချက်ပုံကို သင် အလွန်ကြိုက်သည်ဟု ပြောပြပါ။

ဤသို့ ဆက်ဆံနေစဉ် သင်၏ စိတ်ချမ်းသာမှုအတွက် သင်၏ ဇနီးသည်သည် မည်မျှ အရေးပါ အရာရောက်သည်ကို ဖွင့်ပြောရန် မကြောက်ပါနှင့်။ ဒစ်ဇရေလီသည် အင်္ဂလန်ပြည်၏ နိုင်ငံရေးခေါင်းဆောင်ကြီး တစ်ဦးဖြစ်သော်ငြားလည်း သူ့မိန်းမထံမှ မည်သည့်အကျိုးကျေးဇူးမျိုး ရရှိခဲ့သည်ကို တစ်ကမ္ဘာလုံးသိအောင် ထုတ်ဖော်ပြောဆိုရန် မရှက်ခဲ့ပေ။

* * *

တစ်နေ့က မဂ္ဂဇင်းတစ်စောင်ကိုဖတ်ရာ၌ ကမ္ဘာကျော်ရုပ်ရှင်မင်းသား အက်ဒီကန်တာ[၁] ၏ ပြောကြားသော စကားရပ်ကို အောက်ပါအတိုင်း တွေ့ရ၏။

---

၁။ Eddie Cantor

www.burmeseclassic.com

www.burmeseclassic.com



'ကမ္ဘာပေါ်တွင် ကျွန်တော်၏ မိန်းမထက်ပို၍ ကျွန်တော် ကျေးဇူးတင် ထိုက်သူ မရှိပါ၊ ကျွန်တော်တို့ နှစ်ဦးသည် ငယ်စဉ်ကတည်းက တစ်ဦးနှင့် တစ်ဦး အလွန်အမင်း ချစ်ခင်ခဲ့ကြပါသည်၊ ကျွန်တော်သည် အထက်တန်းသို့ ရောက်အောင် သူသည် ကျွန်တော့်အား အတော် ကူညီခဲ့ပါသည်၊ ကျွန်တော်တို့ လက်ထပ်ပြီးသည့်နောက် သူသည် ပိုသမျှငွေကို အကုန်စုပြီးလျှင် တိုးပွားအောင် လုပ်ပါသည်၊ ဤနည်းဖြင့် ကြိုးစား၍ ပိုက်ဆံအတော်ချမ်းသာခဲ့ပါသည်၊ ကျွန်တော်တို့မှာ ကလေး ငါးယောက် ရှိပါသည်၊ သူ့ကြောင့် ကျွန်တော်တို့ အိမ်မှာ လောကနိဗ္ဗာန်သဖွယ် ဖြစ်နေပါသည်၊ ကျွန်တော်သည် မည်သည့် အထက်တန်းကိုပဲ ရောက်စေကာမူ ဤသို့ရောက်အောင် ပေးပို့သောသူမှာ ကျွန်တော်၏ ဇနီးပင် ဖြစ်ပါသည်။'

လင်ကွာမယားကွာများ ကြောက်ခမန်းလိလိဖြစ်အောင် ထူထပ်ပေါများသော ဟောလီဝုဒ်[၁] အရပ်၌ပင်လျှင် အလွန် ပျော်ရွှင်လျက်ရှိသော အိမ်ထောင်သည်များအနက် တစ်ဦး အပါအဝင်ဖြစ်သော အိမ်ထောင်သည်မှာ ဝါနာ ဘက္ကစတာ[၂] တို့ လင်မယားပင် ဖြစ်လေသည်။ မစ္စက် ဝါနာ ဘက္ကစတာသည် လက်မထပ်မီက နာမည်ကျော် ကချေသည်မဖြစ်၍ လက်ထပ်လိုက်သောအခါ ကချေသည်မ အလုပ်ကို စွန့်ပစ်လိုက်လေသည်။ သူ့မိန်းမအကြောင်းနှင့် စပ်လျဉ်း၍ 'ကတဲ့အလုပ်ကို စွန့်လိုက်ရလို့ ကျွန်တော့်မိန်းမဟာ ပရိသတ်ရဲ့ အချီးမွမ်းတော့ မခံရဘူး၊ သို့ပေမယ့် ကျွန်တော့် အချီးမွမ်းကိုတော့ အမြဲတမ်း ရရှိနေပါတယ်၊ မိန်းမတစ်ယောက်ဟာ လင်ယောကျ်ားနဲ့ နေရတဲ့ အခါ ပျော်တယ်ဆိုတာ အခြားမဟုတ်ပါဘူး၊ လင်ယောကျ်ားရဲ့ ချီးကျူးခြင်း နှင့် မယားအပေါ်တွင် စွဲစွဲလမ်းလမ်းရှိခြင်းရဲ့ အရသာကို ခံစားခြင်း ဖြစ်ပါ တယ်၊ လင်ယောကျ်ားရဲ့ ချီးကျူးခြင်းနှင့် စွဲလမ်းခြင်းတို့ဟာ အစစ်အမှန် ဖြစ်ခဲ့လျှင် လင်ဖြစ်သူမှာလည်း အလိုလို စိတ်ချမ်းသာလာပါလိမ့်မယ်'ဟူ၍ ဝါနာ ဘက္ကစတာက ထုတ်ဖော် ပြောဆိုဖူးလေသည်။

**ထို့ကြောင့် အကြင်လင်နှင့် မယားတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ လိုကြပါလျှင် ဥပဒေသ အမှတ် ၄ သည်**

**စေတနာဖြင့် ချီးကျူးရန် မမေ့နှင့်။**

၁။ Hollywood

၂။ Warner Baxter

www.burmeseclassic.com

www.burmeseclassic.com

# အခန်း၅

## မိန်းမများအတွက် ဤပစ္စည်းများသည် အလွန် အဖိုးတန်သည်

ရှေးပဝေသဏီမှစ၍ ပန်းများကို အချစ်၏ အထိမ်းအမှတ်ဟူ၍ ယူဆခဲ့ကြ၏။ စင်စစ်မှာ ပန်းများ၏ တန်ဖိုးသည် မများလှချေ။

မနက်ဖြန် သင်သည် အလုပ်မှ ပြန်သောအခါ သင်၏ မိန်းမအဖို့ ပန်းတစ်ခိုင်လောက် ဝယ်သွားရလျှင် မကောင်းပေဘူးလား၊ ဒီလို ဝယ်သွားလျှင် ဘာဖြစ်မလဲ၊ စမ်းကြည့်စမ်းပါ။

ဂျော့ အမ် ကော်ဟန်[၁] ဆိုသူသည် အလွန် အလုပ်များသူ တစ်ဦး ဖြစ်၏။ ထိုသို့ အလုပ် များလျက်နှင့်ပင် သူ၏ မိခင်ထံသို့ အလုပ်လုပ်ရာမှနေ၍ တစ်နေ့လျှင် နှစ်ကြိမ်ကျ စကားပြော ကြေးနန်းနှင့် ပြောလေ့ ရှိ၏။ ဤသို့ ပြောခြင်းသည် အရေးတကြီး ပြောစရာစကားများ ရှိ၍ပင်လော။ မရှိပါ။ သူ၏ မိခင်အား အစဉ်သတိရကြောင်း ပြချင်သောကြောင့်ပင် ဖြစ်ပါသည်။

ရှီကာဂို[၂] မြို့ရှိ တရားသူကြီး ဂျိုးဆက် ဆက်ဘက်[၃] သည် မသင့်မတင့်၍ ရုံးသို့ရောက်လာသော အိမ်ထောင်သည်ပေါင်း လေးသောင်းကျော်၏ အမှုကို စစ်ဆေးဖူး၍ အိမ်ထောင်သည် နှစ်ထောင်လောက်ကို ပြန်လည်စေ့စပ်ပေးခဲ့ဖူး၏။ ထိုတရားသူကြီးက အောက်ပါအတိုင်း ထုတ်ဖော် ပြောဆိုဖူးလေသည်။

'များသောအားဖြင့် လင်မယားအချင်းချင်း မသင့်မတင့်ဖြစ်ရခြင်းမှာ အခြားကြောင့် မဟုတ်၊ အသေးအဖွဲ ကိစ္စကလေးများကြောင့်ပင် ဖြစ်၏၊

---
၁။ George M. Cohan
၂။ Chicago
၃။ Judge Joseph Sabbath

www.burmeseclassic.com

www.burmeseclassic.com



ဥဒါဟရုဏ်၊ လင်ဖြစ်သူ အလုပ်သို့ သွားခါနီးတွင် မယားဖြစ်သူက 'အလုပ် သွားတော့မလား ကိုကို' အစရှိသည်ဖြင့် နှုတ်ခွန်းဆက်သရုံလောက်နှင့် လင်ကွာ မယားကွာ ကိစ္စများသည် ပျောက်ကွယ်သွားနိုင်သည်။'

ကမ္ဘာကျော် လင်္ကာဆရာကြီး ရောဘတ် ဘရောင်းနင်း[၁] သည် သူ၏ မယားကို ယုယ ပိုက်ထွေးပုံမှာ စာတင်လောက်ပေသည်။ သူ၏ မယား နာတာရှည်အား မပြယ်သောမေတ္တာ ကြင်နာသော ယုယခြင်းတို့ဖြင့် အမြဲတစေ ပြုစုနေလေရာ သူ၏ မိန်းမဖြစ်သူက ညီမများထံသို့ 'ရောဘတ်ဟာ မမကို သိပ်ပြီး ဂရုစိုက်တာပဲ၊ တစ်ခါတလေ မမကိုယ်ကို မမ ဘုံကြီးပြတ်တဲ့ နတ်ဒေဝီများ ဖြစ်နေလို့ ရောဘတ်ဟာ မမအပေါ်မှာ ဒါလောက်တောင် အချစ်တိုးနေရော့သလားလို့ အောက်မေ့မိတယ်'ဟူ၍ ရေးသားဖူး၏။

လင်နှင့်မယား ပေါင်းသင်းဆက်ဆံကြရာတွင် ရေရှည်ကျသောအခါ ကိစ္စ အသေးအဖွဲ့များကို အများအစား တွေ့ရပေမည်။ ထိုကိစ္စကလေးတွေကို ဂရုမစိုက်သော လင်မယားသည် ဒုက္ခရောက်တော့သည်။ အက်ဒနာ စိန့်ဗင်စင် မီလေ[၂] ဆိုသူက ထိုအကြောင်းကို

'သူ အချစ်ပြယ်လို့ ကျွန်မ စိတ်မညစ်ပါ၊
အသေးအဖွဲ့ကလေးတွေကြောင့်သာ
ကျွန်မတို့ အချစ် ပြယ်ရတာ'

ဟု လင်္ကာစပ်ဆိုခဲ့ဖူးလေသည်။ ထိုလင်္ကာကလေးကို အရကျက်ထားနိုင်လျှင် ကောင်းပေမည်။ ရီနို[၃] အရပ်၌ တနင်္ဂနွေတစ်ပတ်လျှင် ခြောက်ရက်မျှ လင်မယား ကွာရှင်းမှုများကို စီရင်ဆုံးဖြတ်ပေးရ၏။ ထိုအမှုမျိုး မည်မျှများပြားသနည်း ဆိုသော် ဆယ်မိနစ်လျှင် တစ်မှုကျ ဆုံးဖြတ်ပေးရပါ၏။ ဤမျှ များပြားသော လင်မယားကွာရှင်းမှုများတွင် အလွန်ကြီးကျယ်သောအကြောင်းကြောင့် ကွာရှင်း ရသောအမှုပေါင်း မည်မျှပါမည်နည်း။ များပြားလှမည် မဟုတ်ချေ။ ထိုရုံး များတွင် တစ်နေကုန် တစ်နေခန်း ထိုင်၍ နားထောင်လျှင် 'အသေးအဖွဲ့ ကလေးတွေကြောင့်သာ ကျွန်မတို့ အချစ်ပြယ်ရတာ'ဟူသော စကားမှန်ကြောင်း သင်သည် ကြားရပေလိမ့်မည်။

သင်၏ မောင်းချခြားကို ထုတ်ယူ၍ အောက်ပါစာပိုဒ်ကို ဖြတ်ယူပြီး လျှင် သင်အမြဲကြည့်သော မှန်ပေါ်တွင် ကောင်းမွန်စွာ ကပ်ထားပါ။

---

၁။ Robert Browning
၂။ Edna S. Vincent Millay
၃။ Reno

www.burmeseclassic.com

www.burmeseclassic.com



'ငါသည် သွေးနှင့်ကိုယ် သားနှင့်ကိုယ် ဖြစ်၏။ ထိုကြောင့် တစ်ဖက်သား စိတ်ချမ်းသာအောင် ငါလုပ်နိုင်သော အလုပ်ကို ယခုပင် ငါလုပ်အံ့။ ထိုသို့ လုပ်ရန်အတွက် နေ့ရွှေ့ ညရွှေ့ ရွှေ့မနေပါရစေနှင့်။ မေ့လည်း မေ့မနေပါရစေနှင့်။ အကြောင်းတစ်မူ ငါသည် သွေးနှင့်ကိုယ် သားနှင့်ကိုယ် ဖြစ်သောကြောင့်တည်း။'

**ထို့ကြောင့် အကြင် လင်နှင့်မယားတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလိုကြပါလျှင် ဥပဒေသ အမှတ် ၅ သည်**

**တစ်ဖက်သားကို ကြင်နာ ယုယပါ။**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၆

## စိတ်ချမ်းသာလိုလျှင် ဤနည်းကို မမေ့သင့်

ဝေါ်လတာ ဒင်မရော့[၁] သည် အမေရိကန်သမ္မတ ရာထူးကိုပင် ဝင်ရောက် အရွေးခံဖူးသူ နိုင်ငံကျော် စကားပြောသမားတစ်ဦးဖြစ်သည့် ဂျိမ်း ဂျီ ဗလိန်း[၂] ၏ သမီးနှင့် အိမ်ထောင်ကျလေသည်။ သူတို့နှစ်ဦးသည် စကော့တလန်ပြည်ရှိ သူဌေးကြီး အန်ဒရူးကာနက်ဂျီ[၃] ၏ အိမ်တွင် တွေ့သည့်အချိန်အခါမှစ၍ ယနေ့ထက်တိုင် ပျော်ရွှင်စွာ ပေါင်းသင်းလျက် ရှိကြ၏။

အဘယ်ကြောင့် ဤကဲ့သို့ နေနိုင်ကြသနည်း။

'မိမိနှင့် သင့်လျော်မည့် အိမ်ထောင်ဖက်ကို ဂရုစိုက်၍ ရွေးချယ်ခြင်းသည် ပထမ အရေးကြီးဆုံး ဖြစ်၏။ ဒုတိယ အရေးကြီးဆုံးမှာ အိမ်ထောင်ကျပြီးနောက် လင်မယား နှစ်ဦးစလုံးသည် တစ်ဦးကို တစ်ဦး ရိုသေကိုင်းရှိုင်းခြင်းပင် ဖြစ်လေသည်။ သူစိမ်းတစ်ရံစာများ ရိုသေကိုင်းရှိုင်းဘိသကဲ့သို့ မိမိ၏ လင်သားများအပေါ်၌ မယားဖြစ်သူတို့က ရိုသေကိုင်းရှိုင်းခဲ့ပါလျှင် မည်မျှ လောက် ကောင်းပေမည်နည်း။ နှုတ်ထွက်ကြမ်းတမ်းသော မိန်းမမျိုးကို မည်သည့်ယောကျ်ားမဆို စွန့်၍ ပြေးမည်သာတည်း' ဟူ၍ မစ္စက် ဒင်မရော့က ထုတ်ဖော် ပြောဆိုခဲ့ဖူး၏။

ကိုယ်နှုတ် မယဉ်ကျေးမှုသည် အချစ်ကို ပျက်ပြယ်ရာ ပျက်ပြယ်ကြောင်း ဖြစ်၏။ ဤအကြောင်းကို လူတိုင်းလည်း သိ၏။ သို့ရာတွင် ကျွန်ုပ်

၁။ Walter Damrosch
၂။ James G. Blaine
၃။ Andrew Carnegie

www.burmeseclassic.com

www.burmeseclassic.com



တို့သည် မိမိတို့၏ ဆွေမျိုးသားချင်းများအပေါ်တွင် သူစိမ်းတစ်ရံစာများအပေါ်မှာလောက် ရှိသေ ကိုင်းရှိုင်းခြင်း မရှိသည်မှာ ဆိုးရွားလှပေသည်။

ကြားဖူးသော စကားတစ်ရပ်ကို သူစိမ်းတစ်ရံစာ တစ်ဦးဦးက ထပ်၍ပြောနေလျှင် 'ဘယ့်နှယ်လဲ ဆရာ၊ ချေးပေါင်းကြီးကို ရေပြန်နွှားနေမလို့လား' အစရှိသော စကားမျိုးဖြင့် ကျွန်ုပ်တို့သည် အနှောင့်အယှက်ပြုမည် မဟုတ်၊ ပြောသမျှကိုသာ ထိုင်၍ နားထောင်နေမည် ဖြစ်၏။ မိတ်ဆွေများ၏ စာများကိုလည်း သူတို့၏ အခွင့်မရဘဲ ကျွန်ုပ်တို့သည် ဖောက်၍ ကြည့်မည်မဟုတ်။ သူတို့၏ အတွင်းရေးများကိုလည်း နှိုက်နှိုက်ချွတ်ချွတ် မေးလားမြန်းလားလုပ်မည် မဟုတ်။

ကျွန်ုပ်တို့နှင့် အရင်းအချာဆုံးသော မိသားတစ်စုကိုသာ ဘာမဟုတ်သည့် အသေးအဖွဲကလေးကအစ ကျွန်ုပ်တို့သည် အနှောင့်အယှက် ပေးခဲ့ကြလေသည်။

ဒေါ်ရသီ ဒစ်သည် ဤအကြောင်းနှင့် စပ်လျဉ်း၍ ဘာများ ပြောစရာရှိသေးသည်ကို ကြည့်ကြဦးစို့။ 'ကျွန်ုပ်တို့ကို စိတ်နာကြည်းအောင် ရန့်ရင်းကြမ်းတမ်းသော စကားများကိုပြောပြီးလျှင် စော်ကားသူများမှာ အခြားသူများမဟုတ်၊ ကျွန်ုပ်တို့၏ အိမ်သားများသာလျှင် ဖြစ်၏။ ဤစကားသည် အံ့သြစရာ ကောင်းသလောက် မှန်၏။'

'လှပသော ပန်းပွင့်များကို မြင်ရလျှင် စုတ်ချာနေသော ခြံစည်းရိုးကိုသတိ မရဘိသကဲ့သို့ ယဉ်ကျေးမှုဆိုသည်မှာ လူတစ်ယောက်၏ အပြစ်ကိုမကြည့်ဘဲ အကောင်းကိုသာ ကြည့်ခြင်းဖြစ်လေသည်' ဟူ၍ ဟင်နရီကလေးရစ်ဇနားက ထုတ်ဖော် ပြောဖူးလေသည်။

သင်၏ မော်တော်ကား အင်ဂျင်စက်တွင် စက်ဆီသည် အရေးကြီးဘိသကဲ့သို့ လင်နှင့်မယား ပေါင်းသင်း ဆက်ဆံရာ၌လည်း ယဉ်ကျေးမှုသည်အရေးကြီးလေသည်။

စာရေးဆရာကြီး အော်လီဗာ ဝင်ဒယ် ဟုမ်း[၁] သည် အိမ်သူအိမ်သားများကို မည်မျှ ညှာတာ ထောက်ထားသနည်းဆိုသော် သူ့၌ စိတ်ညစ်စရာရှိလျှင် တစ်ယောက်တည်း ကြိတ်မှိတ်၍ ခံ၏။ သူ စိတ်ညစ်နေကြောင်း သူ့အိမ်သအိမ်သားများကိုပင် အသိမပေးချေ။

---

၁။ Oliver Wendell Holmes

www.burmeseclassic.com

www.burmeseclassic.com



အော်လီဗာ ဝင်ဒယ် ဟုမ်းကဲ့သို့ ဘယ်နှစ်ယောက်များ ကျင့်ကြံဖူးပါသလဲ။ အလုပ်ခွင်မှာ တစ်ခုခု မှားယွင်းခဲ့သော် လည်းကောင်း၊ ဝယ်သူတွေ လွတ်သွားခဲ့သော် လည်းကောင်း၊ အထက်လူကြီး၏ အကြိမ်းအမောင်းကိုခံရခဲ့သော်လည်းကောင်း အိမ်သူ အိမ်သားများအပေါ်တွင် မဲ၍ ဆူပူတတ်ကြ၏။

ဟော်လန်ပြည်၌ အိမ်တွင်းသို့မဝင်မီ ဖိနပ်ချွတ်တွင် စီးလာသော ဖိနပ်များကို ချွတ်ထားခဲ့ရသည့် ထုံးစံရှိလေသည်။ ဤထုံးစံကို ယူ၍ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စိတ်ညစ်စရာများကို ကျွန်ုပ်တို့၏ အိမ်တွင်းသို့ မဝင်မီ ဖိနပ်ချွတ်တွင် စွန့်ပစ်ခဲ့လျှင် မကောင်းပေဘူးလား။

စိတ်ပညာပါရဂူကြီးဖြစ်သော ဝီလျံ ဂျိမ်းသည် 'ပုထုဇဉ်တို့၏ အကန်းတစ်ရပ်'[၁] ခေါ်သည့် ဆောင်းပါးတစ်စောင်ကို ရေးဖူး၏။ ထိုဆောင်းပါးကို ဖတ်ဖြစ်အောင် ဖတ်ပါ။ ဖတ်ရကျိုးနပ်ပါလိမ့်မည်။ ထိုဆောင်းပါးထဲမှ စကားတစ်ရပ်ကို ကောက်နုတ် ဖော်ပြလိုက်ပါအံ့။

'ပုထုဇဉ်တို့ မမြင်နိုင်သော အရာတစ်ခုသည်ကား အခြားမဟုတ်၊ မိမိတို့မှလွဲလျှင် ကျန်လူများနှင့် တိရစ္ဆာန်တို့စိတ်၌ မည်သို့ဖြစ်သည်ကို မသိခြင်းပင် ဖြစ်လေသည်။'

မိမိတို့၏ ဖောက်သည်များကိုသော်လည်းကောင်း၊ မိမိတို့နှင့် စီးပွားဖက်များကိုသော်လည်းကောင်း ခပ်ထန်ထန်ကလေးပင် မပြောရဲသူတို့သည် မိမိတို့သားမယားများအပေါ်တွင်မူကား ဟိန်းလိုက်ဟောက်လိုက်နှင့် ပြုကျင့်တတ်ကြလေသည်။ သို့ရာတွင် သူတို့၏ စိတ်ချမ်းသာရေး၌ စီးပွားရေးထက် အိမ်ထောင်ရေးက ပို၍ အရေးကြီးကြောင်း ထိုလူများ မတွေးမိကြချေ။

သားမယားနှင့် စိတ် ချမ်းချမ်းသာသာ ပေါင်းသင်းနေထိုင်ရသော လူသာမန်တစ်ဦးသည် တစ်ကိုယ်တည်းနေရသော ပညာရှိကြီးထက် ပို၍ ပျော်ရွှင်၏။ ရုရှားဝတ္ထုရေးဆရာကြီး တူရဂေးညက်[၂] သည် တစ်ကမ္ဘာလုံး၏ ချီးကျူးခြင်းကို ခံရ၏။ သို့ရာတွင် ထိုစာရေးဆရာကြီးက 'အကယ်၍သာ ကျွန်ုပ်သည် ညစာ ထမင်းစားရန် အိမ်အပြန်နောက်ကျသည် ဖြစ်စေ၊ မကျသည် ဖြစ်စေ ဂရုစိုက်မယ့် မိန်းမတစ်ယောက်ကိုသာရမယ်ဆိုရင် ကျွန်ုပ်၏ စာအုပ်များနှင့် ကျွန်ုပ်၏ စာရေးတတ်သည့် ဉာဏ်တို့ကို စွန့်ပစ်ပါရဲ့'ဟု ထုတ်ဖော် ပြောဆိုဖူးလေသည်။

---

၁။ On a Certain Blindness in Human Beings

၂။ Turgenev

www.burmeseclassic.com

www.burmeseclassic.com



အထက် တစ်နေရာတွင် ဒေါ်ရသီ ဒစ်က အိမ်ထောင်ဖက်များသည် တစ်ရာလျှင် ငါးဆယ်လောက် စိတ်မချမ်းမသာ ဖြစ်ရကြောင်း ထုတ်ဖော်ပြောဆို ခဲ့ဖူးသည်ကို ဖတ်မိကြပေမည်။ သို့ရာတွင် ဒေါက်တာ ပေါ ပိုပိနိုး[၁] ဆိုသူကမူကား တစ်မျိုး ပြောပြန်၏။ ဒေါက်တာပေါ၏ အလိုအရဆိုလျှင် 'လူတစ်ယောက်သည် အခြား စီးပွားရေးများမှာထက် အိမ်ထောင်ပြုရာတွင် စိတ်ချမ်းသာရန် အခွင့်အလမ်း သာလေသည်။ ထောပတ်၊ သကြား၊ ကာဖီ၊ လက်ဖက်ခြောက် စသော ကုန်ခြောက်ရောင်းသော လူတစ်ရာလျှင် ၇၀ တို့သည် အရှုံးနှင့် တိုးနေကြသော်လည်း အိမ်ထောင်ဖက်တစ်ရာလျှင် ၇၀ တို့မှာ စိတ်ချမ်းသာရာ ရရှိနိုင်ပေသည်။

ဒေါ်ရသီဒစ်သည် ဤအကြောင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ကောက်ချက်ချလေသည်။

'အိမ်ထောင်ပြုတာနှင့် စာလိုက်လျှင် သေတာနှင့် မွေးတာသည် သာမညကိစ္စများသာ ဖြစ်လေသည်။

'ယောကျ်ားများသည် သူတို့၏ စီးပွားရေး၌ တိုးတက်အောင် ပြုလုပ်သကဲ့သို့ သူတို့၏ သားမယားများနှင့် ပေါင်းသင်းဆက်ဆံရေး၌ အဘယ့်ကြောင့် တိုးတက်ကောင်းမွန်အောင် မပြုလုပ်သည်ကို မိန်းမများသည် တွေးမရအောင် ဖြစ်ကြရသည်။'

'အကယ်စင်စစ် ဒေါ်လာတစ်သန်းရအောင် ကြိုးစားခြင်းထက် မိမိတို့အိမ်ကို ချမ်းချမ်းသာသာရှိအောင် ကြိုးစားခြင်းက ပို၍ အရေးကြီးသော်လည်း လူတစ်ရာမှာ တစ်ယောက်မျှပင် ထိုကိစ္စကို ထိထိရောက်ရောက် မစဉ်းစားကြချေ။ မိမိတို့က တစ်သက်တာတွင် အရေးတကာ့ အရေးအကြီးဆုံးသော ကိစ္စကြီးကိုမူကား ယောကျ်ားများသည် ဖြစ်သလို လျစ်လျူရှုနေကြလေသည်။'

'မိန်းမများအား ချော့ခိုင်းလျှင် ဘာမဆို လုပ်ပေးတတ်ကြောင်း ယောကျ်ားများ အသိပင် ဖြစ်၏။ 'ငါ့မိန်းမဟာ အစီအမံ အအုပ်ချုပ် တယ်ကောင်းပါလား' စသည့် မြှောက်လုံး ပင့်လုံးကလေးများကို သုံး၍ မိန်းမများအား ခိုင်းချင်ရာ ခိုင်းနိုင်ကြောင်း ယောကျ်ားများ ကောင်းစွာ သိကြ၏။ 'ဟော့ မနှစ်က ခင် ဝတ်တဲ့ လုံချည်ကလေးဟာ ခင်နဲ့ သိပ်ကြည့်ကောင်းတာပဲ'ဟု ပြောလျှင် ထိုလုံချည်ကို ခေတ်ဆန်း လုံချည်နှင့် လဲမည်မဟုတ်ကြောင်း ယောကျ်ားများ အသိပင် ဖြစ်၏။'

၁။ Dr. Paul Popenoe

www.burmeseclassic.com

www.burmeseclassic.com



'ဤအချက်များကို ယောကျ်ားဖြစ်သူသည် ကောင်းစွာ နားလည်ကြောင်း မိန်းမဖြစ်သူသည် သိ၏။ အဘယ့်ကြောင့်ဆိုသော် သူ့မိန်းမ ဘာကြိုက်တတ်သည်ကို သူသည် နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသောကြောင့် ဖြစ်၏။ သို့ရာတွင် မိန်းမ ဖြစ်သူမှာ သူ့ကို အစွဲကြီးပဲ စွဲရတော့မလို၊ အမုန်းကြီးပဲ မုန်းရတော့မလို ဖြစ်လျက် ရှိ၏။ အကြောင်းတစ်မူ ယောကျ်ားဖြစ်သူက ခုပဲ စိတ်ဆိုးအောင် လုပ်လိုက်၊ တော်တော်ကြာ ချော့သည့်သဘောဖြင့် အဝတ်အစားတွေ မော်တော်ကားတွေ ဝယ်ပေးလိုက်နှင့် ပြုလုပ်လျက်ရှိသောကြောင့်တည်း။ အကယ်၍သာ ယောကျ်ားဖြစ်သူက အနည်းငယ် ဂရုစိုက်၍ သူ့မိန်းမကြိုက်သည့် မြှောက်လုံးပင့်လုံးကလေးများကို အခါအခွင့်ရတိုင်း သင့်သလို ပြောဆိုပေးနိုင်လျှင် ယခုကဲ့သို့ ပိုက်ဆံ အကုန်အကျခံကာ အဝတ် ဝယ်ပေးရခြင်း မော်တော်ကား ဝယ်ပေးရခြင်း အလုပ်မျိုးကို လုပ်ရတော့မည် မဟုတ်ပေ။'

**ထို့ကြောင့် အကြင် လင်နှင့်မယားတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလိုပါလျှင် ဥပဒေသအမှတ် ၆ သည်**

**ရှိသေ လေးစားပါ။**

www.burmeseclassic.com

# အခန်း ၇

## အိမ်ထောင်ရေးတွင် မအေ စမ်းပါနှင့်

ဆိုရှယ် ဟိုက်ဂျင်းဌာန[၁]၏ အထွေထွေ အတွင်းရေးမှူးဖြစ်သော ဒေါက်တာ ကက်သရင်း ဗီးမင့် ဒေးဗီ[၂] သည် အိမ်ထောင်သည် မိန်းမတစ်ယောက်ထံသို့ အိမ်ထောင်ရေးနှင့် သက်ဆိုင်သော အလွန်အတွင်းကျသည့် မေးခွန်းများကို မေးမြန်းဖူးလေသည်။ သူတို့၏ ပြန်ကြားစာများကို ဖတ်ကြည့်ရာ ရာဂစိတ် ပြေငြိမ်းမှုတွင် အမေရိကန်သူများသည် ပြောမယုံနိုင်လောက်အောင် စိတ်မချမ်းမသာ ဖြစ်နေရကြောင်း တွေ့ရှိရ၏။

ထိုစာများကို ရရှိပြီးနောက် အမေရိကန်ပြည်၌ လင်မယားကွာရှင်းမှုများ ဖြစ်ရသည့် အကြောင်းရင်းများတွင် အိမ်သူ မိန်းမများ ရာဂစိတ်ပြေငြိမ်းမှု မရှိခြင်းလည်း အပါအဝင်ဖြစ်ကြောင်းကို ဒေါက်တာ ဒေးဗီသည် မဆိုင်းမတွဘဲ ဖွင့်ချလိုက်လေသည်။

BURMESE CLASSIC

ဒေါက်တာ ဂျီ ဗီ ဟယ်မီလတန်[၃] ဆိုသူကလည်း တစ်နည်းတစ်လမ်း စုံစမ်းစစ်ဆေးရာ ဒေါက်တာ ဒေးဗီ၏ ရေးသားချက် မှန်ကန်ကြောင်းတွေ့ရှိရလေသည်။ ဒေါက်တာ ဟယ်မီလတန်သည် အိမ်ထောင်သည် ယောကျ်ား တစ်ရာ မိန်းမတစ်ရာတို့၏ အိမ်ထောင်ရေးကို လေးနှစ်တိုင်တိုင် စုံစမ်းခဲ့ဖူး၏။ ထိုအိမ်ထောင်သည်များကို တစ်ဦးစီခေါ်၍ မေးခွန်းပေါင်း ၄၀၀ ကျော် မေးမြန်း၏။ မေးမြန်းရာ၌ အလွန်စေ့စပ်လွန်းသဖြင့် လေးနှစ်ကြာမှ မေး၍ပြီးလေသည်။ ထိုလုပ်ငန်းသည် လူမှုရေးရာတွင် အလွန့်အလွန် အရေးကြီး

၁။ The Bureau of Social Hygiene

၂။ Dr. Katherine Bement Davis

၃။ Dr. G.V. Hamilton

www.burmeseclassic.com

www.burmeseclassic.com



ရကား ထိုလုပ်ငန်း ထမြောက် အောင်မြင်ရန်အတွက် လူထုကောင်းစားရေး[၁] သူဌေးကြီးများက ငွေကုန်ကြေးကျခံကြ၏။ စုံစမ်းသိရှိရသမျှကို 'အိမ်ထောင်ရေး ချွတ်ယွင်းချက်'[၂] ဟူ၍ အမည်ပေးပြီးလျှင် စာအုပ်တစ်အုပ် ထုတ်ဝေခဲ့လေသည်။

ကောင်းပြီ၊ အိမ်ထောင်ရေးတွင် ဘာများ ချွတ်ယွင်းနေသလဲ။ 'တစ်ဖက်သတ် အယူသီးလှသော စိတ္တဇဆရာဝန်[၃] များသာလျှင် လင်နှင့်မယား မသင့်မတင့်ဖြစ်ရခြင်း အကြောင်းရင်းသည် ရာဂစိတ် ပြေငြိမ်းမှု မရရှိသောကြောင့် မဟုတ်ဟု ပြောဆိုကြပေမည်။ ထိုသူများက ဘာပဲပြောပြော ရာဂစိတ် ပြေငြိမ်းမှုသည် အရင်းခံ ဖြစ်လေသည်။ ရာဂစိတ် ပြေငြိမ်းမှုကိုသာ ရရှိပါစေ။ အခြားအကြောင်းများကြောင့် ဖြစ်ပေါ်လာရသော မသင့်မတင့်မှုများကိုပင် သည်းခံနိုင်ကြမည် ဖြစ်ပေသည်'ဟူ၍ ဒေါက်တာ ဟယ်မီလတန်က သူ၏ စာအုပ်ထဲတွင် ထုတ်ဖော်ရေးသားခဲ့၏။

လော့ အိန်ဂျယ်လိ[၄] မြို့ရှိ မိသားစုဆက်ဆံရေးအဖွဲ့[၅] ၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာ ပေါ ပိုပီနိုးသည် အမေရိကန်ပြည်တွင် အိမ်ထောင်ရေးကို နားအလည်ဆုံးသော ပါရဂူကြီးများတွင် တစ်ယောက် အပါအဝင် ဖြစ်လေသည်။ သူကိုယ်တိုင် ထောင်ပေါင်းများစွာသော အိမ်ထောင်သည်တို့၏ အကြောင်းကို လေ့လာ စုံစမ်းခဲ့ဖူးလေသည်။ သူ့အလိုအတိုင်းဆိုလျှင် အိမ်ထောင်များ ပျက်စီးရသည်မှာ အကြောင်း လေးရပ်ကြောင့် ဖြစ်လေသည်။ ထိုအကြောင်း လေးရပ်ကို ဒေါက်တာ ပိုပီနိုးသည် အောက်ပါအတိုင်း ကြီးစဉ်ငယ်လိုက် စီစဉ်ထားလေသည်။

BURMESE CLASSIC

၁။ ရာဂစိတ် ပြေငြိမ်းမှု မရရှိခြင်း

၂။ အားလပ်ချိန်ကို အသုံးချရာ၌ လင်နှင့်မယား သဘောကွဲလွဲခြင်း

၃။ ငွေရေးကြေးရေး ကျပ်တည်းခြင်း

၄။ သူတစ်ပါးနှင့်မတူသော ကိုယ်လုံးကိုယ်ပေါက်နှင့် စိတ်နေသဘောထား ရှိခြင်း

အထက်ပါအကြောင်း လေးရပ်တွင် ရာဂစိတ်ပြေငြိမ်းမှုကို ပထမထားသည်ကို ကြည့်ပါ။ ငွေရေးကြေးရေး ကျပ်တည်းခြင်းမှာ တတိယလိုက်၏။ မထူးဆန်းပေဘူးလား။

လင်မယားကွာရှင်းမှုတွင် တစ်ဖက်ကမ်းခတ် ကျွမ်းကျင်ကြသော သူများ အားလုံးပင် ရာဂစိတ် ပြေငြိမ်းမှုမှာ အရေးတကာ့ အရေးဖြစ်ကြောင်း

၁။ Philanthropist
၂။ What's Wrong with Marriage
၃။ Psychiatrist
၄။ Los Angeles
၅။ The Institute of Family Relations

www.burmeseclassic.com

www.burmeseclassic.com



တစ်သံတည်း ထွက်ကြ၏။ သက်သေထုတ်၍ ပြပါအံ့။ နှစ်ပေါင်း အနည်းငယ် ခန့်က စင်စင်နာတီးမြို့[၁] ရှိ အိမ်တွင်းရေးအမှုများကို စီရင်ရသော တရားသူကြီး ဟော့ဖမန်[၂] က 'လင်မယားကွာရှင်းမှု ဆယ်ခုတွင် ကိုးခုမှာ ရာဂစိတ် ပြေငြိမ်းမှု မရခြင်းကြောင့် ဖြစ်လေသည်'ဟူ၍ ထုတ်ဖော် ပြောဆိုခဲ့၏။

'ရာဂစိတ် ပြေငြိမ်းမှုသည် လူတို့တွင် အလွန် အရေးကြီးသော ကိစ္စ တစ်ရပ် ဖြစ်လေသည်။ လင်ခန်း မယားခန်း ပြတ်စဲရာတွင် ထိုကိစ္စသည် အလွန် အရေးပါအရာရောက်ခဲ့သည်' ဟူ၍ စိတ်ပညာရပ်တွင် ပါရဂူမြောက်ပြီး ဂျွန် ဗီ ဝပ်ဆန်[၃] ဆိုသူ ပုဂ္ဂိုလ်ကြီးကလည်း မြွက်ဟာဖူးလေသည်။

ခရစ်ယန်ဘုန်းကြီး အော်လီဗာ အမ် ဘတ္တာဖီး[၄] သည် အောက်ပါ အတိုင်း ပြောဖူး၏။

'ကျွန်ုပ် ဘုန်းကြီးဖြစ်စက ကျွန်ုပ်ထံသို့ လက်ထပ်ရန် လာရောက် ကြသော ဇနီးမောင်နှံတို့သည် တစ်ဦးကိုတစ်ဦး အထူးချစ်ခင်စုံမက်ကြသော် လည်း အိမ်ထောင်မှုကိစ္စတွင် ဘာတစ်ခုမျှ နားမလည်ကြသေးသည်ကို ကျွန်ုပ် ကိုယ်တိုင် တွေ့ရှိရလေသည်။'

ဤမျှလောက်ခက်ခဲသော အိမ်ထောင်ရေးပြဿနာကို ဖြစ်သလိုထား လိုက်ပါလျက်နှင့် လင်ကွာ မယားကွာများသည် ၁၆ ရာခိုင်နှုန်းသာရှိခြင်းမှာ အံ့ဩစရာကောင်းသလို ရှိ၏။ အလွန်မြားမြောင်လှစွာသော လင်နှင့် မယားတို့ သည် စင်စစ်မှာ တစ်ဦးနှင့် တစ်ဦး မကွာနိုင်ကြသေးသောကြောင့် လူမြင် ကောင်းရုံနှင့် အတူတူနေထိုင်ကြသော်လည်း ရင်းနှီးစွာ ဆက်ဆံခြင်း မရှိကြ တော့ချေ။ သူတို့သည် လောကငရဲတွင် ခံစားလျက်ရှိသောသူများနှင့် တူနေ လေသည်။

ဖြစ်ချင်ရာဖြစ်မှာသော သဘောမျိုးနှင့် ကောက်ယူလိုက်ခြင်းဖြင့် စိတ်တိုင်းကျ အိမ်ထောင်ဖက်ကို ရနိုင်ခဲလေသည်။ အိမ်ထောင်ရေးသည် အိမ်ဆောက်သည်နှင့် တူ၏။ အိမ်ကောင်းကောင်းဆောက်ချင်လျှင် ပုံစံကောင်း ကောင်း ထုတ်သကဲ့သို့ အိမ်ထောင်ရေးတွင်လည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရာ ရချင်လျှင် ထိုသို့ရရှိအောင် ဆင်ခြင်တိုင်းထွာတတ်သော ဉာဏ်နှင့် ကြိုတင်၍ ရွေးချယ်စီစဉ်သင့်ပေသည်။

---

၁။ Cincinnati

၂။ Judge Hoffman

၃။ John B. Watson

၄။ The Rev. Oliver M. Butterfield

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ စိစဉ်ရာ၌ အကူအညီ ရရှိအောင် ဒေါက်ဘတ္တားဖီးသည် သူကိုယ်တိုင် လက်ထပ်ပေးရသော ဇနီးမောင်နှံတို့ကို ရှေ့ရေးအတွက် သူနှင့် လွတ်လပ်စွာ တိုင်ပင်နိုးနှောစေ၏။ ဤသို့ တိုင်ပင်နှီးနှောရာတွင် များစွာသော ဇနီးမောင်နှံတို့မှာ အိမ်ထောင်မှုကိစ္စတွင် ဘာတစ်ခုမျှ နားမလည်သေးသည်ကို တွေ့ရှိရလေသည်။

'ရာဂစိတ် ပြေငြိမ်းမှုသည် အိမ်ထောင်သည်တို့ ရရှိနိုင်သော စည်းစိမ်များအနက် တစ်ခု အပါအဝင်မျှသာ ဖြစ်လေသည်။ သို့ရာတွင် ရာဂစိတ် ပြေငြိမ်းမှုကိုမျှ မရနိုင်ခဲ့လျှင် အခြား မည်သည့် စည်းစိမ်မျှ ရနိုင်တော့မည် မဟုတ်ချေ'ဟု ဒေါက်တာဘတ္တားဖီးက ဆိုလေသည်။

ရာဂစိတ်ပြေငြိမ်းမှုကို ရရှိအောင် မည်ကဲ့သို့ ကြိုးစားရမည်နည်း။

ဒေါက်တာ ဘတ္တားဖီး၏ ရေးသားချက်ကိုပင် ဆက်လက်၍ ဖော်ပြပါဦးအံ့။

'ရှက်ကိုးရှက်ကန်းဖြစ်နေသော စိတ်များကို ဖယ်ရှားပစ်လိုက်ပြီးလျှင် အိမ်ထောင်သည်တို့ လိုက်နာရမည့် နည်းနာ နိသျှများကို ပွင့်ပွင့်လင်းလင်း တိုင်ပင် ဆွေးနွေးနိုင်ပါစေ။ ဤကဲ့သို့ တိုင်ပင်ဆွေးနွေးနိုင်သော သတ္တိထူးမှာ စာအုပ်ကောင်းများကို ဖတ်ခြင်းဖြင့်သာ ကောင်းစွာရရှိနိုင်လေသည်။ ကျွန်ုပ်ကိုယ်တိုင် ရေးသားသော 'အိမ်ထောင်ပြုခြင်းနှင့် အိမ်ထောင်မှု ပျော်မွေ့ခြင်း[၁]' စာအုပ်ငယ်အပြင် အခြား စာအုပ်ကောင်းများကိုလည်း ကျွန်ုပ်သည် အသင့် ဆောင်ထား၏။'

ယခု ရောင်းချလျက်ရှိသော စာအုပ်များထဲတွင် ဗဟုသုတ တိုးပွားရန် အတွက် ဖတ်ရန် အကောင်းဆုံးဟု ကျွန်ုပ် ထင်သော စာအုပ်မှာ သုံးအုပ်* ဖြစ်ပါသည်။

**တို့ကြောင့် အကြင် လင်နှင့် မယားတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလိုကြပါလျှင် ဥပဒေသ အမှတ် ၇ သည်**

**အိမ်ထောင်သည်တို့၏ ရာဂစိတ်ပြေငြိမ်းကြောင်း စာအုပ်ကောင်းကို ဖတ်ပါ။**

၁။ Mariage and Sexual Harmony

* တစ်ဖက်တွင် ဖော်ပြထားသော စာရင်းရှိ ပထမ သုံးအုပ်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရာဂစိတ်အကြောင်းနှင့် စပ်လျဉ်း၍ အဘယ့်ကြောင့် စာအုပ်ကောင်းများကို မဖတ်သင့်သနည်း။ နှစ်အနည်းငယ်ခန့်က ကိုလံဘီယာ ယူနီဗာစိတီ[၁] အုပ်ချုပ်သူများနှင့် အမေရိကန် လူမှုကျန်းမာရေးအသင်းကြီး[၂] တို့သည် အမေရိကန်ပြည်ရှိ ပါရဂူကြီးများကို ယူနီဗာစိတီသို့ ဖိတ်မန္တကပြုပြီးလျှင် ကျောင်းသားများ၏ အိမ်ထောင်ရေးနှင့် ရာဂစိတ်အကြောင်းကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့စေသည်။ ထိုဆွေးနွေးပွဲတွင် ဒေါက်တာ ပေါ ပိုပီနိုးက 'ယခုအခါ လင်မယား ကွာရှင်းမှုများ နည်းပါးသွားလေပြီ။ ဤသို့နည်းပါးရခြင်းသည် အခြားအကြောင်းကြောင့် မဟုတ်၊ တိုင်းသူပြည်သားများသည် ရာဂစိတ်နှင့် အိမ်ထောင်ရေး အကြောင်းများကို ရေးသားထားသော အသိအမှတ်ပြုခြင်းခံရသည့် စာအုပ်ကောင်းများကို ဖတ်ကြသောကြောင့်ပင် ဖြစ်လေသည်' ဟူ၍ ထုတ်ဖော် ပြောဆိုဖူးလေသည်။

ထို့ကြောင့် ယခုအခန်းကို နိဂုံးမချုပ်မီ အောက်ပါ အရေးပါအရာရောက်မည့် စာအုပ်ကောင်းများကို ဖော်ပြခဲ့ပါရစေ။

1. The Sex Factor in Marriage,
   by Helena Wright, M.D.
2. The Sexual Side of Marriage,
   by M J. Exner, M.D.
3. The Sex Technique in Marriage,
   by Isabel E. Hutton, M. D.
4. Perpartion for Marriage,
   by Kenneth Walker, M. D.
5. Married Love,
   bu Marie C. Stopes
6. Sex in Marriage
   by Ernest R and Gladys H. Groves
7. The Sex Side of Life,
   by Mary Ware Dennett
8. Marriage and Sexual Harmony,
   by Dr. O. M, Butterfield
9. A Marriage Manual,
   by Dr. Hannah and A. Stone
10. Ideal Marriage,
    by T. H. Van de Velde, M.D.

၁။ Columbia University

၂။ The American Social Hygiene Association

www.burmeseclassic.com

www.burmeseclassic.com

## အကြင် လင်နှင့်မယားတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေနိုင်သော နည်း ၇ နည်း

(အကျဉ်းချုပ်)

ဥပဒေသ အမှတ် ၁။ ။ နားပူနားဆာ မလုပ်နှင့်။

ဥပဒေသ အမှတ် ၂။ ။ အကြင်လင်မယားတို့သည် တစ်ဦးကိုတစ်ဦး ငြိုငွေ့အောင် မလုပ်သင့်။

ဥပဒေသ အမှတ် ၃။ ။ ဆူပူကြိမ်းမောင်းခြင်း မပြုနှင့်။

ဥပဒေသ အမှတ် ၄။ ။ စေတနာဖြင့် ချီးကျူးရန် မမေ့နှင့်။

ဥပဒေသ အမှတ် ၅။ ။ တစ်ဖက်သားကို ကြင်နာယုယပါ။

ဥပဒေသ အမှတ် ၆။ ။ ရိုသေ လေးစားပါ။

ဥပဒေသ အမှတ် ၇။ ။ အိမ်ထောင်သည်တို့၏ ရာဂစိတ် ပြေငြိမ်းကြောင်း စာအုပ်ကောင်းကို ဖတ်ပါ။

၁၉၃၃ ခုနှစ် ဇွန်လတွင် ထုတ်ဝေသော အမေရိကန် မဂ္ဂဇင်း[၁]တွင် အမ္မက်ကရိုဇီယာ[၂] ရေးသားသော 'အိမ်ထောင်များ အဘယ်ကြောင့်ပျက်ရသနည်း'[၃] ဆောင်းပါးတစ်စောင်ပါရှိလေသည်။ အောက်ပါ မေးခွန်းတို့သည် ထိုဆောင်းပါးမှ ကောက်နုတ်၍ ဖော်ပြလိုက်ခြင်း ဖြစ်လေသည်။ ထိုမေးခွန်းများကို သင်

၁။ The American Magazine
၂။ Emmet Crozier
၃။ 'Why Marriages Go Wrong'

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ဖြေနိုင်လျှင် အကျိုးရှိပေလိမ့်မည်။ 'ဟုတ်ကဲ့' ဟု ဖြေနိုင်သော အဖြေတိုင်းကို အမှတ် ၁၀ မှတ်ပေးပါ။ အားလုံးကို ဖြေပြီးလျှင် သင်သည် အမှတ် မည်မျှ ရသည်ကို တွက်ကြည့်ပါလေ။

## ယောကျ်ားများအတွက်

၁။ သင်သည် သင်၏ မိန်းမကို မညားမီအခါက ဂရုစိုက်ခဲ့သကဲ့သို့ ယခုတိုင် ပန်းကလေးအစ လက်ဆောင်ကလေးအစ ပေးလျက်ရှိပါသေးသလား။ မညားမီကကဲ့သို့ သင်၏ မိန်းမအပေါ်တွင် ကြင်ကြင်နာနာနှင့် ယုယပိုက်ထွေးခြင်း ရှိပါသေးရဲ့လား။

၂။ အခြားလူများရှေ့တွင် သင့်မိန်းမကို ပြစ်တင် ဆူပူကြိမ်းမောင်းခြင်းမျိုးမှ အထူးဂရုစိုက်ကာ ရှောင်ရှားပါရဲ့လား။

၃။ သူ သဘောကျသလို သုံးစွဲနိုင်ရန် သင့်မိန်းမကို အိမ်စရိတ်အပြင် ငွေပိုများ ပေးပါရဲ့လား။

၄။ သင့်မိန်းမ၏ အလိုဆန္ဒတို့ကို ကောင်းစွာ သိရှိအောင် သင် ကြိုးစားပါရဲ့လား။ သင့်မိန်းမသည် ပင်ပန်းနွမ်းနယ်လျက်ရှိသောအခါ၌လည်းကောင်း၊ စိတ်မအီမသာ ဖြစ်နေသည့်အခါ၌လည်းကောင်း သင်သည် သင့်မိန်းမကို အကူအညီပေးပါရဲ့လား။ BURMESE CLASSIC

၅။ သင်သည် သင်ရသော အားလပ်ချိန်ကို တစ်ဝက်ခွဲ၍ သင့်မိန်းမနှင့် အတူတူ ကြည်ဖြူစွာ နေထိုင်ပါရဲ့လား။

၆။ သင့်မိန်းမ၏ အချက်အပြုတ်နှင့် အိမ်ထောင်ထိန်းသိမ်းမှုသည် သင့်မိခင်သို့မဟုတ် ကိုဖြူ့မိန်းမ၏ အချက်အပြုတ် အိမ်ထောင်ထိန်းသိမ်းမှုထက် ညံ့သည်ဟု မပြောဘဲ ပို၍ကောင်းသည်ဟု အလိမ္မာဖက်ကာ ယှဉ်ပြပါရဲ့လား။

၇။ သင့်မိန်းမ ဖတ်ကြားသော စာအုပ်များ၊ သင့်မိန်းမ၏ အပေါင်းအဖော်များ၊ မြို့ရွာအရေးနှင့် စပ်လျဉ်း၍ သင့်မိန်းမ၏ ယူဆချက်များအပေါ်တွင် သင်သည် အသေအချာ စိတ်ဝင်စားပါရဲ့လား။

၈။ သင်သည် သဝန်ကြောင်သော စကားမျိုးကို မသုံးဘဲနှင့် သင့်မိန်းမအား အခြား ယောကျ်ားများနှင့်အတူ စကားပြောဆိုသည်ကိုလည်းကောင်း၊ မိတ်ဆွေတို့ဘာဝ ဂရုတစိုက်ပြုစုသည်ကိုလည်းကောင်း ခွင့်ပြုနိုင်ပါရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



၉။ အခွင့်အလမ်းများ ပေါ်တိုင်း သင့်မိန်းမကို ချီးကျူးရန်နှင့် မြှောက်စားရန်အတွက် သင့်မှာ အသင့် ရှိပါရဲ့လား။

၁၀။ သင့်အင်္ကျီ ကြယ်သီးပြုတ်နေသည်ကို ပြန်တပ်ပေးခြင်း၊ သင့်ခြေအိတ် ပေါက်နေသည် ဖာပေးခြင်း၊ သင့် အဝတ်အစားများကို ဖွပ်လျှော် ပေးခြင်း စသော အလုပ်ကလေးများအတွက် သင်သည် သင့်မိန်းမကို ကျေးဇူးတင်စကားများ ပြောကြားပါရဲ့လား။

## မိန်းမများအတွက်

၁။ သင့်ယောကျ်ား၏ အလုပ်တွင် ဝင်မစွက်ဘဲ သီးသန့်နေပါရဲ့လား။ သူ့အပေါင်းအသင်းများကို ဘယ်သူနဲ့ မပေါင်းနဲ့၊ ဘယ်သူဟာ လူရှုပ်ပဲ အစရှိသည်ဖြင့် အပြစ်ပြောခြင်း၊ သူ့အလုပ်လက်ထောက်ကို ခန့်ထားရာ၌ ဝင်ရောက်ပြောဆိုခြင်း၊ သူ သွားလာ လည်ပတ်ရာ၌ ဆူပူခြင်းများမှ ကင်းလွတ်ပါရဲ့လား။

၂။ သင့်နေအိမ်နှင့်တကွ သင့်အပေါ်တွင် သင့်ယောကျ်ားသည် စိတ်ဝင်စား နေအောင် သင်သည် အစွမ်းကုန် ကြိုးစားပါရဲ့လား။

၃။ 'ယနေ့တော့ ဟိုဟင်းကြီးကို စားရဦးတော့မှာပဲ'ဟူ၍ စိတ်ထဲမှာ မတွေးတောနိုင်အောင် စားဖွယ်သောက်ဖွယ် အမျိုးမျိုးတို့ကို သင် ကိုယ်တိုင် စီမံ၍ သင့်ယောကျ်ားအား ချက်ပြုတ်ကျွေးမွေးပါရဲ့လား။

၄။ သင့်ယောကျ်ားသည် သူ့အလုပ်အတွက် သင့်ထံမှ အကူအညီလိုချင် ခဲ့ပါလျှင် အကူအညီပေးနိုင်အောင် သင့်ယောကျ်ား၏ အလုပ်အကြောင်း ကို သင်သည် လေ့လာပါရဲ့လား။

၅။ စီးပွားပျက်သောအခါ 'ဘယ်သူတွေလုပ်လိုက်တာ ဘယ်လိုချမ်းသာ သွားတာပဲ၊ သူ လုပ်ပုံကိုက ဒီလို ဖြစ်မှာပေါ့' အစရှိသည်ဖြင့် သင့် ယောကျ်ားကို ဆူပူခြင်း မလုပ်ဘဲ အေးအတူ ပူအမျှ ခံနိုင်သောသတ္တိ သင့်မှာ ရှိပါရဲ့လား။

၆။ သင့်ယောကျ်ား၏ မိခင်နှင့်သော်လည်းကောင်း၊ ဆွေမျိုးဉာတိများနှင့် သော်လည်းကောင်း သင့်တင့်ညီညွတ်စွာ ပေါင်းသင်းဆက်ဆံနိုင်ရန် ကြိုးစားပါရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



၇။ အဝတ်အစားဝတ်ရာ၌လည်း သင့်ယောကျ်ား မကြိုက်သော အဆင်နှင့် အဝတ်အစားများကို ရှောင်ရှားပြီးလျှင် သင့်ယောကျ်ားကြိုက်သော အဆင်နှင့် အဝတ်အစားများကို ဝတ်ဆင်ပါရဲ့လား။

၈။ လင်မယားချင်း သင့်မြတ်စွာ ပေါင်းသင်း ဆက်ဆံနိုင်ရန်အတွက် အနည်းငယ် သဘောကွဲလွဲချက်များကို သင်သည် လျှော့ပေးပါရဲ့လား။

၉။ သင့်ယောကျ်ားနှင့် အားလပ်ချိန်များတွင် အတူနေနိုင်ရန် သင့်ယောကျ်ား ဝါသနာပါသော အားကစားများကို သင်ကိုယ်တိုင် သင်ကြားထားပါရဲ့လား။

၁၀။ သင့်ယောကျ်ား၏ ပညာပါရမီကို ကူညီသောအားဖြင့် နေ့စဉ် သတင်းထူးများ၊ စာအုပ်သစ်များ အကြံအစည်သစ်များကို သင်ကိုယ်တိုင် စုဆောင်းပေးပါရဲ့လား။

## တိုက်တွန်းချက်

အိမ်ထောင်သည် ယောကျ်ားတိုင်း မိန်းမတိုင်း အထက်ပါမေးခွန်းများ အနက်·မိမိတို့နှင့် ဆိုင်ရာ မေးခွန်းများကို ဖြေပြီးလျှင် အမှတ် ၁၀၀ မရသေး၊ မချင်း မလျှော့သော လုံ့လဖြင့် အမှတ် ၁၀၀ ရနိုင်အောင် ကြိုးစားကြပါစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

ဦးနု

# အာဇာနည်

**GOLDEN DEEDS**

ဆက်လက် ထွက်လာပါမည်

www.burmeseclassic.com

www.burmeseclassic.com

- မိတ္တဗလဋီကာသည်
လူမှုဆက်ဆံရေးနယ်ပယ်တွင်
အောင်မြင်လိုသူတို့အတွက်
လက်တွေ့သုံးစွဲနိုင်သည့်
အထိရောက်ဆုံး
ကျမ်းစာတစ်စောင်ဖြစ်သကဲ့သို့
သည်မှာဘက်ခေတ်တွင်
ပေါ်ထွန်းလာသည့် ကိုယ့်ဒူးကိုယ်ချွန်ကျမ်း၊
အောင်မြင်ကြီးပွားရေးကျမ်း၊
ဘဝနေနည်းကျမ်း များစွာတို့၏
ရှေ့ဆောင်လမ်းပြလည်း ဖြစ်ခဲ့သည်။

မိတ္တဗလဋီကာသည် သင့်အား
ဘဝနှင့်ပတ်သက်သည့်
အယူအဆဟောင်းများကို
ဖျောက်ပယ်ကာ အတွေးသစ်အမြင်သစ်
ရည်မှန်းချက်အသစ်များကို
ဖန်တီးတည်ဆောက် ပေးလိမ့်မည်။

- လူအများနှင့် အလွယ်တကူ
ရင်းနှီးခင်မင်မှု ရရှိစေပြီး
တစ်ဖက်သားတို့အား သင့်ဘက်ပါအောင်
စည်းရုံးနိုင်စွမ်း ရှိလာစေမည်။

- သင်၏ ဩဇာတိက္ကမနှင့်
လုပ်ငန်းဆောင်ရွက်မှု စွမ်းရည်တို့
တိုးတက်ထက်မြက် လာစေမည်။

- သင့်ထံအလုပ်အပ်နှံသူ၊
သင့်ထံမှဝယ်ယူသူ၊
သင်နှင့်ပူးပေါင်းဆောင်ရွက်သူများ
တစ်နေ့တစ်ခြား တိုးကွားလာစေမည်။

- ဝင်ငွေ၊ ရာထူးနှင့် လူနေမှုအဆင့်အတန်းတို့
တိုးတက်လာစေရုံမက
သင့်အသိုင်းအဝိုင်းများကြားတွင်
စကားပြောကောင်းသူ
တစ်ဦးအဖြစ်ပါ
ရေပန်းစားလာစေလိမ့်မည်။



BURMESE CLASSIC

ဦးနု

# မိတ္တဗလဋီကာ

COVER : ZAW MONG

www.burmeseclassic.com